www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော် ခိုင်မြဲဖို့ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ဝတ္တရားကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ခိုင်မာသည့် အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးလုပ်ငန်းများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ခံယူမှုမှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

BURMESE CLASSIC

ပန်းကုံးစုသီစာပန်းချီ

# မဟူရာ

(လှိုင်ကော်)

သခင်ဝေမျှပေးပါရှင့်



www.burmeseclassic.com

www.burmeseclassic.com

ကွယ်လွန်ခဲ့ပြီဖြစ်တဲ့
မိဘတွေဟာ....
တိမ်တွေမှာနေရင်း
ကြယ်လေးတွေမှာနေရင်း
လမင်းကြီးဆီမှာနေရင်း
ကမ္ဘာမြေက သားသမီးတွေကို
ကြည့်နေနိုင်တယ်..။
ဘာလို့လည်းသိလား...
မိဘတိုင်းဟာ
ကောင်းကင်ကြီးကိုပိုင်ကြတယ်လေ...။

BURMESE CLASSIC

တစ်ခါတစ်ရံမှာ
အချစ်ကိုဝန်ခံသောအရာတို့၌
ရှိုက်သံနှင့်မျက်ရည်တို့သည်လည်း
ပါဝင်တတ်ချေသည်...။
ထိုဝန်ခံမှုအတွက်
ရင်နှီးရသည်က...
နှစ်စုံသောရှိုက်သံ...
နှစ်စုံသောပါးပြင်၌ရှူးသော
မျက်ရည်တို့ပဲဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘယ်တော့မှ ....

အားလျှော့စိတ်နဲ့ ရပ်မပစ်ရဘူး

ရပ်လိုက်ရင် ...

အားပြတ်ပြီး လဲကျသွားလိမ့်မယ် ...

ပြန်မထနိုင်ပဲဖြစ်ရင်

အနာဂတ်ဟာ ...

ပျော့ညံ့သူတစ်ယောက်ရဲ့

လက်အောက်ခံဖြစ်သွားမှာပဲ ...။

တကယ်ချစ်ပြီဆိုရင်

ခြေတစ်လှမ်း...

ရှေ့ကိုတိုးရဲလိုက်တာနဲ့

နောက်ထပ်ခြေလှမ်း

များစွာဟာလည်း

ရဲရဲလှမ်းသည့်...

ခြေလှမ်းတွေအဖြစ်

ရှိလာစမြဲ...။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်...

ကိုယ်တိုင်တည်သည့်သစ္စာသည်

ကျွန်ုပ်...

အသက်ရှင်သန်နေသမျှ

အစဉ်သဖြင့်မြဲတည်ရမည်သာ...

ပြောင်းလဲရန်မရှိ...။

ကြေကွဲမှုကို....

မြိုသိပ်ထိန်းထားတာထက်

ငိုချလိုက်ပါ...။

ဘဝကို ရှင်သန်နိုင်ဖို့အတွက်

ကြေကွဲရာတွေကို

မျက်ရည်တွေနဲ့

သက်သာရာရအောင်

ကုစားနေရင်း

ဘဝကို အရှုံးမပေးတဲ့

မျက်ရည်တွေပဲဆက်ဖြစ်နေပါစေ ...။

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

ချစ်သူ....

မြတ်နိုးစွာ ချစ်မိနေခြင်းကို

ဝန်ခံရှုံသက်သက်မျှသာ

အခွင့်အရေးလေးတစ်ခု

ကျွန်ုပ်ခဏယူပါရစေ...။

ဝန်ခံခွင့်လေးတစ်ခုကိုသော်မှ

မရယူလိုက်ပဲ

ဤ...အချစ်ကို

ကျွန်ုပ်သေသည်အထိ

ရင်ထဲမှာတိုးသက်စွာ

သိမ်းဆည်းထားမည်ဆိုလျှင်

ကျွန်ုပ်၏နှလုံးသားကို

ကျွန်ုပ်မတရားရာရောက်ပေမည်..။



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ** – ဦးကျော်ထွေး (၀၁၄၉၀)
ရွှေညာဆင်လင်းစာပေ၊ ၃၉/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

**အတွင်း/** – ဒေါ်နွဲ့နွဲ့ရီ (၀၀၇၁၁)
**အဖုံးပုံနှိပ်သူ** ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၆၆)၊ ပြည်တော်အေးလမ်း၊
လေးထောင့်ကန်ရပ်ကွက်၊ သဃ်န်းကျွန်း၊
ရန်ကုန်မြို့။

**အကြိမ်** – ပထမအကြိမ်
၂၀၁၆ ခုနှစ်၊ ဖေဖော်ဝါရီလ

**အုပ်ရေ** – ၅၀၀

**တန်ဖိုး** – ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP)

၈၉၅.၈၃
မဟူရာ (လှိုင်ကော်)
သခင်ဝေမျှ ပေးပါလှည့်/မဟူရာ (လှိုင်ကော်)။
ရန်ကုန်။ ရွှေညာဆင်လင်းစာပေ၊ ၂၀၁၆။
၃၆၀ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) သခင်ဝေမျှ ပေးပါလှည့်



# မဟူရာ (လှိုင်ကော်)

# သခင်ဝေမျှ ပေးပါလှည့်



www.burmeseclassic.com

www.burmeseclassic.com



နေမင်း လမင်း
ဤနှစ်စင်းလုံး
ပျောက်ဆုံးတဲ့အခါ
ကမ္ဘာဆိုတာလည်း
အမှောင်ထဲမှာပဲကျန်ခဲ့ ...။

အလင်းလဲ့လဲ့တစ်စက်
တိမ်ပန်းခက်တွေဆီက
ခြွေချပေးပါလှည့် သခင်
ခြွေချပေးပါလှည့် ဘာရ[illegible]




သခင့်ရင်တွင်းက
ကြွေကျတဲ့အလင်းတစ်စက်
တိမ်ပန်းခက်ဆီက
ခြွေချလာတဲ့အခါ
သစ္စာလေးနဲ့ခံယူရင်း
အလင်းဖြူဖြူလေးတွေ
နှစ်သက်ရှည်စွာ
အကျွန် ... ပိုင်ဆိုင်ပါရစေ
သခင်ခြွေချပေးပါလှည့် ....
ခြော် .....
သခင်ဝေမျှ ပေးပါလှည့် ...။ ။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း (၁)

"ကျွန်မ ရှင်လွန်းပုံ ပါ ... အန်တီ့သား ကိုမိုးသစ်ဆမ်း တစ်ယောက် ကျွန်မရဲ့ ကေသရီရိပ်မြိမ် ဧည့်ခန်းမှာရှိနေပြီ ... ကျွန်မနဲ့ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးဖို့ဆိုပါတော့ ... အချိန်မှီပါသေးတယ် ဒေါ်ထားခင်ခင် အမြန်ဆုံး ကျွန်မရဲ့ ဧည့်ခန်းကို ဖုတ်ပူမီးတိုက် ရောက်အောင်လာခဲ့ပါ ... ရှင့်သားကို ရှင်ပြန်ခေါ်သွားနိုင်မယ်ဆိုရင်လည်း ခေါ်သွားပါ ... သူ မလိုက်ဘူးဆိုရင်တော့ ကျွန်မလည်း မတတ်နိုင်ပါဘူး ... ဒါပေမယ့် အခုကတည်းက ကြိုပြောထားပါရဲ့ ... ရှင့်သားကို ကျွန်မ အဆုံးရှုံးခံနိုင်လို့ အခုလို ဖုန်းဆက်တယ်ဆိုတာကိုတော့ မမေ့ပါနဲ့ ... ရှင်လွန်းပုံ ဆိုတာ ... ဘယ်တော့မှ မတရားတာကို မလုပ်သလို ... ကံကြမ္မာရဲ့ အဆုံးအဖြတ်ကို ရင်ဆိုင်ရဲ ... ရင်ဆိုင်ဝံ့တဲ့ ... တည်ငြိမ်ရင့်ကျက်သော မိန်းမတစ်ယောက်ဖြစ်တယ်ဆိုတာ ဒေါ်ထားခင်ခင် နားလည်ထားဖို့ အရေးကြီးပါတယ် ... ရှင့်သား ရှင့်နောက်လိုက်သွားရင်လည်း အမေရဲ့ဩဇာကို တကယ်တမ်း မလွန်ဆန်နိုင်တဲ့လူတစ်ယောက်ကို ... ကျွန်မ စောစောစီးစီးဘဝထဲက ဖယ်ထုတ်လိုက်နိုင်တဲ့အတွက် ကျွန်မ နိုင်ပါတယ် ... အကယ်၍ ရှင့်သား ရှင့်နောက်မလိုက်ဘူးဆိုရင်လည်း ... ကျွန်မကို တကယ်ချစ်တဲ့ သူတစ်ယောက်ကို ကျွန်မ လက်ထပ်လိုက်ရတဲ့အတွက် ... ကျွန်မ နိုင်တာပါပဲ ... ရှင့်ကို နိုင်တယ်ဆိုပါ

www.burmeseclassic.com



တာ့ … လောလောဆယ်မှာ ကျွန်မ အနိုင်ချင်ဆုံးသော လူတစ်ယောက်က ရှင်ပါပဲ ဒေါ်ထားခင်ခင် …”

ရှင်လွန်းပုံ တည်တည်ငြိမ်ငြိမ်ပြောပြီး ဖုန်းလေးကို ပိတ်လိုက်သည်ပါပဲ …။ တန်းဖုန်းလေးကို ကုတင်ဘေးမှာရှိပါသည့် စားပွဲထက်မှာ တင်သည်။ နောက်တော့ မှန်တင်ခုံရှေ့မှာ ထိုင်လိုက်ကာ အပြီးသပ်နံခေါင်းလိုက်သည်က ဘယ်နေရာမှာများ အလှတရားတို့ကို မွန်းရှူပါးစေသည့် အပြင်အဆင်များရှိနေမည်လဲဆိုသည့် အကြည့်ပါ …။ သတို့ သမီးတစ်ယောက်၏ ဖြူနုနုအလှတရားက အပြစ်ဖွဲ့စရာမရှိဖြည့်သနေသည်ပါပဲ …။ အဖြူရောင် ပိုးဖဲဖောက်ဝတ်စုံသည် ထက်အောက်ဆင်တူ မြန်မာဆန်ဆန်လေးရှိနေသည်။ ဆံတောက်ကေ့ကွေးလေးတစ်ဆက်စီ နားနောက်မှာ ကွေးဝိုက်ဝိုက်ထင်နေကာ …။ ဆံနုယဉ်တို့ နဖူးထက်မှာ ဖြေဖြေတင်နေသည့် ဟန်လေးကိုက နန်းဆန်၏။ ထူထဲကွေးညိုက်သော မျက်ခုံးသည် ဆေးခြယ်ဆွဲထားသည့်အလား သဘာဝအတိုင်း ညည်းနက်၏။ ထူထဲသည်နှင့်အမျှ ရှည်လျားလျက် မျက်တောင်သည် ကော့မနေပဲ စင်းစင်းလေးဖြစ်နေတာမို့ မျက်တောင်လေးကို ပင့်ရှုပဲကြည့်ကြည့် …။ ငုံ့ရှုပဲကြည့်ကြည့် …။ မှေးငိုက်ရှုပဲနေနေ။ ထူးခြားသော မျက်တောင်အလှကြောင့် ရွှန်းလဲ့လဲ့ မျက်နက်ဝန်း၏ အလှက ပို၍ ထင်းထင်းပပရှိချေ၏။ နှာတန်လေးထင်းနေကာ နှုတ်ခမ်းရှုရှုညဉ့်သည် ပန်းသွေးရောင်ရှိ၏။ သတို့သမီးတစ်ယောက်အဖြစ် သရဖူဆောင်းမထား …။ ဆံထုံး ထုံးဖွဲ့မထား …။ ဆံကျစ်ရှည်ကြီးတစ်ချောင်းတည်း ကျစ်ချထားကာ စိန်ကလစ်လေး ပန်ထားတာပဲရှိသည်။ ရွှေကြိုးတုတ်တုတ်မှာ စိန်ဆွဲသီးလေး ဆွဲထားသည်။ လက်မှာ စိန်လက်စွပ်တစ်ဘတ်စီဝတ်ထားကာ …။ လက်ကောက်သည် စိန်စီသော လက်ကောက်အဆင့်ဆင့်ဖြစ်ပါ၏။ ကြွယ်ဝချမ်းသာခြင်းကိုလည်း ညွှန်းဖွဲ့သောအဖြင်အဆင် …။ ဒါပေမယ့် သတို့သမီးတစ်ယောက်၏ဘဝကို မျှော်လင့်ကျနစ်ရင်း အပျော်တွေလှူးနေသည့် မိန်းမသားတစ်ယောက်အဖြစ်



အလှတွေ အရမ်းခြယ်ထား …။ အဝတ်အစားဆန်းတွေ ဝတ်မထား …။ လက်ဝတ်ရတနာတွေ ဆင်ရာမှာလည်း စိန်လည်တုံတွေ၊ ရင်ထိုးတွေ၊ စိန်တစ်ဆင်စာဆိုရာမှာ ပြည့်ပြည့်ခဲခဲဖြစ်အောင် ဝတ်ထားတာမျိုးတွေကို ရှင်လွန်းပုံမရွေးခြယ် …။ မဆင်ယင် …။ လှလည်း လှနေရမည်။ တည်ငြိမ်မှုလည်းရှိရမည်။ ကြွယ်ဝခြင်းလည်း ထင်ရှားနေရမည်။ ဒါပေမယ့် .. ပန်းပန်မထားသော သတို့သမီးဖြစ်နေသည်။ ပန်းစည်းလှလှကိုင်မထားသော သတို့သမီးဖြစ်နေသည်။ ဒါ … ရှင်လွန်းပုံ တမင်ရွေးချယ်လိုက်သည့် အဖြစ်တစ်ခုသာတည်း …။

မကြာမတင်မှာ ရင်ဆိုင်ကြုံရမည့် အဖြေတစ်ခုထဲမှာ .. ရှင်လွန်းပုံသည် စိန်ဘယက်ကြီးဆွဲ၊ စိန်ဆံထိုးကြီး ဆံထုံးထက်မှာထိုး၍၊ ပန်းတွေဝေအောင် အလှတဝေဝေဖြင့် စိန်ပြေနပြေအလှဆင်ထားရင်း သတို့သား ချန်ခဲ့တာကို ခံစားရပါသည့် မိန်းမတစ်ယောက်အဖြစ် ကျန်ရစ်မနေနိုင်။ ဤ လက်ထပ်ပွဲငယ်လေးတစ်ခုမှာ တည်ငြိမ်သော အလှတရား၊ တည်ငြိမ်ရင့်ကျက်သော ဝတ်စားဆင်ယင်ခြယ်သမှုတို့ဖြင့် တည်တည်ငြိမ်ငြိမ် ကျန်ရစ်ခဲ့သည့် မိန်းမတစ်ယောက်အဖြစ်ပဲ ရှိချင်သည်။

“သေချာစဉ်းစားသင့်တာ လွန်းလေး ရယ် … အဲဒီ မိန်းမကြီးဆီကို ဖုန်းမဆက်သင့်ဘူးလို့ ဒေါ်ကြီးမေ ထင်တယ် … ဒါပေမယ့် — အခုတော့ ဆက်ပြီးသွားပြီဆိုတော့လည်း အဖြေတစ်ခုကို ရင်တထိတ်ထိတ်နဲ့ စောင့်ဆိုင်းလိုက်ရုံပဲ ကျန်တော့တာပေါ့ကွယ် … ဘာပဲဖြစ်ဖြစ် — ဒေါ်ကြီးမေကတော့ဖြင့် … လွန်းလေးကို နေသားတကျ အိမ်ထောင်လေးနဲ့ မြင်ချင်တာ … မိသားစုလေးနဲ့ ဖြစ်စေချင်တာ …ခင်ပွန်းသည်ရဲ့ အချစ်နဲ့ .. လုံခြုံမှုအောက်မှာ အေးအေးချမ်းချမ်း နေနေရတဲ့ လွန်းလေးပဲ ဖြစ်စေချင်တာ … လွန်းလေး ဖြတ်သန်းခဲ့ရတာတွေက ပင်ပန်းလှပြီလေ … နားစေချင်ပါပြီကွယ် …”

ဘေးမှာရပ်နေရင်း ရှိနေပါသည့် ဒေါ်ကြီးမေ မှ မျက်ထက်မှာ ထင်နေသည့် ရှင်လွန်းပုံ ၏ အလှတရားတွေကို ကြည့်လိုက် …။ ဆံစလေးတို့



www.burmeseclassic.com

www.burmeseclassic.com



သပ်ပေးလိုက် ...။ ကလစ်လေးကို လက်ဖြင့် ဖွဖွထိလိုက်ဖြင့် စိတ်လေးနေရင်း ပြောရှာသည်ပါပဲ။ ရှင်လွန်းပုံ ပြုံးလိုက်သည်။ ပါးချိုင့်လေး ပေါ်လာသည်ပါပဲ ...။ မော့ကြည့်ရင်းမှ ဒေါ်ကြီးမေ ၏ လက်ကို ဖေးကိုင်ထား ပါးမှာ အပ်ထားမိသည်။ မျက်နှာမလန်းပဲရှိနေသည့် ဒေါ်ကြီးမေ ကို မော့ကြည့်ကာ ရယ်ပြလိုက်မိရပါပြီ။ သွားတက်ဖူးလေး ပေါ်လာသည့် ဒေါ်ကြီးမေ ငေးခနဲ ကြည့်ကာ ...

"လှသလောက် ကံခေမှာကို စိုးရိမ်သကွယ် ...."

တိုးသိုးသဲ့ လွှတ်ခနဲ ညည်းမိမယောင် ဖြစ်ရာမှ ဒေါ်ကြီးမေ ချက်ချင်း ဖြန့်ထိန်းသည်။ ဤနေ့သည် ... သာမန်နေ့မဟုတ်။ ခင်လွန်းပုံ ၏ မင်္ဂလာနေ့ဖြစ်နေသည်။ ဤနေ့မှာ နိမိတ်မကောင်းတာ မပြောထွက်ချင် ...။ နှုတ်သည် စေးကပ်ပိတ်ကျသွားရပါချေ၏။

"စိတ်မပူပါနဲ့ ဒေါ်ကြီးမေ ရယ် ... အမေနောက်ကို ပါသွားတဲ့ အဖြေ တစ်ခု ... ဆရာ ပေးလိုက်ရင်လည်း ... ရှင်လွန်း ကံကောင်းတယ်လို့ ပဲ မှတ်ဝါတယ် ... ဒါပါပဲ... ခုလည်း ဒီမင်္ဂလာပွဲလေးကို ဘာကြောင့် ဖြစ်စေရတယ်ဆိုတာ ဒေါ်ကြီးမေ သိပါတယ် ...ဒါပေမယ့် ရှင်လွန်း ဆိုတာ ဘာကိစ္စတစ်ခုကိုမှ နိုးကြောင် နိုးဂုက်မလုပ်တတ်ဘူး ... အနိုင် လည်း မယူချင်ဘူး .. ဒါကြောင့် ဒေါ်ထားခင်ခင် ကို သူသိခွင့်ရှိတဲ့ အခွင့်အရေးတစ်ခုကို ရှင်လွန်း ပေးလိုက်တာပါပဲ ..."

ဟု မေ့ပြောလာတော့ ဒေါ်ကြီးမေ သက်ပြင်းရှိုက်သည်။ ရှင်လွန်း ၏ ဆံတောက်ကွေး နေရာလေးကို လက်ဖြင့် ဖွဖွထိသည်။ ဆံပင်၏ ဓောင်းခြင်းကအစ ... အလှတရားများကို ဖူးဥနေအောင် ပိုင်ဆိုင်ထား ပါသည့် ရှင်လွန်းပုံ ကို ငေးကြည့်မိ၏။

"ဒီလောက် ကြွေရုပ်လေးလို လှနေတဲ့ အလှတွေကြောင့်ပဲ .. ငါ့ ရှင်လွန်းလေး .. ကံဆိုးနေတာများလားလေ ..."

ဟု မချိတင်ကဲ ရင်ထဲမှ တွေးမိရပြန်သည်ကလည်း ဒေါ်ကြီးမေ ပါ ...။



"အောက်ထပ်မှာ လူတွေစုံနေကြပြီ ရှင်လွန်းလေး ... မောင်မိုး လည်း ကားလေးနဲ့ရောက်လာလေရဲ့ .. အံမယ် .. ပိုးတိုက်ပုံဖြူ၊ တောက် တောက်လာပန်းရောင်နဲ့ အင်္ကျီ .. ဝန်းရောင်ပိုးပုဆိုးတွေဘာတွေနဲ့ ဘိုတေ လေး ကျော့လို့ ရောက်လာတဲ့ မောင်မိုးကို မြင်ရတာ ... တယ်ချော သကိုးကွယ့် ... ရောက်တာနဲ့ ... ရှင်လွန်းလေး ကို မေးတော့တာပဲ — အောက်ယပ် ဧည့်ခန်းမှာ အဆင်သင့်မတွေ့ရလို့လား မသိဘူး .. မျက်နှာ မကောင်းဘူးကွယ် ..."

ဒေါ်လေးခြယ် ရောက်လာကာ တပြုံးပြုံးဖြင့် ပြောလာတော့ ရှင်လွန်းပုံ ပြုံး၍ ထရပ်သည်။ ကတ္တီပါဖိနပ်လေးက အစ အဖြူရောင် လေးဖြစ်နေကာ ...။ ပိုးခြည်ပန်း ပွင့်ထိုး ဖိနပ်လေးဖြစ်ပါ၏။ ရှင်လွန်းပုံ ချန်ထားခဲ့သည်က ငွေခြည်ထိုး ပုလဲဆင်ခြုံပဝါပဲ ဖြစ်ပါ၏။ ခုတင် ထက်မှာ ခေါင်းအုံးဘေး၌ လုပဗ္ဗာ ကျန်ခဲ့သည့်အဖြစ် ...။

"အဲဒီ ခြုံပဝါကို လိုပြီဆိုမှ ... ဒေါ်ကြီးမေ တက်ယူပေးပါနော် — အခုတော့ ချန်ထားခဲ့တယ် ..."

ဟုတိုးတိုးလေး ရှင်လွန်းပုံ ပြောသည်။ ဒေါ်လေးခြယ်ကတော့ အောက်ထပ်သို့ အရင်ဆင်းသွားပြီမို့ ခြုံပဝါကို ချန်ထားသည့် ကိစ္စ လည်းမသိ ...။ ဒေါ်ကြီးမေ နှင့် ရှင်လွန်းပုံ တို့နှစ်ယောက်တည်းသာ သိထား သည့်အဖြစ်တွေကိုလည်း မရိပ်မိ။

"တကယ် လက်မှတ်ထိုးဖြစ်မှ ပဝါကို ... တက်ယူပေးနော် ..."

ဟု ရှင်လွန်းပုံ မနေ့ညကတည်းက ဒေါ်ကြီးမေ ကိုမှာထားသည်လေ...။

ဒေါ်ကြီးမေ သက်ပြင်းရှိုက်ကာ ခေါင်းမသိမသာယမ်းသည်။ စိတ် မောနေရုံသက်သက် တစ်ခုတည်းသာ မဟုတ်တော့ပဲ စိတ်တွေမောဟ် ယက်ခတ်မှုလှုပ်ရှားနေတာလည်း ဒေါ်ကြီးမေ ၏ မျက်နှာထက်မှာ စိုးနှစ် လာပါသည့် ချွေးတွေကြောင့် ရှင်လွန်းပုံ သိနေသည်။ ရှင်လွန်းပုံ ဒေါ်ကြီးမေ ၏ လက်ကို ဖေးဆုပ်ထားလိုက်ရသည်ပါပဲ ...။

တကယ်က ဆန့်ကျင်ဘက်ဖြစ်နေသည်။ လေထဲလာ ဝယ်မှာ စိတ်လှုပ်

www.burmeseclassic.com



ရှုနေရမည်က ရှင်လွန်းပုံ၏ ငြိမ်သက်နေသည်လေ ...။ ခုကျတော့ ခေါင်းကြီးမေ ခမျှ ... မျက်စိမျက်နှာမကောင်းရှာ ...။ မကြာမတင် ရင်ဆိုင်ရမည့် အဖြစ်တစ်ခုအတွက် ကြိုတင်စိတ်လေးနေတာ သိသာလွန်းနေသည်တည့် ...။

အောက်ထပ်သို့ ရှင်လွန်းပုံ ဆင်းလာသည်။ အနီရောင် သားမွေး ကော်ဇောကြီး ခင်းထားသော လှေကားထစ်များကို တည်ငြိမ်အေးချမ်း စွာ ဆင်းလာသည့် ရှင်လွန်းပုံအဖြစ်ရှိနေဖို့ ရင့်ရင့်ကျက်ကျက် ထိန်းထား နိုင်တာကိုတော့ ရှင်လွန်းပုံ ကိုယ်တိုင်လည်း အံ့ဩချင်၏။ ကိုယ့်ရင်ထဲ က အဖြစ်တွေကို ဘေးလူမသိအောင် ထိန်းထိန်းသိမ်းသိမ်းခံစားတတ် တာ ...။ ဟန်ဆောင်နိုင်တာတွေက ... ရှင်လွန်း ရင်ဆိုင်ခဲ့ရပါသည့် အတိတ်ဘဝအတွေ့အကြုံများက ကောင်းကောင်းကြီး သင်ပေးထားသည် လေ ...။ ဒါပေမယ့် ခုလောလောဆယ်မှာ ဤမျှအထိ ရင့်ကျက်တည်ငြိမ် နေနိုင်အောင် ဟန်ဆောင်ထားနိုင်ခြင်းကိုတော့ ကျေနပ်မိရပြန်သည်ပါပဲ ...။

"အရွှံးများစွာကို ရင်တွေကျေအောင် ခံစားခဲ့ရတဲ့ မိန်းမသား တစ်ယောက်မှာ ... ဒီလောက်ထိဟန်ဆောင် ... ဟန်ဆောင်ထားနိုင်လောက် အောင် ... ရင့်ကျက်နေနိုင်ပါလား ..."

ဟုလည်း သိသိလာနေရသည်ပါပဲ ...။ ဆရာ ပြောခဲ့သည်။ လက်ထပ် သည့်နေ့မှာ ဆရာကို ရှင်လွန်း မှ မောင် ဟု ခေါ်ပါတဲ့ ...။ ဤနေ့မှာ ဤ အခွင့်အရေး ဆရာကို ရှင်လွန်းပေးရပါမည်။ မောင် ထရပ်လိုက်တာ ...။ ရုတ်ချည်း လှေကားရင်းဆီသို့ စိတ်လှုပ်ရှားစွာ အတန်မျှပင် မြန်နေသည့် ခြေလှမ်းတွေဖြင့် လျှောက်လာနေတာ ...။ အစဉ်တစိုက်လည်း ရှင်လွန်းပုံ ကို မြတ်နိုးလွန်းစွာ ချစ်ရည်ရွှန်းလျက်ကြည့်ကာနေ တာ ...။ အားလုံးကို မြင်နေရချေသမျှ ... ရင်ထဲမှာ တစ်ချက်တော့ မကောင်းချင်။ မောင် ... ဘာမျှမသိရှာချေသည်ကောလေ ... ဟု တစ်ချက်တွေးဖြစ်၏။ ဒါပေ မယ့် ... ရှင်လွန်းပုံ ပြုံး၍ မောင့်ကို ကြည့်လိုက်သည်ပါပဲ ...။ မောင် ခံစားနေရသည့် ကြည်နူးခြင်းများ မပျောက်ဆုံးစေချင်သေးပါ။ ခံစား စေဦးတော့လေ ...။



"လှလိုက်တာ လွန်းရယ် ... တကယ်ဗျာ ... တော်ဝင် မင်းသမီးလေး တစ်ပါးရှေ့မှာ မောင်ရောက်နေသလိုပါပဲ ... မောင့်လက်မှာ လွန်း ရဲ့ ပယ်ဖေါ်ေလး ထည့်ပေးလာပါလားကွယ် ... မောင်တို့ တူတူသွားကြ ရအောင်နော် "

ဟု မြတ်နိုးစွာ မော့ပြောလာတော့ လှေကားထစ်အမြင့်နေရာမှာ ရပ်နေရရင်း မောင့်ကို ငုံ့မိုး၍ ကြည့်မိရ ...။ မောင့် ကမ်းလင့်ရာ လက်ဖ ဝါးမှာ ...။ ရှင်လွန်း ၏ လက်လေးကို ညင်ညင်သာသာ ပြန်၍ ကမ်းမိရ ...။ ထွေးဆုပ်ရာ မောင့်လက်ဝါး၏ နွေးထွေးခေါင်ငင်ရာသို့ ရောက်လာရပါပြီ ...။

ရှင်လွန်းပုံ လှမ်းကြည့်မိသည်က နံရံမှာ ချိတ်ထားပါသည့် ကိုကြီး ဘုန်းလူ ၏ ဓာတ်ပုံကြီးကိုပါ ...။ မှုပိုင်အေးချမ်းသော အပြုံးသည် ကိုကြီးဘုန်းလူ ၏ ဓာတ်ပုံထဲမှာလည်း တွဲခိုနေသည်ပါပဲ။ ကိုကြီး၏ အကြည့်တွေကလည်း အေးချမ်းနေသည် ...။ ရှင်လွန်းပုံ လက်အုပ်လေးချီ ၍ ကိုကြီးကို ကြည့်မိရပါပြီ ...။ မျက်ရည်သည် မျက်ဝန်းနက်တို့မှာ စို့ချေ၏။

"ကိုကြီးရေ ... ကိုကြီး မျှော်လင့်ဖြစ်တည်စေချင်တဲ့ အဖြစ်တစ်ခု ဟာ လက်တွေ့မှာ ဖြစ်မှဖြစ်လာပါ့မလား မသိနိုင်သေးဘူး ...။ ခုတစ် ကြိမ်မှာလည်း ရှင်လွန်း အသင့်ပြင်ထားတာက ... ဘာကိုပဲ ရင်ဆိုင်ရ ... ရင်ဆိုင်ရ ... တည်ငြိမ်ခြင်းနဲ့အတူ ... ရင်ဆိုင်နိုင်စွမ်းစေမယ့် အင်အား တွေကို ဆုပ်ကိုင်ထားခြင်းပါပဲ ...။ ရှင်လွန်း အတွက် အစစပေးဆပ်ခြင်း သက်သက်နဲ့ချန်ထားရစ်ခဲ့တဲ့ ကိုကြီးကို ရှင်လွန်း ... ဒီနေ့မှာလည်း ကန်တော့ပါတယ်ရှင် ... ဒီနေ့မှာ ရှင်လွန်း မောင်နဲ့ လက်ထပ်ဖို့အတွက် သတို့သမီးတစ်ယောက်အဖြစ် မောင်နဲ့အတူ ဒီဧည့်ခန်းကြီးထဲမှာ ရှိနေ ပါပြီ ကိုကြီး ... ကိုကြီး ရဲ့ ချန်ရစ်ခဲ့ရာ အရိပ်တစ်ခုထဲမှာ ရှင်လွန်း ရှင် သန်နေရင်း သတို့သမီးတစ်ယောက်အဖြစ် ဒီနေ့မှာရှိနေတာကို ... ကိုကြီး ကြည့်နေလှည့်ပါတော့ ... ကြည့်နေလိုက်ပါတော့ ..."

ရှင်လွန်းပုံ မျက်ရည်တွေ ပြည့်သိပ်လာနေရပြီ။ အသဲ ... ရင့်ကျက်

www.burmeseclassic.com

www.burmeseclassic.com



နိုင်စွမ်းအောင် ရှင်လွန်းပုံ ထိန်းထားနိုင်ပေမယ့် ...။ ကိုကြီးနှင့် ပတ်သက်လာလျှင်ဖြင့် ရှင်လွန်း ခုထိ .. မျက်ရည်ကို ထိန်းမထားနိုင်သေးပဲ ဖြစ်နေပြီ ...။ နောက်လည်း ဖြစ်နေချေဦးမည်သာ ...။ ဘာကြောင့်ဆို ... ပေးဆပ်ခြင်း သက်သက်ဖြင့် အစစချစ်တာတတ်လွန်းပါသည့် ကိုကြီး၏ အချစ်ကို ရှင်လွန်း သေသည်အထိ ... တန်ဖိုးထား၍ ကြည်ညိုမြတ်နိုးနေရချေမည်မို့ပါ ...။

မောင့်ကို ရှင်လွန်းပုံ မော့ခနဲ ကြည့်မိတော့ မျက်တောင်မခပ် ငုံ့မိုး၍ ကြည့်နေသည့် မောင့်မျက်ဝန်းတွေသည် အတန်မှု ညို့နေတာမြင်ရပါ၏။ မောင့် အကြည့်က ဖြတ်ခနဲ နံရံဘက်ဆီသို့ ရောက်ပြန်သည်။ မျက်ဝန်းမှာ ခံပြင်းရိပ်တွေ တိုးဝင်လာကြချေသည်လားဟု ရှင်လွန်းပုံ စတင်၍ မောင့် မျက်ဝန်းတွေကို အဖြေရှာနေမိရပါပြီ ...။

ကွယ်လွန်ခဲ့ပြီဖြစ်သော ခင်ပွန်းသည်၏ ဓာတ်ပုံကြီးကို လှမ်းကြည့် မျက်ရည်ဝဲနေသည့် မိန်းမတစ်ယောက်ကို ဤနေ့မှာ လက်ထပ်ဖို့ အထိ ဆုံးဖြတ်ရောက်ရှိနေပြီဖြစ်သည့် သတို့သားတစ်ယောက်၏ ရင်ထဲမှာ မနှာလိုဝန်တိုခြင်းတွေ အုံဖွဲ့ပြီးဆင်းနေကြချေပြီလား ...။

"မောင် ... ဒီ ဓာတ်ပုံကြီးဟာ ဒီအိမ်ဧည့်ခန်းမှာ အစဉ်သဖြင့် ရှိနေမယ်ဆိုတာ ရှင်လွန်း ပြောထားပြီးသားပါ ... ဒါကို မောင် ခံနိုင်ရည် မရှိဘူးဆိုရင် အခုလည်း ... မောင် နောက်ဆုတ်လိုက်နိုင်ပါတယ် မောင် ... ဒီမင်္ဂလာပွဲကို .. ဖျက်သိမ်းခွင့်ရှိပါတယ် ...."

ပြတ်သားစွာပဲ ရှင်လွန်း မောင့်ကို မော့၍ တိုးတိုးပြောချိန်မှာ မောင့် အကြည့်ကာ ကြေကြေကွဲကွဲနိုင်စွာ ရှင်လွန်းပုံ ထံရောက်၏။ မောင့် မေးရိုးတွေ တင်းခနဲ ဖြစ်သည်။ အံခဲထားရင်းမှ မျက်ဝန်းကို စုန်မှိတ်လိုက်ပါသည့် မောင့်လက်တွေက ရှင်လွန်းပုံ ၏ လက်ဖဝါးလေးကို တင်းခဲနေအောင် ထွေးဆုပ်မြဲ ထွေးဆုပ်ထားဆဲပါ ...။

"မောင် ... ရင်မဆိုင်နိုင်တာ တစ်ခုတည်းပဲရှိတယ် ရှင်လွန်းလေး ... မင်းနဲ့ ဝေးရမှာကို မောင် အလန့်ဆုံးပဲ ... မောင် ... မခွဲနိုင်ဘူး လွန်းလေး ... ကျန်တာတွေအားလုံးကို ... မောင် ရဲရဲရင်ဆိုင်နိုင်ပါတယ် ... လွန်းလေးနဲ့ ဝေးရမှာကိုသာ မောင် ကြောက်တာပါ ..."



မောင် အားယူပြုံး၍ ရှင်လွန်းပုံ ကို ကြည့်လာပါ၏။ ရှင်လွန်း မောင့်ကို မော့ကြည့်မိရင်း ရင်ထဲမှာ မချိ ...။ မောင့် အချစ်တွေကို ရှင်လွန်းပုံ ယုံပါသည်။ ရှင်လွန်း ကို မခွဲနိုင်မခွာရက် ... ရင်ထဲတသက်သက်မှု ချစ်ရှာသည်ဆိုတာကိုလည်း ရှင်လွန်း ယုံပါသည်။ ဒါပေမယ့် မောင် ကြာရှည်ရင်ဆိုင်နိုင်စွမ်းပါ့မည်လားဆိုသည့် စိုးရိမ်မှု တစ်ခုကတော့ ခုထိလည်း ရှင်လွန်း ၏ ရင်ထဲမှာ အုံကျင်းကောင်းကောင်းဖြင့် ရှိနေဆဲ ...။

ကိုကြီး၏ ဓာတ်ပုံကြီး ဤကေသရီရိပ်ငြိမ်မှာ အစဉ်ထာဝရ အိမ်ခေါင်းရင်းနေရာမှာ ရှိနေဖို့ဆိုတာက ... ရှင်လွန်း ၏ ဘယ်သောအခါတွင်မှ ပြောင်းလဲရန်မရှိသည့် သစ္စာတည်အဆုံးအဖြတ် ...။ ဤသစ္စာကို တည်ဖို့ဘယ်သူ ဘယ်သူကမှ ရှင်လွန်း ကို ခိုင်းတာမဟုတ်။ ရှင်လွန်း ၏ နှလုံးသားက ဆုံးဖြတ်ခြင်း ...။ သစ္စာတိုင်ခြင်းပါတည့် ...။ ကိုယ့်ဘာသာ တိုင်တည်သည့် နှလုံးသား သစ္စာတည်မှုတစ်ခုသည် ... နှလုံးသား ရှင်သန်နေသမျှ ... အစဉ်သဖြင့် မြဲတည်ရမည်သာ ...။ ပြောင်းလဲရန်မရှိ ...။ ဤတည်သော သစ္စာအတွက် ရင်းနှီးရသည့်အရာတိုင်းမှာ အမှားမရှိဟု ရှင်လွန်း မှတ်ယူသည်။ မတရားတာ မရှိဟုလည်း ခံယူသည်။

ဤသို့ရှိပါလျက်ကယ်နှင့် မောင့် ကို လက်ထပ်ဖို့ ရှင်လွန်း ခေါင်းညိတ်လိုက်ခြင်းသည် အရမ်းကို စွန့်စားရာရောက်နေမည်ဆိုတာကိုလည်း ရှင်လွန်း သိနေသည်ပါပဲ ...။ ဒါပေမယ့် ...။ ဪ ဒါပေမယ့် ... ကိုကြီး၏ နောက်ဆုံးစကားတစ်ခုကြောင့်ပင်လျှင် ရှင်လွန်း မောင့်ကို လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့ရခြင်းပါ ...။

"တစ်နေ့မှာ ချစ်ပုံလေးကို အရမ်းမြတ်နိုးတဲ့ လူတစ်ယောက်နဲ့ ကြုံရမှာပါ ကလေးရယ် ... အဲဒီအခါကျရင် ... ချစ်ပုံလေး ... လက်ခံပါကွယ် ... ဘဝကြီးထဲမှာ ... ကိုကြီးရဲ့ ချစ်ပုံလေးတစ်ယောက်တည်း

www.burmeseclassic.com

www.burmeseclassic.com



ခရီးမဆက်ချင်စမ်းပါနဲ့ကွယ် … အတိတ်က ပင်ပန်းခဲ့ပြီးတဲ့ ဘဝကြမ်းကြမ်း … အခု … ကိုကြီးနဲ့ ခွဲခွာရတော့မယ့် ကြေကွဲစရာ ဘဝတစ်ခု … အဲဒါတွေနဲ့ပဲ ရှင်လွန်းပုံလေး … အတူချန်မနေရစ်ပါနဲ့ … ခရီးလည်း မဆက်ပါနဲ့ … သာယာတဲ့ဘဝကစ်ခုဆိုတာ … ကိုကြီးရဲ့ ချစ်ပုံလေး ပိုင်ဆိုင်ခွင့်တော့ ရှိသင့်ပါတယ် … ကိုကြီးရဲ့ ချစ်ပုံလေး မှာ ကြွယ်ဝခြင်းဆိုတာရှိတယ် … အလှတရားတွေရှိတယ် … နူးညံ့ယဉ်ရှယ်ခြင်းဆိုတာလည်း ရှိနေတယ် … အဲသလို ချမ်းသာစွာ အလှတရားများနဲ့ အတူရှိနေတဲ့ ရှင်လွန်းလေး ကို စာနာမြတ်နိုးစွာ လက်ထပ်မယ့်သူတစ်ယောက် ရှိလာမှာပါ … အဲဒီအခါ … ရှင်လွန်းပုံလေး လက်ထပ်ပါကွယ် …။ တစ်ယောက်တည်း မနေပါနဲ့ … ကိုကြီး နောက်ဆံမငင်ပါရစေနဲ့ ကလေးရယ်…"

ဖျော့တော့စွာရှိနေပါသည့် ကိုကြီး၏ လက်တွေက ရှင်လွန်း၏ လက်လေးကို ထွေးဆုပ်ကာ ဖေးယူနမ်းရှိုက်ရင်း ပြောခဲ့သောစကား …။ ပြောနေရင်းလည်း မျက်ရည်စက်က ကိုကြီး ဖေးအပ်နမ်းရာ ရှင်လွန်းပုံ၏ လက်ဖမိုးပေါ်သို့ ဖျောက်ဖျောက်စက်စက် ကြွေခဲ့သည်ပဲ …။ ထိုစကားနှင့် ထိုမျက်ရည်စက်ကြောင့်ပင်လျှင် … ထိုနေ့က … ကိုကြီး၏ စကားကို နားထောင်ပါ့မည်ဟု ရှင်လွန်းပုံ ခေါင်းညိတ်ခဲ့ရသည့်နှယ် …။ ဤနေ့မှာလည်း မောင့်ကို လက်ထပ်ဖို့ သတို့သမီးတစ်ယောက် အဖြစ် ရှင်လွန်းပုံ ရှိခဲ့ရခြင်းပါ …။

ဒါပေမယ့် အနာဂတ်သည်သာ ဆက်ဖြစ်လာမည်ဆိုတာကိုတော့ ရှင်လွန်းပုံ ရေရေရာရာမသိနိုင်သေး …။ အပြောင်းအလဲတစ်ခုသည် မကြာမလင့်မီမှာဖြစ်လည်း ဖြစ်လာနိုင်သည်။ လက်ထက်ပွဲ ပျက်သွားနိုင်သည်။ သတို့သားချန်ရစ်ခဲ့ရာ ရှင်လွန်းပုံ အဖြစ် ကျန်ရစ်ခဲ့နိုင်သည်။ ဒါမှ မဟုတ်လျှင်လည်း မောင်သည် သတို့သားတစ်ယောက်အဖြစ် ခိုင်မြဲစွာ အပြောင်းအလဲမရှိ ရပ်တည်မြဲရပ်တည်ကာ … ရဲဝံ့သော လက်မှတ်တစ်ခုကို လက်ထပ်စာချုပ်မှာ ထိုးချင်လည်း ထိုးလိုက်နိုင်သည်။ ဘာပဲဖြစ်ဖြစ်။ ထိုအဖြစ်တစ်ခုခုသည် … မကြာမလင့်မီ အနာဂတ်



နီးနီးလေးတစ်နေ့မှာ ဤအိမ်ကြီး၏ ဧည့်ခန်းကျယ်ကြီးဝယ် … ကိုကြီး၏ ဓာတ်ပုံကြီးရှေ့မှာ ဖြစ်တည်လာချေမည်ကတော့ အသေအချာပဲ ဖြစ်ပါ၏။ တကယ့် လက်ထပ်ပွဲပဲ ဖြစ်ခဲ့ဖြစ်ခဲ့ …။ လက်ထပ်ပွဲငယ်လေး တစ်ခု တကယ့်ကိုပဲ ပျက်ခဲ့ပျက်ခဲ့ …။ ထိုအဖြစ်တွေကိုတော့ … ခုထိ ကိုကြီးရှိနေသည်ဟု စွဲလန်းလွန်းစွာ … ရှင်လွန်း ယုံကြည်နေရပါသည့် ကိုကြီး၏ ဓာတ်ပုံကြီးရှေ့မှာ ဖြစ်တည်ရချေတော့မည်သာ …။

"ကိုကြီးရေ … ကိုကြီး နောက်ဆံငင်စရာမလိုတော့တဲ့ ရှင်လွန်းပုံ အဖြစ် ဒီနေ့မှာ ဆရာ့ ဖနီးဖြစ်ခဲ့ရင်လည်း ပျော်ရစ်ပါ …။ အကယ်၍ … ဒီပွဲပျက်သွားရင်လည်း … ကိုကြီး စိတ်မထိခိုက်ပါနဲ့ရှင် … နောက်ထပ် ဘယ်လို မင်္ဂလာပွဲကိုမှ အဖြစ်မခံတော့တဲ့ ရှင်လွန်းပုံ အဖြစ် ဆက်လက် ရှင်သန်သွားမှာကိုလည်း ကိုကြီး နားလည်ပေးလိုက်ပါတော့ … ကိုကြီး ကို ရှင်လွန်း ပေးခဲ့ရတဲ့ ကတိကိုလည်း မေ့လိုက်ပါတော့ …။ စိတ်လျှော့ လိုက်ပါတော့ ကိုကြီးရယ် …"

ရှင်လွန်းပုံ ရင်ထဲမှာ ပြောနေမိရခြင်းပါ …။ ကိုကြီးကတော့ ဓာတ်ပုံကြီးထဲမှာ မူပိုင်အေးချမ်းသော အပြုံးဖြင့် ရှင်လွန်း ကို ငေးစိုက်ကြည့်နေသည်ဟု စိတ်ထဲနှစ်၍ ယုံကြည်နေမိရသည်ပါပဲ …။

ဧည့်ခန်းရှိ ဆိုဖာကြီးထက်မှာ အန်ကယ်ဇေ ထိုင်နေသည်။ အန်ကယ့် မျက်ဝန်းတွေမှာ ရှင်လွန်း တိတိပပတွေ့မြင်ရသည်ကဖြင့် ကြေကွဲခြင်း …။ လွမ်းဆွေတ်တမ်းတနေခြင်း …။ ဪ … အန်ကယ်ဇေ သည်လည်း ကိုကြီး ကို သတိရနေချေပြီကောလေ …။

တစ်ချိန်က ဆေးရုံကြီးတစ်ရုံရှိ ကိုကြီး၏ အိပ်ခန်းကျယ်ကြီးမှာ သတို့သား ကိုကြီးဘုန်းလူ နှင့် သတို့သမီး ရှင်လွန်းပုံ တို့၏ လက်ထပ် စာချုပ်ကို တရားလွှတ်တော်ရှေ့နေကြီး အန်ကယ်ဦးဇေယျ [illegible]ရေးသား ပေး ခဲ့ရသည်။ အသိသက်သေအဖြစ် ဘဘဦးအိမ်မိုး … ဘ[illegible]မျိုး နှင့် ဘဘ ဦးရန်ထက် တို့မှ လက်မှတ်ထိုးပေးခဲ့သည်။ သက်[illegible]လေးယောက်မှာ ဒေါ်ကြီးမေ လည်း ပါခဲ့ချေသည့်တကား …။

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်ကြီးမေ က ... လွှန်းပုံလေး ရဲ့ အုပ်ထိန်းသူပါပဲ ...။ ဒီအိမ်ကြီးရဲ့ ထမင်းချက် အဒေါ်ကြီး ရယ်လို့ ခံယူပြီး ခုလို ... ခေါင်းမခါပါနဲ့ဗျာ ... လက်မှတ်ထိုးပါ ..."

ဟု ကိုကြီး နိုင်းခဲ့သည်။ တိုက်တွန်းခဲ့သည်။ ထမင်းချက် အိမ်ဖော်ကြီးအဖြစ် သိမ်ငယ်ခံစားရင်း ထိုမင်္ဂလာလက်ထပ်စာချုပ်မှာ လက်မှတ်မထိုးနိုင်ပဲ တုန့်ဆိုင်းနေသည့် ဒေါ်ကြီးမေသည်လည်း နောက်ဆုံးတော့ ကိုကြီး၏ ပြည့်ဝလွန်းသော မူပိုင်စိတ်ရင်းကောင်းကြီးကြောင့်ပင်လျှင် လက်မှတ်ထိုးပေးခဲ့ရရှာသည်။ မမေ ... ဆိုသည့် မလှပသော လက်ရေးစောင်းစောင်းလေး လောက်ကိုသာ ရေးတတ်နိုင်ပါသည့် ဒေါ်ကြီးမေ ၏ လက်မှတ်တစ်ခုသည်လည်း ရှင်လွှန်းပုံ ၏ ထိုလက်ထပ်စာချုပ်မှာ ရှင်လွှန်းပုံ ၏ အအုပ်အထိန်းအဖြစ် ရှိခဲ့ရဖူးသည်။ ဩော် ... ခုတော့လည်း အန်ကယ်ဖေ သည် ... နောက်ထပ် မင်္ဂလာစာချုပ်တစ်စောင်ကို လုပ်ဆောင်ပေးရပြန်ပြီ ...။ သတို့သမီးသည် ရှင်လွှန်းပုံ ပဲ ဖြစ်နေလျက် သတို့သားကတော့ ဆရာဖြစ်နေရပြန်သည်တည့် ...။ အန်ကယ်ဖေ သည် လည်း ကိုကြီးကို ဤနေ့မှာ အရမ်းသတိရနေချေမည်သာ ...။

ဩော် ... ကိုကြီးသည် လွှမ်းတစရာတွေများစွာကို ချန်ထားရစ်ခဲ့ပါသည့် စိတ်သဘောပြည့်ဝတည်ငြိမ်လွန်းပါသည့် သူတစ်ယောက်အဖြစ် ခင်မင်ချစ်ကြင်ရာလူတို့၏ ရင်မှာ စွဲထင်စေခဲ့သည်သာတကား ... ဧည့်ခန်းမှာ လူများများစားစားမရှိ ...။ အန်ကယ်ဖေ ရှိသည်။ ဘဘဦးအိမ်စိုး၊ ဘဘမှူး နှင့် ဘဘဦးရန်ထက် ရှိသည်။ မောင် ခေါ်လာသည့် မောင့်သူငယ်ချင်းနှစ်ယောက်သည်လည်း သက်သေအဖြစ် လက်မှတ်ထိုးဖို့ရှိနေကြပြီ။ ပြီးတော့ ... ဒေါ်ကြီးမေ သည်လည်း ယခင်တုံးကနှယ်ပင် ရှင်လွှန်း ၏ ဤလက်ထပ်စာချုပ်တစ်စောင်ထက်မှာလည်း လက်မှတ်ထိုးပေးရပျို့လိမ့်မည် ...။

ရှင်လွှန်းပုံ တစ်ချက်တန့်ရပ်လိုက်တော့ မောင် လည်း ရပ်လိုက်ပါ၏။

သူတို့ထိုင်နေရာ ဆိုဖာနေရာသို့ ရှင်လွှန်း တို့ မရောက်ကြသေး ...။



လှမ်းလှမ်းမှာ ရပ်လိုက်ခြင်း ... ဒေါ်ကြီးမေ ကတော့ အလိုက်တသိ ရှေ့ဆက်လျှောက်သွားသည်။

"မောင် ..."

မော့ကြည့်မိရင်း ရှင်လွှန်းပုံ ခေါ်လိုက်ချိန်မှာ ဘာကို ရှင်လွှန်းပုံ ပြောတော့မည်ဆိုတာ သိလိုက်ပုံဖြင့် မောင့်လက်တွေက ရှင်လွှန်း၏ နှုတ်ခမ်းထက်မှာ ဖေးတင်လာသည်။

"မပြောနဲ့ ... မောင်သိတယ် ... မောင့်ကို စဉ်းစားပါဦးလို့ ထပ်ပြောမလို့လား ... ဒီအထိဖြစ်နေပြီ ... လက်ထပ်တော့မယ် ... လူတွေလည်းရောက်နေကြပြီ ... ရှင်လွှန်းလေး ကို မောင် တရားရုံးမှာ သွားလက်ထပ်ချင်တာ ... ရှင်လွှန်းက ဒီအိမ်ကြီးမှာပဲ ... လူနည်းနည်းရဲ့ရှေ့မှာ လက်ထပ်စာချုပ်မှာ လက်မှတ်ထိုး လက်ထပ်ချင်တယ်လို့ ပြောခြင်းမက ပြောလွန်းလို့သာ ခေါင်းညိတ်လိုက်ရတာ သိလား ... အခု ... မောင့်လက်ကိုတွဲထား ... ရှေ့ဆက်လျှောက် ... မောင်တို့ လက်ထပ်ကြမယ် ... ရှင်လွှန်း ဟာ မောင့်ရဲ့ ဘဝပဲ ... အဲဒါကို မမေ့ပါနဲ့ ..."

မောင် ပြတ်ပြတ်သားသား ပြောလာတော့ ရှင်လွှန်း သက်ပြင်းရှိုက်ကာ မောင့် လက်ကိုတွဲ၍ ... ဩော် ... မောင် လက်တွဲတာကိုလက်ခံ၍ ... လျှောက်လာမိရပါပြီတည်း ...။ နှစ်ယောက်ထိုင် ဆိုဖာရှည်ကြီးထက်မှာ ရှင်လွှန်း မောင်နှင့်တူတူယှဉ်၍ ထိုင်သည်။ မောင့် အကြည့်က အေးမြမြနိုင်နေ၏။ သတို့သားတစ်ယောက်၏ စိတ်လှုပ်ရှားစွာခံစားနေပါသည့် အေးချမ်းခြင်း၏ အငွေ့အသက်တွေကို မောင့်မျက်နှာထက်မှာ ရှင်လွှန်း ဖမ်းဆုပ်ခံစားနိုင်နေသည်။

နှင်းဆီရနံ့တို့ သင်းဝေနေသည့် ပန်းအိုးလှလှလေး ဖေးတင်ထားရာ ဧည့်ခန်းစားပွဲရှည်ထက်မှာတည်ခင်းထားရာ အအေးနှင့် မုန့်ပွဲများကို ဘယ်သူမှ မထိတို့ဖြစ်ကြသေး ...။ အန်ကယ်ဖေ က လက်ထပ်စာချုပ်နှစ်စောင်ကို မောင်နှင့် ရှင်လွှန်း ရှေ့မှာ ချပေးသည်။ မောင်ကို ရှင်လွှန်း ကြည့်မိရပါ၏။ မောင့်လက်က မဆိုင်းမတွ ရွှေရောင်ဖောင်တိန်ကို

www.burmeseclassic.com

www.burmeseclassic.com



ကိုင်သည်။ လက်မှတ်လည်းထိုးလိုက်ပြီ ...။ မောင့် မျက်နှာထက်မှာ နောင်တရိပ်မရှိ။ တွန့်ဆုတ် တုန့်ဆိုင်း ရိပ်မရှိ ...။ အေးချမ်းတည်ငြိမ်ခြင်းတွေပဲ ရှိနေသည်။ ရှင်လွန်းပုံ လက်ထဲသို့ မောင်ကိုယ်တိုင် ဖောင်တိန်လေးကို ကြင်ကြင်နာနာထည့်ပေးလာတော့ တုန့်ဆိုင်းသူက ရှင်လွန်းပုံပဲ ဖြစ်နေ၏။ လက်ချောင်းလေးတွေ တောင့်တင်းနေသည်။ လက်မှတ်တစ်ခု ထိုးဖို့ရာအတွက် ခက်ခဲနေသည်။ ဟင့်အင်း ...။ ထို၍ မဖြစ်သေး ...။ အိမ်ရှေ့မှာ ကားတစ်စီး ရပ်လာသံပေါ်လာဦးမည်။ ထိုကားပေါ်မှ မိန်းမသားတစ်ယောက် ဒေါသ၊ သောကတွေဖြင့် သုတ်သုတ်ရက်ရက် ဆင်းလာချေဦးမည်။ ဤ ကေသရီရိပ်ငြိမ်၏ ဧည့်ခန်းကျယ်ကြီးမှာ နယ်လုပွဲတစ်ခုသည်လည်း မကြာမတင် ဖြစ်လာချေဦးတော့မည်။ မိခင်နှင့် ချစ်သူ။ ဘယ်သူ့ ဘယ်သူကို ရွေးမည်လဲဆိုသည့် နယ်လုပွဲ ...။ ထိုပွဲမှာ ... ဆုံးဖြတ်မည့်သူက မောင် ကိုယ်တိုင်ပဲ ဖြစ်နေရမည်။ တခြားလူဘယ်သူ့ ဘယ်သူကမှ ဝင်ဆုံးဖြတ်ပေး၍ ရနိုင်မည့် ကိစ္စမဟုတ်။ အတိအကျ ... မောင်တစ်ယောက်သာ ဆုံးဖြတ်ရမည့်ကိစ္စ ...။ ထိုအဖြစ်တွေ ဖြစ်တည်မလာခင် ... ရှင်လွန်းပုံ လက်ထပ်စာချုပ်မှာ လက်မှတ်မထိုးနိုင် ...။ ရှင်လွန်း၏ ဘဝမှာ ရှင်လွန်း လက်မှတ်ထိုး လက်ထပ်ခဲ့ရသည် တစ်ယောက်တည်းပဲရှိခဲ့သည်။ ကိုကြီး ...။ ထိုအဖြစ်ကို မပြောင်းလဲရက်နိုင်သေးပဲဖြစ်နေဆဲ ...။ ဖြစ်နေမြဲ ...။ ဝန်လေးနေဆဲ ...။ ပြီးတော့ မောင် ရဲ့ဝံ့စွာ လက်မှတ်ထိုးခဲ့ရာ ဤစာချုပ်နှစ်စောင်သည် ... မောင့် မေမေ လက်ထဲမှာ အမွှာမွှာစုတ်သွားနိုင်သေးသည်။ ဒါတွေကို မောင် ငြိမ်သက်စံလိုက်လျှင် ...။ ဤနေ့မှာ လက်ထပ်စာချုပ်လေး နှစ်စောင်ထက်၌ လက်မှတ်ထိုးမိခဲ့ရခြင်းသည် နောင်တဖြစ်စရာအဖြစ် မထိုးမိခဲ့သည့်အတွက် ဘာမျှ နောင်တဖြစ်စရာမကျန်သော ရှင်လွန်းပုံ အဖြစ် ရပ်တည်ခွင့်ကော့ ကျန်ရစ်ခဲ့ချေဦးမည်။ ဘာကြောင့်ဆို ... သတို့သမီးတစ်ယောက်၏ သဘောတူလက်မှတ်တစ်ခုကို ... မောင့်အတွက် ရှင်လွန်းပုံ သက်သေ ထူလက်မှတ်ထိုးမပေးခဲ့၍ပဲဖြစ်ပါချေသည်တည့် ...။



ထိုစဉ်မိုက် အရှိန်ပြင်းစွာ ပေါ်တီကိုအောက်မှာ ရပ်လိုက်ပါသည့် ကားသံ ...။ မော်တော်ကားဘီးတွေပင် လျှောတိုက်ပွတ်ချသွားသည် အထိ အရှိန်ပြင်းပြင်းကို တုန့်ဆိုင်းရပ်လိုက်ပါသည့် အသံနှင့်အတူ ...။ တစ်ဆက်တည်းပင် ...။

"ရပ်လိုက်စမ်း မိုးသစ်ဆမ်း ... မင်း ရူးနေသလား ... ပခုံးထမ်းတာ ဝါသနာထုံလှချေလား နွားငယ်လေးရဲ့ ... ဟင် ... ဟင် ..."

ဟူသော အသံက လူမရောက်ခင်အသံအဖြစ် ရောက်လျက် ...။ မျက်နှာကြီးနီရဲတွတ်နေအောင် ဒေါသတကြီးဖြင့် အပြေးဝင်လာသည့် ဒေါ်ထားခင်ခင် ၏ ဖြူတုတ်တုတ်ပုံရိပ်က တံခါးဆီမှ ဝင်လာဝါချေ၏။ မောင် ... ရုတ်ခနဲ အလန့်တကြား ထရပ်သည်။ မောင့် မျက်နှာထက်မှာ အံ့ဩရိပ်ထင်၏။ ပြီးတော့ ... အမေ သိချေပြီကော ... ဟု လန့်သွား၍လားမသိ ...။ အတန်မျှ မျက်နှာထက်မှာ သွေးရောင်ဖျော့သည်။ ဖြူဆုတ်ဆုတ်ဖြစ်သွားသည့် မောင့်မျက်နှာသည် ထိန်းမရအောင် ပျက်ချေ၏။ နောက်တော့ ချက်ချင်း ရှင်လွန်းပုံ ကို ကြည့်သည်။ အလောတကြီး ကိုယ်ကိုကိုင်းလိုက်ကာ ...

"လက်မှတ်ထိုးလေ လွန်းလေး ... ဘာလို့ငြိမ်နေတာလဲ ... လက်မှတ်ထိုးလေ ,... ကြာနေလို့မဖြစ်ဘူး လွန်းလေး ...။ ကြာရင် ... အခြေအနေ ပြောင်းကုန်လိမ့်မယ် ... မောင့် ကို မေမေရအောင် ပြန်ခေါ်သွားလိမ့်မယ် ... မောင်တို့ ခွဲလို့မဖြစ်ဘူး ... လက်မှတ်ထိုးလိုက်လေ ... ထိုးလိုက်တော့လေ ... ရှင်လွန်းလေး ဘာကို စောင့်နေတာလဲ ... ဘာကို စောင့်နေတာလဲ မောင် ... စဉ်းစားလို့မရဘူး ..."

မောင့် အသံတွေ တုန်နေသည်။ ရှင်လွန်း၏ လက်လေးကို ကိုင်၍ ဖောင်တိန်ကို တည့်မတ်ပေးနေသည်။ စိတ်လှုပ်ရှားလွန်း၍ မောင့်မျက်နှာထက်မှာ ချွေးစို့လာနေပြီ။

"ရှင်လွန်း ... ဒီအဖြစ်ကို စောင့်နေတာပါ မောင် ... မောင်ဟာ မောင့်အမေရဲ့ ရှေ့မှာ ... ရှင်လွန်း ကို လက်ထပ်ရဲ့ သတ္တိ ... တကယ်

www.burmeseclassic.com

ရှိရဲ့လားဆိုတာ ရှင်လွန်း သိချင်တယ် ... မောင့် အမေကို ရှင်လွန်း ခေါ်လိုက်တာပါပဲ ... မောင့် အမေရဲ့ ရှေ့မှာ ... လက်ထပ်စာချုပ်မှာ မောင် လက်မှတ်ထိုးရဲတယ်ဆိုရင် ရှင်လွန်း ရဲ့ ကိုကြီးရှေ့မှာ ... ရှင်လွန်း ... ဒီစာချုပ်မှာ လက်မှတ်ထိုးပါ့မယ် မောင် ..."

ဟု ပြောတော့ မောင် နားမလည်သလို ရှင်လွန်း ကို မျက်တောင်မခပ်ငုံ့မိုး၍ စိုက်ကြည့်နေသည်။ နောက်တော့ ရုတ်ခနဲ မောင်ထိုင်ချလိုက်တာ ရှင်လွန်း ၏ ပခုံးကို မောင့်လက်ဖဝါးတွေက ဆုပ်ကိုင်လာကြပါ၏။

"ဘာလို့ အဲသလိုလုပ်ရတာလဲ ရှင်လွန်းလေး ... ဟင် ... ဘာလို့ လုပ်ရတာလဲ ... ဘာလို့ မေမေ့ ကိုခေါ်ရတာလဲ ... ပြီးတော့ ပြီးတော့ မောင်က လက်ထပ်စာချုပ်မှာ လက်မှတ်ထိုးပြီးပြီလေ ... နှစ်စောင်စလုံးမှာ လက်မှတ်ထိုးပြီးပြီ ... ရှင်လွန်း ပဲ လက်မှတ်ထိုးဖို့ ကျန်တော့တာပါ။ မေမေ့ရှေ့မှာ မောင် လက်မှတ်ထိုးစရာမှ မလိုတော့တာ ..."

ဟု ဆက်တိုက်မေးနေသည်။ မောင့်မျက်နှာထက်မှာ နားမလည်နိုင်ခြင်း၏အငွေ့အသက်တို့က စိတ်ရှုပ်ထွေးခြင်းနှင့်အတူ ရွှန်းထင်းအုပ်မိုးနေကြပါချေ၏။

ရှင်လွန်း မောင့် မေမေ ကို ကြည့်သည်။ စာချုပ်ကို ဒေါ်ကြီးမေထံ ကမ်းသည်။

"မောင့် မေမေ့ ကို အဲဒီစာချုပ်ပြလိုက်ပါ ဒေါ်ကြီးမေ ... စာချုပ်မှာ ရှင်လွန်း ရဲ့ လက်မှတ်ရှိမနေပါဘူးလို့ ... မောင့် လက်မှတ်ပဲရှိနေတာပါလို့ ...။ သူ့ရဲ့သားက ရှင်လွန်း ကို လက်ထပ်ချင်လှချေရဲ့ဆိုပြီး လက်ထပ်ဖို့အတွက် ... ဒီအိမ်ကြီးထိ အသိသက်သေကိုပါ တူတူခေါ်လာတာပါလို့ ... အကယ်၍ ... သူ့သားကို သူခေါ်သွားနိုင်တယ်ဆိုရင် သူ့သားကလည်း လိုက်တယ်ဆိုရင် ... ရှင်လွန်းပုံ ဆိုတာ ... သတို့သမီးလက်မှတ်ထိုးထားသမျှ ခေါင်းငုံ့ကျန်ခဲ့ရာ မိန်းမသားအဖြစ် ကျန်ခဲ့မှာ မဟုတ်ဘူးဆိုတာရယ် ... သတို့သားထိုးတဲ့ လက်မှတ်ဘေးမှာ ... သတို့သမီး လက်မှတ်



ထိုးဖို့ ငြင်းဆိုလိုက်တဲ့ ရှင်လွန်းပုံ အဖြစ်ပဲ ရှိနေခဲ့တယ်ဆိုတာရယ်ကို ... သူသိအောင်လည်း ပြောပြလိုက်ပါ။ ရှင်လွန်းပုံ ဆိုတာ .. ဘယ်သူ့ ဘယ်သူကမှ ချန်ခဲ့ရာ သတို့သမီး မဖြစ်လိုက်ရဘူးဆိုတာ ... ဟောဒီက ရှင်လွန်း ရဲ့ ကျေးဇူးရှင် ကိုကြီး ရဲ့ ရှေ့မှာ ရှိနေရစ်ခဲ့မှာပါပဲ ..."

ဟု ပြောတော့ မောင် နားမလည်နိုင်သလို ရှင်လွန်း ကို တကြည့်တည်းကြည့်နေသည်။ ခေါင်းလည်းခါနေသည်။ စာချုပ်ကိုလည်း ဒေါ်ကြီးမေ ထံမှ အသည်းအသန်ပြန်ယူဖို့ ကြိုးစားသည်။ ရှင်လွန်းပုံ မောင့်လက်ကို ဆုပ်ခဲကိုင်ထားလိုက်သည်ပါပဲ။ မောင့်ကို မော့ကြည့်ကာ...

"ထိုင်ပါမောင် ... ခဏ ... ထိုင်လိုက်ပါ ... မောင့် မေမေ ... ဘာလုပ်မယ်ဆိုတာ ... မောင် .. တိတ်တိတ်လေးကြည့်ပေးလိုက်ပါ .. ကြည့်နေလိုက်ပါ မောင် ..."

ဟု ပြောတော့ မောင် ခေါင်းခါနေသည်။ မောင့် မေမေ ကတော့ဖြင့် ဒေါ်ကြီးမေ လက်ကမ်းပေးရာ စာချုပ်နှစ်စောင်ကို စိတ်လိုက်မာန်ပါ လှမ်းယူသည်။ ဖြန့်၍ တစ်စောင်ချင်းကိုကြည့်သည်။ မောင့်ကိုလည်း ဒေါသအပြင်းစိတ်ဖြင့် စိုက်ကြည့်သည်။ ရှင်လွန်းပုံ ကိုလည်း ဝါးစားမတတ်ခါးသီးသော အမုန်းဖြင့် မကွယ်ဝှက်စတမ်းကို စိုက်ကြည့်ကာ ...။

"မင်း ... မင်း ... ငါ့ကို ခေါ်အရှက်ခွဲတယ်ပေါ့လေ ရှင်လွန်းပုံ ... ငါ့သား လက်မှတ်ထိုးထားပြီး ညည်းလက်မှတ်မထိုးပဲ ရှိနေတဲ့ စာချုပ်ကို ပြပြီး ... ငါ့ကို အနိုင်ပိုင်းတယ်ပေါ့လေ ... ဟင် ... ဟင် ... ငါ့သားက ညည်းကို လက်ထပ်ချင်ပါရဲ့လို့ ဟပ်ဟပ်ထိုးဖြစ်နေတယ်လို့ အနိုင်ပိုင်းသက်သေထူပြတယ်ပေါ့လေ ... ညည်း ... ငါ့ကို ဒီလောက်အထိ အနိုင်ယူချင်တဲ့အောက် ... ငါ့ကို ဒီနေရာအရောက်ပြေးလာအောင် ဖုန်းလည်းဆက်ခေါ်တယ်ပေါ့လေ ... မိုက်ရိုင်းလှချေလား ရှင်လွန်းပုံ ... ဒီမြေသား ... ခုကတည်းက မင်းယူချင်နေတဲ့ ကောင်မက ... ငါ့ကို ဝင်ပက်စက်စက် အနိုင်ယူပြနေပြီဟဲ့ ... ငတုံးရဲ့ ... ကဲ ... အရှက်ကွဲ ဒီမှာ ရပ်နေတဲ့အမေကို သနားမလား ... မင်းရဲ့ မယောသီ ဟာရီ အယုတ်

www.burmeseclassic.com



တမာမနဲ့နေရစ်မလား ... ဆုံးဖြတ် ... ငါက ... မင်းကို ဒီအထိလှု လားမြောက်အောင် အရိပ်တကြည့်ကြည့်နဲ့ ချစ်လာတဲ့ အမေရင်းနော် ... ငါ့ကို ရင်ကွဲနာကျအောင် မလုပ်ချင်စမ်းပါနဲ့ ..."

ဂုဏ်ရှိန်မြင့်မားသည့် သားတစ်ယောက်၏ မိခင်အဖြစ် အတ္တတွေ နှင့်လုံးထွေးရင်ပတ်နေသည့် အသံစူးစူးတွေကို ရှင်လွန်းပုံ ဆက်တိုက် ကြားနေရသည်။ ဒါပေမယ့် တည်တည်ငြိမ်ငြိမ် ထိုင်ဟန်မပျက်လေး ပခုံးကို မတ်၍ အေးအေးလူလူလေး နေပြလိုက်သည်က ရှင်လွန်းပုံ ပဲ ဖြစ်ပါ၏။ ဒါပေမယ့် ရင်ထဲမှာ လိပ်ပြာမသန့် ...။

"ငါကရော .. ဒေါ်ထားခင်ခင် အပေါ် အတ္တမာနတွေနဲ့ ...။ ကင်း ရှင်းတုန့်ပြန်မှုတွေရှိနေလို့လား ... ဟင့်အင်း ... ငါကိုယ်တိုင်ကလည်း ဒေါ်ထားခင်ခင် ကို နိုင်ချင်တဲ့ဇောပဲရှိနေတာပဲ ... ငါ့မာနကို ရိုက်ချိုးတဲ့ မိန်းမတယောက်အဖြစ် သူ့ကို နာကြည်းနေတဲ့ စိတ်တစ်ခုနဲ့ ... ခုလို အရာရာ ဆုံးဖြတ်တုန့်ပြန်ခဲ့တာပဲ မဟုတ်လား ..."

ရှင်လွန်းပုံ ဆိုသာ ကိုယ့်လိပ်ပြာမလုံလျှင်လည်း အနည်းဆုံး ရင်ထဲ မှာ ကျိတ်၍ ဝန်ခံတတ်သည့် မိန်းမသားတစ်ယောက်ပဲ ဖြစ်လေသည်။ ခုလည်း လူကသာဟန်လေးချိ၍ မထိတရိလေးပင် နေပြပေမယ့် ရင်ထဲ မှာတော့ ကိုယ့်အတ္တကိုပြန်၍ မြင်လိုက်မိရသည်ပါပဲ ...။

မောင့်ကို ကြည့်မိတော့ မယုံနိုင်သလို ငေးကြည့်နေသည့် မျက်ဝန်း ပွေ့နှင့် ဆုံသည်။ နားမလည်နိုင်သလိုလည်း မောင် မှင်တက်နေသည့် အဖြစ် ...။ မောင်ရုတ်ခနဲ ရှင်လွန်းပုံ ၏ ပခုံးကို လှုပ်ယမ်းလိုက်ရင်းမှ ...။

"ဒါ ... ဒါ တကယ်ပဲလား ရှင်လွန်း .. ဟင် .. တကယ်ပဲလား ... မေမေ့ ကို ရှင်လွန်း ဖုန်းဆက်ခေါ်တယ်ပေါ့ ... ဘာလို့လဲ လွန်းလေး ... မောင်ကိုယ်တိုင်တောင်မှ မေမေ့ကို အသိမပေးပဲ ... ဒီကိုရောက်လာ တာပါ ... မေမေ မကြိုက်တာတစ်ခုကို လုပ်မိခြင်းဟာ မောင် သိပ်ချစ်ရ တဲ့ မိန်းမတစ်ယောက်ကို လက်ထပ်ချင်လွန်းလို့ဆိုတာ .. မင်း သိပါ တယ် .. မင်းကို ချစ်လွန်းလို့ ဆိုတာ မင်း သိပါတယ် ... အခု မောင်



ရောက်လာပြီပဲ၊ လက်ထပ်စာချုပ်မှာလည်း လက်မှတ်ထိုးပြီးနေပြီပဲ ...။

မေမေ့ အိမ်က မောင်ထွက်ခွာလာခဲ့ပြီပဲ ... လွန်းလေး နိုင်နေပြီပဲ ကွာ ... အနိုင်တွေနဲ့ ရှိနေပါရက်ကယ်နဲ့ ... အရှုံးဖြစ်ကျန်ခဲ့တဲ့ မေမေ့ ကို ဘာလို့ထပ်ပြီး အနိုင်ယူချင်နေရတာလဲ ... ဘာလို့ ဒီလောက်ထိ လောဘကြီးနေရတာလဲ ... မောင်ချစ်တဲ့ မိန်းကလေးဟာ ဒီလောက် အတ္တကြီးမနေဘူး လွန်း ... ဒီလောက်မမိုက်မဲနေဘူး ... လွန်းလေး သိထားရမှာက လွန်းလေး နဲ့ မောင့်ကို သဘောမတူတဲ့ မေမေ့ကို မောင် အာခံခဲ့ပေမယ့် ... မေမေ မကြိုက်တဲ့ လက်မခံနိုင်တဲ့ မိန်းကလေးကို မောင် လက်ထပ်မိပေမယ့် ... မောင် မေမေ ဟာ .. အမေအဖြစ်ကတော့ မောင့်ဘဝထဲ က ပျောက်ကွယ်သွားမှာ မဟုတ်ဘူးဆိုတာ လွန်းလေး နားလည် ပေးသင့် တယ် ... ခု ... ခု ... ဘာလို့ ဒီလောက်ထိ မေမေ့ကို အနိုင်ပိုင်း ချင်နေရတာလဲ လွန်းရယ် ..."

မောင့် အသံတွေ အက်နေသည်။ တုန်ခါနေသည်။ မယုံပေးရက် နိုင်သလို ရှင်လွန်းပုံ ကို ကြည့်ကာ မချိတင်ကဲ ခေါင်းခါနေသည်။ မျက်ရည်တွေ ဝေနေသည့် အမေနှင့် ကိုယ်လက်ထပ်ရမည့် သတို့သမီး ချစ်သူ၏ ကြားမှာ ခေါင်းတွေ ရှုပ်ထွေးနောက်ကျိနေအောင် ခံစားချက် အပြင်းစားတွေဖြင့် အုပ်စီးနှိပ်စက်တာကို ခံနေရသည့် အရိပ်တွေက မျက် နှာထက်မှာ စွန်းထင်း၏။

ရှင်းလွန်းပုံ မောင့်ကို တည်ငြိမ်စွာ ကြည့်လိုက်မိကာ ...။

"ဘာလို့လည်း ဆိုတော့ ... ရှင်လွန်း ဟာ ဘာကိုမှ လျှို့လျှို့ ဝှက်ဝှက်မလုပ်ချင်လို့ပါပဲ ... ရှင်လွန်း မှာ ဘာမှအပြစ်မရှိဘူးဆို .. မောင် ပြောခဲ့တယ်လေ ... မုဆိုးမ ဖြစ်နေတာ ... ဒါဟာ အပြစ်မဟုတ် ဘူးဆို .. အပြစ်မရှိတဲ့ မိန်းမတစ်ယောက်နဲ့ မောင် လက်ထပ်မယ့် ကိစ္စကို ... ဘာလို့ မောင်လျှို့ဝှက်ထားချင်ရတာလဲ .. ကံကြမ္မာကြောင့် မုဆိုးမဘဝကို ရောက်ရတာလို့ မောင်ပြောခဲ့တယ်လေ ... လက်ထပ်ခြင်း ဟာလည်း ကံကြမ္မာမဟုတ်ဘူးလား ... ကံပါမှ လက်ထပ်ကြရတာပါ

www.burmeseclassic.com

www.burmeseclassic.com



မောင် ... ကံကြမ္မာကို မောင် ယုံတယ်ဆိုရင် ... လက်ခံပေးတတ်တယ်ဆိုရင် ရှင်လွန်း ကို လက်ထပ်တဲ့ကိစ္စကို ... မောင့် မေမေ မသိအောင် ဘာလို့ လျှို့ဝှက်ထားချင်ရတာလဲ ... ရှင်လွန်း ကတော့ အဲသလို လျှို့ဝှက်မထားချင်ဘူး .... ဒါကြောင့် အသိပေးလိုက်တာပါပဲ ... လက်ထပ်တာကိုလည်း လျှို့ဝှက်မထားချင်ဘူး ... အနိုင်ရတယ်ဆိုတာကိုလည်း လျှို့ဝှက်မှုကို အခြေခံပြီးမှ ရတဲ့အနိုင်ကို မလိုချင်ဘူး ... လက်ထပ်တာကိုလည်း မောင့် မေမေ ရှင်းရှင်းလင်းလင်းသိရမယ် ... သူ့ကို ရှင်လွန်း နိုင်တယ်ဆိုတာကိုလည်း ရှင်းရှင်းလင်းလင်းပဲ အသိပေးချင်တယ် ... ဒါပါပဲ ..."

ရှင်လွန်းပုံ ဖြေသမျှ မောင်ခေါင်းတွင်တွင်ခါနေချိန်မှာ မောင့်မေမေ ကတော့ ဇွေ့ဇွေ့ခါနေပြီ။ ရှင်လွန်းကို စူးရဲသည့်အကြည့်ဖြင့်ကြည့်သည်။ အမုန်းတကာ့အမုန်းတွေ အဆုံးမဲ့အောင် နှလုံးအိမ်ဆီမှ တဆင့် မျက်ဝန်းတွေဆီသို့ ပို့လွှတ်၍ ကြည့်သည့်အကြည့်သည် စူးရှခါးသီးနေသည်။ ရှင်လွန်း ကို မုန့်မုန့်ညက်ညက်ချေပစ်ချင်သည်သို့ရှိနေသည့် အကြည့် ...။ အံခဲထားရင်းမှ လက်ညှိုးထိုး၍ အသံတွေသေးငယ်စူးရှကုန်အောင် ပြောချလိုက်သည်က မောင့် မေမေ ပဲဖြစ်ပါ၏။

"ယောက်ျားနှစ်ယောက်နဲ့ ရှုပ်ပွားခဲ့တဲ့ မိန်းမ ... အို ... ချမ်းသာတဲ့ ဒုက္ခိတကြီးကို နူးနှပ်ပြီး လင်လုပ်ခဲ့တဲ့မိန်းမ ... လင်သေတော့ ချမ်းသာစည်းစိမ်ကို မျက်နှာပြောင်တိုက်ခံစား စံစားပြီး ဝန်းကျင်ကို ရှက်ရမှန်း မသိအောင် လောဘဇောတိုက်တဲ့ မိန်းမ ... ခုကျတော့ ငါ့သားကို အချစ်ရူးရူးအောင်လုပ်ပြီး ရအောင်ယူပြဖို့ကြံတဲ့ မိန်းမ ... ညည်းကို .. ငါ ... ချွေးမ အဖြစ် ဘယ်တော့မှ လက်မခံဘူးဆိုတာသိထား ... အသိအမှတ် မပြုနိုင်ဘူးဆိုတာသိထား ... နားလည်လား ... နားလည်လားဟဲ့ ... အရှုပ်သည်မရဲ့ ... အရှုပ်မရဲ့ ..."

ဟု ပြောတော့လည်း မောင်မျက်စိမျက်နှာပျက်ကာ ထရပ်သည်။ အမေဖြစ်သူထံသွားကာ ...



"စကားမလွန်ပါနဲ့ မေမေရယ် ... ရှင်လွန်း ဟာ သားလက်ထပ်ထားတဲ့သူပါ ... သား ချစ်ရတဲ့သူပါ ... မေမေ့ ချွေးမအဖြစ် မေမေ အသိအမှတ်မပြုချင်ရင်လည်းနေပါ ... ဒါပေမယ့် ... သူဟာ ... သားရဲ့ ဇနီး ဖြစ်ကိုဖြစ်ရမယ် မေမေ ..."

မောင့်ခမျာ သနားဖို့ပင်ကောင်းနေပြီကောလေ ...။ ချစ်ရသူကိုလည်း မစွန့်လွှတ်နိုင် ...။ အမေဖြစ်သူကိုလည်း ပစ်ပစ်ရက်ရက်မလုပ်ရက်နိုင် ...။ ဗျာများနေရရှာတာ မြင်ရက်ဖို့ပင်မကောင်း ...။ ရှင်လွန်းပုံ မောင့်ကို သနားလာမိရသည်။ ဒါပေမယ့် ... ရှင်လွန်း မှာ ရွေးချယ်ရန် လမ်းမရှိ။ ဤလမ်းကိုပဲ ရွေးရမည်။ အနိုင်တစ်ခုကို ခိုးကြောင်ခိုးဝှက် မလိုချင် ...။ မှုမှုတတပဲ လိုချင်သည်။ တစ်ဖက်သတ်မလိုချင် ...။ ဒါကြောင့်လည်း မောင့် မေမေကို ရှင်လွန်း ဖုန်းဆက်ခေါ်ခဲ့ရခြင်းပါ ...။ ပြီးတော့ ... မောင့်အဆုံးအဖြတ်ကိုလည်း လက်တွေ့ကျကျသိချင်သည်။ စိတ်ကူးဖြင့်ပုံဖော် ယုံကြည်မိသော မောင့် အချစ်သည် လက်တွေ့မှာ ပြတ်သားမှ ပြတ်သားနိုင်မည်လေ။ အဖြေက ဆန့်ကျင်ဘက်လည်း ဖြစ်လာနိုင်သည်။ အမေတစ်ယောက်၏ ဩဇာအောက်မှာ တကယ်တမ်းကျတော့ ရုန်းမထွက်နိုင်သည့် လူတစ်ယောက်ဖြစ်နေလျှင် မောင့်ကို လက်ထပ်မိပါသည့် ရှင်လွန်းပုံ အတွက် အနာဂတ်သည် မကောင်း ...။ ဘဝသည်လည်း မကောင်း ...။ နိဂုံးသည်လည်း ကောင်းရန်မရှိ။ အထူးသဖြင့် ယောက်ျားနှစ်ယောက်နှင့် ပတ်သက်ဖူးသူဟု အထင်တသေးခံရတာတွေ ရင်ဆိုင်ထားရပါသည့် ရှင်လွန်းပုံ အတွက် ... မောင်နှင့် အိမ်ထောင်ရေးအကွဲအပြဲဖြစ်လျှင် ခေါင်းဖော်ဖို့ပင်မကောင်း ...။ တကယ်က ကိုကြီး၏ တရရမှာခဲ့ပါလေသော စကားကြောင့်သာ ရှင်လွန်း အိမ်ထောင်ရေးဆိုတာကို ဘဝထဲက ဖဲ့ခြွေချန်ပစ်၍ မရနိုင်ပဲ ဖြစ်ခဲ့ရခြင်းပါ ...။ ပြီးတော့ မောင်နှင့်ကျတော့ ... ရှင်လွန်း မောင့်အချစ်ကို ယုံကြည်မိတာတွေလည်း ရှိနေသည်ပါပဲ ...။ မောင်သည် အမေနှင့် ဇနီးကြားမှာ မှုမှုတတဆုံးဖြတ်နေထိုင်တတ်မည့်သူတစ်ယောက်ဟုတော့ ရှင်လွန်း မောင့်

www.burmeseclassic.com

www.burmeseclassic.com



ဘာက်ကင့်၍ တွေးပေးမိတာလည်း ရှိဖူးခဲ့ရသည်ပါပဲ ...။

ခုကျတော့ မောင် ... ဘာတွေဆက်၍ ရင်ဆိုင်ဆုံးဖြတ်မည်ဆိုတာ စောင့်ဆိုင်းပေးဖို့ပဲ ကျန်တော့သည်တည့် ...။

"ငါ့သားနဲ့ ဝေးဝေးနေပါ ... နောက်ဆုတ်ပါ ... ငါ့သားလို ... ချမ်းသာပညာတတ် ... ကုန်တိုက်သူဌေးနဲ့ ညည်းလို ယောကျ်ားနှစ်ယောက်နဲ့ ပတ်သက်ဖူးတဲ့ မိန်းမတစ်ယောက်ကို သဘောမတူနိုင်ပါဘူးလို့ ငါကိုယ်တိုင်ညည်း အိမ်ကိုလာပြီး ဘွင်းဘွင်းပြောခဲ့တဲ့ကြားထဲက ဘာကြောလို့လဲ ... နှစ်ပတ် ... နှစ်ပတ်ပဲ ရှိသေးတယ် ... ညည်းက ညည်းအိမ်မှာ ငါ့သားကို မင်္ဂလာဆောင်ယူတယ်ပေါ့ ... ဘယ်ရမလဲကွယ် ... ကဲဟယ် ... ကဲဟယ် ... ဒါ ... ငါ့အဖြေပဲဟဲ့ ..."

လက်ထဲမှ လက်ထပ်စာချုပ်ကို ဖော်ဖော်ပါအောင် ဆွဲဖြဲနေသည်က ကျားများသားကောင်ဖျက်နေတာနှင့်ပင် တူနေသည်။ အံခဲထား၏။ မျက်လုံးတွေ ဝင်းဝင်းတောက်နေသည်။ နှုတ်ခမ်းကို ရုပ်ဆိုးပန်းဆိုးဖြစ်အောင် မဲ့ရွဲ၍ ဒေါသသံက မာန်ဖီနေသည့်နှယ် နှုတ်ခမ်းဆီမှ ဆက်တိုက်ပွင့်ကျနေ၏။

"ဟင် ... ဘယ်လိုလုပ်လိုက်တာလဲ မေမေ ... ဒါ ... သားရဲ့ လက်ထပ်စာချုပ်ဗျ ..."

မောင် မျက်စိမျက်နှာပျက်ကာ ကြမ်းပေါ်မှ စာရွက်စုတ်တွေ မှုစာကြနေသမျှ ကယောင်ကတမ်းနိုင်စွာ လိုက်၍ ကောက်နေသည်။

"မေမေ အဲသလို မလုပ်သင့်ဘူး ... ရှင်လွန်း ကို လွန်ခဲ့တဲ့နှစ်ပတ်က ... ဒီအိမ်ထိလာပြီးတော့လည်း မပြောသင့်ဘူး ... ဒီကိစ္စ ... သားခုမှ သိရတာ ... ခုလို ... မေ့မေ ... ဒီစာချုပ်ကိုလည်း မဆုတ်သင့်ဘူး ... ပြီးတော့ ... ရှင်လွန်း ကို စိတ်နာအောင် အိမ်တိုင်ရာရောက်လည်း မတူမတန် လာမပြောသင့်ဘူး ..."

မောင် ကော်ဇောထက်မှ စာရွက်တွေကို ကောက်၍ လက်မှာ စုဆုပ်ထားရင်း ထိထိခိုက်ခိုက်ပြောနေတော့ ရှင်လွန်း ရင်ထဲမှာမချိ ...။



သြော် ... မောင်သည် ... ရှင်လွန်း ကို ဤမျှအထိ ချစ်ရှာသည်ကော ...။ မောင် ခံစားနေရတာ မြင်နေရချေသမျှ သည်စိတ်ထိခိုက်ရဖို့ချည်း ဖြစ်နေသည်။ မကြည့်ရက်နိုင်ပဲ ဖြစ်လာနေရသည်။

"တဲ့ အရူး ရဲ့ ... အဲဒီ စာချုပ်မှာ အဲဒီ ကောင်မ လက်မှတ်မှ ထိုးမထားတာ ... နင် တစ်ယောက်တည်း ထိုးထားတာကို စောင့်ပြီး ငါ့ကို ပြတဲ့ ကောင်မဟဲ့ ... ငါ ဆွဲဆုတ်တော့ ဘာဖြစ်လဲ .. ဘာနမြောစရာရှိလဲ ..."

ဟု ဒေါ်ထားခင်ခင် အော်ပြောချိန်မှာ ...

"အို ... မသိဘူးဗျာ ... သား လက်မှတ်ထိုးထားတာပဲ သားသိတယ် ... အို ... ဒီနေ့ကို သားရင်ကိုနှစ်ပြီး မျှော်လင့်ခဲ့တာ ... မေမေ့ကြောင့် ... ပျက်ကုန်ပြီဗျာ .."

မောင် စိတ်ခါတ်အရာ ချုံးချုံးကျကုန်သည့်နှယ် ဆိုဖာထက်မှာ လာထိုင်ကာ လက်ထဲဆုပ်ခဲပါလာသည့် စာရွက်စုတ်အစအနပေါ့ကို မျက်တောင်မခပ်ကြည့်နေသည်။ မောင့် နဖူးပြင်ထက်မှာ ဆံစတို့ပြိုကျနေ၏။ ရှင်လွန်းပုံ ကိုလည်း မျက်တောင်မခပ်ကြည့်လာသည်။

"မရဘူး လွန်းလေး ... မောင်တို့ လက်ထပ်ကြမယ် ... ဒီနေ့ ... ဖြစ်ကို ဖြစ်ရမယ် ...."

ဟု နောက်မဆုတ်စတမ်း အံခဲ၍ ပြောခိုက် မောင့်မေမေကတော့ ရယ်နေသည်။

"စုတ်ပြဲကုန်ပြီလေ သား ... မင်း စာချုပ်စုတ်ပြီလေ ... ဘာနဲ့ လက်မှတ်ထိုးကြမှာလဲ ... ကဲ ... ငါနဲ့ ပြန်လိုက်ခဲ့ ... အိမ်ရောက်မှ သေးအေးအေးနဲ့ မင်းစဉ်းစားသင့်တဲ့ အချက်တွေကို မေမေ ပြောပြမယ် ... အဲဒီအခါကျတော့မှ ... ဒီလို မိန်းမနဲ့ မင်းလက်မထပ်ဖြစ်တာဟာ ... မှန်ကန်တယ်လို့ စိတ်ပြောင်းလဲသွားရမယ် ... မမိုက်ချင်စမ်းပါနဲ့ သားရယ် ..."

ဒေါ်ထားခင်ခင် ပြောနေချိန်မှာ ရှင်လွန်းပုံ အနက်ရယ်ဓေ ကို ခေါင်း

www.burmeseclassic.com

www.burmeseclassic.com



လေးညီတ်ပြမိရပါ၏။ အန်ကယ်ဇေ မှ အတာချီကေ့(စ်) ထဲမှ စာရွက်ကို ထုတ်သည်။ နောက်ထပ်အသင့် စာစီထားသော လက်ထပ်စာချုပ်နှစ်စောင် ...။

"ဒေါ်ထားခင်ခင်ရောက်လာရင် ... လက်ထပ်စာချုပ်ကို ရအောင် ဆွဲဆုတ်ပစ်မယ်ဆိုတာ ရှင်လွန်း သိတယ် ... ဒါကြောင့်လည်း အဲဒီ စာချုပ်ကို ဒေါ်ထားခင်ခင် လက်ထဲအရောက် ပို့ဖြစ်အောင် တမင်တကာကိုပဲ ... ဒေါ်ကြီးကို ခိုင်းခဲ့တာပေါ့ ... အခု နောက်ထပ် စာချုပ်နှစ်စောင် မောင့်လက်ထဲထပ်အပ်လိုက်ပါပြီ ... မောင့် မေမေ့ရဲ့ ရှေ့မှာ မောင်လက်မှတ်ထိုးရဲသလား ... သတ္တိရှိသလား ... ရင်ဆိုင်ရဲသလား မောင် ... ရှင်လွန်း ကို လက်ထပ်တဲ့ စာချုပ်နှစ်စောင်အဖြစ် ... မောင် လက်မှတ်ထိုးရဲတယ်ဆိုရင် ရှင်လွန်း ကလည်း မောင့်မေမေရဲ့ ရှေ့မှာ ... မောင့် သတို့သမီးအဖြစ် လက်မှတ်ထိုးပြလိုက်ပါ့မယ် မောင် ... ရှင်လွန်း ဟာ အောင်နိုင်မှုတစ်ခုကို ထိန်ထိန်ဝှက်ဝှက်နဲ့ အရယူတတ်သူ မဟုတ်ဘူးဆိုတာ ဒေါ်ထား ခင်ခင် ကောင်းကောင်းသဘောပေါက်ဖို့ အရေးကြီးတယ်လေ ..."

ရှင်လွန်း တည်တည်ငြိမ်ငြိမ် ပြောချိန်မှာ မောင် စာချုပ်နှစ်စောင်ကို ငေးစိုက်ကြည့်နေသည်။ အစကတည်းကိုက ဤသို့ စာချုပ်ကအစ အပိုတစ်စုံကို အန်ကယ်ဇေ အား စီစဉ်ခိုင်းထားသည့် ရှင်လွန်း ကိုလည်း မောင် ဤတစ်ကြိမ်မှာအတန်ကြာ ငေးစိုက်ကြည့်လာပါ၏။

"ဒါ ... တမင်တကာကို အကွက်ကျကျ ကြိုတင်စီမံထားတဲ့ အစီအမံပေါ့ ... ဟုတ်လား ... ရှင်လွန်း ... မေမေ့ ကို တမင်တကာ အခုခေါ်တယ် ... တမင်တကာလည်း အဲဒီ စာချုပ်နှစ်စောင်ကို ဆွဲအဆုတ်ခံနိုင်အောင် စီစဉ်ထားတယ် ... နောက် ... တမင်တကာလည်း အခု စာချုပ်နှစ်စောင်ကို မေမေ့ရှေ့မှာ လွန်းလေး ချပြထားတယ် ... ဟုတ်လား ... မောင် မျှော်လင့်ထားတဲ့ လက်ထပ်ပွဲဟာ ခုလိုပုံစံမျိုး မဟုတ်ဘူး ... ရိုးရှင်းတဲ့ အခြေခံအကြောင်းတရားတစ်ခု ... အဲဒီ မျဉ်းကြောင်း



ပေါ်မှာပဲ ဖြစ်တည်တဲ့ပွဲ ... အခုပွဲက တမင်တကာ ... အကွက်ကျ စီစဉ်ထားနှင့် တဲ့ပွဲတစ်ခုဖြစ်နေတယ် ... မေမေ့ကို ရှင်လွန်း အနိုင်ယူချင်တဲ့ ဒီပွဲမှာ မောင်က အသုံးချခံရရုံသက်သက်အဖြစ် ရှိနေရသလို ဖြစ်ကုန်ပြီ ... လက်ထပ်စာချုပ်တစ်ခုကို ... အဲသလောက်ထိ မရင်းနှီးသင့်ဘူး ရှင်လွန်း ... မောင် ... ရှင်လွန်း ကို နားမလည်နိုင်ပဲ ဖြစ်နေရပြီ ..."

"မောင် ပြောတဲ့အထဲမှာပါတယ်လေ ... ရိုးရှင်းတဲ့ မျဉ်းကြောင်းတစ်ခုပေါ်မှာပဲဖြစ်တည်ချင်တယ်ဆို ... မောင့် မေမေမသိအောင် ဒီနေရာမှာ တိတ်တိတ်လေး လာလက်ထပ်တာဟာလည်း ... မောင့်ဘက်က မောင့် မေမေအပေါ်မှာ မရိုးသားတာပဲ ... ထိန်ချန်ထားတာပဲ မဟုတ်လား ... မောင် သတ္တိရှိတယ်ဆိုရင် ... မောင့် မေမေရှေ့မှာ ရှင်လွန်း ကို ဒီနေ့ဒီအချိန်မှာ လက်ထပ်ပြရဲရမှာပေါ့ ... ဒါဟာ ရိုးသားဖြောင့်သားခြင်းပဲ ... ရှင်လွန်း အဲသလိုပဲ မှတ်ယူတယ် ... အနိုင်ယူတာကိုလည်း ပြတ်ပြတ်သားသား ယူချင်တယ် ... လက်ထပ်တာကိုလည်း ပြတ်ပြတ်သားသား လက်ထပ်ပြရဲချင်တယ် ..."

ရှင်လွန်း ၏ ပုံစံလေးက ဘေးမှာ တခြားလူတို့ရှိမနေသကဲ့သို့ အာရုံမထားသည့် အချိုးဖြစ်နေပါ၏။ လက်တလောကိစ္စကို အဖြေရှာနေသည့်ပုံစံ ...။ ဒေါ်ထားခင်ခင် နှင့် ရှင်လွန်း ...။ ရှင်လွန်း နှင့် မောင့်အဆုံးအဖြတ် ...။ ထိုလူသုံးယောက်နှင့်ပဲ ရှိနေသည့် စည့်ခန်းကျယ်ကြီးထဲမှာ ရှိနေသည့်နှယ် ဖြစ်နေသည်။

"မောင် ဆုံးဖြတ်ပါမောင် ... ရလာတဲ့ အဖြေတစ်ခုကို ... ရှင်လွန်း လက်ခံမှာပါပဲ ... မောင် လက်မှတ်ထိုးလိုက်ရင်လည်း ဒီစာချုပ်နှစ်စောင်မှာ ရှင်လွန်း မတွေဝေပဲ ချက်ချင်း လက်မှတ်ထိုးလိုက်ပါ့မယ် ... အကယ်၍ မောင် လက်မှတ်မထိုးရဲရင်လည်း .... မောင်နဲ့ မောင့် မေမေရှေ့မှာ ဒီစာချုပ်နှစ်စောင်ကို ဆွဲဆုတ်ပြလိုက်တဲ့သူဟာ ရှင်လွန်း ပဲဖြစ်နေပါလိမ့်မယ် ... မောင်နဲ့ ရှင်လွန်း တို့ နောက်ထပ်ဘဝမှ ပတ်သက်စရာလည်း ရှိတော့မှာ အမှန်ပါပဲမောင် ..."

www.burmeseclassic.com

www.burmeseclassic.com



ရှင်လွန်းပုံ တည်တည်ငြိမ်ငြိမ်ပြောနေချိန်မှာ မောင်သည် စိတ်တွေ အရမ်းမွှန်းကြပ်နေသည့် သူတစ်ယောက်ဖြစ်နေသည်။ လှုပ်မရအောင် ကျဉ်းထဲကျပ်ထဲ ရောက်နေသည့်နှယ် ဖြစ်နေသည်။

"သေသွားတဲ့ လင့်ရဲ့ ဓာတ်ပုံကို ဒီနေ့အထိ အိမ်မှာ ချိတ်ထားတဲ့ ကောင်မ မင်းနဲ့ လက်ထပ်တဲ့ပွဲမှာ အဲဒီ လူသေရဲ့ ဓာတ်ပုံကြီးကို ... အို ... သေသူရဲ့ ဓာတ်ပုံကြီးကို အကျအန ချိတ်ထားရင်း ... မင်းကို လက်ထပ်တဲ့ မိန်းမကို ... မင်းက ... တစ်သက်လုံး ... အဲဒီသေခဲ့တဲ့ လင် ဓာတ်ပုံကြီး ... နေ့တိုင်းကြည့်ကြည့်ပြီး ... ဒီမိန်းမနဲ့ တစ်သက် လုံး နေသွားမလို့လား မိုးသစ်ဆမ်း ... ငနွားရဲ့ ... နေသွားဦးမလို့လား ... ငါ အသေခံမယ် ... ဂါ သေပြလိုက်မယ် ... အခု ... ငါ ဒီကပြန်မယ် ... အိမ်ရောက်တာနဲ့ ... ဟောဒီ ငါ့လက်က သွေးကြောကို ဓားနဲ့ ဖြတ် ပစ်မယ် ... မင်းလိုသားမျိုး မွေးမိတဲ့ ငါ့သွေးတွေကို ငါ အဆုံးဖြန်ခတ်ပစ် မယ် ... ငါသေသွားတာကို ငါရင်ဆိုင်ရဲတယ် ... ခုလို ... ယောကျ်ား နှစ်ယောက်နဲ့ ဓာတ်လမ်းတွေဖြစ်ခဲ့ဖူးတဲ့ မိန်းမတစ်ယောက်နဲ့တော့ ငါ့သားကို ရေတိမ်နစ်နေတာ အသက်ရှင်ပြီး ငါမမြင်ချင်ဘူး ... ငါ ... ခံနိုင်ရည်မရှိဘူး ..."

ဟု အော်ပြောကာ စိတ်လိုက်မာန်ပါရှင်လွန်းပုံကို ကြည့်သည်။ အမေ စကားကြောင့် မျက်နှာမှာသွေးဆုတ်အောင် စိတ်ပူကာ လန့်ရှိန်မြင့်နေ သည့်သားကိုလည်း ဒေါ်ထားခင်ခင် ကြည့်သည်။

အံ့ခဲ၍ ဒေါ်ထားခင်ခင် မျက်တောင်မခတ် သားလှုပ်သူကို အတန် ကြာစိုက်ကြည့်ကာ ...

"မလုပ်ရဘူး ထင်ရင် စမ်းကြည့်လေ ... အမေ့ အလောင်း ... မင်း မြင်ရတယ်ဆိုရင်ပေါ့ ..."

ဟု မိုက်ရူးရဲဆန်ဆန် အော်ပြောနေတော့ မောင် ခေါင်းခါသည်။ ရှင်လွန်းပုံ ကိုလည်း ကြည့်သည်။ စိတ်ရှုပ်ထွေးကြည့် ...။ ငြီးတော့ ... မခွဲနိုင်သည့်အကြည့် ...။ ရှင်လွန်း ကို လက်လွှတ်ဆုံးရှုံးရမှာကို ချောက်



ချားနေသည့် ခံစားချက်တွေက မောင့်မျက်နှာထက်မှာ ဖွန်းထင်း နေသည်။ ထို့နှယ်ပင် ... အမေကို ဆုံးရှုံးလိုက်ရမှာ ချောက်ချားနေသည့် ခံစားချက်တွေကိုလည်း မောင် ထိန်းမထားနိုင် ...။

"မောင်တို့ .... နောက် ... ထပ်ဆုံကြမယ် ရှင်လွန်းလေး ... မောင့် ကို နားလည်ပေးပါ လွန်းရယ် ... မေမေ့ကို မောင် အဲသလောက်ထိတော့ အဖြစ်ဆိုးမခံနိုင်လို့ပါ ..."

သွေးပျက်နေသည့်နှယ် ဖြစ်နေသည့် အမေ လုပ်သူ၏ မာကြော ဖြတ်သားနေသည့် မျက်နှာကို မြင်နေရင်း မောင် ထိတ်လန့်နေသည်။ အမေဖြစ်သူ လုပ်မိလုပ်ရာတွေ လုပ်ပစ်လိုက်မှာ ရတတ်မအေးနိုင်ပဲ ဖြစ်နေသည်။ ရှင်လွန်း ကို ခဏယယကြည့်ကာ မောင်ပြောချိန်မှာ ရှင်လွန်း ပြုံးလိုက်ပါ၏။ ဒေါ်ထားခင်ခင်ကိုလည်း ရှင်လွန်းပုံ ကြည့် လိုက်ပါပြီ။

"ရှင် အဲသလို ခြိမ်းခြောက်လိုက်တိုင်း ... လန့်လန့်ပြီး ရှင့်ဆီ ပြေးပြေးသွားနိုင်တဲ့ ရှင့်သားကို ... ကျွန်မ ... ခုလို ... အချိန်မှာ ... ကြို ပြီး တိမ်းရှောင်ဖယ်ရှားလိုက်နိုင်တဲ့အတွက် ... ဒီပွဲမှာ .. ကျွန်မ မရှုံးပါဘူး ဒေါ်ထားခင်ခင် ... ကျွန်မကို ... ရှင် နိုင်တယ်လို့များ ယောင် လို့များ ပီတိမဖြစ်လိုက်ပါနဲ့ ... ရှင်လွန်းပုံ ဆိုတာ ... မျက်ရည်ကျကျန် ခဲ့မယ့် မိန်းမတစ်ယောက်မဟုတ်လို့လည်း ... ဒီပွဲကို လုပ်ရဲခဲ့တယ် ဆိုတာ နားလည်ပေးပါ ... ကဲ ... အသည်းကွဲနေမယ့် ရှင့်သားကို ... ခြန်ခေါ်သွားပါတော့ ... ကိုမိုးသစ်ဆမ်း ... လိုက်သွားပါ ..."

အသံတွေမတုန်ခါစေရ ...။ မျက်နှာတစ်ချက်မညိုးဖျော့စေရ ...။

"ကံကြမ္မာလှိုင်းအပုတ်ကို ကျွန်မ ကြောက်နေမယ်ဆိုရင် ... ဘဝ လှေဆိုတာကို ... ရှုက်လွှင့်ရဲမှာ မဟုတ်ပါဘူး ဒေါ်ထားခင်ခင် ..."

ပြောနေရင်းဖြင့် ရှင်းလွန်းပုံ စာချုပ်နှစ်စောင်ကို ဆွဲဆုတ်လိုက်ပါပြီ။

ဆွဲဆုတ်နေရင်းလည်း ဒေါ်ထားခင်ခင် ကို ကြည့်သည်။ နုထိ အမေ ဘေးလည်းမရောက်နိုင် ...။ ရှင်လွန်း ဘေးမှာလည်း ရပ်မလာနိုင်

www.burmeseclassic.com



ထေးပဲရှိနေသည့် မောင်သည် ... ချက်ချင်းအလောတကြီး ရှေ့တိုးလာပါ၏။ ကော်ဇောထက်မှာ ပုံကျစုတ်ပြဲနေသည့် စာရွက်တွေကို ကြေကြေကွဲကွဲကြည့်သည်။

"ဘယ်လိုလုပ်လိုက်တာလဲ ရှင်လွန်း ... ဟင် ..."

မောင်မျက်ရည်တွေ ဝဲလာရင်း မေးခိုက်မှာ ရှင်လွန်း လက်ပြကာသည်။ ထရပ်သည်။ စကားတွေ အရှည်ဆက်နေရန်အကြောင်းလည်း မရှိတော့ပြီ။

ရှင်လွန်း လေ့ကားရှိရာသို့ လျှောက်လိုက်ရင်းမှ အကြည့်က ကော်ဇောထက်မှာ အတန်ကြာရှိ၏။ မြူနုနုခြေဖမိုးလေး၏ အလှ ...။ အကြောဖျင်စိမ်းမြမြတို့ ရိုးရိပ်ထင်နေသော နုဖန့်ဖန့်ခြေထောက်အစုံ ...။ ကိုကြီး ပြောဖူးသည် ...။ ရှင်လွန်းပုံ ဆိုတာ ခေါင်းမှ ခြေဖျားတိုင် အလှတရားတွေ ပြည့်ဝနေသည့် မိန်းကလေးပါတဲ့ ...။ ကျက်သရေရှိပါသည့် မိန်းကလေးပါတဲ့ ...။ နန်းဆန်ကျော့စင်သော အလှကို ကံကောင်း လွန်းစွာ ပိုင်ဆိုင်ရပါသည့် ပါရမီထူးသူလေးပါတဲ့ ...။ သြော် ... ဤအိမ်ကြီး၏ ဤကော်ဇောကြီးထက်မှာ သွားလာလှုပ်ရှားရင်း အိမ်ဖော်ဆိုသည့် အလုပ်ကို လုပ်ရပါသည့် ရှင်လွန်းမေ ဆိုသည့် ကောင်မလေးတစ်ယောက်ကို ရှင်လွန်းပုံ ဆိုသည့် အမည်လေး ပြောင်းခဲ့ပါလေသော ကိုကြီး ...။ အခုလည်း ... ကိုကြီးသည် ဓာတ်ပုံထဲမှနေ၍ ကြေကြေကွဲကွဲ ထိမိုက်သော အကြည့်တွေဖြင့် လှမ်းကြည့်နေချေပြီလားမသိ ...။

✿ ❀ ✿



## အခန်း (၂)

ကိုကြီး၏ အခန်းတံခါးရှေ့မှာ ရှင်လွန်း ငြိမ်၍ ရပ်နေမိရပါ၏။ နောက်တော့ အပြာနုရောင် ပိုးခန်းဆီးစ ကို လက်လေးဖြင့် ဖွဖွမပေးကိုင်၍ တိမ်းလိုက်စေကာ အခန်းထဲဝင်လာမိရပြီ။ နှင်းဆီတို့၏ ရနံ့က ဦးစွာ လှမ်း၍ နှာဖျားသို့ တိုးဝင်၏။ ကိုကြီး၏ ခုတင်ဘေးရှိ အပြာရောင် ပိုးစားပွဲခင်းလေး ခင်းထားရာထက်မှာ အဖြူရောင် နှင်းဆီပွင့်တွေ မြိုင်ဆိုင်နေအောင် ထိုးထားသည့် ပန်းအိုးလေးဆီမှ ရနံ့ ...။ ခုတင်ကြီးကို လှမ်း၍ကြည့်ရင်း မျက်ရည်စို့လာရပြီ ...။ သန့်ပြန့်သပ်ယပ်စွာ ခင်းထားသော အပြာနုရောင် ဖဲသားအိပ်ရာခင်း ...။ နူးညံ့သော ပိုးသား ခေါင်းအုံးစွပ်ပန်းပွင့်ထိုးက အနားအတွန့်များဖြင့် မီးပွကျအဖြစ် နှစ်လုံး ဆင့်၍ ရှိနေ၏။ ခြေရင်းမှာက အပြာခံတွင် အဖြူရောင်နှင်းဆီပွင့်ကြီး များဖြင့် လှပစွာရှိနေပါသည့် ယုန်မွေးစောင်ကြီးက ခေါက်သားတကျ ရှိနေသည်။ ဘေးဘက်မှာက ပိုးသားအပြာနုစွပ်ထားရာဖက်လုံး ...။

အားလုံးသည် သန့်ရှင်းသပ်ရပ်နေသည်။

ရှင်လွန်းပုံ ခုတင်ထက်မှာ ထိုင်လိုက်မိရပြီ ...။

ခေါင်းအုံးလေးကို ဖွဖွကိုင်မိကာ ပို၍အသားတကျဖြစ်အောင် လက်ဖဝါးလေးတွေဖြင့် ဖွဖွပုတ်ပြီးမှ ပြန်၍ ခုတင်ထက်မှာထားသည်။ စောင်ကိုယူ၍ ဖြန့်လိုက်ကာ လူတစ်ယောက်ကို ခြုံရုံပေးသည့်နှယ်

www.burmeseclassic.com

www.burmeseclassic.com



ခုတင်ထက်မှာထားသည်။

"ကိုကြီးကို ကန်တော့မယ်နော် ..."

လွန်းပုံ ခပ်တိုးတိုး ပြောကာ အကြည့်က ခုတင်ခေါင်းရင်းမှာ ချိတ်ထားပါသည့် ကိုကြီး၏ ဓာတ်ပုံကြီးကို မျှော်ကြည့်မိရာပါပြီ ...။

ကြမ်းပြင်ထက်မှာ ရှင်လွန်းပုံ ရှိုရှို့ထိုင်ပါ၏။ အနီရောင်အစ်မှာ အဝါရောင်နှင်းဆီပွင့်ကြီးတွေ ကြဲဖြန့်ထားသည့်နယ် ရှိနေပါသည့် ကြမ်းခင်းကော်ဇောကြီးသည်လည်း နေ့စဉ်မနက်တစ်ကြိမ် ညနေတစ်ကြိမ် ဖုန်စုတ်စက်ဖြင့် သန့်စင်ထားတာမို့ ပန်းပွင့်တွေ၏ အဝါက ကြွတက်နေသည်။ အနီခံ ကောဇောရောင်သည်လည်း ရဲရဲနေသည်။ ကိုကြီးက အရမ်းကို အသန့်ကြိုက်သည်လေ ..။ နှင်းဆီကို ချစ်သည်လေ ..။ ဒါကြောင့်လည်း ကိုကြီး၏ အခန်းသည် ဤအိမ်ကြီးမှာ အသန့်ဆုံး ဖြစ်နေရသည်။ အလှဆုံးဖြစ်နေသည်။ လတ်ဆတ်သော နှင်းဆီတို့ဖြစ်နေစေဖို့အတွက် မနက်တစ်ကြိမ် ညနေတစ်ကြိမ် ဤအခန်းရှိ နှင်းဆီပန်းအိုးမှာ ပန်းအသစ်တို့ကို အမြဲလှပစွာ ဆုပ်ခဲနေအောင် ထိုးရသည်က ရှင်လွန်းပုံ ကိုယ်တိုင်ပဲဖြစ်ပါ၏။ ကိုကြီး၏ အခန်းကို နေ့စဉ် ရှင်လွန်းပုံပဲ သန့်ရှင်းရေးလုပ်သည်။ အိပ်ရာခင်းကအစ ခေါင်းအုံးစွပ်အဆုံး ... အသစ်ထပ်၍ လဲသည်။ စောင်လည်း နောက်တစ်ထည် ...။ ဖက်လုံးလေးလည်း နောက်ထပ်အစွပ်အသစ် ...။ အခန်းသည် ကိုကြီးရှိခဲ့စဉ်တုံးကနယ် ခုထိရှိနေဆဲ ..။ ကွယ်လွန်သွားခဲ့ပြီး သူတစ်ယောက်၏ အခန်းနှင့်တူမနေ ..။ လူတစ်ယောက်သက်ရှိထင်ရှားရှိနေသည့် အခန်းနယ် အားလုံးသည် မူလဟန်မပျက် ... ခုထိရှိနေမြဲ ..။ ရှိနေစေဖို့လည်း ရှင်လွန်းပုံ လုပ်နေမြဲ ..။ ရှိနေစေဆဲပါ ...။

"ရှင်လွန်းပုံ ... ခုလို လုံခြုံတဲ့ဘဝတစ်ခုမှာ နေနေရတာ ကိုကြီးရဲ့ မေတ္တာရိပ်ကြောင့်ပါ ... ကျေးဇူးကြီးလှပါတယ် ကိုကြီးရယ် ... ရှင်လွန်းပုံအပေါ် ပေးဆပ်မှု သက်သက်နဲ့ ချစ်ခဲ့တဲ့ ကိုကြီးရဲ့ ချစ်ခြင်းတွေကို ရှင်လွန်းပုံ ... တစ်သက်လုံး ... ဆပ်လို့မကုန်နိုင်ပါဘူးရှင် ..."



ရှင်လွန်းပုံ နှုတ်မှ ပြောနေမိရင်း ဓာတ်ပုံကြီးကို မျှော်ကြည့်နေမိရသည်က လက်အုပ်ချီ မပျက်ပဲ အတန်ကြာ၏။ ထူထဲသော မျက်ခုံးတန်းအောက်မှ မျက်ဝန်းနက်နက်တွေက မူပိုင်အေးချမ်းသည့် အကြည့်တွေဖြင့် ရွှန်းရွှန်းလဲ့လဲ့ရှိနေပါသည့် ကိုကြီး ..။ ခုလည်း ... နှစ်သိမ့်ရန် စကားတွေကို ရှာဖွေနေသည့် သူတစ်ယောက်ဖြစ်နေသည်ဟု ရှင်လွန်းပုံ ခံစားရသည်။ ဘာကြောင့်ဆို .. ရှင်လွန်းပုံ ရင်ထဲမှာ ကြေကွဲနေသည်ဆိုတာ ကိုကြီး၏ ဝိညာဉ်လေးသိနေချေမည်ကိုးလေ ..။

ဖွင့်ထားသောပြတင်းဆီမှ ပန်းတို့၏ ရနံ့က တိုးဝင်သည်။ ဉယျာဉ်ဆီမှ ပန်းစုံသည့် ရနံ့ချိုချိုများ ..။ နော် ... ကိုကြီး မြတ်နိုးစွာရှိခဲ့ပါသည့်ပန်း ...။ ကိုကြီး၏ အခန်းနှင့် နီးတပ်စွာ စိုက်ထားပါသည့် ပန်း ...။ ဪ ... ပန်းစံကားဖြူနီတို့၏ ရနံ့ ...။ စံကားပင်တွေက အပင်ကြီးတွေ ဖြစ်နေပြီ ...။ အခက်ကြီးတွေ မြိုင်ဆိုင်မြင့်တက်နေကြပြီ။ ဒါကြောင့် နှစ်ထပ်အဆောက်အအုံမြင့်မြင့်ကြီး၏ ပြတင်းပေါက်တွေ ဖွင့်ထားလျှင် ပန်းစံကားပင်ထိပ်တိုင်သော အခက်အရွက်ဖျားတွေ ..။ အကိုင်းအခက်အခက်ခက်တွေက ဆင့်ဆင့်စီစီဖြင့် ပွင့်ဝေဝန်းစုံနေကြလေသမျှ အနီးတကာပ် အပေါ်စီးစီးမှ ငုံ့မိုးကြည့်ရင်း ထူးခြားသော အရသာကို ဖြစ်တည်ဝေတတ်စမြဲ ..။ ဟုတ်သည် ... အခက်မြိုင်မြိုင်အပင်မြင့်မြင့် စီတန်း၍ ပွင့်ဝေနေကြလေသမျှသည် အခန်း၏ ပြတင်းကို ကျော်တက်မလာနိုင်သေး ..။ ဒါပေမယ့် အနီးတကာပ်ဖြစ်နေသည်။ ငုံ့မိုး၍ ကြည့်နိုင်ခဲ့နေသည်။ စိမ်းမြမြ မြက်ခင်းထက်ဆီမှ ပင်စည်လုံးပတ်ခိုင်ခိုင်ဖြင့် စကားပင်တန်းကို အလုံးစုံ ပွင့်ဝေနေလေသမျှ ငုံ့မိုးကြည့်ရသည့် ခံစားချက်မျိုးဆိုတာက လူတိုင်းမှာ ရှိမလာနိုင် ...။

"ကြည့်စမ်း လွှမ်းပုံလေး ... ဒီလောက်အပင်မြင့်မြင့်လည်းရှိရမယ် ... ပြတင်းအမြင့်ကိုလည်း မကျော်ရသေးဘူး ... အဲသလို အမြဲခံနေရှိမှ ... ဒီလိုပြတင်းဆီကနေပြီး ငုံ့ကြည့်ခံစားလို့ရတာလေ ... ဒီအပင်တွေကို ... ဒီပြတင်းထက်ပိုလည်း အမြင့်မခံဘူး ... အခက်အလက်ကို ဘာဘညို

www.burmeseclassic.com

www.burmeseclassic.com



နဲ့ အမြဲပြတ်နိုင်းတယ်လေ ..."

အားမှာရှိနေရင်း ကိုကြီးပြောနေသည့်နှယ် ခံစားရပြန်၏။ ရှင်လွန်းပုံ ၏ အကြည့်က ခုတင်ခြေရင်းမှာ ရှိနေပါသည့် ဗီး(လ်)ချဲ ဆီသို့ရောက်သည်။ စတီးလ်တန်း၏အရောင်သည် သန့်စင်လင်းလက်နေ၏။ ဘီးတွေကလည်း ရှင်းသန့်ကာ စတီး(လ်)အရောင်တောက်နေသည်။ ထိုင်ခုံနှင့် ကျောမှီ သားရေသားတို့သည်လည်း ရှင်လွန်း နေ့စဉ် ပွတ်သုတ်သန့်စင်နေခဲ့သည်သာ ...။ ခြေတင်ခုံလေးကအစ သန့်နေသည်။

ရှင်လွန်းပုံ ခုတင်ခြေရင်းဘက်သို့ လျှောက်ခဲ့ကာ ဗီနပ်စင်ထက်မှာ ရှိနေပါသည့် ကတ္တီပါ ဗီနပ်ကိုယူမိသည်။ အမွေးနု ဗီနပ်ပွတ်သုတ်ရာ ဘရတ်(ရှ်) လေးဖြင့် ဗီနပ်လေးကို ပွတ်တိုက်ပေးနေမိပါ၏။

"ကိုကြီးရဲ့ ခြေဖဝါးလေးတွေ .. ခြေဖနောင့်လေးတွေ .. ခြေမိုးလေးတွေက အရမ်းဖြူနေတာ ကိုကြီးရဲ့ ... ခြေသည်းလေးတွေအစ ပန်းနုရောင်သမ်းနေတာ ... သန့်နေတာ .. ကတ္တီပါဗီနပ်အနီလေးနဲ့ဆို အရမ်းချစ်ဖို့ကောင်းအောင် ထင်းနေတာပဲ ...။ ဒါကြောင့် ဒီအနီလေးကို ခဏခဏ ကိုကြီးကို စီးခိုင်းတာပေါ့ ... ကတ္တီပါဗီနပ် အနက်လေးနဲ့လည်းလိုက်တာပါပဲ ...။ လေးညှင်းရောင်လေးနဲ့လည်း လိုက်တာပဲ ...။ အစိမ်းရောင် ... နီညိုရောင် ... ဆို ... အားလုံးနဲ့ လိုက်ပါတယ်။ ဒါပေမယ့် ဘာလို့လည်းတော့မသိဘူး ကိုကြီးရယ် ... အနီလေးနဲ့ဆို ပိုထင်းနေသလို ရှိရှိနေတာ ..."

ကိုကြီးကို ပြောနေသည့်နှယ် ခုလည်း ပြောနေမိဆဲ ...။

"ဒါဆို အနီရောင် ပိုပိုစီးမယ်လေ ... လွန်းပုံလေး တ ပိုသဘောကျတယ်ဆိုတော့ပေါ့ ... ဒါပေမယ့် ... လမ်းမလျှောက်နိုင်တဲ့လူ စီးထားတဲ့ ဗီနပ်ဆိုတာက ... ဗီနပ်အလုပ်လေးတောင် မလုပ်လိုက်ရပါဘူး လွန်းပုံလေး ရယ် ... ဗီစီးလ်ချဲတစ်လုံးရဲ့ ဗီနပ်တင်ခုံလေးပေါ်တင်ထားတဲ့ ခြေထောက်တစ်စုံအောက်မှာ အသစ်ချွတ်ချွတ်လိုပဲ အချိန်တွေကို ကုန်ဆုံးစေရတာကွ ... သူတို့မှာ ... ပန်းခြံလေးတစ်ခုမှာ ခြေချလိုက်ရ



မှုးတယ်တောင် မရှိရှာပါဘူးကွယ် ..."

ပြောနေကျ ကိုကြီး၏ ခပ်တိုးတိုး စကားကိုလည်း ရှင်လွန်းပုံ ပြန်ကြားလာမိရဆဲ ...။ ခြော် ... မျက်ရည်ကျလာရပြန်ပါ ...။ ဗီနပ် နီနီလေးကို ရင်မှာကုပ်ထားမိရင်း ရှင်လွန်းပုံ အသံလေး မွှင့်ကျလာအောင် ခပ်တိုးတိုး ငိုနေမိရပါပြီ ...။

"ရှင်လွန်းလေ ... ဘာကို အလိုချင်ဆုံးလည်းလို့ မေးလာရင် ... ကိုကြီးကို ဒီကောသရီ အိမ်ကြီးမှာ ရှိနေစေချင်တဲ့ ဘဝကိုပါပဲလို့ ဖြေမိမှာပါ ... ကိုကြီးဟာ လမ်းမလျှောက်နိုင်ပေမယ့် ... ရှင်လွန်းရဲ့ ဘဝလေးကိုတော့ အလုံခြုံဆုံး ဖြစ်နေအောင် စောင့်ရှောက်ထားတဲ့သူပါ ...။ တန်ဖိုးအရှိဆုံး ... အားထားရဆုံး ... ကြည်ညိုရဆုံးသော သူပါရှင် ..."

ရှင်လွန်းပုံ ခံစားချက်တွေကို လွှတ်ထားသည်။ ဤအခန်းထဲမှာ ရှင်လွန်းစိတ်ခံစားရာတွေကို ထိန်းမထား ...။ အမြဲလွှတ်ထားလိုက်ကာ တိုင်တည်၍ ပြောမိရတတ်သည်။ ငိုမိရတတ်သည်။ ချွတ်ချွတ် ကျင်ကျင် တမ်းတနေမိရတတ်သည်။ ရှင်လွန်း ၏ နဖူးက ကိုကြီး၏ ခြေဖဝါးတို့ ပေးတင်ခဲ့ရာ ဗီးလ်ချဲခြေနင်းခုံထက်မှာတင်နေ၏။ နဖူးပြင်သည် မငြိမ် ...။ ဟိုသည်နဲ့နေသည်။ ခြေနင်းခုံထက်မှာ နဖူးပြင်နှင့်သည် ဟိုဟိုသည်သည် ပွတ်လူးနေရှာသည့်အဖြစ် ...။

"ကိုကြီး မရှိတဲ့အခါ ... ရှင်လွန်းပုံလေး ငိုနေမယ်ဆိုတာ ကိုကြီး သိပါတယ် ... ကိုကြီးရဲ့ လွန်းပုံလေး အကြောင်း ကိုကြီးမသိပဲ နေပါ့မလား။ အဲဒီ မျက်ရည်ကို ... တားဆီးလို့မရနိုင်ဘူးဆိုတာ ကိုကြီး သိပါတယ် ... မြိုသိပ်ထိန်းထားတာထက် ... ငိုချလိုက်တာက ပိုပြီးကြေကွဲနေတဲ့ ခံစားချက်ကို သက်သာရာတစ်ခုလေးတော့ ရနိုင်တာမို့ ...။ ငိုပါ ... ဒါပေမယ့် ဘဝကို အလျှော့ပေးလိုက်တဲ့ မျက်ရည်မဖြစ်ပါစေနဲ့ ...။ ဘဝကို ဆက်ရှင်သန်နိုင်ဖို့အတွက် ... ကြေကွဲရာတွေကို မျက်ရည်တွေနဲ့ သက်သာရာရအောင် ကုစားနေရင်း ... အရှုံးမပေးတတ်သူတစ်ယောက်ရဲ့ မျက်ရည်တွေပဲ ဆက်ဖြစ်နေပါ ... နားလည်တယ်နော် ..."

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး မဆုံးခင် ပြောခဲ့ဖူးသော စကား …။

နှထိရင်ထဲမှ ထွက်ခွာမသွားနိုင်ပါသည့်စကား …။ ရှင်လွန်း ခေါင်းလေးညိတ်ပြနေမိသည်။ ကိုကြီးရှေ့မှာ ညိတ်ပြနေသည့်နှယ်လည်းခံစားနေရမြဲ …။ ထိုစဉ်ခိုက် … ရှင်လွန်း ၏ ဟန်းဖုန်းလေးမြည်လာတာမို့ နံပါတ်ကို ကြည့်လိုက်တော့ ဖုန်းကို စက်ပိတ်လိုက်သည်ထက် ဖြေလိုက်တာက ပို၍ မှန်ကန်သည်ဟု ဆုံးဖြတ်လိုက်မိလျက် မျက်ရည်ကို ပွတ်သုတ်လိုက်မိရပါ၏။

"ကိုကြီးရေ … ရှင်လွန်းပုံ ဆိုတာ … ပြတ်ပြတ်သားသား အသိပေးမှ ဖြစ်တော့မယ့် လူတစ်ယောက်ကို … ဖုန်းထူးလိုက်ပါတော့မယ် … ကိုကြီးသေးမှာ ရှိနေတယ်လို့ ခံစားရင်း … ရှင်လွန်းပုံ … အားကိုလည်း မွေးယူထားနိုင်နေပါတယ် … တည်ငြိမ်ရင့်ကျက်နေတဲ့ ကိုကြီးရဲ့ ရှင်လွန်းပုံ အဖြစ်နဲ့ ဆိုပါတော့ …"

ဟု ခပ်တိုးတိုး ပြောကာ ဖုန်းထူးလိုက်ရပါပြီ …။

"ရှင် … ဘာပြောချင်နေသေးလို့လည်း ကိုမိုးသစ်ဆမ်း …"

"မောင့်ကို အဲသလို မခေါ်ပါနဲ့ … ဘာလဲ … အဲသလို အခေါ်ပြောင်းလိုက်တာနဲ့ အရာရာကို ပြီးဆုံးသွားလိမ့်မယ်လို့ ရှင်လွန်းပုံ ထင်သလား … ထင်ထားသလား .. အဆုံးမသပ်ဖူး ရှင်လွန်း … မောင် .. ရှင်လွန်း ကို လက်ထပ်မှာပဲ …"

"ရှင့်အမေက လက်ထပ်စာချုပ်ကို ဆွဲဆုတ်ပြခဲ့ပြီးပြီ … ကျွန်မကလည်း အလျှော့မပေးပဲ … ရှင့်အမေရှေ့မှာ .. ရှင့်ရှေ့မှာ လက်ထပ်စာချုပ်တစ်စုံကို ထပ်ပြီးတော့လည်း ဆုတ်ပြခဲ့ပြီးပြီ … ရှင်က ရှင်လွန်းပုံ ဆိုတဲ့ မိန်းမတစ်ယောက်ဟာ ကိုမိုးသစ်ဆမ်း ဆိုတဲ့ လူတစ်ယောက်နဲ့ လက်ထပ်ဖို့ စာချုပ်အစုံအစောင်စောင်ကို အသင့်ဆောင်ထားမယ်လို့များ ယုံကြည်နေသလား … ရှင် သိထားဖို့က … ရှင်နဲ့ ကျွန်မ … ဘာကိစ္စနဲ့မှ မဖက်သက်ဖူးဆိုတာပါပဲ … ရှင့် အမေနောက်ကို ရှင်လိုက်သွားခြင်းဟာ … သားလိမ္မာတစ်ယောက်အဖြစ် ရှိတာမို့ … အပြစ်ပြောစရာလည်း



မရှိပါဘူး … ကျွန်မ ရှင့်ကို လက်မထပ်နိုင်ဘူးဆိုတာ နားလည်ထားစမ်းပါ …။ ကျွန်မဆီကို ဘယ်တော့မှ ဖုန်းမဆက်ပါနဲ့ … အကောင်းဆုံးကတော့ ကျွန်မနဲ့ မပတ်သက်အောင်နေခြင်းပါပဲ .. ရှင့်မှာရှိတဲ့ သတ္တိဆိုတာက ရှင်လက်ထပ်ချင်တဲ့ မိန်းမတစ်ယောက်ကို .. အမေ့ရှေ့မှာ ရဲရဲတင်းတင်း လက်ထပ်ရဲတာမျိုးထက် အမေ မသိအောင် တိုးတိုးတိတ်တိတ် လက်ထပ်လိုက်ဖို့ပဲ မဟုတ်လား … အဲဒီ ခပ်သေးသေး သတ္တိလေးတောင်မှ … ရှင့်အမေ ရောက်လာတော့ ကုန်ဆုံးပျောက်ကွယ်ကုန်ရတာပဲလေ …"

"အခြေအနေအရ … အချိန်အတန့်ပဲ မောင် မေမေနဲ့ ရှိနေမှာပါ ရှင်လွန်းပုံ … မောင် မေမေ့ နောက်မလိုက်ရင်လည်း မေမေ ဂစ်ခုခု ဖြစ်သွားရင် မောင်ရော ရှင်လွန်း အတွက်ရော မကောင်းပဲရှိမှာမို့ … လတ်တလောမှာ မောင် မေမေ့နောက်ကို လိုက်ခဲ့ရတယ်ဆိုတာကိုတော့ မမေ့ပါနဲ့ ရှင်လွန်း ရဲ့ ဥပေက္ခာတွေကိုလည်း အလွယ်တကူနဲ့ လက်ခံမှာ မဟုတ်ဘူးဆိုတာ သဘောပေါက်ထားပါ … မောင့်ကို ခုလိုအချိန်တိုသေးတစ်ခုအတွင်းမှာ ဖြစ်ပျက်ခဲ့တဲ့ ဒီအဖြစ်အပျက်တွေကြောင့် အလွယ်တကူ ခေါင်းခါလိုက်လို့တော့ရမှာ မဟုတ်ဘူး … တကယ်က … ဒီနေ့မနက် .. မင်္ဂလာပွဲပျက်ရတဲ့ ကိစ္စမှာ ရှင်လွန်း လည်း တာဝန်ရှိတယ် .. မေမေ့ကို ဖုန်းဆက်ခေါ်တာ ရှင်လွန်း ကိုယ်တိုင်ပဲလေ … မေမေ ရောက်လာရင် ဘာဖြစ်မယ်ဆိုတာ သိပါရက်ကယ်နဲ့ မေမေ့ကို ဘာလို့ ခေါ်ရတာလဲ …"

"ဘာလို့ခေါ်ရတာလဲဆိုတော့ .. ကျွန်မ လက်ထပ်ရမယ့်သူဟာ … အမေရဲ့ ဩဇာရိပ်အောက်မှာ ဘယ်လောက်ထိ မှုမှုတတရပ်တည်မလဲဆိုတာကို သိချင်လို့ပါပဲ … အမေ့ကို ချစ်တာ မမှားသလို … ကိုယ်လက်ထပ်ရမယ့်သူအပေါ်မှာ ဘယ်လောက်ထိမှုမှုတတ ရပ်တည်ပြရဲသလဲဆိုတာကိုလည်း ထည့်တွက်ဖို့လိုတယ်လေ … အဲခု အဖြေပြီးပြီ … ရှင် … ရပ်ရမယ့်နေရာမှာ ရပ်လိုက်တာ အကောင်းဆုံးပါပဲ … ကျွန်မဘက်က … ရှင့်ကို ဘယ်တော့မှ လက်ထပ်မှာ မဟုတ်ပါဘူး …"

www.burmeseclassic.com

www.burmeseclassic.com



ပြောပြီးတာနှင့် ရှင်လွန်းပုံ မှန်းလေးကို စက်ပါတစ်ခါတည်း ပိတ်ပစ်ကာ ခုတင်ထက်မှာ စိတ်ပန်းကိုယ်ပန်းဖြင့် ထိုင်လိုက်မိရသည်ပါပဲ ... ခေါင်းငိုက်စိုက်ငိုက် ... ခပ်မြည်းမြည်း ခုတင်ထက်မှာလှဲအိပ်လိုက်မိကာ ခေါင်းအုံး အနားတွန့်တွေကို လက်ဖြင့် ဖေးကိုင်ထားမိရပါ၏။

"ရှင်လွန်းပုံလေး ... သတ္တိဆိုတာကို ဘယ်တော့မှ အဆုံးရှုံးမခံရဘူး ... နော် ... လူတိုင်းမှာ အတိတ်ဆိုတာရှိကြတယ် ... အဲဒီ အတိတ်ကို အကန့်တွေခွဲခြားပြီး ဒီအကန့်ကိုတော့ရှိစေ ... ဟိုအကန့်ကိုတော့ ဖျောက်စေဆိုပြီး လုပ်လို့မရဘူး ... ပစ္စုပ္ပန်မှာ ရင်ဆိုင်ရတာတွေကိုလည်း ရှောင်လွှဲလို့မရဘူး ... ရင်ဆိုင်ရမှာပဲ ... မမြင်ရသေးတဲ့ အနာဂတ်ကာလဆိုတာကလည်း ခရီးတစ်ခုရဲ့ မိုင်တိုင်များစွာ ဖြတ်ရမယ့် ခရီးရှည်ပေါ့ ... မမြင်ရသေးတဲ့ အနာဂတ်ဆိုတာကို မနက်ဖြန်ဆိုတာ ဒီနေ့ရယ်လို့ကျရောက်လာလိုက်တာနဲ့ ... ရင်ဆိုင်ရမှာပဲလေ ... ပြေးလို့မှမရတာ ... အတိတ်ဆိုတာ တကောက်ကောက်လိုက်တတ်တယ် ... ပစ္စုပ္ပန်ဆိုတာက ကြိုကြိုက်မှုပဲ ... အနာဂတ်ဆိုတာကိုလည်း ရှောင်လို့မရဘူး ... ကံစာတာပေးအပ်လာတဲ့အတိုင်း ရင်ဆိုင်ရတဲ့ဘဝဆိုတာ ... မှန်တိုင်းလည်းဖြစ်တတ်တယ် ... ပန်းနံ့မွှေးတဲ့ တောတွေနဲ့လည်း ကြုံတတ်တယ် ... ချုံတောကိုလည်း ဖြတ်ရတတ်တယ် ... ဒါပေမယ့် လူဆိုတာ ... ဘယ်တော့မှအားလျှော့စိတ်နဲ့ ရပ်မပစ်လိုက်ရဘူး ... ရှေ့ဆက်ရမှာပါပဲ ... ဒါဟာ ... လူသားတိုင်း တစ်ယောက်ချင်းစီ လျှောက်ကြရမယ့် ကိုယ့်တစ်သက်တာ ကိုယ့်အသက်ရှင်သမျှ ... လျှောက်ရမယ့်ခရီးစဉ်ကြီးပဲ လွန်းပုံလေး ... ကိုကြီး စိုးရိမ်တာတစ်ခုရှိတယ် ... ရင်ဆိုင်ရဖန်များတဲ့အခါ ... ရပ်လိုက်မိမှာကိုပဲ ... ရှေ့မဆက်ပဲ ညှိုးနွမ်းတဲ့စိတ်နဲ့ ရပ်လိုက်ရင် ... အားပြတ်ပြီး ပုံကျသွားလိမ့်မယ် ... လဲကျသွားလိမ့်မယ် ... ပြန်မထနိုင်ပဲဖြစ်ရမယ် ... အနာဂတ်ဟာ ... မျှော်လင့်သူတစ်ယောက်ရဲ့ လက်အောက်ခံဖြစ်သွားမှာပဲ ..."

ဩော် ... ကိုကြီး ပြောခဲ့သော စကား ...။ ရှင်လွန်းပုံ ဘယ်လိုမှ



မေ့၍ မရနိုင်ပါလေသော စကား ...။

မြင့်မြတ်သူ တစ်ယောက်၏ တန်ဖိုးရှိပါလေသော စကားများသည် ရှင်လွန်း၏ ရင်ကို အလွမ်းတွေပုံစေသည်။ တမ်းတခြင်းတွေကို ဖောက်လျှံလာစေသည်။

ဩော် ... လွမ်းဆွတ်လှချေသည်ကော ကိုကြီး ရယ် ...။

အတိတ်ဆိုသည့် အရာတစ်ခုကို ... ရှင်လွန်းပြန်၍ မတွေးချင်ပါ ...။ ရှင်လွန်းမေ ဆိုသည့် ကောင်မလေးတစ်ယောက်၏ ဘဝလေးကို ဈေးလက်ဒေသမှာပဲ ရှင်သန်စေခွင့်ရလိုက်ချင်သည်ပါပဲ ...။

ဒါဆိုလျှင် ... ရှင်လွန်းမေဆိုသည့် ကောင်မလေးသည် ကိုကိုနှင့်လည်း ဆုံမိစရာအကြောင်းမရှိ ...။

ပြီးတော့ ... ရှင်လွန်းပုံ ဆိုသည့် ကောင်မလေးတစ်ယောက်ကိုလည်း ... ကိုကြီး နောက်ဆံတင်ငင်ဖြင့် မချန်ရက်ရက် ... မခွဲရက်ရက်ဖြင့် ... ချန်ခဲ့ရ ... ခွဲခဲ့ရသည့် ကြေကွဲခံစားရမှုများ ... ကိုကြီး၏ ရင်ထဲမှာပါသွားစရာ အကြောင်းမရှိ ...။ တကယ်က ... တကယ်က ... တကောက်ကောက်လိုက်နေသည်ဆိုသော အတိတ်တစ်ခု ...။ ခွဲခြား၍ အကန့်တစ်ခုထဲမှာထားပြီး ဖျောက်ပစ်လိုက်ချင်သော အဖြစ်တစ်ခုသည် ကိုကိုနှင့် ပတ်သက်၍ စတင်ခဲ့ရသည်ပဲ ဖြစ်လေသည်။

ဆံတောက်ကွေးကွေးလေးနှင့် ကျေးတောသူ ရှင်လွန်းမေ ၏ အတိတ်သည် မျက်ရည်နှင့်တမ်း၍ မရနိုင်ပဲ မျက်ရည်နှင့် ယှဉ်၍ ဖြစ်တည်ခဲ့သည့် အချိန်တွေက များနေခဲ့တာလည်း အမှန်ပါ ...။

www.burmeseclassic.com

www.burmeseclassic.com



အတိတ်ဆီမှ ဖြတ်သန်းခဲ့ရာကိုလည်း
အကန့်ခွဲခြား ဖျောက်ထားရန် လမ်းမရှိ ..။

ပစ္စုပ္ပန်ကိုလည်း ရင်ဆိုင်ရုံမှ တစ်ပါး ..။
အခြားအခြားသော လမ်းမရှိ ..။

အနာဂတ်မှိုင်းတိုင်များစွာကိုလည်း
ရွေးချယ်ကွဲပြားပိုင်းခြားရန် လမ်းမရှိ ..။

အတိတ်က တကောက်ကောက်လိုက်
ကြုံကြိုက်သမျှ ပစ္စုပ္ပန်ကို ရင်ဆိုင်
အနာဂတ်တိုင်လည်း မငြင်းပိုင်
ရင်ဆိုင်ရမည့်ဘဝဆိုတာ
ပေးအပ်ရာကံဇာတာအတိုင်း
မှန်တိုင်းထဲ လူးသည့်အခါလူး
ပန်းစုံဖူးတဲ့ ဥယျာဉ်မှာ မြူးသည့်အခါမြူး
ဘဝဆူး တောင်ပြတ်သည့်အခါဖြတ်
မတ်တတ်ရပ်၍လည်း မနေသာ
ရှေ့ဆက်ရတာပါပဲ ..။
ဒါဟာ ..။
သူသူငါငါ လူသားတစ်ယောက်ချင်းစီရဲ့
လျှောက်ရတဲ့ တစ်သက်တာခရီးစဉ်ကြီးပါပဲ။
ကြော် ...
ခရီးစဉ်ကြီးပါပဲ ...။



## အခန်း (၃)

"တစ်ခုတော့ သေချာကြိုပြောထားပါရဲ့ မကြွေ ... ဒီကောင်မလေး
က ဗီဘာရယ်လို့လည်း မရှိတော့ဘူးဆိုတော့ ... ဒီမှာ အိမ်မြဲမြဲနေမယ်ဆို
ရင်တော့ ပညာလေးဘာလေးလည်း သင်ပေးမယ် ... ဒါပေမယ့် ရွာပြန်
လည်မယ်တို့ ဘာတို့ လုပ်လို့တော့ မရဘူးဆိုတာ သိထားဖို့တော့ အရေး
ကြီးတယ် ... စံရိပ်ငြိမ် အိမ်မှာ တစ်လလောက်နေလိုက် ... ရွာခဏပြန်
မယ်ပြောလိုက် ... ပြန်လာလိုက်လုပ်နေလို့ကတော့ ... မဖြစ်ဘူး ...
ကောင်မလေးက ငယ်လည်းငယ်သေးတယ် ... တော်နေကြာ စိတ်မ
ငြိမ်ပဲ ရွာပြန်မယ်လုပ်နေရင်တော့ ခုကတည်းက အခြားအိမ်ကိုပဲ သွားဖို့
လိုက်ပါ မကြွေ ..."

ရှင်လွှန်းမေ မျက်နှာငယ်လေးဖြင့် ဒေါ်လေးကြွေ ကို ကြည့်မိရပါ
၏။ အားကိုးရာဆို၍ ဒေါ်လေးကြွေ ပဲရှိနေသည်ကိုးလေ။ ဒေါ်လေးကြွေ
ဆိုတာက ရှင်လွှန်းမေ တို့၏ ကျေးစုရွာဇာတိ ...။ ရန်ကုန်မှာ အိမ်ဖော်
များအလုပ်ဖြင့် အခြေတကျဖြစ်နေတာဖြင့် ကြာလှပြီ။ ရွာမှ ရှင်လွှန်းမေ
၏ သူငယ်ချင်း ငွမ်းပုံ တို့ စာဥတို့ မိဂျမ်း တို့ဆိုတာ ဒေါ်လေးကြွေ
ကြောင့် ရန်ကုန်မှာ အိမ်ဖော်ဖြစ်ခဲ့တာအမှန်။ တခြားရွာနီးချုပ်စပ်တွေ
ကိုလည်း ဒေါ်လေးကြွေ ရောက်ရောက်လာတတ်သည်ပါပဲ။ ငြိုးကော့

www.burmeseclassic.com



အိမ်ဖော်လေးဘာလေးလုပ်ချင်သည့် မိန်းကလေးကို ရန်ကုန်ခေါ်သွားသည်။ စိတ်ချရသောအိမ်ကြီးအိမ်ကောင်း လူရည်သန့်တို့ထံမှာပဲ အလုပ်ရအောင် လုပ်ပေးတာမို့ ...။ ရွာကလည်း ခေါ်လေးကြွေ ဆို စိတ်ချကြသည်လေ ...။

"စိတ်ချပါ မမကြီး ရယ် ... ရှင်လွှန်းမေ က တစ်ကောင်ကြွက်လေးပါ .. ဆွေမျိုးနီးစပ်ရာ ဦးလေးဘကြီးရယ်လို့ တစ်ဝမ်းကွဲလောက်တော့ရှိကြပါရဲ့ ... အဲဒါကလည်း နွမ်းပါးကြတာမို့ ရှင်လွှန်း ကို တာဝန်မယူနိုင်ကြပါဘူး ... သူတို့သားသမီးတွေကလည်း မနည်းကြလေတော့ သူတို့ကလေးတွေတောင်မှ အတန်းကုန်အောင် သင်မပေးနိုင်ကြပဲ လယ်ထဲယာထဲမှိုင်းနေကြရတာပါ ... ရှိကြတာကလည်း မဖြစ်စလောက် လယ်ယာလေးဝေမို့ ကျောကုန်းမပြောင် မွဲချောင်ချောင်နဲ့ လူတွေချည်းပါ ...။ခုလည်း ဒီကလေး အမေဆုံးတော့ ကျွန်မကိုပဲ သူတို့တတွေက ဝိုင်းမျှော်နေကြတာ ... မယ်ကြွေ လာရင်ဖြင့် ဒီကောင်မလေးကို ထည့်လိုက်ကြစို့ရဲ့ချည်း ဖြစ်နေကြ[illegible]လေ ... ဆွေမျိုးဆိုတာကလည်း မချမ်းသာရင် ဘယ်တာဝန်ယူနိုင်[illegible]မလဲ မမကြီးရယ် ... ဒီကလေးကလည်း ငယ်ကတည်းက အမေဆုံး ... ခု ဆယ်ဆန်းရောက်တော့ အဖေက ပိုးထိလို့ဆုံး ... ပညာလေးလမ်းခုလတ်နဲ့ရပ်မှာလည်း စိုးမိတာမို့ ... မမကြီးကိုပဲ အားကိုးပြီး ဒီကလေး ဒီခေါ်လာမိရတာပါ ... ရှင်လွှန်းမေ ကလည်း လိမ္မာပါတယ် ... အလွှန်အလုပ်လုပ်အဝိုးကျိုးတဲ့ကလေးပါ ... ခိုင်းကြည့်လို့မှ စိတ်တိုင်းမကျရင် မယ်ကြွေ ကိုသာ ခေါ်လိုက်ပါ ... မယ်ကြွေ ပြန်လာခေါ်ပါ့မယ် ... တခြားတစ်အိမ်အိမ် ပြောင်းလိုက်ပါ့မယ် ..."

ခေါ်လေးကြွေ ကတော့ အပြုံးတချိုချိုဖြင့် လေသံလေးကိုက အောက်လေလေးဖြစ်ကာ အောက်ကျို့ပြောဝေးရှာသည်ပါပဲ ...။ အိမ်ဖော်မှဲ့စားဆိုတာ ဤသို့ပါလားဟု ရှင်လွှန်းမေ နားလည်လာရသည်ပါပဲ။



လက်ခံမည့် အိမ်ရှင်သဘောကျအောင် ကိုယ်ခေါ်လာသည့် အိမ်ဖော်အပေါ်တာဝန်ယူရရှာသည့် အလုပ်ကိုလည်း တစ်ပါတည်းတွဲလုပ်ရသည်မို့ တာဝန်တော့ကြီးသည်တည့် ...။ ရှင်လွှန်းမေ မဝံ့မရဲလေး မော့ကြည့်မိသည်က အိမ်ကြီးရှင် ဘွားဘွား ခေါ်မြတ်သူ ဆိုသည့် ခန့်ခန့်ထည်ထည်နိုင်လွှန်းပါသော သူကိုပါ ...။ အသားဖြူဖြူ ပိန်သွယ်သွယ်ဖြင့် မျက်နှုံးထူထူ၊ နှုတ်ခမ်းပါးပါး၊ နှာတန်ထင်းနေလျက် မျက်ဝန်းတွေ အရမ်းကို စူးရှလက်တောက်ပါလေသော ဘွားဘွား ...။ ထိုင်နေသည်ကိုက ဟန်ရှိသည်။ ဝတ်ထားသည်ကိုက ချမ်းသာမာန်ရှိသည်။ ပိုးထည်အင်္ကျီသည် ရင်ဖုံးဖြစ်လျက် စိန်ကြယ်သီးတပ်ထား၏။ စိန်ဆွဲသီးကြီး ဆွဲထားရာ ရွှေကြိုးသည်လည်း တုတ်ခဲခဲနှင့် ရှည်လျားကာ ရင်ဖုံးအင်္ကျီတစ်ဆုံးထိ ရှည်သော ဆွဲကြိုးကြီးဖြစ်နေသည်။ လက်မှာက နဂါးခေါင်းလက်ကောက်ထူအိအိကြီးကို တစ်ဘက်နစ်ကွင်းစီဆင့်၍ ဝတ်ထားသည်။ အိမ်နေရင်း ဝတ်ထားသည်ကိုက ပိုးထဘီ ပန်းပွင့်ထိုးဖြစ်နေသည်။ တတ္တိုပါနီညိုရောင် ပန်းပွင့်ထိုးကို ဝတ်ထား၏။ ခြေထောက်လေးတွေတအစ ဖြူဥနုဖန့်နေသည်ပါပဲ ...။ စိန်နားကပ်ကြီး ခဲလက်နေအောင် တအိအိပါအောင် ဝတ်ထားသည့် ဘွားဘွားကြီး ...။ ဆံပင်တွေက ထူထဲနက်မှောင်လျက် အရွယ်တင်သော သူတစ်ယောက်အဖြစ်လည်းရှိနေဆဲ။ သေချာတာတစ်ခုကတော့ ခပ်တင်းတင်းနေမည့်သူတစ်ယောက်ဆိုတာပဲ ဖြစ်လေသည်။ အိမ်ဖော်အပေါ်ကိုတော့ ... ဒါ ... အိမ်ဖော်အဆင့် .... ဆိုသည့် စိတ်ဓာတ်မျိုး တင်းတင်းထား၍ ဆက်ဆံစေခိုင်းမည့် သဘောက ထင်းထင်းပပရှိနေသည့်အဖြစ် ...။

"ရှင်လွှန်းမေ ... ညည်းသိထားဖို့က ... အဲဒီက ဘွားဘွား ခေါ်မြတ်သူဆိုတာ အဆင့်အတန်း ခွဲတာတော့ရှိမယ် ... ညည်းလုံ့ခြုံမှု အိမ်တွယ် ... အဲဒါ အရေးကြီးသတော့ ... ညည်းက ရုပ်ချောလေးရယ် ...

www.burmeseclassic.com

www.burmeseclassic.com



စည်းကမ်းကြီးတာကို ခံနိုင်ရည်ရှိလို့အားမွေးထား ... အဲဒီ အိမ်မှာနေ ... တကြွားဆိုရင် ... ညည်း ရုပ်ချောပုံနဲ့ ဖြစ်ပါ့ဘူးအေရယ် ... အရင် ကောင်မလေး တွေဟာ ညည်းလိုနုညနေအောင် ချောကြတာမဟုတ်ဘူးဟဲ့ ... တော်ရုံတန် ရုံ ရွက်ကြမ်းရည်ကြိုရယ် ... တန်ရုံစိတ်ချရတယ် ... ညည်းက ရုပ်ကိုက မင်းသာတော်ရုပ် ... ချောပုံများ ညက်လို့ ... အဲဒါ အိမ်ဖော်လုပ်ရင်း ... အဲသလို စည်းကြီးကမ်းကြီး ... အဆောင်ကြီးအတန်းကြီးနဲ့ နေကြတဲ့ အိမ်မျိုးမှာဖြစ်မှာ ... ပြီးတော့ ... ညည်းအတွက်အဖော်လည်း ရှိပါတယ် အေရယ် ... ဒေါ်မြတ်သူ ရဲ့ စံရိပ်ငြိမ် အိမ်မှာက ... အရင်ကတည်းက ငယ်မွေးခြံပေါက်လို ဖြစ်ခဲ့တဲ့ အိမ်ဖော်ကြီးမယ်မေ ဆိုတာရှိလေရဲ့ ... သူ့ဟာ အသက်လေးရလာသမို့ ... ကူဖော်လောင်ဖက်ရယ်လို့ လိုလာ သလေ ... အဲဒါကြောင့် ကောင်မလေးတစ်ယောက်လောက်တော့ လို တယ်လို့ ဒေါ်လေးကြွေ ကို ဒေါ်မြတ်သူ က ပြောလာတာ ... အဲဒါက လည်း ဒေါ်လေးကြွေ နဲ့ ဒေါ်မြတ်သူ ဆိုတာက ... သူ စံရိပ်ငြိမ် ဆောက် လုပ်ရေးအလုပ်မှာလိုအပ်တဲ့ ... သန့်ရှင်းရေးလုပ်ဖို့တို့ ... အလုပ်သမား တွေအတွက် ထမင်းချက်တို့ ဘာတို့လိုသမျှ လူရှာရှာပေးရင်းက အဆက် အဆံများလာကြကြသကိုး ..."

ရွာမှ လိုင်းကားကြီးစီးပြီး ရန်ကုန်တက်ချိန်မှာ ဒေါ်လေးကြွေ ပြောခဲ့ပါသည့်စကားကို ရှင်လွှန်းမေ နားထဲကကို မထွက် ...။ ဒါကြောင့် လည်း စံရိပ်ငြိမ်သည် အရမ်းကြီးမားခန့်ထည်လွန်းပါသည့် အိမ်ကြီး တစ်အိမ်မှာ တကယ်ပဲ အိမ်ဖော်အလုပ်လေးရပါစေတော့ရယ်လို့ ဆုတောင်း နေမိရသည်ပါပဲ ...။ ဒါပေမယ့် ... လန့်ရှိန်ကတော့ ဘွားဘွားကြီး ဒေါ်မြတ်သူ ၏ မျက်နှာနှင့် ဟန်ပန်ကိုမြင်နေရင်း ကြို့လန့်နေမိခဲ့ရပြီ။ အာရုံထဲတိုးဝင်လာသည်က ရွာမှာ ကျန်ခဲ့ပါသည့် ဘဘကြီး၏ မျက်နှာ ...။

"ငါက ကံယုံ ဆိုတဲ့ နာမည်နဲ့ ကြီးလာရတဲ့လူ ... အသက်သာကြီး



လာတာ ... ငါ့ကံက ခုထိ သူဌေးကံမပါသေးဘူး ... ရုန်းကန်ရတဲ့ကံပဲ ပါတဲ့လူ ... ဟိုရောက်ရင် အစစအဆင်ပြေအောင်နေ ... ညည်းရဲ့ တာဝန်ကို ငါမယူချင်တာမဟုတ်ဘူးဆိုတာ နားလည်ထား ... မယူနိုင် တာ ... ငါ့ကလေးတွေက ခြောက်ယောက်ရယ် ... သူတို့တာဝန်တောင် အနိုင်နိုင် ထမ်းနေရတာညည်းအသိ ... ခု ... မယ်ကြွေ ကြောင့် မြို့ကြီးမှာ သည်းနေရမယ် ... ကံသင့်ရင် ... ကျောင်းလေးဘာလေးလည့် ဆက်နေ ရမယ် ... ပညာလေးဘာလေးလည်း တတ်ရမယ် ... အရိပ်ထဲနေပြီး လုပ်ရတဲ့ အလုပ်ပါပဲဟယ် ... ငါတို့လို နေပူစပ်ခါးလုပ်ရမယ့် အလုပ် မဟုတ်ဘူးဆိုတာ နှလုံးပိုက်ထားရင် ... အနေသက်သာ ... စိတ်သက်သာ ရာရချေမပေါ့။ ညည်းကိုညည်း အဖေက မိတဆိုးလေးဆိုပြီး လယ်ထဲ အလုပ်မိုင်းခဲ့တာမဟုတ်ဘူး ... ထမင်းပို့အလုပ်လောက်ပဲ ညည်းလေး လုပ်ခဲ့ရတာ ... လယ်သမားရဲ့ ပင်ပန်းမှုဒဏ် ညည်းမသိပါဘူးလေ ...။ ခု ညည်းအမေ မရှိတော့ ညည်းကံလေးလိုက်လာလို့ အဲသလို မယ်ကြွေ ရဲ့ ကျေးဇူးနဲ့ မြို့ပေါ်ရောက်ရမှာကို နားလည်စမ်းပါ ... ငါ့ဆီနေရင် ထမင်းတော့ မငတ်ပူးပေါ့ .. ကျောင်းလည်း ဆက်သင်ပေးနိုင်မှာ မဟုတ် ဘူး ... နေပူစပ်ခါး .. ညည်းလုပ်ရကိုင်ရမှာ ... လယ်ထဲလည်း ဆင်းရမှာ ပဲ .. ညည်းကြီးတော် အကြော်တဲမှာလည်း အကြော်ကြော်ရမှာပဲ ... ရွာထဲမုန့်ရွက်ပြီး အကြော်လည်ရောင်းရမှာပဲ ... ညည်းအဖေက ဖူးဖူး ညထားတာ ဆိုတော့ ... ငါ မမြင်ရက်ဖူး ရှင်လွှန်းမေ ..."

ဘကြီး၏ ပြောခဲ့သော စကားကလည်း နားထဲစွဲခနဲ ရောက်၏။ မျက်ရည်လည်တက်လာရင်း ဘွားဘွားကြီးကို ညိုးငယ်ငယ်ဖြင့် အား ကိုးတကြီး မော့ကြည့်မိရရုံမှတစ်ပါး ရှင်လွှန်းမေ ဘာတတ်နိုင်သည် တဲ့လဲ လေ ...။ ဘွားဘွားကြီး၏ အကြည့်က အတန်ကြာမျှ ရှင်လွှန်းမေ ထံမှာ တန့်နေသည်။ တည့်တည့်ကြည့်နေသည်က လည်း ညိုးမျော့မျော့

www.burmeseclassic.com



ရှိလွန်းနေပါသည့် ရှင်လွန်းမေ ၏ မျက်ဝန်းဆီကိုပဲ ဖြစ်နေ၏။ နောက်တော့ သက်ပြင်းရှိုက်သည်။

"ကောင်မလေး အတော်အားငယ်နေတာ သိသကွယ် မယ်ကြွေ .. အင်း ... ညည်းအပြောအတိုင်းဆိုရင်လည်း ... သူ့မှာ ဆုပ်ခဲအားကိုးရာပျောက်နေသကိုး ..."

ဟု ပြောလာသည်။ နောက်တော့ ရှင်လွန်းမေ ကိုပဲ တည်တည်ကြီး ကြည့်လိုက်ကာ ...

"ကဲ .. ကာယကံရှင်ကိုပဲ တည့်မေးမယ် ... ညည်းဒီမှာ နေချင်သလား ... နေမယ်ဆိုရင်ဖြင့် ဒီအိမ်က စည်းကမ်းအတိုင်း နေရမယ် ... အဲသလို ... နေနိုင်တယ်ဆိုရင် ညည်းကို ငါ အလကားမခိုင်းပါဘူး ... တစ်လနှစ်သောင်းပေးမယ် ... ကျောင်းထားပေးမယ် ... အဝတ်အစားရမယ် ... ကျောင်းသွားရင် အိမ်က ကားနဲ့ ကျောင်းပို့ပေးမယ် ... လာကြိုမယ် ... အဲဒါကတော့ ငါ့အိမ်မှာက ဒရိုင်ဘာ မောင်ကြည် ဆိုတာရှိတယ် ... မယ်မေ ဈေးသွားဘာသွားလိုက်ပို့ဖို့ ရှုပါဆလွန်းရှိသမို့ ... အဲဒီကားနဲ့ ညည်းတို့ကျောင်းပို့ကျောင်းကြိုလုပ်ပေးဖို့ရာ အခက်အခဲမရှိဖြစ်နေသလေ ... ပြီးတော့ ... အဲသလို ပို့တာကြိုတာလုပ်ပေးတာကလည်း ဘတ်စ်ကားနဲ့ ကျောင်းတက်ဘာတက်လုပ်နေရင် ... လမ်းမှာ ရည်းစားသန် ရှိကုန်မှာ ငါမလိုလားဘူးလေ ... ညည်းက ရုပ်ချောရယ် ... အဲသလို အပြင်မှာ ဟိုလူဒီလူနဲ့ ရည်းစားရှိ ဘာရှိနဲ့ ဓာတ်လမ်းရှုပ်မှာ ငါမကြိုက်ဘူး၊ ဒီတော့ကာ .. ကားနဲ့ ကျောင်းတက်ရလို့ဆိုပြီး သူဌေး·စိတ်ကြီး ဝင်မလာဖို့လည်း ခုကတည်းက ကိုယ့်ဘဝမှန် ကိုယ်သိဖို့လိုဟယ်သိရဲ့လား ... စိတ်ကြီးမပင်နဲ့ .. အိမ်ဖော်ဆိုတာ မမေ့နဲ့ ... အဲဒါတွေ အားလုံး သိတတ်ရင်ဖြင့် ... ဒီမှာနေလို့ဖြစ်မယ် .. ကျန်တာတွေကတော့ တစ်နေ့တစ်နေ့ ညည်း ဘာလုပ်ရမယ်ဆိုတာ ငါ



အိမ်က မယ်မေ ပြောပြလိမ့်မယ် ... သူ့ကို ဒေါ်ကြီးမေ လို့ခေါ် ..."

ဘာပဲဖြစ်ဖြစ် ...။ အလုပ်ခန့်မည့်လေ ဖြစ်နေတာမို့ ရှင်လွန်းမေ ရင်ထဲ အားရှိသွားရကာ ချက်ချင်း လက်အုပ်လေးချီ၍ ဘွားဒေါ်မြတ်သူ တို့ မော့ကြည့်မိရ ...။ ကန်တော့မိရပါပြီတည်း ...။ ထိုအခါကျတော့လည်း ဘွားမြတ် မှ စိတ်ထဲနှစ်ခြိုက်သည့်နှယ် မျက်နှာကြည်လင်လာသည်။ သနားပုံလည်း ရသွားကာ နူးညံ့ရိပ်လည်း ဘွားမြတ် ၏ မျက်နှာထက်မှာ ထင်လာပါ၏။

"တစ်လနှစ်သောင်းဆိုတာ ညည်းလက်ထဲ့ သီးသန့်ရမှာပါ ... စာအုပ်ဖိုးကအစ ... မုန့်ဖိုးကအစ ... ငါက သပ်သပ်ပေးမှာပါ ... ညည်း လိမ္မာရင်လခတိုးပေးမယ် ... အဲဒါကတော့ ညည်းစိတ်ကြိုက်သုံးချင်တာသုံးပေါ့လေ ..."

ဟု စကားဆက်ခြင်းကိုက စံရိပ်ငြိမ် မှာ ရှင်လွန်းမေ နေကိုနေရတော့မည်ဆိုသည့် အဆုံးအဖြတ်စကားဖြစ်နေပါချေသတည်း ...။ ရှင်လွန်းမေ ဖေဖေ့ မျက်နှာကို မြင်လာမိရပါပြီ ...။

အသားညိုမောင်းမောင်းဖြင့် အရမ်းကိုချောသန့်မှာသော ဖေဖေ ...။ သယ်ထဲမှာ ရှန်းရင်း ကျန်းမာခြင်းဖြင့် ပြည့်စနေပါသည့် ဖေဖေ ...။ ဆံတောက်ဖားဖားဖြင့် ရှိနေပါသည့် ရှင်လွန်းမေ ကို အရိပ်တကြည့်ကြည့် ဖြင့် ချစ်လှပါသည့် ဖေဖေ ...။

"အဖေ့ သမီး ... အသက်ရှည်အောင် ... ကျန်းမာအောင် ... ရှင်လွန်းမေ လို့ အမည်ပေးထားတာကွယ် ... ဖေဖေလည်း အသက်ရှည်မယ် ... သမီးလေးလည်း အသက်ရှည်မယ် ... အဖေတို့သားအဖ ... အကြာကြီးနေကြရမှာကွယ့် ... သမီးက ဆရာဝန်ကြီးဖြစ်မှာ ... အဖေ ကျောင်းထားပေးမှာ သိလား ... အဖေရွှေစုထားတယ် ... သမီးအတွက် ထက်ဝတ်လက်စားလည်းဖြစ် .. ကျောင်းတက်တော့လည်း ဝတ်ရဆင်

www.burmeseclassic.com

www.burmeseclassic.com



ရပေါ့ ... ပြီးတော့ .. ပိုက်ဆံလည်း စုထားသကွယ် ...”

ဟု ပြောခဲ့ပါသည့် ဖေဖေ ...။ ခု .. ရှင်လွန်းမေ သာ အသက်ရှင် ကျန်ခဲ့ရပြီ ...။

ရှင်လွန်းမေ ရှေ့မှာ ရှိနေပါသည့် သံသေတ္တာငယ်လေးထဲမှာ ဖေဖေ စုဆောင်းထားရာ လက်ဝတ်လက်စားနှင့် ငွေကြေးတွေ ယွန်းသေတ္တာငယ်လေးဖြင့် ရှိနေပါ၏။ ထိုကိစ္စ ... ဘကြီးကံယုံ ကိုပင် ရှင်လွန်းမေ မပြောပြခဲ့ ...။ ယုံသုံးလိုက်မှာကို တွန့်တို၍ မဟုတ်ပါ ...။ ဖေဖေ ချန်ခဲ့ရာ ပစ္စည်းနှင့် ငွေကြေးပေမို့ မြတ်နိုးစွာသိမ်းထားလို၍ပါ ...။ မပျက်မစီးရှိ နေချင်၍ပါ ...။ ရွှေငွေမက်၍မဟုတ်။ ဖေဖေ ချန်ခဲ့ရာများပေမို့ မြတ်နိုး၍ သိမ်းထားလိုခြင်း ...။ ငွေက ငါးသိန်းရှိသည်။ ရွှေက ဆွဲကြိုးလက်ကောက်လက်စွပ်လေးတွေ ဖြစ်နေလျက် ...။ အလေးချိန်တော့ သေချာမသိ ...။ ဆွဲကြိုးက တစ်ကျပ်ကုံးဖြစ်နိုင်သည်။ လည်ဆွဲသီးလေးကလည်း ပုလဲလေး ...။ လက်စွပ်လေးကလည်း ပုလဲတစ်ကွင်း ...။ ကျောက်နီတစ် ကွင်း ....။ နားကပ်လေးက ပုလဲတစ်ရံ ...။ ကျောက်နီတစ်ရံ ...။ ဪ ... ဖေဖေ အတော်ကြီး စိတ်ကူးယဉ်ခဲ့စုခဲ့ရှာသည်ပဲလေ ...။ ရှင်လွန်းမေ ဆယ်ဆန်းတက်တော့မှ စုထားတာလေးတွေ အထုပ်ထဲက ထုတ်ပြခဲ့ရှာခြင်း။ ရှင်လွန်း နားမှာက ကျောက်စိမ်းနားကပ်လေး တစ်ရံရှိသည်။ ဝဲခြစ်ကုတ်ကုပ်ဖြင့် ဖေဖေစုခဲ့ရှာပေမယ့် ...။ တကယ်တမ်းကျတော့ ရှင်လွန်း ဆယ်တန်းပင် မဖြေရသေးခင်မှာ ဖေဖေ ပိုးထိ၍ ဆုံးခဲ့ရရှာပြီ ...။ ရှင်လွန်းမေ တက္ကသိုလ်တက်ဖို့ ...။ ဆေးကျောင်းတက်ဖို့စောက်ခဲ့ရှာပါသည့် ဖေဖေ့မျှော်လင့်ချက်ပန်းတိုင်ကြီးသည်လည်း လမ်းခုလတ်မှာ ပျောက်လွင့်ခဲ့ရရှာပြီကောလေ ...။ လောလောဆယ်မှာတော့ စံရိပ်ငြိမ်မှာ အိမ်ဖော်ဖြစ်နေရပြီ ...။ ဖေဖေ့ ဝိညာဉ်လေးသော်မှာရှိချေလျှင်ဖြင့် မျက်ရည်ကျနေချေမည်သာ ...။



“ဆရာဝန်ဘွဲ့မရနိုင်ပေမယ့်... ဘွဲ့လေးတစ်ခုရအောင် ရှင်လွန်းမေ ကြိုးစားပါ့မယ် ဖေဖေ ... ဖေဖေ့ မျှော်လင့်တောင့်တတဲ့ ပညာတတ်ကြီး ဖြစ်အောင် သမီးကြိုးစားပါ့မယ် ဖေဖေရယ် ... အိမ်ဖော်ဆိုပေမယ့် .. ဒီမှာက လုံခြုံပါတယ် ဖေဖေရဲ့ ... စိတ်မပူနဲ့နော် ...”

ဟု ဖေဖေ့ဝိညာဉ်လေး စိတ်ပင်ပန်းမှာကို စိုးစိတ်ဖြင့် ရှင်လွန်းမေ မျက်ရည်လည်နေရင်း စိတ်ထဲမှ ရည်စူးပြောနေမိရသည်က ဖေဖေ့ကိုပါ ...။

“မယ်မေ .... မယ်မေ ...”

ဘွားမြတ် မှ နောက်ဘက်သို့လှည့်၍ ခေါ်တော့ ခန်းကူးတံခါးခမ်းဆီးနားမှာ စောစောကတည်းက ရောက်နှင့်နေပုံရပါသည့် ဒေါ်ကြီး တစ်ယောက် ခပ်သုတ်သုတ်ထွက်လာပါ၏။ အသားဖြူဖြူ၊ ပိန်ပါးပါး နှင့် မျက်နှာချိုသော ဒေါ်ကြီးတစ်ယောက် ...။

“သူ့ကိုခေါ်သွား ... ညည်းအခန်းမှာတူတူနေပေစေ ... အပျိုအရွယ်လေးပေမို့ ... ညည်းနဲ့ တူတူတစ်ခန်းတည်းရှိတာပိုသင့်တယ် ... အဆောင် အရောက်တာဝန်ညည်းယူရမယ်ဆိုတာ မမေ့နဲ့ ... ကဲ ... လိုက်သွား ...။ မယ်ကြွေ ကို ပွဲစားခပေးရမယ့်ကိစ္စ ဒီမှာ စကားဆက်မယ် ...”

ဟု ဘွားမြတ် ပြောခိုက်မှာ ဒေါ်ကြီးမေ မှ ရှင်လွန်း ကို ပြုံး၍ ကြည့်ကာ လက်လေးလာဆွဲခေါ်သည်။ သံသေတ္တာလေးကို သံလက်ကိုင် ကိုင်းနေရာလေးမှာ ကိုင်၍ ရှင်လွန်းမေ လိုက်ခဲ့ရပါ၏။ နောက်ကို တစ်ချက်လှည့်ကြည့်မိသည်က ဒေါ်လေးကြွေ ကိုပါ ... ဒေါ်လေးကြွေ ပြုံးပြကာ ...။

“လိမ္မာမယ်ဆိုတာ ဒေါ်လေးကြွေ သိပါတယ် လွန်းမေ ရယ် .. ဒီမှာ ရှိတဲ့သူတိုင်းဟာ ရှင်လွန်းမေ ထက်ကြီးကြတဲ့သူတွေချည်းပဲ ... ဆုံးမကြတဲ့သူတို့ရဲ့ စကားတိုင်းကို နားထောင် ... အထူးသဖြင့် ဘွားမြတ် စိတ်မချမ်းမြေ့အောင် ဘယ်တော့မှ မလုပ်မိစေနဲ့ ... ကျေးဇူးတရား

www.burmeseclassic.com



ကို သိတတ်ရမယ် ... ကတိပေးတယ် မဟုတ်လား ရှင်လွှန်းမေလေး ...''

ဟု သားချင်းပမာ သံယောဇဉ်ဖြင့် ဒေါ်လေးကြွေ မှာသည်။ ရှင်လွှန်းမေ ဘွားမြတ် ကို တရိုတသေကြည့်မိကာ လက်အုပ်လေးချီ၍ —

''ရှင်လွှန်းမေ ... ကတိပေးပါတယ် ဘွားမြတ် ....''

ဟု ပြောခိုက်မှာ ဒေါ်လေးကြွေ လည်း မျက်နှာလန်းခနဲ ဖြစ်သည်။ ဘွားမြတ် လည်း စိတ်ထဲကျေနပ်ပုံဖြင့် တစ်ချက်မသိမသာလေး ပြုံးလိုက်ရာမှ ချက်ချင်း မျက်နှာပြန်တည်လိုက်ကာ ...။

''ကတိဆိုတာ တည်ရတာတော့ မမေ့နဲ့ကွယ် ...''

ဟု တည်ငြိမ်စွာ ပြောလာပါ၏။

ရှင်လွှန်းမေ လက်အုပ်ချီမပျက်ရှိရင်းမှ ခေါင်းလေး ထပ်ငြိမ့်ပြမိရပါပြီ ...။ ဟုတ်သည်။ ကတိဆိုတာ ပေးမိလျှင် တည်ရသည်တဲ့ ...။ ဖေဖေ ပြောခဲ့သည်ပဲလေ ...။ ဖေဖေ့ သမီး ရှင်လွှန်းမေ ဆိုတာ ပေးသော ကတိတည်သော မိန်းကလေးဖြစ်သည်ဆိုတာ ဖေဖေ့ကို တိုင်တည်၍ ရှင်လွှန်းမေ ... ဘွားမြတ်ကို ရင်ထဲမှ တိတ်ဆိတ်စွာ ကတိထပ်ပေးမိရပါချေသည်တည့် ...။

ဒါပေမယ့် ...။ သြော် ...ဒါပေမယ့် ဤကတိတစ်ခုသည် တစ်နေ့မှာ ဤစိုးရိပ်ငြိမ် ဆီမှ ... ရှင်လွှန်းမေ ဆိုသည့် မိန်းကလေး ... မျက်ရည်စက်လက်ဖြင့် ထွက်ခွာရချေမည်ဆိုတာကိုဖြင့် ... ထိုစဉ်က ရှင်လွှန်းမသိခဲ့ရပါလေ ...။ မသိခဲ့ရပါချေသည်ကော ကိုကိုရယ်လေ ...။ ရှင်လွှန်းမေ၏ မျက်ရည်စက်ကိုနင်း၍ ...။ ကိုကို့၏ နှလုံးသားကို နင်း၍ ထွက်ခွာရချေမည်ဆိုတာ ... မသိခဲ့ရပါ ကိုကိုရယ် ... ရှင် ...။



သခင်၏ နှလုံးသားကို နင်းချေမည့်
အကျွန်ုပ်၏ မျက်ရည်စက်ကို နင်းလေမည့်
ဆုံတွေခြင်းဆိုသည့် ထိုတစ်နေ့သည်
ဖြစ်တည်ခဲ့ချေပြီဆိုတာ ...
သိခွင့်သာရခဲ့ပါလေလျှင် ...
အကျွန်ုပ်သဝတွင် ထိုတစ်နေ့အား ...
ဖျက်သုဉ်းသွားစေချင်ပါသည် သခင် ...။
သြော် ...
ပျောက်ဆုံးသွားစေချင်ပါသည် အရှင် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၄)

"ဒီနေ့ ဝယ်ရခြမ်းရမှာတွေကများတယ် ရှင့်လွန်းမေ ဒေါ်ကြီးမေ နည်းနည်းကြာနိုင်တယ် ... အိမ်မှာ ထမင်းတစ်အိုးတည်ထား ... ကြော်လှော်ချက်ပြုတ်ဖို့ရာ ဂျင်းကြက်သွန်ဖြူလေး ထောင်းထုထား ... ကြက်သွန်နီလှီးထား ... ပြီးရင် အိမ်သန့်ရှင်းရေးလုပ်ပေါ့ ... ဟုတ်လား ခြံတံခါးကို သေချာသော့ခတ်ထား ... ဘယ်သူလာလာ ဖွင့်မပေးနဲ့ ... လူဆိုးလူကောင်းဆိုတာက ရုပ်ရည်လေးကြည့်ပြီးတော့လည်း ခွဲခြားရတာ မဟုတ်ဘူး ... ရုပ်ရည်သန့်လေးတွေနဲ့ ရောက်လာပြီးတော့ .. ရေပိုက်ပဲ ပြင်ဖို့ ခေါ်ထားသလိုလို ... အိမ်မှာ မီးချောင်းပဲ မျက်နှာကြက်မှာ တက်လဲပေးဖို့ ဘွားက ခိုင်းလိုက်လွှတ်လိုက်သလိုလိုတွေနဲ့ ... ရောက်လာပြီး ကော့ လူ့ရိုက်ပြီး ပစ္စည်းတွေ ယူသွားတာမျိုး ကြုံရင် ဘယ့်နှယ်လုပ်မလဲ ... အဲဒါသတိထား ... လုံးဝဖွင့်မပေးနဲ့ ... ဘွားနဲ့ ရင်းနှီးပါတယ် ... ဒေါ်ကြီးမေနဲ့ သိပါတယ်ဆိုပြီး ရောက်လာတာမျိုး ပြောရင်လည်း ဖွင့်မပေးနဲ့ ... အရင်တုံးကတော့ ... ခုလို ဈေးအဝယ်သွားရင် .. အိမ်ကြီး သော့ခတ် ... ခြံတံခါး သော့ခတ်ခဲ့တာမို့ နောက်ကြောင်းကိစ္စငြိမ်းတယ်၊ ခုကျတော့ ရှင်လွန်းလေး ရောက်နေတော့ အိမ်မှာ ထုထောင်းထားရတာရှိ ဆေးကြော သန့်ရှင်းရေးလုပ်စရာရှိ လုပ်လို့ရတာမို့ ထားခဲ့ရတာဆိုတော့ .. အိမ်မှာ လူကျန်နေတယ်လေ ... အဲဒါ ရှင်လွန်းလေး က လူသစ် ... ဘယ်သူ့ကိုမှ



သိတာမရှိဘူး .. ဝန်းကျင်သစ်ရယ်မို့ .. ဘယ်သူ့မှ ယုံပြီး တံခါး မဖွင့်မိစေနဲ့ ... အဲဒါ ... လူဆိုးဆိုတာ .. မှားရိုက်ဝင်တတ်တယ်ဆိုတာ ... ရုပ်ရှင်တွေထဲ ဒေါ်ကြီး မြင်ဖူးတာမှ ဖန်တရာတေနေပြီ"

"ကလေးလန့်အောင် လုပ်နေရတယ်လို့ ဒေါ်ကြီးမေ ရာ .. ကဲ တဲ ... ခြံတံခါးလိုက်ပိတ် မိန်းကလေး ... လေးလေးကြည် တို့ ဈေးအဝယ် ကိစ္စပြတ်တာနဲ့ ပြန်လာကြမှာပဲ ဥစ္စာ ... တစ်နေကုန်ကြာမှာမှ မဟုတ်ပဲ ... တစ်ယောက်တည်း ကျန်ခဲ့တယ်ဆိုပြီး မလန့်နေနဲ့နော် မိန်းကလေး ... ဒေါ်ကြီးကလည်းဗျာ ... ကလေးလန့်အောင် သိပ်ခြောက်တာပဲ ... မနေ့ကမှ ရောက်လာရတဲ့ ကလေးကို ဒီနေ့ ဒီလောက်ခြောက်တာမဟုတ်သေးဘူးဗျ ..."

လေးလေးကြည် မနေသာ ..။ ဝင်၍ မျက်စိမျက်နှာမကောင်းပဲ တားယူရသည်။

"ဟဲ့ ငါက ... ရုပ်ရှင်ထဲ မြင်ဖူးတာကိုး .. အင်္ဂလိပ်ကားတွေ ... မြန်မာဇာတ်ကားတွေမှာ ... အဲသလို ဥစ္စာတွေပြတဲ့ အထဲပါတာပဲ ဥစ္စာ ... ငါအလုပ်နားချိန် တီဗွီရှေ့ထိုင်ရင်း ... လွှင့်သမျှဥစ္စာတွေ ကြည့်တဲ့ အထဲမှာ ... အဲဒါမျိုး ဇာတ်လမ်းလည်းပါတာပဲမဟုတ်လား ... အခွေငှားလာတဲ့ မင်းအခွေတွေထဲလည်း အင်္ဂလိပ်ကားထဲ တွေ့တွေ့နေတာပဲလေ ..."

ဒေါ်ကြီးမေ ကလည်း မခေ ..။ ကိုယ်ပြောသည့် စကားအပျက်မခံ ..။ အထောက်အထားနှင့် ပြန်၍ ခိုင်ခိုင်မာမာပြောတော့ ရှင်လွန်းမေ မျက်နှာ လေးပိုငယ်လာသည်။

"ချမ်းသာတဲ့ အိမ်ပဲ လူဆိုးက ဝင်ချင်မှာပေါ့ မောင်ကြည် ရဲ့ ... အဲဒါ ဒီတော့သူပေါက်စ ... ရိုးရိုးစင်းစင်းလေးကို သတိမပေးလို့ ဖြစ်မလား ... ယုံပြီး ဖွင့်ပေးလိုက်မှ ... ဟုတ်မှေ့ဖြစ်မယ် ..."

ဟု ဈေးခြင်းလေးခြင်းလောက်ကို ကားနောက်ခန်းထဲသွင်း ..။ ဝင်လည်းထိုင် ...။ ဈေးသွားဖို့ ဟန်လေးပြင်တော့ လေးလေးကြည်

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းခါ၍ ကားထဲဝင်သည်။ ကားမောင်းထွက်တော့ ရှင်လွန်းမေနောက်မှ ခပ်သုတ်သုတ်လိုက်လာရကာ ...။ ခြံတံခါးမကြီးကို သော့ခပ်လိုက်ပါပြီ ...။ ကားမထွက်သေးပဲ ခြံဝမှာ လေးလေးကြည် စောင့်ကြည့်ပေးရှာပါ၏။ ခြံတံခါးပိတ်ပြီးမှ ကားလည်း ခရီးဆက် ...။ ရှင်လွန်းမေလည်း အိမ်ထဲဝင်လာခဲ့ရကာ အိမ်တံခါးမကြီးကို အရင်ဆုံး ပိတ်မိရပြန်သည်။ အသက်ဆယ့်ခြောက်နှစ်ရှယ် ...။ တောသူလေးပေမို့ ... အလန့်အထိတ်က ရင်နှင့်မဆန့် ...။ ဒေါ်ကြီးမေ ပြောသည့် လူဆိုးဆိုတာကြီးက တိုက်တိုက်ဆိုင်ဆိုင် ဤနေ့မနက်တွင်မှ ဆိုက်ဆိုက်မြိုက်မြိုက် ဤအိမ်ကြီးထဲဝင်ဖို့ ကြံစည်ထားတာမျိုး ကြုံနေလျှင် ဘယ့်နှယ်လုပ်ရမည်တဲ့လဲလေ...။ လောလောဆယ် ဘာမှမလုပ်နိုင်သေး ... မီးဖိုထဲဝင်ကာ လက်နက်တစ်ခုကို ရှာရသည်။ လူဆိုးသူဆိုး ဝင်လာ၍ ကောက်ရိုက်စရာဆို၍ ထင်းချောင်းတစ်ချောင်းပင်မရှိသည့် မီးဖိုချောင် ...။ အားလုံး လျှပ်စစ်နှင့်ချက်ဖို့ မီးဖိုတွေရှိသည်။ မီးမလာလျှင်ချက်ဖို့ ဂတ်(စ်) အိုးနှင့် ရှိသည့် မီးဖိုလည်းရှိသည်။ လျှပ်စစ်မီးဖိုတော့ အနေမစိမ်း ...။ လျှပ်စစ်ထမင်းအိုးနှင့် ဘယ်လို ထမင်းချက်ဆိုတာက ဒေါ်ကြီးမေ သင်ထားပေးတာလည်းရှိသည်။ ဂတ်(စ်) မီးဖိုတော့ ရှင်လွန်းမေ နားမလည်သေး ...။ နောက်မှ သင်ပေးမည်ဟု ဒေါ်ကြီးမေ ပြောထားတာမို့ မီးခိုးကြပ်ခဲမရှိသည့် မီးဖိုဆောင်ကျယ်ကျယ်သန့်သန့်ထဲမှာ ပစ္စည်းသစ်တွေ အမြင်သစ်တွေနှင့် ရှင်လွန်းမေ ယောင်နနရပ်နေရဆဲ ...။ ဆံတောက်ဖားဖားကြီးကို ကုတ်ဖွပစ်မိရင်း ...။

"ခက်တော့တာပါပဲ .. ငါတို့အိမ်လေးမှာဖြင့် ထင်းချောင်းတွေမှ မီးဖိုခန်းဘေး ကပြင်လေးမှာ စီစီရီရီ အထပ်လိုက်ကိုရှိလို့ ... ဘယ်လူဆိုးလာလာ ... ထင်းချောင်းနဲ့ ကောက်ရိုက်လို့ရတယ် ... မီးဖိုမှာ မီးခိုးကြပ်တင်ငါးရယ်လို့တောင် မရှိတဲ့ ဒီအိမ်ကြီးမှာ ... ချက်တတ်ပြုတ်တတ်အောင်သင်ဖို့တော့ ဒေါ်ကြီးမေ ကိုပဲ အားကိုးရမှာ ... ခက်တာက ဟိုမှာ ဓားထည့်တဲ့ ခြင်းလေးထဲက ဓားတွေလည်း မထိရဲပါဘူး ...



လူဆိုးလာရင် ဓားနဲ့ ငါက ဘာလုပ်နိုင်မှာလဲ ... အဲဒီ ဓားနဲ့ ငါ့ကို လုပြီး ပြန်ထိုးမှ ခက်မှာ ... ထင်းချောင်းဆိုရင်လှမ်းပေါက်လို့ရတယ် ... ပုန်းပြီး ချောင်းရိုက်လို့ရတယ် ..."

တောသူလေး ပီပီ ... ထင်းချောင်းပဲ အားကိုးရာအဖြစ် တမ်းတမ်းတတ ဖြစ်နေရရင်း စိတ်ထဲမလုံ ...။ ဧည့်ခန်းပြတင်းဆီသို့ ခြေသံလုံလုံဖြင့် သွားကာ ခြံဝဘက်မျှော်ကြည့်မိသည်။ ဘယ်သူမှ ရောက်မလာ ... ရှိစေ ... ရင်ထဲ တစ်ချက်အေး၏။

ဘွားလည်း အလုပ်သွားလိုက်ပြီ ...။ ဘွားအတွက် ကားမောင်းပေးရသည့် ဘဘပြည့် ကတော့ ဘွားရှိရာ အလုပ်မှာ ရှိနေပြီ ...။ လေးလေးကြည် ၏ ဘကြီးလည်း ဖြစ်သည်တဲ့...။ လေးလေးကြည် က စံရိပ်ငြိမ်အတွက် မီးဖိုဆောင်အဝယ် တာဝန်ကားမောင်းပို့ရသည်။ ဥယျာဉ်မှူးအလုပ်လည်း တွဲလုပ်ရသည်။

မနက်တုံးက လူသူတွေနှင့်ရှိနေသည့် အိမ်ကြီး ... ခုကျတော့ ကစ်ယောက်တည်းပဲ ရှင်လွန်း ရှိနေရတာမို့ ကျောလည်းမလုံ ...။ စိတ်လည်း လန့်ရှိန်နှင့် ယောက်ယက်ခတ်နေ၏။ မတတ်နိုင် ...။ ဒေါ်ကြီးမေ မှိုင်းခဲ့တာတွေကိုတော့လုပ်ရမည် ...။ ထမင်းပေါင်းအိုးဖြင့် ထမင်းအိုးတည် ... ပြီးတော့ ... ကြက်သွန်နီခွာ ...။ လှီး၍ ဇလုံထဲထည့် ...။ ကြက်သွန်ဖြူခွာ၍ ထောင်းထု ...။ ဂျင်းထောင်း ...။ ခရမ်းချဉ်သီးလေးတွေ ရေဆေးလှီးသင်နှင့် မီးဖိုထဲရှိသွားရသည်ပါပဲ ...။ အားလုံးပြီးတော့ အုပ်ဆောင်း ဆန်ကာကြီးဖြင့် အုပ်ထားခဲ့ရကာ အိမ်သန့်ရှင်းရေးအလုပ်စလုပ်ရသည် ...။

ထိုစဉ်ခိုက် အိမ်ရှေ့ခြံတံခါးဆီမှ လူခေါ်ခေါင်းလောင်းသံပေါ်လာသည်။ ခြံတံခါးဂိတ်မှ လျှပ်စစ်ခလုတ်ကို နှိပ်လျှင် အိမ်ထဲထိသာယာသော ခေါင်းလောင်းသံမျိုးလေး ပေါ်လာတာမို့ ...။ ခေါင်းလောင်းသံလွင်လွင်သာသာလေးကို နားဝင်ပီတီမခံစားနိုင်ပဲ ...။ လန့်ရှိန်ဖြင့် ပြတင်းအားခြေးကပ်၍ ချောင်းကြည့်မိရသည်က ရှင်လွန်းမေ ပါ ...။ ခြံဝမှာ လူတစ်ယောက်ရပ်နေသည်။ သပ်သပ်ယပ်ယပ်ဝတ်ထားသည့် လူတစ်ယောက်...။

www.burmeseclassic.com

www.burmeseclassic.com



"ဝတ်ထားတာကတော့ ... ဘောင်းဘီရှည်တွေ ဘာတွေနဲ့ ... ဘိုလို ဝတ်ထားတာပဲ ... ခက်တာက ... တံခါးသွားမဖွင့်ပေးရဲတဲ့ကိစ္စ ... ဒီအချိန်ကြီးကျမှ .. ဘာလာလုပ်ပါလိမ့်မလဲနော် ... ဒေါ်ကြီးမေ တို့ရောက်လာမှ လာတာမဟုတ်ဘူး ... အဲဒါဆို .. ဒေါ်ကြီးမေပဲ ထွက်တွေ့မှာ ... တံခါးဖွင့်ပေးသင့်မသင့် ... ဒေါ်ကြီးက ဆုံးဖြတ်မှာ ..."

ဒေါ်ကြီးမေ နှင့် လေးလေးကြည် ကို တမ်းတမိရပြီ ...။ ပြေးရှုံသာလက်လေးဆွဲခေါ်လာလိုက်ချင်သည်ပါပဲ ...။

ခေါင်းလောင်းသံကလည်း တစ်အောင့်နေပေါ်လာလိုက် ...။ ခြံတံခါးလာအဖွင့်ကို စောင့်လိုက် ... ပုံဖြင့် ငြိမ်လိုက် ...။ ပြန်ခေါ်လိုက်ဖြင့်ရှိနေတော့ ရှင်လွန်းမေ စိတ်ထဲ ဘာမှ မဆုံးဖြတ်တတ်တော့ပြီ ...။ ထွက်မတွေ့လည်းအခက် ... ဒီလောက်အကြာကြီး ခေါ်နေသည့် ခေါင်းလောင်းသံကို နားပိတ်ထား၍ မဖြစ် ...။ ထွက်တွေ့ပြန်လျှင်လည်း အခက် ...။ တံခါးဖွင့်ပေး၍မှမဖြစ်ချေသည်ပဲလေ ...။ မတတ်နိုင် ...။ ဆယ့်ငါးမိနစ်လောက်ကြာလာပြီမို့ ရှင်လွန်းမေ ဟန်လေးမာန်လေးတင်ယူရပြီ ...။ လန့်နေသည့် ရှင်လွန်းမေ ဆိုတာမျိုး အရိုးပေါ်ကနေ၍မဖြစ် ... ခပ်တည်တည်ဆော့ ... ဟု အားပေးပြီး စတင်၍ အိမ်ကြီးမှထွက်လာရပြီ ...။ ဒါပေမယ့် ခြံတံခါးများ နီးလာလေ ... စိတ်ပိုညစ်ရလေ ...။ ခြံတံခါးမှာ ရပ်နေသည့် လူဆိုတာကလည်း လှပုံချော ...။ ရုပ်သန့်ရည်သန့်နှင့် ဖြစ်နေတာ နီးလေလေ .. ပိုမြင်နေရလေလေ ...။ အိမ်ထဲအဝင်မခံနိုင်တာကို ပြောဖို့လည်း ခက်သည်။ သြော် ... မပြောဖို့လည်း ခက်သည်။ လူဆိုးဆိုတာက ရုပ်ချောချောလည်း ဖြစ်နိုင်သည်တဲ့ ...။ ဘာကြာသေးလို့လဲလေ ... ဒေါ်ကြီးမေ သေချာမှာသွားသည့် စကားက လတ်လတ်ဆတ်ဆတ်ကြီး ကျန်နေသေးသည့်အဖြစ် ... ခြံတံခါးဝမှာ ရပ်နေသည့် လူကလည်း ရှင်လွန်းကို မြင်တော့ ခပ်ငေးငေးကြည့်၏။ အမြင်ဆန်းနေသည့်ဟန် ...။

"အံမယ် ... ဆံတောက်ကြီးနဲ့ပါလားကွ .. ကဲ ... ကဲ ... တံခါး



ဖွင့် ဒေါ်ကြီးမေ လာမဖွင့်တာက ... လူသစ်တစ်ယောက် အိမ်ဖော်ထပ်တိုးလာတော့ ... တံခါးလာဖွင့်ရတဲ့ ကိစ္စ ... သက်သာသွားတယ်ဆိုပါတော့ ... လေးလေးကြည် လည်း ဥယျာဉ်ထဲ မတွေ့ပါလား ..."

ပြောပုံက တရင်းတနှီးတော့ နိုင်နေသည်။ စံရိပ်ငြိမ် မှ လူတွေကိုလည်း သိနေသည်။ တံခါးဖွင့်ပေးရကောင်းနိုးနိုး ...။ မကောင်းနိုးနိုးဖြင့် တွေဝေစပြုလာသည်က ရှင်လွန်းမေ ပါ ...။ ဒါပေမယ့် သေသေချာချာကြီး တရရမှာခဲ့သည့် ဒေါ်ကြီးမေ ၏ စကားကို ဒီလောက်လေး တရင်းတနှီးလာလုပ်ပြလိုက်ပါသည့် လူတစ်ယောက်အပေါ် ယုံကြည်စိတ်ထဲပြီး စည်းကမ်းဖောက်လိုက်၍တော့ မဖြစ်။ ဒေါ်ကြီးမေ ချခဲ့သည့် စည်းကမ်းကို လိုက်နာမှ ဖြစ်ချေမည်သာ ...။

"ဘွားရဲ့ အခန်းက ဘတ်ရှမ်းက ဘေစင်က ရေပိုက်ခေါင်း မလုံတာလဲပေးဖို့မှာထားလို့လေ ... ဒီမနက်လာလဲပေးတာ ..."

သူ ဆက်ပြောလာတော့ ရှင်လွန်းမေ ချက်ချင်းကြားလိုက်သည်က ဒေါ်ကြီးမေ ၏ စကား ...။ ဘာတဲ့ ... ရေပိုက်ပဲလာပြင်မလိုလိုဖြင့် လူဆိုးက ဝင်လာတတ်သည်တဲ့ ...။ ဒက်ထိမှန်နေချေပြီထင့် ...။ ဘောင်းဘီရှည်အနက်၊ စပို့ရှပ်အဖြူဖြင့် လူပုံက ဖြူဖြူချောချော ...။ ဆံပင်ကထူထူထဲထဲနှင့် လှိုင်းကောက်လေးပင်ဖြစ်နေသေးသည်။ မျက်နှာထားလည်း ချိုသည်။ ပြုံးနေလျက် ပြောတာမို့ ပါးချိုင့်ပင်ပါးထက်မှာ ထင်ဒါး အသားဖြူဖြူ အရပ်မြင့်မြင့်ကြီးနှင့် ထိုသူသည် မျက်လုံးနက်နက်တွေတာအစ ပြုံးရိပ်သမ်းနေသည့်သူ ...။

"ယောကောင်မလေး ... ဖွင့်လေ တံခါး .."

ငြိမ်တွေတွေလေး ရပ်နေသည့် ရှင်လွန်းမေ ကို သူ ပြောလာတော့ အကောင်ကတစ်မလေး ခေါင်းခါပြလိုက်မိသည်က ရှင်လွန်းမေ ပါ ...။ သူ မျက်မှန်ကိုပင့်၏။ အံ့ဩသည့်အကြည့်ဖြင့် ကြည့်လာသည်။ ရှင်လွန်းမေ ကလည်း ခြေဆုံးခေါင်းဆုံး ကြည့်သည်။ တံခါးဖွင့်မပေးပါဟု ခေါင်းခါပြလိုက်တာ ခံလိုက်ရသည့်အဖြစ်ကို အံ့ဩနေသည့်အကြည့်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ခြင်း …။

"မင်းက … ငါ့ကို မြို့ပြင်မှာ ရပ်နိုင်းထားတယ်ပေါ့ … ဟုတ်လား … ကဲ .. ကဲ … ဒေါ်ကြီးမေ ကို သွားခေါ် …"

သူပြန်ပြုံးလာသည်။ သူ့ကို မသိ၍ မဖွင့်ပေးခြင်းဆိုတာ နားလည် သွားပုံရ၏။ အေးအေးဆေးဆေးထပ်ပြောလာတော့ ရှင်လွန်းမေ မျက်နှာ ငယ်လေးဖြင့် သူ့ကို မော့ကြည့်မိသည်။ သူလှမ်းကြည့်နေရာ အိမ်ကြီး ဘက်ကိုလည်း စိတ်ညစ်ညစ်ဖြင့် တွေတွေလိုက်ကြည့်မိရသည်ပါပဲ …။ တကယ်ပဲ အိမ်ကြီးထဲမှာ ဒေါ်ကြီးမေ ရှိနေလျှင် အကောင်း …။ ခြံထဲမှာ လေးလေးကြည် ရှိနေလျှင်လည်း အကောင်း …။ ခုကျတော့ ဘယ်သူ့ ဘယ်သူမှ တကယ်တမ်းရှိမနေတာကိုက ရှင်လွန်းမေ အတွက်အခက် ကြုံနေရခြင်းပါ …။

"ဘယ်သူမှမရှိကြဘူးလို့ ဖြေလိုက်ရင် .. အကယ်၍ သူက လူပုံ ချော လူဆိုးဖြစ်နေရင် … ခြံတံခါးကြီးကျော်ခွတက်လာပြီး အနကြမ်း စီးရင် ဘယ့်နှယ်လုပ်မလဲ … ခက်တာက … သူက … လူကောင်းဖြစ်နေရင် …။ ခက်ပြန်ရော … ဘယ့်နှယ်လုပ်မလဲ …"

အုပ်လုံးမသိမ်းသည့် ဆံတောက်ဖားဖားကြီးကို တစ်ချက် လက် ဖြင့် ထိုးဖွမိပြန်သည်။ ဆံတောက်ဖားဖား၏ အထက်ဘက်မှာ ဆံထုံး ကြီး အက်နေအောင် ထုံးထားကာ …။ တောသူ စင်စစ်ကေန် ဖြစ် သည်ဆိုတာကြီးကို ထင်းနေအောင် သက်သေထူထားပါသည့် ရှင်လွန်းမေ ဆိုတာကို တောသူအဖြစ် မြင်ရုံနှင့် သိစေနိုင်သည်မို့ …။ ထိုသူသည် … လူဆိုးဖြစ်နေလျှင်တော့ဖြင့်အခက် …။ ခြံထဲရောက်တာနှင့် မျက်နှာထား ချိုချိုလေးက မျက်နှာထားချိုချိုကြီး ဖြစ်ကာ တင်းမာသွားချင် ဘာတတ် နိုင်မည်တဲ့လဲ … ရှင်လွန်း ၏ ဆံထုံးကို လက်ဖြင့် အုပ်ဆွဲဖြည်ချဆောင့် ဆွဲလိုက်လျှင် အခက် … ။ အတွေးဖြင့် ရှင်လွန်းမေ မသိမသာလေး တုန်တုန်ရီရီ ဖြစ်ချင်လာပြီ …။

"ဒေါ် … ဒေါ်ကြီး … မေ … မှာထားခဲ့လို့ပါ … ဘယ်သူ … လာ



… လာ … ခြံ … တံခါး … ဖွင့် …မ … ပေး ရ .. ဘူး … တဲ့ …"

မတတ်နိုင် … ဖြေလည်း ဖြေ … ထိုသူခြံစည်းရိုး တံခါးကြီး ခေတ်တဆ ကျော်ခွဝင်လာလျှင် ရှင်လွန်း ကို ရန်မမူနိုင်မို့အောင် က မန်းကတွမ်း အိမ်ဘက်လည်း လှည့်ပြေး …။ အိမ်တံခါးမကြီးကိုလည်း ပိတ် …။ ပြတင်းပေါက်တွေလည်း ပိတ် …။ နောက်ဖေးတံခါးမကျန် တံခါးပြတင်းပေါက်စေ့လိုက်ပိတ်ပြီး အိမ်ထဲ ငြိမ်ကုတ်နေလိုက်ရသည် က ရှင်လွန်းမေ ပါ …။ ထိုသူ ဘယ်လိုဖြစ်ကျန်ခဲ့သည်ဆိုတာကို လှည့်၍ ဝင် မကြည့်ရဲခဲ့။ အိမ်ထဲရောက်ပြီး တံခါးပြတင်းပေါက်စေ့ အားလုံး လုံအောင်ပိတ်ပြီးမှ အသက်မျှဉ်း၍ ရှူနိုင်သည်။ ခြံတံခါးကို လှမ်းမြင်နိုင် သည့် ပြတင်းမှာ ခန်းဆီးလေးလှစ်ဟ၍ မျှော်စောင့်မိရသည်က ဒေါ်ကြီးမေ တို့ ဈေးပြန်ကားလေး ခြံဝဆိုက်လာမည့် အချိန်ကိုပါ …။ ခုထိ ခြံတံခါး မှာ ရပ်နေသည့် ထိုသူကတော့ မပြန်သေး …။ အိမ်ဘက်ကို လှမ်းကြည့် နေတာမြင်ရတော့ ကိုယ်လေးကို နံရံဘက်ပိုကပ်၍ မှန်ပြတင်းပိတ်ထား ရာဆီကို ခေါင်းလေးရောက်ရုံလေးကပ်၍ ခြံတံခါးဘက်ကိုသာ စိုး၍ တမျှော်မျှော်ကြည့်နေမိရသည်ပါပဲ …။

"မြန်မြန်လာပါတော့ ဒေါ်ကြီးနဲ့ လေးလေးကြည် ရယ် … ဟယ် တော့ … အဲဒီလူက ခြံတံခါးရှေ့မှာ တံခါးရှက်ကြီး ကျောမှီရပ်နေလိုက် ပါရောလား .. မပြန်ပါလားနော် …ခက်ပြီ … တကယ်ပဲ ဘွား အခန်းကို ရောက်ခေါင်းလာလဲပေးဖို့ရောက်လာလို့ ခုလို စောင့်နေတာများလား … တင် … ရေပိုက်ခေါင်းပြင်တဲ့လူကလည်း ရှိုးပြည့်လိုက်တာ … မီးပူကျ ဘောင်းဘီနဲ့ … အကျီနဲ့ … မင်းသားကျလို့ … နဖတ်ဖတ်နဲ့ … ပိုက်ပြင် တဲ့လူတော့ မဖြစ်နိုင်ဘူး … လူဆိုးပဲဖြစ်မှာ … လူဆိုးအစစ်သာ ဖြစ်မယ် ဆိုရင်တော့ဖြင့် .. ဒီလောက်ရုပ်ချောရည်ချောနဲ့ပေမို့ … နမျောဖို့ကောင်း နေရော …"

ရှင်လွန်းမေ တစ်ယောက်တည်း တွေးမိတွေးရာတွေးလိုက် …။ ခြံဘက်ကို မျှော်၍ ဒေါ်ကြီးမေ တို့ကို မျှော်မဆုံးဖြစ်လှ်ကာဖြင့် ရှိချိန်မှာ

www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ ဈေးပြန်ကားလေး ခြံဝရပ်လိုက်တာမြင်တော့ ဝမ်းသာအား ရ တံခါးမကြီးကိုလည်း ပြေးဖွင့်မိ ...။ ခြံဝသို့လည်း အားကိုးရာရသည့် ကလေးလေးနယ် ပြေးလာမိရသည်က ရှင်လွန်းမေ ပါတည့် ...။

ခြံဝမှာ ဒေါ်ကြီးမေ နှင့် ရပ်၍ စကားပြောနေသည့်သူ ...။

ဒေါ်ကြီးမေ လည်း သူ့အားမှာရပ်နေသည်။ ပြီးတော့ ... လေးလေး ကြည် လည်း ရပ်နေပြီ ...။ သူ့ကို ဒေါ်ကြီးမေ တစ်ခုခုပြောနေတာလည်း မြင်နေရသည်။ ကြည့်ရတာ ... သူ့ကို ဒေါ်ကြီးမေ သိနေသည် ... ဒါဆို ... သူ့ကို ဒေါ်ကြီးမေ ရှင်းပြနေခြင်းများလားလေ ...။ ရှင်လွန်းမေ ကို ဘာတွေမှာခဲ့သည်ဆိုတာ ပြောပြနေတာပဲ ဖြစ်ရမည်။ သူကလည်း ပြေး လာနေသည့် ရှင်လွန်းမေကိုလည်း လှမ်းကြည့်သည်။ ဒေါ်ကြီးမေ ကိုလည်း ပြုံး၍ ကြည့်သည်။

တံခါးရှေ့ရပ်တော့ ရှင်လွန်းမေ့ ပြေးလာရလေသမျှ မောကျနေပြီ။ နဖူးထက်မှာ ချွေးစို့နေ၏။ ခြံတံခါးသော့ကို ဖွင့်နေရချိန်မှာ မောနေတာ မို့ လက်ကတုန်နေသည်။ ဖွင့်မရ ...။ သူပြုံးကာ ခြံဝင်းသံပန်းတံခါး ကြားမှ လက်ကို သျှိုသွင်းသည်။ ရှင်လွန်း လက်ထဲမှ ခြံတံခါးသော့ကို လက်ဝါးဖြန့်၍ တောင်းသည်။ မျက်နှာက ပြုံးနေ၏။ ပါးချိုင့်က ထင်း နေသည်။ မျက်ဝန်းလည်းလိုက်၍ ပြုံးနေသည်။ သူ ... ရှင်လွန်းမေ ကို စိတ်ဆိုးပုံမရ ...။ ကလေးလေးတစ်ယောက်ကို ချစ်စနိုးနိုင်စွာကြည့် နေသည့်အပြုံး မျက်နှာဖြစ်နေသည်။ သော့ကိုပေးလိုက်တော့ သူ ခြံတံခါး သော့ကိုဖွင့်၏။

ရှင်လွန်းမေ ကိုလည်း သဘောတကျကျဖြင့် ကြည့်သည်။ နောက် တော့ ... ခေါင်းလေးကို ပုတ်၏။ ရယ်လည်းရယ်သည်။ အံမယ် ...။ ရယ်လိုက်တော့မှ ဖြူစင်ညီညာသည့် သွားလှလှတွေကြောင့် ပို၍ပင် ချောလာသည့် သူဖြစ်နေချေသည်တည့် ...။

"သူ့နာမည် ဘယ်သူ ... စောစောက ဒေါ်ကြီးမေ ပြောတဲ့အထဲဝါ တယ် ... အဲ ... ရှင်လွန်းမေ ... လိမ္မာတယ်ဗျ ... သစ္စာရှိပုံများ ... လုံးဝ



တံခါးမဖွင့်တာဗျ ... အပြတ်ပဲ ... လန့်ပုံကလည်း သိသိသာသာကြီးဗျ ... ပြေးတာများ ... တန်းနေတာပဲ ... လှည့်ကိုမကြည့်ရဲတာဗျ ..."

ဟု တစ်ပြောသည်။ နောက်တော့ လေလေးချွန်ကာခြံထဲဝင်၏။ ရယ်၍လည်း ရှင်လွန်းမေ ၏ လက်လေးကိုယူသည်။ လက်ဖဝါးကို ဆွဲဖြန့်၍ ခြံတံခါးသော့ကို ပြန်ပေးသည်။ ဖြန့်ထားအောင်လည်း ရှင်လွန်းမေ ၏ လက်လေးကို သူ့လက်ကဆွဲဖြန့်၏။ သော့လေးကို ပြန်ဆုပ်ထား နိုင်အောင်လည်း လက်လေးကို ပြန်၍ ကွေးဆုပ်အောင် လည်း သူ့လက်က ထွေးအုပ်၏။

"ကဲ ... တံခါးမှူးလေး ... သော့သိမ်းထား ..."

ဟု ရယ်သံဖြင့် ပြောပြီး အေးအေး ဆေးဆေး ခြံထဲဆက်လျှောက် သွား၏။

ရှင်လွန်းမေ ငေးရပ်၍ ကျန်ခဲ့ရသည်ပါပဲ ...။ စိတ်ရှည်ခွင့်လွှတ် တတ်သော ကိုကိုနှင့် ထိုနေ့က ရှင်လွန်းမေ စတင်ဆုံဆည်းခဲ့ရပါ၏။

ချော် ... ကိုကို ဟု ခေါ်ရမည့် ကိုကိုနှင့် စတင်ဆုံခဲ့ရသော ထိုနေ့ မှာ ... ရှင်လွန်းမေ ဆိုတာ ... ကိုကို့ကြောင့်ပင်လျှင် စံရိပ်ငြိမ်မှ ထွက်ခွာ ရမည်ဆိုတာ မသိခဲ့ရပါလေခဲ့ ...။ ထိုသို့ ထွက်ခွာရမည့်အဖြစ်ကြောင့် ကိုကိုလည်း မျက်ရည်ကျရမည်ဆိုတာ ကိုကိုလည်း မသိနိုင်ပါလေခဲ့ ...။ ဒါကြောင့်လည်း ထိုနေ့က ... ကိုကိုလည်း ... ရယ်မောနေနိုင်ခဲ့ခြင်းပဲ ဖြစ်ရပါလေသည်ကောလေ ...။

တကယ်တော့ ... မဆုံခဲ့ရလျှင်ကောင်းပါလေမည်ကော ကိုကို ရယ်လေ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၅)

"အဲဒီခုံလေးပေါ်က မန်းကီးလေး ကမ်းလိုက်စမ်းပါ ... အင်း ... လက်တိုလက်တောင်းလေး အကူအညီတောင်းရအောင်ဆိုပြီး မင်းကို ခေါ်ထားတာနော် ... ငါ နိုင်းတာကို စိတ်ပါလက်ပါလေးတော့ လုပ်ပေ သင့်တယ်ကွ ... ဘာလို့လည်းဆိုတော့ ... မင်းက ငါ့ကို ခြံထဲတောင် ပေးမဝင်ပဲ အပြင်ဘက်မှာ နေလှန်းထားခဲ့တာ အချိန်မနည်းဘူး မဟုတ် လား ...။ အဲဒါကို အပြစ်လျော့စေဖို့အတွက် ... ငါ့အပေါ်မှာ ကူညီပေး တဲ့တာဝန်လေးကိုတော့ ပျော်ပျော်လေး လုပ်ပေးသင့်တယ်သိရဲ့လား ... မင်းက ... မျက်နှာလေးက .. မျက်နှာသေလေးဖြစ်နေတယ် .. ပြီးတော့ ... အခန်းထဲက လစ်ပြေးချင်နေမှန်းလည်း သိသာနေတယ် ..."

ရေပိုက်ခေါင်းလေး လဲပေးသည့်ကိစ္စ ...။ တမင်တကာ ကောင်မ လေးကို သူခေါ်ပြီး အကူအညီခိုင်းဖော်ရအောင်ဟု ခေါ်ကြီးမေ ကို ပြော ၍ ခေါ်ထားခြင်းပါ။ ခုထိ လန့်နေမှန်းသိသာနေသည့် ကောင်မလေးကို သူချစ်စနိုးလေး နောက်ပြောင်ကျီဆယ်ချင်သည်ကိုး။ ပင်ကိုယ်စရိုက် ကိုက ပျော်ပျော်နေတတ် ...။ နောက်တတ်ပြောင်တတ်သည့်အရင်းခံ သည့် သူ့အတွက်ကတော့ဖြင့် လောလောဆယ်မှာ ဤဆံထောက် ဖားဖား လေးနှင့် ကောင်မလေးကို အနားမှာ ခေါ်ထားချင်သည်။ အပြစ်တ သည့် လေသံတွေ လေအေးလေးဖြင့် တစ်လုံးပြီးတစ်လုံး ကောင်မလေး



ချူထဲပစ်သွင်းကာ ...။ ကောင်မလေးလန့်အောင် ချစ်စနိုးလေး လုပ် ချင်သည်။ အရိုးခံကောင်မလေးကိုဖြင့် ကလေးလေးနှယ်ပင် သူခြောက် လှန့်လုံးလေးတွေ အရသာခံ၍ နောက်ပြောင်ပြောချင်နေသည်တည့် ...။

"တကယ်ဆိုရင် ... ငါ့လို ခန့်ညားတဲ့ လူကိုမြင်တာနဲ့ လူကောင်း သူတောင်းဖြစ်တယ်ဆိုတာလေးလောက်တော့ မင်းသိထားသင့်တာပေါ့ မိန်းကလေးမေ ...။ ခုကျတော့ ဘယ့်နှယ်ကွာ ... ရက်ရက်စက်စက် ... လူ ဆိုးကြီးလို့ မြင်ပြီး ခြံတံခါးဖွင့်မပေးပဲထားတာ ကောင်းသလားကွ ... ဘွားမြတ် အကူအညီတောင်းတဲ့ကိစ္စ ... ငါမလုပ်ပေးပဲ မင်းကြောင့် ငါ ပြန်သွားရတယ်ဆိုတာသိရင် .. မင်း ... ဒုက္ခတွေ့ပြီသာမှတ် ... ဘွားမြတ် ... သူ့အခန်းကို .. ဘယ်ပိုက်ပြင်တဲ့လူကိုမှ လွှတ်မှာမဟုတ်ဘူးဆို တာလေးလောက်တော့ ... နားလည်ထားသင့်တယ်လေ ... ဘွားရဲ့ အခန်းက .. မီးခံသေတ္တာကြီးလည်းရှိတယ် ... အဖိုးတန်ပစ္စည်းတွေ ရှိတဲ့ သူဌေးမကြီးရဲ့ အခန်း ... ဘယ် ... တော်တော်တန်တန်ကို ခေါ်ခံဝါ့မလဲ .. ငါ့လို လူကောင်းသူကောင်းကိုမှ ရွေးပြီး အကူအညီ တောင်းတာကွ ... ပြီးတော့ ငါက အင်ဂျင်နီယာ ... ဒီလောက်သန့်ပြန့် ညီနေတဲ့ လူတစ်ယောက်ကိုများ ... မင်းမို့ ... မထောက်မရက် ... လူဆိုးသူဆိုးလို့ ... မြင်ရက်တယ် ..."

ရေပိုက်ခေါင်းလဲသည့် ကိစ္စလည်းပြီးတော့မည်။ တမင်တကာ ကောင်မလေးကိုမကြည့်ပဲ အတန်မှု မျက်နှာကို ညို့ထားရင်း ... လျှောက်ပြောနေခြင်း ...။

"ပြီးတော့ ငါ့ဘိုးဘိုးနဲ့ ဘွားမြတ် က ... အတန်းဖော် သူငယ်ချင်း ... အိမ်ချင်းကလည်း ကပ်ရပ် ... ငယ်ပေါင်းဖော်တွေဆိုတော့ ... ရင်းလို ချစ်ကြတာ ... ငါ့ကိုလည်း ဘွားမြတ် က မြေးတစ် လို သဘောပိုက်ထားတာသိရဲ့လား .. ဘိုးဘိုးကိုဆိုလည်း ကြီးလိုလည်း ချစ်ရှာတယ် ... သူငယ်ချင်းလိုလည်း ချစ်ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်ကြီးတဲ့ ဘွားမြတ်ပေါ့ကွာ ... အဲဒါ ... ညည်း ... ငါ့ကို ဒီမနက်ခင်းဆက်ဆံလိုက်ပုံမျိုးသိရင် ... ဘိုးကလည်း ဒေါသဖြစ်မယ် ... ဘွားမြတ်ကလည်း မိုးမီးလောင်မယ် ... ငါ့ကို နှင်ကျေးရှူးတင်ဖို့ ကောင်းတယ် ... ပြန်မတိုင်ပဲ နေမယ်လို့ ခင်းယုံနေလား ... ယုံချင်ရင်တော့ ... ငါ့ကို ပြန်တောင်းပန်ပေါ့ကွာ ... နောက်ကို ... ရိုရိုသေသေ ငါ့ကိုထားပေ့မယ် ... ဘာညာပေါ့ ... အဲသလို ပြောမယ်ဆိုရင်တော့ ... ငါက ... သဘောထားကြီးကြီးနဲ့ ညည်းကိစ္စ .. ဘွားမြတ် ကို ပြန်မတိုင်ပဲ ထားသင့်မသင့် စဉ်းစားပေးမယ်လေ .."

ပြန်မတိုင်တော့ပဲနေတော့ခယောင်ယော ...။ ပြန်ပဲတိုင် လိုက်တော့ မယောင်ယောင်ဖြင့် စကားကိုလိုသလို ဟိုထွဲသည်ပို့ဖြင့် ကောင်မလေးကို ကြောက်အောင်ခြောက်လှန့်ပြီးသည့်နောက်မှာ ခုမှ အကဲခတ်ကြည့်ကြည့်လိုက်တော့ ရင်ထဲမကောင်းနိုင် ..။ ရေချိုးခန်းကြမ်းခင်း ကြွေပြားထက်မှာ ရှိုရှိုလေးထိုင်၍ လက်အုပ်ချီမော့ကြည့်နေသည်ကိုး ..။ မျက်ရည်တွေ ကျလိုက်သည်မှ ပေါက်ပေါက်ခဲခဲဖြိုင်နေသည်။ မျက်တောင်ထူထူ ရှည်ရှည်စင်းစင်းလေးတွေမှာလည်း မျက်ရည်တွေ စိုစွတ်နေ၏။ အရိုးအခံဝစ်လေးတွေကအစ လှလိုက်ပါသည့် ကောင်မလေး ..။ လက်လေးတွေက ဖြူဖွေနေကာ လက်ချောင်းလေးတွေ သွယ်လျှက်အဝေစ်ပင်မထင် ...။ အတော်လေးကိုလှသည့် လက်လေး ...။ ထိုလက်လေးတွေဖြင့် သူ့ကို လက်အုပ်ချီထားကာ ကောင်မလေး ဘယ်အချိန်ကတည်းက သူ့ကို အသနားခံမော့ကြည့်နေသည်မသိ ...။ သူကလည်း နောက်ချင်စောဖြင့် နောက်ဘက်ကို တစ်ချက်ငုံမကြည့်ပဲ ကောင်မလေးကို ခြောက်ကောင်းတောင်းဖြင့် ခြောက်လှန့်လုံးတွေ ဆက်တိုက်ပြောနေမိခဲ့ခြင်း ..။ ခုကျတော့ ရင်ထဲမကောင်း ...။ ပြောမိနောက်မိခဲ့သမျှ နောင်တဖြစ်ရသည်။

သူ ရုတ်ခနဲ ထိုင်ချလိုက်သည်ကဖြင့် စိတ်ထဲမကောင်းနိုင်လွန်း၍ပါ ..။ ရင်ထဲမှာ မသက်သာ ..။ နင့်တင့်တင့်ကြီး ဖြစ်နေရသည်။ အရှုံးခံ



ချင်ယ်မလေးကိုမှ သူ အနောက်သန်သွားမိခဲ့သည်ကိုးလေ ..။

"ရှင်လွန်း မှာ မိဘမရှိတော့ပါဘူး ရှင် ... ဖေဖေဆုံးတာလည်း ကြာသေးပါဘူး ... ရှင်လွန်း ကို ဖေဖေက အရမ်းပညာတတ်ကြီးဖြစ်စေချင်တာပါ ... ရှင်လွန်း တို့က ဆင်းရဲပါတယ် ... ဖေဖေ မရှိတော့တာမို့ ... ဘကြီးတွေကလည်း ကျောင်းဆက်မထားပေးနိုင်ပဲ ဖြစ်နေချိန်မှာ ဒီအိမ်ကြီးမှာ အိမ်ဖော်လုပ်ဖို့ ဒေါ်လေးကြွေ ခေါ်လို့ ရောက်ခွင့်ရခဲ့ရတာပါ ... ဘွားမြတ် က ပညာသင်ပေးမယ်လို့ ပြောပါတယ် ... ရှင်လွန်း ပညာသင်ခွင့်ရရင်တော်ပါပြီ .. ဒီမှာ ကျွန်လိုပဲ နေနေရ ... နေနေရ .. နေခွင့်ရချင်ပါတယ်ရှင် ... ဖေဖေက ရှင်လွန်းမေ ဆိုပြီး ... ဘဝမှာလည်း ရှင်သန်နေတဲ့ ... မေ ... ပညာမှာလည်း ရှင်သန်လွန်း တဲ့ မေ ... အသက်လည်းရှင်တဲ့ ရှည်တဲ့မေဆိုပြီး ဒီနာမည် မှည့်ခဲ့တာတဲ့ ... ပြောပြောပြပါတယ် ... ရှင်လွန်းလေ ... ဖေဖေ မျှော်လင့်တဲ့ ပညာတတ်တစ်ယောက် ဖြစ်ချင်ပါတယ် .. ဒီမှာနေမှ ပညာသင်ခွင့်ရမှာပါ ... ဒီမှာနေခွင့်မရှိပဲ အလုပ်ပြုတ်ရင် .. ရွာပြန်ပြီး ကြီးဒေါ်ရဲ့ အကြော်တွေရှာလည်ပြီး ဗန်းရွက်ရောင်းရမှာပါ ... ဖေဖေ ဖြစ်စေချင်တဲ့ ပညာတတ် မဖြစ်ပဲ ... အကြော်သည် ဖြစ်ရမှာပါ ..."

ဦးလည်းချ ...။ တောင်းလည်းတောင်းပန် ...။ ငိုလည်း ငိုဖြင့် ရှင်လွန်းမေ ခယယယ အားငယ်ညှိုးဖျော့ ပြောရှာလေသမျှ သူမျက်တောင် မခပ်နောင်တဖြင့် နားထောင်ရင်း ရင်ထဲမှာ ဘယ်လိုမှ မကောင်းနိုင်တော့ပြီ ...။ ကောင်မလေး၏ လက်လေးကို သူ့လက်ဖြင့် ထွေးဆုပ်သည်။ နောက် ... မျက်ရည်သုတ်ပေးသည်။ ဆံစလေးကို သပ်ပေးမိသည်။ သူ ... ကောင်မလေးကို ခွင့်လွှတ်ကြောင်း သိစေချင်၍ ထိုသို့လုပ်ခြင်း မဟုတ်။ တကယ့်ကို မကြည့်ရက်လွန်း၍ သနားလွန်း၍ လုပ်မိခြင်း ..။

"ငိုလိုက်တာကွာ ... လာ ... လာ ... ကိုကိုနဲ့ လိုက်ခဲ့ ..။ ကိုကို

www.burmeseclassic.com

www.burmeseclassic.com



အဟုတ်တကယ် စိတ်ဆိုးပြောနေတာ မဟုတ်ပါဘူးကွ ... အလကားစ ... နောက်ပြောင်စိတ်နဲ့ ပြောတာပါ ... လာ ... လာ ..."

ရေချိုးခန်းမှ ထွက် ...။ ဘွားမြတ် ၏ အခန်းထဲရှိ ဆိုဖာထက်မှာ တူတူထိုင်တော့ ကောင်မလေး မထိုင်ရဲရှာ ...။ ကြမ်းပေါ်ဆင်းထိုင်ရှာပါ၏။ အစေအပါးဆိုတာကို နားလည်ရှာသည့် ကောင်မလေးကို သူ ကြင်နာသနားစိတ်တွေ ဖြစ်ခြင်းမကလည်း ဖြစ်နေရလေသမျှ ... စောစော က နောက်ပြောင်ကျီစယ်တာလွန်သွားသည့်အတွက်လည်း ကိုယ့်ကိုယ် ကိုယ် အပြစ်ချည်း ဖိတင်နေမိရသည့်အဖြစ် ...။

ဒါကြောင့်လည်း ညီမငယ်လေးတစ်ယောက်ငိုယိုနေတာကို ချော့ မော့သည့် အစ်ကိုကြီးနှယ် ရင်ထဲဖြစ်သွားရရင်းမှ အလိုလို ... သူ့နှုတ် မှ ... ကိုကို ဆိုသည့် အခေါ်တစ်ခုဖြစ်တည်ခဲ့ရခြင်းပါ ...။

"ကိုကို ပြောတာ သေချာနားထောင်နော် ... ကိုကိုကလည်း မိဘမဲ့ ပါ ... ကိုကို ဆယ်နှစ်သားမှာ ဖေဖေနဲ့ မေမေ ပြင်သစ်ကို အလုပ်ကိစ္စ နဲ့သွားပြီး အပြန်မှာစီးလာတဲ့ လေယာဉ်ပျက်ပြီး ဆုံးခဲ့တာ ... ဘိုးရဲ့ လက်ထဲ ကိုကို ကြီးခဲ့ရတာပါကွယ် ... ရှင်လွန်းမေ နဲ့ ကိုကိုက ဘဝတူပါ ... စောစောက ကိုကို ပြောသမျှတွေဟာ စိတ်ထဲကပါ လို့မဟုတ်ဘူး ... စိတ်ဆိုးလို့ မဟုတ်ဘူးဆိုတာ စိတ်ချထား ... ဘွားမြတ် ကိုလည်း ဘာလို့ ကိုကိုက ပြန်တိုင်ရမှာလဲကွ ... အဲသလို ကိုကို ယုတ်မာ တဲ့ စိတ်မရှိပါဘူး ...။ ရှင်လွန်းမေလေး က အရမ်းရိုးသားတာ သိပ်သိ သာတာကိုး ... အပြစ်ကင်းတဲ့ ကလေးလေးကို ခြောက်လှန့်တဲ့ ချစ်စိတ် မျိုးနဲ့ ကိုကို ချစ်စနိုးလေး ပြောမိဆိုမိတာပါ ကလေးရာ ... လန့်ထိတ် လိုက်ပုံများ ... မျက်နှာလေးကို ဖြူဖျော့နေရော ... ကိုကို မှားသွားတယ် ကလေးရယ်နော် ... မငိုနဲ့ ... ဘယ်တော့မှ မငိုနဲ့ .. ကိုကို ရှိတယ်လို့ ရင်ထဲမှာ မှတ်ယူထား ... ဘာအကူအညီလိုလို ကိုကို့ကိုပြော ... ကျောင်း စာအတွက် ... စာအုပ်တွေလည်း ကိုကို ဝယ်ပေးဦးမှာ ... စာကျက် ...



အခန်းထဲ ပထမရအောင်လုပ် ..."

ကလေး စိတ်ချမ်းသာအောင် သူ့ကောက်လျှောက်ပြောခြင်းပါ ...။ ထိုသို့ ပြောတော့လည်း ကလေးလေးနှယ်ပင် အားကိုးတကြီး မော့နား ထောင်ရှာပါ၏။ ပြီးတော့ ... သူ့မှာ မိဘမရှိတော့တာကို သိသွား၍ အင်္ဂ ...။ ကောင်မလေး၏ မျက်ဝန်းတွေမှာ စိတ်ထိခိုက်ရိပ် ...။ စာနာ ခံစားရိပ်တွေကလည်း ပြည့်သိပ်လာကြပြန်သည်။

"ဒီကောင်မလေးဟာ ... သူ့ တစ်ပါးအပေါ်မှာ ... သနားစာနာ စိတ်ရှိတတ်တဲ့ သဘောဖြူ အနွစ်လေးပါလား ..."

ဟု နားလည်လိုက်ရသည်ပါပဲ ...။

"ဟော့ ... မျက်ရည်က စိမ့်ကျနေတုံးကို ... နေ ... နေ .. ကိုကို သုတ်ပေးမယ် ... ကိုကို့ကိုကြည့်စမ်း ... သေချာလည်း နားထောင် ... ဒီနေ့မှာ .. ကိုကို့အတွက် .. ညီမလေး တစ်ယောက်ရတဲ့နေ့ဖြစ်တယ် .. ညီမလေးအတွက်က ကိုကိုတစ်ယောက်ရတဲ့ နေ့လို့ရင်ထဲစွဲထား ... ဒီအိမ်ဆိုတာက ... ကိုကိုငယ်ကတည်းက နေ့တိုင်း ဝင်ချင်သလိုဝင် ... ထွက်ချင်သလိုထွက်တဲ့အိမ် ... မနေ့က .. ကိုကို့ မိတ်ဆွေတစ်ယောက် ရဲ့ ဓာတ်လာပွဲနေ့မို့ ... ဟိုမှာ အချိန်ကုန်သွားတာနဲ့ ဒီဘက်မရောက်ဖြစ်လို့ ရှင်လွန်းမေနဲ့ ကိုကို ... မဆုံဖြစ်လိုက်ရတာ ... မနေ့ကမှ ညည်းလေးက ဒီအိမ်ကို ရောက်လာရသကိုးကွ ... အရင်တစ်ရက်စောရောက်ပါလား ... ဒါနဲ့ စောစောတွေ့ဖြစ်တာပေါ့ ... အရင်ရက် ကိုကို စံရိပ်ငြိမ်မှာ ညစာ ထောင် စားလိုက်သေးတယ် ..."

ကောင်မလေး အကြောက်ပြေအောင် သူ့တရင်းတနှီးနိုင်စွာလည်း ပြောသည်။ တကယ်လည်း အစ်ကိုတစ်ယောက် အားကိုးရာရစေမည့် စကားကိုလည်း ရင်ထဲက ခံစားရာအတိုင်း သူ့ရင်ကိုနှစ်၍လည်း ပြော သည်။ ကောင်မလေး မော့၍ သူ့ကိုကြည့်ရှာ၏။ အကဲခပ်သလိုလည်း အတန်ကြာသည်။ သူပြုံးလိုက်ကာ ...။

www.burmeseclassic.com



"ဒါကကယ်ပြောတာပါ ရှင်လွန်းမေ ရ ... မင်းအတွက် ကိုကို တစ်ယောက် ဒီနေ့ရပြီလို့မှတ် ... ကံကောင်းတဲ့နေ့လို့မှတ် .. ကဲ .. ကိုကိုတို့ သင်းကြမယ် ... ဒေါ်ကြီးမေ ကို ကော်ဖီဖျော်ခိုင်းမယ် ... ကိုကိုတို့ တူတူသောက်ကြတာပေါ့ ..."

သူ ပြောပြောဆိုဆို ထရပ်တော့ ရှင်လွန်းမေ နောက်ပါးမှ ရှိရှိလေး လိုက်ရပ်သည်။

"ကော်ဖီက ... ကိုကိုပဲသောက်ပါ ... ရှင်လွန်းမေ က အစေခံပဲ ဥစ္စာ ... ကော်ဖီကို ညီသည်ကိုကိုနဲ့ တူတူသောက်လို့မရပါဘူး ... အစေခံဆိုတာ ... အစေခံနေရာမှာပဲ နေရမှာပါ ကိုကို ... ဘွားမြတ် က ပြောထားတယ် ... ရှင်လွန်းမေ ဆိုတာ ဘယ်နေရာမှာ ရှိတယ်ဆိုတာ သိဖို့ပဲ လိုတယ်တဲ့ ..."

ဟု တိုးတိုးလေး ပြောတော့ သူ ရင်ထဲထိနိုက်ရပါပြီ ...။ သြော် ... အရွယ်လေး နုနုငယ်ငယ်ဖြင့် ... မတန်တဆ လောကဓံတရားကြီးကို ရင်ဆိုင်နေရရှာသည့် မိန်းကလေး ...။ ရုပ်ကလေးက ရွှေရည်ဇန်း ဆက်လှသည့်အလှ ...။ ဒါပေမယ့် ... ဘဝကဖြင့် မလှရှာ ...။ ခမျာ ... ဝညာသင် ချင်ရှာ၍ သူတစ်ပါးထံမှာ အစေအပါးအဖြစ်လာနေရှာသည်။ သူ့မှာ မိဘမရှိတော့ပေမယ့် ဘိုးဘိုးရှိသည်။ ချမ်းသာခြင်း ဂုဏ်ရှိသည်။ အင် ဂျင်နီယာတစ်ယောက်ဖြစ်နေပြီ ...။ ဘွားမြတ်၏ စံရိပ်ငြိမ် အိမ်ရာ ဆောက်[illegible]ပ်ရေးလုပ်ငန်းဆိုတာက ဘိုးနှင့် စပ်တူတည်ထောင်ထားသော လုပ်ငန်း ...။ ထိုလုပ်ငန်းမှာ သူလည်း အင်ဂျင်နီယာတစ်ယောက်အဖြစ် တာဝန်ယူနေသည်။ ဘဝက .. အစစ အဆင်ချောနေချေသည်တည့် ...။ ကောင်မလေးခမျာ ထိုသို့ မဟုတ်ရှာ ...။ အားကိုးရာ ပျောက်နေသည့် ခံစားချက်တွေ စွန်းထင်းနေသည့် မျက်နှာညိုးဖျော့ဖျော့လေးသည် ရင်ထဲမှ ခံစားချက်များကို မြင်သာနေစေသည့်အဖြစ် ...။

သူ ... သက်ပြင်းရှိုက်မိသည်။ ဟုတ်သည်။ ကောင်မလေးနှင့် ကော်ဖီ



တူတူသောက်မည်ဟု လွှတ်ခနဲ စောစောက သူပြောမိခဲ့သည်။ ဒါပေမယ့် ... ထက်တွေ့မှာ ... ထိုအဖြစ်မျိုးကို ဘ[illegible] လက်ခံမှာ မဟုတ်တာကို ကောင်မလေးက သူ့ထက် အရင်သိနေသည်။ ပြောနေပြီ။ သူ ... နှုတ်ဆက်မပြောပါ ...။ ကော်ဖီတူတူမသောက်ဖြစ်မည့်အတူတူ ...။ ကောင်မလေးရှေ့မှာလည်း သူ အရသာခံ၍ ကော်ဖီထိုင်သောက်ချင် စိတ်မရှိ ...။ ထိုခံစားချက်ကလည်း သူ့အတွက် ဆူးဆန်းနေသည်။ ဟုတ်သည် ... ကောင်မလေးရှေ့မှာ သူ ကြွားကြွားဝါဝါကြီး မနေချင် ...။ မနေရက် ...။ လူချမ်းသာအချိုးဖြင့် စတိုင်ကျကျထိုင်၍ ကော်ဖီတစ်ခွက်ကို သောက်ပြသလိုကြီး ဖြစ်သွားမှာ သူ ခံနိုင်ရည်မရှိ ...။ ကောင်မလေးအပေါ် ညှာမှုအထိ သူသည် အချိန်တိုတစ်ခုအတွင်းမှာ စာနာစိတ်ဖြစ်နေဘာ ကိုက ... သူ့အတွက် ဆန်းနေသည်။ အဘယ်မိန်းကလေးအပေါ်မှာမှ ထိုသို့ သူလိုက်သနားနေတာမျိုး ... ။ စာနာနေတာမျိုး မရှိခဲ့စဖူး ...။ မဟုတ်သေး ...။ ပို၍ လေးလေးနက်နက် တွေးပေးရမည် ...။ ဟုတ်သည်။ သူသည် ... ဤကလေးမလေးအပေါ်မှာ မျှဝေခံစားပေးနေတတ်သည့် သူတစ်ယောက်ဖြစ်နေချေသည်ကော ... ဟု ကိုယ့်ဘာသာကိုယ် .. နား လည်လာရသည်။ ကိုယ့်ခံစားချက်ကို ကိုယ်ပြန်၍ ဖတ်မိလာရပြီ ...။

ခါတိုင်းနေ့များလို ... စံရိပ်ငြိမ်မှာ ဒေါ်ကြီးမေ သားရောက်၍ ... စားချင်တာ ပူဆာပြီး ကလေးတစ်ယောက်လိုပေါ့ပါးစွာ စကားတပြော ပြောဖြင့် စားလိုက်သောက်လိုက် ... လေပစ်လိုက်ဖြင့် လုပ်ရမှာ ဤနေ့ တွင် ပျောက်ဆုံးနေသည်။ ကောင်မလေး၏ ဆံစလေးကို ပူသပ်ပေးမိ ၏။ ဆံတောက်က အုပ်လုံးမသိမ်းရသေးသည့် ဆံထောက်ဖားဖားမျိုး ...။ ဤမြင်ကွင်းမျိုး ရန်ကုန်မှာ အဘယ်မိန်းကလေးမှာမှ သူ ယခင်က မမြင်စဖူး ...။ ဆံထုံးလေးကလည်း ဆံပင်ထူထူကို သုံးဖွဲ့ထားတာမို့ ဖုံ့ဖုံ့အုံ့အုံ့ရှိသည်။ ဆံတောက်ဆံထုံးနှင့် ကောင်မလေး ...။ ဒါပေမယ့် အဖေဆုံးစ သမီးလေးပေမို့လားမသိ ...။ ဆံထုံးထက်မှာ ပန်းမရှိ ...။

www.burmeseclassic.com

www.burmeseclassic.com



မျက်နှာထက်မှာ သနပ်ခါးမရှိ ...။ အကြောမျှင်လေးတွေ ရှိးရိပ်ထင်မှု အသားလေးက ဖြူဥဥနုဖန့်ဖန့်ရှိလှသည်။

"တောက် ... ဒီလောက် နုနုငယ်ငယ်လေးနဲ့ကွာ ... အဖေဆုံးသွားရတယ်လို့ ... ခမျာ ... အားငယ်ရှာမှာ ... ရုပ်ကလေးလှလိုက်ပုံများကလည်း ဖြစ်မျိုးမှ မထင် ဆိုတဲ့အလှမျိုး ... ဒီကောင်မလေး .. ဘွားမြတ်လို စည်းကမ်းကြီးတဲ့ အအုပ်အထိန်းအောက်မှာ ရှိရမယ့် ဒီအိမ်မျိုးမှာ ရောက်လာရ ... နေလာရတာကိုက ... ကံတော့ကောင်းပါတယ်လေ ..."

ဟု သနားစိတ်ကို .. ဖြေသိမ့်စရာလေး ရှာကြံတွေးပြီး သူ့အခန်းမှ ထွက်၏။ တစ်ယောက်တည်းတော့မထွက် ... ကောင်မလေးကို လှည့်ကြည့်၍ ...။

"ကော်ဖီတူတူမသောက်ဖြစ်ပေမယ့် တူတူတော့ အောက်ထပ် ဆင်းကြဖို့ ဖြစ်ပါတယ် ကောင်မလေး ရ ... လာ ..လာ ..."

ဟု စောင့်ခေါ်မိသည်ကိုက ... သနားစိတ်ဖြင့်ပါ ...။

ခြော် ... မျှဝေခံစား သနားစိတ်ဖြင့်ပါတကား ...။



## အခန်း (၆)

"အညောင်းပြေပါပြီ ရှင်လွန်းမေ ... ညည်း ရဲ့ ခေါ်ကြီးမေ ကို မီးပူလေးဘာလေး တိုက်ကူလိုက် ... ဘွားမြတ် ဘုရားခန်းဝင်ဦးမယ် ... ကဲ ... ကဲ ... နားတော့ ..."

ဘွားမြတ် ကို နှိပ်ပေးနေရာမှ ရှင်လွန်းမေ ခုတင်ထက်မှာ တင်ပါးလွှဲလေးထိုင်နေရာမှ ကြမ်းပေါ်ပြောင်း၍ ဆင်းထိုင်သည်။ ဘွားမြတ်ကို ကန်တော့ရပါ၏။ ဤသည်က ... ဘွားမြတ် ထမင်းစားပြီးချိန် ခုတင်ထက်မှ လှဲလျောင်းနားချိန်မှာ ညပိုင်း၌ ရှင်လွန်းမေ ဘွားမြတ်ကို နှိပ်ပေး ...။ ပြီးလျှင် ခုလိုပဲ ကန်တော့စမြဲပါ ...။

"အင်း ... သာဓု ... သာဓု ... သာဓုပါ အေရယ် ... ညည်းလေး လိမ္မာတာမို့ ငါလည်း စိတ်ချမ်းသာရတာပေါ့လေ ... ကျောင်းတက်ရတာလည်း အဆင်ပြေရဲ့မဟုတ်လား ... ကျောင်းစရိတ်ဖိုး ... စာအုပ်စာတမ်းကိစ္စကအစ ... လိုသမျှ ညည်းတောင်းနိုင်ဖို့ရာအတွက် မယ်မေ့ကို ငါ ငွေပေးထားတယ် ... အဲဒါ ... ယူသုံး ... သုံးသမျှ စာရင်းလည်း မယ်မေ့ ကိုပြ ... နားလည်ရဲ့လား ... မုန့်ဖိုးပေးတာက သပ်သပ် ... ညည်းစုချင် စု ... သုံးချင်သုံး .. အေ ... စာအုပ်ဖိုး ဘောလ်ပင်ဖိုး ... အစစကိစ္စကျတော့ ... စနစ်တကျရှိဖို့လိုတယ် ... လိုတာကို မယ်မေ့ဆီမှာ တောင်းသုံးလိုက်ရုံနဲ့ မပြီးဘူး ...။ စာရင်းပြန်ပြဖို့ရာ အရေးကြီး

www.burmeseclassic.com

www.burmeseclassic.com



တယ် ... ဒါက ... စာရိတ္တပိုင်းမှာ စာရင်းဖျောက်အင်းဖျောက်လုပ်တတ်တဲ့ အကျင့်မျိုး ခုကတည်းက ကင်းအောင် ပုံသွင်းပေးတာ ရှင်လွန်းမေ .. နားလည်ရဲ့လား"

ဘွားမြတ် ဆိုတာက မျက်နှာထားကြီးတင်းချိကာ ဟန်တင်းမာန်တင်းမှုရှိပေမယ့် .. တကယ်တမ်းကျတော့ စိတ်ရင်းကောင်းကြီးဆိုတာ ရှင်လွန်းမေ ကြာလေသိလာရလေပါ။ တကယ်တမ်းကျတော့လည်း ရှင်လွန်းမေ ကျောင်းနေသည့် ကိစ္စအစစ ဘွားမြတ် တာဝန်ကျေသည်ပါပဲ။ ဘွားမြတ်ကို တရိုတသေထား၍ ဂရုတစိုက်နင်းနိုင်ပေးတာကိုလည်း အသိအမှတ်ပြုပေးသည်။ မျက်နှာသာပေးတာမျိုးတော့မရှိ ...။ မျက်နှာကတော့ တည်တည်ပဲအမြဲရှိတတ်ပေမယ့် ...။ စိတ်စေတနာပိုင်းမှာ တာဝန်တကယ့်ကိုကျေသည့် ဘွားမြတ် ဆိုတာ ရှင်လွန်းမေ သိလာရလေလေ ...။ ဘွားမြတ် ကို ပို၍ ရိုသေရလေ ...။ ကျေးဇူးကြီးလှချေသည်ကောဟု ရင်ထဲစွဲထားရလေပါ ...။

ဘွားမြတ် သောက်နေကျ ဆေးပုလင်းလေးကို ဖွင့်၍ ဖန်ခွက်ထဲမှ ရေကို ဖန်ခွက်ထဲထည့် ...။ ဆေးထုပ်၍ ဘွားမြတ် ကို တရိုတသေ တိုက်တော့ ဘွားမြတ် သောက်ပါ၏။

"အသက်ရလာတော့လည်း ... ဆေးလေး ဝါးလေးတော့ အားကိုးမှီခိုရတယ်လေ ... ကဲ .. ကဲ .. သွားတော့ ... သွားတော့ လုပ်ကိုင်ကူပြီးရင် ကျောင်းစာလေးဘာလေး ကျက်ချေဦး ... ရွာကျောင်းမှာ ညည်းအဆင့်မနိမ့်ဘူးဆိုပေမယ့် ... ဒါပေမဲ့ .. မြို့ကြီး ကျောင်းကွယ် ... စာညံ့တာ မကောင်းဘူးနော် ... အနည်းဆုံး အလယ်အလတ်လောက်တော့ အတန်းရှိအစ်တယ်ကွယ် ... ဒေါ်မြတ်သူ အိမ်က ကားနဲ့ ကျောင်းလာတက်တဲ့ ကောင်မလေးက စာညံ့တယ်ဆိုတာမျိုးတော့ ငါက သိပ်အဖြစ်ခံချင်တာမဟုတ်ဘူး ... မျက်နှာပျက်စရာတစ်ခုလို့ ငါမာနက မှတ်ယူသကွယ် ... နားလည်ရဲ့လား ..."

ဟု ပြောလာတော့ ရှင်လွန်းမေ ခေါင်းလေး ညိတ်ပြရသည်။ ဘွားမြတ် တို့တော့ ရင်ထဲမှာရှိန်သည်။ လန့်သည်။ စိတ်ထဲ အခန့်မသင့်မှာကိုလည်း အမြဲလန့်သည်။ ဘွားက ... ရွာပြန်ဟဲ့ ... ဟု တစ်ခွန်းထဲပြောဆုံးဖြတ်လိုက်တာနှင့် ရှင်လွန်းမေ ၏ ပညာရေးခရီးစဉ်လည်း လမ်းစပျောက်ရမည်။ လမ်းစတုံးရမည် ...။

"ဒါပေမယ့် ... ငါ စာသင်ခွင့်ရကောင်းစေဆိုပြီး ဘွားမြတ် ကို ခုလို ခြေဆုပ်လက်နယ်ပြုစုတာ မဟုတ်ဘူးဆိုတာတော့ ငါ့ကိုယ်စောင့်နတ်တွေ သိပါတယ်လေ ... ကျေးဇူးရှင်ပေမို့ ... ပြုစုချင်စိတ်နဲ့ကို ပြုစုရတာပါ ..."

ဟု ကိုယ့်လိပ်ပြာသန့်သည့်ကိစ္စလည်း ထည့်တွေးမိရသည်ပါပဲ ...။ ဘွားမြတ် ၏ အခန်းမှ ထွက်ခဲ့ကာ အောက်ထပ်ဆင်း၍ ဒေါ်ကြီးမေဆီရောက်ရပြန်သည်။ မနက်ဖန်မနက်စာအတွက် ကြက်သွန်ဖြူနွှာ ...။ အသီးအရွက်လှီးသင် ...။ ရေခဲသေတ္တာထဲသီးသန့်ဘူးတွေဖြင့် ဒေါ်ကြီးမေ ထည့်တတ်တာမို့ ...။ ခုလည်း ရှင်လွန်းမေ လုပ်ကိုင်ကူရသည်။

"မနက်ဖြန် ဘရိတ်ဖတ်စ်ကို ထမင်းကြော်ကြော်ရမယ်လေ ...။ ဘွားမြတ်က အဲဒါ စားချင်တယ်တဲ့ .. ဒါကြောင့် မုန်လာပွင့်ရယ် ... မုန်လာဥနီရယ် .. ပဲသီးရယ် ... ဂေါ်ဖီထုပ်ရယ်ကို ခုကတည်းက ဆေးကြောလှီးသင်ထားရမယ်ကွယ့် ... မနက်ကျတော့ ဘွားမြတ် က စောစောစားတတ်တာ ... ထမင်းကြော်ရယ် .. ကြက်ဥပြုတ်ဖရိုက်ရယ် ... နွားနို့ ပူပူတစ်ခွက်ရယ် ... အဲဒါ ... စားချင်သောက်ချင်တယ်တဲ့ ... အင်း ... ဘွားမြတ် ဆိုတာကလည်း ... တစ်ဦးတည်းသမီးဖြစ်ခဲ့တာ ... ရုပ်ချောဥစ္စာပေါ ... ပညာတတ် အိမ်ထောင်ကို မပြုပဲ အပျိုကြီးဘဝနဲ့ နေခဲ့ရတာ ... ဒီအရွယ်သာရောက်ရော ချမ်းသာဂုဏ်ရှိန် ... မာနဂုဏ်ရှိန်တွေနဲ့ ရှိနေပေမယ့် ... တကယ်တမ်းကျတော့ အထီးကျန်ရှာပါတယ် ရှင်လွန်းမေရယ် ... ဆွေမျိုးသားချင်းရယ်လို့လည်း မရှိဘူးလေ ... ဆွေသားမျိုးအားလည်း နည်းရှာတယ် ... ဒေါ်ကြီးမေ တို့က ဘွားမြတ် ကို ဂရုစိုက်ရမှာ ... အရွယ်တင်ပေတယ်လို့တော့ ပြောရမှာပဲ ... ခုထိ ဆံပင်မဖြူ ...



www.burmeseclassic.com

www.burmeseclassic.com



သွားမကျိုး ... ပါးရေနားရေမတွန့်တာတော့ အဟုတ်ကံကောင်းတဲ့ အကျိုးပေးအေရဲ ...''

ဟု လုပ်ရင်းကိုင်ရင်း ပြောနေတော့ ရှင်လွန်းမေ ငြိမ်နားထောင်သည်။ ရေဆေးလှီးသင်ထားရာ ပဲသီးလေးတွေကို ပလတ်စတစ်အကြည်ဘူးထဲ ရှင်လွန်းမေ ထည့်နေရပါ၏။

"အေး ... မောင်ကြည် ပြောတယ်နော် ... ညည်းလေးကိုလည်း လူတွေက တယ်ကြည့်ကြသဆို ... ဆံတောက်ဖားဖားနဲ့ ရှိတာလည်း အဆန်းတစ်ခုဖြစ်နေတာ မှန်ပေမယ့် ... ညည်းလေးချောတာကလည်း မှန်အိဝင်းစင်နေတာဆိုတော့ ... ကျောင်းသားလေးတွေကလည်း ငေး ... ကျောင်းသူလေးတွေကလည်း ငေးကြသဆို .. အေးလေ .. ညည်းဖလားလို ... လွယ်အိတ်လေး ရိုးရိုးလွယ် ... ဆံတောက်ဖားဖား ... ဆံထုံးပုံ့ပုံ့နဲ့ ကောင်မလေး မြင်ရခဲတဲ့ကိစ္စပေကိုးကွယ် ... ခုခေတ်က ကျောပိုးအိတ် လှလှလေးတွေနဲ့ ကျောင်းတက်ကြတာက အစဉ်အလာတစ်ခုလိုတောင် အသားတကျ ဖြစ်နေတာလေ့ ... ပြီးတော့ ... ဆံပင်လေးတွေကျစ်တဲ့သူကကျစ် ... ခတိုလေးနဲ့ ရှိသူကရှိတဲ့သူတွေ ကြားထဲမှာ ... ညည်းလေးက ဆံတောက်မေ ဖြစ်နေသကိုး ...''

ဟု ပြောနေတော့ ရှင်လွန်းမေ ၏ လက်လေးက ဆံတောက်ဖားဖားကိုလည်း ထိသည်။ ဆံသုံးပုံ့ပုံ့အိအိနက်နက်ကြီးကိုလည်း ထိသည်။

"ရွာကျောင်းမှာဝှးက ... ရှင်လွန်း ကျောင်းတက်ရင် ... ပါးကွက်လေးနဲ့တက်တာ ဒေါ်ကြီးမေ ရဲ့ ဖေဖေက ခြံထဲက ပန်းလေးခူးခူးပန်သွားဖို့ အမြဲပြောကာ ... စံပယ် ပန်တယ် ... နှင်းဆီ ပန်တယ် ... ဇီဇဝါပန်းမွှေးမွှေးလေးလည်း ပန်တဲ့အခါပန်တယ် ... မေမေက အလွန်ပန်းကြိုက်တာတဲ့ ... ဖေဖေ ပြောပြတာလေ ... ရှင်လွန်း ကတော့ ငယ်ကတည်းက မေမေ မရှိတော့တာမို့ ... မေမေ့ ကို ဓာတ်ပုံထဲပဲတွေ့ဖူးရ ... ကန်တော့ရတာ ... မိဘဆိုးဆိုပြီး ဖေဖေက အလွန်သနားချစ်ရော .. ချစ်ရှာတာ ...''



ပြောပြနေရင်း ဖေဖေ့ကို လွမ်းရသည်။ မျက်ရည်စို့ရသည်။ ဒါပေမယ့် မျက်ရည်မချရဲ။ တော်နေ ... ဘွားမြတ် ဆင်းလာလျှင် အိမ်ကြီးထဲမှာလာ၍ ငိုငိုယိုယိုလုပ်သည်ဟု မကြည်မဖြူ ဖြစ်လျှင် အခက် ...။ လည်ချောင်းလေး တနင်နင်ဖြင့် မျက်ရည်ထိန်းနေသည့် ရှင်လွန်းမေ ကို ဒေါ်ကြီး ငေးကြည့်ရာမှ သက်ပြင်းရှိုက်သည်။ ဘာပဲဖြစ်ဖြစ် ရှင်လွန်း အတွက်ကတော့ ဒေါ်ကြီးမေ ရှိနေခြင်းသည် ရင်ထဲမှာခံစားရာကို တိုင်တည်ပြောပြစရာအခွင့်အလမ်းလေးတစ်ခု ကံကောင်းစွာရလိုက်သည်ဟုပဲ မှတ်ယူမိရသည်ပါပဲ ...။

"ဖေဖေ ဆိုဆိုပြတဲ့ သီချင်းရှိတယ် ဒေါ်ကြီးမေ ရဲ့ ... ဖေဖေက အသံကောင်းရယ် ... ကျောင်းပိတ်ရက်ဆို ... နေ့လယ်ဘက် လယ်တဲထိအရောက် ရှင်လွန်း ထမင်းပို့ရောက်တယ် ... သားအဖနှစ်ယောက် ထမင်းတူတူစားတယ် .. စားပြီးရင် ... ရှင်လွန်း က လယ်တဲရဲ့ နောက်ဖေးတပြင်လေးမှာ ပန်းကန်လေးချိုင့်လေး ဆေးကြော ... ဖေဖေကတဲရှေ့မှာ ဆေးလိပ်လေးဖွာပြီး လယ်ကွင်းထဲက စပါးတွေကို ငေး ... အဲသလိုရှိရင်းက ... သီချင်းကောက်ဆိုပစ်တတ်တာ ...''

ဖေဖေ့ကို လွမ်းစိတ်ဖြင့် ရှင်လွန်းမေ ပြောနေမိရင်း ဖေဖေ့ ပုံရိပ်က ရှေ့မှာလာထင်သည်။ လယ်တဲကလေးကို ပြေးမြင်သည်။ လယ်ကွင်းကြီးကို မြင်ယောင်လာမိရသည်။ ပြီးတော့ ... ပြီးတော့ ... ဖေဖေ့ သီချင်းသံက ရုတ်ခနဲလွင့်လာသည့်နှယ် ရှိလာရပါ၏။

"ညည်းအဖေက လူချောပေပဲ ... ညည်းလေး ညညကန်တော့အိပ်တဲ့ စုံတွဲရိုက်ထားတဲ့ မိဘပုံထဲကဖြင့် ... အဖေချော ... အမေချော တိုးကွယ် ... ကဲ ... ကဲ .. ဆိုပြစမ်းပါအေရယ် ... ငါကလည်း တောသူပေမို့ ... ရွာအလွမ်းလေးတော့ ရင်ထဲကျန်နေသေးသကိုး ... ကြားချင်စိတ်ရင်ထဲတိုးလာသကွယ့် ... ဆိုစမ်းပါအေရယ် ... ရွာအလွမ်းပြေစေးရယ်ပေါ့ ...''

ဟု ဒေါ်ကြီးမေ ခမျာ တကယ်ပဲ ရွာလွမ်းပုံကြီးဖြင့် ပြောလာတော့

www.burmeseclassic.com

www.burmeseclassic.com



ရှင်လွန်းမေ ငေးကြည့်မိသည်။ ဘယ်အရွယ်ကများ ဤစံရိပ်ငြိမ်အိမ်ကြီးမှာ စရောက်သည်မသိ …။ ဒေါ်ကြီးမေသည် နှစ်များစွာ ကြာပေမယ့် ရွာသူ့အလွမ်းဆိုတာ ရင်မှာကျန်နေဆဲရှိဟန်တူ၏။ ရှင်လွန်းမေ ပြတင်းအနီးမှာ သွားရပ်မိသည်။ လမင်းကြီးက ထိန်ထိန်သာ၏။ တိမ်တစ်အုပ်က ရွက်တစ်ချပ်နှင့်နေသော လှေအုပ်ကြီးနှင့်တူနေသည်။ ဪ … တောင်းကင်ဆိုတာ ရွာရှိ တဲအိမ်လေးဆီမှပဲ မော့ကြည့်ကြည့် … ချမ်းသာရာအိမ်ကြီးဆီမှပဲ မော့ငေးငေး …။ ကောင်းကင်လည်းတူသည်။ လမင်းသည်လည်းတူသည်။, လသာသော ညများမှာ တိမ်တွေရှိနေတတ်တာလည်း တူသည်။ ကြယ်တွေ လင်းလဲ့နေတာမြင်ရတာလည်း တူသည်။ တောင်းကင်၏ အလှက ညများမှာ မပြောင်းလဲ …။

ရှင်လွန်းမေ ၏ ရွာမှ စပါးခင်း၏ လေတိုးသံကို ပြန်ကြားလာရသည်။ လယ်ကွင်းမှာ … ည … ည … မှာ … စပါးခင်း လေတိုးသံဆိုတာက ပို၍ ထင်းထင်းပပရှိနေတတ်သည်ပဲ …။ ရွာမှာ အိမ်လေးကို ပြန်မဆိပ် ဖြစ်ပဲ …။ လယ်တောထဲက တဲအိမ်လေးမှာ ဖန်မီးအိမ်လေးထွန်းပြီး နေဖြစ်တတ်ကြတာကတော့ စနေ တနင်္ဂနွေကျောင်းပိတ်ရက်ဆို … သောကြာညကတည်းက ဖြစ်ခဲ့တတ်သည်ချည်း …။ တနင်္လာနေ့မနက်စောစောထ …။ အမေ့အတွက် ထမင်းပါချက် …။ ကျောင်းထမင်းဘူးယူ၍ သွား …။ ဒါ … ပျော်စရာနေ့များ …။

"ရိုးတလျှောက် … ဖြိုးမောက်ပါတဲ့ လယ်ပတူ … အရွက်ချွန်း … ကစွန်းပုံဖွန့်စာနှင့် … လွှံ့တရာကညို့ပေါ်တယ် … တောဖြစ်လို့ထူ … မှိုနတို ငွေရောင်ပြောင်ယ်နှင့် … ရွှေကနဖော့ ကြာရိုးဖြူ … ချိုးယူလို့မကုန်ခန်း၊ … ပတ္တမြားရောင် … ဖားကဖောင်သံလွှင်နှင့် … ရွှေသံပင်ရှုပ်မရှင်းတယ် … ကွင်းပြည့်မခန်း …"

ရှင်လွန်းမေ သီချင်းလေ ဆိုပြလိုက်မိရပါပြီ …။ စိတ်သည် ရွာသို့ရောက်၏။ ဖေဖေ့ထံ လွင့်၏။ လရောင်လွှင်သော ညတစ်ညဆီသို့ မျောသက်၏။ နောက်တော့ … ဪ … နောက်တော့ … မျက်ရည်စို့ရချေ



သည်တည့် …။ အမေလွမ်းတောတစ်ပုဒ်အဖြစ် ရင်ထဲမှာ ရှိုက်နေရပါလေသည့် တေးကိုဆိုပြရချေသည်ကိုး …။

"အင်း …"

ဒေါ်ကြီးမေထံမှ သက်ပြင်းချသံ တိုးတိုးပွင့်ကျလာသည်။ ရှင်လွန်းမေဆီးမှာ လာရပ်သည်။ ညမှုခင်းကိုလည်း ခပ်ငေးငေးကြည့်၍ ငြိမ်သက်နေ၏။ ကြည့်ရတာ … ဒေါ်ကြီးမေ လည်း ကျန်ခဲ့ရာ ဇာတိရွာလေးထို လွမ်းနေပြီထင့် …။ မျက်ဝန်းသည် ရီဝေဝေရှိချေ၏။

"လွမ်းသကွယ် … ရွာဆိုတာ လွမ်းစရာတစ်ခုအဖြစ်ပဲ ငါ့မှာရှိခွင့်ရတော့တာ … ပြန်စရာအိမ်ရယ်လို့လည်း မရှိတော့ပါဘူးလေ … ငါ … စံရိပ်ငြိမ်ရောက်တော့ ညည်းထက်နည်းနည်းကြီးတယ် … ညည်းလိုပဲ မိမဲ့ဖမဲ့ မယ်မေ့ ဘဝနဲ့ ပါပဲလေ … ငယ်မွေးခြံပေါက်လိုပဲ ဒီမှာဖြစ်ခဲ့တာ ဒီတစ်သက်ပါပဲ … ရွာက အိမ်လေးကတော့ အဘရဲ့ညီပဲ ဆက်နေလိုက်တာပါပဲ … တဲသာသာလေးပါအေရယ် … မက်စရာရယ်လို့ ချမ်းသောင့်ချမ်းသာအိမ်တစ်လုံးရယ်လို့ တန်ဖိုးမကြီးပေမယ့် … အဲဒီတဲလေး နုထိလွမ်းတုံးပါပဲ … ဦးလေးလည်း မရှိတော့ပါဘူး … သူ့သားသမီးတစ်အုပ်ပဲ အဲဒီအိမ်လေးမှာ ဆက်နေကြလေရဲ့ … ငါကလည်း ဒီမှာ အသားတကျရှိနေတော့ … အဲဒီ ခြံလေးဝင်းလေး … အဲဒီတဲအိမ်လေးကို သူတို့ လက်ထဲကပြန်လည်းမယူတော့ပါဘူး … ခမျာများဆင်းရဲကြရှာသလေ … မနှစ်ကတော့ ရွှေတိဂုံဘုရားဖူးဆိုပြီး ဦးလေးရဲ့သမီး ငါ့တစ်ဝမ်းကွဲ ညီအစ်မနှစ်ယောက် ရန်ကုန်ရောက်ကြတော့ … ငါ့ဆီလာကြရှာတယ် … ခြံဝင်းကြီးထဲတောင် မဝင်ရဲကြရှာပါဘူး … ခြံပြင်ကပဲရပ် … မောင်ကြည် နဲ့တိုးတော့ ငါ့ခေါ်ခိုင်းပြီး တွေ့ချင်တာလည်းလာတွေ့ … အိမ်လေးခပ်ငယ်ငယ်တစ်လုံးခြံထဲမှာ အဲဒီ ရှိရင်တဲလေးဖျက်ပြီး ဆောက်ချင်တာလည်း ခွင့်ပန်တော့ … ငါ ခွင့်ပြုလိုက်ပါတယ် … အိမ်ထဲခေါ်ဝင် … ထစ်ခုခုစားပါဆိုတာတောင် … မဝင်ရဲကြရှာပါဘူးလေ … ခမျာများ သိမ်ငယ်ကြရှာပါတယ် … သူတို့ကို အိမ်

www.burmeseclassic.com



ဆောက်ခွင့်ပြုလို့ ကျေးဇူးတင်ကြလေရဲ့ ... အုန်း ... ခုထိ ... အဲဒီ ခြံရယ် ဝင်းရယ် ... အိမ်လေးရယ်ကို ... သူတို့ ပစ္စည်းရယ်လို့ကို မသတ်မှတ်ကြရှာတာကိုက ... ရိုးသားဂုဏ်ရှိကြတာပေါ့အေ ... ငါကလည်း ပြောလိုက်ပါတယ် ... နင်တို့ပဲ ... အပိုင်မှတ်ယူလိုက်ပါလို့ .."

ရွာအလွမ်းကို စကားရှည်ကြီးဖြင့် ဒေါ်ကြီးမေ ပြောနေခိုက် ရှင်လွန်း ငြိမ်၍ နားထောင်နေမိရပါ၏။ ရွာမှာကျန်ခဲ့ရာ အိမ်လေးနှင့် ခြံဝင်းလေး ...။ လယ်ကွင်းလေးကိုလည်း ဘကြီးပဲ ဆက်၍ထိန်းသိမ်းလုပ်ကိုင်စားသောက်နေသည်ပါပဲ ...။ တကယ်တော့ လယ်လုပ်၍ရသည့်အထဲက ဖြစ်ဖြစ် ... ရှင်လွန်းမေ ကို ကျောင်းလေးထားပေး၍ ရနိုင်သည်ပဲလေ ... ဟု တစ်ခါ တစ်ခါတော့ ရင်ထဲကြေကွဲချင်သည်။ ဒါပေမယ့် ... ခက်သည်က ... မိုးလေဖျက်၍ လယ်ပျက်လျှင် ... ထည့်သည့်အရင်းပါ ရော၍ပါသွားတတ်တာကလည်း ရှိသည်မို့ ...။ နောက်ဆုံးတော့လည်း ခုလို ... စံရိပ်ငြိမ်မှာ အိမ်ဖော်လုပ်ရင်း ကျောင်းတက်ရမည့်ကိစ္စက ပို၍သေချာသည့် ကံတရားဟု ရင်ထဲမှတ်ယူခံစားလိုက်မိရသည်ပါပဲ ...။ ထိုသို့ တွေးလိုက်လျှင် ရင်ထဲနေသာ ဖြေသာသည်။ ဘကြီးအပေါ်လည်း ကြေကွဲစိတ်တွေးတွေ့ ဖြေပြေပြေပျောက်သွားရသည်တည့် ...။

"ကဲ ... ကဲ .. နားချေတော့ .. ကျောင်းကပြန်လာကတည်းက ... မီးဖိုချောင်ကိစ္စ တစ်ညနေလုံးလည်း လုပ်ကိုင်ကူ ... ညစာစားပြီးတော့လည်း ဘွားမြတ်ကို နင်းနှိပ်ပေး ... ခုလည်း ... မနက်ဖြန် မနက်စာတွက် လုပ်ကိုင်ကူ ... နားဖို့တော့လိုသပေါ့ ရှင်လွန်းရယ် ... ဒေါ်ကြီးလည်း တစ်ချက်ပုတီးစိပ်လိုက်ဦးမယ် ..."

"ဒေါ်ကြီး အိပ်ရာဝင်ခါနီးရင် ... နှိပ်ပေးမယ်နော် ..."

တစ်နေ့လုံး တလှုပ်လှုပ်ဖြင့် အလုပ်လုပ်တတ်ပါသည့် ဒေါ်ကြီးမေ ခမျာလည်း ညောင်းညာရှာမည်သာ ...။ ဒါကြောင့်လည်း ညတိုင်း ဒေါ်ကြီးမေ ကိုလည်း နှိပ်ပေးသည်က ရှင်လွန်းမေ ပါ ... ဒေါ်ကြီးမေ ရှင်လွန်းမေ ၏ ဆံစလေးကို သပ်ကာ ...



"ညည်းလေးဟာ .. ငါ့အတွက် တူမလေးတစ်ယောက်ရလိုက်တာပါပဲ ... ငါ ... ကံကောင်းပါတယ် အေရယ် ..."

ဟု တစ်ချက်ခပ်ညည်းညည်းပြောကာ မီးဖိုဆောင်ကျယ်ကြီး၏ အေးဘက်မှာရှိပါသည့် အိပ်ခန်းဆီသို့ လျှောက်သွားပါလေ၏။ ရှင်လွန်းမေ မီးဖိုခန်းထဲမှ အသီးအရွက်လှီးသင်ရာ စဉ့်တီတုံးလည်း ဆေးကြောသိမ်း ...။ စားပွဲဝိုင်းပုကိုလည်း နံရံမှာ သွား၍ထောင်ပြီး ဤညမှာတော့ ဖေဖေ့ကို လွမ်းစိတ်ဖြင့် ခြံထဲဆင်းလာမိလိုက်ရပါပြီ ...။ ဤညတော့ လယ်တဲလေးကိုလည်း လွမ်းသည်။ စပါးခင်းမှ လေတိုးသံကိုလည်း လွမ်းသည်။ အော် ... ဖန်မီးအိမ်လေးထွန်းပြီး စားပွဲဝိုင်းလေးချ၍ စာကျက်ခဲ့ရပါသည့် ညလေးကိုလည်းလွမ်းသည်။ ရှင်လွန်း ကို ငေးကြည့်ကာ ကြည်နူးတတ်ပါသည့် ဖေဖေ့ကိုတော့ ရင်ကွဲ ရင်ကျေအောင် အလွမ်းကြီးလွမ်းရသည်ကောလေ ...။

ပန်းခြံဘေးရှိ ရေတမာပင်အောက်မှာ ရှင်လွန်းမေ ထိုင်လိုက်မိကာ ထိုဟိုသည်သည် အရင်ဆုံး ကြည့်မိရပါပြီ။ လေးလေးကြည် လည်း ရှိမနေ ...။ နောက်ဖေးတန်းလျားမှာ ဘဘပြည့် နှင့်အတူရှိနေသည်ထင့် ...။ ညစာစားပြီး တူဝရီးနှစ်ယောက် လက်ဖက်ရည်ကြမ်းအိုးလေးနှင့် ရှိနေလောက်ပြီ ...။ ရှင်လွန်းမေ စံရိပ်ငြိမ်သို့ ရောက်တာ တစ်လနီးလာပြီမို့ ...။ အိမ်ရှိလူတို့၏ အထာကို အတော်လေးမှန်းဆနိုင်ပြီလေ ...။ တစ်အောင့်လောက်ကြာမှ လက်ဖက်သုပ်လေး တစ်ပွဲသုပ်၍ ဘဘပြည့် နှင့် လေးလေးကြည် ထံ သွားလိုက်မည်ဟု ရှင်လွန်းမေ တွေးမိရသည်ပါပဲ ...။ ဘဘပြည့် က လက်ဖက်သုတ်ကြိုက်သည်လေ ...။ သူများတွေက ညဘက် လက်ဖက်သုပ်စားလျှင် မျက်စိကြောင်သည်တဲ့ ...။ အိပ်မရပါတဲ့ ...။ ဘဘပြည့် ကတော့ လက်ဖက်သုပ်လေး ရေနွေးကြမ်းနှင့် စားလိုက်ရမှ အာဟာရပြည့်သွားသည်ဟု မှတ်ယူသည့် ဘဘပြည့် ပါ ...။ ဘွား၏ လက်စွဲတော် ဒရိုင်ဘာကြီးပေမို့ ...။ ဘွားကလည်း ဘဘပြည့်အတွက် ညတိုင်း လက်ဖက်သုပ်တစ်ပွဲသုတ်ပို့ပေးဖို့ရာ ဒေါ်ကြီးမေ ကို မှာထား

တတ်သည်ပါပဲ။ ခုကျတော့ ... ရှင်လွန်းဂမ တာဝန် ...။ ဒါပေမယ့် ... ခုအချိန်လောက် မပို့ရသေး ...။ နည်းနည်းလေး ညဘက်ရှစ်နာရီခွဲလောက်မှ ပို့ရသည်။ ညစာထမင်းလုံး အစာကျေလောက်ချိန်မှ ပို့ရခြင်း ...။

လောလောဆယ်မှာ ပုတီးစိပ်နေသည့် ဒေါ်ကြီးမေ ကိုလည်း အာရုံမရှုပ်စေလို။ အခန်းထဲ တူတူနေရသည်မို့ ... စာသွားကျက်နေ၍ မကောင်းသေး။ တစ်ယောက်တည်း ပန်းခြံသားလေးမှာ ရေတမာရိပ်၌ ထိုင်နေရင်း လမင်းကြီးကို မော့ကြည့်ကာ ... ရင်ထဲကအချေးကို တစ်ယောက်တည်း လွှတ်ထားပေးမိလိုက်ရသည်ပါပဲ ...။

"ဖေဖေရေ ..."

စတင်၍ ခပ်တိုးတိုးခေါ်မိသည်။ ကောင်းကင်ကြီးကို မော့ကြည့်မိ၏။ လမင်းကြီးကို ဝန်းစက်စက်တွေ့နေရသည်။ ကြယ်လေးတွေက တလင်းလဲ့လဲ့ ...။ တိမ်တွေက ပုံသည့်တစ်အုပ်ဝိုင်းဖွဲ့၏။

"အဲဖေတို့က ဆင်းရဲတော့ ... စိတ်ကူးယဉ်တာတောင်မှ မဝံ့မရဲပါ သမီးရယ် ... ချမ်းသာသူတွေက ... သူတို့ရဲ့ မိသားစုထဲက တစ်ယောက်ယောက်ဆုံးပါးသွားရင် ... ဟိုးကောင်းကင်ကြီးက လမင်းကြီးထဲမှာရှိနေတယ် ... ကြယ်လေးတွေထဲမှာ ရှိနေတယ်လို့ စိတ်ကူးလေးနဲ့ ပြောကြတယ် ...။ စိတ်၏ ဖြေရာပေါ့ သမီးရယ် ... ဖေဖေတို့ကျတော့ ... ဪ ... ငါ့မိန်းမ ... ငါ့ကို ချစ်ရှာတဲ့သူ ... ဟို တိမ်တစ်အုပ်မှာများ ခဏဝင်ခိုရင်း ... ငါ့ကို လွမ်းလွမ်းဆွတ်ဆွတ် ကြည့်နေရှာလေသလား ... ရယ်လို့ပဲ တွေးရဲပါတယ် သမီးရယ် ..."

ဖေဖေ မကြာမကြာပြောခဲ့ဖူးပါလေသော ဇနီးလွမ်းဝေဒနာစကား ...။ ရှင်လွန်း ကို ပြောချိန်မှာ ဖေဖေ့မျက်ဝန်းတွေ ရီဝေနေတတ်သည်။ လယ်တဲလေးမှာလည်း ပြောတတ်သည်။ ရွာရှိ အိမ်ငယ်လေးမှာလည်း ပြောတတ်သည် ...။ လတ်တလောမှာတော့ ရှင်လွန်း တစ်ယောက်တည်းသာရှိတော့သည့်ကာလ ...။ အဖေနှင့်အမေကို တိမ်အုပ်တွေ မော့ငေးကြည့်ရင်း ရှာဖွေနေသည့် သမီးတစ်ယောက်၏ အားကိုးရာပျောက်



နေသည့် ခံစားမှု ...။

"သွားလေသူကို ကျန်လေသူက ရှာဖွေဖို့ဆိုတာကလည်း ဘယ်နေရာကကြည့်ကြည့် ကောင်းကင်ကြီးဆိုတာကိုတော့ မော့ငေးနိုင်တာယ် မဟုတ်လား ... ဒီတော့လည်း ကောင်းကင်ကြီးကို ဆုံရပ်တစ်ခုရယ်လို့ပဲ သတ်မှတ်ရတာပေါ့ ...။ သွားလေသူကလည်း ဘယ်နေရာကငုံ့ကြည့်ကြည့် ... လောကကြီးတစ်ခုလုံးကို မြင်နိုင်တဲ့ ကောင်းကင်ဆိုတဲ့နေရာကပဲ ငုံ့ကြည့်နိုင်မှာလေ ... ဒီတော့လည်း ကျန်ရစ်သူတွေက သွားလေသူကို လွမ်းတိုင်း ... ကောင်းကင်ကြီးကိုပဲ ဗဟိုပြုလို့ မော့မော့ငေးကြည့်ရင်း ... ရင်ထဲက တဆစ်ဆစ်ခြွေနေကြွေနေတဲ့ တမ်းချင်းမွေဒနာတွေကို ... ကောင်းကင်ကြီးအထိ လွှတ်တင်လိုက်ရတော့တာပါပဲသမီးရယ်"

ဖေဖေပြောခဲ့သော စကား ...။ ဪ ... ညည်းတွားသံဆန်သော ဆွေးလျလျစကား။ ခုကျတော့ ... ဖေဖေ ဗဟိုပြုရာ ကောင်းကင် တိမ်အုပ်တစ်ခုခုဆီမှနေ၍ ရှင်လွန်း ကို ငုံ့ကြည့်ငေးနေရှာမည်လား ဖေဖေနှင့် မေမေ ... ဟု ရှင်လွန်းမေ တွေးနေမိရပြီ။ မျက်ရည်ဥက ဆက်တိုက်ဖြိုးဖျောက်ဖျောက်ကြွေ၏။

"သမီး ငိုနေလို့ ဖေဖေနဲ့ မေမေ စိတ်ထိခိုက်ကြမယ်ဆိုတာ သမီးသိပါတယ် ... ဒါပေမယ့် ... မေမေက အစောကြီးကတည်းက ထွက်ခွာသွားတယ် ... အခု ... ဖေဖေလည်း ထွက်ခွာသွားရပြီ ... ကျန်ရစ်သူအလွမ်းဆိုတာ ... သိပ်ဆိုးတာပဲ ဖေဖေ ... အားကိုးရာ ဖေဖေ့အရိပ်ကြီးပျောက်သွားချိန်ဟာ ... သမီးအတွက် အမေ့ရင်ခွင်ရော အဖေ့ရင်ခွင်ပါ တစ်ပြိုင်တည်း ဆုံးရှုံးလိုက်ရချိန်ပါပဲ ... ဖေဖေဟာ သမီးကို အမေလိုလည်း မွေ့ရှိထိန်းကျောင်းခဲ့ရတာ ... အဖေလိုလည်း ရှာကျွေးခဲ့ရတာ ..."

ရှင်လွန်းမေ့ရင်ထဲ ခံစားရလေသမျှ ခေါင်းလေးငိုက်ချ၍ မျက်ရည်သာ ပိုးပိုးပေါက်ပေါက်ကျနေရပါပြီတည်း။ လက်ဖဝါးလေးနှစ်ဘက်က ခုံတန်းလေးဘက်မှာ ကျစ်ခဲခဲတင်၏။ ရင်သည် လှိုက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



ဆိုကြစ်နေသည်။ လည်ချောင်းတွေထဲမှာ တောင့်ခဲခဲအရာကြီးတစ်ခု တစ်ဆို့နေသည့်နှယ် ရှိနေ၏။

"ရှင်လွန်းမေ ..."

တိုးဖွဖွခေါ်သံ ...။ ရှင်လွန်းမေ ကျောဘက်ကို ကမန်းကတမ်းလေး လှည့်ကြည့်လိုက်မိရပါပြီ။ ကိုကိုပါလားလေ ...။ လရောင်အောက်မှာ ကိုကိုသည် ရှင်လွန်း နှင့် နီးကပ်လွန်းစွာ ကျောဘက်မှာ ငြိမ်သက်ရပ်နေပါ၏။ ရှင်လွန်း မသိလိုက်နိုင်ချိန်လေးမှာ ကိုကိုရောက်လာခြင်းပါတကား။ ကိုကို့ မျက်ဝန်းတွေက အရမ်းကို သိမ်မွေ့လွန်းနေသည်။ ကြင်နာရိပ်တွေ ပြည့်သိပ်နေသည်။ စိတ်ထိခိုက်နေတာလည်း သိသာနေသည်ပါပဲ ...။

"ကိုကို ဘယ်တုံးက ရောက်တာလည်းဟင် ... ဒေါ်ကြီးမေ ပြောပြတယ် ကိုကို၊ ကိုကို ညောင်ရွှေမှာ ဟိုတယ်တစ်ခုဆောက်တဲ့အလုပ်နဲ့ ခရီးထွက်သွားတယ်တဲ့ ... အစက ရှင်လွန်း ထင်နေတာက ... ကိုကို့ကို ရှင်လွန်း ခြံတံခါးမဖွင့်ပေးပဲထားခဲ့လို့ ... ကိုကို ... ဒီဘက်ကို အကူးအသန်း မရှိပဲ ဖြစ်နေတာလို့ ထင်မိတာ ... တဖြည်းဖြည်း စဉ်းစားမိလေ စိတ်ဆိုးလေ ဖြစ်နေပြီလားနော်လို့ ထင်မိခဲ့တာ ကိုကို ... ဒေါ်ကြီးမေ ကိုလည်း ဖွင့်မမေးရဲဘူးလေ ...။ သူများကိစ္စစပ်စုရကောင်းလားလို့ စိတ်ထဲ မနှစ်မသက်ဖြစ်မှာ ရှင်လွန်း ကြောက်တယ် ကိုကိုရဲ့ ... အဲဒါ ... ဒေါ်ကြီးမေ က မီးဖိုဆောင်မှာ ချက်ရင်းပြုတ်ရင်းပေါ့ ...။ ကိုကို ညောင်ရွှေဘက် ခရီးထွက်သွားတယ်ဆိုတာ သတိတရ ပြောပြလာတော့မှ ရင်ထဲ တစ်ထစ်အေးသွားရတာ ကိုကိုရယ် ..."

ကိုကို့ကို မော့ကြည့်ရင်း နှုတ်မှ ထွက်ကျမလာနိုင်သည့် စကားတွေ ရင်ထဲမှာတော့ဖြင့် ဆက်တိုက်ပြောနေမိရခြင်းပါ ... တကယ်တမ်းကျတော့ ရှင်လွန်း ၏ နှုတ်ခမ်းလေးတွေ ပိတ်ကျနေသည်ပါပဲ။ အစေအပါးဆိုတာ ရင်ထဲရှိရာကိုလည်း လွှတ်ချလွှင့်မျောခွင့်ကို မပေးနိုင်စွမ်းသည်ပဲလေ ...။ ကိုကို တိတ်ဆိတ်စွာ ရှင်လွန်း အားမှာထိုင်သည်။ မျက်နှာမ



တောင်း။ အစဉ်အမြဲ ပြုံးချိုနေတတ်သည့် မျက်နှာနှင့် မျက်ဝန်းချိုချိုတွေ လတ်တလောမှာ ပျောက်ဆုံးနေသည်။ ကိုကို့ လက်ထဲမှာ အညိုရောင် လက်ကိုင်လေးပါသော အဝတ်အိတ်လေးတစ်ခု ရှိနေ၏။

"ကိုကို ... ဒီညနေ ပြန်ရောက်တာ ရှင်လွန်းမေ ... မင်းလေးနဲ့ ဆိုကို တွေ့ပြီးနောက်တစ်နေ့ပဲ အလုပ်ကိစ္စနဲ့ ကိုကို ခရီးထွက်သွားရတာ ... မင်းလေး ကျောင်းတက်ရတာ အဆင်ပြေရဲ့လားဆိုပြီး စိတ်ကခဏခဏ မင်းလေးဆီကို ရောက်ရောက်နေတတ်တယ်ကွ ... သနားလို့ဆိုတာ ကိုကိုသိပါတယ် ... မင်းက အရမ်းရိုးတဲ့ ကလေးလေးလေ ... အဲဒါကို ... သနားတာ ,... ရင်ထဲက မထွက်တာ ..."

ရင်ထဲက မထွက်တာ ... လွှတ်မနဲ သူ့ပြောမိသည့် စကား ...။ ကောင်မလေးကို သူငုံ့ကြည့်မိသည်။ ငြိမ်၍ မော့ငေးငေးကြည့်နေသည့် မျက်ဝန်းနက်နက်လေး ...။ ခြော် ... မျက်တောင်ထူ စင်းစင်းရှည်ရှည်လေးတွေကို ပိုင်ဆိုင်သည့် မျက်ဝန်းလေး။ တကယ့်အရုပ်လေးနှင့် တူသည့် ကလေးမ ...။ တကယ်လည်း ညောင်ရွှေဟိုတယ်ဆောက် သည့် အလုပ်ထဲရှိနေချိန်မှာ ...။ ညဘက်ဆို ... ဤကောင်မလေးကို ပို၍ သတိရနေရတာကိုက ဆန်းနေသည်။ သူ ... ထိုသို့ သတိရရဖြစ်တတ်တာမျိုး မရှိဖူးခဲ့ ...။ ဤကောင်မလေးကျတော့ သနားစိတ်ဖြင့် မကြာမကြာ သတိရနေမိရပါသည့်အဖြစ်။ ကောင်မလေးကို .. သူ ... ပထမဆုံးမြင်စတုံးက တောဆံတောက်ဖားဖား၊ ဆံထုံးအုံ့အုံ့ကြီးဖြင့် တောသူလေးလေးပဲဟု စတင်သိရသည့် ခံစားစိတ် ...။ အရိုးခံလေးပါလားဟု ချစ်စနိုးလေးလည်း ဖြစ်မိရစိတ်ဖြင့် ဆုံမိခြင်း။ နောက်တော့ ... မိဘမဲ့လေးအဖြစ် သိရချိန်မှာ အသနားပါပိုခဲ့ရပါသည့်အဖြစ်။ အရွယ်နှင့်မမျှ ...။ ရုပ်အဆင်းလှလှလေးနှင့် မမျှ ...။ ဘဝက ကြမ်းတမ်းလျှက် ...။ အားငယ်ရာမဲ့နေခြင်းပါလား ... ဟု သိရစိတ်ဖြင့် ဤကောင်မလေးကို သူ သတိရခြင်း မက ရရနေမိတာကိုက သူ့ဘဝမှာ အဆန်းတော့ ဖြစ်နေသည်။ သတိရနေခြင်းက ကြိမ်ရေများလွန်းနေသည်ကိုးလေ ...။

www.burmeseclassic.com

www.burmeseclassic.com



ခုလည်း ဤညနေမှာ သူပြန်ရောက်သည်။ အိမ်ရောက်တာနှင့် ရေမိုးချိုး ...။ ဒေါ်ကြီးလှိုင် တိုက်သည့် နွားနို့ပူပူတစ်ခွက်ကိုသောက် ...။ ဘိုးဘိုးလည်း စံရိပ်ငြိမ် အိမ်ရာဆောက်လုပ်ရေးရုံးခန်းဆီမှ ပြန်မရောက်သေးတာမို့ မြေးအဘိုးချင်းလည်း မဆုံဖြစ်ရသေးချိန်မှာ ...။ သူ ကားဖြင့် ကျောင်းသုံးစာ အထောက်အကူပြု စာအုပ်တွေရောင်းသည့် စာအုပ်တန်းသို့ ကားဖြင့် ထွက်ခဲ့ကာ ...။ စာအုပ်တွေ ရွေးချယ်ဝယ်ခဲ့ရသည်ကိုက ... ဤကောင်မလေးကို ကျောင်းစာကျက်ရာမှာ အစစ စိတ်ချမ်းသာစေချင် ...။ အဆင်ပြေစေချင် ...။ စာတော်စေချင်စိတ်ဖြင့်ပါ ...။

"ကိုကို ... ဒီညနေ ပြန်ရောက်တာ ရှင်လွန်းမေ ... ဘိုးနဲ့ ညစာစားရင်း အလုပ်ကိစ္စ ပြောပြရှင်းပြပြီးတာနဲ့ ... ဒီကို ထွက်လာခဲ့တာ ... ကိုကိုတို့ရဲ့ ပုန်းညက်မြိုင်နဲ့ ဘွားရဲ့ စံရိပ်ငြိမ်ဆိုတာက ခြံစည်းရိုးကူး သံပန်းတံခါးလေးရှိတယ် ... ဒီဘက်ကပဲ ကူးကူး ... ဟိုဘက်ကပဲ ကူးကူး ... တွန်းဝင်ရုံပဲ ... တံခါးသော့မရှိဘူး .. ချက်မချဘူး ... အဲသလို ... ကိုကို ... အံ့ဩတာက ... မင်းလေးနဲ့ ကိုကို စတွေ့တဲ့နေ့က ... ဘွားရဲ့ ဘေစင်ရေငုတ်လဲဖို့ကိစ္စ ဘွားပြောထားတာကို မနက်ပိုင်း ပုန်းညက်မြိုင်မှာ ကိုကိုရှိနေတုန်း သတိမရပဲ ... အလုပ်ဘက် ကားနဲ့ထွက်မှ သတိရလို့ ပြန်လှည့်လာခဲ့ရတာလေ ... ပုန်းညက်မြိုင်မှာကလည်း ဒေါ်ကြီးလှိုင် က လေးလေးအောင် မောင်းပို့တဲ့ကားနဲ့ ဈေးထွက်သွားပြီ ... ခြံကံခါးကြီးရော အိမ်ရော သော့ခတ်ထားပြီးပြီ ...။ ကိုကိုကလည်း အိမ်သော့ခြံသော့ဆိုတာ အပိုယူထားတာမျိုး အကျင့်မရှိဘူး .. ဘိုးဘိုးမှာပဲ အဲဒီ အကျင့်ရှိတာ ... ဒါကြောင့် မင်းလေး ငါ့ကို ခြံထဲပေးမဝင်တော့ ... ပုန်းညက်မြိုင်ဘက်ကလည်း ပတ်ဝင်လို့မရ ... ဘာမရနဲ့ ဖြစ်ကုန်ရတာလေ ..."

သူပြောတော့ ရှင်လွန်းမေ မျက်နှာငယ်လေးဖြင့် မော့ကြည့်နေရာမှ မျက်ရည်လေးပါ ထပ်စို့လာသည်။ မနေတတ်မထိုင်တတ်ဖြစ်နေတာလည်း သိသာနေသည်။ လက်အုပ်လေးချီ၍ ထပ်တောင်းပန်လာရှာပါသည်။ ငိုမဲ့မဲ့လေး ဖြစ်စပြုလာပြီ ဖြစ်သည့် ကောင်မလေးကို သူ ကမန်းကတမ်း ဆံစလေးသပ်ပေးလိုက်မိ[illegible]ပြီ ...။

"တမင်တကာ မင်း လုပ်ခဲ့တာမဟုတ်ဘူးဆိုတာ ကိုကို သိပါတယ် ကောင်မလေး ရဲ့ ... အခု ရှင်းပြတာက ပုန်းညက်မြိုင်နဲ့ စံရိပ်ငြိမ်မှာ ခြံကူးတံခါး ရှိရက်သားနဲ့ ... ဘာလို့ အဲဒီနေ့က အဲဒီ တံခါးက ထူးမလာပဲ ... အဲဒီ စံရိပ်ငြိမ် ရဲ့ တံခါးမကြီးကို ရောက်လာရတာလည်း ဆိုတာကို ရှင်းပြတာပါ ... မင်း ရှင်းသွားအောင် ရှင်းပြတာပါကွ ... မင်းကို အပြစ်တင်တာမဟုတ်ပါဘူး ... အဲဒီလိုဖွင့်မပေးတာကိုလည်း ကိုကို ရင်ထဲမှာ ဘာမှကို မရှိပါဘူး ... အဲဒီနေ့ကအဖြစ်လေးက ပျော်ရာတောင်ကောင်းနေသေးတာကွ ... ပုန်းညက်မြိုင် ရှေ့ရောက်တော့ ခြံတံခါးသော့ပိတ်ရက်ကြီးမို့ ကားကိုရပ်ထားခဲ့ပြီး ... စံရိပ်ငြိမ်ကို လျှောက်လာခဲ့ရတဲ့ အဲဒီနေ့လေးကို ကိုကို အမြဲပျော်ပျော်ကြီး အမှတ်ရနေမှာပါကွ ... စိတ်ဆိုးလက်ဆိုးကြီး အမှတ်ရနေမှာမျိုး မဟုတ်ပါဘူး ... အရင်နေ့ကဝယ်ပြီး ကားထဲထည့်ထားတဲ့ ရေငုတ်လေးကိုင်ဝင်လာရတဲ့နေ့ ... အဲဒီနေ့ကို မမေ့ပါဘူးဗျာ ..."

သူ ... ပေါ့ပေါ့ပါးပါး ရယ်သံလေး မသိမသာစွက်၍ ပြောရခြင်းကိုက ... ဤကောင်မလေး စိတ်သက်သာရာရအောင်ပါ ...။ တကယ်တော့ ရေတမာရိပ်မှာ ကောင်မလေးတစ်ယောက်တည်း ထိုင်ပြီး ကောင်းကင်ကြီးကို မော့ငေးနေတာ ...။ တိုးသက်စွာ ငိုနေတာတွေ အားလုံး သူ မြင်ခဲ့ရသည်မို့ ရင်ထဲမှာ မကောင်းနိုင်ခဲ့ ...။ အသနားပင် ပိုလာလိုက်ရပါသည့် ရင်တွင်းဝေဒနာ ...။ ကောင်မလေးနောက်မှာ သူ ရပ်ရင်း ရင်ထဲ ထိနိုက်ခဲ့ရသည်ပါပဲ။ သူရောက်နေတာကိုလည်း ကောင်မလေး မသိခဲ့။ စိတ်တွေက မိဘထံမှာပဲ ရောက်နေပေလိမ့်မည်ဟု သူ နားလည်သည်။ ဖခင်ဆုံးခါစ သမီးငယ်လေးတစ်ယောက် ... မိခင်ဆိုတာက ကြာခဲ့သည့် ကာလတွေကတည်းက ဆုံးပါးခဲ့ပြီးခဲ့ပြီ။ ထိုသို့သော သမီးတစ်ယောက်သည် ... ခုလို ... လရောင်လှလှသွင်သာနေသည့်



www.burmeseclassic.com

www.burmeseclassic.com



ညဦးစ .. ညနေနေလေးမှာ မိဘကို မလွမ်းဘယ်သို့ရှိနိုင်ပါ့မည်တဲ့လဲလေ။ ဗန်းပုနှင့် ကျောက်စီပန်းချီအရောင်ဆိုင်ကြီးဖွင့်နိုင်ဖို့ ပြင်သစ်သို့ သွားခဲ့ရာမှ .. လေယာဉ်ပျက်၍ အပြန်ခရီးမှာ ဆုံးပါးခဲ့ရပါသည့် ဖေဖေနှင့် မေမေ့ကို သူ့ ခုထိ အလွမ်းတွေ့မပြေနိုင်ခဲ့သည်ပဲလေ ..။

"ဩော် ... ငါ့မှာ .. ခုကျတော့လည်း ဒီကောင်မလေး ငါ့အပေါ် လန့်မနေအောင် ရယ်သံလေးပေးရ ... ပြုံးရနဲ့ ... ဟန်လုပ်တတ်နေပါရောလား ..."

သူတွေးနေရာမှ ကောင်မလေး၏ ခေါင်းလေးကို မနာအောင် တစ်ချက်ပုတ်လိုက်မိသည်။

"မင်းတော့ ခက်ပြီပဲကွ ... ခုထိ လန့်နေတာပါပဲလား ... ဒီမှာ ကိုကို လက်ဆောင်တွေ ဝယ်လာတယ် သိရဲ့လား ရှင်လွှန်းမေ ... အားလုံး အတွက်ပါတယ် ... ဘွားအတွက်က ... ကြာမျှင်နဲ့ယက်ထားတဲ့ တဘက်ပါတယ် ... ဒေါ်ကြီးမေ့ အတွက်က ... ရက်ကန်းထည် ထမီတစ်ထည် ဘာဘူပြည့် နဲ့ လေးလေးကြည် အတွက်က ပုဆိုးတစ်ထည်စီ ... ဟောဒီက ကောင်မလေးအတွက်က လွယ်အိတ်လေးရယ် .. ကျောင်းစိမ်းဖြူစိမ်း ထည်လေးရယ် ... ပြီးတော့ စတူးဒင့်ဂိုက်လို့ ခေါ်တဲ့ စာအုပ်တွေရယ် ... ပါလာတယ် ... စာအုပ်က ရန်ကုန်မှာဝယ်တာ .. ကျန်တာတွေက ညောင်ရွှေက ဝယ်လာတာ ..."

သူပြောတော့ ရှင်လွှန်းမေ ၏ အကြည့်က သူ့လက်ထဲမှ အညိုရောင်လက်ကိုင်ပါ အဝတ်လွယ်ဆွဲအိတ်ဆီသို့ ရောက်၏။ ဘာမျှ မပြော ...။ လက်ဆောင်ပါသည်ဆို၍လည်း ဝမ်းသာအားရမဖြစ်ရဲရှာ။ ဒါပေမယ့် ... ထိုသို့ သူ အမှတ်တရ လက်ဆောင်ဝယ်လာသည်ဆို၍တော့ အံ့ဩနေပုံဖြင့် တစ်ချက်မော့ကြည့်သည်။

"ဟင် ... ရှင်လွှန်း လို အစေခံအတွက် .. ကိုကို ... လက် ... ဆောင် ... ဝယ် ... လာတယ် ဟုတ်လား ..."

အံ့ဩစိတ်ဖြင့် တိုးဖွဖွပွင့်ကျလာသံသည် သိမ်ငယ်ညှိုးဖျော့နေ



ချေသည်တကား ...။ သူ့ ရင်ထဲ မကောင်းနိုင် ...။ အစေခံ .. တဲ့လားလေ ...။ ပြောနေပုံလေးကလည်း အရာရာမှာ အောက်ဆုံးအဆင့်နေရာလေး တစ်ခုမှာ အသားတကျရှိနေပြီးသည့်ဟန်။ သိမ်ငယ်ခြင်းဆိုသည့် ခံစား ချက်တွေဖြင့် အားငယ်ခြင်းတွေဖြင့် ရှင်သန်နေသည့်ဟန် ...။

"ဟာ ... ဘယ်လိုကြီး ပြောလိုက်တာလဲ ရှင်လွှန်းမေ ... အစေခံလို့ မပြောစမ်းပါနဲ့ ... ကိုကို တို့ ပုန်းညက်မြို့မှာဆိုရင် ဒေါ်ကြီးလှိုင် နဲ့ လေးလေးအောင် တို့ တူဝရီး ရှိတယ် ... လေးလေးအောင် က ... ဒေါ်ကြီးလှိုင် ကို ဈေးတွေဘာတွေ ကားမောင်းပို့ ... ဥယျာဉ်မှူးလုပ် ... အိမ်မှာ တူဝရီး နှစ်ယောက်နေကြတော့ .. နောက်ပိုင်းလုံတယ် ... ကိုကိုနဲ့ ဘိုးဘိုးတို့ ဒီသွားရေး ခေါင်းစိုက်ပြီး ကြိုက်သလောက်လုပ် ... ရတယ် ... ဒေါ်ကြီးလှိုင် နဲ့ လေးလေးအောင် တို့ကို အစေအပါးဆိုတာမျိုး ကိုကို ဘယ်တုံးကမှ သဘောမထားဘူး ... သားချင်းလိုပဲ သဘောထားတယ်"

သူဆက်တိုက်ပြောပြီး ကောင်မလေးကို အကဲခပ်သလို ကြည့်မိရ ပါ၏။ ကောင်မလေး ယုံမယုံတော့ မသိ ..။ သူကတော့ အမှန်စကား ပြောခြင်းပေမို့ စကားအတွက် အာမခံရဲသည့် စိတ်ရှိသည်တည့် ..။

"မယုံဘူးလား ကောင်မလေး ... တစ်နေ့မှာ ဒေါ်ကြီးလှိုင် နဲ့ တွေ့ပေးမယ် ... မေးကြည့် ..."

သူထပ်ပြောတော့ ကောင်မလေး မဝံ့မရဲလေး မော့ကြည့်ရှာသည်။ အရောင်က ရေတမာရိပ်ကို ဖြတ်၍ ဖြိုးဖြိုးပျောက်ကျသည်မို့ ကောင်မ လေး၏ မျက်နှာထက်မှာ ရွှေရည်စက်တို့ ဝင်းလဲ့လဲ့စင်သည့်နယ်ရှိချေ သည်ကော့လေ ...။

"ကဲပါ ... ထမင်းစားပြီးပြီလား ..."

သူ တစ်ချက် စကားကြောင်း လွှဲတော့ ခေါင်းလေးညိတ်ပြသည်။

"စားပြီးပြီ ကိုကို .. ဘွားမြတ် ကိုလည်း နှိပ်ပေးပြီးပြီ ... ဒေါ်ကြီး တို့လည်း ကူလုပ်ပေးပြီးပြီ ... ဖေဖေ့အကြောင်းလည်း ပြောပြပြီးပြီ .. အမေ ဆိုပြတဲ့ သီချင်း ... ဒေါ်ကြီးမေ နားထောင်ချင်တယ်ဆိုလို့ ဆိုပြခဲ့

www.burmeseclassic.com

www.burmeseclassic.com



ရှာသေးတယ်ကိုကို ..."

ဖေဖေ့ ကို လွမ်းစိတ်ဖြင့် ရှင်လွှန်းမေ ပြောတော့ ကိုကိုပြုံး၍ ကြည့်လာပါ၏။

"အံမယ် ... မျက်နှာတော့ မလိုက်ကောင်းဘူးနော် ... ဒေါ်ကြီးမေကို ဆိုပြတဲ့ သီချင်း ... ကိုကို့ကို ဆိုမပြပဲထားလို့ ဖြစ်မလား .. တန်းတူဆိုပြရမှာပေါ့ .. ဆိုကြည့်စမ်းပါဦး ... ကြည့်ရတာကတော့ ... အသံကောင်းလေး ဖြစ်မယ့်ပုံလေးပါ ..."

ကောင်မလေး စိတ်ထဲ ပေါ့ပါးလာအောင် သူကြိုးစားမိရာမှ ရုတ်ခနဲ နောင်တဖြစ်မိရပြန်ပါပြီ။ ဘယ့်နှယ် ... ဆိုခိုင်းမိသည့် သီချင်းကိစ္စက ... ကောင်မလေး၏ အဖေ ဆိုပြသည့် သီချင်းဖြစ်နေသည်ဆိုတာလေးလောက်တော့ သူ အစကတည်းက ဆင်ခြင်မိဖို့ ကောင်းသည်။ ဒါပေမယ့် ... ခုတော့ ပြောမိပြီးပြီ ...။ စကားကို ပြန်သိမ်း၍လည်း မရတော့သည့် အဖြစ် ... ။ သူ .. မျက်နှာမကောင်းနိုင်ပဲ ကောင်မလေးကို ကြည့်မိကာ ...။

"ရတယ် .. ရတယ် ... မဆိုချင် ... မဆိုနဲ့လေ ... ကိစ္စမရှိပါဘူး .. ကိုကိုက ... လွှတ်ခနဲ ပြောလိုက်မိတာပါ ..."

သူ ကမန်းကတမ်းပြောတော့ ကောင်မလေး မျက်လွှာလေးချ၍ တစ်ချက်ငြိမ်မိ၏။ ထူထဲသော မျက်တောင်စင်းစင်းရှည်ရှည်လေးတွေကို သူ အပေါ်ဆီးမှ ငုံ့မိုးမြင်နေရသည်။ ပါးပြင်လေးမှာ သနပ်ခါးလေးပင် တင်မထား ...။ ဒါပေမယ့် အကြေ့အနှင်စိမ်းမြမြတို့ ရှိုးရိုပ်ထင်လောက်အောင် အသားဖြူဥဥလေးက သဘာဝအလှတရားတစ်ခုဖြစ်နေသည်။ ဤရုပ်အခံနှင့် ကံကောင်းလှသည့်ကလေး ...။ ဆုတောင်းစရာပင် မလိုအောင် အလှတရားက အလိုလိုပြည့်နေသည့် ကလေး ...။ ဘဝလေးက ရှန်းလွန်ရချေသည်ပဲ ... ဟု တွေးကာ ရင်ထဲမှာ မကောင်းနိုင် ....

"ကိုကိုက ... ရှင်လွှန်းအတွက် ကျောင်းစာအုပ်တွေလည်း ဝယ်ပေးထားတာ .... ရှင်လွှန်း ဆိုပြပါ့မယ် ..."

ခပ်တိုးတိုးလေး ပြန်ဖြေလာတော့ သူ့ရင်ထဲပို၍ မကောင်းနိုင်။



ဤထလေးမလေး ကျေးဇူးတရား အရမ်းသိတတ်သည့် မနောစိတ်လေး ...လွန်းချေသည်ကော ...။ သူ ဘာနိုင်းနိုင်း ... မငြင်းပဲရှိမည့်ကလေး ...။ ...လျှင် ကျေးဇူးမသိရာရောက်မည်ဟု သဘောပိုက်ထားသည့် ကလေး...။ ...ဖြစ်ချေပြီတည့် ...။ နောက်ဆို ဆင်ခြင်မှုဖြစ်မည် ...။ လွှတ်ခနဲ ဘာမျှ ...ခိုင်းမိဖို့လိုသည်။ သူကလည်း အရာရာပေါ့ပေါ့ပါးပါးစိတ်ဖြင့် ပြော...ချင်တာ ပြောချတတ်တာက စရိုက်လိုဖြစ်နေတာ ဆိုးသည်တည့် ...။ ...ကောင်မလေး၏အကြည့်က ကောင်းကင်ထက်သို့ ရောက်၏။

"ဖေဖေ ပြောဖူးတယ် ကိုကို ... မေမေ ... တိမ်အုပ်တွေထဲမှာရှိမယ်တဲ့ ... အခု ... ဖေဖေလည်း ရှိနေမှာ ..."

ဟု ပြောလာသည်။ လည်လေးကို ပင့်မော့၍ ကြည့်သည်မို့ ဆံတောက်တွေသည်ပို၍ ထင်းထင်းပပရှိ၏။ ဆံထောက်ဖားဖားအောက်မှလည်း ...တ်သားလေးတွေကို လရောင်ဖြူးဖျောက်တို့ ရှိုးရိုပ်ကျနေသည် ...။

"ရှိုးတလျှောက် .. ဖြူးမောက်ပါတဲ့ လယ်ပတူ ... အရွက်ချွန်း ...ရွှန်းမှုရွှန်စာနှင့် ... လွန်တရာကည့်ပေါ့ပါတယ် ... တောဖြစ်လို့ထူ ... ...တို ငွေရောင်ပြောင်ယ်နှင့် ... ရွှေကနဖော့ ကြာရိုးဖြူ ... ချိုးယူလို့ ...တုန်ခမ်း ... ပတ္တမြားရောင် ... ဖားကဖောင်သံလွင်နှင့် ... ရွှေသံပင် ...ပ်စရှင်းတယ် ... ကွင်းပြည့်မခန်း ..."

သူ မှင်တက်သွားရပါပြီတည်း ...။ လရောင်အောက်မှာ ကျောက် ...စ်ရုပ်လေးချထားသည့်နှယ် ထိုင်နေပါသည့် နန်းဆန်ကျော့စင်သော ...ကောင်မလေး ...။ ထိုကောင်မလေးထံမှာ အသံကောင်းခြင်းဆိုသည့် ...ပါရမီလေးလည်း တစ်ပါတည်း ပါလာချေသည်တကား ...။

"ဟ ... အသံကောင်းပဲ ကောင်မလေးရ ... မင်း .. အဆိုတော်ဖြစ်နိုင်တယ် သိလား ... စာသင် ... စာသင် မင်း ဆယ်တန်းအောင်ရင် ...ထုတ်လုပ်သူနဲ့ ငါ ဆက်သွယ်ပေးမယ် သိရဲ့လား ... တကယ်ပြောတာ"

ဟု သူပြောမိသည်က တကယ့်စိတ်ရင်းခံဖြင့်ပါ ...။

www.burmeseclassic.com

www.burmeseclassic.com



ပြောရင်းလည်း ကောင်မလေး၏ ဆံထုံးပုံ့ပုံ့လေးကို လက်ဖြင့် တစ်ချက်ပုတ်မိထိမိ၏။ အသံကောင်း ... ဟု ချီးကျူးခံရ၍လားမသိ ...။ ကောင်မလေး မျက်နှာထက်တွင် ဝမ်းသာရိပ်လေးဖြတ်ခနဲထင်၏။ နောက်တော့လည်း ချက်ချင်း ညို့ဖျော့ဖျော့ပင်ကိုယ်ဟန်လေးပဲ ပြန်ဖြစ်လာတာမို့ ... စောစောက သူမြင်လိုက်ရပါသည့် အပျော်ရိပ်လေးတွေ ဖြတ်ပြေးခဲ့ရာ မျက်နှာနုနုလေးကို ရင်ထဲမှ တမ်းတမိချင်ရပြန်သည်။ ထိုစဉ်ခိုက် ... သူ့အကြည့်က လသာဆောင်ဘက်ဆီသို့ ဖြတ်ခနဲ အလိုလိုရောက်သွားမိရသည်တည့် ...။ လာသာဆောင်မှာ ဘွားမြတ် ရပ်နေသည်။ အကြည့်က ... ရေတာမာရိပ်ဘက်ဆီသို့ ဖြစ်နေချေသည်တကား ...။

ဘယ်အချိန်ကတည်းက ဘွားမြတ် ကြည့်နေချေသည်မသိ ...။ သူကြည့်ရာဘက်ဆီသို့ ကောင်မလေးလည်း လိုက်ကြည့်သည်။ ဘွားမြတ် ရပ်နေတာကို မြင်လိုက်ချေသည်သာ ...။ မကြာလိုက် ... ဘွားမြတ် ... လသာဆောင်ဆီမှ အတွင်းဘက်သို့ ပြန်ဝင်သွားပါ၏။

"သွားကြစို့ ရှင်လွန်းမေ ... ဘွားမြတ် ကို လက်ဆောင်လည်း သွားပေးရမယ် ... အလုပ်ကိစ္စလည်း ပြောပြရဦးမယ်လေ ... လာ ..."

ဟု ပြောကာ ထရပ်မိပေမယ့် .. နေရာမှ ချက်ချင်းမခွာ ...။ ကောင်မလေးကို သူရပ်စောင့်၍ ခေါ်မိရပါချေ၏။

ဘာကြောင့်ရယ်မသိ ...။ ကောင်မလေးကို တစ်ယောက်တည်း မချန်ခဲ့ရစ်နိုင်သည့် အရင်းခံစိတ်က ရင်မှာ အုံကျင်းဖွဲ့ချေသည်ကောလေ ...။



## အခန်း (၇)

"ခြုံပဝါကဖြင့် လှလိုက်ပါရဲ့ သူရိန် ရယ် ... တစ်ခေါက်တစ်ခေါက် အလုပ်ကိစ္စနဲ့ ခရီးထွက်ပြန်တိုင်း ပုန်းညက်မြိုင် အတွက် ... ဘွားတို့ရဲ့ စံရိပ်ငြိမ်အတွက် .. ပြီးတော့ .. သီရိချို့လေး ရဲ့ ဝိတောက်ဖူးအိမ်ကလူတွေအတွက် လက်ဆောင်လေးတွေ ဝယ်ဝယ်လာရတာ ... တစ်ခါသယ်လာမနည်းပါဆိုသလိုကို ဖြစ်လို့ ... ခု ကြည့်စမ်းပါဦး ... လူသစ်ဖြစ်တဲ့ ရှင်လွန်းမေ အတွက်တောင်မှ ပါလာသေးတယ် ... ကဲ ... တဲ ... ပြန်နားချေဦး ... ဘွားဆီမှာ ဘရိတ်ဖတ်စ် လာစား ဟုတ်ပလား .. ကြော် ... သီရိချို့လေး လည်း ဒီညနေ ပြန်ရောက်မယ်တဲ့ ... ချောင်းသာဘက် ပန်းချီဆွဲ ထွက်သွားတာ ... ဒီညနေ ရောက်မယ်လို့ ဘွားဆီကို ဖုန်းဆက်သကွယ့် ... သူလေးက ပန်းချီသမားလည်းဖြစ် လူလေးသူရိန်လိုပဲ အင်ဂျင်နီယာလည်းဖြစ် စံရိပ်ငြိမ် အိမ်ရာဆောက်လုပ်ရေးမှာ ... အခန်းအလှဆင်တဲ့ဘက်ကျတော့ သီရိကို အားကိုးရသကွယ့် ... စိတ်ရင်းကောင်းလေး ... ကလေးစိတ်ကလည်းမပျောက်သေးတဲ့ ...သီရိလေး အတွက် လက်ဆောင်ဝယ်လာတာ ...ပန်းချီဆေးတွေတော့ မလွဲ သေချာဖြစ်မယ်ထင်ပါရဲ့ သူရိန် ..."

ဟု မေးလာတော့ သူရယ်၍ ...

"သူ့အတွက် ငွေထည်လက်ရာ လှလေး ... အလှတင်ခုံရှိထဲ

www.burmeseclassic.com



ထည့်ဖို့ဝယ်လာတယ် ဘွား ...''

ဟု ပြောတော့ ဘွားမြတ် ခေါင်းညိတ်ပါ၏။ ဘွားမြတ် ၏ အကြည့်က ချည်ခန်းရှိ လူကုန်ဆီသို့လည်း ရောက်သည်။ လက်ဆောင်ကိုယ်စီဖြင့် ပြုံးနေကြပါသည့်သူ အားလုံးဆီမှ တန့်သွားသည်က ရှင်လွန်းမေထံမှာ ပါ ...။ ရှေ့မှာ ရှိနေသည့် ကျောင်းဖြူစိမ်းဝတ်စုံ နှ။ လွယ်အိတ်နှင့် စတူးဒင့်ဝိုက် ကျောင်းစာအထောက်အကူပြုစာအုပ် အထပ်လိုက်ထံသို့လည်း ရောက်သည်။ ပြုံးနေသည့် အပြုံးကတော့ မပျက်မလွှင့် ဘွားထံမှာ ရှိနေဆဲ ...။

"ကဲ ... ကဲ .. မယ်မေ တို့လည်း ကိုယ့်လက်ဆောင်ရရာလေးတွေ ပြန်သိမ်းလိုက်ကြဦး ... လူလေး သူရိန် လည်း ပြန်နားချေတော့ ... ရှင်လွန်း ကဖြင့် ဘွားဆီ တစ်ချက်လာခဲ့ဦး ... ဇက်ကြောလေးဖြေပေး ... ဟုတ်ဝလား ...''

ဟု ပြောတော့ ရှင်လွန်းမေ ခေါင်းလေး ညိတ်ပြရင်းမှ ကိုကို့ ကို တစ်ချက် ကြည့်မိရပါ၏။ ကိုကို ကတော့ပင် ကိုယ်ပြုံးချိုချို မျက်နှာလေးဖြင့် အားလုံးကို နှုတ်ဆက်နေပြီ ...။

"အလုပ်ကိစ္စ မနက်ဖြန် ရုံးခန်းရောက်မှပဲ မေးတော့မယ် လူလေးကဲ ... ဘွားမြတ် လည်း အပေါ်တက်မယ် ... ရှင်လွန်း လိုက်ခဲ့ ... မယ်မေ ... သူ့လက်ဆောင်လေးတွေ သယ်သွား ...''

ဟု တစ်လက်စတည်း ပြောကာ ဘွားမြတ် ထရပ်သည်မို့ ကိုကိုလည်း ထရပ်လိုက်သည်ပါပဲ ...။

"ဒေါ်ကြီးမေ ... ကောင်မလေးအတွက် ကျောင်းဝတ်စုံချုပ်ဖို့ရာ စတ်ဆိုင်ခေါ်သွားဦးနော် ... ဟော့ကောင်မလေး .. နှစ်စုံ ကိုကို ဝယ်လာတယ် သိလား ... လှလှလေး ချုပ်ဝတ် ... အံမယ် ဘွားမြတ် ရ ကောင်မလေးကဖြင့် ... အသံကောင်းလေးသိလား ... အဆိုတော်ဖြစ်မယ့် သဘောရှိတယ် ...''

ဟု ပင်ကိုယ်စရိုက်ကိုက ရိုးရိုးရှင်းရှင်းလေး ရင်ထဲရှိရာပြောတတ်



ဆိုသည့် ကိုကို ဘွားကို ပြောတော့ ရှင်လွှမ်း တစ်ချက် ရှက်ချင်သည်။ ရှင်လွန်း ဆိုများ အသံကောင်းသည်ဟု ချီးကျူးသည်ကိုးလေ ...။ ပြီးတော့ ကျတော့ ဘွားရှေ့မှာ ရှင်လွန်း ကို အဆိုတော်လေးဖြစ်ချေမည်ဆိုတာ မျိုးပြောတော့ ရှက်သည်လေ ...။

"ဟုတ်တယ် ဘွားမြတ် ... သူ့ဖေဖေ ဆိုတဲ့ တေးသီချင်းလေး ဆိုပြတာ ကျွန်မဖြင့် ရွာကို ပြန်လွမ်းယူရတာပါပဲ .. အသံကောင်း ဘွား ရဲ့ ...''

ဟု ဒေါ်ကြီးမေ ကလည်း ဝင်၍ ထောက်ထောက်ခံခံလုပ်သည်။ ဘွားမြတ် ဒေါ်ကြီးမေ ကိုလည်း ကြည့်သည်။ ကိုကို့ကိုလည်း ကြည့်သည်။ နောက်တော့ရယ်၍ ...

"ဒီလောက်ချီးကျူးကြတဲ့ကိစ္စ ... ကျုပ်လည်း နားထောင်ကြည့်ချင်လာပါရဲ့ ... အဲဒီ သီချင်းလေးကိုလေ ....''

ဟု ပေါ့ပေါ့ပါးပါးဟန်ဖြင့်ပြောကာ အပေါ်ထပ်တက်တော့ ကိုကို ပြုံး၍ ရှင်လွန်းမေ ကို ကြည့်လာပါ၏။ မျက်ခုံးကိုပင့်၍ ...

"ဆိုပြလိုက် ... ဆိုပြလိုက် ...''

ဟု တိုက်တိုက်တွန်းတွန်းလုပ်သည်။ လက်ပြ၍လည်း အားလုံးကို နှုတ်ဆက်ကာ ကိုကို လှည့်ထွက်သွားတော့ ရှင်လွန်း လည်း ဘွားအခန်းရှိရာ အပေါ်ထပ်သို့ တက်ခဲ့ရပါပြီ ...။ ဘွားအခန်းထဲ ရောက်တော့ ခုတင်ထက်မှာ ဘွားလှဲမနေ။ ဆိုဖာထက်မှာ ထိုင်နေ၏။ ရှင်လွန်းမေ ဘွား၏ နောက်မှာ သွားရပ်ကာ ဇက်ကြောလေးဆွဲပေး ... နှိပ်ပေးဖြင့် ရှိသွားရသည်ပါပဲ ...။

"ကဲ ... အဲဒီ သီချင်းလေး ဘယ်လိုများ ဆိုပြဖြစ်တာတဲ့တုံး ...''

ဟု ကောက်ကာင်ငင်ကာ ဘွားမေးတော့လည်း ရှင်လွန်းမေ အရိုးခံစိတ်လေးဖြင့် ဖြေရသည်ပါပဲ ...။ ဒေါ်ကြီးမေ ကို မီးဖိုဆောင်မှာ ဆိုပြခဲ့တာရော ...။ ကိုကိုနှင့် ရေတမာပင် အောက်မှာ ကြုံ၍ ဆိုပြဖြစ်ခဲ့ရတာတွေရော ... ဖြေမိရခြင်းပါ။

www.burmeseclassic.com

www.burmeseclassic.com



"အင်း ... နောက်ကို ... ကျောင်းစာအုပ်တွေ ဘာတွေ ... ဘာပဲ လိုလို ညည်းလေးရဲ့ ဒေါ်ကြီးမေ ဆီမှာ ပိုက်ဆံတောင်း ... ဒါမှ မဟုတ်ရင်လည်း လေလေးကြည် က ညည်းလေးကို ကျောင်းပို့ကျောင်းကြိုလုပ်နေတာပဲ ဥစ္စာကွယ် .. အဲဒီ လိုတယ်ဆိုတဲ့ စာအုပ်တွေ ... တစ်ခါတည်း စာအုပ်ဆိုင်မှာ ဝင်ဝယ် ... လေးလေးကြည် ကို ဘယ်နေရာဆိုတာ ညည်းလေးပြောပြတတ်မှာ မဟုတ်ဘူး ... ဘွားပဲ ညည်းလေးရဲ့ လေးလေးကြည်ကိုမှာလိုက်မယ် ... ပိုက်ဆံလည်းလိုရမယ်ရ ... ပိုပိုမိုမိုလေး ပေးထားလိုက်မယ် ... သူ ငွေရှင်းလိမ့်မယ် ... ဟုတ်ပလား ... သူတစ်ပါးက စာအုပ်ဝယ်လာပေးရအောင် မပူဆာရဘူး ရှင်လွှန်းမေ ..."

ဘွားမြတ် ပြောတော့ ရှင်လွှန်းမေ မျက်နှာလေး ငယ်ကျသွားရကာ ...

"ရှင်လွှန်း မပူဆာပါဘူး ဘွား ... ကိုကိုက ... သူ့ဘာသာ သူ ဝယ်လာတာပါ ... ဘွားရယ် ... ရှင်လွှန်း ကျောင်းတက်ရရင်ပဲ ကံကောင်းလှပါပြီ ... စာအုပ်ဖိုး အပိုကုန်အောင် ဘာမှလည်း မဝယ်ပါဘူး ဘွားရယ် ..."

ဟု ကျောင်းတက်ရသည့် ကံတရားလေး ပျက်မသွားအောင် အသံလေးတွေ တုန်ခါနေရင်း ဖြေရှင်းပြောလေးကို ခယယနိုင်စွာ ပြောမိရပါပြီတည်း ...။ ဘွား တစ်ချက်နောက်ကို လှည့်ကြည့်သည်။ မျက်ရည်ဝိုင်းနေသည့် ရှင်လွှန်း ၏ မျက်ဝန်းတွေကို အတန်ကြာစိုက်ကြည့်၏။ နောက်တော့ သက်ပြင်းရှိုက်ကာ ...။

"ကဲ ... ငါ့ရှေ့မှာထိုင် ..."

ဟု ပြောလာတော့လည်း ကြမ်းခင်းကော်ဇောကြီးထက်မှာ ရှင်လွှန်းမေ ထိုင်ရပါ၏။ ထိုင်တော့လည်း ဘွား၏ ခြေသလုံးတွေ ခြေဖဝါးတွေ ခြေဖမိုးလေးတွေကို နှိပ်ပေးနေမိရသည်။ ရှင်လွှန်း မှာ အရိပ်ခိုရာ ... အားကိုးရာ ... ဆို၍ ဘွားမြတ် ပဲရှိသည်လေ။ ဘွားစိတ်ထဲ တစ်ခုခု မျော်သွားမှာ ရှင်လွှန်းမေ အရမ်းလန့်ရပါသည့်အဖြစ် ...။



"သူရိန် မှာက မိဘမရှိတော့ဘူး ရှင်လွှန်း ... သူ့ ဘိုးအေ လက်ထဲကြီးရတာ ... စိတ်ရင်းလည်း သူရိန်လေး က ကောင်းပါတယ် .. ပျော်ပျော်နေတတ်တဲ့ ကလေးပါ ... သူ့ဘိုးဘိုး ကိုဘကောင်းဆိုတာက ဘွားနဲ့ ကျောင်းနေဖက် သူငယ်ချင်းပေါ့ ... ခြံချင်းကလည်း ကပ်ရက် ... လူချင်းကလည်း မောင်နှမရင်းချာလို ရှိကြတာလေ ... အခုထိလည်း စံရိပ်ငြိမ် အိမ်ရာဆောက်လုပ်ရေးလုပ်ငန်းကြီးမှာ တူတူ ရှယ်ယာဝင် လုပ်ကိုင်နေကြတာပါပဲ ... ကိုဘကောင်း က သူ့မြေးကို သီရိချိုလေး နဲ့ သဘောမျှနေတာကြာပြီ ... သူရိန်လေး က သီရိချို ကို ညီမလေးလိုပဲ မေတ္တာရှိတယ်ဆိုပြီး ဘိုးအေကို ပြောနေလို့ ဟိုခမျာ သူ့ဆန္ဒကို ဆိုင်းတန့်နေရရှာတာ ... ကိုဘကောင်းအနေနဲ့ကတော့ သူ့မြေးကို သူတို့နဲ့ တန်းတူရည်တူ ဂုဏ်ရည်တူတဲ့ သီရိချို လို မိန်းကလေးမျိုးနဲ့ပဲ နေရာချချင်ပေမပေါ့ ...။ အစေအပါးတစ်ယောက်ယောက်နဲ့တော့ .. ဘယ်အနေနဲ့စပ်ခံချင်ပါ့မလဲ ... ဘွားမြတ် တည့်တိုးသတိပေးချင်တယ် ရှင်လွှန်းမေ... ညည်းလေးရောက်တာ တစ်လကျော်ရုံပဲရှိသေးတယ် ... သူရိန်လေးနဲ့ တွေ့ခဲ့တာက တစ်ကြိမ်ပဲရှိခဲ့ဖူးတာ ... အဲဒီ တစ်ကြိမ်ပြီးတော့ သူရိန် ခရီးထွက်တယ် ... အလုပ်ကိစ္စက ပြန်လာတော့ သူ့မှု .. သူ့ထုံးစံအတိုင်း လက်ဆောင်ဝယ်လာတယ် ... ဒါ ...သူ့အတွက်က လုပ်ရိုးလုပ်စဉ်ကိစ္စပဲ ... ဒါပေမယ့် ညည်းအတွက်ကို ... ကျောင်းစာအုပ်တွေဘာတွေ ဝယ်လာတယ် ... ဒါကလည်း ညည်းလေး နွမ်းပါးရှာတယ်ဆိုပြီး စိတ်ကူးနဲ့ ဝယ်လာတာ ... အဲဒါကို နားလည်ထားရလိမ့်မယ် ... သိရဲ့လား ... အကောင်းဆုံးကတော့ သူရိန် နဲ့သိပ်ပြီး ရင်းရင်းချာချာမရှိစေနဲ့ ... သီရိချို မြင်ရင် စိတ်ထဲမကောင်းဖြစ်မယ် ... ကိုဘကောင်း ကလည်း ကြိုက်မှာ မဟုတ်ဘူး ... ညည်းလေး လိမ္မာတာလည်း ဘွားသိတယ် .. ပညာတတ်ဖြစ်ချင်တာလည်း ဘွားသိတယ် ... ညည်းလေးမှာ အားကိုးရာလည်း မရှိတာ ဘွားသိတယ် ... အရှင်းဆုံး ပြောရရင် ... ညည်းလိမ္မာလွန်းနေတာ

www.burmeseclassic.com

www.burmeseclassic.com



တစ်ချက်ကြောင့် ညည်းကို ရွာပြန်မပို့ရက်တာပဲ ... မယ်ကြွေ လက်ထဲ ငါ ပြန်အပ်လိုက်ရင် ... ညည်း ... ရွာကို ပြန်ရောက်ရင်ရောက် ... မရောက်ရင်လည်း တစ်အိမ်အိမ်မှာ အစေအပါးဖြစ်ချင်ဖြစ်ပေမပေ့ါ ... ငါ့ကို ညတိုင်း တကယ့်စိတ်ရင်းကောင်းလေးနဲ့ ဘွားအေကို ပြုစုသလို ညည်းလေးပြုစုနှိပ်နယ်ပေးတာ ငါ အသိအမှတ်ပြုပါတယ် အေရယ် ... ညည်းလေး ရုပ်ချောပုံနဲ့ တခြားအိမ်လည်း အစေအပါး ငါအရောက်မပို့ရက်တာမို့ ... ဒီမှာ ဆက်ထားထားတယ်ဆိုတာ သိထားဖို့လိုမယ် ...။ ကိုယ့်နေရာကိုယ်သိရင် ... ပြီးတာပါပဲ ရှင်လွန်းမေ ရယ် ကဲ ... ကဲ .. ဘွားနားချင်ပြီ ... ညည်းလေးလည်း ကြုံတိုင်း ... ဆုံတိုင်း ... ဟိုက အသံကောင်းတယ်ဆိုပြီး မြှောက်ပေးတိုင်း သီချင်းတွေဆိုဆိုမနေနဲ့ ... ကြားရဲ့လား"

ဟု ပြောကာ ဘွား ထရပ်တော့ ရှင်လွန်းမေ ခေါင်းလေးညိတ်ပြကာ မျက်လွှာလေးချ ငြိမ်နေရပါပြီ။ ရင်ထဲမှာ ကြေကွဲနေရသည်ပါပဲ။ ဘွားမြတ် ပြောတာတွေ မမှားပါ။ မလွန်ပါ ... ငယ်ပေါင်းသူငယ်ချင်းတစ်ယောက်၏ မြေးကို ဘွား၏အိမ်မှ အစေအပါးတစ်ယောက်နှင့် မရင်းနှီးရအောင်ကြိုတင်၍ သတိပေးခြင်းသည် မှန်ကန်သော အဆုံးအဖြတ်ပဲဖြစ်ပါချေသည်။

ဘွားမြတ် ခုတင်ထက်မှာ သွားထိုင်တော့ ရှင်လွန်းမေ ခုတင်ခြေရင်းမှာ ထိုင် ... ဘွားကို ကန်တော့ကာ အခန်းထဲမှ ထွက်ခဲ့ရပါပြီ...။ အခန်းဟံခါးကို အသံမမြည်အောင်ပြန်၍ စေ့ပိတ်ခဲ့ပြီးသည့်နောက်မှာ မျက်ရည်ကကျလာပြီ ...။ ခြေလှမ်းသုတ်သုတ်ဖြင့် အောက်ထပ်ဆင်းခဲ့မိရကာ ဒေါ်ကြီးမေ ရှိရာ အခန်းသို့ ပြန်ခဲ့ရပါ၏။ ဘွားမြတ် သတိပေးရာ စကားတွေကိုလည်း ဒေါ်ကြီးမေ ကို ပြောဖို့ရာ မသင့် ...။ ဒေါ်ကြီးမေ မသိစေချင်၍ ဘွားမြတ် ကိုယ်တိုင် ရှင်လွန်း ကို သတိပေးခြင်းဆိုတာ နားလည်ရပါသည်။ ဒါမှ မဟုတ်လျှင်ဖြင့် ... ဒေါ်ကြီးမေ မှ တဆင့် ရှင်လွန်း



ကို သတိပေးစကား ပြောခိုင်းချေမည်ပေါ့။ ခုကျတော့ ထိုသို့ မခိုင်းပဲ တိုက်ရိုက်ကြီးပြောသည်ကိုက ... ဒေါ်ကြီးမေ ကို ဤကိစ္စ မသိစေ ချင်၍ ဆိုတာ ရှင်လွန်း နားလည်ရသည်ပါပဲ ...။

ရှင်လွန်း အခန်းထဲရောက်တော့ ပြုံး၍ ကြည့်နေသည့် ဒေါ်ကြီးမေ မှ...

"မနက်ဖြန် ကျောင်းလည်းပိတ်ရက်ဆိုတော့ ... ဒေါ်ကြီးမေ ဈေးသွားရင် တူတူလိုက်ခဲ့ ... ဈေးထဲက အပ်ချုပ်ဆိုင်မှာ အဝတ်ဝင်အပ်ပေးမယ် ... အင်းရက်ကန်းရက်ထည်လေးတွေက နူညက်နေတာပဲကွယ် ... စာအုပ်တွေလည်း ဝယ်လာပေးဘာဆိုတော့ ... စာသေချာကျက် ... ကြားလား ရှင်လွန်းမေ ... ကိုယ့်ကို ထူးချွန်စေချင်လို့ သူရိန်လေး က ... တကန်တက ဝယ်လာပေးရှာတာ အဲဒါကို နားလည်ဖို့လိုတယ် ... သူရိန်က အဲသလိုပဲ စိတ်ရင်းကောင်းကောင်းလေး သိရဲ့လား ..."

ဟု ပြောလာတော့ ရှင်လွန်းမေ ခုတင်ထက်မှာ တင်ပါးလွှဲလေးဝင်ထိုင် ...။ ဒေါ်ကြီးမေ ကို ဇက်ကြောနှိပ်ပေး ...။ လက်မောင်းတွေ နှိပ်ပေးနေရာမှ ...

"ဟုတ်ကဲ့ပါ ဒေါ်ကြီးမေ ... ရှင်လွန်း စာကြိုးစားပါ့မယ် ..."

ဟု ဖြေသည်။

"ကဲ ... နားတော့ ... နားတော့ ... အညောင်းပြေပါပြီ ရှင်လွန်းရယ် ... စာကျက်ချေတော့ ... ညဥ့်လည်းသိပ်မနက်စေနဲ့ဦး ... ဒေါ်ကြီးကတော့ဖြင့် ... တစ်နေ့တစ်နေ့ တလှုပ်လှုပ်နဲ့ လုပ်ခဲ့ရလေသမျှ ... ခုလို ငါ့တူမလေး နှိပ်ပေးတော့ .. အညောင်းလည်းပြေ .. မျက်စောင်းလည်းစင်းလာတော့တာပဲ ... အိပ်တော့မယ်ကွယ် ... အိပ်ချင်လာသကွယ် ..."

ဟု ပြောတော့ ရှင်လွန်း ကြမ်းပေါ်ပြောင်းထိုင် ...။ ဒေါ်ကြီးမေ ကို ညစဉ်ကန်တော့နေကျအတိုင်း ကန်တော့ရပါ၏။ ရှင်လွန်း မှာ ဒေါ်ကြီးမေ ဆိုတာ ဒေါ်ကြီးရင်းချာပမာ ရှိနေရသည်ကိုးလေ ..။

"သာဓု ... သာဓု ... သာဓု ပါကွယ် ... ငါ့တူမလေး ... ဘဝကောင်းပါစေ ... ပညာတတ်ကြီးဖြစ်ပါစေ ... အိုးအေးအေး ... ဘဝ

www.burmeseclassic.com

www.burmeseclassic.com



ချွေးမွှေးကို ပိုင်ရပါစေ ... ကျန်းမာချမ်းသာပါစေကွယ် ..."

ဟု ဒေါ်ကြီးမေ ဆုပေးရှာပါ၏။ ရှင်လွန်းမေ ခုတင်ခြေရင်းမှာ ဖျာလေးခင်း ...။ အိပ်ရာလေးအရင်ခင်း ...။ ပြီးတော့မှ ခေါက်စားပွဲ ဝုလေးကပ်ထောင်ထားရာ နံရံသို့သွားကာ စားပွဲလေးယူ ...အိပ်ရာဘေးမှာ စားပွဲလေးခင်း ...။ စာအုပ်လေးတွေ ယူ၍ စတင်စာကျက်ရပါ၏။

မကြာလိုက် ...။ ပင်ပန်းရှိန်ဖြင့် ဒေါ်ကြီးမေ အိပ်ပျော်သွားပြီ။ ခပ်တိုးတိုး ဟောက်သံလေးပင် ပေါ်လာပြီ ...။

စာကျက်နေရာမှ ရှင်လွန်း ၏ အကြည့်က စတူးဒင့်ဂိုက်စာအုပ် အသစ်စက်စက်လှလှလေးတွေကို ကြည့်မိရသည်။ စာအုပ်ကို ဖွဖွကိုင်မိသည်။ ဖွင့်ကြည့်မိသည်။ အင်္ဂလိပ်စာ၊ သင်္ချာ ...။ အို ...ဘာသာစုံပါလား လေ ... ။ ရှင်လွန်း အတွက် အရမ်းကို ကျောင်းစာတွေ ကျေညက်ဖို့ရာ ကူညီမယ့် စာအုပ်ကောင်းများ ...။ သြော် ... ကိုကို၏ စေတနာတွေ ပြည့်ဝ ထုံမွှမ်းနေရာ စာအုပ်လေးများပါတကား ...။

ရှင်လွန်းမေ စာအုပ်လေးကို ရင်မှာ ပိုက်လိုက်မိသည်။ ပြုံးရှိုနေသော ကိုကို့ မျက်နှာက အာရုံမှာလာထင်၏။

"ရှင်လွန်း စာကြိုးစားပါ့မယ် ကိုကို ... ဒါပေမယ့် ကိုကိုရယ် ... နောက်ကို ... ရှင်လွန်း နဲ့ မရင်းနှီးစေနိုင်ဖို့အတွက် ... တတ်နိုင်သမျှ ကိုကို့ကို ရှင်လွန်း ရှောင်နေမှ ဖြစ်ပါလိမ့်မယ် ကိုကို ... ရှင်လွန်း က ဆင်းရဲတယ်လေ ...။ ဆင်းရဲတဲ့အပြင် ... အိမ်ဖော်လည်း ဖြစ်နေတဲ့သူ ပါ ကိုကိုရယ် ....။ မိဘမဲ့အစေအပါးဘဝ ကောင်မလေးတစ်ယောက်ကို လူချမ်းသာတစ်ယောက်လာခင်ရင်တောင်မှ ... သံယောဇဉ်ရှိလာရင် တောင်မှ ... ကိုယ့်ဘက်က အဲဒီအရာတိုင်းကို တားမြစ်ထားရမယ်ဆို တာ ... အခုလေးမှာပဲ ... ရှင်လွန်း နားလည်ခဲ့ပြီးရပါပြီ ကိုကို ... စောစော က အဒေါ်ကြီး ဆုတောင်းပေးတဲ့အထဲမှာပါတယ် ကိုကို ... ချမ်းသာပါ စေဆိုတာလေ ... ရှင်လွန်း ဟာ ဘယ်လိုချမ်းသာနိုင်ပါ့မလဲ ကိုကိုရယ် ... အစေခံတစ်ယောက်ဟာ ... ဒီတောသူတစ်ယောက်ဟာ ... ယောဒီက



မိဘမဲ့လေးတစ်ယောက်ဟာ ... ချမ်းသာခြင်းဆိုတဲ့ ကံတရားတစ်ခုကို ဘယ်လိုအပ်စပ်နိုင်ပါ့မလဲရှင် ...။ ရင်သည် ကျင်ခနဲဖြစ်၏။ တိုးသက် စွာ မျက်ရည်ကျလာသည်။ အသံမထွက်စေရ ...။ ဒေါ်ကြီးမေ နိုး၍မဖြစ် ...။

"ဖေဖေ ... သတိရလိုက်တာ ဖေဖေရယ် ... လယ်စောင့်တဲလေး မှာ စပါးခင်းဆီက လေတိုးသံတွေကို နားထောင်ရင်း ... ဖေဖေဆိုပြတဲ့ သီချင်းကို နားထောင်ရင်း ... ရှင်လွန်း နေခဲ့ရတဲ့ ဘဝလေးကို ပြန်လိုချင် လိုက်တာ ... ရွာကအိမ်ငယ်လေးမှာ ဖေဖေနဲ့အတူ ... နေခဲ့ရတဲ့ စပါး တွေ ကျည်ထဲရောက်ခဲ့ရာ အချိန်လေးတွေကိုလည်း လွမ်းလိုက်တာ ဖေဖေရယ် ... ဖေဖေနဲ့ အရင်လို ပြန်နေရတဲ့ဘဝကို ... ရမယ်ဆိုရင် လေ ... ရှင်လွန်း ... ပညာမသင်ရရင်လည်း နေပါ့စေတော့ ... ဆင်းရဲရင် လည်း ဆက်ဆင်းရဲနေပါစေတော့ ... ဖေဖေနဲ့ပဲ နေခွင့်ရချင်ပါတယ် ဖေဖေရဲ့ ..."

လည်ချောင်းထဲ ဆို့တက်လာသည့် ခံစားချက် အရှိန်ပြင်းသည်။ ရင်သည် လှိုက်နေ၏။ လက်ချောင်းလေးတွေပင် တုန်ခါနေကြပြီ ...။ ဝါးလျလျကိုယ်လေးသည်ပင်လျှင် မသိမသာ ယိမ်းယိုင်လာသည်။ နောက် တော့ အားအင်ကုန်ခမ်းလာသည်သို့ ချိုချိုနဲ့နဲ့ကြီးဖြစ်လာသည် ပြတင်း ဘောင်ကို ပုခုံးဖြင့် မှီထိန်းရသည်။ လက်လေးတွေက ပြတင်းကျည်း ဘောင်အောက်ပိုင်းကို ဖေးယောက်နေရပြီ ...။

တိမ်အုပ်တွေကို တစ်ခုပြီးတစ်ခု ရှင်လွန်းမေ မွတ်မွတ်သိပ်သိပ် ခံစား ချက်တွေဖြင့် ကြည့်နေမိရပါ၏။ ဟုတ်သည် ...။ မွတ်မွတ်သိပ်သိပ် ...။ ဖေဖေ့ကို တောင့်တသောစိတ်သည် မွတ်မွတ်သိပ်သိပ် ရင်မှာရှိလှချေ သည်ကော ဖေဖေ ရယ် ...။

မျက်ရည်ပိတ်ဖုန်းနေသည့် အကြည့်သည် ဝေဝေဝါးဝါး ဖြစ်လာ သည်။ ဖေဖေနှင့် မေမေတို့ကို ဆုံးရှုံးခဲ့ရပြီးပြီ ...။ ဘယ်သောအခါတွင်မှ မဆုံနိုင်တော့သည်တဲ့လား ...။ ဟင့်အင်း ...။ တိမ်တွေကို မော့ကြည့်

www.burmeseclassic.com

www.burmeseclassic.com



ချစ်လှျင် ဆိုနိုင်သည်လေ ...။ ဖေဖေနှင့် မေမေတို့နှစ်ယောက် ရှင်လွှန်းမေကို ငုံ့ကြည့်နေကြပါချေလိမ့်မည်။ လွမ်းနေကြပါချေလိမ့်မည် ...။

လက်ဖမိုးလေးဖြင့် မျက်ရည်ကို ပွတ်သုတ်မိရင်းမှ မော့၍ တိမ်အုပ်တွေထဲမှ အကြီးဆုံးတိမ်တိုက်ကြီး တစ်ခုကို ရွေးချယ်ကြည့်လိုက်မိပြန်ကာ ....

"ရှင်လွှန်း ... ကန်တော့ပါတယ် ဖေဖေနဲ့ မေမေ ...."

ဟု ပြောလည်းပြော ...။ ငိုလည်းငို ...။ ကန်တော့လည်း ကန်တော့လိုက်မိသည်မှ နဖူးပြင်ထက်မှာ လက်အုပ်ချီထိထားရင်းဖြင့်ပါ ...။ စပါးခင်းဆီမှ ကြားရသော လေတိုးသံများတွေ ... အာရုံထဲ ရုတ်ခနဲဝင်လာ၏။ ဖြန့်လွှင့်လာချေသည်တည့် ...။



## အခန်း (၈)

"ဘုရားခန်းမှာလည်း ပန်းဆီမီးနဲ့ ဆွမ်းတော်တင်ပြီးပြီ ... မနက်စာ ဘရိတ်ဖတ်(စ်) အတွက်လည်း အဆင်သင့်ဖြစ်နေပြီ ... ရှင်လွှန်းလေးတို့ဖြင့် ဒေါ်ကြီးမေ အားကိုးလိုက်ရပါရဲ့ကွယ် ... အထူးသဖြင့် ဧည့်ခန်းက ခင်းထားတဲ့ ကော်ဇောတွေ ... အခန်းတွေမှာ ခင်းထားတဲ့ ကော်ဇောကြီးတွေကို ဘယ်လိုဖုန်စုတ်စက်နဲ့ ဖုန်စုတ်ရတယ်ဆိုတာ သင်ပေးပြီး ရှင်လွှန်းလေးကို လွှဲလိုက်ရတည်းက ... ဒေါ်ကြီးမေ ခါးနာသက်သာလာ ရတာပါပဲ ... ကော်ဇောဆိုတာက ... ဒေါ်ကြီးမေ တို့ရဲ့ အခန်းရယ် ... ဒီမီးဖိုခေတ်တစ်ခန်းရယ်ပဲ အခင်းလွတ်တာလေ ... ထမင်းစားခန်းတောင် ကော်ဇောကြီးခင်းထားတာဆိုတော့ ... ဖုန်စုတ်စက်နဲ့ လုပ်ရကိုင်ရတာပဲဆိုပြီး သက်သာတယ်ရယ်လို့ ဘယ်ဖြစ်နိုင်ပါတော့မလဲ ... အင်း ... ချမ်းသာကြသူများကျတော့လည်း ရေချိုးခန်းရယ် ...သူတို့ပြောတဲ့ တွိုင်းလက်ဆိုတဲ့ ဥစ္စာရယ် ... ငါတို့လို အလုပ်သမားနေတဲ့ အခန်းရယ် ... စတိုခန်းရယ်လောက်ပဲ ကော်ဇောအခင်းလွတ်တော့တာလေ ..."

ဒေါ်ကြီးမေ ပြောရင်း ခြံဝဘက်ကို တစ်ချက်မျှော်၏။ ကားကိုမျှော်ခြင်း ...။ ဘွားမြတ် ဘုရားခန်းမှာ ရှိနေဆဲ ...။ အပေါ်ထပ်မှ ဆင်းမလာသေး ...။

"ဘွားမြတ် ပြောထားတာမို့ ... ခြံဝကိုတော့ နားစွင့်ရမကွယ့် ...

www.burmeseclassic.com

www.burmeseclassic.com



သီရိချို လာလိမ့်မယ်လေ ...။ မနေ့ညနေရောက်တာ ... ဘွားဆီကို သီရိချို ဖုန်းဆက်တယ်တဲ့ ... အဲဒါ ဘွားက ဒီမနက် ဒီမှာဘရိတ်လာဖတ်စ် ဆိုပြီး ပြောထားသတဲ့ ... လာလိမ့်မယ် ... လာလိမ့်မယ် ... ရုပ်လေးချောသလောက် ချွမ်းသာဂုဏ်မောက်သနော် ရှင်လွှန်းမေ ... သူ့ကိုတော့ သတိထားကွယ် .... မိဘကလည်း အလိုလိုက်သလေ ... ဘွားကလည်း နေသူရိန်လေး ကိုရော .. သီရိချိုလေး ကိုရော သံယောဇဉ်တော့အကြီး ... ခုလည်း ဟိုက ပြန်ရောက်တယ်ဆိုတာနဲ့ အိမ်ကိုလာပြီး ဘရိတ်ဖတ်စ် နိုင်းနေပြီ ..."

ဟု ခပ်ညည်းညည်းပြောသည်။ ကြည့်ရတာ သီရိချို နှင့် ပတ်သက်၍ ဒေါ်ကြီးမေ စိတ်မသက်မသာ ကြုံကြုံနေရသည်လား မသိ။ အမြဲတမ်းကြည်ကြည်စင်စင်ရှိနေတတ်ပါသည့် ဒေါ်ကြီးမေ ၏ မျက်ဝန်းတွေ အတန်မှု မှိန်ဖျော့ချင်၏။

"အဲဒါကွယ် ... သူရောက်လာရင် ... အိမ်စီးဖိနပ်လေး သူ့ရှေ့ချပေးရတာ ... ဒီအိမ်ကို အဝင်အထွက်ရှိတာက ခုမှမဟုတ်ဖူးလေ ...။ ငယ်ကတည်းကဆိုတော့ ... သူ့ကိုဖြင့် ဘွားမြတ် ကလည်း အလိုလိုက်ထားတာပါပဲ ... အလုပ်အကိုင်ချင်းကလည်း ပတ်သက်ကြတာကိုး ... သီရိချို ရဲ့ ဒက်ဒီဆိုတာက ... အိမ်ဆောက်ပစ္စည်းစက်ရုံကြီး ပိုင်သကွယ့် ... သူ့သမီးကိုလည်း ဘွားမြတ် တို့ဆီ အလုပ်ဝင်လုပ်နိုင်းသကွယ့် ... အဓိကကိစ္စကဖြင့် ... နေသူရိန်လေး နဲ့ ရင်းရင်းချာချာနီးနီးကပ်ကပ် အမြဲရှိနေစေချင်လို့ပါအေရယ် ... ငယ်ကတည်းက အတန်းဖော်သူငယ်ချင်းတွေလည်း ဖြစ်ခဲ့ကြ ... ဘွဲ့ချင်းလည်းတူကြ ... ချမ်းသာချင်းကလည်း ညီကြတဲ့သူတွေဆိုတော့ ... တစ်နေ့ သူတို့ချင်းညားကြမှာပါအေ ... သူရိန်လေး နဲ့ဖြင့် မတန်ပေါင်ကွယ် ... သူရိန်က စိတ်ရင်းကောင်းလေး ... ချမ်းသာဆင်းရဲခွဲခြားစိတ်မရှိတဲ့ကလေး ... သီရိချို ဆိုတာက သူ့အိမ်ကြီးဖြစ်တဲ့ ဝိတောက်ဖူးနဲ့ ဒီစံရိပ်ငြိမ် နှစ်လမ်းလမ်းကျော် ခြားနေတာတောင်မှ လာလာပြီး ဟိုဟာချက်နိုင်း ဒီဟာစားချင်တယ်လုပ်တဲ့သူ ...။ အနိုင်းသောင်း



ကျွန်းပါ ... ဟိုဘက်က ပုန်းညက်မြိုင်ကို သီရိချို ရောက်သွားတဲ့အခါ များမှာလည်း စားဖို့မှူး မယ်လှိုင် လည်း မသက်သာရှာပါဘူးအေရယ် ..."

ဒေါ်ကြီးမေ ဖွင့်ညည်းယူရလောက်အောင်ပင် သီရိချို မောက်မာချောသည်ဆိုတာ ကြိုတင်သိနေရပြီ ...။

"ကော်ဇော်ကြီးမှ အကောင်းစားကြီးခင်းထားတဲ့ ဥစ္စာ ... အိမ်ရှေ့မှာ သူ့စီးလာတဲ့ ဖိနပ်လေးချွတ်ဝင်ပြီး ... သူ့ဘာသာသူ အိမ်စီးဖိနပ်လေးယူစီးပေါ့ ... ဒေါ်ကြီးမေ ကာ အသက်ကြီးတဲ့သူပဲ ဥစ္စာ ... အဲသလောက် နိုင်းစရာတဲ့လား ... နေ ...နေ ... ရှင်လွှန်း အဲဒီ အိမ်စီးဖိနပ် သူ့ကို ယူပေးမယ် ... နောက်ကို ... ဒေါ်ကြီးမေ ဘယ်တော့မှ ယူမပေးနဲ့ ..."

အပေါ်ထပ်တက်သည့် လှေကားကြီး၏ ပထမအဆစ်ချိုးကွေ့အောက်နေရာလွတ်မှာ ဖိနပ်ထားခန်းလေး ဖွဲ့ထားပြီး ... အထဲမှာ ဖိနပ်စင်လေးရှိသည်။ အိမ်စီးဖိနပ်နှင့် အပြင်စီးဖိနပ်စင်လေး ...။ ဘွားမြတ် အလုပ်သွားမည်ဆိုလျှင်လည်း ရှင်လွှန်း အပြင်စီး ဖိနပ်လေး ယူပေးစမြဲ။ အိမ်ပြန်လာလျှင်လည်း ဘွားမြတ် စီးလာသော ဖိနပ်ကို ယူသိမ်း ... ဆိုဖာမှာ ထိုင်နေသည့် ဘွားမြတ်ကို အိမ်စီးဖိနပ်လေးယူပေးနှင့် ရှိခဲ့ရသည် ပါပဲ ...။ ဘွားမြတ် ဆိုတာက ရှင်လွှန်း ၏ ကျေးဇူးရှင်လည်း ဖြစ်သည်။ အလုပ်ရှင်လည်း ဖြစ်သည်။ အသက်လည်းရပြီ ...။ ရှင်လွှန်း လုပ်ပေးရတာကိုက စိတ်ပါလက်ပါဖြင့်ပါ၏ ဘွားမြတ် ကိုယ်တိုင်ကလည်း သွက်လက်ပေါ့ပါးစွာ အစစ စိတ်ပါလက်ပါဖြင့် ဘွားမြတ် အတွက် ဆယ်ဘ်ဝစ္စလေးတွေ လုပ်ပေးပါသည့် ရှင်လွှန်း ကို နှစ်နှစ်လိုလိုရှိသည်ပါပဲ ...။

ဒါပေမယ့် ... သီရိချို ကိစ္စကျတော့ တစ်မျိုးဖြစ်သည်လေ ...။ စံရိပ်ငြိမ်သို့လာသည့် ဧည့်သည်အတွက် ဒေါ်ကြီးမေ က အိမ်စီးဖိနပ် ခြေထောက်ရှေ့အရောက် ချပေးရသည်ဆိုတာကဖြင့် ... အမြင်ကိုက မတင့်တယ် ... ကိုကိုဆို ... အိမ်ထဲဝင်လာသည်မှ ဖိနပ်ကို ချွတ်ခဲ့တာ ခြေဗလာဖြင့် သွက်လက်စွာ ဝင်လာခြင်း ...။ ဒေါ်ကြီးမေ ကိုလည်း သားချင်းပမာထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ အိမ်စီးဖိနပ်တွေဘာ တွေလည်း စီးဖို့ အရေးတကြီး ရှိမနေ ...။

"အဲမယ်လေးလေ ... ကော်ဇောကြီး ခင်းထားပေမယ့် ... သူ ခြေထောက်လေးတွေက အိမ်စီးဖိနပ်မစီးပဲ မလျှောက်နိုင်ဘူးတဲ့ ... သူ့ အိမ်မှာလည်း ခြေဖဝါးသက်သက်နဲ့ မလျှောက်ခဲ့ဖူးဘူးတဲ့ ... သူ့အတွက် ဖိနပ်ယူယူပေးခဲ့ရတာ. ဒေါ်ကြီးမေ စိတ်ထဲ မတွေ့ဘူးဆိုတာ ရိပ်မိပုံရပါရဲ့ အေရယ် ... ခပ်တည်တည်နဲ့ အားမနာပါးမနာတောင် ပြောသကွယ့် ..."

နှုတ်ခမ်းကိုမဲ့၍ အသံတိုးတိုးဖြင့် ဒေါ်ကြီးမေ ပြောခြင်းပါ။ ဤကိစ္စ အသေးအမွှားဟု ပြော၍ မရ။ လူတစ်ယောက်အနေဖြင့် ခံစားရသည့်ဘက်က ကြည့်လျှင် အသေးအမွှားဖြစ်မနေ။ စိတ်ဒဏ်ရာရစေသည့် ကိစ္စ ...။

"ဘာပဲဖြစ်ဖြစ်ပေါ့အေရယ် ... ငါတို့က အစေအပါးမဟုတ်လား ... အိမ်ကြီးရှင် ကြည်ဖြူတဲ့သူကို ... လုပ်ကိုင်ပေးလိုက်ရတာပါပဲ အေရယ် ..."

ဟု ခပ်ညည်းညည်းဒေါ်ကြီးမေ ပြောရှာသည်။

"ဒီနေ့မနက်တော့ ... ပုန်းညက်မြိုင်က ဘဘကောင်းနဲ့ လှလေးသူရိန်လည်း လာပြီး ဘရိတ်ဖတ်စ်ကြဖို့ ဘွားမြတ် ခေါ်ထားသလေ ... တွေ့ပါလိမ့်မကွယ် .... သူရိန်လေး ကိုဖြင့် ကိုကို ... ကိုကိုနဲ့ ချွဲပါ့ ... ဘဘကောင်းကိုလည်း ဘိုးဘိုး ... ဘိုးဘိုး နဲ့ သူ့အဘိုးအရင်းကျနေတာပဲ ... မျက်နှာကိုချိုပြီး အလွန်ချွဲတာ ... တခြားလူကိုသာ မယ်မင်းကြီးမက မျက်နှာတင်းတာ ... ဘွားမြတ် ရယ် ... ဘဘကောင်းရယ် သူရိန်လေး ကိုကျတော့ မျက်နှာလေး ချိုနေတာပဲ သိလား ... ပြောချင်ပါဘူး အေရယ် ... သူများအတင်း ..."

ပြောချင်တာတွေ သွန်ပြောပြပြီးမှ စကားပိတ်သိမ်းသည်က ဒေါ်ကြီးမေပါ ...။

"သူလာရင် ... ရှင်လွန်း ဖိနပ်ယူပေးမယ် ဒေါ်ကြီးမေ ... အခုလည်း ဧည့်ခန်းဖုန်စုတ်နေရင်းစောင့်နေလိုက်မယ်လေ ... သူတို့လာမှ ဘွားမြတ် မနက်စာ စားမှာမဟုတ်လား ... ရှင်လွန်း စောင့်နေလိုက်မယ်



အလုပ်လုပ်ရင်း ..."

ဟု ပြောတော့ ဒေါ်ကြီးမေ သက်ပြင်းရှိုက်သည်။ ရှင်လွန်း ၏ ဆံစလေးကို သပ်ပေးသည်။

"တကယ်က ညည်းလေး စိတ်ရင်းကောင်းပုံလေးနဲ့ ချမ်းသာသင့်သာပါဟယ် ... ရုပ်လေးကလည်း ချောပါ့ ... ငါတို့မှာ ဆင်းရဲတာတစ်ခုဆိုးနေသကွယ့် ..."

ဟု မချိစိတ်ဖြင့် ပြောသည်။

"အဲဒါ ... ဖိနပ်စင်လေးမှာ သီးခြားဘူးလေးနဲ့ ထည့်ထားတဲ့ ... အဝန်းရောင်အမွေးနုလေးနဲ့ အိမ်စီးဖိနပ်လေးဟာဖြင့် သူကြွယ်တော်မ သီရိချို ရဲ့ ဖိနပ်ပါပဲတော် ... အေး ... လုပ်ပေးတာတော့ လုပ်ပေးသိပြီး ခယယ အောက်မကျို့နေနဲ့သိရဲ့လား ... ညည်းလေးကို အငယ်ဆိုပြီး ခေါင်းတက်နင်းမှာစိုးရတယ် ... ညည်းလေးခေါင်းကို သူ နင်းမှာပြောတာ ... မညှာမထောက်ခိုင်းမှာကိုပြောတာ ..."

ဟု ကြို၍ သတိပေးသည်ကလည်း ဒေါ်ကြီးမေ ပါ။ ရှင်လွန်း ပြုံး၍ ခေါင်းညိတ်ပြကာ တကယ်ပဲ ဧည့်ခန်းမှာ ဖုန်စုတ်စက်လေးဖြင့် ဖုန်စုတ်နေလိုက်သည်ပါပဲ။ ဤနေ့က ကျောင်းလည်း ပိတ်ရက်ဖြစ်နေသည်။ အိမ်မှုကိစ္စထောင့်စေ့အောင် အချိန်ယူ၍ လုပ်နိုင်သည်လေ ...။

"အင်း ... ဖေဖေသာ ... ခုလို အိမ်သန့်ရှင်းရေးကို ဖုန်စုတ်စက်တွေဘာတွေနဲ့ လုပ်ရတာမြင်ရင်ဖြင့် အံ့ဩမှာ ..."

ဟု ဖေဖေ့ ကို လွမ်းစိတ်ဖြစ်ရသည်။ ဘာလုပ်လုပ် ... ဖေဖေ့ကိုတော့ သတိရလိုက်သည်ချည်း။ ကော်ဇောကြီးထက်မှာ ခြေဖဝါးလေးချ၍ လျှောက်ရတိုင်း နူးညံ့သည့် အထိအတွေ့ကို ခံစားရသည်။ ခံစားချက်အသစ်အဆန်းတစ်ခုအဖြစ် ဤအိမ်ကြီးထဲ ခြေဖဝါးလေးချဝင်ခဲ့ရကတည်းက ရှိခဲ့ရခြင်း။ ခုကျတော့ ... သီရိချို ဆိုတာက ဤမျှ နူးညံ့သည့် ကော်ဇောကြီးပေါ် ခြေဖဝါးသက်သက်ဖြင့် လျှောက်ရမှာကို မတူမတန် တစ်ခုအဖြစ်မင် မှတ်ယူသည်တဲ့လားလေ ...။ ချမ်းသာသွန်[illegible]ပြီးဆို

www.burmeseclassic.com

www.burmeseclassic.com



သည့် အခြေခံ ကံကောင်းခြင်းတစ်ခုသည် ... ဘဝင်မြင့်ခြင်းဆိုသည့် အရာတစ်ခုကို မွေးဖွားပေးတတ်သည်ဟု ဖေဖေ ပြောခဲ့ဖူးသည်။ ခု ... တကယ့်ကို မြင်ရတော့မည်ကော ...။ သီရိချို ဆိုတာ အတော်ကြီး ဘဝမြင့် သည့်သူကြွယ်တစ်ယောက်ဟု ဒေါ်ကြီးမေ စောစောက ပြောခဲ့ပြီးပြီမို့ ...။

"အေးလေ ... တစ်နေ့ကျရင် ... ကိုကိုနဲ့ လက်ထပ်ရမယ့်သူပဲ ဥစ္စာ ... ခုကတည်းက ငါရိုရိုသေသေလေး သီရိချို ဆိုတာကို ထားရမှာပေါ့ ..."

ဟု တွေးကာ ဖုန်စုတ်စက်လေးဖြင့် ဖုန်စုတ်နေမိရပါပြီ။ အလုပ်ထဲ စိတ်နစ်ဝင်သွားတာမို့ တစ်ချက်တော့ ကားသံကို နားစွင့်ဖို့မေ့သွားမိခဲ့ရသည်။

"ဟော့ ... ဒီမှာ .. ဒီမှာ ..."

ခပ်ကျယ်ကျယ်ခေါ်သံ ...။

နောက်တော့ ...။

"ဒေါ်ကြီးမေ ... ဖိနပ်လေ ... ဖိနပ် ..."

ဟု ဆက်အော်သံကြားရတော့မှ ကမန်းကတမ်း ဖုန်စုတ်စက်ကို ပိတ်လိုက်မိရ ...။ တံခါးမကြီးဘက်ကို ကြည့်မိရသည်က ရှင်လွန်းမေ ပါ။ နောက်ဖေးဘက်မှလည်း ဒေါ်ကြီးမေ ခပ်သုတ်သုတ်ထွက်လာနေပြီ။ ရှင်လွန်းမေ လက်ဘလေးကာ၍ ခပ်သုတ်သုတ်ပြေးကာ အိမ်စီးဖိနပ်လေးယူရပြီ။ ယူနေရင်းလည်း စောစောက တစ်ချက်လန့်ရှိန်ဖြင့် ကြည့်မိရစဉ်ခိုက် အရမ်းကိုလှသည့် မမလေးတစ်ယောက်ဖြစ်နေသည့် သီရိချို ဆိုသည့် သူဌေးမလေး၏ မျက်နှာက အာရုံထဲမှာထင်နေ၏။ ရှင်လွန်းမေ ဖိနပ်ယူပြီးမို့ ဒေါ်ကြီးမေ ခပ်သုတ်သုတ် ထမင်းစားဆောင်ထဲ ပြန်ဝင်သွားပါပြီ။ ဘွားမြတ် လည်း ဆင်းမလာသေး။ လူလည်း မစုံသေး။ လူစုံလျှင် ပူပူစားသောက်ဖို့ရာ နွားနို့အိုးကို မီးဖိုပေါ် ဒေါ်ကြီးမေ ပြန်တည်နေပြီထင့် ...။



ရှင်လွန်းမေ ခပ်မြန်မြန်လေးပင် လျှောက်ကာ တံခါးဝမှာ ခုထိ ခပ်စူးစူးလေးကြည့်နေဆဲ မမလေး သီရိချို ၏ ခြေထောက်ဖြူဥဥလေးရှေ့မှာ အိမ်စီးဖိနပ်လေးကို ချပေးလိုက်ရသည်။ ဖိနပ်ကို စီးနေရင်းမှ ...။

"နင်က လူသစ်လား ... ဆံတောက်ကြီးနဲ့ ... ဘာနဲ့ အဆန်းပဲ ..."

ဟု တစ်ချက်ပြောသည်။ ရှင်လွန်းမေ ခေါင်းလေး ငုံ့ထားမိရပါ၏။ မော့ကြည့်ရမှာ ဘာကြောင့်ရယ်မသိ ...။ ဝန်လေးနေသည်။

"ငါလာမယ်ဆိုတာ ဒေါ်ကြီးမေ ပြောပြထားလား ..."

ရှင်လွန်းမေ ခေါင်းလေး မငုံ့မရဲ ညိတ်ပြရပါ၏။ ခုထိမော့မကြည့်ရဲသေး။ အပေါ်စီးနိုင်နေမည့် အကြည့်ကို ရင်ဆိုင်ရမှာ ရှင်လွန်းမေ လန့်နေသည်။ သိမ်ငယ်နေသည်။

"ငါလာရင် ... ဖိနပ်ယူပေးရမယ်လို့ရော ပြောထားလား ...။ ဒီကိုလာရင် ငါစီးဖို့ရာ ငါ့ဖိနပ်ကို ဒီမှာ ငါလာထားထားတယ်ဆိုတာက အစ ပြောပြထားသေးလား ..."

ရှင်လွန်း ခေါင်းလေး ထပ်ညိတ်ပြရသည်။

"ငါ့ မကောင်းကြောင်းတွေရော အတင်းတုတ်သေးလား"

ရှင်လွန်း ခေါင်းလေး ယမ်းပြရပါ၏။ တွေ့တွေ့ချင်း အမေးအစမ်းထူကာ ဒေါ်ကြီးမေ အပေါ် အပြစ်ရှာသည့်ဘက်ကို စကားကူးလာသည်မို့ ရင်ထဲမှာ ရှုပ်ထွေးလာရပြီ။

"မင်းက ခေါင်းညိတ် ... ခေါင်းခါနဲ့ ဖြေနေတာဆိုတော့ ... စကား မပြောနိုင်ဘူးလား ... အ ... နေသလား ... ဆွံ့အနားမကြားတော့ ဟုတ်ဟန်မတူဘူး ... ဆွံ့အပေမယ့်နားတော့ ကြားပုံရတယ် ... ငါမေးတာ အားလုံး နင်ကြားလို့ ခေါင်းညိတ်ခေါင်းခါလုပ်နိုင်တာပေါ့ ..."

ဟု ငေါ့တော့တော့ စကားထွက်ကျလာပြန်သည်။

"သူများကို မနိမ့်ချင်စမ်းပါနဲ့ ချိုချို ... ဒါ ... ဒေါ်ကြီးမေ ကို ကူဖို့ ဘွားမြတ် ကို ပြုစုဖို့ရောက်လာတာ ... ပြီးတော့ ကျောင်းနေနေတယ် တဲ့ ... ဘိုးဘိုး ဒါ ... မြေးပြောပြတဲ့ ရှင်လွန်းမေ ဆိုတဲ့ တောသူလေးလေ ...

www.burmeseclassic.com



ကဲ … ကဲ အထဲဝင်တော့ ရှင်လွန်းမေ … ဒေါ်ကြီးမေ ကို သွားလုပ်ကိုင်ကူလိုက် … ချိုချို ကလည်း ကိုယ့်ဖိနပ်ကိုယ်ယူစီးဘာ မဟုတ်ဘူး … ကိုကိုပြောပါရက်ကယ်နဲ့ … ခုထိကို … အချိုးမပြင်ဘူးကွာ … ခက်တာပဲ … ခုလည်း … ခိုင်းလိုက်ပြီ မဟုတ်လား … ကလေးလေးကိုကွာ … သနားတယ်မရှိဘူး … ကိုကိုဖြင့် စံရိပ်ငြိမ်ရောက်လာတဲ့အခါ တကန်တကကြီး အိမ်စီးဖိနပ်တွေဘာတွေ မစီးပေါင် … ဘိုးလည်း မစီးပေါင်ကွာ …”

ဟု ပြောနေတော့ သီရိချို ၏ အကြည့်က ရှင်လွန်း ထံ ရောက်၏။ အကြည့်က စူးရဲသည်။ မလိုတမာ ကြည့်ဖြစ်နေသည်။ ကိုကိုက ရှင်လွန်း ဘက်မှ ရပ်တည်ပြောပေးနေသည်မို့ ခံပြင်းနေတာလည်းသိသာနေသည်။

“အို … အစေခံကို အစေခံလိုပဲ မခိုင်းလို့ … ဘာလုပ်ရမှာလည်း ကိုကိုရ … သူတို့ကို ခိုင်းဖို့ ခေါ်ထားတာ … ပိုက်ဆံပေးထားတာ … သူတို့အဆင့်နဲ့သူတို့ … နေရမှာပေါ့ … လုပ်ပေးရမှာပေါ့ … ဒီဖိနပ်လေး ဒေါ်ကြီးမေ ယူပေးရတုံးကလည်း အဲဒါပဲ စာချဲ့ပြီး ကိုကို ဆူနေတယ်။ အကြီးကိုခိုင်းရသလား ဘာလားနဲ့ … ခုကျတော့ ဒီအငယ်ပေါက်စနလေးခိုင်းတော့လည်း ဆူပြန်ပြီ … ကဲ … ဒီမယ် ရှင့်ကို ကျွန်မ အိမ်စီးဖိနပ်လေး ယူပေးပါ့မယ် … ခဏစောင့် … ခဏစောင့် …”

ဟု အရွဲ့တိုက်၍ ပြောလည်းပြော။ တကယ်လည်း ဖိနပ်စင်လေး အခန်းဖွဲ့ထားရှိရာ ဘယ်ကိုလျှောက်တော့ ရှင်လွန်းမေ လန့်လန့်ဖြင့် ထမင်းစားခန်းဘက်ကို ပြေးရပါပြီတည်း။ တကယ် ဖိနပ်လာချပေးလျှင် ဒုက္ခ …။

“ဟဲ့ … ကောင်မလေး အရမ်းမပြေးနဲ့လေ … လဲကျမယ် …။ ကိုကို ပြောတာ ကြားရဲ့လား … လန့်ပြေးတယ်ဆိုတာ … လဲကျတတ်တယ်ကွ … ချိုချို ကလည်း ဘာလို့ ကလေးအပေါ်မှာ ဒေါသတွေ မဲနေရတာလဲ …။ ဒုက္ခပါပဲ … စိတ်ညစ်တယ်ကွာ …”

ကိုကို ၏ စိုးရိမ်တကြီး ရှင်လွန်း ကို သတိလှမ်းပေးသံ …။ သီရိချို ကို အပြစ်ငွေ့ငွေ့တင်သံတွေ ပေါ်လာပြီးတာနှင့် …။



“ဘာရယ် … ဘာရယ် … ကိုကို …ဟုတ်လား … သူနဲ့ ကိုကိုနဲ့ ပြောကြဆိုကြရာမှာ … ကိုကိုလို့ သူက ခေါ် … ကိုကိုကလည်း ကိုကိုက ကိုဆိုက … နဲ့ ပြောနေတယ်ဆိုပါတော့ … ဒါပြောစရာလား … ချိုနဲ့ ပြောတဲ့ အသုံးအနှုန်းကို သူ့လို အစေခံနဲ့ တန်းတူထားပြောရသလား …”

ဟု မခံချင့်သံဖြင့် ပြောနေပါသည့် သီရိချို ၏ ဒေါသ သင့်စကား ကိုလည်း ရှင်လွန်း ကြေကြေကွဲကွဲကြီး ကြားလိုက်ရပါပြီ။ နောက်တန်း အောက်တန်းအရာမှာ အဆုံးတိုင်ထား၍ အပြောခံရသည့်ဘဝမှာ ရှင်လွန်း ရောက်နေရချေသည်ကောလေ …။

“ဟ …ဘယ်လိုကြီးလဲ ချိုချို … ရှင်လွန်း ကို ရှေ့ထားပြီး အဲသလောက်ပေါ်တင်ပြောရသလား … အစေအပါးလို့ မပြောပါနဲ့ …။ သူ့ဘဝ ရောက် ဘာဖြစ်လာမယ်ဆိုတာ ချို မြင်နိုင်လို့လား … လူတစ်ယောက်ကို ဘဝအရေးဆိုတာက စောင့်ရှောက်တတ်တယ်ဆိုတာ မမေ့ချင်စမ်းပါနဲ့ … အိုး … မြင်တဲ့အတိုင်းပဲ … ချို အဲသလို တစွတ်ထိုး လုပ်တတ်တာကို ခြင်း စိတ်အကုန်ဆုံးဆိုတာ အဲဒါကို ပြောတာ … ခု မြင်ပြီမဟုတ်လား သူများအိမ်ကိုလာပြီး … သူများအိမ်ကလူကို ဒီလောက်ပြောရသလား … တစ်ဘက်သားခမျာ ဘာလည်း မရှိတော့ဘူး … ဒီတစ်နေရာပဲ အားကိုးပြီးနေနေရရှာတာ … ပြီးတော့ ချိုချို နဲ့ဆိုရင် အရမ်းအသက်ကွာတယ် … ကိုက ကလေး … သူက အကြီး … ခက်တာက … ချိုချို ဟာ ကြီးမှန်းသိ … ငယ်မှန်းလည်း မသိတဲ့ ကိစ္စပဲ ဘိုးဘိုး … ဒေါ်ကြီးမေ ကိုလည်း အဲသလိုပဲ ဆက်ဆံတယ် … အခု … ဒီကလေးကိုလည်း ဒီလိုပဲ ဆက်ဆံတယ် … ခက်တယ်ဗျာ …”

ဤတစ်ကြိမ်မှာတော့ ကိုကို တကယ့်ကို မခံချင်စိတ်ဖြင့် ပြောခြင်းဆိုတာ ရှင်လွန်း နားလည်လိုက်ရပါပြီ။ တော်ရုံစိတ်ဆိုးတာမျိုး မဖြစ်တော့သည့်နှယ် ပြောချလိုက်ခြင်း …။

“အို … အို … အစေခံနဲ့ ချို့ကို တန်းညှိပြောတာပေါင်မဟုတ်တော့ဘူး … ဟိုဘက်ကို အလေးတသာနဲ့ ပြောတာ … ချို … ပြန်မယ် …

www.burmeseclassic.com



တော်ပြီ ...''

ဟု ဆောင့်အောင့်ပြောသံကြားရတော့ ရှင်လွန်း လန့်လန့်ဖြင့် လှည့်ကြည့်မိရပါပြီတည်း။ ကိုကို့ ဘိုးဘိုးက မျက်နှာပျက်နေသည်။ ကိုကိုက ရှင်လွန်း ကို ကြည့်နေ၏။ မျက်နှာမှာ ခံပြင်းရိပ်က အထင်းသားဖြစ်နေသည်။ သီရိချို ကလည်း စူးစူးဝါးဝါးကြီး ရှင်လွန်း ကို ကြည့်နေသည်။ ရှင်လွန်း မှာဖြင့် နေရာမှာပင် အငွေ့ဖြစ်၍ ပျောက်သွားလိုက်ချင်သည်ပါပဲ။ ဤမနက်မှာ ခုလောက်ထိ တိုတောင်းသော အချိန်လေးအတွင်းမှာ ဤမျှထိ ကြီးမားသည့် ပဋိပက္ခတစ်ခုသည် ရှင်လွန်း ကြောင့် ဖြစ်လာမည်ဟု ထင်မထားမိခဲ့ ...။ လှေကားထိပ်မှာ ဘွားမြတ် ရပ်နေတာကိုလည်း မော့ကြည့်မြင်လိုက်ရတော့မှ ငိုလန့်လာရသည်ပါပဲ။ သီရိချိုကတော့ ဘွားမြတ် ကို မြင်ပုံမရ ...။ နီညိုရောင် ဆိုးထားသော ဆံပင်ဖြောင့်ဖြောင့် တိုတိုကုတ်ဝဲလေးကို လက်ဖြင့်ဖွ၍ ချာခနဲ လှည့်သည်။ အရမ်းကိုလှသည့် မမလေး သီရိချို ...။ အပြာရောင် ပိုးဂါဝန်ရှည် ခါးစည်းလေးနှင့် သီရိချို ...။ အိမ်ရှေ့မှာ ချွတ်ထားသော ဖိနပ်ကိုစီးသည်။ အိမ်စီးဖိနပ်ကို ဒေါမာန်ဖြင့် အပြင်ဘက်သို့လည်း လွှင့်ပစ်လိုက်သေးသည်။ နောက်တော့ ကားပေါ်တက်၏။ ဝူးခနဲပါအောင် မောင်းထွက်သွားသည်။ နောက်တော့ တစ်ချက်တန့်ရပ်ကာ ကားပေါ်မှ သားရေအိတ်တစ်အိတ်ကို ဖုတ်ခနဲပစ်ချ၏။

“လက်ဆောင်ဝယ်လာတာ ... ဘယ်သူ့မှ ပေးမနေတော့ဘူး ... ဒေါ်ကြီးမေ ... အပြင်ကို သွားပစ်လိုက် ... သီရိချို ဆိုတာ အခေ... လောက်တောင်မှ တန်ဖိုးမရှိတဲ့သူဖြစ်ပြီးပြီမို့ ... အောက်တန်းစား သီရိ... ရဲ့ လက်ဆောင်လည်း ဒီကလူတွေ ... လူဂုဏ်တန်တွေနဲ့ မထိုက်တော့ပါဘူး ...''

ဟု အဆင်ခြင်မဲ့အော်ပြောခဲ့သေးသည်။ ရှင်လွန်းမေ ရင်... နောက်ကျိလာသည်။ ရှုပ်ထွေးလာသည်။ ဤမျှအထိအရှိန်မြင့်လာ... အောင်တော့ သီရိချို မလုပ်သင့်ဟု ခံစားဖြစ်၏။ ဤနေရာမှာ နေဖို့လည်း...



...ကောင်းတော့ပြီကောဟုလည်း နားလည်လာရသည့်အဖြစ်။ တစ်လျှောက်...း ဆက်ဆံရေးသင့်မြတ်နေသည့် အိမ်ထောင်သုံးစုကြားမှာ ... ရှင်လွန်း ...ာလာမှ မျက်နှာပျက်စရာဖြစ်ကုန်သည်ဆိုတာ ကောင်းသောလက္ခ...မဟုတ် ...။

“ပြန်မယ် မြေး ... ဒီလောက်ဖြစ်ပြီးမှတော့ မနက်စာလည်း မျိုကျ...ာမှာမဟုတ်ပါဘူးကွာ ... မြေးကလည်း ဘာလို့ သီရိလေးကို ...ခေါ်ရတာလဲ ... မဟုတ်သေးပါဘူးကွာ ... ဟိုက ... ကလေးစိတ် ...တော့ မိဘတွေက အလွန်အလိုလိုက်ထားတာ ... ခက်ပြီးပဲ .. ကဲ .. ...မြတ် ပြန်မယ်ဗျာ .. နောက်တော့မှပဲ လာတော့မယ် ...''

ကိုကို့ ဘိုးဘိုး တစ်ချက် ရှင်လွန်း ကို ကြည့်သည်။ မျက်နှာမကောင်း။ ...နှယ်ပင် အရပ်မြင့်မြင့်ကြီးဖြင့် တည်ငြိမ်အေးချမ်းသော ရုပ်ရည်ဖြင့် ...ေသော ဘိုးဘိုး ...။ လောလောဆယ်မှာတော့ စိတ်ပင် ပန်းနေဟန် ...နေသည်ပါပဲ ...။ ဘွားမြတ် ခေါင်းညိတ်ပြတာကိုလည်း မော့ကြည့်...တ် ရှင်လွန်းမြင်ရပါ၏။ ဘွားမြတ် ရှင်လွန်း ကို မကြည့် ...။

“မနက်စောစောမှာ... ခုလို ... ဖြစ်သွားရတဲ့အတွက် မြတ် စိတ်မ...ောင်းပါဘူး .. အစ်ကို ဘကောင်း ရယ် ...''

ဟု မျက်နှာမကောင်းပဲ ဘွားမြတ် ပြောစဉ်ခိုက်မှာ ရှင်လွန်း မျက်...ည်အုလာသည်။ ဘယ့်နှယ်လုပ်၍ မျက်ရည်ကို ထိန်းနိုင်ပါတော့မည် ...လေ ...။

ကိုကို ငိုင်၍ ရှင်လွန်း ကို တစ်ချက်ကြည့်လာသည်။ ခေါ်နေသည့် ...အကိုလည်း ကြည့်သည်။ အဘိုးလုပ်သူ စောင့်ခေါ်နေတာမို့ ကိုကို ...ချက်ငိုင်ကျသွားရာမှ ဘိုးအေ လက်ကိုဆွဲ၍ ပုန်းညက်မြိုင်ဘက်ကို ...သော ခြံစည်းရိုးကူး တံခါးရှိရာဘက်ဆီသို့ ထွက်သွားပါချေ၏။ ...လွန်း ကတော့ မျက်လွှာလေးချရင်း မျက်ရည်မဆည်နိုင်ပဲ ကျန်ခဲ့...သည်။ ဘယ်သူ့အားကိုးရမည်တဲ့လဲလေ ...။ ဖေဖေ မရှိ။ မေမေ ...ိတာ ...ရှင်လွန်း ငယ်ကတည်းက မရှိခဲ့သည့်ဘဝ ...။ ခု ... နေ...ရသည့်

www.burmeseclassic.com



နေရာသစ်တစ်ခုမှာ ... ရှင်လွန်းအားကိုးဆုပ်ခဲရာ လက်ဖဝါးတစ်မုံမရှိ ...။ ရင်ခွင်တစ်ခုမရှိ ...။ ရှင်လွန်း ရပ်နေသည့် နေရာ ခြေဖဝါးတစ်ကွက်စာသည်ပင်လျှင် ရှင်လွန်း ပိုင်ဆိုင်ရာမဟုတ် ...။

အားကိုးရာမဲ့ ... တွယ်ရာမဲ့ ... ဘဝ ... ဆိုတာ ... ခြေဖဝါး တစ်ကွက် စာသည်ပင်လျှင် ရှင်လွန်း ပိုင်ဆိုင်ရာမဟုတ် ...။

အားကိုးရာမဲ့ ... တွယ်ရာမဲ့ ... ဘဝ .. ဆိုတာ .. ဤသို့ပါလား ... ဟု သိနေရချိန်မှာ ... လူသည် လျှောက်စရာလမ်းမမြင်သည့် နေရာတစ်ခုမှာ ရပ်နေရသည့်လူဖြစ်နေပြီ။ ရှင်လွန်း ဘွားမြတ် ကို မော့ကြည့်မိသည်။ လက်အုပ်လေးချီ၍ ကြည့်မိခြင်း ...။ နှုတ်ခမ်းလေးတွေ တုန်နေသည်။ မျက်နှာလေးက ... ကလေးတစ်ယောက် ငိုချလိုက်တော့မည့်နယ် မဲ့တဲ့တဲ့လေးဖြစ်နေခြင်း ...။ မျက်ရည်ကထိန်းမရ ...။

"ရှင်လွန်း ... ဒီမှာ ... မ ... နေ ... တော့ .. ပါ ... ဘူး ... ဘွား ရယ် ..."

ဟု အသံတွေ အက်ကျနေရင်း ပြောခိုက် ...

"အဲသလို ထွက်သွားရင် ... မိုးမီးလောင်မယ် ရှင်လွန်း ... ဒီကို ကြောင့် ထွက်သွားတယ်ဆိုရင် ... လူဖြောင့်စိတ်တို မောင်သူရိန် ဒေါသမီးက ... သီရိချို အပေါ် ဘယ်တော့မှ ငြိမ်းမှာ မဟုတ်ဘူးကွယ့် လို့အပ်တာ ... ငါ စီစဉ်ပါ့မယ် .. အင်း ... အခန်းထဲ ပြန်နေ ... ပြန် နေ ..."

ဟု ဘွားမြတ် သက်ပြင်းချ၍ ပြောပြီးတာနှင့် ချာခနဲ လှည့် အခန်းဘက်လျှောက်သွားစဉ်နိုက် ရှင်လွန်းမေ ခေါင်းလေးငိုက်ချ ကြမ်းပေါ်ထိုင်ချသည်။ မျက်ရည်က တအိအိပြိုကျနေဆဲ ...။ ထိုစဉ်နိုက် ရှင်လွန်း ၏ ပခုံးပေါ် လက်အစုံကျလာပါ၏။ မော့ကြည့်တော့ ကိုကို လားလေ ...။ မျက်တောင်မခတ်ငေးစိုက်ကြည့်နေသည့် ကိုကို့ မျက်ဝန်း တွေမှာ စိတ်ထိခိုက်ရိပ်တွေချည်းပဲ အုပ်မိုးနေသည်။ ကိုကို့နောက် ရပ်နေသည်က ဒေါ်ကြီးမေ ...။ ဒေါ်ကြီးမေ လည်း မျက်ရည်လည်



သည်ပါပဲ ...။

"ဘိုးကို အိမ်မှာထားခဲ့ပြီး ကိုကို ပြန်လာတာ ... ထင်တဲ့အတိုင်းပဲ ... မင်းက ... ဒီစံရိပ်ငြိမ်က ထွက်သွားမယ်လို့ ဆုံးဖြတ်နေပြီကိုး ... ဘွားကို မေ့ပြောတာ ... ဘွားပြန်ပြောတာတွေ ... ကိုကို ဟိုအဝင်တံခါးကွယ်ကနေ အားလုံးမြင်တယ် ကြားတယ် ... ဘွား ပြောတာမှန်တယ် ရှင်လွန်းမေ ... တကယ့်ကို မိုးမီးလောင်လိမ့်မယ် ... ကိုကို .. သီရိချို ကို ဘယ်တော့မှ ခွင့်လွှတ်မှာမဟုတ်ဘူး ... ဘယ်နှယ့်ကွာ ... မိဘမဲ့ ကလေးလေးတစ် ယောက်ကို ဒီလောက်ထိ ပစ်ပစ်ရက်ရက် ... ဆက်ဆံရသတဲ့လား ... ပြောရ သတဲ့လား ... ဒီမှာ ရှင်လွန်း ... ဒီက ထွက်သွားဖို့တော့ မစဉ်းစားနဲ့ ... ကိုကို နဲ့ သီရိချို တို့ရဲ့ ဆက်ဆံရေးအဆင်မပြေမှုတစ်ခုကြောင့် ရှင်လွန်းလေး ... အနာဂတ်ပျောက်သွားရမှာမျိုး ... ကိုကို အဖြစ်မခံနိုင်ဘူး ... ဒါ ... လူ့စိတ်ပဲ ... မင်းကို မြေစာပင် အဖြစ်မခံနိုင်ဘူးကွ ... နားလည်လား ..."

ဟု ပြတ်သားစွာ ပြောနေရာမှ ကိုကို့ လက်ဖဝါးတွေက နူးညံ့စွာ ရှင်လွန်း ၏ ဆံစလေးပေါ် ဖေးတင်သုပ်ပေးလာပါချေသည်။ ရှင်လွန်း မျက်ရည်တွေသာ ဆက်တိုက်ပြိုကျနေရပါချေသည်တည့် ...။ ဘာလို့ သံယောဇဉ်ကြီးရသည်လည်း ကိုကိုရယ်လေ ...။ မော့အကြည့်မှာ ကိုကို့ မျက်ဝန်းဝယ် မျက်ရည်လည်နေကြတာကို မြင်ရပြန်ပါ၏။ ဟင့်အင်း .. ကိုကို မျက်ရည်မကျပါလေနှင့် ...။ မကျပါလေနှင့်ဟု ထိတ်လန့်စွာ တားနေမိသည့်စိတ် ...။ ဒါပေမယ့် ကိုကို မျက်ရည်ကျလာတာကို မြင် လိုက်ရချေသည်တကား ...။

www.burmeseclassic.com

## အခန်း (၉)

ဘွားမနက်စာ ဘရိတ်ဖတ်စ်စားနေချိန်မှာ ကိုကိုနှင့် ဘိုးဘိုးကောင်း တို့ ရောက်လာကြတာမို့ ဘွားမှ ပြုံး၍ ထရပ်လိုက်ကာ ...

"ဟော ... အစ်ကို ဘကောင်း နဲ့ သူ့ရှိန်လေး ရောက်လာကြတာ ကိုး ...။ လာ ... လာ ... အတော်ပဲ .. တစ်ခါတည်း ဝင်စားလိုက်ကြ ပါလား ... ဒီနေ့ ပဲပြုတ်လေးနဲ့ ထမင်းကြော်တယ် ... ငါးကျွတ်ကျွတ် ကြော် တယ် ... ခရမ်းချဉ်သီးမီးဖုတ် အစပ်ထောင်းလေးက ငြုပ်စိမ်းနဲ့ ကြက်သွန်ဖြူများများ ထည့်ထောင်းထားတာလေးမို့လည်း အစပ်အဟပ် တည့်တယ် ... ပြီးတော့၊ လက်ဖက်ရည်ကျကျတစ်ခွက်သောက်မယ် စား ကောင်းမှာပါ အစ်ကိုဘကောင်းရဲ့ ..."

မနေ့မနက်က ဖြစ်ခဲ့သည့် ကိစ္စအတွက် ဘွားမြတ် လည်း စိတ်ထဲ ခုထိ ကောင်းပုံမရ ...။ ခုလို ... ဘိုးဘိုးကောင်း နှင့် ကိုကိုတို့ မနက်စော စောရောက်လာကြတာမို့ ရင်ထဲ ကျေနပ်လည်းကျေနပ် ..။ စိတ်သက် သာရာလည်း ရသွားပုံရသည်ပါပဲ ...။ ဘိုးဘိုးကောင်း မှ ခေါင်းညိတ်ကာ အလိုက်သင့်ဝင်ထိုင်သည်။ ကိုကိုလည်း ဝင်ထိုင်ပါ၏။ ထိုင်နေရင်း လည်း ဘွားမြတ် ၏ နောက်မှာ ရပ်နေသည့် ရှင်လွန်း ကို လှမ်းကြည့်သည်။ မနေ့ကဖြစ်ခဲ့သည့် စိတ်မချမ်းမြေ့ဖွယ် အဖြစ်



အစ်ရာသည် ကိုကိုနှင့် တိုက်ရိုက်ပတ်သက်နေသည်ဟု ခံစားရဟန်ဖြင့် မျက်နှာတော့ သိပ်မလန်းပဲ ဖြစ်နေသည့် ကိုကိုပါ ...။ ရှင်လွန်း ရင်ထဲ မကောင်းနိုင်။ တကယ်က ရှင်လွန်း ကြောင့် မမလေးသီရိချို နှင့် ကိုကို တို့အခြေအတင်တွေ ဖြစ်ပျက်ကုန်ရသည်ဆိုတာ ရှင်လွန်း သိနေ သည်ပဲလေ။ အရင်တုန်းက ထိုပဋိပက္ခမျိုး ဘယ်တုန်းကမှ ဖြစ်ခဲ့သည်မှ မဟုတ်ချေပဲ။ ခု ... ရှင်လွန်း ရောက်မှဖြစ်ရသည့်ကိစ္စ ...။ ရှင်လွန်း ကြောင့်ဖြစ်ရသည်ဆိုတာ သိသာသည်။ ရှင်လွန်း တရားခံဆိုတာ သိသာနေ သည်ပဲလေ ..။

"စားကြတာပေါ့ မြတ် ... ပြီးရင် ... အလုပ်ကိစ္စလည်း စားသောက် ရင်း ပြောသင့်သလောက် ပြောကြ ... ပြီးတော့ ... အောက်ထပ် စာကြည့် ခန်းမှာ ဆက်ပြောကြတာပေါ့ကွယ် ... ထမင်းကြော်ကိုတော့ ... ငါက အကြိုက်ကွယ့် ... မြတ် ကဲ ... ထမင်းကြော်ကို အသီးအရွက်နဲ့ကြော် ... ပဲပြုတ်နဲ့ကြော် ... ကြက်သွန်နီကျွတ်ကျွတ် ... ကြက်သွန်ဖြူကျွတ် ကျွတ်လေးနဲ့ အဖြူထည်ကြော်ပြီး ကြက်ဥမွှေခေါက်ထားတာ ချခါနီး ထည့်မွှေပြီး ကျွတ်အောင် ထပ်ကြော်တာတွေ မကြာမကြာ စီစဉ်နိုင်း တော့ ... ဘရိတ်ဖတ်စ်စားမယ့်နေ့ ... ထမင်းကြော် ခံတွင်းတောင်းရင် ... ဒီအိမ်ဘက်ပြေးလာလိုက်တာပါပဲ ..."

မနေ့က ဘာမှ ဖြစ်မထားသည့်အတိုင်း ဘိုးဘိုးကောင်း အေးအေး ဆေးဆေး စကားလေးတွေပြော ...။ ထမင်းကြော်ကိုလည်း မြိန်မြိန်စား သည်မို့ ဘွားမြတ် မျက်နှာကြည်စင်လာသည်။ ငါးငယ်လေးတွေ ကျွတ် ကျွတ်ကြော်ထားတာကိုလည်း ဘိုးဘိုးကောင်း ယူယူစားသည်။ ပဲပြုတ် ကလည်း အိမ်မှာ ဒေါ်ကြီးမေ ပေါင်းထားသည့် စားတော်ပဲပေမို့ ...။ ပဲပေါင်းအိအိလေးဟု ခေါ်လျှင် ပိုမှန်ချေမည်သာ ..။ ခရမ်းချဉ်သီးမီး ဖုတ်ထောင်းစပ်စပ်လေး နည်းနည်းလေး မြုပ်၍မြုပ်၍လည်း ဘိုးဘိုးစား သည်။ ကိုကိုကတော့ ငြိမ်နေ၏။ မှုပိုင်အေးချမ်းသော အပြုံးလည်း ပျောက်နေသည်။ ပေါ့ပေါ့ပါးပါး ရယ်ရယ်မောမောဆိုတာ လောလော

www.burmeseclassic.com

www.burmeseclassic.com



ဆယ်မှာ ကိုကို့ထံမှ ပျောက်ဆုံးနေသည့် အရာတစ်ခု ဖြစ်နေ၏။ ရှင်လွှန်း ဘယ်နှယ်လုပ်၍ ရင်ထဲကောင်းနိုင်ပါ့မည်တဲ့လဲလေ ...။ နေ့ရတိုင်းရ ကျွမ်းကြပ်လှသည်ပါပဲ။ ရှုပြန်မည်ဆိုတော့လည်း ဘွားမြတ် က ခွင့်မပြု ...။ နောက်နှ တစ်ခုခု စီစဉ်မည်ဟု ပြောထားတာတော့ ရှိသည်။ ဘာစီစဉ်မည်ဆိုတာလည်း မသိရ ...။ ဪ ... ကိုယ့်ဘဝက ... သူဆင်းရဲပေမို့ သူတစ်ပါးထံမှာနေရင်း ရှေ့ဘာဆက်ဖြစ်မည်ဆိုတာလေးပင် မသိနိုင်သည့်ဘဝ ...။ ရင်ထဲ အားငယ်သည်မှလေ ... နေစရာပင်မကျန် ...။

အရေးထဲ ကိုကိုကလည်း တကြည့်ကြည့်ဖြင့် ရှင်လွှန်း ကိုပဲ အကဲခတ်နေတာ ဘေးလူသိနိုင်သည်အထိ ဖြစ်နေပါ၏။ ဘိုးဘိုးကောင်းလည်း လှမ်းကြည့်အကဲခတ်နေတာ ရှင်လွှန်း မြင်မြင်နေရသည်။ ရှင်လွှန်းကိုလည်း ကြည့်သည်။ မြေးဖြစ်သည့် ကိုကို့ကိုလည်း ကြည့်သည်။ ဒါပေမယ့် အေးအေးဆေးဆေးပင် စားသောက်နေသည်ပါပဲ ...။ စားသောက်ပြီးကြတော့ ဘိုးဘိုး ထရပ်ကာ ...။

"မြေး ... လိုက်ခဲ့မလား ..."

ဟု ကိုကို့ကို တစ်ချက်မေး၏။ ကိုကို အချိန်ဆွဲ၍ လက်ဖက်ရည်သောက်နေတာလည်း အရမ်းသိသာနေသည်ပါပဲ။ နောက်ထပ် လက်ဖက်ရည်ပင် ကရားထဲမှ ငှဲ့နေသေးသည်။ ငါးကြော်ကိုလည်း ကောက်ဝါးနေသေးသည့် အဖြစ် ...။

"တအောင့်နေမှ မြေးလိုက်လာမယ် ဘိုး ...ညောင်ရွှေဟိုတယ် ဆောက်တဲ့ကိစ္စလည်း ဘိုးကို မြေး ပြောပြ ရှင်းပြခဲ့ပြီးပြီဥစ္စာ ... ဘွားမြတ် ကို ဘိုး ပြောပြလိုက်ရင်လည်း ရတာပါပဲ ...။ ရောက်တဲ့နေ့က လည်း ဘွားမြတ် ကို အလုပ်ကိစ္စ မပြောဖြစ်လိုက်ရပဲ ... ဘွားက ပြန်နားခိုင်းတာနဲ့ ... ပြန်နားလိုက်ရတာ ဘိုးရဲ့ ... ဒါပေမယ့် ... ဘိုးကိုတော့ မြေး ရှင်းပြထားပြီးပြီပဲဥစ္စာ ..."

သဘောကား ကိုကို လိုက်သွားဖို့ပင် မလိုပဲ စားသောက်ကျန်နေဦးမည်ဆိုသည့် သဘောဖြစ်နေသည်။ ရှင်လွှန်းကတော့ စားသောက်ပြီးရာ



ပန်းကန်တွေ သိမ်း၍ နောက်ဖက် မီးဖိုခန်းကျယ်ကြီးဆီသို့ ယူသွားရ ...။ ပန်းကန်ဆေးရာ နေရာလေးမှာ ပု ခုံပုလေးချ၍ ထိုင်ဆေးနေလိုက်ရသည်ပါပဲ ...။

အကောင်းဆုံးကတော့ ကိုကိုနှင့် ဝေးရာမှာနေတာ အကောင်းဆုံးပေပဲဟု နှလုံးမိုက်ထားသည်ကလည်း ရှင်လွှန်း ပါ ...။ ရှေ့ရက်မဆိုထားနှင့် ... ဤနေ့မှာပင် ... ဘွားမြတ် မှ .. ရှင်လွှန်း ကို ဘယ်ပို့မည်ဆိုတာ ရှင်လွှန်း ကိုယ်တိုင်ပင် မသိနိုင်။ ဤသို့သော ရှင်လွှန်းမေ ဆိုသည့် တောသူလေးတစ်ယောက်အတွက် ... ကိုကိုဆိုတာ ... မပတ်သက်သင့်ဆုံးသောနေရာမှာ ရှိနေသည်ဆိုတာလောက်တော့ ဘဝပေးအသိဖြင့်ဝင် သိနေရသည်ပါပဲ။ ဒါပေမယ့် ... ခက်သည်က ... ကိုကိုသည် စားပြီးသည့် ထမင်းပန်းကန်ပြားကို ကိုင်၍ ဘေးမှာ လာထိုင်ခြင်းပဲ ဖြစ်လေသည်။ ရှင်လွှန်း ကိုလည်း အကဲခတ်သလိုကြည့်၏။ ဘေးမှာ ဆောင့်ကြောင့်ထိုင်ကာ တကြည့်ကြည့်လုပ်နေရာမှ ရှင်လွှန်း ထံ လက်ထဲမှ ပန်းကန်ပြားကို ကမ်းပေးလာသည်ကလည်း ကိုကိုပါ ...။ ရှင်လွှန်း ယူလိုက်ကာ ဆေးကြောနေတော့လည်း ဘေးမှာ ထိုင်မြဲသိုင်နေသည်။

"စာကျက်ဖြစ်ရဲ့လား ... မနေ့ညက ..."

ကိုကို မေးလာတော့ ရှင်လွှန်း ခေါင်းလေးညိတ်ပြလိုက်ရသည်ပါပဲ ...။

"ဘွားမြတ် ... ဘာပြောသေးလဲ ... ရှင်လွှန်း ကို ဘာတွေ ...ဘာစည်းကမ်းတွေ ချလိုက်သေးလဲ ..."

သဘောက ကိုကိုနှင့် တရင်းတနှီးမနေရ ... ဟုများ ဘွားမြတ် မှာထားပြီလားဟု ကိုကို သိချင်နေသည့် သဘော ...။ ရှင်လွှန်း ခေါင်းလေးခါလိုက်ကာ ပန်းကန်ရေစစ်စင်လေးမှာ စီထောင်ထားရာ ပန်းကန်တွေကို ယူ၍ လက်သုတ်ပဝါဖြင့် အခြောက်သုတ်နေတော့လည်း ကိုကို မပြန်။ ဘေးမှာရပ်လာကာ လက်သုတ်ပဝါဖြင့် အခြောက်သုတ်နေတော့လည်း ကိုကိုမပြန်။ ဘေးမှာ ရပ်လာကာ လက်သုတ်ပဝါသန့်

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကိုယူ၍ ပန်းကန်တွေ လိုက်သုတ်နေသည်။ ရှင်လွန်း ကိုလည်း တကြည့်ကြည့်လုပ်နေတာမို့ ကြာတော့ နေရခက်လာသည်က ရှင်လွန်း ပါ။ ဘွားမြတ် ကြိုက်မှာ မဟုတ်တာကို ရှင်လွန်း သိနေသည်ကိုးလေ ...။ တံခါးဘက်ကို ရှင်လွန်း တစ်ချက်ကြည့်လိုက်တော့ ကိုကို မျက်မှောင် တွန့်၍ ကြည့်လာသည်

"ကြည့်မနေနဲ့ ... ဘွားမြတ် မလာပါဘူး ... ဘာလဲ ... ဘွားမြတ် က .. ကိုကိုနဲ့ ရှင်လွန်း ... စကားမပြောရဘူးလို့ မှာထားလို့လား ... မဟုတ်တာပဲကွာ ... ရှင်လွန်း နဲ့ ဘာဆိုင်လို့လဲ ... ဒီကိစ္စက .. ကိုကိုနဲ့ ချို ကိစ္စ ... ချို ဘဝင်မြင့်လို့ ... ဂုဏ်မောက်နေလို့ ဖြစ်တဲ့ကိစ္စ ... အဲဒါ ရှင်လွန်းကို ... ဘွားမြတ် ဆူတယ်ဆိုရင်တော့ မတရားတာပဲ ..."

ကိုကို မကျေမနပ်ကြီး ပြောတော့ ရှင်လွန်း ရင်ထဲပို၍ မကောင်း နိုင်တော့ပြီ။ နေရင်းထိုင်ရင်း ဘွားမြတ် နှင့် ကိုကိုတို့၏ ဆက်ဆံရေး သည်လည်း ရှင်လွန်း ကြောင့် မပြေမလည်ဖြစ်ကုန်လျှင် မကောင်း။ ကိုကို က စိတ်ချရတာမဟုတ်။ စိတ်မြန်လက်မြန်နိုင်သည်။ ပွင့်လင်းသည့် နောစိတ်က မူပိုင်လိုဖြစ်နေတာမို့ ...။ ဘွားမြတ် ထံ သွား၍ တည့်တိုး မေးလိုက်လျှင် အခက် ...။

ရှင်လွန်း လက်သုတ်ဝတ်တွေယူကာ နောက်ဘက် ရေတိုင်နေရာ လေးမှာ သွား၍ ဆပ်ပြာမှုန့်ထုပ်လေးယူကာ ဇလုံငယ်ထဲလောင်းထည့် ...။ ရေလောင်း ထည့်ပြီး လျှော်နေတော့လည်း ကိုကို လိုက်လာပြန်၏။ ခက်ပြီ ကောလေ ... ဟု ရှင်လွန်း ညည်းမိသည်က ရင်ထဲမှာပါ ...။ ရမယ်ရှာ၍ ရှင်လွန်း လက်သုတ်ဝတ်တွေယူကာ တမင်နောက်ဘက်မှာ လာလျှော် နေတော့လည်း ကိုကို ပေကပ်ကပ်ဖြင့် လိုက်လာသည်ကိုးလေ ...။

"ဒါက ဘာသဘောလည်း ရှင်လွန်း ... ကိုကို့ကို စကားလည်း မပြော ပဲနေတယ် ... ရှောင်ဖယ်ရှောင်ဖယ်နဲ့လည်း လုပ်နေတယ် ... လူက ဖြင့် ... ငယ်ငယ်လေးရှိသေးတာ ... မှင်လည်း သေတာမဟုတ်ဘူး ... ကိုကို့ကို ရှောင်နေတယ်ဆိုတာ လုပ်ပုံကိုင်ပုံလေးတွေနဲ့ သိသာနေတာ



နော် ... ဘာသဘောလည်းကွ ... သီရိချို ကို ကိုကို ပြောသင့်တာ ပြောလိုက်တဲ့ ကိစ္စ .... ဒီလောက်ရေးကြီးခွင်ကျယ်ဖြစ်နေရမှာတဲ့လား ... ဒါ ... နည်းလမ်းကို မကျဘူး ... ကိုကို့ မျက်စိရှေ့မှာ ...လူတစ်ယောက် ကို နှိမ့်ချပြီး ဆက်ဆံတာကို ... ကိုကို ဝင်ပြောတာ အပြစ်လား ...။ ဘဝင်မြင့်တဲ့လူကို မကြိုက်ဘော မှားနေလို့လား ... ဘိုးကလည်း ပြော တယ် ... ချို မှာ သူ့မိဘတွေရှိတယ်တဲ့ ... သူတို့ ဆုံးမလိမ့်မယ်တဲ့ ...။ ကိုကို ဝင်ဆုံးမစရာမလိုဘူးတဲ့ ... လူကြီးချင်း မျက်နှာပျက်ရတယ်တဲ့ ... လုပ်ငန်းချင်းကလည်း ပတ်သက်ကြတာတဲ့ ... ချို က သူ့မိဘအိမ်မှာ သူ့အိမ်ကလူတွေကို မောက်မောက်မာမာ ဆက်ဆံရင် ... သူ့ကိစ္စ ... ဒီအိမ် က လူတွေကို လာဆက်ဆံလို့ ရမတဲ့လား ... ဒါ ... ဘွားမြတ်ရဲ့ အိမ်ပဲ ဥစ္စာ ..."

ကိုကို မြည်တွန်တောက်တီးစပြုလာပြီ။ ကိုကို့ ကို အပြစ်မြင်နေ ကြသည်ဟု ခံစားရင်း ရင်ထဲခံရခက်နေတာလည်း သိသာနေသည်။

"ဒီအိမ်က ဘယ်သူတွေကို ... မမလေး သီရိချို က .. ဘယ်လို ဆက်ဆံလို့လဲဟင် ..."

ရုတ်ခနဲကောက်၍ မေးလိုက်သည့် မေးခွန်းကြောင့် ကိုကို ငိုင်သွား သည်။ ဖြေရခက်နေပုံဖြင့်လည်း ငြိမ်သွားသည်။ နောက်တော့ ... မျက် မှောင်ကုတ်၍ ရှင်လွန်း ကို ကြည့်လာပါ၏။ 'အစေခံ ... ဟု ဖြေရမှာ ဝန်လေးနေသည့် ကိုကို့ ကို ကြည့်ကာ ရှင်လွန်း ခေါင်းလေးငုံ့ချလိုက် သည်ပါပဲ ...။

"အစေခံဆိုတာ ... အစေခံ နေရာမှာ ရှိရတာပါပဲ ... ဖွင့်မပြောရင် လည်း ... အစေခံဟာ .. အမည်ပြောင်းမသွားနိုင်ပါဘူး ..."

ဟု အသံလေး တိမ်ကျရင်း ရှင်လွန်း ပြောတော့ ကိုကို ခေါင်းခါ သည်။ လက်မခံနိုင်ပုံဖြင့် ...။

"အဲဒါခက်တာ ... ကာယကံရှင် ကိုယ်တိုင်ကိုက ... ခံနေတာ ... ဘာအစေခံလဲကွ ... ဘာအစေခံလည်း ... အလုပ်လုပ်တာ ... ဒါ အလုပ် ...

www.burmeseclassic.com

www.burmeseclassic.com



အလုပ်လုပ်တယ် ... ဝန်ဆောင်ခကိုယူတယ် .. ဒီသဘောပဲ ... ရှင်းနေတာပဲ .. အလကားနေရင်း .. အစေခံ ... အစေခံနဲ့ ဘာလို့ ပြောချင်နေရတာပဲကွ ..."

"လက်မခံလို့ မရဘူးလေ ... သူများတကာတွေက အစေခံလို့ ခေါ်နေချိန်မှာ သူဌေးလေးတစ်ယောက်တည်းကပဲ ... ဝန်ဆောင်ခယူတဲ့ အလုပ်သမား ... အဲသလို ပြာလိုက်တာနဲ့ အစေခံဆိုတာ ပျောက်သွားမှာမှ မဟုတ်တာ ..."

ဟု ရှင်လွန်း ပြောတော့ ကိုကို မယုံနိုင်သလိုကြည့်နေသည်။ လက်သုတ်ဝတ်တွေကို လှမ်းနေသည့် ရှင်လွန်း ဘေးမှာ လာရစ်သည်။

"ဘာ ... ဘာရယ် ... ခေါ်လိုက်တာလေး နားမရှင်းလိုက်တာကွာ ... သူဌေးလေး ... ဟုတ်လား ... ကိုကို့ ကို ခေါ်တာလား ..."

ကိုကို မေးလာတော့ ရှင်လွန်း ခေါင်းလေး ညိတ်ပြပါ၏။ ကိုကို ဤတစ်ကြိမ်မှာတော့ မျက်မှောင်ကြီးပို၍ တွန့်ချလိုက်ကာ ခါးတွေ ဘာတွေပါထောက်လာပြီး ...။

"နေစမ်းပါဦး ... ဒါက ... ဘာသဘောလဲ .. အရွဲ့တိုက်တာလား ... သူဌေးလေးလို့ ခေါ်တာဟာက .. နှာဘတိုက်တဲ့ အသံမျိုးဖြစ်နေတယ်နော် ... ကိုကို့ကို ဘဝင်မြင့်တဲ့ သူဌေးလူလို့များ ပြောလိုက်တာလား"

ဟု မေးလာတော့ အ[illegible] မော့ကြည့်မိသည်က ရှင်လွန်းပါ ...။ ကိုကို့လို သဘောကောင်းသူ ...။ စိတ်ရင်းဖြူသူ ...။ စိတ်ထားပြည့်ဝသူတစ်ယောက်ကို ရှင်လွန်း က ဘယ့်နယ်လုပ်၍အရွဲ့ တိုက်ရပါမည်တဲ့လဲလေ ...။

"နေစမ်းပါဦး .. ကိုကိုက သူဌေးလေး ... ဆိုတော့ သူဌေးကြီးတွေက ဘယ်သူတွေလဲ .. ဆိုစမ်းပါဦး ..."

"ဘိုးဘိုးကောင်းရယ် ... ဘွားမြတ် ရယ် ... ပြီးတော့ ... မမလေး သီရိချို ရဲ့ ဖေဖေ နဲ့မေမေတို့ရယ် .. အဲဒါက သူဌေးကြီးတွေပေါ့ ... မမလေး သီရိချိုနဲ့ ဒီက ... ဟောဒီကကျတော့ ... သူဌေးလေးတွေပါ ..."



ဟု ကိုကို ... ဟု မခေါ်သင့်ရာအဖြစ် မှတ်ယူထားရပါသည့် ကိုကို့ကို လက်ကလေးဝှေ့ပြမိရင်းမှ ဖြစ်တော့ ကိုကို မျက်တောင်မခတ် စိုက်၍ကြည့်သည်။ နောက်တော့ ... မျက်ဝန်းတွေ တဖြည်းဖြည်းပြုံးလာပါ၏။ အောင့်မထားနိုင်သည့်နှယ် စတင်၍ ကိုကိုရယ်သည်။ ရယ်ရင်းသည်း မချင့်မရဲပုံဖြင့် ရှင်လွန်း၏ ခေါင်းလေးကိုပုတ်သည်။

"စိတ်ညစ်တဲ့ကြားထဲက ရယ်ရတယ်ဆိုတာ ဒါပဲဖြစ်မှာ ကောင်မလေးရ ... ကျွတ် ခေါ်ပုံများ ... သူဌေးလေးတဲ့ ... အဟုတ် ... ရှင်လွန်းရဲ့ ... ဒီနာမည်ခေါ်ဖို့ စိတ်ထဲပေါ်တတ်တယ်ကွာ ..! ရှင်လွန်း နော် ... ကောင်မလေး ... ဘာသူဌေးလေးလဲ .. ကိုကိုလို့ခေါ် ..."

ကိုကို ပြောတော့ ရှင်လွန်း ခေါင်းယမ်းသည်။

"မမလေး သီရိချို့ မကြိုက်ဘူး သူဌေးလေး ..."

"ဟ ... မကြိုက်တာဖြစ်လဲ ... ဘာဆိုင်လို့လဲ ..."

"သူဌေးလေးနဲ့ ... မမသီရိချို တို့က လက်ထပ်ကြရမှာလေ ... ဘိုးဘိုး က သဘောတူထားတာလေ ... ဆိုင်တာပေါ့ ..."

ဟု မော့ဖြေတော့ ကိုကို ငြိမ်ကျသွားသည်။ မျက်နှာမကောင်း ...။

"နေစမ်းပါဦး ... အဲဒါ ... ညည်း ဘယ်လိုသိလဲ ... ငါ့ကို ဘိုးဘိုးအာ ... အဲဒီဘဝင်ရူးနေတဲ့ ငတုံးတစ်ယောက်နဲ့ လက်ထပ်ပေးချင်နေတာ ... ညည်းကို ဘယ်သူပြောလဲ ... ဘွားမြတ်လား ... ဒေါ်ကြီးမေလား ... ဒီမှာ ဘယ်သူပြောပြော ... မင်းလေး ရဲ့ ဟောဒီနားထဲ ထည့်ထား .. ဟောဒီခေါင်းထဲထည့်ထားရမှာက တစ်ခုပဲရှိတယ် ... သီရိချို ကို ... ကိုကို ... လုံးဝ .. လက်မထပ်ဖူးဆိုတာပဲ ... အဲဒါကို နားထဲ ခေါင်းထဲထည့် ... တခြားဟာတွေ မထည့်နဲ့ ..."

ရှင်လွန်း ၏ နားလေးကိုလည်း ဖွဖွဖျစ်သည်။ ခေါင်းလေးကိုလည်း လက်ညှိုးဖြင့် ထိုးထိ၍ ပြောလာတော့ ရှင်လွန်း မျက်ရည်လည်လာရသည်ပါပဲ ...။

"မထည့်ထားနိုင်ပါဘူး သူဌေးလေးရယ် ... မမ သီရိချို ရဲ့ ဒီဘ်

www.burmeseclassic.com



ထဲမှာ ... ဘာတစ်ခုမှ ရှင်လွန်း ကြောင့် မထိခိုက်စေချင်ပါဘူး ... အထူးသဖြင့် သူဌေးလေးနဲ့ မမသီရိချို တို့ကြားမှာ ကျွန်မကြောင့် ... ဘာတစ်ခုမှ အဆင်မပြေတာတွေမဖြစ်ဖို့ အရေးကြီးပါတယ် ..."

ဟု ပြောကာ မျက်ရည်ကျလာရင်း ရှင်လွန်း အိမ်ဘက်လှည့်လိုက်ချိန်မှာ ကိုကို့ လက်က ရုတ်ခနဲ ရှင်လွန်း လက်လေးကို ဖမ်းဆုပ်လာသည်။

"အေး ... မင်း ပြောရ တာ စွတ်ပြောပြီး အိမ်ထဲဝင်သွားတာကို ငါက ကျောက်ရုပ်ကြီးလို ရပ်ကြည့်ကျန်ခဲ့မယ်လို့ မင်းထင်နေသလား – ဒီမှာ ... အဲသလို လုပ်သွားလို့ မရဘူးကွ ... ငါလည်း ... ငါ့ဘာသာငါ – ခုမှ ... သိလာတာတစ်ခုရှိတယ် ... ငါ့ ရင်ထဲက အရာကို ... ငါ – အခုမှ ... နားလည်လိုက်တာ ... အဲဒါကို ... ငါ ဖွင့်ပြောမှ ဖြစ်လိမ့်မယ် ရှင်လွန်းမေ ... မင်းလေး ကို ငါ စဆုံခဲ့ကတည်းက ... မျက်စိထဲ စွဲနေခဲ့တာကွ ... အရမ်းကို အပြစ်ကင်းတဲ့ ကောင်မလေးပါလားဆိုပြီး – မျက်စိထဲ စွဲနေခဲ့တာကွ ... မျက်စိထဲက ပျောက်မရ ... ရင်ထဲက မေ့မရနဲ့ ... ဖြစ်ခဲ့တာ ... ကလေးလေးလိုပဲ ငါခံစားပြီး ... မင်းလေးကို ငါ – ကူညီခဲ့တာလည်း အမှန်ပဲ ... ဒါပေမယ့် ... ဒါပေမယ့် ... ခုလို – သီရိချို နဲ့ ငါ့ကို လက်ထပ်ရမယ့်သူတွေလို့ မင်းသိထားတယ်ဆိုပြီး ပြောလာတော့ ငါ ... ငါ ... ရင်ထဲမှာ လန့်လာတယ် ... အဲဒါကို – မင်း .. စိတ်ထဲစွဲသွားမှာကို ငါချောက်ချားလာတယ် ... ငါဟာ သီရိချို နဲ့ မလွဲမသွေ လက်ထပ်ရမယ့်သူလို့ မင်းယုံကြည်သွားမှာကိုငါ ... သေမတတ် စိုးရိမ်ထိတ်လန့်နေတယ် ... အဲဒါ ... ငါ .. ငါ .. မင်းကို ချစ်နေလို့ပါ လားလို့ ... ခုမှ ... ခုမှ ... သိလာရတာကွ ... မင်း .. ငါ့ကို ခွဲသွားကြည့် – ချန်ရစ်ခဲ့ရဲကြည့် ... ငါ ... မျက်ရည်နဲ့ ကျန်ခဲ့မှာကွ ... အဖြူရောင်ပန်းလေး ရ ... တကယ့်အဖြူစင်လေးရ ..."

ဟု ကိုကို အံခဲ၍ ပြောချိန်မှာ ရှင်လွန်း မျက်ရည်ကျလာသည်။ လက်အုပ်လေးချီ၍ ကိုကို့ကို မော့ကြည့်မိသည်။ ခေါင်းလေးလည်း ချောက်ချားတုန်လှုပ်စွာ ယမ်းပြနေမိသည်။ ဘုရားရေ ...။ ကိုကိုက –



ရှင်လွန်းကို ... ချစ်နေသည်တဲ့လားလေ ...။ ကိုကို ကိုယ်တိုင်သည်ပင် လျှင် .. ခုမှ ... ကိုကို့ရင်ကို ကိုကိုပြန်၍ မြင်ရသည်တဲ့လားလေ ...။ တင့်အင်း ...။ မထိုက်တန်သည့် သူဆင်းရဲကောင်မလေးတစ်ယောက်ကို .. ကိုကို မချစ်ငိုပါလေနှင့် ...။ အဖြူရောင်ပန်းလေးတစ်ပွင့်ဖြစ်သည်ဆိုလျှင်သော်မှ ...။ သခင်တစ်ပွင့်မဟုတ်ရပါ ကိုကို ရယ် ...။ အပင်တွင်ဝေ ... ဝင် ခြေတွင်ကြွေ၍ ... မြေပြင်နှင့် မြက်ခင်းတို့မှာ နေရပါလေသော ... ပန်းစံကားဖြူတစ်ပွင့်သာလျှင် ဖြစ်ရပါချေလိမ့်မည် ကိုကို ...။ ပန်းစံကားဆိုတာ ... အဘယ် တော်ဝင်ပွဲမှာမှ ... အဘယ်သူကမှ ... မပန်ဆင်ကြပါလေသော ... ပန်းတမယ်ဖြစ်ရပါချေသည် ကိုကိုရယ်ရှင် ...။

ရှင်လွန်း ... ခေါင်းခါနေစဉ်မှာ .. ကိုကို အံခဲ၍ ကြည့်သည်။

"မင်းလေးကို ပညာတတ်လေးဖြစ်အောင် ကိုကို ပညာသင်ပေးမယ် ...။ စောင့်ရှောက်မယ် ... မင်းလေး ... တစ်နေ့မှာ ကိုကိုနဲ့ ... လက်ထပ်ရလိမ့်မယ် ရှင်လွန်းမေ ... အခု ... စာကြိုးစား ... ကိုကို .. မင်းလေးကို စောင့်မယ် ... အဲဒါသိထား ..."

ဟု ပြောချိန်မှာ ရှင်လွန်းမေ မျက်ရည်ကျလာရင်းမှ ကိုကို့ လက်ထဲမှ ရှင်လွန်း ၏ လက်လေးကို ဖွတ်ဆွဲနှုတ်ဖယ်သိမ်းလိုက်ပြီးသည့်နောက်မှာ ... အိမ်ကြီးဆီသို့ ပြေးဝင်လာမိလိုက်ရပါပြီ။ တောက်လျှောက်အခန်းထဲထိ ရှင်လွန်း ဝင်လိုက်ချိန်မှာ ကိုကိုသည်လည်း နောက်ကထက်ချပ်မခွာကြီး အတင်းလိုက်ဝင်လာတာကို သိလိုက်ရပါပြီ ...။

အခန်းတံခါးကို ... ကိုကို ဆွဲစေ့ပိတ်လိုက်ကာ ရှင်လွန်း ရှေ့တည့်တည့်မှာရပ်သည်။ မျက်တောင်မခတ် ရှင်လွန်း ကို ကြည့်နေသည်။ ရှင်လွန်း ကိုယ်တိုင်လည်း ရင်တွေ ဆတ်ဆတ်ခါနေ၏။ ရှင်လွန်းကို ချစ်သည်ဟု ကိုကို ပြောခဲ့သည့် စကားက နှလုံးသားထဲ နစ်ဝင်နေသည်။

"ကိုကို ပြောမယ် ... သေချာနားထောင် ... ဒါပေါ့ပေါ့တန်တန် စကားမဟုတ်ဘူး ဆိုတာကိုလည်း နားလည်ထား ... ရှင်လွန်း ကိုကိုကို စထမဆုံး စတွေ့တဲ့မနက်ကတည်းက ... ပျက်တောင်ထူထူစင်းစင်းလေး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကောင်မလေး ... ဆံတောက်ဖားဖားနဲ့ ကောင်မလေး ... အရမ်းကို ဖြူစင်တဲ့ ကောင်မလေးကို ... ရင်ထဲမှာ သိမ်းထားမိပြီးသား ဖြစ်ခဲ့တယ် ဆိုတာ နားလည်ထားပါ ... ကိုကို ...ဘယ်လိုနည်းနဲ့မှ မင်းကို အဝေးမခံနိုင်ဘူးဆိုတာကိုလည်း သဘောပေါက်ထားစမ်းပါ ...''

ဟု ပြောနေချိန်မှာ အခန်းတံခါးပွင့်လာသည်။ ဘိုးဘိုးပါတကား...။ ဘိုး၏ နောက်မှာ ရပ်နေသည်က ဘွားမြတ် ...။ ဘွားမြတ် ၏ နောက်မှာ ရပ်နေသည်က မျက်စိမျက်နှာမကောင်းပဲ ငေးကြည့်နေပါသည့် ဒေါ်ကြီးမေ ...။ ရှင်လွှန်း ငို၍အခန်းထဲဝင်တာ။ ကိုကို လိုက်ဝင်တာတွေကို ဒေါ်ကြီးမေ မြင်ချေမည်မို့ ...။ ဘွားမြတ် ကို ပြေးခေါ်တာလည်း ဖြစ်နိုင်သည်။ ကိုကို ရှင်လွှန်း ၏ လက်ကို ပိုင်ပိုင်နိုင်နိုင်ကြီး ဆွဲဆုပ်ယူလိုက်သည်က ဘိုး၏ ရှေ့မှာပါ ...။ ဘိုး၏ အကြည့်ကလည်း ကိုကို နှင့် ရှင်လွှန်း ၏ လက်ထဲမှာ တန့်နေသည်။

"သူ့လက်ကို လွှတ်လိုက်စမ်း မြေး ... ဘိုးဘိုး ... ခုပဲ ဒီကိစ္စ .. မြတ်နဲ့ ပြောနေတာ ... စာကြည့်ခန်းထဲမှာ မင်းမရှိတုန်း ... မင်းနဲ့ ပတ်သက်ပြီး ... ဒီကောင်မလေးနဲ့ ကင်းနေဖို့ မြတ် ကို ပြောနေတာ ... အဲဒီ အချိန်မှာ ... မင်းက သူ့လက်ကို ဆွဲပြီး ငါ့ရှေ့မှာ ရပ်နေပြီဆိုပါတော့ ... ဒီမှာ မြေး ... ဘိုးဟာ မြေးကို မိဘမဲ့လေးဆိုပြီး အလွန်အလိုလိုက်ခဲ့ ချစ်ခဲ့တာ မှန်ပေမယ့် ... အစေခံတစ်ယောက်ကိုတော့ ချွေးမအဖြစ် ... အဖြစ်ခံရလောက်အောင် မမိုက်မဲဘူးကွ ..."

ဟု ပြတ်သားစွာ ပြောလာချိန်မှာ ကိုကို ကလည်း ခေါင်းမော့၍ ပြတ်သားစွာ ဖြေသည်။

"မြေးကလည်း ... သူ့ကို စောင့်ရှောက်ရမှာပါပဲ ... ဘွား လက်မခံရင် ... ဘော်ဒါဆောင်တစ်ခုမှာ သူ့ကို သွားထားမယ် ... ပညာသင်ပေးမယ် ... ဘွဲ့ရတဲ့အခါကျရင် ... ရှင်လွှန်း ကို ... မြေးလက်ထပ်မယ်ဘိုး ... မြေး ပြောပါရစေ ... မြေးတို့မှာ ချမ်းသာဂုဏ်ဆိုတာ ရှိပြီးသားပါ ... ရိုးသားဖြူစင်တဲ့ မိန်းကလေးတစ်ယောက်ကို ... ကံကောင်းလွန်းလို့



တွေ့ခွင့်ရခဲ့တာပါ ...။ ဖြူစင်တဲ့ မိန်းကလေး ... အရိုးခံ မိန်းကလေးကို မြေး မြတ်မြတ်နိုးနိုးနဲ့ .. တစ်နေ့မှာ လက်ထပ်မှာပါ ...''

ဟု ပြောတော့ ရှင်လွှန်း ခေါင်းလေး ခါ၍ ဖွတ်လက်ကို ရုန်းတော့ ကိုကို ငုံ့၍ စိုက်ကြည့်လာသည်။ လက်ကို မလွှတ် ...။

"မင်း .... ခေါင်းမာနေရင် ... ငါ ဖွတ်ခေါ်သွားမိလိမ့်မယ်နော် ကောင်မလေး ... မင်း .. ကိုကို့ မျက်ရည်ကိုနင်းပြီး ထွက်သွားရက်သလား ... ဖြေစမ်း ...''

ဟု ပြောလာခိုက်မှာ ဘွားမြတ် မှ ...။

"ရှင်လွှန်းမေ ဟာ ဘွားမြတ် ရဲ့ အအုပ်အထိန်း အောက်မှာရှိနေတဲ့ မိန်းကလေးဖြစ်တယ်ဆိုတာ မမေ့ပါနဲ့ လူလေးသူရိန် ...။ သူ့လက်ကို လွှတ်လိုက်ပါ ... ကိုဘကောင်းနဲ့ တူတူ မင်း ... အိမ်ပြန်ပါ ... အစ်ကိုဘကောင်း လူလေးကို ခေါ်သွားပါ ... မြတ် ရဲ့ အိမ်က လူတစ်ယောက်ကြောင့် အစ်ကိုဘကောင်း ခုလို စိတ်ပင်ပန်းရတာ .. မြတ် စိတ်ကောင်းပါဘူး ...''

ဟု ပြောကာ ဘွားမြတ် ကိုယ်တိုင်လာ၍ ကိုကို့ လက်ထဲမှ ရှင်လွှန်း၏ လက်လေးကို ဆွဲထုတ်ယူလိုက်တော့ ကိုကို ကြေကြေကွဲကွဲ ဘွားမြတ် ကို ကြည့်သည်။ တောင်းပန်သံဖြင့်လည်း ခပ်ယယ ပြောလာပါသည့် ကိုကို့ အသံသည် ရှင်လွှန်း ၏ နှလုံးအိမ်နုနုလေးကို ကြေကွဲ ကျင်နေစေပါပြီ ...။

"ဘွားမြတ် ကို တောင်းပန်ပါရစေ ... ရှင်လွှန်းလေး ကို ... မရက်စက်ပါနဲ့ .... ကျွန်တော့်ကိုလည်း မရက်စက်ပါနဲ့ ... တောင်းပန်ပါတယ် ... ဘွားမြတ်ရယ် ... သူ့ကို ကျွန်တော့်ရင်ထဲက ထုတ်လိုက်ဖို့ကြိုးစားရင်လည်း ဖြစ်လာနိုင်မှာ မဟုတ်ဘူးဆိုတာ ... ဘိုးရော ... ဘွားမြတ် ရောသိထား ပေးကြပါ ... ဒီမှာ ရှင်လွှန်း ... ကိုကို့ နှလုံးသားနဲ့ ချစ်ရည်စက်ကို နင်းရက်လို့ နင်းထွက်သွားမယ်ဆိုရင် .. ကိုကို့ ... ရင်ထဲမှာလည်း ညှိုးသွားပါ ... ကိုကို ... မင်းကို မခွဲနိုင်ဘူးဆိုတာ ... ပါ ..."

www.burmeseclassic.com



ဟု ပြောပြီး ဘိုးကိုကြည့်သည်။

"ဘွားမြတ် ရဲ့ အအုပ်အထိန်း အောက်ကလွတ်မြောက်ဖို့ကတော့ တစ်ခုတည်းရှိတယ် ရှင်လွန်း ... ကိုကို ... အခုပဲ ... မြို့ပြင်က စောင့်မယ် ... ရှင်လွန်း စိတ်နဲ့ ရှင်လွန်းကိုယ် .. ကိုယ့်ခြေလှမ်းနဲ့ လှမ်းရဲတဲ့သူ အဖြစ် ... မြို့ပြင်ကို ထွက်လာခဲ့ပါ ... ကိုကိုစောင့်နေမယ် ... ဘော်ဒါ ဆောင်တစ်ခုမှာ ကိုကို ရှင်လွန်းကိုထားမယ် ... ရှင်လွန်း အလွန်ဖြစ်ချင် တဲ့ ဘွဲ့ရပညာတတ်ကြီးဖြစ်အောင် ... ကိုကို ... တက္ကသိုလ် ဒရိုင်ဘာအလုပ် လုပ်ပြီး ပညာသင်ပေးမယ် ... ဘိုး ရဲ့ အရိပ်အောက်က လွတ်တဲ့လူအဖြစ် — ကိုကို ... အပြင်က စောင့်နေမယ် ... သတ္တိရှိစမ်းပါ ရှင်လွန်း ...,"

ဟု ကိုကို ပြတ်ပြတ်သားသားကြီးပြောကာ ထွက်သွားတော့ ဘိုး မျက်ရည်ကျလာသည်။ ရှင်လွန်း မှာဖြင့် ဆောက်တည်ရာပျောက်နေ ရပါ ပြီ။ ကိုကို့ကိုလည်းသနားသည်။ ဘွားမြတ် ကိုလည်း သနားသည်။ ဪ ... ရှင်လွန်း ၏ နှလုံးအိမ် နနလေးဆီမှ ငိုရှိုက်သံလေးကိုလည်း ကြားနေရချေသည်ကောလေ ..။

"မြတ် အားလုံး စီစဉ်ပေးပါ့မယ် အစ်ကိုဘကောင်း ... ပြန်နားပါ။ ပြန်နားပါရှင် ... ကဲ .. ရှင်လွန်းမေ ...ညည်းလေး ... ဘာလုပ်ရမယ် ဆိုတာ နားလည်သင့်ပြီ ... တစ်ခါက ဘွားမြတ် ကို ကတိပေးခဲ့တယ် မဟုတ်လား ..။ ဘွားမြတ် ကို စိတ်မချမ်းမြေ့အောင် ဘယ်တော့မှ မလုပ် ပါဘူးဆိုတဲ့ ကတိလေ ... အဲဒီ ကတိတည်ဖို့ဆိုတာက ... ညည်းလေး — ဒီကထွက်သွားမှ ဖြစ်လိမ့်မယ် ... မယ်ကြွေ ကို ငါ ခေါ်ပြီး ဟောဒီ ... ညည်းရဲ့ ခေါင်းကြီးမေ ကိုပါ အတူ ထည့်လွှတ်လိုက်မယ် ... အထိုက် အလျောက် ငွေကြေးလည်း ငါထည့်ပေးလိုက်မယ် ... ညည်းလေး လို ရေးခြားရှိတာမို့ ... ငါလည်း သံယောဇဉ်တော့ ဖြစ်မိတာပါပဲ ... ... ကြောင့် .... ထိုက်တန်ရာ ငွေကြေးနဲ့အတူ ... ညည်းအတွက် ခေါင်းကြီး ... ကို ... စောင့်ရှောက်ရာအဖြစ် အတူထည့်လိုက်မယ် ... ညည်းကိုမယ် ကြွေလာပို့တာမို့ ... မယ်ကြွေ လက်ထဲတော့ ပြန်အပ်ရမှာပေါ့လေ —



...ည်းရဲ့ ခေါင်းကြီးမေ နဲ့ အတူနေပေတော့ .. ဒီည .. မယ်ကြွေ နောက်ကို ...ည်းနောက်ပေါက် တံခါးကနေပြီး လိုက်သွားပေတော့ ရှင်လွန်းမေ ... ...ှာလည်း ဒီလမ်းပဲရှိတော့တယ် ... ငါ့အိမ်က လူကြောင့်ဖြစ်တဲ့ ...သမှာ ... ငါ ရှင်းရပေမပေါ့ ..."

ဟု ပြတ်သားစွာ ပြောချိန်မှာ ရှင်လွန်းမေ မျက်ရည်ကျနေသည် ... — မြို့ပြင်မှာ ကိုကို ခွဲကြီးစွာဖြင့် စောင့်နေမှာကို သိနေသည်။ ...မျှော်ဖြင့် တစ်နေကုန်ပေတောရပ်နေမှာကိုလည်း သိနေသည်။ ...ကိုဆိုတာ ဆုံးဖြတ်ပြီးလျှင် အရမ်းခေါင်းမာသည့်ဆိုတာ လောလော ... ကြုံခဲ့ရသည့်အဖြစ်တွေဖြင့်ပင် ရှင်လွန်းသိနေခဲ့ရပြီးပြီ။ ဘိုးကို ...သား၍ ပြောခဲ့သည့် စကား ..။ ဪ ... ရှင်လွန်းကို လက်ထပ်မည် ... ပြတ်သားစွာ ပြောခဲ့သည့် စကားသံ ..။ ရှင်လွန်း ၏ နှလုံးအိမ် နန ...နှလေးထဲမှ ... ဘယ့်နှယ်လုပ်၍ ထုတ်ပစ်နိုင် ..။ နှုတ်ပစ်ရက်နိုင်ပါ့ ...တဲ့လဲ ကိုကိုရယ်လေ ...။

"အစ်ကိုဘကောင်းလည်း မြတ် ပြောတဲ့ စကားနဲ့ ကတိကိုယုံပါ ...။ ... ဝယောဂကြောင့် ... ဟောဒီ စံရိပ်ငြိမ်က ပတ်သက်ရာ လူတစ် ...ာက်ယောက်ကြောင့် လူလေး သူရိန် နဲ့ သီရိချို တို့ ဝေးရတယ်ဆို ...ည်း မဖြစ်စေရပါဘူး ... အစ်ကို ဘကောင်း မျက်ရည်ကျရတယ် ...လည်း မရှိစေရပါဘူးရှင် ..."

ဟု ဘွားမြတ် ပြောမိုက်မှာ ဘိုး တစ်ချက် ရှင်လွန်း ကို ကြည့်သည်။ ...ဘော့ချာခနဲ လှည့်၍ ထွက်သွားရာမှ တုန့်ခနဲရပ်ကာ ရှင်လွန်း ...ည့်တည့်ကြည့်သည်။

"အစေအပါးဖြစ်တဲ့ မင်းဟာ ... အဆိပ်ပြင်းတဲ့ မြွေဆိုးတစ် ...ာင်လို ... ငါ့နှလုံးအိမ်ကို အဆိပ်ဖျန်းဖို့တော့လာပြီး မရစ်ပတ်ပါနဲ့ ...လေး ..."

ဟု ပြောပြီးတာနှင့် မြန်ဆန်လွန်းစွာပဲ အခန်းထဲမှ ထွက်ခွာသွားပါ ...ှင်လွန်း တစ်နေကုန် အခန်းလေးထဲမှာပဲ မျက်ရည်စက်လက်နှင့်

www.burmeseclassic.com



ရှိရပါ၏။ အပြင်မှာ တစောင့်စောင့်ရှိနေသည့် ကိုကို့ကိုလည်း သနားလှ ပြီ။ မနေရက်သည့် ဒေါ်ကြီးမေ မှ စားစရာသွားပို့ပေးသေးသည်။ ကိုကို ခေါင်းခါသည်တဲ့။ ရှင်လွှန်း ကိုပဲ စောင့်နေသည်မှ မိုးချုပ်သည့်တိုင်ရှိနေ ဆဲ ...။ နေ့ပူထဲလည်း တစ်နေကုန် ...။ ခု .. ညတိုင်တော့လည်း ပေကပ် စောင့်နေဆဲဖြစ်သည့် ကိုကို့ ကို ... ရှင်လွှန်း သွားမတွေ့နိုင်ပါခဲ့ ... တွေ့ခွင့်မကြုံပါသည့် ဘဝပေးကြောင့် ... သွားမတွေ့ရပါလေခဲ့ ... ထိုညဆယ့်တစ်နာရီမှာ ... ဘွားမြတ် ၏ အစီအမံအတိုင်း ... ဒေါ်လေး ကြွေ ခြံနောက်ဘက်မှာစောင့်သည်။ ဒေါ်ကြီးမေ နှင့် ရှင်လွှန်း ... စံရိပ် ငြိမ်မှ တိုးတိတ်စွာ ထွက်ခွာခဲ့ရပါ၏။ ဒါပေမယ့် နှလုံးအိမ်ဆီမှ ရှိုက်သံ ဆိုတာက ... တိတ်ဆိတ်ခြင်းနှင့်အတူ ရှင်သန်ဖြစ်တည်တတ်သည်ဆို တာ ရှင်လွှန်း ငယ်ငယ်နုနုလေး ... သိခဲ့ရပါသည် ကိုကို ...။ ခုလို ရှင်လွှန်းသည် ... ရှင်လွှန်း ၏ မျက်ရည်စက်ကို နင်း၍ ...။ သြော် ... ကိုကို၏ နှလုံးသားကိုနင်း၍ ... ထွက်ခွာရချေမည်ဆိုတာ မသိခဲ့ရပါ ကိုကို ရယ် ...။

အကယ်၍များ သိခဲ့ပါလေလျှင်ဖြင့် ... ကိုကိုနှင့် ရှင်လွှန်း တို့ ဆုံတွေ့ရပါလေသည့် ထိုတစ်နေ့ကို ဖြစ်တည်မလာစေရက်တော့ပါ။ ပျက်သုဉ်းသွားစေချင်ပါသည် သခင် ကိုကိုရယ် ...။



ချစ်သူ ...
ကျွန်ုပ်တို့ တောင့်တမျှော်လင့်ရာ
အနာဂတ်မပျောက်ဆုံးသရွေ့
ကျွန်ုပ်တို့ အသက်ရှင်နေခြင်းသည်
အဓိပ္ပာယ်ရှိနေပါလိမ့်မည် ...။

ချစ်သူ ...
ကျွန်ုပ်တို့၏ အနာဂတ်ကို
သခင် ...
အပျောက်ဆုံး မခံလိုက်ပါလေနှင့် ...
ကျွန်ုပ် ...
အဓိပ္ပာယ်ရှိစွာ
အသက်ရှင်နေလို၍ ဖြစ်ပါသည် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၀)

အခန်းတံခါးကို ဖွဖွလေး ဖွင့်၍ ရှင်လွန်း ဝင်လာချိန်မှာ အခန်းသည် လျှပ်စစ်မီးရောင်ကင်းနေသည်။ နေ့ခင်းကြီးမှာ ပြတင်းတိုင်းကလည်း ခမ်းဆီးတူကြီးတွေ အပြည့်ချထားတာမို့ …။ အခန်းသည် မှောင်ရီရီဖြစ်နေ၏။ နေ့ခင်းတစ်ခု၏ အလင်းသည် လွတ်လပ်စွာ ဝင်ခွင့်မရ …။ အပြင်မှာ မိုးတွေကလည်း မှောင်နေတာမို့ အခန်းသည် လင်းလင်းချင်းချင်း မရှိ …။

ခမ်းဆီးထူကြီးချထားရာ ပြတင်းအနီးမှာ ရှင်လွန်း ဘက်ကို ကျောပေး၍ ထိုင်နေသည့် လူတစ်ယောက် …။ ဝှီးချဲလ်ထက်မှာ ထိုင်နေခြင်း …။ အရမ်းကို ငြိမ်သက်နေသည့် ထိုသူသည် … ဤ ကောသရီရိပ်ငြိမ်၏ အရှင်သခင် ဦးဘုန်းလူ ဆိုတာ ရှင်လွန်းသိနေရသည်လေ …။ ဒုက္ခိတ တစ်ယောက် ကြေကွဲချောက်ချားခြင်း ဝေဒနာများကို ခံစားနေရသည့် လူတစ်ယောက် …။

ညှို့ခန်းမှာ ရှိသော ခုတင်ပုံကြီးထဲမှာ ဖြစ်တည်နေသည့် အပြုံးမျိုး မရှိတော့သည့် လူတစ်ယောက် …။ ရှင်လွန်း လင်ပန်းလေးကို ကိုင်ထားရင်း စိတ်ကို ငြိမ်အောင် ကြိုးစားယူနေရသည်။ မကြာမတင်မှာ ဒေါသ



ကြီး တုန့်ပြန်မည့်အဖြစ်အပျက်တစ်ခုကို ရှင်လွန်း ရင်ဆိုင်နိုင်ဖွယ်ရှိသည်လေ …။ ဒေါ်ကြီးမေ ကတော့ ဂဦးအိမ်စိုး ပြောပြထားပါသည့် ဒီအစ်ကိုကြီး ဦးဘုန်းလူ ၏ ဒေါသကို အသံကြားလန့်ပုံကြီးဖြင့် အခန်းထဲ မဝင်ရဲပဲ ဖြစ်နေခဲ့သည်ပဲလေ …။ ရှင်လွန်း ကို ချော့မော့၍ မြူဆွယ်ပြီး တာဝန်ကို ပို့နိုင်းခြင်း။ ခုတင်ပုံထဲကအတိုင်းဆို … အသက်တော့ သိပ်မကြီးသေးသည့် အစ်ကိုကြီး … ကျန်းမာဖျတ်လတ်စွာ သွားလာလှုပ်ရှားနိုင်သော အသက်အရွယ် …။ ထိုသို့သော အရွယ်ကောင်းတစ်ခုမှာ ကြုံတွေ့လိုက်ရပါသည့် ကံကြမ္မာဆိုးကြီးကို … ထိုအစ်ကိုကြီး ခံနိုင်ရည်မရှိပဲ ဖြစ်နေတာကိုလည်း ရှင်လွန်း အပြစ်မမြင်ရက်ပါ။ ခံစားရသည်သာ …။

"မိလုံး တို့ ဒေါ်ကျော့ တို့ ကျွန်တော့်ကို လန့်ပြေးကုန်ကြပြီပဲ ဘာဘာ ရယ် … ဘာလို့ ဘာဘာ ထပ်ပြီး အပင်ပန်းခံချင်နေရတာလဲ … စားစရာတွေ ဘာလာပို့ရတာ သုံးရက်ရှိပြီဗျာ … ကျွန်တော် မစားချင်ဘူး … ကျွန်တော့်ကို တစ်ယောက်တည်း ပစ်ထားလိုက်စမ်းပါ …"

လှည့်မကြည့်ပဲ ပြောလာပါသည့် အစ်ကိုကြီး ဘုန်းလူ ဆိုသူကို ရှင်လွန်း မျက်နှာငယ်လေးဖြင့် ငေးကြည့်နေမိရပါ၏။ အသံကထွက်ကျလာနိုင်ပဲ ဖြစ်နေသည်။ ဘာပဲဖြစ်ဖြစ် …။ အအော်ခံရမှာတော့ ရှင်လွန်း လန့်ပဲနေပါ့မည်တဲ့လားလေ …။ ဤအိမ်ကြီး၏ လူယုံကြီးပါဟု ပြောပြခဲ့ပါလေသော ဘာဘာ ဦးအိမ်စိုး ပြောပြသည့် အထဲမှာ … မိလုံး ဆိုသည့် အိမ်ဖော်ကောင်မလေးကိုဆို … အော်လွှတ်သည်တဲ့ …။ ယူသွားသည့် စားစရာပန်းကန်ကို ကြမ်းပေါ် ပေါက်ပစ်လွှတ်သည်တဲ့ …။ ဒေါ်ကျော့ ဆိုတာကိုကျတော့ အသက်အရွယ်ကိုထောက်၍ မအော်ပေမယ့် …။ အခန်းထဲက ထွက်သွားဖို့ချည်း အခန်းတံခါးကို လက်ညှိုးတထိုးထိုးဖြင့် ပြောသည်တဲ့ …။ ပြောမရလျှင် သူ့ကိုယ်သူ ဝှီးချဲလ်ပေါ်မှ ပစ်လှဲချ ချတတ်သည်မို့ ဒေါ်ကျော့လည်း မကြည့်ရက်မကြည့်ရဲတာနှင့် အခန်းပြင် ထွက်ခဲ့ရသည်ချည်း ဖြစ်ခဲ့ရသည်တဲ့ …။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ ... မိလုံး ကလန့်သည့်ဒဏ် ... ဒေါ်ကျော့ ဆိုတာက မကြည့်ရက်သည့်ဒဏ် မခံနိုင်လွန်းတာမို့ ရွာပြန်ပြီး အိမ်ဆိုင်လေးဖွင့်စားတော့မည်ဆိုတာ ဘဘဦးအိမ်စိုး ထံမှာ မျက်ရည်စက်လက်ဖြင့် ခွင့်ပန်၍ တူဝရီးနှစ်ယောက် ပြန်သွားကြသည်တဲ့ ...။ အိမ်ဖော်ဘဝဖြင့် နှစ်ကြာရှည်နေခဲ့ကြရာမှာ စုဆောင်းထားနိုင်ခဲ့ကြသည်မို့ ... အိမ်ဆိုင်လေးတော့ ဖွင့်စားနိုင်ပါပြီ .. ဟု ပြောလည်း ပြောရင်း ...။ အိမ်ကြီးရှင်ဖြစ်သည့် သဘောကောင်းသူကြီး၏ ကျေးဇူးတွေကြီးလှပါသည်ဟုပင် ဒေါ်ကျော့မှ ငိုယို၍ ဘဘကို ပြောခဲ့သေးသည်တဲ့လေ ...။

"စိတ်ကို ငြိမ်အောင်ထိန်းစမ်း ရှင်လွန်း ... ဒီအစ်ကိုကြီးဟာ အစတုံးက .. သဘောကောင်းတဲ့ သူဆိုတာ ဒေါ်ကျော့ က အစပြောခဲ့တာတဲ့လေ ...။ ခုမှ သူ စိတ်ထိခိုက်ပြီးတော့ ... ဒေါသကြီးနေတာကို နားလည်ထားစမ်းပါ ... သူအော်ရင် ... ငါ .. ငါ .. ပြန်လှည့်မပြောဖို့လိုတယ် .. ဘဘ ပြောတဲ့အထဲမှာ ... ဒီ အစ်ကိုကြီး မနေ့ကလည်း ဘာမှ ဟုတ်တိပတ်တိ မစားဘူးတဲ့ ...။ ကြာရင် ... ဒုက္ခဖြစ်မှာတဲ့ ... ဆရာဝန်ကလည်း လာလာပြီး ကြည့်ပေးတာပဲတဲ့ ... ဆေးထိုးလည်း မခံ ... အတင်းပြန်နိုင်းနေတာ ခက်တယ်တဲ့ ..."

ရှင်လွန်း ကိုယ်လေး တောင့်မတ်၍ ခွန်အားတွေရလိုရငြား ကြိုးစားကြည့်မိရပါ၏။ နည်းနည်းတော့ အားအင်တွေ ရှိလာသယောင်ယောင် ...

"မိလုံး နဲ့ ဒေါ်ကျော့ မရှိတော့ ... ဘဘညို ချက်ပြုတ်ပေးနေတာမဟုတ်လား ... ဘဘညို လည်း သနားပါတယ်ဗျာ ... ခမျာ ... ဥယျာဉ်မှူးဘဝကနေပြီး ထမင်းချက်ဖြစ်ရပြန်ပြီ ... ဘဘညို ကိုလည်း လုံလုံလောက်လောက် ငွေကြေးပေးလိုက်ပါ ဘဘရယ် ... သူလည်း ရွာပြန်ပြီး တစ်ခုခုလုပ်ကိုင်စားပါစေ ... ဒါမှ မဟုတ်ရင်လည်း တက္ကစီတစ်စီးဝယ်ပေးလိုက်ပါဗျာ ... ဘဘညို ကားမောင်းတတ်သားပဲဥစ္စာ ... ကျွန်တော့် ရဲ့ မြို့ပြင်က ခြံကွက်နဲ့ အိမ်လေးကိုလည်းပေးလိုက်ပါ။ အဲဒီမှာ



ဘဘညို နေပြီး တက္ကစီဆွဲစားရင် ... ဘဘညို ဘဝ လုံခြုံပါပြီ"

လှည့်မကြည့်ပဲ ပြောနေသည့် အသံ ကြီး၏ အသံတွေ မသိမသာတုန်နေသည်။ အရာရာကို ... စောင့်ရှောက်ဖို့တော့ သတိမမေ့လျော့ရှာသည်ပဲဟု ရှင်လွန်း တွေးမိရပါ၏။ ဒေါ်ကျော့ တို့ တူဝရီး ပြန်ကြတော့လည်း ဘဘ ဦးအိမ်စိုး မှ တဆင့် ... ငွေကြေးထောက်ပံ့ခိုင်းလိုက်သေးသည်တဲ့ ...။ ဘဘ ဦးအိမ်စိုး ဤမနက်မှာပဲ ပြောပြခဲ့သည်က ဒေါ်ကြီးမေနှင့် ရှင်လွန်း တို့ကိုပါ ...။ ဤသည်ကလည်း ... အစ်ကိုကြီး ဘုန်းလူသည် ပင်ကိုယ်စရိုက် စိတ်ရင်းကောင်းတစ်ယောက်ဆိုတာ ကြိုတင်သိထားနိုင်အောင်ပါ ...။

စားပွဲပေါ်မှာ မြူဆွမ်ပန်းကန်ကို ရှင်လွန်း ချသည်။ နောက်တော့ စိတ်ကိုတင်းရပါ၏။ ဤသို့ လက်ပိုက်ကြည့်နေ၍ မဖြစ်။ ရှင်လွန်း တစ်ခုခုလုပ်မှကို ဖြစ်မည်။ အစ်ကိုကြီး မြူဆွမ်စားမှဖြစ်မည်။ ဒါ ... ရှင်လွန်း မလွဲမသွေ အောင်မြင်စွာ လုပ်နိုင်ရမည့်တိစ္စ ...။ လူတစ်ယောက် စိတ်ထိခိုက်ရင်း မစားမသောက်ဖြင့် အားပြတ်မည့်ကိစ္စကို သိနေရသည်မို့ ငြိမ်မနေနိုင် ...။

"ကျွန်တော် တစ်ယောက်တည်းနေပါရစေ ဘဘရယ် ..."

သတ္တိတွေ ကျုံး၍ မွေးနေချိန်မှာ ရုတ်ခနဲ အစ်ကိုကြီးဆီမှ အသံ ...။ ပြီးတော့ ဝိုးချဲလ်ကြီး ဝှေ့ခနဲ ခေါင်းငည်လိုက်တာကို မြင်ရတော့ ရှင်လွန်း ရုတ်ခနဲဆိုတော့လည်း ကိုယ်လေး တောင့်ခနဲဖြစ်သွားရပါ၏။ လက်ကလေး ပိုက်လိုက်မိသည်ကလည်း အရမ်းလန့်သွား၍ပါ။ တကယ်တမ်းကျတော့ သတ္တိမကျန် ...။ လန့်တာပဲ ကျန်နေသည့်အဖြစ် ...။ အစ်ကိုကြီးကလည်း ရှင်လွန်း ကိုတွေ့တော့ အံ့သြကြည့်ဖြင့် တစ်မျက်ကြည့်၏။ နောက်ခေါင်းခါသည်။

"ဘာလဲ ... မင်းက ... အိမ်ဖော်အသစ်လား ... ဟုတ်လား ဘဘထပ်ခေါ်လာတဲ့ တောသူလေးဆိုပါတော့ ... ကဲ ... ကဲ ... ပြန်တော့ အခန်းပြင်ထွက်တော့ ... ဘဘကို ပြောလိုက် ... လူသစ်တွေလည်း

www.burmeseclassic.com

www.burmeseclassic.com



မခန့်နဲ့လို့ ... အားလုံး လစ်ပြေးမှာလို့ ... အဲသလို ပြောလိုက် ...”

ဟု ပြောကာ စိတ်လက်မရှည်သည့်နှယ် ဗိုးချဲလ်လက်ဖြင့် ရွှေလျား ခလုတ်လေးကို နှိပ်၍ ထိန်းကာ စားပွဲဆီသို့ ရောက်လာပါ၏။ စားပွဲပေါ်မှ လင်ပန်းကိုယူသည်။ ရပ်နေဆဲ ရှင်လွန်း ကို ကမ်းပေးသည်။

“ယူသွား .. ပြန်ယူသွား ... ငါ ပြောနေတယ်နော် ... ငါ မစားချင်ဘူးဆိုတာ ...”

ဟု ပြောလာသည်က လေသံမာကြောလာနေပြီ။ ရှင်လွန်း ခေါင်းခါပြမိရပါ၏။

“ဘာ ... မယူဘူး ... ဟုတ်လား ... မယူချင်လို့ မရဘူးကွ ... ရော့”

အစ်ကိုကြီး မျက်မှောင်ကုတ်၍ ရှင်လွန်း ကို မော့ကြည့်သည်။ ရုတ်ခနဲ ရှင်လွန်း ၏ ပိုက်ထားရာ လက်ကို ဆွဲချသည်။ လင်ပန်းကို လက်ထဲထည့်လာတော့ ရှင်လွန်း ကိုယ်လေး နောက်ဆုတ်လိုက်တာမို့ ...။ လင်ပန်းက လက်ထဲမရောက် ...။ ပြုတ်ကျ၏။ ပန်းကန်ထဲမှ မြူဆွမ်ပွတွေ ရှင်လွန်း ခြေထောက်ပေါ်ကျကုန်တော့ ရှင်လွန်း ကမန်းကတမ်းလေး ကိုယ်လေး ငုံ့ကာ ကယောင်ကတမ်းနိုင်စွာ ခြေဖမိုးပေါ်မှ မြူဆွမ်ဖက်တွေကို ပွတ်ချနေမိရပါပြီတည်း ...။ အစ်ကိုကြီးလည်း တစ်ချက်ငြိမ်သွားသည်။ နောက်တော့လည်း ရင်ထဲမကောင်းပုံဖြင့် ကိုယ်ကိုကိုင်းကာ မြူဆွမ်ဖတ်တွေကို အစ်ကိုကြီး၏ လက်တွေဖြင့် ဖယ်ပေးနေပါချေ၏။ ရှင်လွန်း မျက်ရည်ကျလာပါ၏။ ပူလည်း ပူသည်ကိုး ...လေ ...။

“ဆောရီးကွာ ... ငါ ... တမင်ရည်ရွယ်ပြီး လုပ်တာမဟုတ်ဘူး ... မိလုံး တုံးကတော့ သူ လန့်အောင် ငါပန်းကန်တွေဘာတွေ ပစ်ပေါက်လိုက်တာမျိုး လုပ်ခဲ့တာပါပဲ ...။ ဒါမှ မိလုံး ငါ့အတွက် ဘာမှလာမပို့ရဲပဲဖြစ်မှာပေါ့ ... ခုကျတော့ ... မင်းကို .. ငါက .. ပူလောင်အောင် လုပ်လိုက်သလို ဖြစ်ကုန်ပြီ ...။ ဒါနဲ့ ... မင်းက ... ဘာကိစ္စနဲ့ ပေကပ်ပြီး ပန်းကန်ကိုမယူပဲ နေရတာလည်းကွ ... ဟေ ...”

စိတ်မကောင်းသည့်နှယ် ပြောနေရာမှ ရှင်လွန်း ကို မေးခွန်းထုတ်



လာတော့ ရှင်လွန်း ကြမ်းပေါ်ထိုင်သည်။ ပန်းကန်လုံးနှင့် လင်ပန်းကို သိမ်းသည်။ ကျနေသည့် ဇွန်းကိုလည်း လင်ပန်းထဲထည့်သည်။ ဖိတ်ကျရာ မြူဆွမ်ဖက်တွေကိုလည်း လက်လေးဖြင့် သိမ်း၍ လင်ပန်းထဲထည့်နေရသည်ပါပဲ ...။

“မင်း ... ယူလိုက်ပြီ ထင်ပြီး ... လင်ပန်း ကို ငါ လက်လွှတ်လိုက်တာ ...။ မင်းက မယူပဲ နောက်ဆုတ်လိုက်တာကိုးကွ ...”

အပူရှိန်ထိ၍ ရဲနေသည့် ခြေဖမိုးကို သူကြည့်ကာ ပြောပြီး ဆံတောက်ဖားဖားနှင့် မိန်းကလေးကို ကြည့်မိသည်။ အနီးကပ်ရှိနေတာမို့လည်း မျက်ရည်ဝဲနေတာကို သူမြင်နေရသည်ပါပဲ ...။

“မင်း နာမည် ဘယ်လိုခေါ်လဲ ...”

မောင်းထုတ်သည့် ကိစ္စ ခဏမေ့ကျသွားကာ နာမည် မေးမိလိုက်ပါသည့်အဖြစ် ...။

“ရှင်လွန်းမေ ပါ ...”

ခပ်တိုးတိုးဖြေသံ ...။ သူ .. ရှင်လွန်းမေ ကို ကြည့်မိရပါပြီ။ အတော်ငယ်သေးသည့် မိန်းကလေး ...။ ရုပ်လေးကလည်း အတော်လှသည့်ကလေးမ ...။ အလုပ်ရဖို့ တောကတက်လာပုံရသည်။ အလုပ်စဝင်ရသည့်နေ့မှာပဲ သူ့ကြောင့် ခြေဖမိုး အပူလောင်ခံရပြီဆိုတော့လည်း သူ ရင်ထဲမကောင်း ...။ ပင်ကိုယ်စရိုက်ကိုက သူ့မှာ အကြင်နာတရားဆိုတာက ရှိနေသည်ပဲလေ။ ဒုက္ခိတဘဝကြီးကို စိတ်ပျက်တုန်လှုပ်နေရင်း သူ .. မစားမသောက် အော်ဟစ်နေသည်က သူ့တစ်ယောက်တည်း၏ စိတ်ထွက်ပေါက်ရှာရာတစ်ခု ...။ ခုကျတော့ ... သူ့ပယောဂကြောင့် ဤမိန်းကလေး ဒဏ်ရာဖြစ်ရပြီ။

“ဆေးလူးလိုက် ... မင်းခြေထောက် အပူဖုထွက်လာမှာစိုးရတယ်”

သူ လွှတ်ခနဲ ပြောမိသည်။ ကလေးမ၏ အကြည့်က သူ့ထံရောက်၏။

“ကိုကြီး ...”

သူ တစ်ချက်အံ့သြသလို ကြည့်မိရပါပြီတည်း။ ကလေးမထံမှ

www.burmeseclassic.com



ခေါ်သံ ...။ ကိုကြီးတဲ့လား ဟဲ။ ဤမျှ ခြေထောက်ပွာဘမှုနှင့် ဖြစ်နေသည့် ကြားထဲမှ လန့်မပြေး။ ကိုကြီးဟုပင် ခေါ်လာပြန်သည့်အဖြစ်။ မော့ကြည့်နေသည့် အကြည့်လေးကလည်း ထက်ယှဉ် အစ်ကိုကြီး တစ်ယောက်ကို ညီမလေး တစ်ယောက်က မော့ကြည့်အားနားခံနေသည့် အကြည့်မျိုး ဆန်နေသည်။

"ရှင်လွန်း မှာ မိဘ တွေမရှိကြတော့ပါဘူး ကိုကြီး ... ဖေဖေက အသက်ရှင်လွန်းတဲ့ မေဆိုပြီး ... ရှင်လွန်းမေ လို့ နာမည်လေးပေးထားခဲ့တာပါ ... အသက် ရှင်လွန်းတဲ့မေ ဖြစ်ရတဲ့ ရှင်လွန်းမေ ဟာ ... ငယ်ကတည်းက အမေမရှိပဲ ကြီးခဲ့ရသလို .. ဒီအရွယ်မှာ .. အဖေပါ မရှိတော့တဲ့ ရှင်လွန်းမေ ဖြစ်နေရပါတယ် ကိုကြီးရယ် ... ဆင်းရဲလို့ အိမ်ဖော်လာလုပ်ရတာပါ ... ဖေဖေ ပြောဖူးတယ် ... လူဆိုတာ .. အသက်ရှင်သန်ဖို့လိုတယ်တဲ့ ... ကိုကြီးလည်း အသက်ရှင်သန်ဖို့လိုပါတယ် ကိုကြီးရယ် ... ကိုကြီး ဆေးကုလို့ရတာပဲ ... အို ... ဆေးကုသလို့ မရတော့ဘူး ... ခုလိုပဲ နေသွားရမယ်ဆိုရင်လည်း ... အသက်ရှင်နေသေးတာပဲ ... သွားလာဖို့ ဘီးချဲလ်ရှိတယ် ... ပေမယ်ကိုင်ဖို့ လက်တွေရှိတယ် ... ပညာတတ်ကြီးလည်း ဖြစ်တယ် ... ချမ်းသာတယ် .. ကိုကြီး ခုလို မစားမသောက်ပဲ အသက်ဆုံးရှုံးသွားမယ်ဆိုရင် .. ကိုကြီးရဲ့ မိဘတွေ ... ဘယ်လို တမလွန်ကနေပြီး စိတ်ချမ်းသာနိုင်ပါ့မလဲ ... ရှင်လွန်း .. ဒီနေ့ အသက်ရှင်နေတာ ... ဖေဖေ မျှော်လင့်တဲ့ အလှူရေးပညာတတ်ကြီး ဖြစ်ဖို့ပါ ...။ စာသင်ဖို့ပါ ... တစ်နေ့ ရှင်လွန်း ဘွဲ့ရရင် ... ပန်းကောင်းကင်ကြီးက ... တိမ်တိုက်တွေထဲမှာရှိနေမယ့် ရှင်လွန်း ရဲ့ ဖေဖေ နဲ့ မေမေ့ကို ... ရှင်လွန်း ရဲ့ ဘွဲ့လက်မှတ်လေး မြှောက်ပြမှာ ..."

ကလေးမ ပြောနေသမျှ သူငြိမ်၍ နားထောင်နေမိသည်။ ရင်ထဲမှာ ခံစားလာရသည်။ ဟုတ်သည် ...။ ခံစားလာရသည် ...။ ဖေဖေနှင့် မေမေတို့၏ ကြေကွဲမျက်နှာတစ်စုံ ...။ ဒါကို ... သူ ဘယ်တုန်းကမှ ထည့်မတွက်မိခဲ့ ...။



လောလောဆယ်မှာ ကလေးမလေးက တမလွန်ဆီမှ မိဘ၏ အပျော်ခံစားမှုဆိုတာကို ဤကျွန်ခဲ့ရာ ဘဝတစ်ခုဆီမှ ပို့လွှတ်ပေးဆပ်ဖို့ စကားတွေ ပြောပြနေခြင်း ...။

"ရှင်လွန်း မှာ .... ဖေဖေ နဲ့ မေမေလည်း မရှိတော့ဘူး ... ဖေဖေ ဆုံးပြီးချိန်မှာ ... ရှင်လွန်း အတွက် နောက်ဆံတငင်ငင်နဲ့ပါ ... ဖေဖေ ဆုံးချိန်မှာ ... ရှင်လွန်း ဘဝဟာ ... ဘယ်သူမှ မရှိတော့တဲ့ ဘဝထဲ ရောက်နေရတာပါ ကိုကြီးရယ် ... ရှင်လွန်း သေလိုက်ဖို့ပဲ ကောင်းတယ်လို့ တွေးမိတယ်ဆိုရင် ရှင်လွန်း တို့ရဲ့ ကျေးစုရွာက ချောင်းထဲ ခုန်ဆင်းလိုက်ရုံပါပဲ ...။ ရှင်လွန်း အဲသလို မလုပ်ရက်ခဲ့ဘူး ကိုကြီး ...။ ဖေဖေ မရှိတော့လို့ ... ရှင်လွန်း သေသွားရတယ်ဆိုရင် ... ရှင်လွန်း ကို ဖေဖေ ဘယ်ခွင့်လွှတ်ပါတော့မလဲ ... ဖေဖေ ဘယ်စိတ်ချမ်းသာပါတော့မလဲ ...။ ဖေဖေ ဖြစ်ချင်တာကို ... ရှင်လွန်း လုပ်ပေးရမယ့် တာဝန် ... ရှင်လွန်း မှာ အပြည့်ရှိတယ် .. ဒါကြောင့် ... ကိုကြီး ... အစားစားပါ ကိုကြီးရယ် .. ရှင်လွန်း ... အခုလည်း ကိုကြီး ဒေါ်သတွက်လာမှာကို ကြောက်ပါတယ် ... ကြောက်ပေမယ့် ... အစားစားဖို့ ပြောရတာပါပဲ... ကိုကြီးကို အသက်ရှင်စေချင်လို့ပါ .. ကိုကြီးရဲ့ မိဘတွေ ရှာဖွေရာ ချန်ခဲ့ရာ ဥစ္စာဓနကို ကိုကြီး ဆက်ထိန်းရဦးမှာပါ ... အသက်ရှင်ဖို့ အလွန်အရေးကြီးပါတယ် ... ရှင်လွန်း တို့ကို ဒီမှာ မနေနဲ့ဆိုရင်လည်း ထွက်သွားပါ့မယ်ရှင် ... ဒါပေမယ့် ကိုကြီး ... ခုလို မစားမသောက်ပဲ ဆက်နေတာမျိုးကိုတော့ မလုပ်ပါနဲ့တော့လို့ တောင်းပန်ပါတယ်။ ကိုကြီးရဲ့ မိဘတွေကို ... သနားရင် စားစရာရှိတာစားပါ ကိုကြီးရယ် ... မိဘဆိုတာ ... ကွယ်လွန်သွားပေမယ့် တမလွန်ကနေပြီး ... သားသမီးတွေကို အမြဲကြည့်နေတတ်တယ်တဲ့ ... ဖေဖေ ပြောပြဖူးတယ် ... မေမေ ကြည့်နေလိမ့်မယ်လို့ ပြောပြခဲ့တာလေ ...။ အခုလည်း ဖေဖေဟာ မေမေနဲ့ အတူရှိနေရင်း ... ရှင်လွန်း ကို ကြည့်နေမှာပါပဲ ... ကိုကြီးရဲ့ မိဘလည်း တူတူပဲပေါ့ ... ရှင်လွန်း ရဲ့ ဖေဖေနဲ့ မေမေက ဆင်းရဲတော့

www.burmeseclassic.com

www.burmeseclassic.com



တိမ်တွေမှာပဲ နေကြရတယ်တဲ့ ... ကိုကြီးတို့လို ချမ်းသာတဲ့သူတွေ ကျတော့ ကောင်းကင်က ကြယ်လေးတွေထဲမှာ ရှာကြည့်ရင်း ... ကိုကြီး အစားမြန်မြန်စားပါပြီလို့ ပြောပြလိုက်နော် ...''

ရှင်လွန်းမေ ဆိုသည့် ကလေးမလေးကို သူ မျက်တောင်မခတ် ငိုင်တွေတွေကြီး ကြည့်နေမိရပါပြီ။ ငယ်နုနုအရွယ်လေးဖြင့် ပြောနေသည့် စကားတွေထဲမှာ မိဘနှင့်ပတ်သက်၍ ခံစားပြောနေသည့် စကားလေးတွေချည်းဖြစ်နေသည်။ အဖေဖြစ်သူပြောခဲ့သည့် တိမ်တွေဆီမှ ကြည့်မည်ဆိုသည့်စကား ...။ ထိုအရာကို ရင်ထဲမှာ စွဲရပါပြီ ...။ ငယ်နုနုအရွယ်လေးဖြင့် ပြောနေသည့် စကားတွေထဲမှာ မိဘနှင့် ပတ်သက်၍ ခံစားပြောနေသည့် စကားတွေချည်းဖြစ်နေသည်။ အဖေဖြစ်သူ ပြောခဲ့သည့် တိမ်တွေဆီမှ ကြည့်မည်ဆိုသည့် စကား ...။ ထိုအရာကို ရင်ထဲမှာ စွဲထားသည့် ကလေးမ။ ယုံကြည်ရာအစွဲလေးဖြင့် သူ့ကို ဖျောင့်ဖျပြောနေသည့် စကားလေးတွေက သူ့ကို အသိတရားတစ်ခုရစေသည်။ ဪ ... မိဘဆိုသည်မှာ တမလွန်ဆီမှပင်နေ၍ သားသမီးတို့ကို ကြည့်နေတတ်သည်ဆိုသည့် စကား ...။

သူ ... မျက်ရည်ကျလာသည်။ ရင်ထဲမှာ ကြေကွဲလာသည်။ ဖေဖေနှင့် မေမေ ... စိတ်ထိခိုက်အောင် သူလုပ်လိုက်မိခဲ့ချေပြီလား ...။

''မင်း ... ယုံတယ်ပေါ့ ... မင်း ရဲ့ ဖေဖေနဲ့ မေမေ ... မင်းကို တိမ်တွေဆီက ကြည့်နေကြမယ်ဆိုတာ ... ယုံတယ်ပေါ့ ...''

သူမေးမိသည်။ ကလေး [illegible] ခေါင်းညိတ်ပြပါ၏။ လောလောဆယ်မှာ သူသည် အစစစိတ်ချိုးချိုးကျ ... ဘုံးဘုံးလဲနေသည့် လူတစ်ယောက် အဖြစ်ဆီမှ ပြောင်းလဲစပြုလာနေသည်။ ကလေးမလေးနှင့် စကားစမြည် ပြောစပြုလာပြီ ...။ အာရုံထဲလည်း စကားပြောရသည့်အဖြစ်တစ်ခုက စိတ်ပါလက်ပါ စတင်၍ ဖြစ်တည်စပြုလာပြီ ...။

သူ ထစ်၍ ကြည့်မိရသည်က ရှင်လွန်းမေ ဆိုသည့် ကလေးမ ...။ ဆံတောက်ဖားဖားလေးနှင့် ဆံထုံးပုံ့ပုံ့ရုံ့ရုံ့လေးနှင့် ကလေးမ ...။ အသက်



လေးနုနုငယ်ငယ်နှင့် ကလေးမလေး ...။ ဪ ...သူ့ထက်ပို၍ အတွေးအခေါ်က မိဘနှင့်ပတ်သက်လာလျှင် မြင့်မားနေချေသည်တကား ...။ ဘာတဲ့ ...။ မေမေက ပြောခဲ့သည့်စကား ...။ ကျေးစုရွာက ချောင်းထဲ ခုန်ချလိုက်လျှင် သေမည်ပါတဲ့ ...။ ဖေဖေ စိတ်ထိခိုက်မည်ပေါ့တဲ့ ...။ သူ ... ရင်ထဲရှက်လာသည်။ သူက ... သူက ... ဒုက္ခိတဘဝကြီးကို စိတ်ပျက်ချောက်ချားရင်း သေချင်နေသည်။ အစားမစား ...။ ဆေးထိုးခံ။ ဆေးရုံမှာလည်း ဒုက္ခိတဘဝကြီးကို ရင်မဆိုင်ရဲပဲ ဖြတ်သန်းလာရသည်။ ဆေးရုံကဆင်းလာတော့လည်း သုံးလရှိပြီ ...။ အစားအစာကို ဟက်ဟက်ပက်ပက် မစား ...။ တို့တို့တိတိ စားဖြစ်လိုက်တာကလည်း ရက်ခြားလောက်ပဲရှိသည်။ ဤသည်ကလည်း အတင်းကြီး ဘဘဦးအိမ်စိုးတွေး၍ ...။ တခြားအချိန် မိလုံး တို့ ဒေါ်ကျော့ တို့လာကြည့် ...။ ပန်းကန်တွေ ပစ်ပေါက်လွှတ်လိုက်သည်ချည်း ...။ သူသည် အရှုံးတစ်ပိုင်း ဖြစ်နေသည်။ ဟုတ်သည် ... အရှုံး ...။ သေရတာကို ရင်ဆိုင်ချင်နေသည့် အရှုံး ...။ ဒုက္ခိတဆိုသည့် ဘဝကို ဖြတ်သန်းရမှာ လန့်နေရင်း ...။ သူ့ရဲ့ ဘောကြောင်နေရင်း ...။ ရှုံး နေသည့် အရှုံး ...။ ဖေဖေ မေမေတို့ ချန်ရစ်ရာ လုပ်ငန်းများကို ဆက်ထိန်းရမည့်အစား ...။ ဖေဖေ မေမေတို့ အတွက် ... ကောင်းမှုကုသိုလ်ပြုနေရမည့်အစား ...။ သေဖို့ပဲစဉ်းစားနေသည့် သူရဲဘောခပ်ကြောင်ကြောင် လူတစ်ယောက်ဖြစ်နေသည်။

''မင်း ... ငါ့ကို ကယ်တင်လိုက်တာပဲ ရှင်လွန်းမေ ...''

သူ ခပ်တိုးတိုး ပြောလိုက်မိပါပြီ ...။ ဝှီးချဲလ်ကို ပြတင်းဘက်ဆီသို့ ရွှေ့လျားစေမိခဲ့ကာ ရှင်လွန်းမေ ကို လှည့်ကြည့်မိရပါ၏။

''ငါ့ကို ဒီခန်းဆီးတွေ ဘေးဘက်ဆွဲပေးပါလား ရှင်လွန်းမေ ...''

ရှင်လွန်းမေ ပြတင်းခန်းဆီးတွေ ဘေးတစ်ဘက်တစ်ချက်ဆီသို့ ဆွဲပေးလိုက်တော့ အခန်းသည် ပို၍ လင်းချင်းလာ၏။ မှန်ပြတင်းခြားလျက် သူသည် ကောင်းကင်ကြီးကို မော့ကြည့်ချင်နေသည့် လူတစ်ယောက်ဖြစ်နေသည်။ ဝှီးချဲလ်ကို ရွှေ့လျား၍ ပြတင်းချက်ကို သူဖွင့်

www.burmeseclassic.com

www.burmeseclassic.com



တော့ ရှင်လွန်းမေ ပြတင်းတံခါးရွက်တွေကိုပါ ဖွင့်ပေးလိုက်ပါပြီ ...။ သူ ... ကောင်းကင်ကြီးကို မော့ကြည့်သည်။ တိမ်တွေက ကောင်းကင်အနှံ့မှာ ပြာလဲ့လဲ့နောက်ခံတစ်ခုနှင့် ဖြူဆုပ်ဆုပ် တိမ်အုပ်တို့ဖြင့် ရှိလင့်၏။

သူ ရှင်လွန်းမေ ကို ကြည့်လိုက်မိရပါ၏။ ခုလို လင်းချင်းသောနေရောင်တို့ တိုးဝင်ရာအခန်းမှာ ရှင်လွန်းမေ သည် ဖြူဥဥ၊ သွယ်လျလျလေးဖြင့် ဆံထောက်လေးတဖားဖားဖြင့် ရှိနေသည့် ကလေးမလေးအဖြစ် ပို၍ ထင်းထင်းပပ မြင်လာရသည်။ မျက်နှာလေးက လှလွန်းသည့် ရုပ်အဆင်းလေးဖြင့် ရှင်းရှင်းသန့်သန့်ရှိ၏။ ဒါ့အပြင် ... ဤကလေးမလေး၏ အလှတရားများ စုဝေးရာ မျက်နှာလေးထက်မှာ မမြင်မဖြစ် မြင်ကိုမြင်စေသည့်အရာတစ်ခုကဖြင့် ရိုးသားဖြူစင်သော အရိပ်လေးတွေဖြစ်ပါချေသည်တကား ...။ ဟုတ်သည် ... ။ ဤကလေးမလေး၏ မျက်နှာလေးက အရမ်းကိုအပြစ်ကင်းစင်သည်။ လောဘရိပ်မရှိ ...။ ဒေါသရိပ်မရှိ ...။ အေးချမ်းသည့်အရိပ် ... ဖြူစင်ရိပ် ...။

"ဪ ... ဒီလောက်သေးသေးတာတာ ... အရွယ်လေး ... ငါ့ထက်အလွန်ငယ်နေသေးတဲ့ ဒီကလေးမလေးက ငါ့ကို လူ့ဘဝကြီးမှာ ဘယ်လိုဆက်ပြီး ရှင်သန်နေထိုင်ရမယ်ဆိုတာ သင်ပေးလိုက်တာပါပဲလား ... သူ ... ငါ့ကို အဲသလို သင်ပေးလိုက်ပြီဆိုတာ သူကိုယ်တိုင်တောင်မှ သိနေတာမဟုတ်ဘူး ... သူ့ ခံစားရာလေးကို ပြောတတ်သလို ပြောပြရင်း ငါ့ကို ... အသိတရားပေးလိုက်တာပါပဲ ..."

သူတွေးနေမိရာမှ ရှင်လွန်းမေ ကို ကောင်းကင်ကြီးဆီသို့ လက်ညှိုးညွှန်ပြလိုက်မိပါ၏။

"မင်းရဲ့ မိဘတွေ ဆင်းရဲကြတာမို့ တိမ်တွေမှာ ရှိနေရင်း ... မင်းကိုကြည့်နေမယ်ဆိုရင် .. ငါ့မိဘတွေကရော ... ဘာလို့ တိမ်တွေကနေပြီး ငါ့ကို မကြည့်ပနေပါ့မလဲ ရှင်လွန်းမေ ... မိဘဆိုတဲ့ သူတွေဟာ ... ချမ်းသာဆင်းရဲ မခွဲပဲတန်းတူညီမျှ မေတ္တာထားကြတာပါပဲ .. ငါ့မိဘတွေကို ...



ငါ ... နေ့ခင်းတွေမှာ ... တိမ်အုပ်တွေထဲ မော့ကြည့်ရင်း စကားပြောမယ် ရှင်လွန်းမေ ... ညကျရင် ... တိမ့်ရေတွေအပြင် ... ကြယ်လေးတွေကိုပါ ကြည့်ပြီး ငါ စကားတွေပြောမယ် ... မင်းလည်း တိမ်တွေကိုရော .. ကြယ်လေးတွေကိုရော ... ကြည့်ပြီး စကားပြောပေါ့ ... မိဘဆိုတာ .. တိမ်တွေမှာလည်း နေရင်း သားသမီးကိုကြည့်နိုင်တယ် .. ကြယ်လေးတွေဆီကလည်း ကြည့်နိုင်တယ် ... လမင်းကြီးဆီကလည်း ကြည့်နိုင်တယ် ... ဘာလို့လည်း သိလား ... မိဘတိုင်းဟာ ကောင်းကင်ကြီးကို နိုင်ကြတယ်လေ ..."

သူ ပြောမိသည့် စကား ...။ ဤကလေးမလေးကို .. မိဘနှင့် ပတ်သက်၍ ... ဆင်းရဲသည့် ဘဝဝေးလေးဖြင့် အားငယ်စွာ တိမ်အုပ်တွေထဲမှာသာ ရှာဖွေနေမှာမျိုးကို သူအဖြစ် မခံချင် ...။ အဖြစ်မခံနိုင်ပဲ ဖြစ်လာနေသည်။ ကလေးမလေးကိုလည်း ကြယ်တွေမှာ မိဘကို ရှာကြည့်တာမျိုး ဖြစ်စေချင်သည်။ လမင်းကြီးကို မော့ကြည့်ရင်းလည်း ရှာဖွေနေစေချင်သည်။ ဪ ... တိမ်အုပ်တိမ်မျှင်ကြယ်စင်လမင်းတွေထဲမှာ မိဘတိုင်းနေကြတတ်သည်ဟု ခံစားစေချင်သည်တကား ...။

သူ ... စိတ်တွေ ငြိမ်သက်လာ၍လားမသိ ...။ ရင်သည် ကတုန်ကရင်ဖြစ်ချင်၏။ ရေဆာတတ်လာရမှန်း သိလာသည်။

"ငါ့ကို ... ရေခဲသေတ္တာထဲက .. အအေးဘူးလေးယူလာပေးပါလား ရှင်လွန်းမေ ... မင်းလည်း တစ်ဘူးယူ ... တူတူသောက်ကြတာပေါ့ ..."

အခန်းလေးသည် အေးချမ်းသည့် အခန်းလေးဖြစ်လာသည်။ သူသည်လည်း ရှင်လွန်းမေ နှင့် တရင်းတချာနိုင်လာသည်။ တိုတောင်းသော ကာလလေးတစ်ခုမှာ သူသည် ရှင်လွန်းမေ ဆိုသည့် ကလေးမလေးကို သားချင်းပမာ ခံစားတတ်လာရသည်။ ရှင်လွန်းမေ အအေးဘူးလေး ယူလာကာ [illegible]ကပေးတော့ သူ သောက်၏။ ရှင်လွန်းမေ ၏ လက်[illegible]မှာ အပိုတစ်ဘူး ပါမလာတာကို မြင်သည်မို့ မျက်ခုံးကိုတွန့်၍ ...။

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ကလေးမလေး ... ငါက ခင်းစကားနားထောင်ပြီး အအေးတွေ ဘာတွေတောင် တောင်းသောက်လာနေတာနော် ... မင်းက ဘာလို့ အအေးမသောက်တာလဲ ... ငါ့စကားကို နားမထောင်ဘူးပေါ့ –"

"ရှင်လွှန်း က အစေအပါးပါ ကိုကြီး ရယ် ... ကိုကြီးပဲသောက်ပါ –"

ဟု မျက်နှာလေး အောက်ချင့်၍ ဖြေတော့ သူ လက်ထဲမှ အအေးဘူးကို လှှင့်ပစ်တော့ မယောင်ပြုပြုတာမို့ ရှင်လွှန်းမေ လန့်လန့်ဖြင့် ပြေး၍ အအေးတစ်ဘူးဖောက်သောက်ရှာ၏။ သူ ... လွှတ်ခနဲ ပြုံးမိသည်။ ရင်သည် ပေါ့ပါးစ ပြုလာချေပြီတကား ...။ ဤကလေးမလေးကို သူတစ်ချက်ပဲ ချောက်လိုက်ရသည်။ တကယ် အအေးဘူးလွှင့်ပစ်လိုက်မှာကြောက်စိတ်ဖြင့် ကလေးလေးလို ပြေး၍ အအေးတစ်ဘူးယူ ဖောက်သောက်ရှာသမျှကိုလည်း နှစ်နှစ်ခြိုက်ခြိုက်ကြည့်မိရ ...။ ပြုံးမိရပြီ။ သူ ... အဘယ်မျှကြာခဲ့ပြီလဲ ...။ မပြုံးမရယ်ရှိခဲ့သည့်ကာလ ...။ သူ ဒုက္ခိတဘဝရောက်ကတည်းကပဲ ဖြစ်ချေသည်ပဲလေ ...။ ယခု ရှင်လွှန်းမေ သည် သူ့ထံသို့ အပြုံးဆိုသည့်ခံစားချက်ကိုပါ ထည့်ပေးလိုက်နိုင်သည့် ကလေးမလေးတစ်ယောက် ဖြစ်လာပြန်ပါ၏။

သူ ... ရှင်လွှန်းမေ ကို ကြည့်လိုက်ကာ ရင်ထဲမှာရှိနေသည့် အရာကို ဖွင့်မေးလိုက်မိရပါ၏။

"မင်းအကြောင်းတွေ ငါသိချင်တယ် ရှင်လွှန်းမေ ... အားလုံး ပြောပြပါလား ... ငါ နားထောင်မယ်လေ ... နောက်တော့ ... ထမင်းစားမယ် ... မင်းနဲ့ တူတူဆိုပါတော့ ... စကားပြောရင်း ... ဒီအခန်းထဲမှာ မင်းနဲ့ငါ ... ထမင်းတူတူစားကြမယ်လေ ... စတင်တွေ့ကြတဲ့ အထိမ်းအမှတ်တစ်ခုအဖြစ် ဆိုပါတော့ ..."

သူ ပြောတော့ ရှင်လွှန်းမေ သူ့ကို ကြည့်လာသည်။ မျက်ဝန်းနက်နက်လေးတွေမှာ မျက်ရည်စို့လာတာကို သူမြင်၏။ မျက်တောင်ထူထူ စင်းစင်းလေးတွေကို စိုက်ဆင်း၍ ဘဖျတ်ဖျတ်ခတ်နေတာမြင်တော့ သူ မကြားရက်နိုင်သလို ခံစားလာရလျှက် ...။



"နေပါစေ ... နေပါစေ ... မပြောပြန့်တော့ ..."

ဟု သူတားလိုက်မိသည်။ ကလေးမလေး၏ မျက်ဝန်းမှာ မျက်ရည် စို့နေသည် ဆိုကတည်းက ကြားရမည့်စကားတွေသည် မျက်ရည်စက် များ ခြွေမည့်စကားဆိုတာ သူကြိုတင်သိလာသည်လေ။ ဤကလေး မလေး၏ အဖြစ်ကို .. နောက်တော့မှ သူ ... စုံစမ်းယူနိုင်သည်ပဲ ...။ အနည်းဆုံးအိမ်ဖော်ပွဲစားဆိုသည့် သူကို သူမေးနိုင်သည်လေ ...။ ဤ ကလေးမလေး ဘယ်လို အိမ်ရောက်လာသည်ဆိုတာ သူ မသိခဲ့ရသေး။ အဘဦးအိမ်စိုး စီမံသည်ဆိုတာလောက်ပဲ သူ မှန်းဆထားနိုင်သည်လေ ..။

"မင်းနဲ့ တူတူ ... ဘယ်သူပါလာသေးလဲ ..."

သူ ရုတ်ခနဲ မေးတော့ ရှင်လွှန်းမေ လက်ကလေးပိုက်ကာ ...။

"ဒေါ်ကြီးမေ ပါ ... စံရိပ်ငြိမ် ကတူတူ ... ရှင်လွှန်း တို့ ထွက်လာ ကြတာပါ ..."

စံရိပ်ငြိမ် ...။ ဩော် .. ရှင်လွှန်းမေ သည် စံရိပ်ငြိမ်ဆိုသည့် အိမ် ကြီးတစ်အိမ်မှာလည်း အိမ်ဖော်လုပ်ခဲ့ဖူးပုံရသည်ပဲ ...။ ဒါဆို .. ထို ဒေါ်ကြီးမေ ဆိုသူထံမှာ ရှင်လွှန်း နှင့် ပတ်သက်ရာတွေကို သူမေးနိုင် သည်ပေါ့ ..။

စံရိပ်ငြိမ်ဆိုသည့် အိမ်အမည်ကို ပြောနေရင်း ရှင်လွှန်းမေ မျက်နှာ လေး ပိုညိုးသွားတာကို သူမြင်ရသည်။ ထိုအိမ်ကြီးမှာ ရှင်လွှန်းမေ သည် ကြေကွဲဖွယ်ရာများကို ရင်ဆိုင်ခဲ့ရချေသည်လား မသိ ..။ သူ .. ရင်ထဲ မကောင်း ...။ သနားကြင်နာခြင်းဆိုသည့် ခံစားချက်တစ်ခုသည် ... ဤကလေးမလေးအပေါ်မှာ ထဲထဲဝင်ဝင် ... နှစ်နှစ်ရှူးရှူး ... သူ့ရင်မှာ ဖြစ်တည်လာစေသည်ကော ... ဟု ကိုယ့်ကိုယ်ကိုယ်လည်း နားလည် လာရပါသည့်အဖြစ် ..။

ရှင်လွှန်းမေ ကို အာရုံပြောင်းစေနိုင်ဆုံး ဖြစ်စေမည့် စကားကို သူ ရုတ်ခနဲပြောလိုက်မိသည်။ စိတ်သက်သာရစေလိုသည့် မေတ္တာသည် ရှင်လွှန်းမေ အပေါ်မှာ ဖြစ်တည်ချေသည်ကိုးလေ ..။

www.burmeseclassic.com

www.burmeseclassic.com



"ငါ ... ဆာလာတယ်ကွ ..."

ဟု ပြောလိုက်ချိန်မှာပင် ... တံခါးရွက်သည် ပွင့်လာ၏။ အခန်းပြင်မှာ ရပ်နေသည့် ဘဘဦးအိမ်စိုး ၏ မျက်နှာလန်းနေသည်။ ဘဘညို ၏ မျက်နှာထက်မှာ အပြုံးသည် မျက်ရည်နှင့် ယှဉ်လျက်ဖြစ်တည်နေ၏။ ထိုနောက်ပါးမှာ ကျတော့ အဒေါ်ကြီး တစ်ယောက်ရပ်နေပါ၏။ အားလုံးသည် .. အခန်းတံခါးကွယ်မှာ ရပ်၍ အတွင်းဘက်ကို နားစွင့်နေကြတာ သိသာနေသည်ပါပဲ ...။

သူပြုံး၍ ဘဘဦးအိမ်စိုးကိုကြည့်သည်။ ဘဘညို ကို ကြည့်သည်။

ဘဘဦးအိမ်စိုး ဝင်လာချိန်မှာ သူပြုံး၍ ရှင်လွန်းမေ ကို ကြည့်ကာ ...။

"ဒီလောက်လိမ္မာတဲ့ ကလေးမလေးကို ... ဘဘဘယ်လိုရှာတွေ့လာသလဲဆိုတာ နောက်မှပဲ ကျွန်တော်မေးတော့မယ် ဘဘ ... လောလောဆယ် .. ကျွန်တော် ဒီအခန်းထဲမှာ ဒီကလေးမလေးနဲ့ ထမင်းတူတူစားပါမယ်လို့ ကတိပေးထားတယ် ... ဆာလည်းဆာနေတယ် ဘဘ ..."

ဟု ပြောတော့ ဘဘ ဦးအိမ်စိုး နှင့် ဘဘညို တို့ နှုတ်မှ ...။

"ဟေး ..."

ခနဲအပျော်ဖြင့် အော်သံတွေ ပွင့်ကျလာကြ ...။ သူ့ကိုလာဖက်ကြ ... ဆံပင်တွေ သပ်ပေးကြ ...။ အပျော်မျက်ရည်တွေကျကြနှင့် ဖြစ်ကုန်ကြပါသတည်း ...။

သူ ... ငြိမ်သက်ခံယူနေရာမှ ကလေးမလေးကို ကြည့်မိသည်။

ငြိမ်သက်၍ မြင်ကွင်းကို ကြည့်နေသည့် ရှင်လွန်းမေ သည်လည်း မျက်ရည်နှင့်ဖြစ်နေသည်။ ပျော်နေသည့် အပျော်တွေကို ကြည့်ရင်းလည်း လိုက်၍ ပြုံးနေသည်။

မျက်ရည်နှင့် ကြည်မြစွာရှိနေသည့်အပြုံး တစ်ခုကို ...ယှဉ်တွဲ၍ သူမြင်နေရသည်။ ဤမျှ လှပနေသည့် မျက်နှာလှလှလေးကို ... သူ သူ မမြင်စဖူး ...။ အေးမြသောအလှ ...။ အေးချမ်းသောအလှ ...။ ကြည်နူး



စွာဖြစ်တည်နေသည့် အပျော်မျက်ရည်ဆိုတာ ဤသို့ပါလားဟုလည်း သူမှားလည်လာရပါပြီ ...။ တကယ်တော့ ... ရှင်လွန်းမေ သည် လာခြင်းကောင်းသော ကလေးမငယ်ငယ်လေး ဖြစ်ပါ၏။

ရှင်လွန်းမေ ရောက်သည့်နေ့မှာ ... ကျေသရီရိပ်ငြိမ်သည် ... အပျော်တွေနှင့် ပြန်၍ ရပ်တည်လာစေခဲ့သည်တကား ...။

သူ ... ဘဘ ဦးအိမ်စိုး ၏ ရင်ခွင်မှာနေရင်း ...။ ဘဘညို နှင့် ဘဘဦးအိမ်စိုး တို့၏ အနမ်းကို ခံယူရင်း ... ရှင်လွန်းမေ ကို ပြုံးပြလိုက်မိရပါပြီ ...။ သူကိုယ်တိုင်သည်လည်း ... အပြုံးတွေကို ... ပြန်၍ ... စတင်ပိုင်ဆိုင်ခွင့်ကို ... ဤနေ့မှာ .. ဤကလေးမလေးကြောင့် ရရှိခဲ့သည်ဆိုတာ ... ဘယ်သောအခါတွင်မှ မမေ့နိုင် ...။ သြော် ... မင်းလေးကြောင့်ဖြစ်ရသည်မို့ ... မင်းလေးကိုလည်း ... ဘယ်သောအခါတွင်မှ မမေ့နိုင်ပါ ရှင်လွန်းမေ ...။

ဘယ်သောအခါတွင်မှ ... ပါ .. ကွယ် ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"အင်း ... လူလေး သူရိန်ကလည်း ခေါင်းအရမ်းမာတဲ့ ကလေး ... ပြဿနာတော့ မြေးအဘိုးကြားမှာ သေးမှာမဟုတ်ဘူး ရှင်လွန်းလေး ... ဒါပေမယ့် ခေါ်ကြီးမေ တို့က ကိုယ့်နေရာကိုယ်သိကြရမှာပဲလေ ...။ သူတို့ ချမ်းသာဂုဏ်တင့်နေကြတဲ့ အလွှာကြားထဲမှာ ... ငါတို့ ဆင်းရဲသားတွေက ပဲလော်ကြားဆားညှပ်ခံရတာမျိုးတော့ ရင်ထဲမကောင်းဘူးပေါ့ အေရယ် ...။ လူလေးကိုတော့ အားနာပါတယ် ... ဒါပေမယ့် လူလေးတစ်ယောက်တည်း သဘောဖြူအူစင်းဖြစ်နေလို့ ကိစ္စက ပြီးတာမှ မဟုတ်တာ ... သူ့ရဲ့ ဘိုးဘိုးကောင်းကလည်း မတူမတန်ထားတယ်ဆိုတာ ပေါ်တင်ကြီး ရှင်လွန်း ကို ပြောသွားခဲ့ချေတာပဲ မဟုတ်လား ... သူ့ အဘိုးနဲ့ မပတ်သက်ဖို့ဆိုတာက သူ့မြေးနဲ့ ကင်းမှ ဖြစ်မှာ ငါတို့သဘောပေါက်ကြဖို့လိုသပေါ့ကွယ် ..."

ရှင်လွန်း ခုတင်ခြေရင်းမှာ နံရံကို ကျောလေးဖြင့် မှီထိုင်ရင်း ငြိမ်နေမိရပေမယ့် ... ကိုကို၏ မျက်ရည်တွေ ဝဲတက်နေသည့် မျက်ဝန်းတွေကို လွယ်လွယ်နှင့် ဘယ်လို မေ့ဖျောက်ပစ်နိုင်ပါ့မည်လဲဆိုတာ ဖွင့်မပြောရဲ ...။

"ဘွားမြတ် ကို ကတိပေးခဲ့ပြီးပြီပဲ ခေါ်ကြီးရယ် ... ကိုကိုနဲ့ ပတ်



သက်လို့ ဘာအရာကိုမှ မစုံစမ်းပါဘူးဆိုတဲ့ ကတိ ...။ မပတ်သက်ပါဘူးဆိုတဲ့ ကတိ ... စံရိပ်ငြိမ် က မထွက်ခင်လေးမှာ ကန်တော့ရင်း ပေးခဲ့ပြီးပြီပဲ ... ရှင်လွန်း တို့မှာ ကတိသစ္စာတည်တယ်ဆိုတဲ့ ဂုဏ်တစ်ခုကိုတော့ လူချမ်းသာတွေကို ပေးရဲနိုင်စွမ်း ရှိကြပါတယ်ရှင် ... ရှင်လွန်း ကိုကို့ကို သနားပါတယ် ... သူ ... ရှင်လွန်း ကို တကယ်မြတ်နိုးတယ်ဆိုတာကိုလည်း ယုံနေမိပါတယ် ...။ ဒါပေမယ့် .. ရှင်လွန်း .. ဘယ်တော့မှ ကိုကို့နဲ့ မပတ်သက်အောင်နေမှာပါ ..."

ရှင်လွန်း မျက်လွှာလေးချ၍ ပြောနေချိန်မှာ ရင်သည်ဆို့ဆို့နင့်နင့်ရှိ၏။ နှလုံးသားတို့ ထုံနေသည့်နှယ်ပင် ဖြစ်ကုန်ရပြီ။ ဘယ်လိုမှ မချန်ခဲ့ရက်နိုင်စွာ သေသေချာချာလေး သံသေတ္တာထဲ ထည့်ယူလာခဲ့ပါသည့် (Student's Guide) စာအုပ်အထပ်လေးတွေကို ဖွင့်မဖတ်ပဲ နေနိုင်မှာမဟုတ်တာ ...။ ကိုကို့ကို သတိမရပဲနေနိုင်မှာ မဟုတ်တာတွေကို ရင်ထဲမှာပင် သိမ်းဆည်းထားရမည်က ... ရှင်လွန်း ၏ ဘဝပေးကံတစ်ခုကြောင့်ဟုသာ မှတ်ယူရပါမည် ...။

"ကျောင်းထွက်လက်မှတ် ... ဘွားမြတ် ယူပေးလိမ့်မယ် ရှင်လွန်းလေး ... ကျောင်းအပ်တုံးကလည်း ဘွားမြတ် လိုက်အပ်ပေးခဲ့တာဆိုတော့ ... သူကျောင်းထွက်လက်မှတ်ယူပေးမယ်တဲ့ မကြွေ ရဲ့ အိမ်ကို ခေါ်ကြီးမေ သွားယူရလိမ့်မယ် ... တစ်ရက်နှစ်ရက် နေရင်ရမှာပါ ... ခေါ်ကြီး ဈေးသွားရင်း ဝင်ယူလိုက်မယ်လေ ... မကြွေ အိမ်ဆိုတာက ဘဘဦးအိမ်စိုး ကိုယ်တိုင် ကားနဲ့ လာခေါ်တဲ့ အိမ်ပေမို့ ... အဲဒီအိမ်ကို အထာတဖြုတ် ခေါ်ကြီးမေ ဝင်တယ်ဆိုရင်လည်း ပြဿနာမရှိနိုင်ပါဘူး ... အေရယ် .. ညည်းလေးကို ကျောင်းတက်ခွင့်ပြုမယ်လို့ အစ်ကိုလေး ဘုန်းလူ က ဒီညနေမှာ ခေါ်ကြီးကို ပြောတယ် ..."

ပြောရင်း ရှင်လွန်းကို ခေါ်ကြီးမေ လှမ်းကြည့်၏။ မျက်ဝန်းလေးတွေ မှိန်ဖျော့နေတာကို မြင်သည်။ ဤကလေးမလေး ကိုကို့ကိုများ သတိတရဖြစ်နေချေသည်လားဟု တွေးဖြစ်၏။ နောက်ပြီတော့လည်း

www.burmeseclassic.com

www.burmeseclassic.com



ဟန်မပျက် အိပ်ရာခင်းကို ဆွဲဖြန့်နေသည်က ဒေါ်ကြီးမေ ပါ ...။ တကယ်က ... အစ်ကိုလေးဘုန်းလူ မှ ဤညနေမှာ စာကြည့်ခန်းထဲခေါ်၍ ရှင်လွန်းနှင့် ပတ်သက်ရာကို မေးခဲ့ပြီးပြီ။ ဤအဖြစ်ကို ရှင်လွန်း ကိုလည်း ဒေါ်ကြီးမေ ပြန်မပြောပြဖို့ အဖြစ်အပျက်အားလုံးကို ကြားပြီးချိန်မှာ အစ်ကိုလေးက ပြောခဲ့သည်လေ ...။ အထူးသဖြင့် ကိုကိုနှင့် ပတ်သက်၍ ရှင်လွန်း အပေါ် ... အရမ်းကို မတူမတန် ဆက်ဆံလိုက်ပါသည့် ဘိုးဘိုးဦးဘကောင်း ၏ အဆုံးအဖြတ်ကြောင့်ပင်လျှင် ...။ ထိုအတိတ်ဆီမှ အဖြစ်တွေကို ရှင်လွန်း လုံးဝပြန်မခံစားရစေဖို့ သတိမရစေဖို့သာ အရေးကြီးသည်ဟု အစ်ကိုလေး ပြောခဲ့ပါ၏။ ကြာတော့လည်း ထိုအဖြစ်သည် ... ရှင်လွန်း အတွက်မမေ့ရက်နိုင်စရာ အဖြစ်အပျက်တစ်ခုမှသည် ... ကြုံဖြစ်တတ်မြဲအဖြစ်တစ်ခုဟု ... နားလည်လာစေလိမ့်မည် ...။ ထိုမှသည် ... အချိန်ကတည်ငြိမ်အောင် ဖန်တီးပေးသွားနိုင်လိမ့်မည် ...။ ကုစားနိုင်လိမ့်မည်ဟု အစ်ကိုလေး ပြောခဲ့သည်က ဒေါ်ကြီးမေ ကိုပါ ...။

"ခု ... ဒေါ်ကြီးမေ တို့ ကံကောင်းပါတယ်ကွယ် ... မကြွေရဲ့ အဆက်အသွယ်နဲ့ ဒီအိမ်ကြီးကို ရောက်ရပြီ ... အိမ်ရှင်ကလည်း သဘောကောင်းကယ် ... စိတ်ထားပြည့်ဝတယ် ... ခု ကြည့်စမ်းပါ့အေရယ် ... ဒီအခန်းကျယ်ကြီးထဲမှာ ခုတင်နှစ်လုံးနဲ့ ... ဗီရိုနဲ့ ... စာကြည့်စားပွဲနဲ့ ဇရောင်းပုဆိုးခင်းကြမ်းပြင်နဲ့ ... သပ်သပ်ခပ်ခပ်နေနေကြရတာပဲ မဟုတ်လား ... အဲဒါပြောတာပေါ့အေ ... စိတ်ရင်းကောင်းရင် ... ဘုရားဆောင့်ရောက်ပါတယ် အေရယ် ... ငါတို့ သူဆင်းရဲတွေ ... ဘုရား အစောင့်အရှောက်နဲ့ ... ဘဝကို ... ရင်ဆိုင်နိုင်နေကြတာပါ ..."

ဟု ဆက်ပြောတော့ ရှင်လွန်းမေ ခေါင်းလေးညိတ်ပြသည်။ ဒေါ်ကြီးမေ ခါးတစ်ချက်ဆန့်၍ ခုတင်ထက်မှာလှဲသည်။ ရှင်လွန်း နှိပ်ပေးတော့လည်း ငြိမ်ခံသည်။ လောလောဆယ်မှာ စာလည်းကျက်၍ မရနိုင်အောင် စိတ်ညစ်ရှုပ်ထွေးနေတာမို့ ရှင်လွန်း စာအုပ်တွေလည်း သေတ္တာလေးထဲမှ မထုတ်ဖြစ်သေးပါ ...။



"ညည်းကို ... အစ်ကိုလေးက ... ကိုယ်ပိုင်ကျောင်းကြီးတစ်ခုမှာ အပ်ပေးမယ်လို့ ပြောသအေ ... ညည်းကံကောင်းပါတယ် အေရယ် ... စိတ်ကို ... စာထဲနှစ်ထား ... ဟုတ်ပလား ..."

ဟု ဒေါ်ကြီးမေ ဆက်ပြောပါ၏။ ရှင်လွန်း ခေါင်းလေးညိတ်ပြရပါ၏။ ဒေါ်ကြီးမေ ထထိုင်လိုက်ကာ စီးပွားမီးဆော်တော့ ရှင်လွန်း အခန်းလေးထဲမှ ထွက်လာမိရပါ၏။ ခြံနောက်ဘက်ကို ဆင်းခဲ့မိခြင်း ...။ စံကားပင်တန်းကို လှမ်းလင့်မြင်တာမို့ အိမ်ကြီး၏ ဘေးဘက်ဆီသို့ ရောက်လာရပြန်သည်။ လရောင်က လွင်လွင်သာသာရှိ၏။ စံကားပင်တန်းသို့ ရောက်တော့မြက်ခင်းထက်မှာ ကြွေနေသည့် ပန်းကြွေလေးတွေကို ကောက်နေမိသည်။ သတိရလိုက်မိပြန်သည်က ကိုကိုပါတကား...။ ဩော် ... ရှင်လွန်း ကို တော်ဝင်ပန်းတစ်ပွင့်နှယ် မြတ်နိုးရှာပါသည့် ကိုကို ...။ ဒါပေမယ့် ... ရှင်လွန်းမေ ဆိုတာက ပန်းစံကားနှယ် အဘယ်သူကမှ တော်ဝင်ပန်းသဖွယ် ပန်ဆင်ကြခြင်း မရှိသည့် ကံချင်းတူရာဘဝ ...။

ကိုကိုနှင့် ပတ်သက်ရာကို မမေ့ပဲ မျိုသိပ်နေ၍တော့ရမည်။ ရင်ထဲက ဆွဲထုတ်မေ့ဖျောက်ပစ်၍တော့ ရနိုင်စွမ်းမည်မဟုတ် ...။ သတိရခြင်းဆိုသည့်အရာကို ... ဆွတ်ဆွတ်ကျင်ကျင် ရင်ထဲသိမ်းထားရခြင်းဆိုသည်က ... ဝေးနေကြသူချင်းသာ သိနိုင်စွမ်းသည့် ခံစားချက်ပဲ ဖြစ်ချေသည် ကောလေ ...။

ထိုစဉ်ခိုက် ... တစ်ဖက်ရေတာမာရိပ်ဆီမှ ဦးချယ်လေးရွေ့လာတာမြင်ရတော့ ကိုကြီးပါလားလေ ... ဟု သိလည်းသိရ ... ဂမန်းကတမ်းလေး ထရပ်မိရ ...။ ဦးချယ်လေးကို သွားတွန်းမိရပါ၏။ ကိုကြီး မငြင်း။ မြက်ခင်းထက်မှာ ရှင်လွန်း ဦးချယ်လေးကို မတွန်းတတ်တွန်းတတ်နှင့် တွန်းတော့ ကိုကြီးရယ်သည်။ ခလုတ်ကို နှိပ်၍ ရွေ့လျားစေ၏။ ရှင်လွန်း အလိုက်တသင့်နောက်က လက်ကိုင်လေးကို လိုက်ကိုင်၍ လျှောက်လာလိုက်မိရသည်ပါပဲ ...။

"ကိုကြီးလည်း ... လသာတာကို ကြည့်ရင်း မြဲမြဲ ဆင်းချင်စိတ်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်တာနဲ့ ... ဘဘညို ကို ဒီဗိုးချဲလ်ကြီး ... ပေါ်တီကို လျှောဆင်းလမ်းလေးကနေပြီး ထွန်းဆင်းလာခိုင်း ... ဟို ရေတမာရိပ်မှာ ထားခိုင်းခဲ့ပြီး ကိုကြီး လှမ်းခေါ်မှလာခဲ့ဖို့မှာထားခဲ့တာလေ ... ခုလို ... တစ်လျှောက်လုံး အခန်းအောင်းနေတဲ့ ကိုကြီး ... အပြင်ဘက်ထွက်တာတွေ ဘာတွေ ရှိလာလို့ ... ဘဘညို ရော .. ဘဘ ဦးအိမ်စိုးရော .. ဝမ်းသာနေကြတာ ကိုကြီးတစ်ယောက်တည်း နေချင်တယ် ... ပြောလို့သာ ဘဘညို အိမ်ထဲ ပြန်ဝင်သွားရတာ သိလား ... ကိုကြီးဆီမှာ ဟန်းဖုန်းပါတယ်လေ ... အိမ်ကြီးထဲက ကြိုးဖုန်းကို လှမ်းခေါ်လိုက်မယ်လို့မှာထားတယ် ... ကိုကြီးတစ်ယောက်တည်း ငြိမ်ငြိမ် ဟိုးကောင်းကင်ကြီးကတိမ်တွေရယ် .. ကြယ်တွေရယ်ကို ... မော့ကြည့်နေတာ .. ရှင်လွန်း ပြောသလို ဖေဖေနဲ့ မေမေ့ကို စကားပြောနေတာလေ ...''

ဟု ပြောလာတော့ ရှင်လွန်း ကိုကြီးကို ကြည့်မိရပါ၏။ ကိုကြီး၏ မျက်နှာက ကြေကွဲရိပ်သမ်းနေသည်။ တကယ်လည်း မော့၍ ကောင်းကင်ကြီးကို ကြည့်နေပြန်သည်တည့် ...။ နောက်တော့ ငေးကြည့်နေသည့် ရှင်လွန်း ကို ကြည့်ကာ ဖွဖွပြုံးသည်။ အပြုံးသည် မတောက်ပ ...။

''ဖေဖေနဲ့ မေမေ က ပြင်ဦးလွင်မှာ .. ဟိုတယ်တစ်ခု ထပ်တိုးချဲ့ချင်ကြတယ် ... ကိုကြီးကလည်း သဘောကျတယ် ... အဲဒါ .. လွန်ခဲ့တဲ့ လေးလကျော်က ပြင်ဦးလွင်ကို ကားနဲ့ သွားခဲ့ကြတယ် ရှင်လွန်းမေ ... ကိုကြီးနဲ့ကားက မာစီးဒီးကား ... ရှေ့က ကိုကြီး ကိုယ်တိုင်မောင်းတယ် ... နောက်ကားက ဘဘဦးအိမ်စိုး နဲ့ ဘဘညို တို့ပါတဲ့ကား ... ဘဘ ဦးအိမ်စိုး မောင်းတယ် ... ကိုကြီးနဲ့အတူ ... ဖေဖေနဲ့ မေမေပါတယ် ... အဲဒါ ... ကုန်ကားတစ်စီးက ... ဘရိတ်ပေါက်တယ် ... ကိုကြီးတို့ ကားကို ဝင်တိုက်တယ် ... အရမ်းကိုမြန်တယ် ရှင်လွန်းမေ ... ကိုကြီး သတိရချိန်မှာ ဆေးရုံရောက်နေပြီ ... ခါးထိသွားတာဆိုပြီး အောက်ပိုင်းသေတဲ့ ဘဝရောက်နေပြီ ... ဖေဖေနဲ့ မေမေ က ... ဟိုမှာပဲ ဆုံးခဲ့ကြပြီးပြီတဲ့ ... ဘဝပျက်တာမှ ... အသေအကျေဆိုတာ ... အဲဒါပဲ ရှင်လွန်းမေ ကိုကြီး



ဆန္ဒအတိုင်း ဖေဖေနဲ့ မေမေ့ကို ရန်ကုန်မှာ ဘဘဦးအိမ်စိုး ရဲ့ အစီအမံနဲ့ သဂြိုလ်တယ် ... ကိုကြီးမှာ ဒဏ်ရာကြောင့် ဆေးရုံမှာပဲ ကျန်ခဲ့ရမလိုဖြစ်နေရပေမယ့် ... ဖွတ်ပြောပြီး လိုက်ပို့ခဲ့တယ် ...။ ဖေဖေ နဲ့ မေမေ့ကို ရန်ကုန်ပြန်သယ်လာချိန်မှာ ကိုကြီးကိုလည်း ပြင်ဦးလွင် ဆေးရုံကနေပြီး ... ရန်ကုန်ဆေးရုံကို သယ်လာရတာက ... ဘဘ ဦးအိမ်စိုး နဲ့ ဘဘညို တို့ပါပဲ ... စဉ်းစားကြည့်စမ်း ကလေးရယ် .. ကိုကြီး ... ဘယ်လောက် ကမ္ဘာကြီးပျက်နေမလဲဆိုတာ ...''

ကိုကြီး ပြောနေသမျှ နားထောင်နေရင်း ရှင်လွန်း ရင်ထဲမှာ ခံနိုင်ရည်မရှိပဲ ဖြစ်လာရပါ၏။ ကိုကြီးကို သနားလှပါပြီ ...။ ဘာမျှ မကြာသေး။ ဟုတ်သည် ... ကိုကြီး၏ မိဘတွေ ဆုံးပါးခဲ့တာလည်း မကြာသေး။ သြော် ... ရှင်လွန်း၏ ဖေဖေ ဆုံးပါးခဲ့တာလည်း မကြာသေး။ ဒါပေမယ့် .. ရှင်လွန်းက သွားလာ၍ ရနေသေးသည်။ ကိုကြီးက ... တစ်ပြိုင်တည်း အမိအဖဆုံးပါးသည့်အထဲမှာ ... ဒုက္ခိတဘဝဖြင့် ကျန်ခဲ့ရသည့်အဖြစ် ...။

''ကိုကြီးကို နေရာချပေးချင်တဲ့ ဖေဖေနဲ့ မေမေတို့ ရွေးချယ်ရာ ချွေးမလောင်းလျာလေးကလည်း အရမ်းချမ်းသာတယ်လေ ... စန္ဒီ လို့ ခေါ်တယ် ... ရှင်လွန်းမေ ကိုကြီး သူ့ကို ချစ်တယ်ရယ်လို့လည်း မရှိခဲ့ပါဘူး .. ဒါပေမယ့် ဖေဖေနဲ့ မေမေ တို့ စိတ်ချမ်းသာရာရဖို့ ... ခေါင်းညိတ်ခဲ့တာပါ ... စေ့စပ်ပွဲလည်း လုပ်ခါနီးပြီ ... အန်ကယ်မိုး ဆိုတာ စန္ဒီရဲ့ ဖေဖေ ... ပြီးတော့ ကိုကြီးရဲ့ ဖေဖေ့သူငယ်ချင်းလည်းဖြစ်တယ် .. စန္ဒီ့မှာ အမေမရှိတော့ဘူး၊ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကင်ဆာနဲ့ ဆုံးတယ်။ အဲဒါ အမိမဲ့သမီးလေးမို့ သူငယ်ချင်းရဲ့ သားနဲ့ နေရာချချင်တယ်လို့ အန်ကယ်မိုး ကိုယ်တိုင်ကမ်းလှမ်းပြောတာဆိုတော့ .. ဖေဖေနဲ့ မေမေ ကလည်း သဘောမျှလိုက်ကြတာပါပဲ .. အဲဒါ ... ကိုကြီး ခုလို ဒုက္ခိတကြီးလည်း ဖြစ်ရော ... အန်ကယ်မိုးရော စန္ဒီ ရော ... ပြောင်းလဲသွားတယ်။ သူတို့မှာ ချမ်းသာခြင်းဆိုတာက ရှိပြီးသားတဲ့ ... ဟိုတယ်ကြီးတွေ .. မိုင်းလုပ်

www.burmeseclassic.com

www.burmeseclassic.com



ငန်းသွေရှိတယ်တဲ့ ... ငွေမလိုဘူးတဲ့ ... မကျန်းမာတဲ့ လူတစ်ယောက်နဲ့ တစ်သက်လုံး ဒုက္ခခံပြီး ... အဲဒီ ဒုက္ခတကြီးရဲ့ တာဝန်ကို သမီးဖြစ်သူကို ဓလေးနိုင်ဘူးတဲ့ ... စန္ဒီ ကလည်း သူ့ဘဝ ငယ်ငယ်ရွယ်ရွယ် ကျန်းကျန်း မာမာဖျတ်ဖျတ်လတ်လတ်နဲ့ ... စိတ်သွားတိုင်းကိုယ်ပါ ... ချမ်းသာ လည်း ချမ်းသာတဲ့ဘဝကို ဒုက္ခိတတစ်ယောက်ဆီမှာ အပျောက်ဆုံးမခံ နိုင်ဘူးတဲ့ ... ရှင်းရှင်းလင်းလင်း ပြောတယ် ... ဈေးစပ်ပွဲမဖြစ်မြောက်မှာ ကိုလည်း အသိပေးတယ် ... အဲဒါ ... ဘဝပဲ ရှင်လွှန်းမေ ချမ်းသာတဲ့သူကို လောကစံတရားဆိုတာက ချန်ခဲ့တယ်များ မှတ်လား ... ကံကြမ္မာဆိုး ဆိုတာ ဆင်းရဲချမ်းသာ မရွေးတတ်ပါဘူး ကလေးရယ် .. ကိုကြီး ပြော တာ နားလည်လား ဆင်းရဲလို့ အနှိမ်ခံရတယ်လို့ ဘယ်တော့မှ အားမငယ်နဲ့နော် ..."

ဟု ပြောကာ ကိုကြီး အားယူ၍ ပြုံးပြသည်။ အပြုံးသည် ဖျော့တော့ နေဆဲ ...။ ရှင်လွှန်းမေ ကိုကြီးကို ငေးကြည့်ရင်း ရင်ထဲမှာ မကောင်းနိုင် တာပဲရှိနေသည်။ သနားလိုက်သည်မှလေ ...။ ရင်နင့်မဆန့် ...။ ဒါကြောင့် ကိုကြီး အရမ်းခံစားရင်း ဆေးခန်းအောင်းနေခဲ့သည်ကိုးလေ ...။

"အတ္တကြီးတဲ့ မိန်းမတစ်ယောက်နဲ့ လွဲသွားရခြင်းဟာ ... လွမ်း လောက်စရာမဟုတ်တဲ့ ရှင်ဆိုင်ရမှုတစ်ခုပါ ...။ မကြေကွဲပါဘူး .. ဒါ ပေမယ့် ... ဒုက္ခိတဖြစ်ရတဲ့ ဘဝကို ကိုကြီး စိတ်ပျက်လာတယ် ... ဖေဖေနဲ့ မေမေတို့ကို တစ်လောရင်း ကြေကွဲထိခိုက်နေတယ် ... လူတွေရဲ့ ပြောင်းလဲသွားတဲ့ စိတ်ကိုလည်း ရွံမုန်းလာတယ် ... အာရုံထဲက ထုတ်လို့ မရနိုင်ပဲ ဖြစ်နေတာက အတက်ကားဖြစ်တဲ့ ကိုကြီးရဲ့ ကားကို ဝင်တိုး ဝင်တိုက်ပစ်တဲ့ ကုန်ကားကြီးနဲ့ ရင်ဆိုင်ခဲ့ရတဲ့အဖြစ်ပဲ ... ဖေဖေနဲ့ မေမေ အသက် ဝိညာဉ်ကို နှုတ်သိမ်းခံလိုက်ရတဲ့နေ့က အဖြစ်ပဲ ... ကိုကြီး ... ကေသရီရိပ်ငြိမ်မှာ ဖြစ်တည်ခဲ့တဲ့ ပျော်စရာဘဝတွေ အားလုံးကို တစ်ချိန် တည်းနဲ့ ရုပ်သိမ်းခံလိုက်ရတာ ... ဖေဖေ မေမေတို့ရဲ့ အချစ် ကိုကြီး ရဲ့ အောင်မြင်နေတဲ့ စီးပွားရေးလုပ်ငန်းကြီးကို ဦးဆောင်နိုင်မှု ... ပျော်စရာ



မိသားစုသုံးယောက်ရဲ့ဘဝ ... အားလုံး ရုပ်သိမ်းခံလိုက်ရတယ် ... ဘာ ကျန်ခဲ့လည်းဆိုတော့ .. လုံးဝလှုပ်မရတော့တဲ့ ခြေထောက်နှစ်ချောင်းကို ငုတ်တုတ်ငြိမ်ကြည့်နေရတဲ့ ဒုက္ခိတဘဝပဲ ... အဲဒီမှာ ကိုကြီး စိတ်ဓာတ် ကျဆင်းလာတယ် ... သေချင်စိတ်ဇတွေ ဖြစ်လာတယ် ... မသွားမလာနိုင် တော့တဲ့ ဘဝကြီးကို ရင်ဆိုင်နိုင်စွမ်းတွေလည်း ကျဆင်းလာတယ် .. ဒေါသတွေကြီးလာတယ် ... အဲဒီ အရာတွေအားလုံးကို ... မင်း ငါ့ရင် ဘတ်ထဲက ဆွဲနှုတ်ပစ်လိုက်တာပဲ ရှင်လွှန်းမေ ... ဖေဖေ မေမေတို့ ကြေကွဲနေကြလိမ့်မယ်ဆိုတဲ့ စကားတစ်ခွန်း ... ဟိုး တိမ်တိုက်တွေ ထဲနေပြီး သားသမီးကို ကြည့်နေတတ်တယ်ဆိုတဲ့ စကားလုံး ... အဲဒါ .. ငါ့ဘဝကို ပြန်ပြီးရှင်သန်ရလာအောင် မင်းလုပ်ပေးလိုက်တာပဲ ... မင်းမှာ အရည်အချင်းတွေရှိတယ် ရှင်လွှန်းမေ ... မင်းဟာ ... သူ တစ်ပါးဖြစ်တဲ့ ငါ့ဘဝကိုတောင်မှ ရှင်သန်တည်ငြိမ်အောင် လုပ်ပေးနိုင်သူ ဖြစ်နေတယ် ဆိုရင် ... ဘာလို့ ... မင်းဘဝကို ... မင်း ရှင်သန်တည်ငြိမ်အောင် မလုပ် နိုင်ရမှာလဲ ... ပိုပြီးတော့ လုပ်နိုင်မှာ သေချာနေတာပဲ မဟုတ်လား ..."

သူ ပြောကာ ရှင်လွှန်းမေ ကို ကြည့်တော့ မျက်ရည်ကျနေတာကို မြင်ရသည်မို့ ရင်ထဲမကောင်းနိုင် ..။ သူက ကလေးမလေး ကိုယ်တိုင်က ကျန်ခဲ့ရာ အတိတ်ကို ချန်ပစ်လိုက်ကာ ...။ ဘဝကို ရင်ဆိုင်ရဲစွာ ဖြတ် သန်းဖို့ သတ္တိတွေမွေးနိုင်အောင် ကြိုးစားနေမိခြင်း။ ခုကျတော့ ကလေး လေးက မျက်ရည်ကျနေသည်။

"ဘာလို့ မျက်ရည်ကျရတာလည်း ကလေးရယ် ... ကိုကြီးက ... မင်းရဲ့ အရည်အသွေးတွေကို မင်းကိုယ်တိုင်ပြန်မြင်အောင် မီးမောင်းထိုး ပြနေချိန်မှာ ... မင်းလေးက ဘာကိစ္စနဲ့ အားငယ်မျက်ရည်ကျနေရပြန် တာလည်းကွာ ..."

သူ ခပ်သွဲ့သွဲ့ ညည်းတွားပြောချိန်မှာ ရှင်လွှန်းမေ သူ့ကို ကြည့်လာ ပါ ၏။ မျက်တောင်ထူထူစင်းစင်းလေးတွေမှာ မျက်ရည်စလေးတွေ စွတ်လူးနေသည်။ လရောင်အောက်မှာ ဆံထောက်ဖားဖားသူ့ထူလေး

www.burmeseclassic.com

www.burmeseclassic.com



နှင့် ကလေးမငယ်ငယ်သည် နက်မှောင်သော မျက်ဝန်းလေးတွေဖြင့် ကြည့်နေခြင်း ...။ လရောင်သည် ရွှေရည်ရိပ်ဆမ်းလျက်ရှိချေသည်မို့ ... သူ့ရှေ့မှ ကလေးမလေးသည် ရွှေအဆင်းနှင့် မိန်းကလေးဖြစ်နေသည်။

"ကိုကြီးကို ... ရှင်လွန်း သနားလို့ပါကိုကြီးရယ် ... အရေးထဲမှာ ... မမစန္ဒီ ဆိုတာကလည်း ကိုကြီးကို ပစ်ထားရက်ကယ်နော် ... သိပ် ရက်စက်တာပဲ ... ချမ်းသာ ့ လူကလည်း ချမ်းသာတဲ့လူကို ... ထားရစ် ခဲ့တတ်တာပဲနော် ... ကိုကြီးမှာက ... မိဘကလည်း ဆုံးရသေးတယ် ... ခြေထောက်ကလည်း မသန်ပဲဖြစ်နေရသေးတယ် .. ရှင်လွန်း သနား လိုက်တာ ကိုကြီးရယ် ..."

ဟု ပြောလာတော့ သူပြုံး၍ ကလေးမလေး၏ ဆံစကိုသပ်ပေးမိသည်။ ရှထ်ခနဲ ရှင်လွန်း သူ့ခြေသလုံးတွေကို နှိပ်ပေးလာပါ၏။ မျက်နှာလေးထက်မှာ အားမာန်၏ အရိပ်တွေ ဖြစ်တည်လာကြတာကိုလည်း သူမြင်နေရသည်။ မော့ခနဲကြည့်လာသည့် အကြည့်က တစ်ခုခုကို မျှော်လင့်ဆုပ်ခဲထားသော အကြည့်မျိုးဆန်နေသည်။ သူ့ကို သနား၍ ငိုနေသည့် ကလေးမလေးထံမှာ မှုလို ... ရှတ်ခနဲ ပြောင်းလဲသွားသည့် ခံစားချက်တွေ စွန်းထင်းလာကြတာကို သူ အံ့သြစိတ်ဖြင့် ငုံ့မိုး၍လည်း ကြည့်မိရပါ၏။ သူ့ခြေသလုံးတွေကို နှိပ်ပေးနေတာမို့လည်း လက်ကာ၍ တားရသည်။

"ပင်ပန်းပါတယ် ကလေးရယ် ... ကိုကြီးဘဝက ထူးမလာနိုင်ဘူး ဆိုတာ သေချာနေပြီကွယ် "

"အို ... ဘာလို့မထူးရမှာလဲ ... သေချာနှိပ်ပေးမှာပေါ့ ... ကိုကြီး ခြေထောက်တွေ ပြန်သန်မာလာမှာ သိလား ... အဲဒီ အခါကျရင်လေ ... အဲဒီ မမလေး စန္ဒီ ရှေ့မှာ .. ဟို သူ့အိမ်ရှေ့မှာ ခေါက်တုံ့ခေါက်ပြန်လမ်း လျှောက်ပြလိုက်သိလား ... မှတ်ပလားဆိုပြီး ကြွားကြွားပြီး ... လျှောက် ပြလိုက် ..."

အံမယ် ...။ ဤကလေးမ ... သူ့အတွက် ခံပြင်းစိတ်တွေ ဘာတွေ



ဖြစ်လာရင်းမှ ...။ ခြေထောက်တွေ ပြန်ကောင်းအောင် နှိပ်နေခြင်း ...။ ဤသည်ကလည်း သူ ပြန်ကောင်းလာစေဖို့ ဖောလည်းပါပေမည်။ ပြီး တော့ စန္ဒီဆိုတာ မမြင်ဖူးရသေးခင်ကတည်းက အမြင်ကပ်နေတာလည်း သိသာနေသည်။ မခံချင့်ဖောလည်း သူ့ဘက်က ဖြစ်နေတာလည်း သူသိ နေရပြီ ...။

"ကိုကြီး ပြောမယ် ... သေချာနားထောင် ... ကိုကြီး ခြေထောက် တွေက ပြန်ကောင်းလာစရာမရှိတော့ဘူး ... ဒါပေမယ့် ကိုကြီး ရှင်သန် နေမှာပါ ... ရှင်လွန်း မှာက ... လှပပြီး သေသပ်ခိုင်မာတဲ့ ခြေလှမ်းတွေ လှမ်းနိုင်စွမ်းတဲ့ ခြေအစုံရဲ့ သက်ဝင်တဲ့ စွမ်းရည်တွေ ပိုင်ဆိုင်ခွင့်ရှိနေ တယ် .. ကိုယ့်ပန်းတိုင်ကို အပျောက်မခံပဲ ... လျှောက်ရဲတဲ့ စိတ်မွေးပါ ရှင်လွန်းမေ ... ကလေး ရဲ့ ဖေဖေက ကလေးကို ဘွဲ့ရစေချင်တယ် မဟုတ်လား .. ပညာကြိုးစားသင် ... ဆင်းရဲတယ်ဆိုတာကို ခေါင်းထဲ ထည့်မထားနဲ့ ... ဖေဖေ့အတွက် ကြိုးစားရမယ်လို့ ကလေးအမြဲ စိတ် သွင်းထား ... ကြားလား .. ကဲ .. ကဲ ... ပြန်တော့ .. ပြန်တော့ ကိုကြီး ... ဆောဆက်နေလိုက်ဦးမယ် ... အိမ်ထဲရောက်ရင် ... ဘဘညို ကို လာခဲ့ ပါလို့ ကိုကြီးခေါ်တယ်လို့ပဲ ပြောလိုက် ... ဆယ်မိနစ်လောက်နေပြီးမှ လာခဲ့ပါလို့ ... ဟုတ်ပလား ... ကဲ .. သွား သွား ..."

ဟု ပြောတော့ ရှင်လွန်းမေ ပေကပ်ပြီး သူ့ခြေသလုံးတွေကို နှိပ်ပေး နေသည်။

"တစ်နေ့မှာ .. ကိုကြီး ... လမ်းပြန်လျှောက်နိုင်မှာ သေချာတယ် .. ရှင်လွန်း ယုံတယ် ... ကိုကြီးလည်း ယုံပါ ..."

ဟု မျှော်လင့်ချက်တစ်ခုကို ... ရင်မှာ ရိုက်သွင်းထားသည့် နယ် လက်မလွှတ်စဝ-မ်းပြောလာပါသည့် ကလေးမလေးကို ဤတစ်ကြိမ်မှာ လည်းသူ ... ကရုဏာစိတ်ဖြင့် ဆံစလေးကို သပ်ပေးမိရပါပြီ ...။

ရင်ထဲမှာ ကြည်နူးဖြစ်၏။

ဩော် ... သူ့ဘဝမှာ .. ဖြူစင်သောကလေးမ ငယ်ငယ်လေး တစ်

www.burmeseclassic.com

www.burmeseclassic.com



ယောက် ... ရောက်လာသည်။ ထိုကလေးမလေးသည် ...သူ့အတွက် မွေးစခံစားပေးတတ်သော ကလေးမလေးလည်း ဖြစ်နေသည်။

ကောင်းကင်ကြီးကို မော့ကြည့်မိ၏။ တိမ်အုပ်ကြီးတစ်အုပ်ကို မော့၍လည်းပြုံးပြမိ၏။ စိတ်အေးပါတော့ ဖေဖေနဲ့ မေမေ ... ဟု ရင်ထဲမှ ပြောမိသည်။ စိတ်ခေတ်အရာချုံးချုံးကျဆင်းနေသည့် သားတစ်ယောက်အတွက် ရတက်မအေးဖြစ်နေသည်ဆိုလျှင်ဖြင့် ...။ ယခု ... စိတ်အေးလိုက်ပါလေလှည့်တော့ ... ဟု ... ရင်ထဲမှ ပြောနေမိရခြင်းသည်လည်း ...။ ဤကလေးမလေး၏ ... မိဘဆိုသည့်အရာ ... ကောင်းကင်က တိမ်တိုက်တွေမှာရှိသည်ဆိုသော ခံစားချက်တွေ ကူးစက်ရာမှဖြစ်တည်လာရခြင်းပါတည့် ...။ အေးမြမြလေပြည်နုသည် ... ပန်းရနံ့တို့နှင့်အတူ ခပ်နော့နော့တိုးဝင်၏။ နီးကပ်ရာ ပန်းစကားတို့၏ရနံ့က ပို၍သင်းသည်။ အဝေးဆီမှ နှင်းဆီရနံ့ကလည်း ပျပျမွှျင်းမွှျင်း ... လေနုနှင့်အတူ တိုးဆော့တိုးဝင်ရှိချေ၏။ သြော် ... လရောင်ကြောင့် ... ညသည် ပိုလှ၏။

ပန်းတို့၏ ရနံ့ကြောင့် ... ညသည် ... ပို၍ ညို့ငင်နိုင်လာနိုင်ချေသည်တကား ...။ သူ ... ည၏ အလှကို ပြန်၍ ခံစားတတ်လာရပြီကောလေ ...။

ပျောက်ဆုံးခဲ့ရလေသော ... ခံစားမှုတွေကို ... သူ ... ပြန်၍ ခံယူတတ်လာ ချေသည်တည့် ...။

တကယ်တော့ ရှင်လွှန်းမေ သည် ဘုန်းလူ ဆိုသည့် လူတစ်ယောက်ထံ ရောက်လာခဲ့ခြင်းသည် ... သာမန်မဟုတ်။ တန်ဖိုးကြီးသော ... အဖိုးတန်လွှန်းသည့် ... တန်ခိုးရှင်ကလေးမလေးတစ်ယောက် ... ရောက်လာခြင်းပဲ ဖြစ်လေသည်။ ဤအတွက် ... ကံကြမ္မာကို ... သူ ... ကျေးဇူးတင်ရပါလေ၏ ...။



## အခန်း (၁၂)

"ဟယ် ... ကိုကြီး လာကြိုတယ် ..."

ကားနောက်ခန်းတံခါးပွင့်လာကာ ပြုံး၍ ကြည့်နေပါသည့် ကိုကြီးကို မြင်ရသည်မို့ ရှင်လွှန်း အံ့ဩစိတ်လေးဖြင့် လွှတ်ခနဲ မေးမိသွားရပါပြီ ...။ အနက်ရောင် မာစီဒီးကားကြီး၏ နောက်ခန်းမှာ ထိုင်နေသည့် ကိုကြီးမှ အေးချမ်းစွာကြည့်တတ်ပါသည့် မူပိုင်အကြည့်ဖြင့် ကြည့်သည်။ တစ်ချိန်က ဒေါသအရှိန်ကြီးဟတ်သူ ...။ စားသောက်စရာပို့လာသူကို အော်ငေါက်မောင်းနှင်တတ်သူ ...။ ပန်ကန်တွေကို ပစ်ပေါက်ပစ်တတ်သူ ...။ ထိုသူသည် ... ကိုကြီး ဖြစ်သည်ဆိုတာ ယုံနိုင်စရာကို မရှိ ...။ အရာရာ အေးချမ်းတည်ငြိမ်စွာရှိနေသည့်သူတစ်ယောက်ဖြစ်နေချေသည်တည့် ...။

"ဒီနေ့ဟာ ... ရှင်လွှန်းလေး ကို ကိုကြီး ကျောင်းလည်းအပ်ပေးရတဲ့ နေ့ ... ရှင်လွှန်း စပြီး ကျောင်းတတ်တဲ့နေ့လည်း ဖြစ်တာမို့ ... ကျောင်းပြန်ချိန်မှာလည်း ကိုကြီး လာကြိုတာပါ ကလေးရယ် ... ကဲ ... ထဲ ... ကားပေါ်တက် ... ကားပေါ်တက် ... နောက်နေ့တွေဆို ... ဘဘညို ဝဲ လာပို့လာကြိုမှာကွယ် ..."

ကိုကြီး ပြောတာမို့ ရှင်လွှန်း ကိုယ်ကလေးရှိ၍ ကားနောက်ခန်းမှာ ဝင်ထိုင်သည်။ ရှပ်လက်ရှည်အဖြူလည်ကတုံးနှင့် ခါတ်ခွဲပုဆိုး

www.burmeseclassic.com

www.burmeseclassic.com



အပြာရောင်ကွက်စိပ်လေးကို ဝတ်ထားပါလေသော ကိုကြီးသည် ဆံပင်တွေကို နောက်လှန်၍ သပ်သပ်ရပ်ရပ်ဖြီးထားသည်။ မျက်ခုံးထူထူ၊ မျက်ဝန်းနက်နက် မှောင်မှောင်နှင့် နှာတန်ထင်းကာ မေးရိုးပြန့်ပြန့်ဖြင့် ရှိပါလေသော ကိုကြီးသည် နှုတ်ခမ်းပါးပါးပန်းနုရောင်လေးကို ပြုံးထားသည်မို့ ခင်ဖို့လည်းကောင်းသည်။ ခန့်လည်းခန့်ညားသည်။ ဤမျှ ချမ်းသာသည့် ကိုကြီးသည် ... အဆင့်အတန်း မခွဲတတ်သူလည်းဖြစ်နေသည်။ ကေသရီမှာ ဘဘညို နှင့် လေးလေးဆွေ ကိုလည်း သားချင်းပမာထားသည်။ ဒေါ်ကြီးမေ နှင့် ရှင်လွန်း ကိုလည်း ဒေါ်ကြီးနှင့် ညီမလေးပမာထားသည်။

"ချမ်းသာတဲ့ သူတွေထဲမှာ ကိုကြီးလိုစိတ်ထားကောင်းတဲ့ သူဌေးတွေ ရှိကြတာပဲနော် ..."

ဟု တွေးမိရသည်က ရှင်လွန်းမေ ပါ ...။ သူဌေးဆိုသည့် အခေါ်တစ်ခုရင်ထဲမှ ထည့်တွေးမိနိုက်မှာ ရုတ်ခနဲ သတိရမိသည်က ကိုကို ...။ ကိုကို့ကို ရှင်လွန်း သူဌေးလေးဟု ခေါ်ခဲ့တာကို မမေ့ ...။ ကိုကို ရွှေရွှေခုန်အောင် မခံချင်ဖြစ်တာကိုလည်း မေ့မရ ...။ နောက်ပြီးတော့ မခံချင်စောဖြင့် ရှိနေသည့်ကြားထဲက သူဌေးလေးဟု အခေါ်ခံရတာကိုလည်း စိတ်ညစ်ညစ်ဖြင့် ပြုံးခဲ့သည့် ကိုကို့အပြုံးမျက်ဝန်းနှင့် နှုတ်ခမ်းကို လည်း မမေ့နိုင်ပဲ သတိရရလာနေမိရသည်ကောလေ ...။ ဘယ်သောအခါတွင်မှ ကိုကိုနှင့် မပတ်သက်စေရပါဟု ဘွားမြတ် ကို ပေးထားသော ကတိ ...။ ဒါပေမယ့် ... သတိမရပဲတော့ မနေနိုင်ပါ ...။ တကယ်က .. ကိုကိုသည် ... ပြတ်သားသူပါ ...။ ကိုကို့ ဘိုး၏ ရှေ့မှာ ရှင်လွန်း ကို ပြတ်ပြတ်ထင်ထင်ခေါ်ခဲ့သူပါ ...။ ခြံပြင်က စောင့်နေမည်ဟု ဆုံးဖြတ်ဝံ့ခဲ့သူပါ ...။ ရှင်လွန်းကို တန်ဖိုးထားသော ကိုကိုဆိုတာ ရှင်လွန်း အကြွင်းမဲ့ယုံကြည်ပါ၏။ ဒါပေမယ့် ... ထိုသို့ အကြွင်းမဲ့ယုံကြည်ခြင်းသည် ရှင်လွန်း၏ ခံစားချက်သာ ဖြစ်ရမည်သာ ...။ ကိုကို့ကို ဘယ်လိုမှ .. လက်မကမ်းသာသည့်



ဘဝ ...။ လက်မလှမ်းသာသည့် ဘဝပေမို့ ... တစ်သက်တာ ... ဘယ်သောအခါတွင်မှလည်း တွေ့ဆုံခွင့် .. ဩော် ... တွေ့ကြုံခွင့်မရှိတော့သူ နှစ်ယောက်အဖြစ် ရှိသွားကြရချေမည်ကော ကိုကိုရယ်လေ ...။

"လေးလေးဆွေ က အရင်တုံးကတော့ ဖေဖေ့ကိုကားမောင်းပို့ပေးတဲ့သူလေ ... အခုတော့ ... ကိုကြီးကို မောင်းပို့ပေးရတဲ့သူ ဖြစ်သွားပြီပေါ့ ..."

ကိုကြီးထံမှ စကားကို ကြားရတော့ အတွေးသည် တန့်၏။ ရှင်လွန်းရင်ထဲမကောင်း ...။ လေးလေးဆွေလည်း စိတ်ထိခိုက်သည့်နှယ် တစ်ချက်လှည့်ကြည့်လာပါ၏။ မျက်နှာမကောင်းရှာ ...။

ကေသရီဟိုတယ်ဆိုသည့် လှပသော ကြေးဝါထွင်းအမည်ကြီးကို ကျယ်ပြန့်သော ခြံဝင်းကျယ်ကြီး၏ အဝင်တံခါးမှာ ဖတ်မိတော့မှ ရှင်လွန်းရောက်နေသည်က ဟိုတယ်ကြီးဆိုတာလည်း သိလိုက်ရ ...။ ကေသရီအိမ်ကြီးသို့ မသွားပဲ ဤရှစ်ထပ်ဟိုတယ်ကြီးသို့ လာနေခြင်းဆိုတာကိုလည်းသိသွားရပါပြီ ...။ ရှင်လွန်း ဆိုတာက တောသူလေးပေမို့ ...။ ရန်ကုန်မြို့ကြီး၏ တူချင်းမက တူတူနေကြသည့် အဆောက်အအုံကောင်းကြီးတွေ ...။ အမြင့်ကြီးတွေ ... လမ်းတွေကို မှတ်ကို မမှတ်မိနိုင် ...။ သွားလည်းမသွားတတ် ...။ ပညာရိပ်ဆိုသည့် ပုဂ္ဂလိကကျောင်းကြီးကို လာတတ်သည်သော်မှ လေးလေးဆွေ မောင်းပို့သည့် ကားဖြင့် ရောက်ရခြင်း ...။ ပြီးတော့ ... ကိုကြီးလည်း ပါသည်လေ ...။ ကျောင်းလာအပ်သည်ကိုး ...။ ခု .. ကျောင်းပြန်ချိန်ကျတော့ ဟိုတယ်ကြီးဆီသို့ ရောက်လာရပြီ ...။

ကိုကြီး ပြုံး၍ ကြည့်လာသည်။

"ဒီကိုလာလို့လာမှန်းမသိဘူး မဟုတ်လား ...။ ဒါ ကိုကြီးရဲ့ ကေသရီဟိုတယ်ပေါ့ ... ဟိုတယ်ရဲ့ ဒုတိယလွှာမှာ ကေသရီရတနာ အရောင်းခန်းဆောင်တစ်ခု ဖွင့်ထားတာလည်းရှိတယ် ... ဒီနေ့ဟာ ... ရှင်လွန်း ပထမဆုံး ကျောင်းတက်တဲ့နေ့ ... ကိုကြီးလည်းအလုပ်မပင်တဲ့ နေ့

www.burmeseclassic.com



အဖြစ် သတ်မှတ်တယ် .. ဒါပေမယ့် တူတူနှစ်ယောက် ဒီဟိုတယ်ထဲကို ဝင်ချင်တာမို့ ... ဒီညနေကျတော့မှ ကိုကြီး အလုပ်စတက်တယ်ဆိုပါတော့ ... ဘာလို့လည်းဆိုတော့ .. ကိုကြီးရဲ့ ဘုံးဘုံးလဲနေတဲ့ စိတ်ဓာတ်ကို ဒီကလေးမလေးက ... မြှင့်တင်ပေးခဲ့တာမို့လို့ပါပဲ ... ဒါကြောင့်လည်း ကိုကြီး အလုပ်ပြန်လုပ်တဲ့သူတစ်ယောက်အဖြစ် ပြန်ရောက်လာရတာ မဟုတ်လား ... ကိုကြီးဘဝမှာ ... ကလေးဟာ အမှတ်တရပါပဲ ...။ ကိုကြီး အလုပ်ပြန်လုပ်တဲ့နေ့ဟာ ... ဘဝမှန်ကို ပြန်ရောက်အောင် လုပ်ပေးတဲ့ ဒီကလေးမလေး အားမာတူတူပါလာသင့်တာပေါ့ ... ဒါ အထိန်း အမှတ်တစ်ခုပဲလေ ... မဟုတ်ဘူးလား ...”

မှာ ကိုကြီးပြောလာတော့ ရှင်လွန်း အံ့သြလိုက်သည်မှလေ ...။ ကိုကြီးလို ပညာတတ်လူချမ်းသာကြီး တစ်ယောက်က ... ရှင်လွန်း လို အစေအပါးတစ်ယောက်ကို ဤမျှအထိ ... အခုတ်တရကြီး နေရာပေးထားသည်တဲ့လားလေ ...။

“ဒါမှ မဟုတ်ရင်ဖြင့် ... ကိုကြီးဟာ အခန်းအောင်းရင်း ... စိတ်ဓာတ်ကျရင်း ... အစာစားဖို့ စိတ်လက်မပါချင်း ... ပြီးတော့ ... မိသားစု ဆရာဝန်ကြီးဖြစ်တဲ့ ဒေါက်တာအန္တကယ်မျိုး ရဲ့ ကုသမှုတွေကို ကာလန်ကဆန့် လုပ်နေရင်း ... တန်ဖိုးမဲ့တဲ့လူတစ်ယောက်အဖြစ် ... အသက်တိုတိုနဲ့ ဘဝနိဂုံးချုပ်တဲ့ သူဖြစ်သွားမှာကွ ...”

ဟု ကိုကြီး ပြောကာ အကြည့်က တိမ်တွေဆီသို့ရောက်၏။ နောက်တော့ ... ရှင်လွန်း ကို ပြုံး၍ ကြည့်သည်။ သဘောက ... ကိုကြီး၏ ဖေဖေနှင့် မေမေတို့ လှမ်းကြည့်နေကြသည်ဆိုသည့် သဘော။ ကျေနပ်နေကြပြီဆိုသည့် သဘော ...။

“လေးလေးဆွေ ... ဝိုးချဲလ်ချပါဗျာ ...”

ဟု ကိုကြီးပြောသည်က ကားရပ်ချိန်မှာပါ ...။ ဟိုတယ်၏ ပေါ်တီကိုကြီးရှေ့မှာ ကားရပ်ပြီ။ လေးလေးဆွေ နောက်အဖုံးထဲမှ ဖေါက်ထည့်



ထားရာ ဝိုးချဲလ်ကို ထုတ်သည်။ နေသားတကျပြန်၍ ဖြန့်သည်။ တွန်းယူလာကာ ကိုကြီးကို ပွေ့ယူလိုက်တော့ ရှင်လွန်း ရင်ထဲမချို ...။

ဩော် ... ကိုကြီးခမျာ .. ဘေးလူအပွေ့မပါပဲ ကိုယ့်အင်အားဖြင့် ကိုယ် ... ဝိုးချဲလ်ပေါ် မတက်နိုင်ရှာသည့်ဘဝ ...။ ထိုဘဝကို ရင်ဆိုင်ဖို့ ကိုကြီး သတ္တိရှိနေချေပြီတကား ... ကိုကြီး၏ ခြေထောက်တွေ ခြေတင်ခုံလေးပေါ် နေသားတကျဖြစ်အောင် ရှင်လွန်း တင်ပေးမိရပါ၏။ ဟိုတယ်၏ လှေကားထစ်သည် လေးထပ်မျှရှိကာ ပေါ်တီကိုကြီးနှင့် အပြိုင် ရှည်လျားလျား ကျယ်ပြန့်ပြန့်ရှိ၏။ လှေကား၏ ဘယ်ဘက်မှာ လျှော ဆင်းကုန်းလေးတစ်ခုရှိနေသည်။ ထိုလျှောဆင်းလျှောတက်ပြုနိုင်ရာ နေရာလေးဆီမှ ကိုကြီး၏ ဝိုးချဲလ်ကိုဖြင့် လေးလေးဆွေ တွန်းသွားကာ ဟိုတယ်၏ အဝင်တံခါးဆီသို့ ရောက်၏။ လှေကားထစ်၏ အဆုံးမှာ ကျယ်ပြန့်သော အဝင်စင်္ကြံသည် ရှိချေသည်တည့် ...။ လိမ္မော်ရောင် ကျောက်ပြားကြီးတွေ ခင်းထားရာ လက်တောက်နေသည့် နေရာမှာ ကိုကြီးသည် ဝိုးချဲလ်ပေါ်၌ တည်တည်ငြိမ်ငြိမ်ထိုင်နေသည်။ ဟိုတယ်၏ တံခါးကြီးက ထူထဲသော မှန်ချပ်ကြီးဖြစ်ကာ ... တံခါးချပ်ကြီးကို ဖွင့်ပေးနေပါသည့် တံခါးစောင့် ဝန်ထမ်း၏ မျက်နှာထက်မှာလည်း ကြေကွဲရိပ်ထင်နေ၏။ ကိုကြီး၏ ဝိုးချဲလ်ကို လေးလေးဆွေ တွန်းလာကတည်းက ပြေး၍ လာကူတွန်းပေးသည့် ဝန်ထမ်းပါ ...။ အသက်နှစ်ဆယ်ကျော် အသားဖြူဖြူ ဟိုတယ်ဝန်ထမ်းဝတ်စုံအပြာဖြင့် ရှိသော ထိုသူကိုလည်း ကိုကြီး ပြုံးပြသည်။ မျက်ရည်ဝဲနေသည့် ထိုဝန်ထမ်းကတော့ ကိုကြီး အတွက် စိတ်ထိခိုက်နေတာ သိသာနေသည်ပါပဲ။ ကိုယ့် အလုပ်ရှင်တစ်ယောက် ...။ ခါတိုင်းတုံးကလို သန်မာဖျတ်လတ်စွာ ဟိုတယ်ကြီးထဲ ကိုယ့်ခြေထောက်ဖြင့် ကိုယ်လျှောက်လာသည်မှ မဟုတ်ချေပဲလေ ...။ မြင်နေကျအဖြစ်တွေနှင့် လုံးဝခြားနားနေသည့် မြင်ကွင်းကို အဘယ် ဝန်ထမ်းသည် ကိုယ့်အရှင်သခင်အတွက် ကြည့်ရက်နိုင်ပါမည်တဲ့လဲ ...။

www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ... နေခဲ့ပါ မောင်ပြုံး ... လေးလေးဆွေ ခတ်လှေကားထဲ လည်းပို့မယ် ... ရုံးခန်းအရောက်လည်း ပို့ပေးလိမ့်မယ် ..."

ဟု မောင်ပြုံး ဆိုသည့် သူကို ပြောလိုက်သည်က ကိုကြီးပါ ...။ လိုက်ပို့ပေးဖို့ လုပ်နေသည့် မောင်ပြုံး ရပ်ကျန်ခဲ့ရပါချေ၏။ လေးလေးဆွေ ခတ်လှေကားဆီသို့ ပို့မည်ဆိုတာမို့ ရှင်လွန်း နောက်က လိုက်ခဲ့ပေမယ့် ... ပြောင်လက်နေသည့် အကွက်ဖော်အလှဆင်ထားရာ ကျောက်ပြားခင်း ကြမ်းပြင်ပေါ် ဖိနပ်စီးမဝင်ရဲသည်မို့ ...။ အဝင်ဝမှာ ဖိနပ်ချွေးချွတ်၍ လက်ကကိုင်မိသည်။ ကိုကြီးနောက်မှ လိုက်လာမိရပါ၏။ ဟိုတယ်၏ ရီဆက်ပ်ရှင်နေရာဆီမှ မိန်းကလေးတွေလည်း ကိုကြီးကို မြင်တာနှင့် တရိုတသေ ထရပ်ကြသည်။ အလုပ်ရှင်ကိုကြီးကို အရိုအသေ ပေးကြခြင်းဟု ရှင်လွန်း နားလည်လိုက်ရပါ၏။ ပြီးတော့ စူးစမ်းကြည့်ဖြင့်လည်း ရှင်လွန်း ကို လှမ်းကြည့်ကြတာကိုလည်း မြင်နေရသည်။ ကိုကြီးကတော့ ဝန်ထမ်းတွေကို အလိုက်သင့်ပြန်ပြုံးပြကာ တည်တည်ငြိမ်ငြိမ်ပင် ခေါင်းညိတ်လိုက်သည်ပါပဲ ...။ ဘဘ ဦးအိမ်စိုး ခြေလှမ်းသုတ်သုတ်ဖြင့် တစ်ဖက်ထောင့်ဆီမှ လျှောက်လာတာကိုလည်း ရှင်လွန်း မြင်နေရသည်။ လေးလေးဆွေ ထံမှ ပိုးချဲလ် လက်ကိုင်ကို လက်လွှဲယူသည်က ဘဘဦးအိမ်စိုး ပါ ...။

"မင်္ဂလာရှိသော ညနေခင်းပါ လူလေးရယ် ... ခုလို ... လူလေး အလုပ်ထဲ ပြန်ရောက်လာတာကို ... ဘဘ ဝမ်းသာတယ် .. လူလေး လာမယ်လို့ ဘဘကို ပြောမထားတာမို့ ... တံခါးဝမှာ လာမစောင့်နိုင်တာ နားလည်ပေးပါ လူလေး ... မိန်းကလေးလည်း ပါလာတာကိုး ..."

ကိုကြီးကို ပြောရာမှ ရှင်လွန်း ကိုပါ ပြုံး၍ ကြည့်လာရင်း ဘဘ ပြောချိန်မှာ ကိုကြီး ရှင်လွန်း ကို ကြည့်လာပါ၏။ ရှင်လွန်း ကတော့ လက်ကလေးနောက်ပစ်၍ ဖိနပ်ကိုင်ထားရာကို ကွယ်ထားသလို စောစောကပုံစံလေးအတိုင်း ရပ်နေရင်း ကိုကြီးကို ကြည့်မိရ ...။ ပန်းချီ



ကားတွေ လှပစွာချိတ်ထားရာ နံရံတွေ ...။ မီးဆိုင်းလှလှတွေများပြားစွာ ချိတ်ထားရာ မျက်နှာကျက်မြင့်မြင့်ကြီးတွေ ... လှပသော တိုင်လုံးကြီးတွေဖြင့် ကြီးမားခန့်ထည်စွာ ရှိနေသည့် ဟိုတယ်၏ အဝင်ခန်းဆောင်ကျယ်ကြီးတွေကို ကြည့်ရင်း အံ့သြနေတာ အတောမသတ်နိုင်ပဲ ဖြစ်နေရပါ၏။

ကိုကြီး ရှင်လွန်း ကို လှည့်ကြည့်ရာမှ အကဲခပ်သလို ကြည့်လာသည်က လက်ကလေး နောက်ပစ်ထားပြီး ရပ်နေသည့် ရှင်လွန်း ကိုပါ။ နောက်တော့ အကြည့်က ခြေထောက်ဆီသို့ ရောက်၏။ ခြေဖဝါးသက်သက်ဖြင့် ရပ်နေတာမြင်တော့ ကိုကြီး၏ အကြည့်ထဲမှာ ပြုံးရိပ်ပို၍ ထင်းလာသည်။

"ခတ်လှေကားကို သွားကြတာပေါ့ ဘဘ ..."

ဟု ကိုကြီး အေးအေးချမ်းချမ်းမော့ပြောသည်မို့ ဘဘနောက်မှ ရှင်လွန်း လိုက်ခဲ့တာ ...။ ခတ်လှေကားကြီးထဲရောက်ရပြန်၏။ ခတ်လှေကားဆိုတာကြီးကိုလည်း ခုမှ နင်လား ငါလား မြင်ဖူးသွားရသည်မို့ ဆောင်ကြည့်မြှောက်ကြည့်ဖြင့် ရှင်လွန်း ပါလာချိန်မှာ ကိုကြီး စတင်၍ ရယ်သည်။ ရှင်လွန်း ကိုလည်း ကြည့်သည်။

"ဆံတောက်ဖားဖားနဲ့ လွယ်အိတ်လေးလွယ်ပြီး ကျောင်းဝတ်စုံအစိမ်းလေးနဲ့ ပါလာတဲ့ ကလေးမကို ... ရီဆက်ပ်ရှင်ကလည်း ကြည့်ကြတာပဲ ဘဘရဲ့ ... ဪ ... ကလေးမလေး ရုပ်ကလေးလှ ... ဆံထောက်လေးနဲ့မို့ ကြည့်ကြပေမပေါ့လို့ ထင်မိတာ .. ကဲ ... ကဲ .. ရှင်လွန်း လက်ကလေး ရှေ့ဘက်ပို့စမ်းပါကွယ် ..."

ဟု ပြောလာသည်က ရယ်သံဖြင့်ပါ ... ရယ်လည်း ရယ်သည်မှ သွါးပေါ်ပါးပါးနှစ်နှစ်မြိုက်မြိုက်ကြီးရှိနေသည်။ ရှင်လွန်း လက်ကလေး ရှေ့ဘက်ထားလိုက်သည်က ရှိရှိလေးပါ ...။ လက်ထဲမှ အဖြူရောင်ဖိနပ်လေးကို ထိုအခါမှ ဘဘလည်း မြင်သွားပုံရကာ .. ထိုအခါကျ

www.burmeseclassic.com



တော့မှပင် ဖြတ်ခနဲ ရှင်လွန်း၏ ခြေထောက်လေးကို ဘဘ ကြည့်လာပါသတည်း ...။ ဘဘလည်း လိုက်၍ ပြုံးလာသည်။ ရှင်လွန်း ၏ ခေါင်းလေးကို ဘဘ၏ လက်တွေက ချစ်စနိုးလည်း ပုတ်လာပါ၏။

"ကျွန်တော် သတိမထားလိုက်မိဘူး ဘဘရေ ... အဲဒါပဲကြည့် ... ဒီကလေး ... ဘယ်လောက်ရိုးသလဲဆိုတာ ..."

ဟု ပြောလည်းပြော ... ။ ရှင်လွန်း ၏ ဖိနပ်ကိုင်ထားရာ လက်လေးကို ပုတ်၍ ...

"ဖိနပ်စီးစမ်းကလေး ... ကြည့်စမ်းပါဦး .. ရီဆက်ပ်ရှင် က နေ့တို့ ကြည့်ကြမှာပေါ့ ... ဒီလောက်ရိုးတဲ့ကလေးမျိုး ... သူတို့ မအံ့ဩပဲနေမလား ..." ဟု ပြောကာ ကိုကြီး ဆက်ရယ်ပြန်၏။

"အင်း ... ရယ်မောခြင်းဖြင့် ကောသရီကို ဝင်ရောက်ခြင်းလို့ပဲ မှတ်ယူလိုက်ပါတော့ ဘဘရေ ..."

ကိုကြီး ဆက်ပြောသည်။ ပြောပြီးလည်း သဘောတကျကျဖြင့် ရှင်လွန်း ကိုကြည့်လိုက်သေးသည်က ကိုကြီး ပါ ..။ ဓာတ်လှေကားရပ်သွားတော့ ရှင်လွန်း ဖိနပ်လေးချ၍ စီးသည်။ ကိုကြီး၏ ဝိုးချယ်လေးနောက်မှ လိုက်လာရပြန်သည့် နောက်မှာ ...။ ဘဘထွန်း ဖွင့်ဝင်ရာ အခန်းကျယ်ကြီးတစ်ခုဆီသို့ ရောက်၏။ ကိုကြီး၏ ကျယ်ပြန့်ခန့်ညားသော ရုံးခန်းကြီးပါလားလေ ..။ အခန်းသည် လေအေးစက်ကြောင့် အေးမြမြရှိ၏။ ကတ္တီပါဖုံး ဆက်တီကြီးတွေက အနီရောင်ရင့်ရင့်ဖြစ်သည်။ အလုပ်စားပွဲ သပြေသီးရောင် စားပွဲကြီးဖြစ်နေကာ ..။ သက္ကလတ်နီညိုရောင်ကို စားပွဲပေါ်ခင်းထား၏။ စားပွဲထက်မှာ အဖြူရောင် နှင်းဆီသုံးပွင့် ထိုးထားရာ ပန်းအိုးလေးရှိနေသည်။ အလုပ်စားပွဲ၏ နောက်ဘက်နံရံမှာ ကိုကြီး၏ ဖေဖေနှင့်မေမေ ပုံကြီးရှိနေပါ၏။ အဘယ်သူသည် ဤရုံးခန်းကျယ်ကြီးဆီသို့ ရောက်ကာ ... ကိုကြီးနှင့် တွေ့ဆုံသည်ရှိစေ ..။ ကိုကြီး၏ မိဘနှစ်ပါး ဓာတ်ပုံကြီးကို မမြင်ပဲမရှိစေရ ...



ကိုကြီးနှင့် ပြောဆိုနေစဉ်မှာလည်း ကိုကြီး၏ ဖေဖေ မေမေတို့၏ ပုံကြီးကို တွေ့မြင်နေရချေမည်သာ ..။

ကြမ်းခင်းကော်ဇောကြီးက နက်ပြာရောင်အခံမှာ အနီရောင်နှင်းဆီပွင့်တွေ ကြဲဖြန့်ထားရာ ရက်အားပါလေသော ကော်ဇောကြီးဖြစ်နေသည်။ အလုပ်စားပွဲမှာ စာအုပ်ဟာ်ချို့နှင့် ဖိုင်တစ်ဖိုင်စီထပ်၍ သေသေသပ်သပ်ရှိနေ၏။ တယ်လီဖုန်းတစ်လုံးလည်း ရှိသည်။

ပြီးတော့ .. စားပွဲထက်မှာ ကွန်ပျူတာ တစ်လုံးရှိ၏။ လက်ပ်တော့လေးကလည်း အဖုံးပိတ်လျက်သားရှိနေသည်။ ဤသည်ကဖြင့် ... ကိုကြီး၏ ကောသရီရိပ်ငြိမ်အိမ်ကြီးရှိ ကိုကြီး၏ အခန်းထဲမှာလည်း ကွန်ပျူတာတို့ လက်ပ်တော့တို့ဆိုတာကို ရှင်လွန်း မြင်ရသိခဲ့ရသည်ကိုးလေ ..။ အလုပ်စားပွဲသို့ ရောက်တော့ ဆုံလည်ကုလားထိုင်ကြီးကို ဘဘဦး အိမ်စိုး ဖယ်သည်။ ထိုနေရာမှာ ကိုကြီး၏ ဝိုးချဲလ်ကို တွန်းပို့ပေးသည်။

"လူလေး .. တစ်ခုခုလိုတိုင်း ခိုင်းနိုင်ဖို့အတွက် ... ဘယ်သူ့ကို အနားမှာ ခေါ်ထားချင်သလဲ ..." ?

ဟု ဘဘ မေးလာတော့ ...။

"မောင်ပြုံးကိုပဲ ခေါ်လိုက်မယ် ဘဘ .. ကျွန်တော့် ရုံးခန်းစောင့်တိုဘာ့ ကိုလည်း အရင်လိုပဲ တံခါးရှေ့မှာ ပြန်နေခိုင်းပါ ဘဘ ...။ မောင်ပြုံး လည်း ကိုဟာ နဲ့ အတူ အပြင်မှာပဲနေပါလို့မှာလိုက်ပါ ...။ ကျွန်တော် တစ်ခုခုလိုရင် လူခေါ်ဘဲလ်လေး နှိပ်လိုက်ပါ့မယ် ... ခုလို ကျွန်တော် အလုပ်ထဲမရောက်နိုင်ပဲ ဖြစ်နေချိန်မှာ ... အစစ အရင်လိုပဲ ရုံးခန်းကိုသန့်စင်အောင်ထားပေး .. ပန်းကအစ နှင်းဆီဖြူလေးသုံးပွင့် ပန်းအိုးမှာ ထိုးပေးဖို့ဘာမှ မပြောင်းလဲအောင်လုပ်ပေးတဲ့ ဘဘကို ကျေးဇူးတင်ပါတယ် ဘဘ ... ဒီနေ့ ... ကျွန်တော်လာမယ်ဆိုတာ မသိပေမယ့် ... ဘဘက ... အရင်တုန်းကလိုပဲ ကျွန်တော့် ရုံးခန်းကို သေသေသပ်သပ် ...

www.burmeseclassic.com



ဆက်ရှိနေအောင် .. အသက်ဝင်နေအောင် စောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဘဘ ...''

ဟု ကိုကြီးပြောတော့ ဘဘ ပြုံးသည်။

''လူလေး တစ်ခုခုစားဖို့အတွက် ဘဘ ... ဟိုတယ်ဝန်ထမ်းကို လွှတ်လိုက်မယ် ... မိန်းကလေးအတွက်ရောဆိုပါတော့ ... ကဲ ... ဘဘ ဆက်လုပ်စရာရှိတာတွေ ဆက်လုပ်လိုက်မယ် လူလေး ... ခုလို လူလေးကို ရုံးခန်းထဲမှာ တည်တည်ငြိမ်ငြိမ်တွေ့ရပြီမို့ ... ဘဘ ရင်ထဲအေးချမ်းလိုက်တာကွယ် ... အစ်ကိုကြီး နဲ့ မမလေးတို့လည်း ဝမ်းသာကြမှာပါ ... ဝမ်းသာကြမှာပါ ...''

ဟု ဘဘ ပြောကာ ကိုကြီး၏ မိဘနှစ်ပါးဓာတ်ပုံကို ကြည့်ပြီးသည့်နောက်မှာ ရုံးခန်းထဲမှ ထွက်သွားပါ၏။ ကိုကြီး ဝိုးချဲလ်ကို ခလုတ်လေးနှိပ်၍ ရွေ့လျားသည်။ ရုံးခန်းထဲ ဟိုဟိုသည်သည် ဝိုးချဲလ်လေးဖြင့် သွားသည်။ ပိဘနှစ်ပါးကိုလည်း လက်အုပ်ချီ၍ ကန်တော့သည်။

''သား တစ်ချက် ... သတ္တိနည်းသွားခဲ့တယ် ဖေဖေနဲ့ မေမေ ကြိုးပမ်းရာ ... လုပ်ငန်းတွေကို သားပစ်ထားမိတယ် .. ဖေဖေနဲ့ မေမေ့အတွက် ... ကုသိုလ်ကောင်းမှုတွေ ဆက်တိုက်ပြုဖို့ရှိနေတဲ့ ဝတ္တရားတွေ ပျက်ကွက်ခဲ့ရတယ် ... ခွင့်လွှတ်ပါ ဖေဖေနဲ့ မေမေ ... သား – ဒီနေ့မှာ ကျောင်းတန်ဘုရားတွေမှာ ... အလှူငွေတွေ ... ဖေဖေနဲ့ မေမေတို့အတွက် ရည်စူးလှူဒါန်းခဲ့ပါတယ် ... လှူဒါန်းခဲ့ပါတယ်ဗျာ ...''

ကိုကြီး၏ အသံတွေတုန်နေသည်။ ကြည့်ရတာ ... ကိုကြီး ဤမနက် ရှင်လွှန်း ကို ကျောင်းအပ်ပြီးတာနှင့် ကုသိုလ်ကောင်းမှုတွေ ဆက်တိုက်ပြုလုပ်ခဲ့ပါလိမ့်မည် ...။ ရှင်လွှန်း ကိုကြီးကို ငေးကြည့်ရင်း သနားနေသည်ပါပဲ ...။ ထိထိခိုက်ခိုက်ပြောရင်း မိဘကို တောင်းပန်နေသည့် သားတစ်ယောက်၏ ကြေကွဲရင်ခွင်ဆိုတာကို ရှင်လွှန်း မြင်နေရသည်လေ ...။ ကိုကြီး ရှင်လွှန်း ကို ကြည့်လာသည်။ ငြိမ်ငြိမ်လေးရပ်၍



ခပ် ငေးငေးကြည့်နေသည့် ရှင်လွှန်း ဆီသို့ ဝိုးချဲလ်ကို ခလုတ်လေးနှိပ်၍ ရွေ့လျားရောက်လာစေပါ၏။

''မင်း ကိုကြီးကို သနားနေတယ်ဆိုပါတော့ ... ဟုတ်လား ... ကလေး ...''

ကိုကြီး မေးလာတော့ ရှင်လွှန်း ခေါင်းလေးညိတ်ပြသည်။ မျက်နှာလေး ထိုအခါမှ မဲ့လာ၏။ နဂိုကတည်းက ဝမ်းနည်းရိပ်ဖြင့် ငိုချင်နေသည့် ကလေးတစ်ယောက် အမေးခံရတော့မှ ပို၍ဝမ်းနည်းတကြီး ငိုချင်လာရင်း မဲ့လာသည့်ကလေးတစ်ယောက်နှင့် တူနေသည့် ရှင်လွှန်း ကို ... သူ .. ကြည့်ကာ သဲ့သဲ့ပြုံးသည်။

''ဘဝဆိုတာ ရှောင်လွှဲလို့ မရတဲ့ ကံကြမ္မာကြီးတစ်ခုထဲမှာ ရှိနေတာ ကလေးရဲ့ ... ဒီကံကြမ္မာပါလာရင် .. ဒီအဖြစ်ကို ကြုံရမှာပဲလေ..''

ဟု သူပြောခိုက်မှာ ရှင်လွှန်း တရှုံ့ရှုံ့ငိုနေပြီး ...။ မျက်ရည်တွေ ကျလာသည်မှ ဆက်တိုက်။ ကြမ်းပြင်ပေါ်ထိုင်ချကာ ခြေထောက်တွေကို ကောက်ကာငင်ကာ နှိပ်ချေ၏။ သဘောက ... ဤခြေထောက်တွေ အမြန်ဆုံး ပြန်ကောင်းမှ ဖြစ်မည်ဆိုသည့် ဇောဖြင့် စိတ်နောက်ကိုယ်ပါ နှိပ်လာခြင်း။ ကလေးစိတ်လေးဖြင့် ကြိုးစားနေခြင်း ...။ သူ ... ရင်ထဲ ဆို့တက်လာသည်။ သူ ... ရှင်လွှန်း ၏ ဆံစလေးကို သပ်ပေးမိသည်။ ကြီးမားသော သံယောဇဉ်သည် ရှင်လွှန်းထံမှာရော ...သူ့ထံမှာပါ ... နိုင်မြဲလွှန်းစွာ ဖွဲ့တည်ထားကြပြီဆိုတာကိုလည်း သူနားလည်နေသည်။ သူ့ခြေထောက်ပြန်ကောင်းဖို့ဆို ... ဤကလေးသည် ... စာမဆို .. လုပ်ဆေးမည့် ကလေးဖြစ်နေမှန်းသိလာနေသည်။

''ဘာပဲဖြစ်ဖြစ်ပေါ့ ကလေးရယ် ... ဒီခြေထောက်တွေ လျှောက်မရတော့ပေမယ့် ... ခြေထောက်တွေတော့ရှိနေသေးတယ်လေ ...။ လူ့ဝန်းကျင်မှာ သွားလာရတဲ့အခါ ... ဝိုးချဲလ်ပေါ်မှာ ရှိနေရင်း စိတ်ပုံမြဲတာပေါ့ ... ဟြော် ... ငါ့မှာ ... ခြေထောက်တွေရှိနေတယ် .. ခြေလက်

www.burmeseclassic.com

www.burmeseclassic.com



အင်္ဂါစုံနေသေးတယ် ... အမြင်အားဖြင့် လူတစ်ယောက်မှာရှိအပ်တဲ့ ခြေနှစ်ဘက်ဆိုတာ ... ရှိနေသေးတာပါပဲလို့ ... ကျေးဇူးတင်ရမှာ ..."

ဟု သူ ဖျောင့်ဖျပြောတော့မှ ရှင်လွှန်း ပို၍ မျက်ရည်ကျလာသည်။

"ရှင်လွှန်း တော့ဖြင့် ... ကိုကြီးအတွက်ဆို ... ရှင်လွှန်း ရဲ့ ခြေထောက်တွေပေးရ ... ပေးရ ... ပေးလိုက်မှာပါပဲ ... ရှင်လွှန်း က ... ဆင်းရဲတယ် ... ဘယ်သူမှလည်း ရှိတော့တာမဟုတ်ဘူး ... ကိုကြီးက ပညာလည်းတတ်တယ် ... အလုပ်တွေလည်း အများကြီးလုပ်နိုင်တယ် ... အလှူတွေလည်း အများကြီး လှူနိုင်တယ် ... ရှင်လွှန်း က ... ဘာမှ မဟုတ်ဘူး ... ကိုကြီး အတွက် ... ရှင်လွှန်း ... ဒီခြေထောက်တွေကိုပေး ... ဆိုရင်လည်း ... ပေးလိုက်မှာပါပဲ ..."

ဟု ပြောတော့ သူ ... ရှင်လွှန်း ကို အလန့်တကြား ကြည့်လိုက်မိရပြီ ...။

"နောက်ကို ... အဲသလို မပြောနဲ့ ကလေး ... ကိုကြီးရဲ့ ခြေထောက်တွေက ဘယ်တော့မှ ကောင်းလာတော့မှာ မဟုတ်ဘူး .... မင်းလေးက ... ဘဝက်ကောင်းကောင်းနဲ့ ... ရှိနေတဲ့ ကလေး ... နိမိတ်မကောင်းတာတွေနဲ့ စကားရိပ်မသင်းပါနဲ့ ကလေးရယ် ... နောက်ကို ... ဒီစကားမျိုး ဘယ်တော့မှ မပြောတော့ပါဘူးလို့ ကိုကြီးကို ကတိပေးစမ်း ..."

ဟု ပြောတော့ ရှင်လွှန်း မော့ကြည့်လာ၏။ နက်မှောင်သော မျက်ဝန်းမှာ မျက်ရည်ပြည့်နေသည်။ မျက်တောင်ယူပိတ်ပိတ်ရှည်စင်း စင်းလေးတွေမှာ မျက်ရည်စတွေ စိုစွတ်နေသည်။ အိခနဲ မျက်ရည်ကျလာတာကိုလည်း သူ ငုံ့မိုးကြည့်ရင်း မြင်နေရပါ၏။ ရင်ထဲမကောင်းနိုင် ...။ ဤကလေးကို ... သူ စိတ်ဒုက္ခပေးနေတာနှင့် တူနေချေပြီလားဟု ထိတ်လန့်လာသည်။

"ကိုကြီး က သိပ်သဘောကောင်းတာ ... သနားဖို့လည်း ကောင်းတယ် ... ပြီးတော့ ... စိတ်ထားလည်းကောင်းတယ် ... ရှင်လွှန်း ကိုကျောင်း



လည်း ထားပေးတယ် ... ဆူလည်းမဆူဘူး ... လိမ္မာအောင်လည်း သင်ပေးဆုံးမပေးတယ် ... ကိုကြီးကို ရှင်လွှန်း ဒီခြေထောက်တွေပေးရင် ... ကိုကြီး ခြေထောက်တွေ ပြန်ကောင်းလာမယ်ဆိုရင် ... ဘာလို့ မပေးရမှာလည်း ကိုကြီးရဲ့ ... ဟင် ..."

ဟု ပြောငိုတော့ သူ စိတ်ထိခိုက်ရပါ၏။ နက်ရှိုင်းသော စိတ်ဓာသည် ဤကလေး၏ ရင်ထဲမှာ အမြစ်တွယ်နေပြီကောလေ ...။ သူ့ကို လူကောင်းပကတိ ပြန်ဖြစ်စေချင်သည့်စိတ် ...။ ဤကလေးမလေးထံမှာ နှုတ်မရအောင် ဖြစ်တည်နေချေပြီတည့် ...။ သူ ရှင်လွှန်း ၏ မျက်ရည်ကို သုတ်ပေးသည်။ ဆံစလေးကို သပ်ပေးသည်။

"မင်း ... ခုလိုပဲ ... အမြဲ ဖြူဖြူစင်စင်လေးနေပါ ကလေးရယ် ...။ ဒီလောက်လှပဖြူစင်တဲ့ စိတ်လေးကို ... ဘယ်တော့မှ မပြောင်းလဲလိုက်နဲ့နော် ...။ အဲဒါဆို ... ကိုကြီးရဲ့ ခြေထောက်တွေ ... တစ်နေ့ ပြန်ကောင်းလာပါလိမ့်မယ် ကလေးရယ် ..."

ဟု ဆို့ဆို့နင့်နင့်ပြောမိရပါ၏။

တကယ်က ... သူ ... သူ ... ဘယ်တော့မှ လမ်းမလျှောက်နိုင်တော့ပြီဆိုတာ ... အတိအကျသိထားရသည်မို့ ... ဤကလေးမလေးကို သနားစိတ်ဖြင့် ရင်ဖွဲနင့်နေအောင် ခံစားလာမိရခြင်း ...။

သြော် ... သူသည် သူ့ ဝေဒနာထက် ဤကလေး၏ ခံစားချက်ကိုပို၍ မျှဝေခံစားတတ်သူ ဖြစ်နေချေသည့်တကား ...။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



□

မချစ်တဲ့သူကို

ဝင်ခွင့်မပြုတဲ့အရာ ...။

ချစ်တဲ့သူကို

ထွက်ခွာခွင့်မပြုတဲ့အရာ ...။

အဲဒါ ...

ရင်ခွင်တံခါးဝါပဲ ...။

□



## အခန်း (၁၃)

BURMESE CLASSIC

"သာခု ... သာခု ... သာခု ... ကိုကြီးတို့ရဲ့ ရှင်လွန်းပုံလေး ... ခုလို ဥပဒေဘွဲ့ကြီးကိုလည်းရ ... ပါရမီထူးတဲ့ ပန်းချီပညာလည်း တတ်မြောက်ပြီဖြစ်တာမို့ ... ကေသရီရိပ်မြိမ်အတွက် ... ဂုဏ်ယူရမယ့် မိန်းကလေးတစ်ယောက်အဖြစ် ... လူတို့အလည်မှာ ခေါင်းမော့ဝင့်ကြွားနိုင်ပြီးပေါ့ ... ကျန်းမာပါစေ ... ချမ်းသာပါစေ .. လိုရာဆန္ဒ အမြဲပြည့်ရပါစေလို့ ကိုကြီး ဆုတောင်းပေးပါတယ် ကလေးရယ် ..."

ဤနေ့သည် ရှင်လွန်း အတွက် ဥပဒေဘွဲ့ကို ရယူသောနေ့ ...။ ပိုင်ဆိုင်သောနေ့ ...။ ဘွဲ့ဝတ်စုံလေးပင် ဝတ်ဆင်ထားဆဲ ...။ ကေသရီရိပ်မြိမ်၏ ဧည့်ခန်းသို့ ပြန်ရောက်တာနှင့် အားလုံးကို ရှင်လွန်း ကန်တော့သည်။ ခုကိစ္စတဖြစ်တာမို့ ကိုကြီးခမျာ ရှင်လွန်း ၏ ဘွဲ့နှင်းသဘင်တက်သည့် အခမ်းအနားကို လိုက်မတက်ခဲ့ရှာ ...။ ဒေါ်ကြီးမေ နှင့် ဘဘညို တို့နှစ်ယောက်ကတော့ ဝတ်ကောင်းစားလှဝတ်ကာ တက်ပေးခဲ့ပါ၏။ အဝတ်အစားကအစ ...။ လက်ဝတ်လက်စားတွေအဆုံး အားလုံး ကိုကြီး စီမံပေးခြင်း ...။ ဝတ်သစ်စားသစ်၊ လက်ဝတ်လက်စားအသစ်တွေဖြင့် တက်စေခြင်း ...။ ရှင်လွန်း ဘွဲ့ယူသည့်နေ့သည် ကိုကြီးအတွက် အရမ်းကို အလေးအနက်တန်ဖိုးထားရာနေ့ဆိုတာကို ...။ ကိုကြီး ဖွင့်ပြောခြင်း

www.burmeseclassic.com

www.burmeseclassic.com



မရှိ ...။ ဒါပေမယ့် ကိုကြီး၏ အစီအမံတွေဖြင့်ပင် ရှင်လွန်း သိခဲ့ရခြင်းပါ။ အိမ်သို့ပြန်ရောက်တာနှင့် ညှော်ခန်းမှာ ဗိုးချဲလ်ပေါ် ဝဘ်သစ်စားသစ်ဖြင့် ပြုံး၍ ကြိုနှင့်နေပါသည့် ကိုကြီးကို ရှင်လွန်း ကန်တော့ခြင်းပါ ...။ ဒေါ်ကြီးမေ နှင့် ဘဘညို ကိုလည်း ... ရှေ့မှာ ထိုင်နိုင်းကာ အားလုံးကို ရှင်လွန်း ကန်တော့ခြင်း ...။ ကိုကြီး ပြုံး၍ ဆုပေးချိန်မှာ လိမ္မာရေးချားရှိလှသည်ကောဟု မျက်ရည်စတွေ ဝေတက်လာအောင် ကြည်နူးပြုံးဖြင့် ရှင်လွန်း ကို ကြည့်နေကြသည်က ဒေါ်ကြီးမေ တို့ပါ ...။

ရှင်လွန်း ဝတ်ဆင်ထားသည်က ပုလဲဆွဲသီးလေးပါသော ရွှေကြိုးကုံးလေး ...။ ပုလဲနားကပ်နှင့် လက်စွပ်လေး ...။ ပြီးတော့ လုံးချောရွှေလက်ကောက်လေး ...။ ဪ .. ဖေဖေ ချန်ခဲ့ရာ လက်ဝတ်လက်စားလေးများပါတကား ...။ ရှင်လွန်း ဤနေ့မှာဤလက်စတ်လက်စားလေးတွေကို ဝတ်ဆင်ဖို့ ဆုံးဖြတ်ထားသည်မို့ ...။ ကိုကြီး ဆင်ပေးချင်သော လက်ဝတ်လက်စားတွေကို မဝတ်ဖြစ်ခဲ့တာကိုလည်း အားလုံးသိခဲ့ကြရပြီးပြီ ...။ ဤအတွက်လည်း ကိုကြီး ကျေနပ်စွာခွင့်ပြုခဲ့သည်ပါပဲ ...။

"ဒီနေ့မှာ ... ကိုကြီး ဆင်ပေးချင်လို့ ကတ္တီပါဖုံးရတနာဘူးတွေနဲ့ ... ထည့်ထားတဲ့ စိန်တစ်ဆင်စာ .. နီလာတစ်ဆင်စာနှင့် မြတစ်ဆင်စာ ... နှစ်သက်ရာဝတ်ပါလို့ ပြောခဲ့တဲ့ ကိုကြီးရဲ့စကားကို နားမထောင်ပဲ ... ဖေဖေချန်ခဲ့ရာ ဒီလက်ဝတ်လက်စားတွေကို ဝတ်ခဲ့သမျှ ... ကိုကြီး နားလည်ပေးပါနော် ... ဖေဖေက ... ရှင်လွန်း ကို ဘွဲ့ရပညာတတ် အလွန်ဖြစ်စေချင်တာပါ ...။ ရှင်လွန်း ဝတ်ဆင်ဖို့ရာအတွက်လည်း ဖေဖေ ချွေးနဲစာတွေနဲ့ ဒီပစ္စည်းလေးတွေ စိတ်ကူးတယဉ်ယဉ်နဲ့ ဝတ်ထားခဲ့တာပါ ... ဒါကြောင့်မို့ ဘွဲ့ယူနေ့ကျမှ ... ဖေဖေချန်ခဲ့ရာ ဒီလက်ဝတ်လက်စားတွေကို ဝတ်မယ်လို့ ရှင်လွန်း ဆုံးဖြတ်ထားခဲ့တာပါ ကိုကြီးရယ် ... ဖေဖေနဲ့ အတူ ... ရှင်လွန်း ရှိနေရတယ်လို့ ခံစားရကယ် ကိုကြီး .. ရှင်လွန်း ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီးထဲရှိနေချိန်မှာလည်း ဖေဖေရှိနေတယ် ... ဘွဲ့ယူနေချိန်မှာလည်း ဖေဖေ ရှိနေတယ် ... အခုလည်း ဖေဖေရှိနေတယ်



လို့ ရှင်လွန်း ခံစားနေရပါတယ်ရှင် ... ကိုကြီး ဆင်ပေးချင်ရာတွေကို မဝတ်ဖြစ်ခဲ့တာဟာ .. ကိုကြီး ရဲ့ စေတနာမေတ္တာကို စော်ကားသလိုဖြစ်သွားမှာကိုလည်း ရှင်လွန်း ကြောက်ပါတယ် ...။ ကိုကြီး အဲသလိုထင်သွားမှာကိုလည်း လန့်ပါတယ် ... ကိုကြီးသင်ပေးလို့ ရှင်လွန်း ခုလို ... လူတစ်လုံး သူတစ်လုံး ပညာတတ်ရတာပါ ... ပြီးတော့ ... ပန်းချီလည်း ဆွဲတတ်လာနေရတာပါရှင် ..."

ရှင်လွန်း မော့၍ ကိုကြီးကို ပြောတော့ ကိုကြီး ပြုံးသည်။ ရှေ့မှာ ကြမ်းခင်းကော်ဇောကြီးပေါ် ရှိုရှိုလေးထိုင်ရင်းမော့ပြောနေသည့် ရှင်လွန်းကို မှုပိုင်အေးချမ်းသောအကြည့်ဖြင့် ကြည့်သည်။ ကိုကြီး၏ မျက်ဝန်းတွေမှာ ရှင်လွန်း အစဉ်သဖြင့် မြင်ရသည်က ကြင်နာသနားခြင်းနှင့် အေးချမ်းခြင်း၏ အငွေ့အသက်များပဲ ဖြစ်နေတတ်ပါ၏။ ရှင်လွန်း၏ ဆံစလေးကို သပ်ပေးလာသည်က ကိုကြီး၏ နူးညံ့သော လက်ဖဝါးတွေပဲဖြစ်လေသည်။

"ကိုကြီးကို .. အဲဒီနေ့ကလည်း ရှင်လွန်း ရှင်းပြခွင့်ပန်ခဲ့တာပဲကွယ် ... ကိုကြီးပေးတဲ့ ရတနာဘူးတွေကို မယူပါရစေနဲ့ .. ရှင်လွန်းရဲ့ ဖေဖေချန်ခဲ့ရာ လက်ဝတ်လက်စားလေးကိုပဲဝတ်ပြီး ဘွဲ့ယူပါရစေဆိုတာ ခယယယ ခွင့်ပန်ခဲ့တဲ့ ဟောဒီက ရှင်လွန်းလေး ရဲ့ စိတ်ဖြူဖြူလေးကို အရမ်းတန်ဖိုးထားမိတာပါကွယ် ... ဘာမှ စိတ်ထဲမှာမထားနဲ့ ... ကိုကြီး စိတ်မျက်မှာ စိတ်ကွက်မှာ စိုးရိမ်နေရတယ်လို့ကွယ် ... ဘယ်တုန်းက ရှင်လွန်းလေးကို ... ကိုကြီး စိတ်ကွက်ဖူးလို့လဲ ... ကဲ .. ကဲ ... အဝတ်အစားလဲ ... ပြီးရင်ဖြင့် ... ကိုကြီး ရဲ့ အခန်းကိုလာခဲ့ .. ဒေါ်ကြီးမေ ... ကလေးကို အအေးလေးတိုက်လိုက်ပါဦး ... ဒေါ်ကြီးမေ တို့လည်း သောက်လိုက်ကြပေါ့ ... ပင်ပန်းလာကြမှာပဲလေ ..."

ဟု ပြောကာ ကိုကြီး အခန်းထဲ ဝင်သွားတော့ ရှင်လွန်း မျက်နှာလေး ငယ်ကျန်ခဲ့သည်။

"စိတ်မကွက်ဖူးလို့ပြောတော့ပြောတာပေါ့ ဒေါ်ကြီးရယ် ... ကိုကြီး

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ အဲဒီလက်ဝတ်လက်စားကိစ္စ ... ထိခိုက်နေမလား မသိဘူးနော် ... ကိုကြီးက အရမ်းကိုပျော်ပြီး ... အဲဒါတွေကို ရှင်လွန်း ဝတ်လိုက်တော့ ဆိုပြီးပေးတာ ... ဘွဲ့ယူတဲ့နေ့ ကြိုက်ရာဝတ်ဆိုပြီး ပေးတုန်းက ကိုကြီး မျက်နှာအရမ်းကို လန်းနေတာ ဒေါ်ကြီးရယ် ...”

ရှင်လွန်း မျက်နှာလေးငယ်ကျနေရင်း ဒေါ်ကြီးကို ပြောတော့ ဖြိုး၍ ...။

“အံမယ်လေးလေ ... ရှင်လွန်း ကို ဘယ်တုန်းကများ စိတ်လက်ဆိုးတယ်ဆိုတာ အစ်ကိုလေး ရင်ထဲရှိဖူးလို့လည်းကွယ် .. ကဲ ... အဝတ်အစားလဲ ... အအေးနှစ်ခွက်လည်းယူသွား ... ဟိုမှာကျတော့မှ .. တူတူသောက်ကြ .... ဒေါ်ကြီး နောက်မှပဲ အဝတ်အစားလဲတော့မယ် ... အံမယ်လေးလေး ဒီမယ် ... ညည်းလေးနဲ့ ကျုပ်တို့ အိမ်ထဲအဝင်မှာက တည်းက ညည်းကိုကြီးက ကင်မရာလေးနဲ့ ဆီးပြီး ဓာတ်ပုံရိုက်တာနော် ... ဘွဲ့ဝတ်စုံနဲ့ အိမ်ထဲ ပထမဆုံးအဝင်ပုံဆိုပြီးတော့လေ ... သူ စိတ်ထဲ မျက်ရင် အဲသလို ဓာတ်ပုံလေးတွေ ဆီးကြိုရိုက်ပေးပါ့မလား ရှင်လွန်းလေးရဲ့ ... အေးဟယ် ... ခုလို ... ဘွဲ့ယူတဲ့နေ့ မတိုင်ခင်တစ်ပတ်လောက်ကမှ ညည်း လေးလေးဆွေ ရွာပြန်ပြီး သူ့တူရှင်ပြုပွဲတက်လိုက်ရတာ ...ရင်ထဲ မချင့်မရဲဖြစ်သကွယ် ... သူရှိရင် သူလည်း ဓာတ်ပုံထဲပါမှာ ...”

ဟု ပြောနေရင်း လှမ်း၍ လှမ်းလိုက်သေးသည်က လေးလေးဆွေ ကိုပါ ...။ ဟုတ်သည်လေ ...။ လေးလေးဆွေ မရှိ။ ရွာခဏပြန်နေသည်။ တူ၏ ရှင်ပြုပွဲသို့သွားခြင်း ...။ ဒေါ်ကြီးမေ မီးဖိုဆောင်ဘက်ဝင်သွားစဉ်မှာ ရှင်လွန်း အခန်းထဲ ဝင်ကာ အဝတ်အစားလဲဖြစ်၏။ ခုထိ ... ဒေါ်ကြီးမေနှင့် ရှင်လွန်း တို့ တူတူ တစ်ခန်းထဲနေဆဲ ...။ ဒါပေမယ့် အခန်းသည် ကောင်းသည်ထက် ပို၍ ကောင်းနေသည်။ လေအေးစက်ဖင် တပ်ထားတာ နှစ်နှင့်ချီ၍ ကြာခဲ့ပြီးပြီ ...။ ကိုကြီးသည် ရှင်လွန်း နှင့် ဒေါ်ကြီးမေ တို့ကို သပ်သပ်ခပ်ခပ်ထားထားသည်ပဲလေ ...။ ဖေဖေ မြင်လျှင် ဝမ်းသာချေမည်သာ ...။ ရှင်လွန်း ဖေဖေနှင့် မေမေ့ဓာတ်ပုံကို



ကြည့်၍ ခပ်ငေးငေးဖြစ်၏။

ဖေဖေနှင့် မေမေတို့ နှစ်ယောက်တွဲ၍ ရိုက်ထားသော ဓာတ်ပုံ ...။ စာကြည့်စားပွဲလေးထက်မှာ မှန်ဘောင်သွင်းထားရာ ငွေဘောင်ကွပ်လေးဖြင့် ရှိနေသည့်ပုံ ...။

“ဒီပုံက ... သမီး မေမေနဲ့ ဖေဖေတို့ ညားပြီးခါစ ...။ ရွာမှာပွဲဖြစ်တော့ ပွဲဓာတ်ပုံဆိုင်လေးမှာ ရိုက်ထားတာကွယ့် ...”

ဟု ဖေဖေ အမှတ်တရဖြင့် လှမ်းတသသပြောခဲ့ဖူးသော စကား ...။ ရှင်လွန်းငေး၍ ဓာတ်ပုံကို မမိတ်မသုန်ကြည့်နေမိရဆဲ ...။ နောက်တော့ ထိုင်၍ ကန်တော့ရပါ၏။

“ဖေဖေနဲ့ မေမေ့ သမီးရှင်လွန်း ... အခု ... ဘွဲ့ရပါပြီ ဖေဖေ ... ဖေဖေ ဆင်ပေးရာ ... လက်ဝတ်လက်စားလေးနဲ့ ရှင်လွန်း ဒီပွဲကို တက်ခဲ့ပါတယ် ဖေဖေရယ် ... ဖေဖေ ကြည်နူးပါလှည့်တော့ .. ပျော်ပါတော့ .. မေမေလည်း ... ကြည်နူးဝမ်းသာနေပါတော့ ...”

ဟု ရင်ထဲမှာ လှမ်းတဆွတ်ဆွတ်ခံစားရင်း ပြောနေမိရပြီ ...။ ဓာတ်ပုံကို ကန်တော့စဉ်ခိုင်မှာလည်း မျက်ရည်ကျ၏။ မော့ကြည့်စဉ်မှာလည်း မျက်ရည်ကျ၏။ ရင်သည်လှိုက်နေသည်။ ဓာတ်ပုံထဲမှ ဖေဖေ သည်ပြုံး၍ ကြည့်နေ၏။ မေမေကလည်း ဖေဖေနှင့်အတူ ရှိနေရင်း အေးချမ်းစွာ ပြုံးနေသည်ပါပဲ ...။

ရှင်လွန်း ကို ဆုပေးနေကြချေပြီထင့် ...။ ဤသို့ ရှင်လွန်း ခံစားရသည်။ ညင်ညင်သာသာ ထရပ်လိုက်မိရာမှ အကြည့်သည် မှန်တင်ခုံရှိ မှန်ချပ်ကြီးထံသို့ ရောက်၏။ ဆံထောက်ဖားဖားကြီးနှင့် မဟုတ်တော့ပြီဖြစ်သည့် ရှင်လွန်း ...။ ဒါပေမယ့် ဆံတောက်ကွေးလေးတော့ နားနောက်မှာ ဝေ့ဝိုက်ဝိုက်ရှိ၏။ ဤသည်ကလည်း အုပ်လုံးသိမ်းဖို့နေ့ ကျောင်းပိတ်ရက်မှာ စတင်၍ ဆံပင်တွေကို ဆံတောက်ဖားဖားမှ အရှည်ဘက်သို့ ပြောင်းထားဖို့ စီစဉ်ခဲ့သည်ကလည်း ကိုကြီးပါ ... ထိုစဉ်က ဆယ်ကန်းဖြေပြီး နွေကျောင်းပိတ်ချိန်ဖြစ်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်လွန်းမေ ဆိုတဲ့ အမည်လေးကို ရှင်လွန်းပုံ ဆိုပြီး ကိုကြီး ကျောင်းစ အပ်တဲ့နေ့မှာ ပြောင်းခဲ့တာနော် ... ရှင်လွန်းရဲ့ အသက်လေး .. ပုံအောရှည် လျားစေဆိုတဲ့ သဘောလည်း ပါတယ် ... ရှင်လွန်းမေ ဆိုတဲ့ ဘဝလေး ကို ပြောင်းလဲစေခဲ့ပြီဆိုတာလည်းပါတယ် ... ရှင်လွန်း ရဲ့ ဖေဖေ ... ပေးခဲ့ရာ အဓိပ္ပါယ်လည်းမပြောင်းအောင် ... ရှင်လွန်းပုံ ဆိုတဲ့ အမည်ပေး ခဲ့တာကွယ့် ... ကဲ ... ဒီနေ့ကျောင်းပိတ်ရက်မှာ ဆံပင်ကို အရှည်ထား တော့ ... ဆံတောက်အုပ်လုံးသိမ်းတော့ ... ရှင်လွန်းပုံလေး က ဆံပင်သန့် ပါတယ် .. ရှည်တာမြန်မှာပါ ... ဒါပေမယ့် ဆံတောက်ကွေးလေးတော့ နားနောက်မှာ ချန်ထားကွယ့် ... အဲဒါလေးကတော့ ... ဆံတောက် ဖားဖားနဲ့ ကလေးမလေးကို အလွမ်းပြေ ... မြင်မြင်နေစေဖို့ ... ချန်ထား တဲ့ သဘောပေါ့ ကလေးရယ် ..."

ကိုကြီး ပြောခဲ့သော စကား ...။ ရှင်လွန်း ပြန်၍ ကြားယောင်မိရင်း လက်နုနုလေးတွေက ဆံတောက်ကွေးဆီသို့ရောက်၏။ ဟုတ်သည်။ တော သူလေးရှင်လွန်းမေ ၏ ဘဝပုံရိပ်လေးကို ချန်ခဲ့သည်ဆိုပေမယ့် ...။ ဤဆံတောက်ကွေးလေးသည် ရှင်လွန်းမေ ကို ..., ဆံတောက်ဖားဖား လေးဖြင့် ချန်ခဲ့ပါသည့် ဖေဖေ့သမီးလေးအဖြစ် ပုံရိပ်တစ်စွန်းတစ်စ ကိုတော့ဖြင့် ... တင်ကျန်နေစေခဲ့သည်တည့် ...။

"ကိုကြီးဟာ ... ဖေဖေနဲ့ ပတ်သက်လာရင် ... အမြဲ ... တွေးဆေး တတ်တဲ့ ကိုကြီးပါပဲ ..."

ဟု တွေးမိကာ ရှင်လွန်း ဆံကျစ်ရှည်လေးကျစ်သည်။ နောက်တော့ အခန်းထဲမှ ထွက်လာခဲ့ရပါပြီ ...။ ဘာပဲဖြစ်ဖြစ် ... လှပသော ဆံထုံးနှင့် သစ်ခွပန်းတွေဖြင့် နေနေရသည့် အချိန်ထက် ... ခုလို ဆံကျစ်ရှည်လေး ပြောင်းလဲကျစ်လိုက်ရတာကတော့ ရင်ထဲ သက်သောင့်သက်သာရှိသွား ရသည်ပါပဲ ...။ ဩော် ... ကိုကြီးသည် ... ဤနေ့မှာ ... အလှပြင်ဆရာမ လေး ခေါ်ယူမှာ ကိုပင် အိမ်သို့ ခေါ်၍ အလှဆင်စေခိုင်းခဲ့သည်။ ဆံထုံး လှလှလေးထုံးဖွဲ့စေခဲ့သည်။ ရှင်လွန်း ဘွဲ့ယူသည့် ဤနေ့မှာ အလှဆုံး



ပြင်ဆင်စေချင်ခဲ့သည်တကား ...။

"ကဲ ... ကဲ ... အတော်ပဲ ... စတော်ဘာယ်ရီ ဖျော်ရည်ယူသွား ... တူတူသောက်လိုက်ကြ ..."

ဟု ဒေါ်ကြီးမေ လင်ပန်းလေး ကမ်းလာရင်း ပြောတာမို့ ရှင်လွန်း ပြုံး၍ ယူလိုက်ရပါ၏။ ပိုးအင်္ကျီအပြာနု၊ ပိုးချိတ်ထမီနက်ပြာရောင်ဖြင့် ဒေါ်ကြီးမေ သည် ဝတ်ကောင်းစားလှဖြင့် နုနုနယ်နယ်ပင် ပို၍ ရှိနေ သည်တည့် ...။ ဤနေ့မှာ ဆံထုံးထက်၌ သဇင်ပန်းတွေ ဒေါ်ကြီးမေ ဝန်ထားသည်။ ရှင်လွန်း ကြည့်နေတော့ ဒေါ်ကြီးမေ ရှက်အမ်းအမ်းဖြင့် တစ်ချက်ရယ်ကာ လက်က သဇင်ခက်တွေကို ထိ၏။

"နေရတာ ... နည်းနည်းတော့ ရှက်သကွယ် ... ရှိုးထုတ်ထားရ သကိုး ... ဒါပေမယ့် .. မှန်ထဲကြည့်ရတန်းက လှနေသလိုတော့ အရှိ .."

ဟု ရိုးရိုးကြီး ဝမ်းသာစိတ်ဖြင့်လည်း ပြောရှာသည်ပါပဲ ...။ ရှင်လွန်း ပြုံး၍ ဒေါ်ကြီးမေ၏ လက်ကိုကိုင်လိုက်ကာ ...

"ရှင်လွန်း အတွက်ကတော့ဖြင့် ... ဒေါ်ကြီးမေ က အလှဆုံးပါ ပဲ ..."

ဟု ချစ်စိတ်ဖြင့် ရင်ထဲရှိရာအတိုင်းပြောတော့ ဒေါ်ကြီးမေ ရယ် သည်။ ဤနေ့မှာ ရှင်လွန်း ဘွဲ့တက်ယူရတာကိုလည်း အရမ်းဝမ်းသာနေ တာသိသာနေသည်ပါပဲ ...။ နေရသည့် နှစ်တွေလည်းကြာပြီ။ သံယောဇဉ် လည်း ကြီးနေသည်ကိုးလေ ...။ တူမသားချင်းပမာ ချစ်သည်ဆိုတာ ထက် ...။ သမီးလေးလိုပင် ချစ်နေသလိုကြီး ဖြစ်နေသည်တည့် ...။ အပျိုကြီးပေမယ့် .. ဒေါ်ကြီးမေ ကတော့ ရှင်လွန်း ကို တူမအဆင့် လောက်ဖြင့် မထားနိုင်ပဲ ...။ မိဘက သားသမီးကို ချစ်သည့် အချစ်မျိုးဖြင့် ချစ်နေ ခြင်း ...။

"ဩော် ... ဆံတောက်လေးတဖားဖားနဲ့ ဒေါ်ကြီး ရင်ခွင်ထဲဝင် လာခဲ့တဲ့ကလေး ... အခုတော့ဖြင့် ... ဆံပင်ရှည်ကြီး ဒူးဆက်ကွေး အောက်ကျအောင် ရှည်နေတဲ့ ... ရှင်လွန်းလေး လည်း ဖြစ်နေပြီ ...။

ဘွဲ့တွေဘာ တွေတောင်ရလို့ဂွယ် ...''

ဟု စတင်ဆုံခဲ့ရာနေ့လေးကို သတိတရဖြင့် ဒေါ်ကြီးမေ ပြောလာတော့ ရှင်လွန်း ၏ စိတ်လေးတွေ ဖြတ်ဆိုရောက်သွားရသည်က စံရိပ်ငြိမ်သို့ စတင်ရောက်ခဲ့ရသည့်နေ့ ...။ နောက်တော့ ... ဪ ... နောက်တော့လည်း ... ကိုကို့ ကို ပြန်၍ သတိရလာရပြန်ချေသည်တကား ...။ ဒေါ်ကြီးမေလည်း သတိတရတော့ ရှိနေချေမည်သာ ...။ ဒါပေမယ့် ဒေါ်ကြီးမေ ကိုကိုနှင့် ပတ်သက်၍ သတိတရ စကားကို အမြဲရှောင်သည်။ ဘယ်တော့မှ နှုတ်က ဖွင့်ဟမပြောတတ် ...။ ဒါကည်း ရှင်လွန်း ရင်ထဲမှ ဒဏ်ရာတစ်ခုကို ... ပြန်၍ ဆွပေးလိုက်သလို ဖြစ်ကုန်မှာစိုး၍ဆိုတာ ရှင်လွန်း သိနေရသည်ပါပဲ ...။

ရှင်လွန်း ခုလည်း ကိုကို့ ကို သတိရလာမိပြန်ပြီ။ ခုလို ... ရှင်လွန်း ဘွဲ့ရပြီဆိုတာ ကိုကို သိလျှင် ဝမ်းသာချေမည်သာ ...။ ရှင်လွန်း ကို ထွေးချွန်နေချင်လွန်း၍ စာအုပ်တွေပင် ဝယ်ပေးခဲ့သည်ပဲလေ။ ဪ ကိုကို ပေးခဲ့ရာ (Student's Guide) စာအုပ်လေးတွေ ခုထိ ... သစ်လွင်စွာရှိနေအောင် တယုတယထား၍ ရှင်လွန်း သိမ်းထားတတ်ကာ လွမ်းဆွတ်စွာလည်း စာအုပ်လေးတွေကို မကြာမကြာ ဗီရိုထဲမှ ထုတ်၍ထုတ်၍ ကြည့်ဖူးရသည်။ ဒေါ်ကြီးမေ မသိအောင်ကြည့်ခြင်း ...။ လွမ်းဆွတ်စွာ ကြည့်ရခြင်းပါ ကိုကိုရယ် ...။ ရှင်လွန်း မျက်လွှာလေးချကာ ဖျော်ရည်ဖန်ခွက်လေးတွေ တင်ထားရာ လင်ပန်းလေးကိုယူသည်။ ကိုကြီး၏ အခန်းသို့ ထွက်လာမိရပါပြီ ...။ ခုကိုတပေ့ ... ကိုကြီး၏ အခန်းက သွားလာရေးလွယ်ကူသည့် အောက်ထပ်မှာပဲ ရှိသည်။ အပေါ်ထပ်ရှိ ဘုရားဆောင်သို့ပင် ကိုကြီး မတတ်နိုင်ရှာ ...။ ဒါကြောင့်လည်း အောက်ထပ်မှာ ဘုရားဆောင်ကြီး တစ်ခုရှိသည်ပါပဲ။ ကိုကြီး၏ အခန်းနှင့်ဆိုလျှင် အိမ်ဦးခန်းနေရာ ...။ အနီးဆုံး ခန်းဆောင်ဖြစ်ပါ၏။ အပေါ်ထပ် ဘုရားခန်းဆောင်ကိုတော့ ရှင်လွန်းနှင့် ဒေါ်ကြီးမေ တို့ ဘုရားပန်းပူဇော်သည်။ ပန်းဆီမီးလည်း ဆက်ကပ်ပူဇော်ကန်တော့သည်။ ကိုကြီး၏ မိတ်မျှားနှင့်အတူ



ကိုကြီးတို့ တစ်ချိန်က ဘုရားခန်းဝင်ရာ ဘုရားဆောင်ကို ... ဆွမ်းပန်းဆီမီး မပြတ်စေရ ...။ ဤသည်က ... ရှင်လွန်း နှင့် ဒေါ်ကြီးမေ တို့၏ နေ့စဉ်ပြုနေကျဖြစ်စဉ်ပါ ...။

ကိုကြီး၏ အခန်းသို့ ရှင်လွန်း ဝင်လာတော့ ပြတင်းအနီးမှာ ကိုကြီး ရှိနေ၏။ ဝှီးချဲလ်၏လက်ရမ်းပေါ်မှာ လက်ကို အသားတကျတင်ထားသည်။ ရှင်လွန်း ဝင်လာတော့ လှမ်းကြည့်ကာ ပြုံးပြပြီးမှ ဝှီးချဲလ်ကို ဗီရိုရှိရာသို့ ရွေ့၏။ ဗီရိုတံခါးကို ဖွင့်သည်။ အံဆွဲတွင်းမှ ကတ္တီပါဘူးကို ထုတ်၏။ ရှင်လွန်း မှတ်မိသည်ပေါ့ ...။ ရှင်လွန်း ဘွဲ့ယူချိန်မှာ ဝတ်ဖို့ ထုတ်ပေးခဲ့ဖူးသော ရတနာဘူးများ ...။

''လာခဲ့ လွန်းပုံလေး ...''

တစ်ခါတစ်ခါကျတော့လည်း ကိုကြီးသည် ရှင်လွန်း ကို လွန်းပုံလေးဟု ခေါ်တတ်သည်ပါပဲ ...။ ကိုကြီးပေးသော အမည်လေးတစ်ခုသည် ... ကိုကြီး၏ နှုတ်မှ ပွင့်ကျတတ်လာခြင်း ...။ ရှင်လွန်း စားပွဲပေါ် အအေးလင်ပန်းလေးကိုတင်ကာ ကိုကြီးထံသို့ သွားမိသည်။ ကိုကြီး၏ ဝှီးချဲလ်ရှေ့မှာ ကြုံ့ကြုံ့ရှိရှိထိုင်သည်။ ကိုကြီး၏ ခြေထောက်တွေကိုလည်း စတင်၍ နှိပ်ပေးမိပြန်၏။ လောလောဆယ် ကိုကြီး အအေးသောက်ဦးမည်မဟုတ်။ ရတနာတွေပေးဖို့ စောကပ်နေသည်လေ ..။ ရှင်လွန်း ရိပ်မိသည်ပါပဲ ...။

''ကဲ ... ကလေးမလေး ... အခု တစ်ခါတော့ ငြင်းမယ်မကြံနဲ့ ... ဒါ ရှင်လွန်း ဘွဲ့ရတဲ့နေ့ အထိမ်းအမှတ် ... ပြီးတော့ ဆုချီးမြှင့်ရာသော ... ဆုတိုယူရမယ်ကွ ...''

ဟု ပြောလာတော့ ရှင်လွန်း ခေါင်းလေး တစ်ချက်ငုံ့ငြိမ်၏။

''ဟော့ ... ကလေးမလေး ... ခေါင်းမော့စမ်းပါကွ ... ငြင်းဖို့အကြံထုတ်နေတယ်ဆိုတာ ကိုကြီး သိတယ်နော် ... အဲဒီ အကြံမအောင်မြင်ဘူးဆိုတာ နားလည်ထားစမ်းပါ ... ဒီနေ့မှာ .. ကိုကြီးရဲ့ ကလေးကို — ဆုပေးချင်လို့ ... ဟိုတယ်ကိုလည်း ကိုကြီး မသွားခဲ့ပါ သတိလေးရ

www.burmeseclassic.com

www.burmeseclassic.com



ပေးစမ်းပါ ကလေးရ …”

ဟု ပြောလာတော့ ရှင်လွန်း မျက်တောင်တဖျတ်ဖျတ်ခပ်၏။ ရင်ထဲမှာ ဆို့နေသည်ကိုးလေ …။ ရှင်လွန်း ကို … အရာရာ … ပေးဆပ်ခြင်းတွေ ဖြင့် … ဖော့ရှောက်ခြင်းတွေဖြင့် မေတ္တာတွေပေးပါသည့် ကိုကြီး …။ သံယောဇဉ်ကြီးရှာသည့် ကိုကြီး …။ လောလောဆယ်မှာ ကိုကြီး ပျော်နေပုံက … ဒုက္ခတဆိုသည့် လက်ရှိဘဝကိုပင် မေ့နေသည်တကား …။ ရှင်လွန်း အတွက် အသက်ရှင်ရင်း ဘဝကို ရင်ဆိုင်နေသည့်နယ်ဖြစ်နေသည်အထိ ကိုကြီး၏ သံယောဇဉ်အရှိန်အဟုန်က ပြင်းလှသည်ကိုးလေ …။ ရှင်လွန်း ဖြင့် ကိုကြီးကို သနားလှပါပြီ …။ ကိုကြီးကို လူကောင်းတစ်ယောက် နယ် သန်သန်မာမာ ဖြတ်ဖြတ်လတ်လတ်သွားလာနေတာမျိုးကိုလည်း ရှင်လွန်း မြင်ချင်လှပါပြီ …။ ဆုတောင်းရသည်ကလည်း နှစ်နှင့်ချီနေပြီ။ ခြေထောက်လေးတွေကို နှိပ်ပေးနေရသည်ကလည်း … နှစ်နှင့်ချီခဲ့ပြီ …။

“ရှင်လွန်း အတွက် … ကိုကြီး လက်စွပ်လေးတွေ လက်ကောက် လေးတွေ ဆွဲကြိုးနဲ့ နားကပ်လေးတွေ … နာရီလေးတွေ ပေးခဲ့တာများလှ ပါပြီ ကိုကြီးရယ် … ဒီလောက်အဖိုးတန်တဲ့ ပစ္စည်းတွေ တစ်ဆင်စာ ကြီးတွေကို … ရှင်လွန်း မယူရဲပါဘူး ကိုကြီးရယ် … ရှင်လွန်း လို တောသူ လေးအတွက် … မှန်းရဲစရာမရှိတဲ့ တန်ဖိုးကြီး လက်ဝတ်ရတနာတွေပါ …။ ကိုကြီး သိမ်းထားနော် … ရှင်လွန်း မှာ အဲသလောက်တန်ဖိုးကြီးရာတွေ ကို ဝတ်ဆင်သွားလာစရာ နေရာရယ်လို့လည်း မရှိပါဘူး ကိုကြီးရယ် …”

ဟု ပြောတော့ ကိုကြီး မျက်တောင်မခပ်ကြည့်လာသည်။ လက်ထဲမှ ဘူးတွေကိုလည်း ကိုကြီး ကြည့်ကာ တစ်ချက်ငိုင်၏။ နောက်တော့ အားယူ၍ ပြုံးသည်။ လက်ထဲမှ ရတနာဘူးတွေကို စားပွဲပေါ်အထပ်လိုက် တင်၏။

“ကိုကြီး ရဲ့ ကောသရီရတနာ အရောင်းခန်းဆောင်က ယူလာတဲ့ ဒီလက်ဝတ်ရတနာတွေဆိုတာက … ဘယ်လောက်တန်ဖိုးကြီးကြီး — ကိုကြီးရဲ့ မေတ္တာလောက်တော့ မကြီးကြပါဘူး ကလေးရယ် … ကိုကြီး



ရဲ့ မေတ္တာဇောက ဘယ်အရာနဲ့ ယှဉ်ယှဉ် … အမြဲ .. ပုံအောမြင့်မားနေ ကြတာပါကွယ် … အေးလေ … ကိုကြီးလို ဒုက္ခိတတစ်ယောက်ဆီက … ယူရမှာ … ရှင်လွန်း … ဝန်လေးချင်လည်း ဝန်လေးနေမှာပေါ့လေ .. အလွန်နုနယ်ပြီး လန်းဆန်းနေတဲ့ ကလေး … ရှေ့မှာ တက်လမ်းတွေ တစ်ထမ်းကြီးနဲ့ ရှိနေတဲ့ ကလေးအတွက်ကတော့ဖြင့် ဒီပစ္စည်းတွေဟာ တစ်နေ့မှာ … ကလေးရဲ့ ထွက်ချွာမယ့် ခြေလှမ်းတွေအတွက် ဝန်လေး စရာများ ဖြစ်လာမလားလို့ … ကလေး … စိုးရိမ်နေသလား … ဟင် …”

ရှင်လွန်း အံ့သြစိတ်ဖြင့် မော့ခနဲ ကိုကြီးကို ကြည့်လိုက်မိရပါပြီ။ ခုလို … ကိုကြီး ပြောလာမည်ဟု ရှင်လွန်း မထင်ထားမိခဲ့ …။ အို … ထင်ကို မထင်နိုင်စွမ်းခဲ့ …။ ခုကျတော့ … ကိုကြီးသည် ဒုက္ခိတကြီးပေ မို့ … ရှင်လွန်း လောက်ပင် တန်ဖိုးမရှိသည့် လူတစ်ယောက်နယ် သိမ် ငယ်ခံစားရင်း ပြောလာချေသည်တကား …။ ရှင်လွန်း မျက်ရည်ကျလာ သည်။

ခေါင်းလေး ခါရင်း …။

“ဘာလို့ …ဘာလို့ … အဲသလို ပြောရတာလည်း ကိုကြီးရယ် … ကိုကြီးဟာ ရှင်လွန်း အတွက် … အလွန်ကြီးမားတဲ့ ကျေးဇူးရှင်ပါ …။ အလွန်လုံခြုံတဲ့အရိပ်တစ်ခုပါရှင် … ကိုကြီး ကျေးဇူးတွေ ရှင်လွန်း တစ်သက် … ဆပ်လို့မကုန်နိုင်အောင်ပါ … ကိုကြီး … အတွက်ဆို … ရှင်လွန်း ရဲ့ အသက်ကိုပေးရ … ပေးရ … ဝန်မလေးတာပါ ..”

ဟု ပြောရင်း ကိုကြီး၏ ခြေထောက်တွေကို မျက်ရည်စက်လက် ဖြင့် ရှင်လွန်းကျုံး၍ နှိပ်ပေးတော့ ကိုကြီး၏ လက်တွေက ရှင်လွန်း ၏ လက်လေးတွေ ပေါ် ရုတ်ခနဲ ဖေးအုပ်လာသည်။ ဒါ … ပထမဆုံး အကြိမ် ဖေးအုပ်ဆုပ်ကိုင်လာခြင်း …။ ကိုကြီး၏ လက်တွေတုန်ခါနေ၏။ ကိုကြီး၏ ခေါင်းငိုက်ကျလာသည်။ ကိုကြီး၏ မျက်ရည်စက်က ဖျောက် ဖျောက်ပါအောင် ပေါက်ပေါက်စက်စက် … ကျ၏။ သြော် … ထိုမျက်ရည် စက်တို့သည် ကိုကြီး၏ လက်ဖမိုးပေါ်သို့သာကျခြင်း … ။ ရှင်လွန်း

www.burmeseclassic.com

www.burmeseclassic.com



၏ လက်ဖမိုးသို့ မထိစေရ ...။

"မမောသေးဘူးလား ကလေးရယ် ... မပင်ပန်းသေးဘူးလား ..။ အဖြေထွက်ပြီးသား သင်္ချာတစ်ပုဒ်ကို .... အစက ပြန်တွက်နေလို့ ဘာထူးမှာလည်း ကလေးရယ် ... ပင်ပန်းရုံပဲရှိမှာပေါ့ ... အမှန်ဘွက်ထားတဲ့ အဖြေတစ်ခုကို ... နောက်အဖြေတစ်ခုထွက်လာနိုးနဲ့ ထပ်ပြီး အစက ထွက်ရင် .. နောက်ထပ် အဖြေတစ်ခုထွက်လာတယ်ပဲထား ... အဲဒါ .. အမှန်မဟုတ်ဘူးလေ ... အမှား .. အဖြေမှားပဲဖြစ်မှာ ကလေးရဲ့ ... ကိုကြီးရဲ့ ခြေထောက်တွေအတွက်တ ... အဖြေမှန်ထွက်ထားပြီးသား ..။ ဒီခြေထောက်တွေ ... ဘယ်တော့မှ ... ဘယ် ... တော့ ... မှ ကောင်းမလာနိုင် ... တော့ ... ဘူး .. မရှုးချင်စမ်းပါနဲ့ ကလေးရယ် ... မနှိပ်ချင်စမ်းပါနဲ့တော့ ..."

ကိုကြီး၏ အသံတွေ တုန်ခါနေသည်။ မချိတင်ကဲကြီး ပြောလိုက်သံက ဆို့ဆို့နင့်နင့်နိုင်၏။ ဤတစ်ကြိမ်မှာ ကိုကြီး တစ်ချက် စိတ်ကို လျှော့လိုက်သည်ထင့် ..။ အံခဲ၍ မျက်ဝန်းတွေ မှိတ်ချထားပါသည့် ကိုကြီး၏ နှုတ်ခမ်းတွေ တုန်ခါနေသည်။ မေးရိုးတွေတင်းနေသည်။ လည်ပင်းကြောတွေထောင်နေ၏။ အံတင်းတင်းခဲထားမှန်းလည်း သိသာနေသည်။ အက်တက်တက်နိုင်သော ကြေကွဲသံတစ်ခုက ... ကိုကြီး၏ လည်ချောင်းဆီမှ ထွက်လာသည်။ နှုတ်ခမ်းကို တင်းနေအောင် ကိုကြီး စေ့ထားဖို့ ကြိုးစားနေသည့်ကြားမှ နှုတ်ခမ်းသည် ပွင့်မနဲဖြစ်၏။ နာကျင်ကြေကွဲနေသည့်အသံ ..။ မျှော်လင့်ချက်တွေ ပျောက်ဆုံးနေသည့် အက်တက်တက်အသံတစ်ခုနှင့် နှုတ်ခမ်းဆီမှ ပွင့်ကျ၏။ ရှင်လွှန်း ... ဘယ်နှယ်လုပ်၍ ကြည့်ရက်နိုင်ပါ့မည်လည်း ကိုကြီးရယ်လေ ...။ တင်းခံနိုင်စွမ်းပါ့မည်တဲ့လဲ ...။ ကိုကြီး၏ ပေါင်ပေါ်ခေါင်းလေးဖေး တင်လိုက်မိကာ ကလေးနှယ် ရှင်လွှန်း ငိုချလိုက်မိရပါ၏။ ရှင်လွှန်း ၏ ခေါင်းလေး ဘယ်ညာနွဲ့နေသည်။ မျက်ရည်ကထိန်းမရ ..။

"ကိုကြီး ... အဲသလို ... မ .. ပြော .. ပါနဲ့ ... ကိုကြီး ... ကောင်း



လာ .. မှာ ... ပါ ..."

ရှင်လွှန်း သွေးရူးသွေးတန်း နည်းနည်းဆန်စွာ တောက်လျှောက် တတွတ်တွတ် ပြောနေတော့ ကိုကြီး၏ လက်တွေ ရှင်လွှန်း ၏ ခေါင်း လေးပေါ်ပြောင်း၍ ရောက်သော၏။

"လက်လွှတ်လိုက်တော့ ကလေးရေ ... အဲဒီ မျှော်လင့်ချက်ကို လက်လွှတ်လိုက်တော့ ... ကိုကြီး ကိုယ်တိုင် အဲဒီ မျှော်လင့်ချက်ဆိုတာ ကြီးကို လက်လွှတ်ခဲ့တာ ... ကြာလှပြီ ... ရင်ဆိုင်ရတာလည်း ကြာလှပါ ပြီကွယ် ... မျှော်လင့်ချက်ဆိုတာ ... ဖြစ်မလာနိုင်တဲ့ အရာတစ်ခုပေါ်မှာ ထားရင် ... အဲဒီလူကို ဒုက္ခပေးတတ်တယ် .. ပင်ပန်းစေတယ် .. ဝန်ပိစေတယ် ... မဖြစ်နိုင်တဲ့ အရာတစ်ခုကို စွဲလန်းနေစေခြင်းဟာ ... ဒုက္ခ ပေးတတ်တယ်ကလေး ..."

ဟု ပြောလာတော့ ရှင်လွှန်း ကိုကြီးကို မော့ကြည့်မိရပါ၏။ နောက်တော့ ကိုယ်လေးလျှောချကာ ... ကိုကြီး၏ ခြေဖမိုးထက်မှာ ခေါင်းလေးတင်သည်။ နဖူးလေးကို ထိသည်။

"ဘယ်တော့မှ .. လက်မလွှတ်ဘူး ကိုကြီး ... ဒီခြေထောက်တွေ ... ဘာလို့ ... မကောင်းရမှာလဲ .... ကြည့်ပါဦး ... ဒီလောက်နူးညံ့ပြီး ... ဒီလောက် ပန်းရောင်သွေးလေးတွေ သမ်းထားသလိုရှိနေတဲ့ ခြေထောက် လေးတွေ ဘာလို့မကောင်းရမှာလဲ ... မကောင်းရမှာလဲ ..."

ဟု စိတ်လိုက်မာန်ပါ ပြောနေမိရပါ၏။ ကိုကြီးကလည်း ခြေ ထောက်ကိုလက်ဖြင့် ကိုင်လာသည်။ ဘေးဘက်ကို ဖယ်ဖို့ကြိုးစားနေ သည်။ ရှင်လွှန်း ၏ နဖူးနှင့် မထိပဲရှိစေဖို့ ကြိုးစားနေခြင်း ..။ ကိုကြီး ကိုယ်တိုင်လည်း မျက်ရည်ကျလာနေသည်။ နောက်တော့ ... ဗိုးချဲလ် ကို နောက်သို့ ဆုတ်စေသည်မို့ ကိုကြီး၏ ခြေထောက်ကနေရာရွှေ့၏။ ရှင်လွှန်း ကို ကြည့်ကာ ကိုကြီး အံခဲ၍ ...။

"ကိုကြီး ပြောစရာရှိတာ ပြောလိုက်တော့မယ် ရှင်လွှန်းလေး .. သေချာနားထောင် ... အဲဒီမှာပဲ ထိုင်နေ ... ယိုင်နေ ... ရှေ့တိုးမလာပါနဲ့

www.burmeseclassic.com



တလေးရယ် ... ခဏ ... ခဏလေးပါ ..."

ဟု အသံတွေ အက်နေရင်း ပြောနေတော့ ရှင်လွန်း ရှေ့မတိုးရက် ... ကိုကြီးကို သနားစိတ်ဖြင့် ငြိမ်သက်ထိုင်နေရပါပြီ ...။ ကိုကြီး နှုတ်ခမ်းတွေ တုန်နေသည်။ ပြောရမည့်စကားအတွက် မနည်းအားယူရတာ သိသာနေသည်။ အားမွေးနေရတာလည်း သိသာနေသည်ပါပဲ ...။

"တကယ်က .. ဒီနေ့မှာ ဒီစကားပြောဖို့ ... မဟုတ်ဘူး ကလေး ... နောက်နေ့မှ ပြောဖို့ပါကွယ် .. ဒါပေမယ့် ... ခုတော့ ပြောလိုက်ရတော့မယ် ... ဒုက္ခိတကြီး တစ်ယောက်အတွက် ... ရွေးချယ်စရာ ... ဒီလမ်းပဲ ရှိတော့တယ် ... ဒါပေမယ့်ကလေးအတွက် အသင့်တော်ဆုံးသော ရွေးချယ်မှုပါ ..."

ကိုကြီး အသွားတင်း၍ ပြောနေခြင်း ... အဘယ်စကားပေမို့ ဤမျှအထိ ကိုကြီး ရင်နင့်မဆန့်ဖြစ်နေရပါသလဲ ... ရှင်လွန်း ဤတစ်ကြိမ်မှာတော့ ဝန်လေးလာသည်။ ကိုကြီး ပြောလာမည့် စကားတွေကို ရင်ဆိုင်ရမှာ ဝန်လေးခြင်း ...။ တုန်လှုပ်လာရခြင်း ...။

"အခု ... ရှင်လွန်းလေး ... ကိုကြီး ရဲ့ လွန်းပုံလေး ... ဘွဲ့တစ်ခုကို ရပြီ ... ပန်းချီ သင်တန်းတစ်ခုကို ရှင်လွန်းပုံလေး ဆယ်တန်းအောင်တာနဲ့ ... ညနေဘက်တွေမှာ တက်ခိုင်းခဲ့ရာက ... အခုဆိုရင် ... ရှင်လွန်းပုံလေးဟာ ပန်းချီဆရာမလေး တစ်ယောက်တောင်ဖြစ်နေပြီ ... ဆွဲထားတဲ့ ပန်းချီကားတွေဆိုတာ မနည်းတော့ဘူး ... ကိုကြီး ခွင့်ပြုတဲ့နေ့ကျရင် စီစဉ်ပေးတဲ့နေ့ကျရင် ... ပန်းချီအရောင်းခန်းတစ်ခု ... ကေသရီ ဟိုတယ်မှာ ဖြစ်စေဖို့အထိလည်း စီမံထားပြီးပြီ ... ဒီတော့ ရှင်လွန်း ဟာ ... သီရိချို လိုလည်း ပန်းချီဆရာမလေး ဖြစ်ခဲ့ပြီ ... သူ့ထက်တောင်မှ လက်ရာမြောက်ပန်းချီတွေ ဆွဲနိုင်တဲ့သူအဖြစ်ဆိုပါတော့ ... ဘာလို့လည်းဆိုတော့ သီရိချို ရဲ့ ပန်းချီအရောင်းပြပွဲက ပန်းချီကားတွေကို ရှင်လွန်း မသိအောင် ကိုကြီး လူလွှတ်ဝယ်ခိုင်းခဲ့လို့ပဲ ... သီရိချို ရဲ့ ပန်းချီကား



တစ်ချို့ ကိုကြီးရဲ့ ဟိုတယ်ရုံးခန်းက အံဆွဲရှည်ကြီးတွေထဲမှာ သိမ်းထားတာရှိနေတယ်လေ ... သူ့လက်ရာထက် .. ရှင်လွန်း ရဲ့ လက်ရာတွေက ပိုပြီး အသက်ဝင်ကြတယ်လို့ ... ကိုကြီးမှတ်ယူတယ် ... ဒီတော့ ရှင်လွန်းဟာ သီရိချို ထက်မညံ့သော ရှင်လွန်းပုံ ဖြစ်နေပြီ .. ပညာဘတ်လည်း ဖြစ်နေပြီ ... ပြီးတော့ ရှင်လွန်းပုံ ဟာ ... ကေသရီရိပ်မြိုမ်ရဲ့ စည်းစိမ်များကိုလည်း ပတ်သက်ခွင့် ... ပိုင်ဆိုင်ခွင့်ရှိရာ ဖြစ်စေဖို့လည်း ကိုကြီး စီမံမှာမို့ ... ချမ်းသာသော မိန်းကလေးလည်း ဖြစ်ရပြီ ... တကယ်က ချမ်းသာနေတဲ့ ရှင်လွန်းပုံ ဖြစ်နေပြီသားပါကွယ် ... လူသိရှင်ကြားဖြစ်အောင် ကိုကြီး စီမံဖို့ပဲ လိုတာပါ ... ဒီတော့ .. ရှင်လွန်းဟာ ... ချမ်းသာဂုဏ် ... ပညာဂုဏ် အနုပညာဂုဏ် ဘာတစ်ခုမှ သီရိချို ထက် မလျော့တဲ့ သူ ဖြစ်ပြီမို့ ... ကိုကို့ရဲ့ ဘိုးဘိုး ... ဦးဘကောင်း အတွက် မနှစ်သက်စရာ မရှိတော့ပါဘူး ...။ ကလေးရယ် ... ဒီတော့ ... ကိုကို့ဆီ ... ရှင်လွန်း ဆက်သွယ်လိုက်ပါ ... လာတွေ့ဖို့ခေါ်လိုက်ပါ ... သူလာမှာပါ ... မလွဲမသွေလာမှာပါ ... ရှင်လွန်း အတွက် အအုပ်အထိန်း ကိုကြီးတစ်ယောက်အဖြစ် .. ကိုကြီး ... နေမယ် .. ဘိုးဘိုး ဦးဘကောင်း ကိုလည်း ကိုကြီး ဆက်သွယ်လိုက်ပါမယ် ..."

ကိုကြီး ဆက်တိုက်ပြောနေသည်။ ကိုယ်သည်မတိနေ၏။ ကျောဖြင့်က ဝိုးရဲ့လ် ကျောမှီတစ်ခုကို မှီတွယ်ရာတစ်ခုအဖြစ် ခပ်ဖိဖိမှီကျနေသည်။ လက်တွေက လက်ရမ်းကိုတင်းနေအောင် ဆုပ်ထား၏။ ဒါပေမယ့် ... လက်ချောင်းတွေက တုန်ခါနေကြသည်။ ရှင်လွန်း ရင်ထဲဆို့တက်လာရပါပြီတည်း ...။ ရှင်လွန်း ၏ ကိုယ်လေး လှုပ်ခနဲ အဖြစ်မှာ ကိုကြီး၏ လက်တွေက ရှေ့သို့ ဝေ့လာသည်။ ယမ်းလာသည်။ တားသည့် သဘော ..။ ရှင်လွန်း ရှေ့တိုးမလာအောင်တားသည့်သဘော ...။ ရှင်လွန်း မျက်ရည်စက်လက်ဖြစ်လာရပါပြီတည်း ..။

"မတားပါနဲ့ ကိုကြီး ရယ် ... ရှင်လွန်း ရှေ့တိုးလာမှာ မဟုတ်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဘူး ...။ နောက်ကို ဆုတ်သွားတော့မှာပါ ... ကိုကြီးနဲ့ နီးလာမှာ ကိုကိုကြီး မစိုးရိမ်ပါနဲ့ ... နောက်ကိုဆုတ်ပြီး ဝေးတဲ့နေရာမှာ ရှင်လွန်း ရောက်တော့မှာပါ ... ဒါပေမယ့် ကိုကို့ဆီမှာ ရောက်နေမှာတော့ မဟုတ်ပါဘူး ... ကိုကြီးရယ် ... ကိုကြီး နဲ့ ဝေးတဲ့နေရာဆိုတာက ... ကိုကို့ဆီ ရောက်မှ မဟုတ်ပါဘူး ... တခြားနေရာ တစ်ခုခုကိုလည်း ရောက်သွား လို့ ဖြစ်တာပါပဲ ... ကိုကို့ဆီကိုတော့ ဘယ်တော့မှ ရှင်လွန်းမရောက် နိုင်ပါဘူး ... ဘာလို့လည်းဆိုတော့ ... ရှင်လွန်း တို့လို ... ဆင်းရဲသူတွေ မှာက ... ငွေကြေးချမ်းသာဘာမှ မရှိပေမယ့် ... ကတိတည်ခြင်းဆိုတဲ့ အရာ တစ်ခုကတော့ အသက်နဲ့ ထပ်တူရှိနေရမှာမို့ပါ ... ဘွားမြတ် ကို ပေးထားတဲ့ကတိ ... ရှင်လွန်း ... ဘယ်တော့မှ မဖျက်ပါဘူး ကိုကြီး ရယ် ... ကတိသစ္စာတည်ခြင်းဆိုတာ ... ရှင်လွန်း တို့လို ဆင်းရဲသားတွေ အတွက်ကတော့ဖြင့် ... အလွန်အရေးကြီးတဲ့အရာပါ ... ချမ်းသာဂုဏ် ချို့တဲ့ပေမယ့် ... ကတိဂုဏ်ကိုတော့ အချို့တဲ့မခံနိုင်လို့ပါ ..."

ရှင်လွန်း ပြောနေရာမှ မျက်နှာလေးမှာ ဝမ်းနည်းပက်လက်ခံစားရ လေသမျှ အရိပ်တွေ ပြည့်သိပ်အုပ်မိုးကျလာသည်။ ငိုမဲ့မဲ့လေးဖြစ်လာရာ မှ ငိုချသည်။ ကိုကြီးကိုလည်း ကန်တော့မိရပါ၏။ ကိုကြီး အလောတ ကြီး ဝိုးချဲလ်ကို ရှေ့တိုးလာချိန်မှာ ရှင်လွန်း ကလည်း အလောတကြီး ထရပ်လိုက်ပြီ။ နောက်သို့ ဆုတ်သည်။ ဆုတ်နေရင်းလည်း မျက်ရည် တွေဝေနေသော မျက်ဝန်းတွေဖြင့် မမှိတ်မသုန်ကြီး တောက်လျှောက် ကြည့်နေမိသည်က ကိုကြီးကိုပါ ...။ ခုကျတော့ ကိုကြီး၏ မျက်နှာ ထက်မှာ ထိတ်လန့်စိုးရိမ်ရိပ်တွေ အတောမသတ်နေရာယူနေကြပြီ ...

"ကိုကို့ လက်ထဲအပ်မယ့် အစီအစဉ်တွေ ပျက်ကုန်မှာ စိုးရိမ်နေ တယ်လား ... ကိုကြီး ..."

တုန်ခါနေသည့် အသံလေးဖြင့် ရှင်လွန်း မေးမိခြင်း ...။ ကိုကြီး ခေါင်းခါနေသည်။ တစ်ခုခုကို ပြောဖို့လည်း ကြိုးစားနေသည်။ အသံက



ထွက်မလာနိုင်ပဲ ဖြစ်နေတာလည်း ရှင်လွန်း မြင်နေရပါ၏။ သိနေရပါ၏။

"ရှင်လွန်း ကို ပန်းချီဆွဲတတ်အောင် ကိုကြီး စီမံပေးခဲ့တယ် ...။ ပညာတတ်အောင် မြေတောင်မြှောက်ပေးခဲ့တယ် ... ရှင်လွန်း ကို သံယော ဇဉ်ကြီးလွန်းလို့ဆိုပြီး ရှင်လွန်း ယုံကြည်နေမိခဲ့တယ် ကိုကြီးရယ် ... တကယ်က ... တကယ်က ... မမလေး သီရိချို နဲ့ ဂုဏ်ရည်ပြိုင်ပွဲကျင်းပ နိုင်ဖို့အတွက် ... ကိုကြီး ... ကိုကြီး ... လုပ်ပေးနေခဲ့တာကိုး ... ဖြစ်ရ လေ ကိုကြီး ရယ် ... ဟင် ... ရှင်လွန်း ကိုယ်ကိုလည်း ရှင်လွန်း အဲသလို ညည်းရမလိုပါပဲ ... ရှင်လွန်း ရဲ့ ယုံကြည်မှုတွေကိုလည်း ဖြစ် ... ရ ... လေ ... ဆိုပြီး ... ညည်း ... လိုက် .. ရ .. မလို ပါလား ကို ... ကြီး ... ရယ် ..."

ရှင်လွန်း ရင်ထဲမှာ ဆို့လာသည်။ နင့်နင့်ပါမျှ ခံစားနေရသည်။ ဒူးခနဲဒူးခနဲ ရင်ထဲမှာ ဖြစ်နေ၏။ တဆစ်ဆစ်မြည်နေသော နှလုံးအိမ် ထဲမှ အသံကို ရှင်လွန်း ကြားနေရသည်။ နှလုံးအိမ်လေးကွဲအက်ဖို့နေပြီ ထင့် ...။ ရှင်လွန်း ၏ လက်လေးတွေက ရင်ဘတ်ထက်မှတင်၏။ လက် ချောင်းလေးတွေက ရင်ကိုပြန်၍ ဖိနေသည်။ လည်ချောင်းမှာ ဆို့ခဲ သော ခံစားချက်က အုပ်စည်းထား၏။ လည်ချောင်းတစ်ခုလုံး အသက် ရှူဖို့ ခက်ခဲလာတော့မတတ် ကြပ်ခဲလာနေတာက ဆိုးနေပြန်သည်။

ကိုကြီး၏ ဝှီးချဲလ် က ရှေ့တိုးလာချိန်မှာ ရှင်လွန်း ခေါင်းခါ၍ နောက်ဆုတ်၏။

"သူ .. သူ ... ခုထိ ... လက် ... မထပ်ဖြစ် ... သေး ... ဘူး .. ကိုကြီး ... ဂုံ .. စမ်း ... ထားတယ် ..."

ကိုကြီး ပြောနေပုံက ... ကိုယ့်ကိုယ်ကိုယ် ... နာကျင်အောင် ထုရိုက် နေသည့် လူတစ်ယောက် ဆန်လာနေတာကို ခုကျမှ ... ရှင်လွန်း မြင်ရ ဖြူလာပါ၏။

ရှင်လွန်း မရပ် ...။ နောက်သို့ ဆုတ်..နဆဲ ...။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်လွန်း ... ကိုကို့ ဆီကို ဘယ်တော့မှ ... မသွားပါဘူး ကိုကြီး ကေသရီရိပ်ငြိမ်ကတော့ .. ဒီနေ့ ... ဒီနေ့မှာ ... ထွက် ... သွား ... မှာပါ ... ထွက် ... သွား ... မှာ .. ပါ ကိုကြီး ရဲ့ ဂုဏ်ပြိုင်ပွဲတစ်ခုကို အနိုင်ဆိုတဲ့ အရာတစ်ခုပေးခဲ့ရင်း ... ရှင်လွန်း ... ထွက်သွားမှာပါ ... သီရိချို ကို ... ကိုကြီး ပြိုင်ပွဲတစ်ခု ကျင်းပလိုက်တယ်မဟုတ်လား ... အဲဒါ ... အခု ... ကိုကြီးပေးလိုက်တဲ့ ... အနိုင်ဘွဲ့တစ်ခု .. အဲဒါကို ... ကိုကြီး လက်ထဲမှာပဲ ရှင်လွန်း ပြန်အပ်ခဲ့ပါတယ် ... ကိုကြီး မက်မောတဲ့ အဲ့ဒီအရာဟာ ... ရှင်လွန်း အတွက် ဘာမှအရာမထင်ပါဘူး ... ကိုကြီး လက်ထဲမှာပဲ ကျန်ခဲ့တာကောင်းပါတယ် ... ဘွဲ့ရ ... ပညာတတ် .. ပန်းချီ ဆရာမလေး ရှင်လွန်းပုံ ဆိုတဲ့ ဂုဏ်ကြီး ... ကိုကြီး လက်ထဲ အပ်ခဲ့ပါတယ် ... သီရိချို ဆီ ... ကိုကြီး သယ်သွားလိုက်ပါ ... ကိုကြီး ပုံစံသွင်းလိုက်နိုင်တဲ့ ရှင်လွန်းပုံ ဆိုတဲ့ သူတစ်ယောက်အကြောင်းလည်း ဖော်ပြရင်း ကိုကြီး ဂုဏ်ယူပြလိုက်ပါတော့ ..."

ဟု ဆက်တိုက်ပြောနေချိန်မှာ ကိုကြီး ထံမှ ...။

"တိတ် ... တိတ်စမ်း ရှင်လွန်း ..."

ဟု ရင်ကွဲသံကြီးဖြင့် တားသံပေါ်လာသည်။ ကိုကြီး၏ လက်တွေလည်း ရင်ကို ဖိလာနေကြပြီ ...။ မျက်ရည်ပေါက်တွေ ယောကျ်ား[illegible]မဲ့ပြိုကျနေတော့ ရှင်လွန်း တင်းမခံသာ ...။ တွေ၍ ရပ်နေမိရပါပြီ။ နောက်မဆုတ်ရက်နိုင်ပဲ ရင်သည် ကြေကွဲရှိန်ဖြင့် ခါနေသည်။ လှိုက်[illegible]သည်။ ကိုကြီး၏ လက်တွေက ဗွီးချပ်လ် ၏ ရွှေ့လျားခလုတ်ကို နှိပ်၏။ ရှေ့တို့ စိတ်ဆောင်ရာအတိုင်း ခပ်မြန်မြန်ရွှေ့လျားလာနေသည်။ ရှင်လွန်း၏ ရှေ့သို့ရောက်တော့ ကန့်ရပ်၏။

"မင်း ... မင်း ... ငါ့ကို ထားခဲ့တော့မယ် ... ဟုတ်လား ထား[illegible]ရက်တော့မယ်ပေါ့ ... ဟင် ... ဆုံးဖြတ်ရက်တယ်ပေါ့ ..."

ဟု မော့ကြည့်ရင်း မေးလာချိန်မှာ ကိုကြီး၏ မျက်နှာသည် ရှင်[illegible]



ချည်း အားအင်တွေ ဆုတ်ခမ်းလာသည့် အရိပ်တွေ အုပ်မိုးလာပြီ ...။

"မင်း ပြောတယ် ... ဂုဏ်ပြိုင်ပွဲ ... ဟုတ်လား .. အဲဒါ ငါ့အတွက်လား ... ရှင်လွန်း .. ငါ့အတွက်မို့လို့လား ... မင်းအတွက်လုပ်တာပါကွ ... မင်းအတွက် ... ငါ လုပ်တာတွေပါ ... မင်း ... မင်း ... အဲဒါလေး လောက်တော့ထည့် ... စဉ်းစားသင့်တာပေါ့ .... မင်းတစ်ယောက်ကို ငါ တာဝန်ယူနေရလို့ ငါ့မှာ ဘာတာဝန်ပိုကြီးလာမှာမို့လို့လဲ ... ငါ ... ဘယ်လောက်မွဲသွားမှာမို့လို့လဲ ... ခပ်ရိုင်းရိုင်း ငွေစကားပြောရင် အဲသလိုပဲ ... ဘယ်လောက်မွဲသွားမှာမို့လို့လဲလို့ ပြောဖို့ပဲ ကျန်တယ် ရှင်လွန်းပုံ ... မင်း .. ကိုကိုဝယ်ပေးတဲ့ (Student's Guide) စာအုပ်လေးတွေကို အရမ်းတန်ဖိုးထားသိမ်းထားတာတွေ ငါ့ကို ဒေါ်ကြီးမေ ပြောပြတယ် .. မင်း ရင်ထဲက ဝေဒနာကို ... ငါ .. အေးချမ်းစေချင်တယ် ... ဒါကြောင့် ... ဂုဏ်တင့်တဲ့ ရှင်လွန်းမေ ဆိုတဲ့ ကောင်မလေးအဖြစ် ... အဲဒီ စံရိပ်ငြိမ်ဘေးက .. ပန်းညက်မြိုင်ကိုသွားရဲတဲ့ ခြေလှမ်းတွေဖြစ်လာအောင် ... ငါ ... လုပ်ပေးခဲ့ရတာပါ ... မင်း ... ဒီကေသရီက ပျောက်ကွယ်သွားစေဖို့အတွက် မဟုတ်ဘူး ... မင်းရဲ့ ကိုကိုနဲ့ မင်း ... ချမ်းမြေ့စွာနေရ[illegible]အတွက် ... ငါ့ရင် ... ငါ့အသည်း ... ငါ့အရိပ် ငါ့ဘဝ ငါ့ခံစားချက်[illegible] အားလုံးကို ဟောဒီ ကေသရီရိပ်ငြိမ်ကြီးထဲမှာ ... သင်္ဂြိုလ်မြှုပ်နှံခဲ့[illegible]ရင်း ကျန်ခဲ့တဲ့သူအဖြစ် ... ငါ ... ငါ .. သီသီကြီး နဲ့ ... အဖြစ်ခံရင်း [illegible]ခဲ့မှာ ... ရှင်ရက်နဲ့ သေတဲ့သူအဖြစ် ... ငါ ကျန်ခဲ့ရမှာ ... သိရဲ့လား ... [illegible]ရဲ့လား ကလေးမလေးရဲ့ ... ဟင် .. ဟင် .. ငါ .. ငါ .. မင်းကို ခွဲနိုင်[illegible]ယ်လို့များ ထင်နေသလားကွ ... ခွဲနိုင်တယ်လို့များ ထင်နေသလား ... [illegible]ကို တစ်နေ့မှာ ကိုကို့ဆီ အပ်မယ်လို့ ငါ ... ဆုံးဖြတ်ရတိုင်း ... ငါ့ရင်[illegible] ကျေနေတာပါ ကလေးရယ် .. ဟောဒီက ကိုကြီးရဲ့ ရင်တွေကျေ[illegible]နေတာပါ ... အရှုံးအမှုံးကျေနေတာပါ ...မင်းကို ဒီက ထွက်[illegible]သွား[illegible]အထိ ငါ ... မျက်စိမှိတ်ကြိတ်စားနေတာဟာ ... မင်းလေးရဲ့ [illegible]အေးချမ်း

www.burmeseclassic.com

www.burmeseclassic.com



ဖို့အတွက်ပါ … စိတ်ချမ်းသာဖို့အတွက်ပါ … အဲဒီအချိန်မှာ ငါဟာ –
ငါ့နှလုံးသားကို ငါကိုယ်တိုင် ဓားနဲ့ မွှန်းနေရတာကွ … အသေအကျေ
ထိုးနေရတာနဲ့ မခြားဘူး … မခြားပါဘူး .. ကလေးရယ် … ခု … ရု –
မင်းက မင်းက ကိုကို့ ဆီကို လည်း မသွားဘူးလို့ ဆုံးဖြတ်တယ် –
ငါ့ကို … ငါ့ကို ချွန် … ခဲ့ … မယ် လို့ ဆုံး ဖြတ်တယ် … ငါ့ရင်ကို –
စွန့်ကာ … ထွက်သွားမယ်လို့လည်း … ဆုံး ဖြတ်တယ် … ငါ့ကို –
ငါ့ကို ချန် … ခဲ့ … မယ် လို့ … ဆုံးဖြတ်တယ် ဟုတ်လား … ငါ –
ငါ့လို .. ဒုက္ခိတကြီးနဲ့ မင်းကို မင်းကို အနေ … မနီးစေချင်ပေမယ့် –
မင်း .. ချန်ခဲ့တာကို .. ခံနိုင်ရည်ရှိနေမယ်လို့များ .. ထင်နိုင်သလား –
ကလေးရေ .. ထင်နိုင်နေသလား … ငါ့မှာ ဘယ်တော့မှ မကောင်းနိုင်
တော့တဲ့ ဟောဒီခြေထောက်တွေက ကျိန်စာတိုက်နေတဲ့ အချိန်မှာ –

ခြေထောက်တွေကို ကိုကြီး စိတ်လိုက်မာန်ပါ လက်သီးဖြင့် ထု
နေတာမို့ ရှင်လွှန်း မျက်ရည်ကျရင်း ရှေ့တိုးချိန်မှာ ကိုကြီး၏ ဘေးချေ
က ဝိုးချဲလ်ကို နောက်သို့ ဆုတ်နေစေပြန်ပါပြီ …။ အကြည့်သည် ရှင်လွှန်း
ထံမှာ တန့်နေ၏။ ကြေကွဲနာကျင်လွန်းနေသည့် ခံစားချက်တွေ –
မဆန့်ရင်ကန် ပြည့်သိပ်နေသည့် မျက်ဝန်းများ …။

"ငါ့မှာ မကောင်းတဲ့ ခြေထောက်တွေနဲ့အတူ … အလွန်မှ ချစ်ခြင်
နိုးတတ်နေတဲ့ … နှလုံးသားက အကောင်းကြီးဖြစ်နေတယ် .. တဘ
က … ငါ … ငါ … မကောင်းတဲ့ နှလုံးတစ်စုံလည်းရှိနေသင့်တာ –
နှလုံးရောဂါ ကြီးကြီးမားမား ရှိနေသင့်တာ … အခုကျတော့ … အခု
တော့ … နှလုံးသားက အကောင်းပကတိဖြစ်နေတယ် … ချစ်တတ်
တယ်ကွ … ချစ်တတ်နေတယ် .."

ကိုကြီး မျက်ဝန်းတွေကို စုန်ပိတ်ချရင်း အံခဲ၍ ဆက်တိုက်ပြော
နေ၏။ ပြောနေပုံက ကျေကျေမြေမြေနိုင်နေသည်။ မျက်ဝန်းထောင့်မှ
တွေအရှာထင်အစင်းထင်ကုန်သည်အထိ မျက်ခွံအပိတ်သည် အင်အား



ပါနေသည်။ ခေါင်းသည် ငိုက်ကျနေ၏။ နှိုင်းပြစရာမမြင်နိုင်သည့်
အဆုံးမဲ့ ခံစားချက်တွေက ကိုကြီး၏ တစ်ကိုယ်လုံးကို ဝါးမြိုထားသည့်
နှယ် ရှိနေပြီ …။

ရှင်လွှန်း ရှေ့တိုးလာမိရပါ၏။ ကိုကြီး၏ ရှေ့မှာ ပုဆစ်တုပ်၍
ထိုင်သည်။ တွဲလွဲကျနေသည့် ကိုကြီး၏ လက်ကို ခပ်ဖွဖွယူမိသည်။
ကိုကြီး ရှန်းဖို့ ကြိုးစားရှာပါ၏။ ဩော် … နှလုံးသားကို ဆန့်ကျင်၍
ရှန်းဖို့ကြိုးစားရှာသည့် လက်အစုံပါတကား …။ ရှင်လွှန်း … ကိုကြီး၏
လက်ကို မလွှတ်စေဘမ်းယူကာ ပါးနှင့်လေးပေါ် ဖေးအပ်ထိစေလိုက်မိရပြီ …။

"ရှင်လွှန်း ရဲ့ နှလုံးသားကို ရှင်လွှန်း ကိုယ်တိုင်လည်း ခုမှ …
မြင်မိရပါတယ် ကိုကြီး ရယ် … ရှင်လွှန်းတို့ ဘာလို့ … အဲဒါကို မမြင်
နိုင်ပဲ ဖြစ်ခဲ့ကြရတာလည်းနော် … အခု မြင်ကြရပြီလေ …"

ရှင်လွှန်း တိုးတိုး ညင်ညင်ပြောခိုက်မှာ ကိုကြီး၏ မျက်ဝန်းတွေ
အလန့်တကြား ပွင့်လာသည်။ ရှင်လွှန်း ကို ကြည့်လာသည်။ ခေါင်းခါပြ
နေသည်။ မလုပ်ရက်နိုင်သည့် ခံစားချက်သည် နှလုံးသားမှလာခြင်း …။
ဦးနှောက်ဆီမှလည်း လာနေခြင်း …။ ဟုတ်သည်။ ကိုကြီး၏ နှလုံး
သားဆီမှ အသံကိုလည်း ရှင်လွှန်း ကြားနေရပြီ …။ ကိုကြီး၏ ဦးနှောက်
ဆီမှ စာသားများကိုလည်း ရှင်လွှန်း ဖတ်တတ်နေပြီ …။

"ဒုက္ခိတတစ်ယောက်ရဲ့ လက်ကို မကမ်းလင့်ဖို့ … ကိုကြီးရဲ့
နှလုံးသားက တားနေတယ် … မလုပ်ရက်ပဲဖြစ်နေတယ် …။ အဲသလိုပဲ …
ကိုကြီးရဲ့ ဦးနှောက်ကလည်း တားနေတယ် … ရှင်လွှန်း သိနေရပြီ
ကိုကြီး … အဲဒီအရာတွေကို ကိုကြီးရဲ့ နှလုံးသားရဲ့ ထောင့်တစ်နေရာ
ရာ … ဦးနှောက်ရဲ့ အကန့်တစ်နေရာရာမှာ ဖုံးကွယ်ထားဖို့အတွက် …
ကြိုးစားပါနဲ့တော့ … ကိုကြီးရယ် … ဘာလို့လည်းသိလား … မချစ်
တဲ့သူကို ဝင်ခွင့်မပြုတဲ့အရာ … ချစ်တဲ့သူကို … ထွက်ခွာခွင့်မပြုတဲ့အရာ …
အဲဒါ ရင်ခွင်တံခါးပါပဲကိုကြီး … ကိုကြီး … ရှင်လွှန်း ကို ထွက်ခွာ

www.burmeseclassic.com

နွှင့်မပြုနိုင်ဘူးဆိုတာ .. ကိုကြီးရဲ့ ရင်ခွင်တံခါးကို ရှင်လွှန်း မြင်နေရပါပြီ .. ရှင်လွှန်း ... ရဲရဲဝံ့ဝံ့ ဝင်ရဲတဲ့ရင်ခွင်တံခါးပါ ... ရင်ခွင်တံခါးပါ ကိုကြီးရယ် ...''

ရှင်လွှန်း ပြောလည်းပြော ...။ ကိုကြီး၏ ပေါင်ပေါ်မှာ မျက်နှာလေးအပ်၍ စတင်ငိုကြွေးနေချိန်မှာ ... ကိုကြီး၏ လက်အစုံက ရှင်လွှန်း ၏ မျက်နှာလေးကို ဖေးမော့လာစေပါ၏။ ကိုကြီး၏အကြည့်က မှိုင်းနေသည်။ ရီဝေနေသည်။ အပျော်မျက်ဝန်းမဟုတ် ...။ ကြေကွဲမျက်ဝန်း ... မချိတင်ကဲ ခံစားရလေသမျှ အံကျလာသည့် ကြေကွဲမှုများ အုပ်မိုးနေရာ မျက်ဝန်းဖျော့ဖျော့များ။ ကိုကြီး၏ လက်တွေတုန်ခါနေကြသည်။ ရှင်လွှန်း ၏ ပါးပေါ် ကတုန်ကယင်နိုင်စွာ ဖေးတင်ထားသည့် လက်ချောင်းသွယ်သွယ်များအပေါ် ရှင်လွှန်း ၏ လက်လေးတွေကလည်း ပြန်၍ ဖေးတင်လိုက်မိရပါ၏။

''ချစ် ...တယ် ... ဆိုတာ ... ကိုယ်.. ချစ်ရတဲ့ ... သူ ... ဆီက ကြားရချိန်မှာ .. ဝမ်းမသာနိုင်ပဲ ... ကြေကွဲတတ်ပါလား ... လို့ ကိုကြီး .. အခု ...သိနေရတယ် ... သိနေရတယ် ... ကလေးရယ် ကလေးရယ် ...'' ဟု ခပ်ညည်းညည်း ကိုကြီး ပြောနေသည်။

''ဖြစ် ... ရ ... လေ ... ကလေးရယ် ... ဟင် .. ဖြစ်ရလေ ကိုကြီးကိုမှ ... ကိုကြီးကိုမှ ... ချစ် ... ရ ... သတဲ့ .. လား ...''

ဟု ကိုကြီး ချော်သော ရင်ဖြင့် ပြောနေသည်။

''ကိုကြီး ကရော .. ဒုက္ခိတကြီးကရော ... ကလေး ... လို ရွှေ ရည်ပန်းဆက် ... ဘဝမှာ ... တက်လမ်းတွေ ပြည့်နေတဲ့ ...သူကို ... မှ ချစ်ရက်သတဲ့လား ... ချစ်ရ ... သတဲ့လားကွယ် .. ဖြစ်ရလေ''

ကိုကြီး ထပ်ပြောလာသည်။ ရှိုက်သံသည် ကိုကြီးထံမှ အလူးလူးအလဲလဲပွင့်ကျလာ၏။ ကိုကြီး၏ နဖူးက ရှင်လွှန်း ၏ နဖူးပြင်ကို ချ



တင်ကဲကြီး ဖေးထိလာပါ၏။

''ဒါ ... ဒါ ... မတရားဘူး ကလေးရေ ... မတရားဘူးကွာ ...။ ခင်း ငါ့ကို ... မချစ်သင့်ဘူး .. ငါကလည်း ... မချစ်သင့်ဘူး ... ငါ ... ချစ်နေတာဟာ ... မတရားတာပဲ ကလေးရယ် ... မတရားတာပဲ ...''

ဟု ပြောလာပါသည့် ကိုကြီး၏ နှုတ်ခမ်းကို ရှင်လွှန်း၏ မျက်ရည်လူးနေသော ပါးပြင်က ဖေးထိလိုက်ရပါပြီ ...။ မျက်ရည်သည် နှစ်စုံသော ပါးပြင်ထက်မှာလူး၏။ စို၏ ...။ တို့ထိ၏။ ရှိုက်သံသည်လည်း ... နှစ်စုံ ... ဒါပေမယ့် .. အချစ်ဖြင့် ထုံမွှန်း၏။ တစ်ခါတစ်ရံမှာ ... အချစ်ကို ဒန်ခံသော အရာတို့၌ ရှိုက်သံ ... မျက်ရည်တို့သည်လည်း ပါဝင်နေတတ်ချေသည်တကား ...။ ထိုဝန်ခံမှုအတွက် ရင်းနှီးရသည်က ... နှစ်စုံသော ရှိုက်သံ ...။ နှစ်စုံသော ပါးပြင်၌ လူးသော မျက်ရည်တို့ပဲ ဖြစ်လေသည်။

www.burmeseclassic.com



ချစ်သူ ....

ကျွန်ုပ်တို့တောင့်တမျှော်လင့်ရာ

အနာဂတ်မပျောက်ဆုံးသရွေ့

ကျွန်ုပ်တို့ အသက်ရှင်နေခြင်းသည်

အဓိပ္ပာယ်ရှိနေပါလိမ့်မည် ...။

ချစ်သူ ...

ကျွန်ုပ်တို့၏ အနာဂတ်ကို

သင် ...

အပျောက်ဆုံး မခံလိုက်ပါလေနှင့် ...

ကျွန်ုပ် ...

အဓိပ္ပာယ်ရှိစွာ

အသက်ရှင်နေလို၍ ဖြစ်ပါသည် ...။



## အခန်း (၁၄)

"ကလေးနည်းနည်း ပြန်စဉ်းစားသင့်တယ် ... စောစောကအဖြစ်အပျက်ကို ခဏမေ့ဖျောက်ထားလိုက်ပါလားကွယ် ... တကယ်က ... ကိုကြီးကို သနားစိတ်များနေတာဖြစ်မှာပါ ... သံယောဇဉ်ဆိုတာကလည်း ရှိတယ်မဟုတ်လား ...။ သနားခြင်းနဲ့ သံယောဇဉ်ကို ... အချစ်လို့ ကလေးထင်လိုက်မှာ ... သဘောပေါက်လွဲသွားမှာကို ... ကိုကြီး စိုးရိမ်တယ် ... အထူးသဖြင့် ဒီဒုက္ခတဆိုတဲ့ ဘဝကြီးကို ... ကလေးသနားနေတာ ဖြစ်မှာ ..."

စတော်ဘယ်ရီဖျော်ရည်ကို စတင်သောက်ရာမှ ရုတ်ခနဲ ကိုကြီးပြောလာတော့ ရှင်လွှန်း တည်ငြိမ်စွာ ကိုကြီး ကိုကြည့်လိုက်မိရပါပြီ ...။ စောစောက ... အဖြစ်တစ်ခု ...။ ချစ်ခြင်း၏ .. ဝန်ခံမှုတစ်ခု၏ နောက်မှာ .. ။ ဘာမျှမကြာလိုက်ချိန်မှာပဲ ကိုကြီး စတင်၍ ရှင်လွှန်း ကို စဉ်းစားဖို့ တွင်တွင်တိုက်တွန်းလာပြန်ပြီကောလေ ...။ ဤသည်ကလည်း ... ရှင်လွှန်း ၏ ဘဝလေးကို .. ကိုကြီး၏ မသန်စွမ်းရာ ဘဝထဲမှာ မမြှုပ်နှံစေလို၍ဆိုတာ ရှင်လွှန်း သိသည်ပေါ့ ...။

"ကိုကြီး ... ရှင်လွှန်း တို့ရဲ့ အနာဂတ်မပျောက်ဆုံးသရွေ့ ... ရှင်လွှန်း တို့ အသက်ရှင်နေခြင်းဟာ အဓိပ္ပာယ်ရှိနေမှာပါပဲ ... ရှင်လွှန်း တို့ရဲ့ အနာ

www.burmeseclassic.com



ဂတ်ဟာ ... ကိုကြီးနဲ့ မခွဲမခွာ အတူလက်တွဲကြဖို့ပဲဖြစ်တယ် ကိုကြီး... ကိုကြီးကို ... ရှင်လွှမ်း လက်ထပ်ပါရစေ ... တရိတသေ ... ပြုစုပါရစေ ... ကိုကြီး သွားချင်တဲ့နေရာ ... လိုက်လိုက်ပို့ပေးနေပါရစေ ... ကိုကြီးရဲ့ ဘေးမှာရပ်နေရင်း ကိုကြီးနဲ့အတူ ဖေးကူရှင်သန်နေတဲ့ ရှင်လွှမ်းပုံ ဖြစ်ပါရစေ ...”

ရှင်လွှမ်း ပြောတော့ ကိုကြီး တစ်ချက်ခေါင်းခါ၏။

“သွေးပူနေတုန်း ... အချစ်ဆိုတာကို သံယောဇဉ်နဲ့ မှားနေတာပါ ကလေးရယ် ... စဉ်းစားပါဦး ... ကိုကြီးလည်း ... ငလောလောဆယ်မှာ တစ်ယောက်တည်းပဲ ... ဘဝကို ရင်ဆိုင်နေတဲ့သူဖြစ်ချင်နေတယ် ... ရှင်လွှမ်းကို ဘဝဆိုးတစ်ခုထဲ ... ဒုက္ခခံဖို့ ... မခေါ်ပါရစေနဲ့ ... တစ်ဘဝစာ အရှုံးပင်ပန်းမှာပါ ကလေးရယ် ... မင်း အရမ်းပင်ပန်းလိမ့်မယ် ... စိတ်ကူးမယဉ်နဲ့ ကလေး ... ကိုကြီးလည်း စိတ်ကူးမယဉ်တော့ဘူး ... စောစောက အဖြစ်လေးကို အလွန်လှပစွာ ... မက်ခဲ့လိုက်ဖူးတဲ့ အိပ်မက်လေးတစ်ခုလို ... ထားလိုက်ကြရအောင်လား ...”

ကိုကြီး ပြောနေရင်း တဖြည်းဖြည်းခေါင်းမာရိပ်ဝင်လာနေကြပြီ။ အချစ်ဆိုတာကို နောက်ဆုတ်ခိုင်း၍ ရကောင်းသည်ဟု ကိုကြီး ထင်မိထင်ရာထင်နေခြင်း ...။

“အချစ်နဲ့ ပတ်သက်လာရင် ... နောက်ကို တစ်လှမ်းစဆုတ်လိုက်တာနဲ့ ... နောက်ထပ်ခြေလှမ်းများစွာကို ဆုတ်လိုက်နိုင်တယ်လို့ ကိုကြီး ထင်နေတာကိုး ...။ တကယ်က ... တကယ်ချစ်ပြီဆိုရင် ... ရှေ့ကို ခြေတစ်လှမ်းတိုးရဲလာတယ် ... နောက်ထပ် ခြေလှမ်းများစွာဟာလည်း ရဲရဲလှမ်းတဲ့ ခြေလှမ်းတွေအဖြစ် ရှိလာစမြဲပါပဲ ကိုကြီးရယ် ... ရှင်လွှမ်းတို့ရဲ့ အနာဂတ်ကို အပျောက်ဆုံးမခံလိုက်ပါနဲ့ ကိုကြီး ... ရှင်လွှမ်း ... အမြဲပွာယ်ရှိစွာ အသက်ရှင်နေချင်လို့ပါ ...”

ရှင်လွှမ်း ကိုကြီး ၏ လက်ကို ကိုင်၍ နူးညံ့စွာပြောနေမိခြင်း ... ကိုကြီး၏ နှလုံးအိမ်ထဲမှာ ရှိနေသည့် အနစ်နာခံလိုခြင်းဆိုသည့် အရာကို



ဖမ်းဆုပ်တွေ့မြင်ထားပြီးသည့်နောက်မှာ ဘယ်လိုနည်းနှင့်မှ ကိုကြီး၏ ဘဝထဲမှ ထွက်ခွာမသွားနိုင်သည့်အဆုံးအဖြတ်သည် ခေါင်းမာပြတ်သားစွာ ရှင်လွှမ်း ထံမှာ ရှိနေသည်ပဲလေ ...။

“မဟုတ်ဘူး ရှင်လွှမ်း ... စောစောကအဖြစ်ဟာ ... ရုတ်တရက် ပေါက်ကွဲသွားမှုတစ်ခုပဲ ... ရှင်လွှမ်း ထွက်သွားမှာကို လန့်လာရင်း ... ကိုကြီး ပေါက်ကွဲသွားတာပါ ... တကယ်က ... ကိုကြီး ရှင်လွှမ်း ကို သံယောဇဉ်ကြီးတာပါကွယ် ... ဒါကြောင့် မခွဲနိုင်ပဲဖြစ်သွားရတာပါ ... အို ... အို ... စောစောကအဖြစ်ကို .. မေ့ ...”

ကိုကြီး နားချဖို့ ကြိုးစားနေရာမှ ရုတ်ခနဲ ခါးသည် ရှေ့သို့ ငိုက်လာ၏။ လက်ထဲမှ ဖျော်ရည်ခွက်သည် လက်ဖဝါးအဆုပ်ထဲမှာ လှုပ်ခတ်ကုန်ကာ ဖိတ်တစ်ချို့ စင်တစ်ချို့ ဖြစ်ကုန်သည်။ ကိုကြီး၏ မျက်နှာရှုံ့မဲ့လာကြတာကိုလည်း ရှင်လွှမ်း အလန့်တကြားမြင်နေရပါ၏။ ဘုရားရေ ... ကိုကြီး ... တစ်ခုခု ... အရမ်းနာကျင်နေသည်လား ...။ ရုတ်ခနဲ ဘာဖြစ်သွားပါသတဲ့လဲ ... ကမန်းကတမ်း ဖျော်ရည်ခွက်ကို ရှင်လွှမ်း ယူလိုက်ကာ ကိုကြီး၏ ပခုံးကို ဖေးကိုင်ထိန်းနေချိန်မှာပင် ရုတ်ခနဲ ကိုကြီး အန်သည်။ စောစောက သောက်ထားရာ စတော်ဘယ်ရီဖျော်ရည်တွေ ဝေါ့ခနဲအန်ထွက်လာခြင်း ...။ ရှင်လွှမ်း ကိုယ်ပေါ်ရော ကိုကြီး၏ ကိုယ်ပေါ်ရော ... ဖိတ်စဉ်ကျလာကုန်သည်တည့် ...။

“ဘုရားရေ .. ကိုကြီး ... ကိုကြီး ... ဘာဖြစ်တာလဲဟင် ... ဘာဖြစ်တာလဲ .. ဒေါ်ကြီး ရေ ... ဒေါ်ကြီး ရေ ... ဘဘညို ... ဘဘညို ... လာပါဦး ... လာပါဦး ...”

ရှင်လွှမ်း ကိုကြီး၏ ကိုယ်ကို ထိန်းရင်း စိုးရိမ်တကြီး အော်ခေါ်နေမိသည်။ ကိုကြီး၏ လက်က အစာအိမ်နေရာကို ဖေးထောက်နေ၏။ ထိုနေရာမှာ နာကျင်နေသည်လား ...။

“ဘာဖြစ်တာလည်း ကိုကြီး ... ဟင် .. နာနေတာလား ... နာနေ

www.burmeseclassic.com

www.burmeseclassic.com



တာလား ...”

ကိုကြီး၏ နဖူးမှာ သီးတက်လာနေသည့် ချွေးပေါက်တွေကို ကြည့်တာ ဝေဒနာမသေးတာ ရှင်လွန်း နားလည်လာနေရင်း စိုးရိမ်တာတွေ ရင်ထဲမှာ မုန်တိုင်းကြီးနှယ် မွှေနှောက်တက်လာနေပါပြီ ...။ ကိုကြီး အနိုင်နိုင်ခေါင်းညိတ်ပြသည်။ နှုတ်ခမ်းထက်မှာတင်နေသည့် အဖက်တစ်ချို့ကို ရှင်လွန်း လက်သုတ်ပဝါလေးဖြင့် သုတ်ပေးနေမိရင်း မျက်ရည်ကျလာနေရသည်တည့် ...။ အန်လိုက်ရတာမို့ မျက်ဝန်းဆီမှ မျက်ရည်ကျနေရင်း မောနေသည့်ကြားမှ ကိုကြီး လက်ကာပြသည်။ ရှင်လွန်း၏ မျက်ရည်ကို မြင်၍ပါ ...။

“စိတ်မပူနဲ့ ... မငိုနဲ့ ကလေးရယ် .. ခဏပါ ... ခဏပါ ... သက်သာလာနေပါပြီ ...”

သက်သာနေပြီဟု ပြောနေသည့် ကိုကြီး၏အသံက မောသံပါနေသည်။ ရှင်လွန်း ၏ ဆံစလေးကို လက်ဖြင့် အနိုင်နိုင်သပ်ပေးနေသေးသည်။ ကိုယ့်ဝေဒနာထက် ရှင်လွန်း အတွက် စိတ်သက်သာအောင် ပြောပေးနေသည့် ကိုကြီး ...။ ရုတ်ခနဲ နောက်တစ်ကျော့ထပ်အန်တော့ ရှင်လွန်း စိတ်ပူလွန်း၍ အော်ငိုလိုက်မိရပါပြီ ... ။ ကိုကြီးကို လန့်လန့်ဖြင့် အတင်းဖက်ထားမိသည်။

“ပေ ... ကုန် ... ပြီ ...”

အန်ထားသမျှတွေ ပေကုန်မှာကို စိုးရိမ်နေရှာသည့် ကိုကြီးကို ရှင်လွန်း ကြည့်ပင်မကြည့်ရက်။ သနားလှပြီ ...။ စိတ်လည်း ပူလှပြီ ...။ ပူသည့် အပူသည် ရုတ်ခနဲ တစ်ကိုယ်လုံး ဝါးမြိုလိုက်သည့်နှယ် ဖြစ်ကုန်သည်။ ဆောက်တည်ရာ ပျောက်နေခြင်း ...။ ဒေါ်ကြီးမေ နှင့် ဘဘညို တို့ ရောက်လာချိန်မှာ ရှင်လွန်း တငိုငိုတယိုယိုဖြစ်နေပြီ ...။ ဘဘညို ပြေး၍ ဖုန်းဆက်ခေါ်သည်က မိသားစု ဆရာဝန်ကြီး ...။ ဒေါက်တာ ဦးထက်မျိုး ကိုပါ ...။ ဘဘဦးထက်မျိုး အမြဲတစ်ပတ်တစ်ခါ လာလာ



ကြည့်နေကျ ...။ ဤကြားထဲမှာ ဘာကြောင့် ခုလို ... ကိုကြီး ဝေဒနာ ခံစားလာရပါသတဲ့လဲ ...။ ရှင်လွန်း စိတ်မကွက်စဖူး ဘဘမျိုး ကိုပင် ကွက်ချင်ချင်ဖြင့် အပြစ်တင်ချင်လာမိရသည်က ကိုကြီးကို ချစ်သည့် ဇောတစ်ခုဖြင့်ပါ ...။

“သက်သာပြီ ... သက် ... သာ ... ပြီ ... သူ့ကို ... အငိုတိတ်အောင် လုပ်ကြပါ ... ရင်ထဲ မကြည့်ရက်လွန်းလို့ပါ ...”

မောနေသည့် ကြားမှ ကိုကြီးခမျာ ဒေါ်ကြီးကို လှမ်း၍ အကူအညီ တောင်းရှာသည်။ ရှင်လွန်း ကိုလည်း တကြည့်ကြည့်ဖြင့် ရှိနေသည်။

“ဖြစ်ရတယ်လို့ကွယ် ... စတော်ဘယ်ရီဖျော်ရည်မို့လို့များ ... အစာ မကျေဖြစ်သွားသလားကွယ် ... နို့လည်း ပါတယ်ဆိုတော့ ... အခန့်မသင့်လို့များ ... အချဉ်ပေါက်သလိုဖြစ်ကုန်သလား ... ဒေါ်ကြီး ဒီဖျော်ရည်ဖျော်မိတာ မှားပြီထင်ပါရဲ့ ...”

ဟု ဒေါ်ကြီးမေ စိတ်မကောင်းနိုင်ပဲ တတွတ်တွတ်ပြောနေသည်။ ကိုကြီးကို အကျီလဲပေးသည်က ရှင်လွန်း နှင့် ဒေါ်ကြီးပါ ...။

“ရပြီ ... ရပြီ ... ရှင်လွန်းလေး အဝတ်သွားလဲလိုက်ဦး ... ဘဘညို ကိုကြီးကို ပုဆိုးလဲပေးလိမ့်မယ် ... ဒေါ်ကြီးလည်း ရှင်လွန်း နဲ့ တူတူ လိုက်သွား ... ကလေးခမျာ ... အရမ်းစိတ်ထိခိုက်နေတာ ... လန့်နေတာ ...”

ကိုယ့်ဝေဒနာထက် ရှင်လွန်း အတွက်ချည်း တပူပင်ပင်ဖြင့် ဖြစ်နေသည့် ကိုကြီးကို ဤတစ်ကြိမ်မှာ ပေကပ်ကပ်လေး စတင်၍ ရှင်လွန်း ကြည့်သည်။

“ဘဘမျိုး ကို ... ကိုကြီး မပြောပြဘူးလား ... ဗိုက်အောင့်တယ် လို့ ...” ဟု စဓာင်၍လည်း ကရုဏာဒေါသောလေး ပြောမိရပြီ ...

“တစ်ပတ်လောက်ပဲရှိသေးတာပါကွယ် ... ပျောက်မယ်လို့ပဲ ထင်မိတာမို့ ... ဘဘမျိုး ကို စိတ်မရှုပ်စေချင်တာနဲ့ ... မပြောပြပဲ

www.burmeseclassic.com



ထားလိုက်တာပါ ... အခု ... ဘဘမှူး လာတော့မှာပဲ ဥစ္စာ ... ဘဘ ဆေးထိုးပေးမှာပေါ့ ရှင်လွန်း ရယ် ... ကဲ ... ကဲ ... အဝတ်အစားလဲ ကောင်းတာက ..., ရေချိုးလိုက် ... အန်ထားဘာ ပေးထားတာမို့ ... ရေချိုးလိုက် ..."

ဟု ဟန်ဆယ်၍ ဘာမျှမနာတော့သယောင် ကိုကြီး ပြောနေတာ ရှင်လွန်း သိသည်ပေါ့ ...။ ဒါပေမယ့် ... မသွား၍ ရမှာမဟုတ်။ တောက် လျှောက်အဝတ်လဲဖို့ချည်း။ စိတ်မဖြောင့်နိုင်ပဲ ပြောနေရင်း ပိုပင်ပန်းမှာ စိုးလာရသည်မို့ ...။ ရှင်လွန်း ခပ်သုတ်သုတ်အခန်းပြန်၍ အဝတ်အစား လဲသည်။ သုတ်သုတ်ပြန်လာရသည်က စိတ်ကို မဖြောင့်နိုင်၍ပါ ...။ ခုတင်ထက်မှာ ကိုကြီး လှဲနေသည်။ ရှင်လွန်း အခန်းထဲ ဝင်လာတာနှင့် ဆီး၍ ပြုံးပြသည်။

"သက်သာပြီ ... သက်သာနေပြီ ... ဘာမှ မနာတော့ဘူး ... အစာမကျေဖြစ်သွားတာပါ ကလေးရဲ့ ... ပူတတ်ရန်ကော ..."

ဟုစာပြုံးပြုံးလုပ်နေရင်း ပြောသည်။ ရှင်လွန်း မယုံ ...။ ကိုကြီး ညာနေသည်ဟု ထင်နေမိသည်။ ဟန်ဆယ်၍ ပြုံးနေခြင်းဟု ခံစားနေရ သည်။ ထိုင်ခုံလေးဆွဲ၍ ကိုကြီးဘေးမှာထိုင်ရင်း စတင်၍ ခြေထောက် တွေကို ဆုပ်နှိပ်ပေးမိရသည်။ လက်တွေကို နှိပ်ပေးနေမိရသည်။ ကိုကြီး ၏ လက်ဝေ့ အေးစက်စက်ဖြစ်နေသည်မို့ စိတ်ထဲပူနေမိရသည်ပါပဲ ...။ အိမ်ရှေ့မှာ ကားရပ်သံကြားရပြီ ...။ ဘဘမှူး အခန်းထဲ ဆေးအိတ်ကြီး ဆွဲ၍ ဝင်လာ၏။

"ဘာမှ မဖြစ်ပါဘူး ဘဘရယ် ... သူ စိတ်ပူနေတာနဲ့ ... အားလုံး မျက်လုံး မျက်ဆံပြူးကုန်ကြရတာပါ ...။ အခု သက်သာနေပါပြီ ... ခက်တာက ... ဒီကလေးမဲဗျ ... သူ့ကို အပြင်ခဏထွက်နေခိုင်းပါ ဘဘ ရယ် ... ကျွန်တော့်ကို စမ်းသပ်ရတာ စိတ်ဖြောင့်မှာမဟုတ်ဘူး ..."

ဟု ကိုကြီး ပြောကာ ရှင်လွန်း ကို ပြုံး၍ ချော့မော့ပြောလာသည်။



"ကိုကြီးကို နားကြပ်တွေထောက် ... ဘာထောက်နဲ့ ... လုပ်နေ တာမြင်နေရင်းနဲ့ ... ငိုနေမှာ ကိုကြီး သိတယ်ဗျ ... ခဏအပြင်ထွက်နေ နော် ... ရှင်လွန်း ငိုရင် ... ကိုကြီး ဘယ်လိုမှ နေမတတ်တာ သိတယ် မဟုတ်လား ... ဘဘမေးတာတွေကိုလည်း ကိုကြီး ဖြေနိုင်မှာ မဟုတ် ဘူး ... ရှင်လွန်း ငိုနေတာ တစ်ခုပဲ ရင်ထဲမှာ ကျေနေအောင် ခံစားနေ ရမှာကွ ... ကဲ ... ကဲ ... ခဏလောက်တော့ ဧည့်ခန်းမှာ ခေါ်ထိုင်ခိုင်းပါ ဗျာ ဒေါ်ကြီးရာ ..."

ဟု ပြောတော့ ဒေါ်ကြီးကလည်း ခေါ်နေသည်။ ဘဘမှူး ကလည်း ခေါင်းညိတ်ပြသည်။ ဆရာဝန်ကြီး၏ စကားလည်းပါလာနေပြီမို့ ရှင်လွန်း မထွက်ချင် ထွက်ချင်ဖြင့် အခန်းထဲမှ ထွက်ခဲ့ရပါ၏။ ဧည့်ခန်းဆိုဖာ ထက်မှာ ရှင်လွန်း ထိုင်သည်။ လက်ကလေးပိုက်ထိုင်နေရာမှ ထရပ် မိပြန်၏။ ဧည့်ခန်းထဲလျှောက်နေမိရသည်။ နောက်တော့ ပြတင်း အနီးမှာသွားရပ်မိပြန်၏။ ကောင်းကင်ကြီးကို မော့ကြည့်မိရင်းမှ တိမ်အုပ် တိမ်တိုက်ကြီးတစ်ခုကို ငေးနေမိရပါပြီ ...။

"ဖေဖေနဲ့ မေမေ ... သမီး ရဲ့ ကိုကြီးကို နေကောင်းဖို့ ဆုတောင်း ပေးနော် ..."

ဟု ပြောမိ၏။ အားကိုးရာရှာနေမိခြင်း ...။ တကယ်တမ်းကျတော့ တစ်ကောင်ကြွက်နယ်ရှိနေရင်း ...။ ဘယ်သူ့ဘယ်သူ့ကို အားကိုးရမှန်း မသိနိုင်လောက်အောင် လူကြားထဲရောက်နေရသည့်နယ် ရှိနေရသည် တိုးလေ ...။ ဖေဖေနှင့် မေမေ့ကိုပဲ အားကိုးရှာရှာမိရသည်။ ပြော် ... ပြီး တော့ ... ဧည့်ခန်းမှာရှိပါသည့် ကိုကြီး၏ မိဘနှစ်ပါး၏ ဓာတ်ပုံကြီး တိုလည်း ကြည့်မိရပြန်၏။ လက်အုပ်လေးလည်း ချီမိရသည်။ နောက် ထပ်တိမ်တစ်အုပ်ကို မော့ကြည့်မိရပြန်၏။

"ဘဘနဲ့ မေမေလေးတို့ရဲ့ သားကို ကယ်ပေးပါ ... နေကောင်း အောင် လုပ်ပေးကြပါ ... ဆုတောင်းပေးကြပါရှင် ... ကိုကြီးချော ...

www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်တွေက သွားမရတဲ့ကြားမှာ ... ခု ... ဗိုက်အောင့်နေတာတိုးလာရင် ... အရှိမ်း .. ပင်ပန်းမှာ ..."

ဟု ကလေးလေးလိုပင် မော့၍ မော့၍ ငိုမဲ့မဲ့လေး ပြောနေမိရပြန်၏။ နောက်တော့လည်း ကလေးလေးနှယ်ပင် စတင်၍ ငိုရှိုက်နေမိရပါပြီ။ ဘဘမှူး ထွက်လာတော့ ရှင်လွန်း ခပ်သုတ်သုတ်လျှောက်သွားရပါပြီ ...။

"ရိုးရိုးအစာမကျေတာပါ ရှင်လွန်း ရယ် ဒါပေမယ့် ... ရှင်လွန်းက ... အလွန်စိတ်ပူတတ်တာမို့ ... လုံးဝစိတ်အေးအောင် သေချာ ဆေးစစ်တာတွေ လုပ်ပါလို့ မောင်ဘုန်းလူ က ပြောတယ်ကွယ့် ... အဲဒါလောလောဆယ် ... မောင်ဘုန်းလူ ကို သက်သာအောင် ဆေးထိုးထားတယ် ... တစ်အောင့်လောက် ဘဘ စောင့်မယ် ... ပြီးရင် ... ဘဘကားနဲ့ပဲ မောင်ဘုန်း ကို ... ခေါ်သွားမယ် ... ဘဘရဲ့ ကိုယ်ပိုင်ဆေးရုံမှာ ... ခေတ်မီနည်းစံနစ်တွေနဲ့ ... စမ်းသပ်ပေးမယ် ... ဒီတော့ စိတ်အေးရတာပေါ့ ဟုတ်လား ..."

ဟု ပြုံး၍ ပြောလာချိန်မှာ ရှင်လွန်း သေသေချာချာ မလွှတ်တမ်းကြည့်နေမိသည်က ဘဘ၏ မျက်ဝန်းတွေကိုပါ ...။ ဘဘတစ်ခုခု ထိန်ချန်ထားသည်လား ...။ တစ်ခုခုစိုးရိမ်စရာတွေ၍ ကိုကြီးကို ... အသေးတကြီး ဆေးစစ်မှုတွေလုပ်ဖို့ဆုံးဖြတ်ခြင်းများလား ...။

"ရှင်လွန်း လည်း ... တူတူလိုက်မယ် ဘဘ ..."

ရုတ်ခနဲ ရှင်လွန်း ပြောတော့ ဘဘ ခေါင်းခါသည်။

"အချိန်ယူပြီး သေချာစစ်ရမှာ ... ရှင်လွန်း ပါလာရင် ... အခန်းထဲထိ ဖွတ်လိုက်လာမှာ ဘဘ သိတယ် ... မလိုက်ပါနဲ့ကွယ် ... မောင်ဘုန်းကလည်း ပြောတယ် ... ရှင်လွန်း အဟင်းလိုက်လာရင်တဲ့ ... ဟိုမှာ စိတ်ပူနေတာတွေ သူမြင်နေရမှာကို ... ရင်ထဲမခံနိုင်ဘူးတဲ့ ... စိတ်မဖြောင့်ဘူးတဲ့ ... အဖြေတစ်ခုကို စိတ်မောမောနဲ့စောင့်နေမှာ အရမ်းပင်ပန်း



တယ်တဲ့ ... ဆေးရုံဆိုတဲ့ အဆောက်အအုံကြီးထဲရောက်ပြီဆိုတာနဲ့ ... လူဆိုတာက ... ဗိုခ်စားတတ်လာရတာတဲ့ ... သူ့ သနားတယ်တဲ့ ... ဒေါ်ကြီး အဖော်တူတူပါရင်လည်း ရှင်လွန်း စိတ်ပူတာတွေကို တားလို့ရမှာမှမဟုတ်တာတဲ့ ... သူ ... အဲသလိုဆိုရင်တော့ ဆေးစစ်မခံတော့ဘူးတဲ့ ... သူ့ကိုယ်သူ သိနေတာပဲတဲ့ ... သာမာန်အစာမကျေတာလေးပါတဲ့ ... ရှင်လွန်း စိတ်အေးအောင် .. သူက ... ဆေးစစ်ခံဖို့ ဘဘကို ပြောတာပါတဲ့ ရှင်လွန်း လိုက်မယ်ဆိုရင်တော့ ... မခံတော့ဘူးတဲ့ ... ဒီတော့ ကလေးရယ် ... ဘဘ ပြောမယ် ... ခဏ ကျန်နေခဲ့ ... ဟုတ်လား ပြန်လာတော့ ... စိတ်အေးတဲ့ အဖြေကြောင့် စိတ်ချသက်ချ ... ပေါ့ပေါ့ပါးပါးနေလိုက်ရတာပေါ့ ... ဒါကြောင့် ဆေးစစ်လိုက်တာ အကောင်းဆုံးပဲ ...."

ဟု နားချနေတော့ ဒေါ်ကြီးကလည်း ဘေးမှ တဖွဖွ တိုက်တွန်းနေသည်။ နောက်ဆုံးတော့လည်း ... ရှင်လွန်း တူတူ လိုက်လျှင်ကိုကြီး ဆေးစစ်မခံချင်ဟုဆိုတာ တစ်ခုကြောင့်ပင်လျှင် ...။ ရှင်လွန်း ကြောင့်ကိုကြီး ဆေးစစ်မခံလိုက်ရပဲ ရောဂါပိုဆိုးကုန်မှာ စိုးရိမ်စိတ်တစ်ခုကြောင့်... ကျန်နေခဲ့ဖို့ ခေါင်းညိတ်လိုက်ရသည်ပါပဲ ...။

နောက်ထပ်တစ်နာရီလောက် ကိုကြီးအခန်းထဲမှာ နားနေရသည်။ နောက်တော့လည်း ဗီးချဲလ်လေးဖြင့် ဆေးရုံသို့ သွားဖို့ပြင်သည်။ ရှင်လွန်း တစ်လျှောက်လုံးကိုကြီး၏ ခုတင်ဘေးမှာ ခုံလေးတစ်လုံးချ၍ ထိုင်စောင့်ရင်း ကိုကြီး၏လက်ကို မလွှတ်စတမ်းဆုပ်ခဲထားသည်။ လက်တွေပိုအေးလာချေသလားဆိုတာကိုလည်း စိတ်ထဲပူနေမိရသည်။ လက်က ... ပူလာလိုက် ...။ အေးသွားလိုက်ဖြစ်နေသည်ဟုလည်း ထင်ထင်နေမိသည်။ ကိုကြီးကို ဗီးချဲလ်ဖြင့် ဘဘမှူး ၏ ရပ်ထားရာကားအထိ ရှင်လွန်း တွန်းပို့ပါ၏။ ကားပေါ် ဘဘညို ပွေ့တင်ထိုင်စေသည်။ ဘဘညို ကားမောင်း အတူလိုက်သွားမည်။ ကိုကြီး ပေါ့ပါးစွာ ပြုံးပြကာ ရှင်လွန်း ၏ ဆံပင်လေးကို သပ်ပေးသည်က ကားရှေ့ခန်းမှာ ထိုင်နေရင်းဖြင့်ပါ ...။

www.burmeseclassic.com

www.burmeseclassic.com



"မငိုရဘူးနော် ... အစာမကျေလို့ အန်မိတာကိုကွာ ... လန့်နေတာက အရမ်းဆိုးနေတယ် ... ရှင်လွှန်း အဲသလို လန့်နေတာကို ပကြည့်ရက်လွန်းလို့ ရှင်လွှန်း ရေ ဒီမှာ ... စိတ်အေးတော့ ဘာမှမဖြစ်ဘူးလို့ ဖြေနိုင်အောင် ဟိုကန်တုကဆေးရုံသွား ဆေးစစ်ခံတာနော် ... ဟောဒီက ကလေး အတွက်သွားရတာ ... ကိုကြီးက သေချာပြီးသား ... ကိုယ့်ကိုယ်ကိုယ် သိတယ် ... ဘာမှကို မဖြစ်တာ ... စိတ်ချ ..."

ဟု ကားကို မထွက်နိုင်သေးပဲ တားထားကာ တတွတ်တွတ်ဖျောင့်ဖျနေသည်။ ဆံစလေးသပ်ပေးလိုက် ...။ ခေါင်းလေးပုတ်လိုက်ဖြင့် ပြောနေခြင်း ...။

"ဒေါ်ကြီး ... ကလေးမငိုအောင် ကြည့်ထားနော် ... တစ်ယောက်တည်း မထိုင်ခိုင်းထားနဲ့ ... တူတူနေ ... တစ်ယောက်တည်းဆိုရင်ဖြင့် ... ဒီကလေး ဟိုတွေးဒီတွေးနဲ့ ... အရမ်းပင်ပန်းလိမ့်မယ် ... ကျွန်တော် ပြန်မရောက်ခင် ... သူက ... ဒီမှာ ရှော့(ခ်)ရသွားမှာ စိုးရတယ်ဗျ ..."

ဟု နောက်ဆံတင်းငင်ဖြင့် တရရမှာနေသည်ကလည်း ကိုကြီးပါ ...။ ရှင်လွှန်း ခေါင်းလေးညိတ်ပြရပါ၏။ ရှိုက်သံက တစ်ချက်ပွင့်သည်။ ကိုယ်လေးနောက်သို့ ဆုတ်မိ၏။ ထိုအခါမှ .. ဘဘမှူး ကားမောင်း ထွက်သွားသည်ပါပဲ ...။ အိမ်မှာ ရှင်လွှန်း ယောက်ယက်ခပ်၍ ကျန်ခဲ့ရသည်ပါပဲ ...။ ကိုကြီး ပြန်မရောက်မချင်း ... စိတ်တပူပူဖြင့် ရှိနေရသည့် အဖြစ် ...။ နာရီကြည့်လိုက် ... ခြံတံခါးဝကြီးကို ထွက်မျှော်ကြည့်လိုက် ... ဘုရားခန်းဝင်၍ ဘုရားရှိခိုးဆုတောင်းလိုက် ...။ တိမ်တွေကိုမော့၍ ဆုတောင်းလိုက်ဖြင့် အရူးတစ်ပိုင်းဖြစ်နေရသည်ပုံပါပဲ ... ။ ဒေါ်ကြီးခမျာ ... ရှင်လွှန်း နောက်တကောက်ကောက်လိုက်နေရသည်။

"ခဏနားပါ ရှင်လွှန်း ရယ် ... အစ်ကိုလေး ဘာမှမဖြစ်ပါဘူး ... ဒီလိုပဲ ... အစာမကျေရင် ... ဖြစ်တတ်တယ် ရှင်လွှန်း ရဲ့ ..."

"မဟုတ်ဘူး .. မဟုတ်ဘူး .. ကိုကြီး အရမ်းနာနေတာ ... နှုတ်ခမ်းမှာ



ချွေးတွေသီးနေတာမှ အများကြီးရယ် ... လက်တွေဆို တုန်နေတာ ... ရှင်လွှန်း ရှိနေလို့ ... စိတ်မပူအောင်ဆိုပြီး စိတ်ထိန်းတင်းထားတဲ့ကြားကိုက ... အဲသလောက်ခံစားနေရရှာကာ ... မျက်ရည်တွေလည်း ကျနေလောက်အောင်အန်တာ ဒေါ်ကြီးရ ... ပေါ့ပေါ့တန်တန် ... ဖြစ်တာမဟုတ်ဘူးလို့ ရှင်လွှန်း သိနေတယ် ... သိနေတယ် ..."

ရှင်လွှန်း ပြောပြောငိုနေမိရချိန်မှာ ပေါ်တီကို အောက်မှာ ကားရပ်သံကြားရတာမို့ ကသောကမျောလေး ပြေးမိရပါပြီ။ ကိုယ့်ခေါဖြင့်ကိုယ် ယောက်ယက်ခတ်ငိုနေချိန်ပေမို့ ...။ ခြံထဲကား ဝင်လာတာပင် မသိလိုက်နိုင် ...။ ခြံတံခါးဝကို တမျှော်မျှော်လုပ်နေမိလေသမျှ ... တကယ်တမ်းကားဝင်လာတော့ မသိလိုက်နိုင်တာကိုလည်း ရင်ထဲ မချင့်မရဲဖြစ်ရပြန်သည်။

"ဘာမှမဖြစ်ဘူး ... ဘာမှမဖြစ်ဘူး ... ကလေး စိတ်အေးတော့ ... ကိုကြီး နည်းနည်းပင်ပန်းလို့ အားနည်းသွားတာလည်းပါတယ်တဲ့ ... ဒါကြောင့် ... အန်တာတဲ့ .. အနားယူလိုက်ရင် ကောင်းမယ်တဲ့ ... အလုပ်ကို မသွားနဲ့တဲ့ ... ဒါကြောင့် ကိုကြီးကအိမ်မှာ နားမယ် ... ရှင်လွှန်း က .. ဟိုတယ်ကိုသွား ... ဟိုမှာ ... ဘဘ ဦးအိမ်စိုးက သင်ပေးလိမ့်မယ် ... ဘယ်လို ရုံးခန်းထိုင်ရတယ် ဘာတွေလုပ်ရတယ် ... ရတနာအရောင်းခန်းဆောင်ကအစ ... ဘယ်လိုထိန်းရတယ် ... ကြီးကြပ်ရတယ် ... အားလုံး ဟိုတယ်ရော ... ရတနာအရောင်းခန်း ကိစ္စရော .. ဘဘဦးအိမ်စိုး သင်ပေးလိမ့်မယ် ... ဘဘက .. ဟိုတယ်မှာပဲနေ ... ဟိုတယ်မှာပဲစား ... အားလုံး အားကိုးရတာမို့ ... အခုလည်း ... ဘဘက ရှင်လွှန်းလေးကို သင်ပေးလိမ့်မယ် ... ကိုကြီး အားရပါးရ ... နားလိုက်ရင် နေမြန်မြန်ကောင်းသွားမှာကွ ... ကဲ .. ကဲ .. စိတ်အေးတော့ စိတ်အေးတော့ ကလေးရေ ..."

ဘဘမှူး က ဘာမှကို မပြောလိုက်ရ ...။ ကိုကြီးက ဆီး၍ တပြုံးပြုံးဖြင့် ဆက်တိုက်ပြောနေသည်။ ရှင်လွှန်း ဘဘမှူးကိုကြည့်မိရပြီ။

www.burmeseclassic.com

www.burmeseclassic.com



ဘာဘမှုး ဘာပြောမည်လဲဆိုသည့် အကြည့် ...။ ပြီးတော့ ... ကိုကြီး ပြောတာတွေ မှန်ပါရဲ့လား ဆိုတာကို အကဲခပ်ကြည့် ...။ ဘာဘမှုး ပြုံး၍ ခေါင်းညိတ်ပြပါ၏။ လောလောဆယ်တော့ တကယ်ပဲ ... ကိုကြီး စကားက မှန်နေသလို ရှိနေသည်။ ဒါပေမယ့် ရှင်လွန်း ရင်ထဲမှာ တစ်ခုခု ... ထိန်ချန်ထားသည်ဟု ... ထင်နေမိဆဲ ...။ ကိုကြီးက အိမ်မှာ နားမည် ဟုဆိုသည် ...။

ရှင်လွန်း ကို ... ဟိုတယ်သို့ ပို့ထားမည်။ သဘောက ... ကိုကြီး နှင့် တူတူရှိမနေဖို့များပေလားလေ ...။ ဒါပေမယ့် .. ရှင်လွန်း မသွား လိုပါဟု ငြင်းလျှင်လည်း ကိုကြီး အလုပ်တွေသွားလုပ်နေမည်သာ ...။ ဒါဆို ... ကိုကြီး ပင်ပန်းမည်။ လူနာတစ်ယောက်အတွက် အရေးကြီး သည်က နားဖို့ မဟုတ်ပါလားလေ ...။ ဖြုတ်ခနဲ ကိုကြီး၏ လက်ကို ရှင်လွန်း ဖေးကိုင်လိုက်မိပြီ။ လက်တွေ ပူနွေးနေသည်ပဲ ...။ တကယ်ပဲ ... ကိုကြီး မှာ ... ဆိုးဝါးသော ဝေဒနာမရှိပဲ ဖြစ်နေချေသည်ထင် ...။

“ဟာ ... ဒီကလေးနယ် ... လူကို လက်စမ်းဘာစမ်းနဲ့ ဆရာဝန် စစ်သလို စစ်နေတာကိုး ... တကယ်ကောင်းပါတယ်ကွ ... ဘာလို့ ကိုကြီးက လိမ်ရမှာလဲ ...”

ဟု ကိုကြီးရယ်၍ ပြောကာ ရှင်လွန်း ၏ ခေါင်းလေးကို ပုတ် လိုက်တာ ခံလိုက်ရပါသတည်း ...။



## အခန်း (၁၅)

“ကိုကြီး အဲသလို ထွက်သွားလို့ရမလား ... ဟင် ... ရမလား .. ရဘူး .. မရဘူး ... ရှင်လွန်း လိုက်မှာပဲ ... အစကတည်းက ရှင်လွန်း ရင်ထဲမှာ မသင်္ကာနေတာ .. တစ်ခုခုကို .. ဘာဘမှုး ထိန်ချန်ထားတယ်လို့ ထင်နေခဲ့ပြီးသား အခု ... ကြည့်စမ်းပါဦး ... ဒီနေ့ပဲ ရှင်လွန်း ဟိုတယ် ကို စသွားတယ် ... ဟိုမှာ ဘာဘ ဦးအိမ်စိုး သင်ပေးတာတွေကို လိုက် ကြည့် ... လိုက်မှတ် ... လုပ်စရာရှိတာလုပ် ... ကိုကြီးရဲ့ ရုံးခန်းကြီးမှာ ထိုင်နေခဲ့တာဟာ ... ကိုကြီး စိတ်အေးလက်အေး အနားယူဖို့ ဥစ္စာမှာ ... ခုကျတော့ ... စိတ်အေးလက်အေးနဲ့ ... ဒီက ထွက်သွားအောင် အခွင့် အလမ်းတွေ ပေးလိုက်သလို ဖြစ်နေပါလား ...။ ဒေါ်ကြီးမေ ကလည်း ... ဘာလို့ .. ချက်ချင်း ရှင်လွန်း ကို ဖုန်းမဆက်တာလဲ .. ကိုကြီး သွား ပြီဆိုတာ အသိပေးမှပေါ့ ... ခု ကြည့်ပါဦး .. ညနေဘက်ပြန်လာမှ သိရတာ ကောင်းသလား ... ကိုကြီး မရှိတာသိရတာ ကောင်းသလား ...”

ရှင်လွန်း တငိုငိုတယိုယိုဖြင့် ဆောက်တည်ရာ ပျောက်ရင်း ပြောနေ သမျှ ဒေါ်ကြီးမေ လည်း မျက်နှာမကောင်းနိုင်ပဲ ငိုင်ရင်း ငြိမ်နားထောင် နေရှာပါ၏။ ဘာဘမှုးထံ ရှင်လွန်း ဖုန်းဆက်တော့လည်း မရ ...။ စက် ပိတ်ထားသည်ချည်းဖြစ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုလေးက တားလို့ပါ ရှင်လွန်း ရယ် .. သူ .. အနားယူဖို့ သွားရမှာက လနဲ့ချီနိုင်တယ်တဲ့ ... ရှင်လွန်း သိရင် အတင်းလိုက်မှာတဲ့ ...။ ဟိုတယ်ကို .. ရှင်လွန်း အသားတကျ ထိန်းတတ်အောင်ခုကတည်းက .. အလုပ်ထဲ နစ်ဝင်နေဖို့လိုတယ်တဲ့ ... ပြီးတော့ သူနဲ့ ရှင်လွန်း တူတူလိုက်ရင် ... သူက ဘာမှမဖြစ်ပဲ .. ရှင်လွန်း ပဲ အရမ်းပြုစု ... အအိပ်ပျက်ကုန်ရင်း ... အိပ်ရာထဲလဲမှာတဲ့ ... သူက အနားယူလိုက်ရင် ကောင်းမယ့်သူပါတဲ့ ... ရှင်လွန်း ပါသွားရင် သူလည်း စိတ်ဖြောင့်ဖြောင့်နဲ့ အနားယူလို့ဖြစ်မှာမဟုတ်ဘူးတဲ့ ... ရှင်လွန်း ကို တားမရတဲ့ အရာတစ်ခုပဲရှိတယ်တဲ့ ... သူ့ကို စိတ်မပူဖို့ ဘယ်လိုမှ တားလို့ရမှာမဟုတ်ဘူးတဲ့ .. သူလည်း ရှင်လွန်း ကိုကြည့်ရင်း .. စိတ်ပင်ပန်းလာရမှာတဲ့ ... အနားယူ တာဖြောင့်တန်းနေအောင် ယူလို့ရတော့မှာ မဟုတ်ဘူးတဲ့ ... ဘဘညို လည်း သူနဲ့အတူပါသွားမှာပါတဲ့ ... စိတ်မပူပါနဲ့တဲ့ ... သူ ... စိုးရိမ်ရတယ်ဆိုရင် ... ဘဘမှူး ရဲ့ ဆေးရုံတက်ရမှာပေါ့တဲ့ ... ဘဘက တက်နိုင်းမှာပေါ့တဲ့ .. ခုကျတော့ ဘဘမှူး ရဲ့ အဆုံးအဖြတ်က ... အနားယူဖို့ပဲတဲ့ ... တောင်ပေါ်မြို့လေး တစ်မြို့မြို့ ဒါမှမဟုတ် ... ကမ်းခြေတစ်ခုခု ... အဲဒီမှာ ... စိတ်သက်သောင့်သက်သာနဲ့ လေးငါးလလောက်နားရင် နားလိုက်ပါတဲ့ .. အဲဒါဆိုရင် ... လန်းဆန်းသွားမှာတဲ့ .. အအိပ်မှန် ... အစားမှန်နဲ့ ရှိဖို့ပဲလိုတာတဲ့ ...။

ဒေါ်ကြီးမေ ရှင်းပြနေတော့ ရှင်လွန်း မျက်ရည်ကျနေရာမှ လေးလေးဆွေ ကို ကြည့်သည်။ ဤမနက်မှာ ရွာရှင်ပြု အလှူမှ ပြန်ရောက်ခဲ့ပါသည့် လေးလေးဆွေ လည်း မျက်နှာမလန်းရှာ ...။

"လေးလေးဆွေ ... ဘဘမှူး ရဲ့ ဆေးရုံကို ပို့ပေးပါ ..."

ဟု ပြောကာ ချက်ချင်းကားပေါ်ရောက်သည်။ ဆေးရုံသို့ လေးလေးဆွေ လိုက်ပို့ပေးပါ၏။ ဆေးရုံရောက်တော့ လေးလေးဆွေ နှင့်အတူ ရှင်လွန်း ဘဘမှူး ၏ ရုံးခန်းသို့ ရောက်ပေမယ့် မတွေ့ရ ...။ ဆေးရုံအုပ်ကြီးကို



လေးလေးဆွေ သွားမေးတော့ ခရီးထွက်သွားသည်ဟုဖြေသည်။ ရှင်လွန်း ... မယုံ ... ဒါကြောင့် ဆေးရုံအခန်းပေါက်စေ့တိုင်း ကို လိုက်ကြည့်ခဲ့သည်ပါပဲ ...။ ဆေးရုံကြီးကလည်း လေးထပ်အဆောက်အအုံ ...။ အခန်းပေါက်စေ့အောင် ဓာတ်လှေကားနှင့် တက်လိုက် ...။ လိုက်ကြည့်လိုက်ဖြင့် ရှိခဲ့ရာမှ .. နောက်ဆုံး ကိုကြီး ရှိမနေတော့ ရှင်လွန်း မျက်ရည်ကျလာပြန်၏။

"အစ်ကိုလေး ... တကယ့်ကို အနားယူဖို့ ခရီးထွက်သွားတာ ဖြစ်မှာပါ ရှင်လွန်း ရယ် ..."

လေးလေးဆွေ မကြည့်ရက်နိုင်ပဲ ပြောလိုက်မှာ ရှင်လွန်း အံလေးခဲ၍ ...

"အဲဒါ မတရားတာပဲ ... မတရားတာပဲ ... ရှင်လွန်း ကို အသိမပေးပဲ အဲသလို ထွက်သွားတာကိုက ... ကိုကြီး မတရားတာ ... ကိုကြီး တစ်ယောက်တည်း ဟိုမှာ .. ဝေဒနာကျိတ်ခံစားနေရင် ... ဘယ်လိုလုပ်မလဲ .. အို .. အို .. ဘဘမှူး ဆီ ရှင်လွန်း သွားမယ် ... ဘဘမှူး ရဲ့ အိမ်ကို .. လိုက်ပို့ပေးပါ ..."

ဟု စိတ်လိုက်မာန်ပါလေး ပြောပြီး အောက်ထပ်သို့ ပြန်ဆင်းသည်က ရှင်လွန်း ပါ ...။ ကားရပ်ထားရာသို့လည်း ခြေလှမ်းသုတ်သုတ်ဖြင့် ပြေးရုံတမယ် လျှောက်သည်မို့ လေးလေးဆွေ မနည်းအားမှ မီအောင် လိုက်ယူနေရသည်ပါပဲ။ ဘဘမှူး အိမ်ရောက်တော့လည်း ... ဘဘရှိမနေ ...။ ဘဘမှူး ၏ ထမင်းချက် ဒေါ်ဖွားယုန့်မှ ဖြေသည်က ... ဘဘမှူး ခရီးထွက်သွားသည်ဆိုသည့် အချက်ပဲဖြစ်လေသည်။ နောက်ဆုံးတော့ ရှင်လွန်း အားမနာနိုင်စတမ်း ဆုံးဖြတ်လိုက်ကာ ...။

"စိတ်တော့မရှိပါနဲ့ ... ဒေါ်ကြီးယုန် ရယ် ... ရှင်လွန်း ... ဒီမှာ ကိုကြီးရှိနေလားဆိုတာ ... အခန်းတွေလိုက်ကြည့်ပါရစေ ... ကိုကြီး အတွက် စိတ်ပူလွန်းလို့ပါ ..."

www.burmeseclassic.com



ဟု မျက်ရည်ကျရင်း ခွင့်ပန်မိရတော့သည်ပါပဲ ... ဒေါ်ကြီးယုန်ခေါင်းညိတ်သည်မို့ တကယ်လည်း အခန်းပေါက်ဝ နှစ်ထပ်အိမ်ကြီးကို စိတ်ပူအောက်မေ့ရင်း လိုက်ကြည့်ခဲ့ရပေမယ့် ..။ တကယ့်ကို .. ကိုကြီးကို မတွေ့ခဲ့ရ ..။ ထိုအခါကျတော့မှ ... ရှင်လွှန်း စိတ်တုံးတုံးချ ယုံပေးလိုက်ရသည်က ... တကယ်ပဲ ... ကိုကြီး ... ခရီးထွက်သွားသည်ဟု ..။ ဒါပေမယ့် ခက်သည်က ... ဘယ်တောင်ပေါ်မြို့လေးကို သွားပါသလဲ ... ။ အဘယ်ကမ်းခြေကို သွားပါသလဲ ..။ မသိရ ...။

ရှင်လွှန်း ကေသရီ သို့ ပြန်ခဲ့ရပါပြီ ...။

ကေသရီ ရောက်တာနှင့် ဘဘ ဦးအိမ်စိုး ထံ ဖုန်းဆက်မိရပြန်သည်။

"ဟာ ... လူလေး ... အဲဒါလေးလောက်တော့ ... ဘဘကိုလည်း ပြောပြခဲ့သင့်တာပေါ့ ... ဘဘတောင် မသိလိုက်ရပါလား ..."

ဟု ဘဘ ဦးအိမ်စိုး ကိုယ်တိုင်ပင် အံ့အားတသင့်ဖြစ်ကုန်ရသည့် အဖြစ် ...။ ရှင်လွှန်း စိတ်ခတ်ကျဆင်းလာသည်။ ကိုကြီး ဘယ်မြို့ကို ရောက်နိုင်သည်ဆိုတာလည်း ဘဘဦးအိမ်စိုး လည်း မသိနိုင်ပဲ ဖြစ်နေပါသည့် အဖြစ် ..။ ရှင်လွှန်း ကိုကြီးကို ဖုန်းဆက်သည်။ စက်ပိတ်ထားသည်ချည်း ဖြစ်၏။

နောက်ဆုံးတော့ .. ရှင်လွှန်း .. ကိုကြီး၏ အခန်းသို့ ဝင်မိကာ ကြေကြေပြုန်းပြုန်း ငိုချလိုက်မိရပါပြီ ..။ မြင်နေကျ ပိုးချဲလ်လေးလည်း မရှိတော့ပြီ ..။ ကိုကြီးလဲလှယ်၍ စီးတက်ပါလေသော ညှပ်ဖိနပ်ထဲမှာ သုံးရံပဲ ကျန်သည်။ တစ်ရံ ... ကိုကြီး ... စီးသွားပြီ ..။

"သွားလာလို့ မရတဲ့သူက ... ဖိနပ်စီးတယ်ဆိုတာ .. နည်းနည်းတော့ လွန်ရှိစရာဖြစ်သား ... ဒါပေမယ့် လူတစ်ယောက်မှာ ခြေထောက်ရှိနေရင် ... ခြေဖဝါးအောက်မှာ ဖိနပ်လေးပါနေမှကွ ... ကြည့်လိုက်ရင် ဒါမှ ... ပြည့်စုံသလိုရှိတာ ..."

ကိုကြီးရယ်၍ ပြောခဲ့သည့် စကား ... ရှင်လွှန်း ... ခပ်သုတ်သုတ်



ဗီရိုကို ဖွင့်မိပြန်၏။ ကိုကြီး၏ အဝတ်တွေအတော်လျော့နေသည်။ အကျီထူတွေလည်း ပါသွားသေးသည်။ ဒါဆို ... ဒါဆို .. ကိုကြီး ကြာချေမည်ပေါ့ ..။ ကြာမည့်သဘောဖြစ်နေသည်ပေါ့ ...။ ရှင်လွှန်း အာရုံထဲမှ ဖျောက်မရနိုင်ပဲ ရှိနေသည်က ... အန်ခဲ့ချိန့်တုံးက ကိုကြီး၏ နဖူးဆက်မှာ သီးနေသည့် ချွေးသီးများ .. ကိုကြီး၏ လက်တွေတုန်ခါနေမှု ...။ မျက်ဝန်းဆီမှ .. မျက်ရည်ကျနေမှု ... ဘယ်လိုမှ ဖျောက်မရ ...။

"နောက်နေ့တွေမှာ ... အစ်ကိုလေးဆီကို ဖုန်းဆက်ပေါ့ ရှင်လွှန်းရယ် ... ခဏ နားလိုက်နော် ... ညနေတစ်ခင်းလုံးလည်း ဟိုပြေးသည်ပြေးနဲ့ အစ်ကိုလေး နောက်လိုက်စုံစမ်းနေတာ မောလှပင်ပန်းလှပါပြီ ... ရှင်လွှန်း ရဲ့ ဘဘညို လည်း အတူပါသွားတာပဲကွယ် ... အခြေအနေဆိုးရင် ... ဘဘညို က .. ဘယ်ငြိမ်နေပါ့မလဲ ... ဒီကေသရီ ရဲ့ ဖုန်းနံပါတ် .. ရှင်လွှန်း ရဲ့ ဟန်းဖုန်းနံပါတ်တွေ ဘဘညို သိတာပဲဥစ္စာ ... သူ ... ဖုန်းဆက်မှာပေါ့ ... မသကာ ... အစ်ကိုလေးက မဆက်ပဲနေရင်တောင်မှ ... ရှင်လွှန်း ရဲ့ ဘဘညို က နေမလား ... ဆက်မှာပေါ့ ... စိတ်အရမ်းမပူနဲ့လေ ... ရှင်လွှန်း ကျန်းမာမှ အစ်ကိုလေးရဲ့ ကေသရီ ဟိုတယ်ကို ... ရှင်လွှန်း ရုံးခန်းထိုင်နိုင် .. ထိန်းနိုင်မှာပေါ့ ... စားစရာရှိစား .. လုပ်စရာရှိလုပ် ... အစ်ကိုလေးခိုင်းတာကိုလုပ် ... သူပြန်လာတော့ .. သူလည်း ဝမ်းသာမှာပေါ့ ..."

ဒေါ်ကြီးမေ ခမျာ တတ်သမျှ မှတ်သမျှ ဖျောင့်ဖျပြောနေရှာသည်ပါပဲ ..။

"မဟုတ်ဘူး ... ဒေါ်ကြီး ရယ် ... တကယ်ဆို .. ခဏလောက်ဖြစ်ဖြစ် ... ရှင်လွှန်း ကို ခေါ်သွားပေါ့ ... ပြီးမှ ရှင်လွှန်း ပြန်လာမှာပေါ့ ... အလုပ်လုပ်မှာပေါ့ ... ခုဥစ္စာက ... ရှင်လွှန်း ကို အသိမပေးပဲ တိတ်တိတ်လေး ထွက်သွားတာ ... ဒါကို စိတ်မပူလို့ ဖြစ်မလား .. သေချာပါတယ် .. သေချာပါတယ်၊ ကိုကြီး တစ်ခုခုဖြစ်နေပြီထင်တာပဲ ... ထင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



ရှင်လွန်း ပြောပြောဝိုနေစဲ့ ဒေါ်ကြီး မျက်ရည်သုတ်ပေးလာပါ၏။

"ရှင်လွန်းလေး လား ... ပြန်လာမှာ .. ဝေးသေးရဲ့ ရှင်လွန်း ကို အစ်ကိုလေး တူတူခေါ်သွားကြည့် ... ဟိုမှာပဲ .. ဂရုတစိုက်နဲ့ ... ပြုစုနေမှာ... ကြည့်နေမှာ ဘယ်လိုမှ ပြန်လာမှာမဟုတ်ဘူး ... အဲဒါ အစ်ကိုလေး လည်း သိလို့ဖြစ်မှာပေါ့ ... အသိမပေးပဲ ခုလိုထွက်သွားလိုက်တာ ..."

ဒေါ်ကြီးမေ သက်ပြင်းရှိုက်၍ ပြောတော့ ရှင်လွန်း ငိုင်၍ ငြိမ်သွား ဖြန်သည်။ ဟုတ်တော့ဟုတ်သည်။ ရှင်လွန်း တူတူပါသွားလျှင်လည်း ဘယ်လိုမှ ပြန်လာမှာမဟုတ် ...။ ကိုကြီးထံမှာပဲ ရှိနေမှာ သေချာသည်လေ...။

"ဒေါ်ကြီးကို တရရမှာခဲ့တာနော် ... ရှင်လွန်းလေး ကို ဂရုစိုက်ပါ ... ငိုငိုယိုယိုနဲ့ မစားမသောက်ဖြစ်မှာစိုးတယ်တဲ့ ... အဲဒါပဲ အစ်ကိုလေး ခမျာ နောက်ဆံတငင်ငင်နဲ့ပါကွယ် ... ခမျာ ..သူ့ဝေဒနာသက်သာ အောင် အနားယူဖို့သွားတယ်ဆိုတာတောင်မှ .. ဖြောင့်မှဖြောင့်ရဲ့လား မသိဘူး ... စိတ်က ရှင်လွန်း အတွက်ပဲ တပူပန်ပန်ဖြစ်နေတာ .."

ဟု ဒေါ်ကြီး ထပ်ပြောလာတော့ ရှင်လွန်း ကိုကြီး၏ ခုတင်ခြေ ထောက်တိုင်နေရာကို မှီ၍ ကြမ်းခင်းကော်ဇောကြီးထက်မှာ အားကုန် အားခမ်းထိုင်ရင်း ငြိမ်နေရသည်ပါပဲ ..။ ဆိုးသည်က ... ရင်ထဲမှာ ဟာနေ သည်။ ကိုကြီး၏ ဖံကသရီမှာ ရှိမနေဆိုတာ သိနေရတာကိုက ဆိုးနေ သည်။ ကိုကြီး ဝေဒနာမသက်မသာဖြစ်နေမှာကိုလည်း စိုးရိမ် ချောက် ချားနေသည်။ လူသည် ငြိမ်နေရပြီ ..။ ဟိုလိုက်သည်လိုက်ဖြင့် မနား စတမ်းလိုက်ခဲ့ပေမယ့် ...။ ခုကျတော့ ... ဘယ်မှ လိုက်စရာမကျန်တော့ သည်မို့ ... ခြေကုန်ခြေပန်း ငြိမ်ထိုင်နေရပြီ။ ဒါပေမယ့် စိတ်ကမငြိမ် ..။ ယောက်ယက်ခပ်နေ၏။ ပြင်းထန်သော အပူရှိန်ကြီးက အုပ်မိုးထား သည်သို့လည်း ရှိ၏။

"ဘဘမှူး လည်း ပြန်လာမှာပဲကွယ် ... တစ်နေ့ ... ဘဘမှူး ကို မေးလို့ရတာပဲ ဥစ္စာ ... မသကာ .. ဟိုမှာ ဘဘမှူး အစ်ကိုလေးနဲ့



နေလှ ... တစ်ပတ်ပေါ့ ... ဘဘမှူး ပြန်လာပြီလား မပြန်လာသေးဘူး လားဆိုတာလည်း သူ့အိမ်က ဒေါ်ယုန် ကို ဖုန်းဆက်မေးလို့ရတာပဲ ဥစ္စာကွယ်"

ဟု ဒေါ်ကြီးမေ ပြောလာတော့မှ စိတ်ထဲမှာ လမ်းစတစ်ခုပွင့်၏။ အားတက်လာရင်းဖြင့် ရှင်လွန်း နည်းနည်း မျက်နှာလေးလန်းလာသည်။ ထိုအခါမှ ဒေါ်ကြီးမေလည်း စိတ်သက်သာရာ ရရှာသည်ပါပဲ ..။

ဒါပေမယ့် တစ်ပတ်ကြာတော့ ဘဘမှူး ပြန်ရောက်လာတာ သိရ ချိန်မှာ ရှင်လွန်း လေးလေးဆွေ ကို ဘဘ၏ အိမ်သို့ လိုက်ပို့နိုင်းခဲ့ချိန် မှာ ...။ ကိုကြီး တားထားသည်မို့ ... ဘဘမှူး မဖြေပါရစေနှင့်ဟု တောင်း ပန်တာကိုပဲ ရပ်ဆိုင်ခဲ့ရသည်က ရှင်လွန်း ပါ ..။ ဘယ်လိုမေးမေး။ မဖြေ သည့်အဆုံးမှာ ရှင်လွန်း ... မျက်ရည်စက်လက်ဖြင့် ပြန်ခဲ့ရလေသမျှ ..။ ထိုမျက်ရည်စက်တွေကို ... ဘာကြောင့် ... ကိုကြီးမြင်ရက်နိုင် ခဲ့ပါသတဲ့ လဲ ..။ တနင့်နင့်ခံစားရင်း ရှင်လွန်း ကားပေါ်မှာ ငို၍ ပါခဲ့ရသည်တည့် ..။ ခက်သည်က ... ကိုကြီးကို ဘယ်လိုမှ ဖုန်းဆက်၍ မရခြင်း။ ဘဘသို့ ကလည်း .. ဖုန်းဆက်လာတာမရှိ ..။ ကိုကြီး တားထား၍ ဆိုတာသိ သည်ပေါ့ ...။ ရှင်လွန်း ၏ မျက်ရည်စက်ကို ခံနိုင်ရည်မရှိပါလေသော ကိုကြီးသည် ... ဤတစ်ကြိမ်မှာ ... ရှင်လွန်း ၏ မျက်ရည်စက်ထက် ... ကိုကြီးအနားယူဖို့ ပို၍ အရေးကြီးနေသည်ဟု ဆုံးဖြတ်ရက်မှာ မဟုတ် ဟု ရှင်လွန်း ယုံကြည်သည်။ တကယ်က ... ကိုကြီး သည် တမင်တကာ .. ရှင်လွန်း ကို ချန်ထားရစ်ခဲ့ခြင်းပဲ ဖြစ်ရချေမည်ဟုလည်း ရှင်လွန်း သိနေသည်။

ဒါကြောင့်လည်း စိတ်ထဲကန့်ဆော်သလို ခံစားလာရလျှင်ဖြင့် ရှင်လွန်း ဘဘမှူး ၏ ဆေးရုံသို့လည်း ရောက်သည့်အခါရောက် ..။ ဘဘမှူး ၏ အိမ်သို့ရောက်သည့်အခါ ရောက်ဖြင့်ရှိနေတတ်သည်။ ကိုကြီး၏ အဆက်အသွယ်ကအစ ပြတ်တောက်ခံနေရလျက် သူလည်းပုံးဝ မတွေ့ရပဲ ရှိနေရခြင်းသည် ရှင်လွန်း အတွက် ဆောက်တည်ရာ ပျောက် နေစေသည်။ လူလည်း ပိန်ကျနေလျက် ပါးချောင်နားချောင်လေး ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေရပြီ ...။

ကြာတော့ ... ဘဘမှူး ပင်လျှင် မနေရက် မကြည့်ရက်ဖြင့် စိတ်လက်ဆင်းရဲနေရတာသိသာနေသည်ပါပဲ ...။ ဒါပေမယ့် .. ခက်သည်က ကိုကြီး ဘယ်မှာ ရှိသည်ဆိုတာ လုံးဝ ဘဘမှူး နှုတ်ထဲ ဖွင့်မပြောခြင်းပဲ ဖြစ်လေသည်။

ကေသရီဟိုတယ်နှင့် ရတနာအရောင်းခန်းကိုတော့ ရှင်လွန်း ဘဘဦးအိမ်စိုး နှင့်အတူ ... သေသေသပ်သပ် ... ဦးစီးဦးရွက်လုပ်ကိုင်တတ်နေသည်က လေးလတိုင်ခဲ့ပြီ။ ခုလည်း ဟိုတယ်မှ ပြန်လာပြီးသည့် နောက်မှာ အရှူးအမူးပင် ဖုန်းဆက်ဖို့ ကြိုးစားနေမိရသည်က ... ကိုကြီး၏ ဟန်းဖုန်းကိုပါ ... စက်ပိတ်ထားသည်ချည်း ဖြေနေတော့ ရှင်လွန်း မျက်ရည် ဖြိုင်ကျလာရပါပြီ ...။

"ရှင်လွန်း ရယ် .. ကြာရင် ... မိန်းကလေး လဲလိမ့်မယ် ... ဘဘမှူး .. စိတ်ပူပြီး ဆေးထိုးပေးမယ်ဆိုတာကိုလည်း လက်မခံဘူး"

ဟက်ဟက်ပက်ပက် ဘာမျှသိပ်မစားနိုင်ပဲ ထမင်းပွဲမှ ထွက်လာတော့လည်း ဒေါ်ကြီးမေ မျက်နှာညှိုးနေရင်း ပြောလာပါ၏။

"တကယ်က ... ရှင်လွန်း ကို ဆေးတွေထိုးပေးပြီး အားအင်ရှိလာအောင် ဘဘမှူး မကြိုးစားသင့်ဘူး ... ကိုကြီး ရှိတဲ့နေရာလေးကို နှုတ်ကလေးနဲ့ ပြောပြရုံပဲ ပြောလိုက်သင့်တာပါ ... ကိစ္စမရှိပါဘူးလေ ... ခုလို ... တဖြည်းဖြည်းအားအင်ကုန်ခမ်းပြီး ... မတ်တပ်က ဘုန်းဗုန်း လဲသွားရင်လည်း ကောင်းတာပါပဲ .. ကိုကြီး အနားယူတဲ့ကိစ္စကို အနှောက်အယှက်မဖြစ်ရအောင်ဆိုတဲ့ အကြောင်းပြချက်တစ်ခုနဲ့ ... ခုလောက်ထိ အဆက်အသွယ်ဖြတ်တောက်ထားတာကိုက ... နည်းလမ်းမမှန်တာ .. ရှင်လွန်း သိနေတယ် ဒေါ်ကြီး .. တစ်ခုခုတော့ဖြင့် ကိုကြီး ဆိုးဆိုးဝါးဝါး များ ဖြစ်နေပြီလားမသိဘူး .. အဲသလို ... ထင်နေတယ် .. အဲသလို စိုးရိမ်နေရင်း .. ပူပန်နေရင်းနဲ့ .. တစ်နေ့တစ်နေ့ ... ကူးလာရတာ ...



အလွန်ပန်းဟိုက်နေတဲ့အဖြစ်ပါ ... ရှင်လွန်း စိတ်လက်ပူပန်နေမယ်ဆိုတာ ကိုကြီး သေချာပေါက်သိပါတယ် ဒေါ်ကြီးရယ် .. သိပါရက်ကယ်နဲ့ ... ခုလို အဆက်ဖြတ်ပြီး အနားယူနေတယ်ဆိုတာ ... ယုတ္တိကိုမရှိဘာ .. ကိုကြီး ရှောင်နေတာလို့ ရှင်လွန်း သိနေတယ် .. ကိုကြီးတစ်ခုခုဖြစ်နေလို့ ... မမြင်စေချင်လို့ ရှောင်နေတယ်ဆိုတာ .. ရှင်လွန်း သိ .. နေတယ် ..."

ပြောနေရင်း ရှင်လွန်း ဧည့်ခန်းကြမ်းခင်းကော်ဇောကြီးပေါ် ထိုင်ချတာ ချုံးချငိုလိုက်မိရပါပြီတည်း ...။ ဒေါ်ကြီးမေ မျက်ရည်လိုက်ကျလာသည်။ ဧည့်ခန်းအလည်မှာ .. ကြမ်းခင်းကော်ဇောကြီးထက်မှာ လက်ဖဝါးလေးတွေ ဖေးထောက်ထားရင်း ကိုယ်လေးယိုင်မကျအောင် ထိန်းနေသည့် ရှင်လွန်း သည် အလွန်ပါးလျား ပိန်ကျနေသည်။ ဖက်က လေးငိုတ်ကျနေပုံကလည်း ... အရုပ်ကြိုးပြတ်ဆန်နေသည်။ ရုပ်သေးမင်းသမီးလေး ပုံပုံကျနေသည့်နှယ်ရှိ၏။

ဒေါ်ကြီး မကြည့်ရက်သည်မို့ ရှင်လွန်း ၏ ကိုယ်နွဲ့နွဲ့လေးကို ကြုန်းဝင်ပွေ့ယူကာ ငိုချလိုက်ပါပြီ။

"ကြာရင်ဖြင့် ... ငါ့ ရှင်လွန်းလေး .. ပိုးစိုးပက်စက် ဖြစ်ကုန်တော့မှာပါလား ... လုပ်ရက်ပါပေရဲ့ ဘဘမှူး ရယ် .. ဒီကလေးကို .. အစ်ကိုလေး ... ရှိတဲ့ နေရာလေး ပြောပြလိုက်ပါတော့ ..."

ဟု ရင်ထဲ မဆန့်နိုင်သည့် ခံစားချက်တွေဖြင့် ကျုံးအော်လိုက်ချိန်မှာ ရှင်လွန်း ၏ ခေါင်းလေး ဒေါ်ကြီးမေ ၏ ရင်ခွင်ထဲ ငိုက်ကျလာသည်။ အားကိုးရာအဖြစ် ဒေါ်ကြီးမေ ကို ဖက်တွယ်လာသည်။

"ကိုကြီးရေ ... ပြန်လာပါတော့ .. ကိုကြီး ဒီအိမ်ကြီးထဲမှာ ရှိနေရင် တော်ပါပြီ ... ကိုကြီး နားနားနေနေ ... နေတာကို .. အနှောက်အယှက်ဖြစ်မှာစိုးတယ်ဆိုရင်ဖြင့် ... ရှင်လွန်း ... ရှင်လွန်း ... ကိုကြီး အခန်းထဲ မဝင်နဲ့ဆိုရင်လည်း မဝင်ပါဘူး ကိုကြီးရဲ့ .. ကိုကြီးကို ... တစ်နေရာက ... အခန်းလေး တစ်ခန်းထဲက ... ငိုကြည့်ရှုံ ... မြင်နေ

www.burmeseclassic.com

www.burmeseclassic.com



ခွင့်လေးရရင် ... ရင်ထဲ ပြေသာ့ရပါပြီ ...။ ခု ... ဘာမှန်းမသိ .. ညာမှန်းမသိ ဖြစ်နေရင်း .. စိတ်ပူနေရတာ .. ရှင်လွှန်း .. ရှင်လွှန်း ... သေတော့မယ် ကိုကြီးရဲ့ ... ကိုကြီးရဲ့ ..."

ဤတစ်ကြိမ်မှာတော့ ရှင်လွှန်း လည်ကိုဆန့်၍ အော်သည်။ ရင်ကို ဖွင့်၍ အော်သည်။ နှလုံးသားကို ဖောက်ထွက်လာသည့် အော်သံသည် ကြေကြေမွမွနိုင်၏။ ရှိုက်သံတွေ ပြည့်သိပ်၏။ မျက်ရည်စက်တွေက ပါးပြင်ပေါ် အရှိန်အဟုန်ပြင်းပြင်းဖြင့် ပြိုကျ၏။ အလူးအလဲ ... အလူးအလိမ့် ... ကြေကွဲနေသည့်ရင်သည် ... ခံစားချက်ပြင်းပြင်း၏ နောက်မှာ အတောမသတ်မျောပါ၏။ ရင်သည် လှိုက်နေသည်။

ထိုစဉ်ခိုက် ... တံခါးဝမှာ ဘဘမှူး ရပ်လာပါသတည်း ... ဘယ်အချိန်မှာ ဘဘမှူး ၏ ကားပေါ်တီကို အောက်မှာ ရပ်လိုက်သည်မသိ။ လေးလေးဆွေ ခြံတံခါးသွားဖွင့်ပေးလိုက်တာကိုလည်း မသိလိုက်ရ ...။ ကိုယ့်သောကနှင့်ကိုယ် ...။ ကိုယ့်ခံစားချက်နှင့်ကိုယ် ... ငိုနေရသည်မို့ ... ဘာမှ မသိလိုက်နိုင် ...။

ဘဘမှူး ... တွေတွေကြီး မမိတ်မသုန်မြင်ကွင်းကို ကြည့်နေသည်။ မျက်ရည်ဝဲ့နေ၏။ ရှင်လွှန်းထံ လျှောက်လာကာ ဘေးမှာ ထိုင်လာသည်။ ကြမ်းခင်းကော်ဇောကြီးထက်မှာ ဘဘမှူးကပ်၍ ထိုင်ခြင်း ...။ ရှင်လွှန်း ၏ မျက်ရည်ကို ဘဘမှူး သုတ်ပေးသည်။ ဆံစကို သပ်ပေးသည်။ ဘဘမှူး ကိုယ်တိုင်သည်လည်း မျက်ရည်ကျလာသည်။ ထိုမျက်ရည်ကို ရှင်လွှန်း လန့်လာပါ၏။

"ဘဘမှူး ... ဘာလို့ ... ဘာလို့ ... ငိုတာလဲဟင် ... ဘာလို့ ငိုတာလဲ ... ကိုကြီး ... ကိုကြီး ... ဘာဖြစ်လို့လဲ ... ဘာ ... ဖြစ် ... လို့ ... လဲ"

သွေးရူးသွေးတန်းနိုင်စွာ ရှင်လွှန်း အဆက်မပြတ်မေးနေတော့ ဘဘမှူး သည်ချောင်းတနင်နင်ဖြင့် ဖြစ်နေ၏။ တော်တော်နှင့် အသံ ထွက်မလာနိုင်။



"အခု ... မိန်းကလေး ခံစားနေရမှာမျိုးကို ... ထိတ်လန့်နေခဲ့တာပါကွယ် ... သူ .. ကြိုတင် ပူပန်နေခဲ့တာပါ ... ရင်မဆိုင်နိုင်ခဲ့တာပါ .. မိန်းကလေးကို အသိဆုံး လူဘစ်ယောက်ကိုပြပါဆိုရင် ... လူလေး မောင်ဘုန်း လူပါပဲကွယ် ... သူ .. အသိဆုံးပါ ... ဒါကြောင့်လည်း ... သူ ... မိန်းကလေးကို ရှောင်နေတာပါကွယ် ... သူ့ကို မြင်ရင် .. သူ့ ဝေဒနာကို သိရင် ... မိန်းကလေး ဒီထက်ပိုဆိုးမယ် ... ပိုခံစားရမယ် ... ခံစားရတဲ့ ကာလ ... ပိုစောမယ် ... ပိုပင်ပန်းမယ်ဆိုပြီး ... ထိန်ချန်ထားတာပါ ..."

ဘဘမှူး အားတင်း၍ ပြောပြလာသမျှကို နားထောင်နေရင်း ရှင်လွှန်း ၏ ကိုယ်လေးတောင့်ခနဲ ဖြစ်၏။ မိုက်ခနဲ ဖြစ်ချင်၏။ ကိုကြီး ... ကိုကြီး ... မည်သည့် ဝေဒနာကို ခံစားနေရရှာပါပြီလဲ ...။ ဘယ်အခြေထိ ရောက်ကုန်ပြီတဲ့လဲ ...။ ဘဘမှူး ကိုယ်တိုင်ကပင်လျှင် ... ကိုကြီး၏ စိတ်ဆန္ဒအတိုင်း လိုက်လျောဖြည့်ဆည်းပေးရလောက်အောင် ... ဝေဒနာသည် အဘယ်ထိ ဆိုးဝါးသော ဝေဒနာဖြစ်နေပါ၍လဲလေ ...။ ဟုတ်သည်။ ဘဘမှူး ပင်လျှင် ... ရှင်လွှန်း ကို .. ကိုကြီး မတွေ့ပဲ ရှောင်ပေးအောင် ကူညီဖြည့်ဆည်းပေးခဲ့သည်ပဲ ...။

"ဘာ ... ဘာ ... ဖြစ် ... နေတာလဲဟင် ... ကိုကြီး .. ကိုကြီး ဘာဝေဒနာဖြစ်နေတာလဲဟင် ..."

ရင်ထဲက မေးနေသည်။ နှုတ်က ပွင့်ကျမလာနိုင်ပဲ အားအင်ပြတ်နေ၏။ တစ်ချိန်လုံး ကိုကြီးအတွက် ဇောကပ်လိုက်ရှာဖို့ပဲ အာရုံဝင်နေသည့် ရှင်လွှန်း ...။ လမ်းစပျောက်ထားသမျှကို ခေါင်းငုံ့လက်ခံပေးလိုက်ရလေသမျှ အရှုံးတစ်ပိုင်းဖြစ်နေရပါသည့် ရှင်လွှန်း ...။ ခုကျတော့ ... နှုတ်ခမ်းသည် ချောက်သွေ့နေ၏။ လှုပ်ခပ်ရန်ပင် အားမကျန်သည့်နယ် ရှိနေ၏။ တုန်လှုပ်ချောက်ချားခြင်းတွေက ရင်ကို ဖိချေထုနက်နေသည့်နှယ်ရှိနေပြီ ...။ ကိုကြီး ... တစ်ခုခု ... ဆိုးဝါးစွာ ခံစားနေရသည်ဟု သိလာနေရတာလောက် ... ရှင်လွှန်း ၏ ရင်ကို ချေမွနေတာမရှိ။ လောင်

www.burmeseclassic.com



မြိုက်နေတာမရှိ …။

"လူလေးဟာ … သူဗိုက်နာနေတာကို ပေါ့ပေါ့ထားခဲ့တယ် …။ ဘာသမှုကိုတောင်မှ … ပြောမပြခဲ့ဘူး … ဘာဘမှုး … သူ့ကိုလာလာကြည့်နေတာပဲ … အားဆေးတွေဘာတွေလည်း သွင်းပေးနေတာပဲ .. သူ့မိသားစုဆရာဝန်ကြီးတစ်ယောက်ကို … ဗိုက်နာတာလေးကအစ … ပြောပြပြီး စိတ်ပင်ပန်းအောင် … တာဝန်ရှုပ်အောင် မလုပ်ချင်ဘူးဆိုပြီး … သူ့ဘာသာသူ အစာကျေဆေးလေးဘာလေး သောက်သောက်နေရာက … အဲဒီနေ့က မိန်းကလေး ရှေ့မှာ … သူ … ရုတ်တရက် … အန်တာတွေဘာတွေ ဖြစ်ကုန်တဲ့အထိ … ရောဂါသက်ရင့်သွားရတာ … လူနာဆိုတာ .. ကိုယ့်ဆရာဝန်ကို ကိုယ်ဖြစ်တာမှန်သမျှ ပြောပြရမှာလေ …. သူမ ပြောပြတော့လည်း … ဘာဘ ဘယ်လိုသိနိုင်ခဲ့မလဲ … သွေးတိုင်းတယ် … မှန်တယ် … နှလုံးစမ်းတယ် … ကောင်းတယ် … ဒါပေမယ့် … ဘာဘ မမြင်နိုင်စွမ်းတဲ့ အစာအိမ်ထဲကအဖြစ်တွေ … သိနိုင်ဖို့ … စမ်းသပ်စစ်ဆေးနိုင်ဖို့ဆိုတာ … သူပြောပြမှ … လုပ်နိုင် … သိနိုင်မှာလေ … အဲဒါ .. အဲဒီနေ့ကမှ … ဘာဘ … သူ့ကို ဘာဘရဲ့ ဆေးရုံမှာ … လိုအပ်ကဲ့ စမ်းသပ်မှုတွေအားလုံး လုပ်ရတယ် … အစာအိမ်ထဲမှာ အဖုအကျိတ်တွေရှိနေတဲ့ အဖြေကိုရတယ် … စကင်ထဲက အဖုအကျိတ်ကို ကြည့်လိုက်တာနဲ့ … ဘာဘ ရဲ့ အတွေ့အကြုံရင့်ကျက်မှုအရ … သူ .. သူ"

ဘာဘမှုး အသံတိမ်၏။ မျက်တောင်မခတ်ငေးစိုက်ကြည့် ငြိမ်ကျနေသည့် ရှင်လွန်း ကို တစ်ချက်ကြည့်သည်။ အားစိုက်၍ မပြောမဖြစ် ပြောရမည့်နှယ် ပြောချလိုက်ရပါပြီတည်း …။

"သူ … သူ ဆိုးဝါးတဲ့ အဆင့် ကင်ဆာဖြစ်နေပြီလို့ သိလိုက်တယ် … လိုအပ်တဲ့ … ဘိုင်အိုစီလုပ်တာကလည်း လုပ်ဖို့ယူထားပြီးပြီ … သူ့ကိုလည်း … အမှန်အတိုင်း အသိပေးရတယ် … သူ .. ရုတ်တရက်တော့ ငိုင်သွားတယ် … ဒါပေမယ့် ချက်ချင်းထိန်းရှာပါတယ် … သူ .. စိုးရိမ်တာက … မိန်းကလေးပဲ … မိန်းကလေးသိရင် … အရမ်းခံစားရမှာတဲ့ … သူ .. မမြင်ရက်ဖူးတဲ့ … စောသီလေ … စောပြီး ပိုခံစားရလေဖြစ်မှာတဲ့ … ဒါကြောင့် … သူ ဘာမှမဖြစ်ဘူးလို့ ပြောပေးပါတဲ့ .. အနားယူဖို့ပဲ လိုတာလို့ လိမ်ပေးပါတဲ့ .. ပင်လယ်ကမ်းခြေတစ်ခုခု တောင်ပေါ်မြို့လေး တစ်မြို့မြို့မှာ သူ အနားယူဖို့သွားလိုက်တယ်လို့ပဲ လိမ်ညာပေးပါတဲ့ … နောက်တစ်နေ့ … ရှင်လွန်း ဟိုတယ်ကို အလုပ်သွားဖို့ သူအားလုံး စီစဉ်ထားမယ်တဲ့ … ရှင်လွန်း သွားလိုက်ချိန်မှာ … သူ .. ကေသရီက ထွက်မယ်တဲ့ … ဘာဘမှုး ရဲ့ ဆေးရုံမှာတော့ သူ တက်နေလို့ မဖြစ်ဘူးတဲ့ ရှင်လွန်း အကြောင်း သူသိတယ်တဲ့လေ … ဆေးရုံမှာ လာရှာမယ် … ဘာဘမှုး ရဲ့ အိမ်ကိုလည်း လိုက်လာလိမ့်မယ်တဲ့ … တခြားဆေးရုံ တစ်ခုခုမှာ သူတက်ပါရစေတဲ့ … ဘိုင်အိုစီရဲ့ အဖြေကို သိရတဲ့အခါ … သူ့အဆင့် … ဘယ်အထိရောက်နေပြီဆိုတာ သိရမှာပဲတဲ့ … သူ … ဘယ်လောက်ကြာကြာနေရမယ်ဆိုတာ … ဘာဘမှုး … သူ့ကို ပြောပြပါတဲ့ … အဲဒီအခါမှာ … သူ … ဘာဆက်လုပ်ရမယ်ဆိုတာ … သူ ဆုံးဖြတ်မယ်တဲ့ကွယ် …"



ဟု အသံဆွေ့ အက်နေရင်း ဘာဘမှုး ပြောနေသမျှ မလှုပ်မယှက် ငြိမ်၍ ရှင်လွန်း နားထောင်နေရပေမယ့် စိတ်တွေက လွင့်နေသည်။ အားကိုးရာမဲ့ ဟိုပြေးသည်ဆန် လူးလားခတ်နေသည်။ အော်ဟစ်ငိုချလိုက်ချင်သည်။ အသံမထွက် …။ အောင့်တက်သည့်ရင်ကို ဖေးဖိရန်ပင် လက်က မြှောက်မရ …။ တောင့်ခဲနေသည်။ မျက်ရည်ဥသည် မျက်သားမှာ တွဲရရွဲခိုနေသည်။ ကြွေမကျနိုင်သေး …။ နောက်ထပ် မျက်ရည်ကလည်း ဆို့နေသော လည်ချောင်းဆီမှ တွန်းတက်မလာနိုင်သေးပဲ အားပြတ်တန့်နေသည်။ လည်ချောင်းသည် ဆိုးဝါးစွာ ကြပ်ခဲနေသည်။ လည်ပင်းကြောတွေတင်းထောင်တက်လာအောင်ပင် အသက်ရှူရခက်ခဲလာနေသည့် ခံစားချက်ကလည်း ပို၍ ဆိုးဝါးလာနေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကိုကြီး မှာ .. ကင်ဆာ ... ဖြစ်နေပြီ ... ကင်ဆာ ဖြစ်နေပြီ ..."

ဘာနှင့်မျှ ကုမရ ... ကယ်မရ ဖြစ်ချေပြီတဲ့လား ကိုကြီးရယ် ...။ ဘာနှင့်မှ ... ကယ်မရ .. ပြုမရဖြစ်နေရပြီတဲ့လား ...။ ရှင်လွန်း တို့ လက်ပိုက်ကြည့်နေရမည်တဲ့လား ...။ ကိုကြီး ခံစားရမှာကိုလည်း လက်ပိုက်ခံနေရမည်။ ရှင်လွန်း ကျန်ခဲ့ရမှာကိုလည်း ငြိမ်သက်လက်ခံပေးနေရမည်။ ပြန်လှ၍မရ ...။ ပြန်ဆွဲ၍မရတော့ပြီတဲ့လား ...။ လွှတ်ပေးလိုက်ရတော့မည်တဲ့လား ...။ ဟာမလွန်ဆိုသည့် တစ်ဘက်ကမ်းကို လွှတ်ပေးလိုက်ရတော့မည်တဲ့လား ...။ အရှုံးမပေးချင်ပေမယ့် ... သေခြင်းတရားဆိုသည့် အရာကြီးကို ရှင်လွန်း အပ်နှင်းပေးလိုက်ရမည်တဲ့လား ...။ ဟင့်အင်း ... ကိုကြီး ကို အဆုံးရှုံးမခံနိုင် ... ။ ရှင်လွန်း နှုတ်ခမ်းတွေ တဖြည်းဖြည်း တုန်ခါလာနေကြသည်။ လက်ဖျားလေးတွေ တုန်နေကြပြီ ...။ တောင့်ခဲခဲလေးဖြစ်နေသည့် ကိုယ်လေး ငိုက်ကျလာနေသည်။

"ဒါကြောင့် ... ဘာဘမှူး ... သူနောက်ဆုံးဆန္ဒ ဖြစ်လိုရာမှန်သမျှ ... ဆရာဝန်တစ်ယောက်အနေနဲ့ ဖြည့်ဆည်းပေးချင်တာမို့ ... ဘာဘမှူး ရဲ့ မိတ်ဆွေ .. ဒေါက်တာ ဦးရန်ထက် ရဲ့ ကိုယ်ပိုင်ဆေးရုံကြီးမှာ .. လူလေး ကို အဲဒီနေ့က တင်ထားခဲ့တယ် ... ဘာဘ ... တစ်ပတ်လုံးလုံး အတူနေခဲ့ တယ် ... နောက်ပိုင်းမှာလည်း နေ့တိုင်းလည်း သွားကြည့်တယ် ...။ ဘာဘညို ကိုလည်း အဲဒီမှာ ထားထားတယ် ... စားရေးသောက်ရေး ကအစ ဘာဘမှူး ... အစစ .. စီမံပေးပါတယ် ... စပယ်ရှယ်နာ့(စ်)လည်း ... ရှိပါတယ် ... ဘာဘရဲ့ လက်ထောက်ဆရာဝန်လေးတစ်ယောက်ကိုလည်း အချိန်ပြည့်ရှိနေစေတယ် ... ပို့ထားတာက ... ထက်မြက်ဆေးရုံပါပဲ ... အခု ... မိန်းကလေးကို လာခေါ်တာ ... သူ .. ရှင်လွန်း ကို တွေ့တော့ မယ့်လို့ ဆုံးဖြတ်လိုက်ပြီ ..."

ဘာဘမှူး ခေါင်းငိုက်ချ၍ မနည်းအားတင်းပြောနေပုံကို ကြည့်၍ ရှင်လွန်း ... အဖြေတစ်ခုကို သိနှင့်နေပြီ။ အခု ... အခု .. ကိုကြီးက တွေ့တော့မည်တဲ့လား ...။ ဘာဘမှူး က လာခေါ်သည်တဲ့လား ...။



တစ်ချိန်လုံး ကိုကြီးကို တွေ့လိုဇောဖြင့် ... ရူးမတတ် ခံစားနေရသည့် ရှင်လွန်း ... ကိုကြီး ရှိရာနေရာကို သိပြီဆိုလျှင်ဖြင့် ... အရမ်းကို ပျော်သွားမည်ဟု ထင်ထားမိခဲ့ပါသည့် ရှင်လွန်း ...။ ဘယ်လိုမှ ... မပျော်နိုင် ...။ ဒါပေမယ့် ... ကိုကြီး ကို တွေ့ကိုတွေ့မှ ဖြစ်မည်ဆိုတာကိုတော့ ... နလုံးအိမ်က သိနေသည်။ ခုအချိန်မှာ .. အလိုအပ်ဆုံးသူတစ်ယောက်သည် ကိုကြီးအတွက် ... ရှင်လွန်း မှတစ်ပါး ... အခြားမရှိဆိုတာ .. ရှင်လွန်း သိနေသည်လေ ...။ လောလောဆယ်မှာ ... ရှင်လွန်း အရေးတကြီး ... အမှန်ဆုံး သိနိုင်ဖို့ အကြောင်းအရာသည် ... တစ်ခုပဲ ဖြစ်လေသည်။ ကြိုတင်၍ သိထားနှင့်ဖို့လိုအပ်နေသည့်အရာ ...။ ပြီးတော့ ... ကိုကြီးရှေ့မှာ လုံးဝ မျက်ရည်မကျအောင် ထိန်းထားရမည်ဆိုတာကိုလည်း ဆုံးဖြတ်နားလည်ထားနေသည့်ဘဝ ...။ ရှင်လွန်း ၏ မျက်ရည်ကြောင့် ကိုကြီး၏ နလုံးသား .. ပို၍ မပင်ပန်းစေရ ...။ သို့နှယ်ပင် ... ရှင်လွန်း သိကိုသိရမည့် အရာတစ်ခုကတော့ အရေးတကြီး သိဖို့လိုနေသည့် အဖြေတစ်ခု ...။ ဘာဘမှူး ထံမှ သိကိုသိရမှ ဖြစ်ချေမည်။

"ဘယ် ... လောက် ... ကြာ ... မှာ ... လဲ ..."

အသံသည်တိုး၏။ တိမ်၏။ နင့်နင့်ဆို့ဆို့ရှိ၏။

"သိပ် .. မကျန် ... တော့ဘူး ... မိန်းကလေးရယ် ... သူသည် သိနေပြီ ... ဘာဘလည်း သိနေပြီ ... သူ .. ရှင်လွန်း ကို အမြန်ဆုံး တွေ့ချင်နေတယ် ... ဒီအချိန်မှာ တွေ့ဖို့တန်ပြီလို့ သူဆုံးဖြတ်တယ် ... ဘာဘမှူး ကြိုတင်တောင်းပန်ချင်တယ် မိန်းကလေးရယ် ... သူ .. ဖြစ်ချင်တာ .. အားလုံး ... နားထောင်လိုက်ပါကွယ် ... သူ .. ဘာဘကို ပြောပြထားပြီး ပြီဖြစ်တဲ့ ... အဲဒီ ... သူ့ ဆန္ဒတွေကို သူကိုယ်တိုင်ပဲပြောပြချင်နေတယ် ... သူ ... ပြောတာကို .. နားထောင်လိုက်ပါကွယ် ... လာ .. သွားကြစို့ ..."

ဟု ဘာဘမှူး စောင့်ခေါ်ချိန်မှာ .. ရှင်လွန်း ကို ... ဒေါကြီးမေ

www.burmeseclassic.com

www.burmeseclassic.com



တွဲခေါ်သည်။ ပျော့ဖတ်ဖတ်နိုင်စွာ ရှင်လွှန်း ၏ ကိုယ်လေးပါလာသည်။ တွဲအလျှောက်မှာ ရှင်လွှန်း ၏ ခြေထောက်လေးတွေ တရွတ်ဆွဲနေသည်။ ခြေလှမ်းသည် မနိုင်ချင် …။ မနိုင်ချင် …။

"အချိန် … သိပ် .. မကျန် … တော့ .. ဘူးတဲ့ .. မကျန် … တော့ … ဘူးတဲ့ …"

ရှင်လွှန်း ရင် .. တင်းမခံနိုင် …။

မိုက်ခနဲ ဖြစ်ချင်၏။ ဒါပေမယ့် … ရှင်လွှန်း ထိန်းနေရသည်။ ဟင့်အင်း …။ မူးလဲ၍ မဖြစ် …။ သတိလစ်၍ မဖြစ် …။ အာရုံကို စုစည်းရမည် …။ အရေးအကြီးဆုံးက … ကိုကြီးထံ ရောက်ရမည်လေ …။ ဘာကြောင့်ဆို … ကိုကြီးမျှော်နေမည်ဆိုတာ ရှင်လွှန်း သိနေသည်။ ရှင်လွှန်းကို … ကိုကြီးစောင့်နေသည်။ ကိုကြီး၏ ဆေးရုံအခန်းတံခါးကို ဘယ်အချိန်မှာ … ရှင်လွှန်း တွန်းဖွင့်၍ ဝင်လာမည်ဆိုတာ … ကိုကြီး တမျှော်မျှော်ဖြင့် စောင့်နေမည်မို့ …။ ရှင်လွှန်း သတိမလစ်အောင်နေပါသည် ကိုကြီးရယ် …။ မူးမေ့မလဲအောင် အားတင်းရပါသည်ကို ကိုကြီးရယ် …။ အသေအကျေ … ရင်ကျေအောင် ခံစားရင်း အလူးအလဲ ဝေဒနာကို … ထိန်းချုပ်ရင်း .. ရှင်လွှန်း … ရှင်လွှန်း .. ကိုကြီးထံရောက် အောင် … လာနေရပါပြီကောရှင်ရယ် …။ လာနေရပါပြီကော သခင်ရယ် … လေ …။

ဩော် … အနာဂတ်သည် … ကြေကွဲဖွယ်အတိဖြင့် … စောင့်ဆိုင်းနေနှင့်ပြီ …။ ရှင်လွှန်း တို့ အဓိပ္ပာယ်ရှိစွာ … ရှင်သန်ဖို့ တောင့်တမျှော်လင့်ခဲ့ရာအနာဂတ်သည်လည်း ကြေကွဲတိတ်ဆိတ်စွာ … လိုက်ကာကြီးတစ်ခုကို … ဖြည်းညှင်းစွာ ချလာနေသည်ကောလေ …။ ရှင်လွှန်း … အဘယ်အင်အားနှင့်မျှ … တား၍ မရနိုင်သော လိုက်ကာချမှုကြီးတစ်ခု …။



သခင်ရယ် …
သခင် … မခွဲရက်ပေမယ့်
ခွဲခဲ့ရတော့မှာလည်းသိ …။

သခင်ရယ် …
အကျွန် … မကျန်ခဲ့ချင်ပေမယ့်
ကျန်ခဲ့ရတော့မှာလည်းသိ …။

ကျန်မည့်သူ၏ ဘဝခရီး
ဘယ်လိုနည်းဖြင့် ခရီးနှင်ရပါ့
ဘယ်လိုနည်းဖြင့် အသက်ရှင်ရပါ့
ဘဝအမောသောကတောမှာ
အားကိုးရာလည်းမရှိတော့ပြီ …
ဩော် …
အားကိုးရာလည်း မရှိတော့သည် …။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၆)

ဆေးရုံ၏ စပယ်ရှယ် အခန်းတံခါးရွက်ကို တွန်းဖွင့်ချိန်မှာ ရှင်လွှန်း ၏ လက်လေးတွေတုန်ခါနေကြသည်။ တွန်းလက်စလက်ကို ပြန်၍ ရုပ်မိကာ အသက်ကို အားစိုက်၍ ခပ်ပြင်းပြင်းရှူရပါ၏။ မတည်ငြိမ် နိုင်ပဲ ယောက်ယက်ခတ်နေသည့် စိတ်တွေကို ဟန်ဆောင်မှုတစ်ခု၏ မျက်နှာဖုံးကြီး စွပ်လိုက်နိုင်ဖို့ဆိုတာ ခက်ခဲသောအလုပ် ...။ ငိုနေတာ ကို မငိုအောင်ထိန်းရမည်။ ကျလုလုမျက်ရည်ကို အံမကျလာအောင် ထိန်းရမည်။ ဆောက်တည်ရာမဲ့နေသည့် စိတ်သဏ္ဍာန်တွေကို ဖုံးကွယ် ထားနိုင်ဖို့ ကြိုးစားနေရသည်။ တစ်ချိန်တည်း တစ်ပြိုင်တည်းမှာ ... မျက်ရည်ကို ထိန်းရ၊ စိတ်ကိုထိန်းရ ... တည်ငြိမ်အောင် ကြိုးစားရမှု တွေသည် တော်ရုံအားစိုက်မှုဖြင့် ဖြစ်တည်မလာနိုင် ...။

တံခါးဆေး တစ်ဖက်တစ်ချက်စီမှာ ဒေါ်ကြီးမေနှင့် ဘဘမှူး ရပ်နေသည်။ နောက်ပါးမှာကျတော့ လေးလေးဆွေ ...။

"စိတ်ကိုထိန်းနော် ရှင်လွှန်းလေး ..."

ဒေါ်ကြီးမေ ကိုယ်တိုင်ကျတော့ မျက်ရည်မထိန်းနိုင်ပဲ ဖြစ်နေရှာ သည်။ ရှင်လွှန်း ခေါင်းညိတ်ပြရပါ၏။ အချိန်မရှိ ...။ ဟုတ်သည် ...။ အချိန် မရှိ ...။ ရှင်လွှန်း နှင့် ကိုကြီးအတွက် အချိန်တိုင်းသည် တန်ဖိုးကြီးလှ သည်။ ဤနေ့ဤအချိန်မျိုးကို ပြန်ရလိုလျှင်လည်း ဘယ်တော့မှ ဖြစ်



မလာနိုင် ...။ ကိုကြီးနှင့် ရှင်လွှန်း တို့၏ တွေ့ဆုံချိန်သည် အဘယ်မျှထိ ကာလကြာရှည်မည်ဆိုတာ တိတိပပ မပြောနိုင် ...။ သိပ်မကြာတော့ ပြီ ... ဆိုသည့် အဖြေတစ်ခုက ကြိုလင့်နေနှင့်ပြီ။ ထိုမကြာမလင့်သော အချိန်မတိုင်မီလေးမှာ ရှင်လွှန်း သည် ကိုကြီးနှင့် ဆုံခွင့်ရနေမည်။ ပြုံးစု ခွင့်ရနေမည်။ စကားတွေ ပြောနေခွင့်ရနေမည်။ ဒါပေမယ့် ... ထိုကာလ တစ်ခုကို ဆွဲဆန့်ခွင့်မရှိ ...။ အဆုံးသပ်ကာလတစ်ခုက မျဉ်းတစ်ကြောင်း ဖြင့် ဆီးတားထိုးဆိုက်ဖို့ အဆင်သင့်ရှိနေသည်။ အရံသင့်ဖြစ်နေပြီ။ ဤ အသိသည် ရှင်လွှန်း ၏ နှလုံးအိမ်တစ်ခုလုံးကို ဆွဲဆုပ်ဖိချေနေတာနှင့် မခြား...။

ကိုကြီးသည် ရှင်လွှန်း ကို တစ်ယောက်တည်းပဲ တွေ့ချင်သည်ဟု ဘဘမှူး ကိုမှာထားသည်မို့ အခန်းထဲမှာ ကိုကြီးတစ်ယောက်တည်းပဲ ရှိနေချေမည်ဆိုတာ ရှင်လွှန်း သိနေသည်။ ဘဘညို ကိုလည်း မတွေ့ရ။ တစ်နေရာရာမှာ မျက်ရည်ကျနေပြီထင့် ...။ ဤမြင်ကွင်းကို ရင်မဆိုင်နိုင် ၍ ရှောင်နေချေပြီထင့် ...။ ကိုကြီးကလည်း ... တစ်ယောက်တည်း နေချင်သည်ဟု ပြောထားချေမည်သာ ...။ ဒါကြောင့် ... ဘဘညို ... အခန်းထဲမှာ ရှိမနေနိုင် ...။ နှုတ်ခမ်းကို ဖေးကိုက်လိုက်ကာ ရှင်လွှန်း တံခါးရွက်ကို တွန်းဖွင့်လိုက်မိရပါပြီ။ အခန်းတံခါးဘက်ကို မျက်နှာမူ ထားသော ခုတင်ထက်မှာ ကိုကြီး ခေါင်းအုံးတွေကို ဆင့်မှီ၍ ထိုင်နေသည်။

နောက်ပါးဆီမှ တံခါးရွက်စေ့ပိတ်သွားသံကို ရှင်လွှန်း ကြားလိုက် ရပါ၏။ အကြည့်က ကိုကြီးထံမှာ မမှိတ်မသုန်ကြီး ရှိနေခဲ့ ...။ ကိုကြီး ၏ လက်တွေဆန့်တန်းထားနှင့်သည်။ ရှင်လွှန်း ခြေလှမ်းကို အနိုင်နိုင် လှမ်းနေရရာမှ ရုတ်ခနဲ မြန်ဆန်သွားရကာ ကိုကြီးထံ ကလေးတစ် ယောက်နှယ် ပြေးသွားမိရချေပြီတကား ...။ ကိုကြီးကလည်း ဆီးကြိုရှာ သည်။ ရှင်လွှန်း ကလည်း ရင်ခွင်မှာတိုးဝင်သည်။ ခွဲခွာရမည့် ကာလကိုအတိုးချ၍ ကိုကြီး တစိမ့်စိမ့်ကြည့်ရှာ၏။ ပါးလေးပေါ် လက် ကို အုပ်မိုး၍ မျက်တောင်မခပ်ကြည့်သည်။ ရှင်လွှန်း ၏ နဖူးပြင်လေး

www.burmeseclassic.com

www.burmeseclassic.com



ဆါ် အထပ်ထပ် နှုတ်ခမ်းကို ဖေးတင်၍ နမ်းမဝနိုင်စွာ တရှိုက်ရှိုက် ကိုကြီး နမ်းသည်။ ရှင်လွှန်း ၏ ကိုယ်လေးကို သိမ်းကြုန်း၍ ပွေ့ပိုက် ထားသည် ကလည်း တလှမ်းဆွတ်ဆွတ်နို နေသည်။

"ကိုကြီး ရယ် ... ကိုကြီး ရယ် ..."

ရှင်လွှန်း ခေါ်၍မဝ ... မော့ကြည့်၍ မဝ ... နဖူးပြင်ပေါ် ဖေးတင် သာရာ အနမ်းနုနုတွေကို ခံယူ၍ မဝ ...။ မတင်းတိမ်နိုင် ... တောင့် တောင့်တတနိုင်စွာ အနမ်းနုနုကို မော့၍ ခံယူနေမိရဆဲ ... ကိုကြီး၏ သက်တွေ ရှင်လွှန်း ၏ ပါးပြင်လေးပေါ် ဖေးအုပ်ထားရာမှ နီးနီးကပ်ကပ် မျက်နှာချင်းထိမတက်ရှိနေသည်။ ကိုကြီး၏ ခေါင်းသည် ငိုက်နေ၏။ နောက်တော့ ... ကိုကြီး၏ နဖူးပြင်က ရှင်လွှန်း၏ နဖူးပေါ် ဖေးတင်သည်။ တဖန် ... မျက်နှာလေးကို ဖေးယူ၍ ရင်မှာ ကပ်ထားပြန်၏။ ကိုကြီးခမျာ... ရှင်လွှန်း ကို ထားစရာ ရှာမတွေ့နိုင်လောက်အောင်ဖြစ်နေသည်။ ရင်ခွင် မှာ မျက်နှာလေး အပ်ထားလိုက် ...။ မျက်နှာလေးကို ဖေးမော့စေ ပြန်လိုက် ... တစိမ့်စိမ့်ကြည့်လိုက်ဖြင့် ရှိနေရှာသည်ပါပဲ ...။ သြော် ... ကိုကြီးခမျာ .. လွမ်းနေရှာသည်ကိုးလေ ...။ အဘယ်မျှသိ .. ကိုကြီးသည် တစ်ယောက်တည်း ... ဝေဒနာတွေနှင့် အတူရှိနေရင်း ... ရှင်လွှန်း ကို လွမ်းဆွတ်နေရှာသည် မသိ ...။ ဤအခန်းကျယ်ကြီးထဲမှာ .. ကိုကြီး သည် ... ဆရာဝန် ... ဆရာမတို့၏ လှုပ်ရှားမှုပုံရိပ်များကြားမှာ ရှိနေရင်း ရှင်လွှန်း ကို အဘယ်မျှထိ ... တမ်းတနေရှာမည် မသိ ...။ ရှင်လွှန်း ... သနားလှရပါသည်ကော ကိုကြီးရယ်လေ ...။

ရှင်လွှန်း ၏ လက်လေးတွေ ကိုကြီး၏ မျက်နှာပေါ် ဖေးတင် ထားမိသည်။ အလွန်ပိန်ကျ ချောင်ကျနေပြီဖြစ်သည့် ကိုကြီး ...။ ဒါ ပေမယ့် ... အားအင်ဆုတ်ခမ်းနေသည့် လူတစ်ယောက်နှင့် တူမနေ ...။ ရှင်လွှန်း ရှိနေ၍ထင့် ...။ အားအင်ရှိနေသည့်နှယ်ဖြစ်နေသည်။

ရှင်လွှန်း ကိုကြီး ၏ နဖူးကို နမ်းမိပြီ။ ပါးပြင်ကို နမ်းမိသည်။



ရင်သည် လှိုက်နေ၏။ အဆုံးရှုံးခံလိုက်ရတော့မည့် ချစ်ရသူတစ်ယောက် ကို ... နှုတ်ဆက်အနမ်းတွေ အဖြစ်ရှိသွားမှာကိုလည်း ရှင်လွှန်း ကြိုတင် ချောက်ချားနေသည်။ ကိုကြီး ရှင်လွှန်း ၏ မေးဖျားလေးကို ဖေးမော့စေပါ၏။

"ကိုကြီးတို့နှစ်ယောက်ကြားမှာ ဟန်ဆောင်နေကြဖို့မလိုဘူး လွှန်းပုံလေး ... ကိုကြီးက မနေရတော့မယ့်သူ .. ရှင်လွှန်း က နေရစ်ရ မယ့်သူ ...။ ဒါ သိထားကြရမယ့် အမှန်တရားပဲ ... ဒါကို ရင်ဆိုင်လိုက်ကြ ရအောင် ... ကိုကြီး ဒီနေ့ ဆေးရုံက ဆင်းမှာ ... အိမ်ကိုပြန်မှာ ... အိမ် မှာ အချိန်တစ်ခုကို ရှင်လွှန်းနဲ့အတူ ... ကိုကြီး စောင့်မှာ ... အဲဒီအချိန် ကို ရောက်လာတဲ့အခါမှာလည်း ကိုကြီး ... ရှင်လွှန်း ရဲ့ လက်လေးကို ကိုင်ပြီး တည်တည်ငြိမ်ငြိမ်ရင်ဆိုင်သွားမှာ ... ရှင်လွှန်း လည်း .. သတ္တိရှိ ရှိ -- စိတ်ခိုင်ခိုင်နဲ့ ... ကျန်ရစ်ခဲ့ရလိမ့်မယ် ... အဲဒါ ... အရေးကြီးတယ် ... ရှောင်လွှဲလို့မရတော့တဲ့အခါမှာ ...ရင်ဆိုင်ရမယ့်အရာကို ... ရင်ဆိုင်လိုက် ကြရုံပဲရှိတယ်နော် ... ကိုကြီး နောက်ဆံငင်နေတယ် ကလေးရယ် ... ဒါပေ မယ့် -- ကိုကြီး ငြင်းဆန်ခွင့်မရှိတဲ့နေရာတစ်ခုကို ... သွားကိုသွားရတော့မှာ..."

ကိုကြီး ပြောလာတော့ ရှင်လွှန်း အဘယ်အင်အားဖြင့် ခံနိုင်ရည် ရှိနိုင်ပါတော့မည်တဲ့လဲလေ ...။ ဒါပေမယ့် ... နောက်ဆံငင်ရှာပါ သည့်ကိုကြီးကို ... ရှင်လွှန်း ၏ မျက်ရည်စက်ဖြင့် နှိပ်စက်ရာရောက် မှာ စိုးသည်မို့ ... လည်ချောင်းတွေ ဆို့ခဲလာသည်အထိ တင်းထားရ သည်။ ဆို့နေသည့် အလုံးသည် ရင်ကိုဘောင့်၏။ လည်တိုင်ကိုဆောင့် ခေါင်းဆီသို့ ဆောင့်၏။ ကြေကွဲချောက်ချားခြင်းတွေက ကိုယ်အနှံ့ ကြောတွေအတိုင်း ပြေး၏။ ဆူပွက်နေအောင် အပူတွေက ကြပ်ခဲ နေကြသည့်အဖြစ် ...။

"ရှင်လွှန်းလေး ... ကိုကြီး ရဲ့ ... ကလေးရယ် ..."

မရိုတင်ကဲ တစ်ချက် ကိုကြီးခေါ်သည်။

"ငိုချလိုက်လေ ... ငိုချင်နေတာကို ငိုချလိုက်လေ ... အဲသလောက် နေရတာ ... အနေဆိုးလှပါပြီ ... မကြည့်ပါရစေနဲ့တော့ .."

www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး ပြောတော့ ရှင်လွှန်း ခေါင်းခါနေသည်။ မျက်ရည်မချ ရက်ပါ ကိုကြီးရယ် ...။ မချရက်ပါ ကိုကြီးရယ် ...။

"ကိုကြီး ... ကို ... ကြီး ... ကိုကြီးလေ ..."

ပြောဖို့ကြိုးစားနေသည့် ကိုကြီး ...။ စကားသည် ဆို့နေ၏။ တစ်နေ၏။ တန့်နေ၏။ နောက်တော့ ကိုကြီး၏လက်တွေ ရှင်လွှန်း ကို သိမ်းဖွေ့လာသည်။ ကိုကြီး၏ မျက်နှာက ရှင်လွှန်း၏ ရင်ခွင်မှာလူးနေသည်။ ကိုကြီးသည် ... ရှိုက်ကြီးတငင်ငင် ... ငိုရှာချေသည် တကား ...။ စိတ်ကို လွှတ်၍ ... ရင်ကိုဖွင့်၍ ... ကိုကြီးငိုနေသည်။ ကလေးတစ်ယောက်နှယ် ငိုနေသည်။ ငိုသံသည် အက်နေ၏။ တစ်ချက်တစ်ချက်မှာ လည်ချောင်းကို ဖြတ်၍ အသက်ရှူသံအပြင်းစားကြီး တစ်ခုက ဖြတ်ဖြတ်ပြေးနေသည့်နှယ် အသက်ကို လုရှူရပုံဆန်နေသော အသံကလည်း ကိုကြီး၏ လည်ချောင်းဆီမှ မရိုမဆန့် ပွင့်ကျနေသည်။ ရှင်လွှန်း မျက်ရည်တွေ ပေါက် ပေါက်ကျနေ၏။ အသံမထွက် ... ကိုယ်လေးက တောင့်ခဲနေသည်။ ကိုကြီးကို ကျစ်နေအောင် ထွေးပိုက်ထားရင်း ...။ ရှင်လွှန်း သည် နှုတ်ခမ်းလေးတွေ ဖိပိတ်နေရင်း မျက်ရည်တွေ ဖြိုင်ကျနေရပါပြီတည်း ...။ ကိုကြီး အတန်ကြာမျှ ငိုလိုက်ပြီးသည့် နောက်မှာ တစ်ချက်ငြိမ်သွား၏။ ရှင်လွှန်း ၏ ရင်ခွင်ဆီမှ ခေါင်းကို မော့၍ကြည့်၏။ နောက်တော့ .. ပြန်၍ ခေါင်းအုံးကို မှီထိုင်သည်။ ကိုယ်ကိုကိုင်းလိုက်ကာ ရှင်လွှန်း ၏ မျက်ရည် ကိုသုတ်ပေးလာပါသတည်း ...။

"ကိုကြီး ... ပြော ... ချင်တာရှိ ... တယ် ..."

ရှင်လွှန်း၏ လက်လေးကို ထွေးဆုပ်ကာ ကိုကြီး ပြောလာပါ၏။ လက်လေးကို နှုတ်ခမ်းဖြင့် ဖေးတင်၍ နမ်းရှိုက်သည်။ ဟန်ဆောင်မှု တွေ အားလုံးကို ... ကိုကြီး စွန့်လွှတ်လိုက်သည့်နှယ်ရှိ၏။ ရှင်လွှန်း ကို ထွေးပိုက်သည်။ နမ်းရှိုက်သည်။ ရှင်လွှန်းထံမှာ ငိုကြွေးရှိုက်ငင်သည်။ ကျန်ရှိသည့် ဘဝအချိန်တိုတစ်ခုအတွင်းမှာ ဟန်ဆောင်မှုတွေမထား တော့ပြီဟု ကိုကြီး ဆုံးဖြတ်ထားချေသည်ထင့် ...။



"ရှင်လွှန်း ကို ... ကိုကြီး ရဲ့ ချမ်းသာမှုမှန်သမျှကို ... ပေးထားခဲ့ ချင်တယ် .. အဲဒါ ... ကိုကြီးရဲ့ ဆန္ဒပဲ ..."

ရှင်လွှန်း ချက်ချင်း ကိုယ်လေး မတ်သွားကာ ခေါင်းခါလိုက်ချိန် မှာ ကိုကြီးကလည်း ခေါင်းခါပြနေသည်။ မငြင်းနဲ့ ... ဆိုသည့်သဘော ...။

"ရှင်လွှန်း ကို ကိုကြီး စိတ်ချလက်ချရှိချင်တယ် .. ကိုကြီးကို ချစ် တယ်ဆို ... ကိုကြီးချန်ခဲ့ရာ ... ပစ္စည်းတွေကို .. ရှင်လွှန်း ထိန်းရမှာပေါ့ ... ရှင်လွှန်း ကို ... ကိုကြီး လက်ထပ်မယ် ... ကိုကြီးရဲ့ ဇနီးအဖြစ် ရှင်လွှန်း ... ကျန်နေခဲ့ရမယ် ... ဒီစည်းစိမ်ချမ်းသာကို ... ဘယ်လူ .. ဘယ်သူမှ ... မတဲ့ရဲ့ ... လက်ညှိုးမထိုးနိုင်စေဖို့ ... စကားတင်း မဆိုစေဖို့ဆိုတာက တစ်နည်းပဲရှိတယ် ... ခင်ပွန်းသည်ရဲ့ ပစ္စည်းကို ဇနီးသည်က ပိုင်ကျန် ခဲ့တယ်ဆိုတဲ့အချက်ပဲ ... ဒါမှ မဟုတ်ရင် .. မြူဆွယ်သိမ်းယူတယ်လို့ လူတွေ ပြောကြမယ် ရှင်လွှန်းလေး .. ကိုကြီး ရဲ့ ရှင်လွှန်းပုံလေး ကို ... ဘယ်သူဘယ်သူရဲ့ လက်ညှိုးထိုးတာကိုမှ ... စကားတင်းဆိုတာကိုမှ .. ကိုကြီး မခံနိုင်ဘူး ... ရှင်လွှန်း ကိုလည်း အဲသလို ဘဝထဲမှာ အကျန်မခံ နိုင်ဘူး ... မချန်ခဲ့နိုင်ဘူး ကလေး ... ရှင်လွှန်း လက်ခံတယ်ဆိုရင် .. ကိုကြီးတို့ လက်ထပ်ကြမယ် ... အားလုံး ကိုကြီး အန်ကယ်မျိုး ကို ပြောထားတယ် ... ကိုကြီးရဲ့ ရှေ့နေကြီး အန်ကယ်ဦးဇေယျ လည်း ဒီကို ရောက်လာလိမ့်မယ် ... ဒီအခန်းထဲက ကိုကြီး ထွက်တဲ့အခါမှာ ဇနီးသည် လေးရဲ့ လက်ကို တွဲပြီး ... ထွက်ပါရစေ ... ကေသရီအိမ်ကြီးကို ကိုကြီး ဝင်တဲ့အခါ ... ကိုကြီးရဲ့ ဘဝဖော်နဲ့ အတူ ဝင်ပါရစေ ... ကိုကြီး ... ကိုကြီး ... ကေသရီက ထွက်ခွာသွားတဲ့အခါ ရှင်လွှန်း ရဲ့ ပို့ဆောင်ရာ ခြေလှမ်း လှမ်းနဲ့ ... ဖေးကိုင်ရာ လက်အစုံရဲ့ အထိနဲ့ ... ထွက်ခွာသွားပါရစေလား ကလေးရယ် ... ကလေးရယ် ..."

ကိုကြီး ပြောနေရင်း အသံတွေ တုန်ခါလာကြချိန်မှာ ရှင်လွှန်း မျက်ရည်ကျလာသည်။ ကိုကြီး ကို မလွှတ်တမ်း ဖက်ထားမိကာ ...။

www.burmeseclassic.com

www.burmeseclassic.com



"ရှင်လွှန်း တို့ .. ရှင်လွှန်း တို့ .. ရအောင် ... ရအောင် .. လုကြမယ် လေ ... ကိုကြီးမှာ ချမ်းသာခြင်းတွေရှိနေတာပဲ ... ကုန်သွားတော့ရော ဘာဖြစ်လဲ ... စည်းစိမ်ကိုပုံပြီး ... ကုရင် ဘာလို့မရနိုင်ရမှာလဲ ... ကုပါ ကိုကြီးရယ် ... ကုပါ ကိုကြီးရယ် ... အဲဒီ ပစ္စည်းဥစ္စာတွေကို ရှင်လွှန်း မယူပါရစေနဲ့ ... ကိုကြီးရဲ့ အသက်ကိုပဲ ယူပါရစေ ... လုပါရစေ ... စည်းစိမ်ကို ပုံအောပြီး ကုလိုက်ရင် ... ကိုကြီး .. ကိုကြီး ... လူကောင်း အတိုင်း ပြန် ... ဖြစ် ... လာ ... မှာပါ ..."

"မဖြစ်နိုင်တာကို မပြောနဲ့ကလေး ... ကိုကြီး အဲသလိုပြန်ကောင်း မယ်ဆိုရင် စည်းစိမ်ကိုပုံအောပြီး ကုဖို့ ဝန်မလေးဘူး .. ကိုကြီးအတွက် စည်းစိမ်က အဓိကမဟုတ်ဘူး ... ရှင်လွှန်း နဲ့အတူ နေရဖို့က အဓိက ... ခု ... မဖြစ်နိုင်တော့ဘူးလေ ... မဖြစ်နိုင်တာကို မတွေးနဲ့တော့ ... ဖြစ်သင့် တာကို သိလိုက်ပါတော့ ကလေးရယ် ..."

ဟု ပြောရင်း ကိုကြီး ရှင်လွှန်း ၏ ဆံစလေးကို သပ်ပေးနေသည်။

"ကိုကြီး ပြောတာကို နားထောင်ပါ ကလေးရယ် ... ကိုကြီး ... ရှင်လွှန်း ကို စိတ်ချလက်ချ ... တင့်တောင့်တင့်တယ် .. ထားရစ်ခဲ့ပါရစေ ကလေးရယ် ... ကိုကြီးရဲ့ ဘဝအကူးဟာ ဖြောင့်ဖြူးပါရစေ ... လွှန်းပုံလေး အတွက် နောက်ဆံတင်းငင်နဲ့ စိတ်မဖြောင့်ပဲ ထားခဲ့ရတာ မျိုး ... ကိုကြီးရဲ့ နောက်ဆုံးအချိန်လေးမှာ မဖြစ်ခဲ့ပါရစေနဲ့ ကလေးရယ်"

ဆို့ဆို့နင့်နင့်ကြီး ပြောနေသည့် ကိုကြီး၏ စကားတွေက ရှင်လွှန်း ၏ နှလုံးအိမ်ကို ချေမွနေ ... ကြေမွစေကြပါပြီ ...။ နာကျင်အောင် ပြောသော စကားမဟုတ် ...။ ကြင်နာစွာ ပြောသော စကား ...။ သြော် ဒါပေမယ့် ... သေခြင်းတရားကို ရင်ဆိုင်ရချိန်တိုင်အောင် ... ရှင်လွှန်း အတွက် ... နောက်ဆံငင်နေရရှာပါလေသော ကိုကြီး၏ ကြီးမားလှန်း သည့် မေတ္တာကို ရှင်လွှန်း ရင်နင့်နေအောင် ခံယူနေရသည့်အဖြစ်ထက် ... အဘယ်အဖြစ်က ရင်ကို ကြေနေစေမည်တဲ့လဲလေ ..."



ရှင်လွှန်း ၏ အရှင်သခင် .. ရှင်လွှန်း ၏ အားကိုးရာ ...။ ရှင်လွှန်း ၏ ကိုးကွယ်ရာ ဖြစ်နေပါသည့် ကိုကြီး ... ကိုကြီးသည် ရှင်လွှန်း ကို မခွဲရက်ပေမယ့် ခွဲခွာရတော့မည်ဆိုတာ ကိုကြီး သိနေသည်။ ရှင်လွှန်း လည်း သိနေသည်။ ရှင်လွှန်း မကျန်ခဲ့ချင်ပေမယ့် ... ကျန်ခဲ့ရတော့မည် ဆိုတာ ရှင်လွှန်း လည်းသိနေရပြီ။ ကိုကြီးလည်း သိနေသည်။ ကိုကြီး ခမျာ ... နောက်ဆံတင်းနေရှာသည်။ ကိုကြီး၏ ဝေဒနာထက် ရှင်လွှန်း အတွက် စိတ်ပူမှုက ပိုကဲနေသည်။

သြော် ကျန်ခဲ့ရချေမည့် ရှင်လွှန်း ၏ ဘဝခရီးကို ... အဘယ်နည်း ဖြင့် ရှင်လွှန်း ရင်ဆိုင်ရမည်မသိ ...။ ဘယ်လိုနည်းဖြင့် အသက်ရှင်ကျန် ခဲ့မည်ဆိုတာကိုလည်း မသိ ...။ ကိုကြီး မရှိတော့ခြင်းသည် ရှင်လွှန်း ၏ မြတ်နိုးရာ .. ကိုးကွယ်ရာ .. အားကိုးရာ .. ပျောက်ဆုံးခြင်းသည် သာလျှင် ဖြစ်ရပါချေတော့မည်။ ဘဝအကူးဖြောင့်ဖို့တဲ့လား ကိုကြီးရယ်...။

ရှင်လွှန်းသည် ကိုကြီး၏ ဘဝအကူးမှာ စိတ်မဖြောင့်ပဲ နောက်ဆံ ငင်နေစေမည့်သူ မဖြစ်စေရက်ပါ ...။ လူတစ်ယောက်မှာ အလွန်အရေး ကြီးသော အရာသည် ... ဘဝကူးကောင်းဖို့ ....။

ကြေကွဲကြေမွ ... ဖြုန်းဖြုန်း ကျေအောင် တစ်စစီအမွှာမွှာ အစိုင် ခဲဖြစ်ကုန်ပြီထင်ရပါသည့် နှလုံးသားကို အနိုင်နိုင်ထိန်းရင်း ... ရှင်လွှန်း ဆေးရုံကြမ်းပြင်ပေါ်မှာ ဝုဆစ်တုတ်၍ ထိုင်လိုက်မိရပါပြီ ...။ လက်မောင်း လက်ဖျံတွေကအစ အရမ်းကို သိသာလွှမ်းစွာ ပိန်ခြုန်းကျနေပြီ ဖြစ်ပါ သည့် ကိုကြီးကိုလည်း မချိသော စိတ်ဖြင့် မော့ကြည့်မိရပါ၏။ ဖွင့်၍ သာ မပြောပဲ ရှိချေမည်။ ကိုကြီးခမျာ ... ဝေဒနာကို ကျိတ်၍ ခံစားနေ ရှာချေမည်သာ ...။ ရှင်လွှန်း စိတ်မထိခိုက်အောင် ဟန်ဆောင်တင်းထား သော ဖြစ်ချေမည်။ ကိုကြီးလည်း မျက်တောင်မခတ် တမြှေမြှေကြည့်၏။ မခွဲရက်သော အကြည့် ...။ တစိမ့်စိမ့်ကြည့်၏။ သြော် ... မခွဲနိုင်သော အကြည့် ...။ ပြီးတော့ ... ရှင်လွှန်း ၏ နှုတ်မှ ပွင့်ကျလာမည့် အဖြေကို

www.burmeseclassic.com

www.burmeseclassic.com



စောင့်ဆိုင်းနေသော အကြည့်လည်း ကြေကြေမွှေမွှေထင်၏။

"ကိုကြီးကို ... ရှင်လွန်း ကန်တော့ပါတယ် ... ရှင်လွန်း .. ရှင်လွန်း ... လက်ထပ်ရမယ့် ကိုကြီးကို ... အရင်ဆုံး ... တလေးတမြတ် ... တကြည်ညိုညိုနဲ့ ... ကန်တော့ပါတယ် ကိုကြီးရယ် ... ဦးထိပ်ပန်လို့ ကန်တော့ပါတယ် ..."

သတို့သမီးလောင်းလျာတစ်ယောက်၏ ရင်ကိုကြေကွဲနေရင်း ပွင့်ကျလာသော စကား ...။ အဘယ်သတို့သမီးသည် .. ချစ်မြတ်နိုးရာ သတို့သားကို ... သေခြင်းတရားထံမှာ အပ်နှံထားရသည့်ဘဝဖြင့် ... ရင်ဆိုင်ရက်နိုင် ... ဩော် ... ရင်ဆိုင်နိုင်စွမ်းပါ့မည်တဲ့လဲလေ ...။ ရှင်လွန်း ကိုကြီးကို ကန်တော့ရင်းလည်း မျက်ရည်တွေ ဖြိုကျနေဆဲ ...။ မော့ အကြည့်မှာ ... မျက်ရည်များနှင့် အတူဖြိုး၍ ကြည့်နေကာ လက်ဆန့်တန်း၍ ... ရင်ခွင်ကို ဖွင့်၍ ... ကြိုလင့်နေသည့် ကိုကြီးကို မြင်၏။

ရှင်လွန်း ... ရှင်လွန်း ကြုံး၍ထသည်။ ကလေးလေးတစ်ယောက်နယ် ကိုကြီး၏ ရင်ခွင်ထဲ တိုးဝင်သည်။

ဤတစ်ကြိမ်မှာတော့ ... သည်းပြတ်အူပြတ်မျှ ... ရှင်လွန်း ငိုရှိုက်သည်ပါပဲ။ ကိုကြီး မတားရှာ။ ကိုကြီး၏ လက်မောင်းကို ဖေးဆုပ်ကိုင်ထားရာ ရှင်လွန်း ၏ လက်လေးတွေ ဆတ်ဆတ်ခါနေ၏။ ကိုကြီး၏ လက်ဖဝါးတွေက ညံ့ညံ့သက်သက် ... ညင်ညင်သာသာ ရှင်လွန်း ၏ ဆံစတွေကို သပ်ပေးနေသည်။ ကျောပြင်လေးကို သပ်ပေးနေသည်။

ကိုကြီး၏ မျက်ရည်စက်သည်လည်း ရှင်လွန်း ၏ ဆံစထက်သို့ ကြွေသက်၏။ ပခုံးထက်ကိုကျ၏။ အခန်းသည် ... တိတ်ဆိတ်နေသည်။ ဩော် ... ရှိုက်သံမှတစ်ပါး .. အခြားမရှိ ...။



## အခန်း (၁၇)

ကေသရီ၏ ဧည့်ခန်းဆောင်ကြီး တစ်ခုလုံးသည် မွှေးမြသင်းထုံနေသော နှင်းဆီပန်းအိုးတို့ဖြင့် ရောင်စုံပန်းခင်းကြီးများ ဖြန့်ခင်းထားသည့်နှယ် ...။ ဩော် ... ရောင်စုံနှင်းဆီတို့ ပွင့်ဝေရာပန်းခင်းတို့ ခြံရံလျက်ရှိနေသည့်နှယ်ပါတကား ...။

ကားပေါ်မှ ကိုကြီးကို မွေ့၍ ချကြ ...။ ဝှီးချဲလ်လေးပေါ်ထိုင်စေကြပြီးသည့်နောက်မှာ ကိုကြီးသည် ရှင်လွန်း တွန်းပေးရာ ဝှီးချဲလ်ပေါ်မှ လိုက်ပါလာရင်း ဧည့်ခန်းဆောင်ကြီးကို တကြည်နူးနူးဖြင့် ကြည့်သည်။ ရှင်လွန်း ကိုလည်း လှည့်ကြည့်သည်။ ဝှီးချဲလ်လက်ကိုင်လေးပေါ် ဖေးတင်ထားရာ ရှင်လွန်း ၏ လက်လေးပေါ်သို့လည်း ကိုကြီး၏ လက်ဖဝါးတစ်ဖက်က ညင်ညင်သာသာ ဖေးတင်လာပါ၏။

"ဘဘညိုကို အရင် အိမ်ကို ပြန်ခိုင်းထားတာလေ .. ရှင်လွန်း တို့တစ်အုပ်လုံး အိမ်ကြီးပိတ်ပြီး ဆေးရုံကို လိုက်လာကြမယ်ဆိုတာ ကိုကြီးသိနေတာမို့ ... ဘဘညို ကို အရင်အိမ်ပြန်ခိုင်းတယ် ... ပြီးတော့ ဟိုတယ်က မင်္ဂလာခန်းပြင်ဆင်ပေးတဲ့ ဝန်ထမ်း သင်းသင်းသာ ဆီးလှမ်းပြီး ကိုကြီး ဖုန်းဆက်တယ် ... အိမ်ကိုသွားပါ ... အဖွဲ့သားတွေကိုလည်း .. ခေါ်သွားပါ ... ဧည့်ခန်းကိုရော ... အပေါ်ထပ်က ကိုကြီးရဲ့

www.burmeseclassic.com

www.burmeseclassic.com



အခန်းကိုရော ... မင်္ဂလာခန်းဆောင်ဘွေအဖြစ် အလှဆုံး ပြင်ဆင်ထားပါလို့ နိုင်းထားတာလေ ... ကိုကြီးရဲ့ အောက်ထပ်က အခန်းကို ချန်ရစ်ခဲ့တော့မယ် ကလေးရေ ... ကိုကြီးရဲ့ .. ဖျတ်လတ်စွာ သွားလာခဲ့စဉ်က အပျော်ဘဝနဲ့ နေခဲ့ရစဉ်က ... နေခဲ့တဲ့ အခန်းကြီးမှာ ကိုကြီး ရှင်လွန်းနဲ့အတူ ပြန်နေမယ် ... ကိုကြီးရဲ့ဘဝဟာ .. အပျော်ဆုံးဘဝတစ်ခုကို ပြန်ရလိုက်ပြီလေ ... အဲဒီ အခန်းကို ... ဘဘညို ... သင်းသင်းသာ တို့ကို လိုက်ပြပေးဖို့ ... ကိုကြီး မှာခဲ့ဟယ် ... ကဲ ... ကိုကြီးရဲ့ ကလေးရေ ကောသရီထဲ ဝင်ကြစို့ရဲ့ ...”

ဟု ပြောလာတော့ ရှင်လွန်း မျက်တောင်တဖျတ်ဖျတ်ခတ်နေရပါ၏။ မျက်ရည်ကို ထိန်းရမည်။ ကောသရီသို့ ကိုကြီး၏ ခြေပြန်အချမှာ မျက်ရည်အကျမခံနိုင် ..။ နိမိတ်အဆိုးအဖြစ် မခံနိုင်။ နောက်မှာက ဘဘမှူး နှင့် ဘဘဦးရန်ထက် ..။ ဘဘဦးအိမ်စိုးနှင့် ဒေါ်ကြီးမေ ပြီးတော့ ... ကိုကြီး၏ မိသားစု ရှေ့နေကြီး ဘဘဦးဖေယျ တို့ ရပ်နေကြသည်။ လေးလေးဆွေနှင့် ဘဘညိုတို့ကတော့ ကိုကြီး၏ အဝတ်အစားအိတ်နှင့် ဝန်စည်စလွယ်တစ်ချို့ကို ကားပေါ်မှချနေ၏။ ပေါ်တီကိုအောက်မှာ ကားလေးစီးရပ်ထားသည်။ အိမ်မှ မာစီဒီး၏နောက်မှာ ဘဘမှူး၏ကား ..။ ပြီးတော့ .. ဘဘဦးအိမ်စိုး ၏ကား ..။ နောက်တော့ ဘဘဦးဖေယျ ၏ ကား ..။ ဘဘဦးအိမ်စိုး ကိုလည်း ဆေးရုံသို့လာဖို့ ..။ မင်္ဂလာလက်ထပ်စာချုပ်မှာ အသိသက်သေအဖြစ် လက်မှတ်ထိုးဖို့ ... ကိုကြီး ဖုန်းဆက်ခေါ်ခဲ့၏။ ထိုအခါမှ ... ဘဘဦးအိမ်စိုး ခမျာ ... ကိုကြီး ဆေးရုံတက်နေတာ ... ကိုကြီး၏ ရောဂါဝေဒနာတွေကအစ ... သိခဲ့ရကာ ထိခိုက်နေသောစိတ်ဖြင့် ရောက်လာခဲ့ရခြင်းပါ ...။ ဩော် ... ခုတော့ ရှင်လွန်း သည် ကိုကြီး၏ ဆန္ဒအတိုင်း ... ဆေးရုံရှိ ကိုကြီး၏ အခန်းမှာပင် လက်ထပ်စာချုပ်မှာ ကိုကြီးနှင့်အတူ လက်မှတ်ရေးထိုးခဲ့ရတာ



အသိသက်သေများအဖြစ် ဘဘဦးအိမ်စိုး နှင့် ဘဘမှူး ..။ ဘဘဦးရန်ထက်နှင့် ဒေါ်ကြီးမေ တို့မှ လက်မှတ်ရေးထိုးခဲ့ကြပါ၏။ စာချုပ်ကို ရေးသားပေးသူက ... ဘဘဦးဖေယျ ...။ ဩော် ...ခုတော့ ... ကိုကြီးသည် ကိုကြီး၏ဇနီး ရှင်လွန်းမုံ နှင့်အတူ ကောသရီသို့ ... အတူယှဉ်တွဲ၍ ဝင်ရောက်နိုင်ခဲ့ချေပြီတကား ...။ ထိုအချိန်ကို ... ရှင်လွန်း သေမတတ် ချောက်ချားနေမိရသည်။ ရင်ကို ဆိုးဝါးစွာ နှိပ်စက်နေကြပြီ ..။

အနိုင်နိုင်လှမ်းရသည့် ခြေလှမ်းဖြင့် ရှင်လွန်း ကောသရီ အတွင်းသို့ စတင်၍ ဝင်ရပါပြီ ..။ ကောသရီအိမ်ကြီးကို ... ကိုကြီး ဝင်တဲ့အခါ ... ကိုကြီး၏ ဘဝဖော်နှင့်အတူ ဝင်ပါရစေတဲ့လား ...။ ဩော် ... ကောသရီမှ ကိုကြီး ထွက်ခွာသည့်အခါ ရှင်လွန်း ရဲ့ ပို့ဆောင်ရာခြေလှမ်းတွေနှင့် .. ဖေးကိုင်ရာ လက်အစုံ၏ အထိနှင့် ထွက်ခွာပါရစေတဲ့လား ကိုကြီးရယ် ...။ ဆေးရုံမှာ ကိုကြီး ပြောခဲ့သော စကားသည် ရင်ကိုလာဆောင့်၏။ နှလုံးအိမ်ကို ဖိချေ၏။ ခု ... ခု ... ကိုကြီးသည် .. ရှင်လွန်း နှင့်အတူ ... ကောသရီသို့ ဝင်ပြီ ...။

ဩော် ... တစ်နေ့မှာ ... တစ် .. နေ့ .. မှာ ရှင်လွန်း ၏ ပို့ဆောင်ရာ ခြေလှမ်းထိတွေ့ရာ လက်အစုံဖြင့် ... ကိုကြီး .. ကောသရီမှ ထွက်ခွာဦးတော့မည် ...။ အဘယ်အင်အားဖြင့် ထိုအဖြစ်ကြီးကို ... ရှင်လွန်း .. ရင်ဆိုင်ရပါ့ ...။ ရင်ဆိုင်နိုင်စွမ်းပါ့မည်တဲ့လဲ ..။ အဆုံးသို့တိုင်အောင် အနာဂတ်ကို ကြိုတင်မြင်နေနှင့်ရပြီဖြစ်သည့် သတို့သမီးတစ်ယောက်၏ မင်္ဂလာဦးနေ့တစ်နေ့၏ ကောသရီအဝင် ခရီးသည် ... ရင်ထဲမှာ မျက်ရည်တို့ ဖြိုနေသော အချိန်ကာလတစ်ခုဖြစ်နေချေသည်တည့် ..။

ကောသရီသို့ အဝင်မှာ .. ကိုကြီးသည် မိဘနှစ်ပါး၏ ဓာတ်ပုံကိုကြည့်ကာ လက်အုပ်ချီ၏။ ရှင်လွန်း လည်း လိုက်၍ လက်အုပ်ချီရပါ၏။ ကိုကြီး ၏ ဆန္ဒ ကိုသိသည်မို့ ... ဓာတ်ပုံကြီး အနီးသို့ ငိုချုပ်လေး

www.burmeseclassic.com

www.burmeseclassic.com



ကို ရှင်လွန်း တွန်းခဲ့ရသည်။

ကိုကြီး .. မိဘ၏ ဓာတ်ပုံကြီးကို အတန်ကြာမော့ကြည့်နေ၏။

"သား .. ဒီနေ့ .. လက်ထပ်လိုက်ပါပြီ ဖေဖေနဲ့ မေမေ ... ရှင်လွန်းလေးဟာ အလွန်လိမ္မာတဲ့ မိန်းကလေးပါ ... ဖေဖေနဲ့ မေမေတို့ မြတ်နိုးနှစ်သက်တဲ့ မိန်းကလေးမျိုးပါ ... သားအတွက် စိတ်ချကြပါတော့ ... ဖေဖေနဲ့ မေမေ ... ရှင်လွန်းနဲ့အတူ .. သားကန်တော့ပါတယ် ... သားတို့ကို ဆုပေးပါ ဖေဖေနဲ့ မေမေ ... အထူးသဖြင့် ဖေဖေနဲ့ မေမေတို့ရဲ့ ချွေးမလေးကို ပိုပြီး ဆုတွေပေးပေးကြပါ ... ဒီကလေးရဲ့ဘဝမှာ ဖေဖေနဲ့ မေမေတို့ရဲ့ ဆုတွေတစ်ထမ်းကြီးနဲ့ ကျွန်ခဲ့ဖို့ အလွန်အရေးကြီးပါတယ် ...။ သားက ... သားက ... မကြာမတင်မှာ ... ဖေဖေနဲ့ မေမေ့ဆီကိုလာရတော့မှာ ..., အဲဒီအခါကျရင် .. ရှင်လွန်း နဲ့ ပတ်သက်တာတွေ .. ဖေဖေနဲ့ မေမေ့ကို သား .. ပြောပြပါ့မယ် ခင်ဗျာ ... ဖေဖေနဲ့ မေမေ့ချွေးမလေး လိမ္မာတာတွေကိုပေါ့ ..."

စိတ်ကူးတရ ပြောတတ်လိုက်ချေသည်ကော ကိုကြီးရယ် ...။ ရှင်လွန်းကိုကြီး၏ ရင်ခွင်ထဲ တိုးဝင်ကာ ငိုချလိုက်ချင်သည်။ ရင်အပြိုပြို မျက်ရည်အပြိုပြိုဖြင့် လူးလဲ၍ ငိုချပစ်လိုက်ချင်သည်။ ဒါပေမယ့် ကိုကြီးစိတ်ထိခိုက်မှာစိုးသည့် စိတ်တစ်ခုဖြင့်ပင် ... စိတ်ကို မလွှတ်ပေးရက်နိုင်ပဲ ...။ မနိုင်ရင်ကန် ရင်ထဲဆို့လျှံတက်နေသည့် ကြေကွဲအားငယ်မှုတွေ ... တုန်လှုပ်ချောက်ချားခြင်းတွေကို မြိုသိပ်နေရဆဲ ... ကိုကြီး မိဘတွေကို ကန်တော့ချိန်မှာ ရှင်လွန်းလိုက်၍ ကန်တော့သည်။ ကြမ်းပြင်ပေါ် ဝပ်တွားထိုင်၍ ကန်တော့ခြင်း ...။

"ရှင်လွန်း ကတိပေးပါတယ် ဖေဖေနဲ့ မေမေ ... ကိုကြီးကို ရှင်လွန်း စိတ်ချမ်းသာအောင် ထားပါ့မယ် ... ကိုကြီး .. ရှင်လွန်း နဲ့အတူ အကြာကြီးနေဖို့ ဆုတောင်းပေးကြပါနော် ... ကိုကြီးကို .. ရှင်လွန်း အဆုံး



အရှုံးမခံနိုင်လို့ပါ ... မခွဲနိုင်လွန်းလို့ပါရှင် ..."

ရှင်လွန်း ရင်ထဲမှ ကြေကြေမွမွပြောနေရင်း မော့၍ ဓာတ်ပုံကြီးကို ကြည့်မိရပါ၏။ ကိုကြီး ဒေါ်ကြီးမေ ကို ကြည့်သည်။ ကိုကြီး၏ လက်တွေက ရှင်လွန်း ၏ ဆံစလေးကိုလည်း သပ်ပေးလာသည်။ ကြမ်းပေါ်ထိုင်နေပါသည့် ရှင်လွန်း ၏ မျက်နှာလေးကိုလည်း တစိမ့်စိမ့် ကြည့်နေရာမှ ...

"ဒေါ်ကြီးမေ ... ရှင်လွန်း ရဲ့ မိဘနှစ်ပါးပုံကိုလည်း ယူလာပါဗျာ ... ဒီ ... စောင်းကောက်ကြီးတင်ထားရာ ဗီရိုပေါ်မှာတင်လိုက်ပါ ... ကျွန်တော်တို့ ကန်တော့ကြမလို့ပါ ..."

ဟု ပြောလာတော့ ရှင်လွန်း ကိုကြီး၏ ခြေဖမိုးပေါ် နဖူးလေးကို ဖေးတင်လိုက်မိကာ ...။

"ကိုကြီးရယ် ... ကိုကြီးရယ် ..."

ဟုသာ အနိုင်နိုင် အသံပွင့်ကျလာနိုင်သည်။ ကိုကြီးသည် .. ရှင်လွန်းအတွက် ... အစစ မျှဝေနားလည်ပေးနိုင်လွန်းသူ .. ဖြည့်ဆည်းပေးတတ်လွန်းသူ ... ကိုကြီး ကို ... ရှင်လွန်း အဘယ်နည်းနှင့်မျှ အဆုံးရှုံးမခံနိုင် ...။ ထိုဓာသည် ရင်ကိုဆောင့်နေ၏။ ကြေမွနေစေ၏။ မငိုအောင် ထိန်းနေရသည်မို့ လည်ချောင်းဆီမှ အက်တက်တက်အသံလေးတွေ မရိုမဆန့်ပွင့်ကျလာနေရသည်က ရှင်လွန်း ပါ ...။ ကိုကြီး၏ ကိုယ်ကြီးငုံ့တိုင်းလာသည်။ ရှင်လွန်း ၏ ပခုံးပေါ်လက်ကိုတင်သည်။

"ဖြစ်ရလေ ..."

ကိုကြီးသည်လည်း ... မချိတင်ကဲ တစ်ချက်ညည်းသည်။ မခွဲနိုင်ကြသည့် သူနှစ်ယောက်၏ ရင်သည် အသံသာမြည်၍ ကွဲအက်ချေမွပြီဆိုလျှင်ဖြင့် ... ဖြန်းဖြန်းပါအောင် .. အကွဲကွဲအစိပ်စိပ် ဖြစ်နေလောက်ပြီ ...။

ရှင်လွန်း ၏ နဖူးနုနုသည် ကိုကြီး၏ ခြေဖမိုးပေါ်မှာ အလူးလူး

www.burmeseclassic.com



အလိမ့်လိမ့် ...။ ဘယ်ညာနွဲ့နေ၏။ ခြေဖမိုးကိုထိ၏။ ခြေချောင်းတွေကိုထိ၏။ နောက်တော့ ... ပါးသည် ဘယ်ညာနွဲ့၍ ခြေအစုံကိုထိပြန်၏။

မြင်ကွင်းကို ဘယ်သူမှ မကြည့်ရက်နိုင်ပဲ မျက်ရည်ကျကြရသည်။ ဒေါ်ကြီးမေ ပွေ့ငင်၍ ထိုင်စေတော့မှ ရှင်လွန်း ၏ ကိုယ်လေးမှာ ဖတ်ဖတ်နိုင်စွာ ပါလာရပါ၏။ ကိုကြီး မမိုတ်မသုန် ... ရှင်လွန်း ၏ မျက်နှာလေးကို ကြည့်နေသည်။ စိုးရိမ်ဖောသည် ကိုကြီး၏ မျက်နှာထက်မှာ စွန်းထင်းနေကြပြီ ...။ ရှင်လွန်း အရမ်းကို မြိုသိပ်ခံစားနေရင်း သတိလက်လွတ်ဖြစ်ကုန်မှာ စိုးရိမ်နေမှန်း ချက်ချင်း ရှင်လွန်း နားလည်လာရသည်။ ဟင့်အင်း ...။ ရှင်လွန်း ကြောင့် ... ကိုကြီး စိတ်မပင်ပန်းရပါစေနှင့် ...။ ချက်ချင်း ရှင်လွန်း ကိုယ်လေးကို ပြန်၍ ထိန်းသည်။ အားအင်ကို ပြန်စုစည်းယူသည်။ ကိုကြီး၏ လက်ဖဝါးတွေကို ထွေးဆုပ်လိုက်မိကာ ...။

"ရှင်လွန်း ... ဘာမှ မဖြစ်ပါဘူး ကိုကြီးရယ် ... မိဘတွေကို ကန်တော့ရတာမို့ ... ရင်ထဲကြည်နူးနေမိရတာပါ ..."

ဟု ပြောမိရပါ၏။ ကိုကြီး မျက်တောင်မခတ်ကြည့်နေဆဲ ... ရှင်လွန်း ရင်ထဲမှာ ဘာတွေ ဖြစ်နေသည်ဆိုတာ ကိုကြီး မသိပဲရှိမှာ မဟုတ် ...။ ရှင်လွန်း မျက်လွှာလေးချလိုက်မိရပါ၏။ ရှင်လွန်း ၏ ခံစားချက်တွေကို အနည်းဆုံးတော့ဖြင့် ... ဤမျက်ဝန်းတွေဆီမှ အဖြေထုတ်ယူတာတွေ ကိုကြီး မလုပ်နိုင်အောင် ... မျက်လွှာလေးဖြင့် ပိတ်ကာ ဖုန်းကွယ်နိုင်ဖို့ ကြိုးစားမိခြင်းပါတကား ...။

"ကိုကြီးတို့ ... ရှင်လွန်း ရဲ့ ဖေဖေနဲ့ မေမေ့ကို ကန်တော့ကြရအောင်နော် ... ပြီးရင် ... ကိုကြီးတို့အပေါ် ထပ်တက်ကြမယ် ... ဘုရားခန်းဝင်ကြမယ် ... ဖေဖေ မေမေတို့ ရှိစဉ်က ... အဲဒီ ဘုရားဆောင်မှာ ... ကိုကြီး ဖေဖေတို့နဲ့အတူ ... ဘုရားကန်တော့နေကျ ... ဒီနေ့တော့



ကိုကြီးရဲ့ ကျန်ခဲ့ရာဘဝတစ်ခုကို ... ပြန်ယူနေမိတယ်ပေါ့ ကလေးရယ် ... ဒါပေမယ့် ... အပေါ်ထပ်မတက်ခင်မှာ ... ဒီအောက်ထပ် ... အိမ်ဦးခန်းက ဘုရားခန်းကိုလည်း ဝင်ကြမယ်လေ ... ကိုကြီး ဒုက္ခိတဘဝနဲ့ ... နေခဲ့စဉ်တုံးက ... ဝင်ခဲ့ရာ ဘုရားဆောင်ပေါ့ ..."

ဟု ပြောလာတော့ ရှင်လွန်း ... ဖေဖေနှင့် မေမေ့ ကို ကိုကြီးနှင့် အတူကန်တော့ရပါ၏။

"လိမ္မာရေးချားရှိတဲ့ ... ရှင်လွန်း လို သမီးလေးရဲ့ မိဘတွေ ဖြစ်ကြတာ ... ဖေဖေနဲ့ မေမေတို့ ... ဂုဏ်ယူစရာပါခင်ဗျာ ... ဖေဖေမေမေတို့ရဲ့ သမီးလေး ရှင်လွန်း ကို ကျွန်တော် ... မေတ္တာစစ်နဲ့ ချစ်မြတ်နိုးတာပါ .. ကျွန်တော့် အသက်ရှင်နေသမျှ ... ရှင်လွန်းလေး ကို စောင့်ရှောက်မှာပါ ... ကျွန်တော် မရှိတော့တဲ့အခါမှာလည်း ရှင်လွန်းပုံလေး ကို တင့်တောင့်တင့်တယ် ... လုံလုံခြုံခြုံ .. ထားခဲ့မှာပါ ... စိတ်ချပါ ဖေဖေနဲ့ မေမေ ခင်ဗျာ ..."

ဟု ကိုကြီး ဦးထိပ်ပန်၍ ပြောတော့ ရှင်လွန်း မျက်ရည်ကို အနိုင်နိုင်ထိန်းနေရပါပြီ ...။ ကိုကြီးကတော့ ... တည်ကြည်ရင့်ကျက်စွာပဲ သတိသစွာ စကားတို့ကို ပြောနေသူဖြစ်နေသည်။ ရှင်လွန်း သာလျှင် ... အုန်ရစ်ရမည့် ဘဝအတွက် ယောက်ယက်ခပ်နေရခြင်း ... အလူးလူး အလဲလဲ ဖြစ်နေရခြင်း ...။

နောက်တော့ ... ကိုကြီးနှင့်အတူ ... အောက်ထပ်ဘုရားဆောင်သို့ ဝင်ကာ ဘုရားကန်တော့သည်။

"ဘုရားတပည့်တော်သည် ဒုက္ခိတဘဝတွင်လည်း ဘုရား တရားမခဲ့ပါသည် အရှင်ဘုရား ... ယခု ... သေအံ့မူးမူးအချိန်မှာလည်း တရားသတ်မလွှတ်ပါဘုရား ... ဤမှန်သော သစ္စာကြောင့် ... ဘုရားတပည့်တော်၏ ဇနီးသည်ဖြစ်သည့် ... ရှင်လွန်းလေး ကို စောင့်ရှောက်ပေးတော်မူပါ အရှင်ဘုရား ..."

www.burmeseclassic.com



ကိုကြီး ပြောလာတော့ ရှင်လွှန်း ဦးချရင်း မျက်ရည်ပေါက်ပေါက် တက်တက်ကျလာရပြီ ...။ ဦးချစဉ်ပေမို့ ... မျက်ရည်ကို ကန်တော့ရာ လက်ဖမိုးတွေဖြင့် ပွတ်သုတ်ပစ်လိုက်ရပြီးမှ ခေါင်းကို အနိုင်နိုင်ပြန်မော့ ရသည်။ ဧည့်ခန်းမှာ အားလုံး ကျန်ခဲ့ကြသည်ပါပဲ ...။ တကယ်တမ်း ကတော့ဖြင့် ... မကြည့်ရက်နိုင်ကြ၍ ငြိမ်သက်ထိုင်ကျန်ခဲ့ကြရခြင်းပါ။ နောက်တော့လည်း အပေါ်ထပ်သို့ ကိုကြီးကို ... လေးလေးဆွေ မှ မွေ၍ လှေကားထစ်တွေကို နင်းဖြတ်တက်သည်။ အပေါ်ထပ်စကြံန်မှာ ကြို ရောက်နေပါသည့် ဝိုးချဲလ်ပေါ်တင်ပေးသည်။ နောက်တော့ အားလုံး ကျန်ခဲ့ကြရာ အောက်ထပ်ဧည့်ခန်းသို့ ပြန်ဆင်းသွားသည်က လေးလေးဆွေ ပါ ...။ ဒေါ်ကြီးမေ ခမျာလည်း ဧည့်သည်တွေကို ကော်ဖီ၊ မုန့်နှင့် ဧည့်ခံ နေသည်။ နေ့လယ်စာကို ... ဟိုတယ်သို့ ဘဘဦးအိမ်စိုးမှ ခေါ်သွားကာ ကျွေးမွေးမည်ဟုဆိုသည်။ ဧည့်သည်ဆိုတာကလည်း များများစားစား မဟုတ်။ ဘဘမှူး ဘဘဦးရန်ထက် နှင့် ဘဘဦးဇေယျ တို့ပဲ ရှိကြသည် လေ ...။ ကျန်သည်က ... ကိုကြီး၏ပတ်သက်ရာ ကေသရီ အိမ်သားတွေ ပဲ ဖြစ်ချေသည်။

ရှင်လွှန်း ဘုရားဆောင်သို့ ကိုကြီးကို ခေါ်လာမိရပါ၏။ ဧည့်ခန်း ဆီမှ နှင်းဆီလွှမ်းသော ပုံရိပ်သည် ကျန်ခဲ့ပေမယ့် ... နှင်းဆီတို့၏ ရနံ့ကတော့ လွင့်ပြန့်နေဆဲ ...။ လိုက်လာနေဆဲ။ ဘုရားဆောင်သည် လည်း နှင်းဆီရနံ့သင်းထုံနေပါ၏။ ဩော် ... ဤမနက်မှာ ရှင်လွှန်း ဆည်းကပ် ပူဇော်ထားရာ ပန်းဆီမီးတို့သည် အေးချမ်းကြည်စင်စွာ တရားရိပ်နှင့် အတူရှိချေသည်တကား ...။

ကိုကြီးနှင့်အတူ ရှင်လွှန်း ဘုရားရှင်တော်မြတ်ကို ဦးချကန်တော့ သည်။ ကိုကြီးကတော့ ...။ မျက်ဝန်းကို စုန်မှိတ်၍ ဆုတောင်းနေ သည်မှ အတန်ကြာ၏။ ဤတစ်ကြိမ်မှာတော့ အသံမထွက် ...။ ရှင်လွှန်း တစိမ့်စိမ့်မျှ ကိုကြီးကို ငေးမိုက်ကြည့်နေမိရဆဲ ...။



"အရှင်ဘုရား ဘုရားတပည့်တော်မ၏ ခင်ပွန်း ... အသက်ရှည်ရ ပါလို၏ ဘုရား ... ဝေဒနာကို အသက်သာဆုံး .. ဖြစ်အောင် ကယ်တင် ပေးတော်မူပါဘုရား ... ကယ်တင်ပေးတော်မူပါဘုရား"

ရင်ထဲမှ တစာစာအောင်းနေမိသည့်ဆုသည် ဤဆုပဲဖြစ်နေ သည်။ ကိုကြီး မျက်ဝန်းတွေ ပွင့်လာသည်။ ငေးကြည့်နေသည့် ရှင်လွှန်း ၏ အကြည့်နှင့်ဆုံသည်။ ကြမ်းခင်းကော်ဇောထက်မှာ ဝိုးချဲလ်လေးနှင့် နီးကပ်လွှန်းစွာ ထိုင်နေသည့် ရှင်လွှန်း ၏ ခေါင်းလေးကို ဖွဖွသပ်ပေး သည်။ နောက်တော့ ...။

"ရှင်လွှန်းကို ... ဘုရားရှင် ကစောင့်ရှောက်မှာပါကွယ် ..."

ဟု တိုးဖွဖွပြောလာပါ၏။ ဘုရားခန်းမှ ထွက်ခဲ့ရကာ ကိုကြီး၏ နေခဲ့ရာ အခန်းသို့ ရှင်လွှန်း ဝိုးချဲလ်လေးကို တွန်း၍ ခေါ်လာမိရပါ၏။ ကိုကြီး အောက်ထပ်မှာ နေခဲ့စဉ်ကလည်း ဤအပေါ်ထပ်ရှိ ကိုကြီး၏ နေခဲ့ရာ အခန်းကို ... ရှင်လွှန်း အမြဲသန့်ရှင်းရေး လုပ်နေကျပါ...။ ဒါပေမယ့် ... ဩော် ... ဒါပေမယ့် ... ခု မြင်ရသည့် မြင်ကွင်းကတော့ အံလွှန်လှပလွှန်းနေသည် ...။ အခန်းထဲမှာ ပန်းတင်ခုံတို့သည် နံရံတိုင်း မှာ စီသွယ်တန်း၍ ရှိနေ၏။ ပန်းတင်ခုံလှလှတွေ အစီအရီထက်မှာ အဖြူရောင်နှင်းဆီပန်းအိုးတို့ ဖွေးဆွတ်စွာရှိနေကြသည်။ ကြမ်းပြင်ထက် မှာကျတော့ ... အဖြူရောင် နှင်းဆီပန်းခြင်းတွေ စီသွယ်တန်း၍ လှပစွာ ရှိနေကြပြန်၏။ အခန်းသည် နှင်းဆီတို့၏ ရနံ့အောက်မှာ ဖွေးဆွတ်စွာ ရှိနေသည်။ ပြတင်းတံခါးခမ်းဆီးတွေသည်လည်း အဖြူရောင်ဇာထူကြီး များချထားသည်။ မင်္ဂလာခန်းဆောင်သည် ... အဖြူများနေသည်။ ကြမ်း ခင်းကော်ဇောသည် ပြာဖျော့ဖျော့ အခံနည်းနည်းလေးမှာ အဖြူရောင် နှင်းဆီပွင့်ကြီးတွေ ခက်ဖြာဖြန့်ကျက်စွာ ရက်ထားပါလေသော သားမွေး ကော်ဇောကြီး ဖြစ်နေသည်။ မီးအုပ်ဆောင်း အစ်သည်လည်း အဖြူရောင် ... ဝိုးသားဖြစ်နေသည်။ ခုတင်ထက်မှာ အဖြူရောင် ပိုးအိပ်ရာခင်း အဖြူ

www.burmeseclassic.com

www.burmeseclassic.com



ရောင် ခေါင်းအုံးနှင့် … အဖြူချည်းသက်သက် ယုန်မွေးစောင်တို့ အသား တကျခင်းကျင်းထားသည်။ ဖက်အုံးနှင့် မှီအုံးတို့သည်ပင်လျှင် အဖြူရောင် ပိုးသားတွေချည်းသာ …။ ထို အဖြူခံ ပိုးသားတွင် အဖြူရောင် ပိုးချည်ဖြင့် နှင်းဆီပွင့်တွေကို ပုံဖော်ထိုးထားရာ အိစ်ရာအခင်းအကျင်းသည် … မွေး ဆွတ်ဆွတ်ဖြင့် လှနေသည်။ အခန်းနံရံမှာ လှပသောပန်းခြင်းတွေ ချိတ် ထားသည်။ ထိုပန်းခြင်းတန်းတွေမှာ … အဖြူရောင်နှင်းဆီပန်းတုတို့ သည် အစစ်နှင့်မခြား ပေါ့ပါးလှပစွာ ရှိနေကြပါချေ၏။ ပန်းအစစ်တို့ ၏ နှင်းဆီရနံ့ကြောင့် … နှင်းဆီအလှကြောင့် … ထိုနံရံမှာ အလှဆင်ထား ရာ ပန်းတို့သည်လည်း အစစ်နှယ်မခြား ရင်ကိုလာညှိ၏။ လှပနေ၏။ ဖွေးဖွေးကြွကြွရှိနေ၏။ ဆိုဖာဆက်တီအဖုံးတွေကအစ … အဖြူရောင် ပိုးသားတွေပဲ ဖြစ်နေသည်။ ဆက်တီစားပွဲခင်းသည်လည်း အဖြူရောင် ပိုးစာဖြစ်နေတော့ …။ စားပွဲတင်ပန်းအိုးသည် အဖြူဆွတ်ဆွတ် ကြွေ ပန်းအိုးနှင့် နှင်းဆီဖြူတို့ပဲ ဖြစ်လေသည်။ အချိန်တိုအတွင်းမှာ ဤမျှ လှပသော မင်္ဂလာခန်းတစ်ခုကို အလှဆင်ပေးနိုင်ပါလေသော သင်းသင်းသာ ကို ရှင်လွှန်း ချီးကျူးမိရသည်ပါပဲ …။ တကယ်က .. သင်းသင်းသာ နှင့် ရှင်လွှန်း သည်လည်း ဟိုတယ်မှာ ဆုံခဲ့ကြသည်ပါပဲ …။ မင်္ဂလာအခန်း အနားကိစ္စ ကောသရီဟိုတယ်မှာ ကျင်းပကြသည့်သူတွေအတွက် … သင်းသင်းသာ အားလုံး စီစဉ်ပေးနေကျ …။ တာဝန်ယူနေကျပါ … ဒါ ပေမယ့် ဤနေ့မှာ ကိုကြီးနှင့် ရှင်လွှန်းတို့၏ မင်္ဂလာခန်းကိုဖြင့် သင်းသင်းသာ နှင့် အဖွဲ့လာ၍ ပြင်ဆင်ပေးရချေလိမ့်မည်ဟုလည်း မသိ နိုင်ခဲ့ …။ ရုတ်တရက် ရုတ်ချည်း ဖြစ်တည်ခဲ့ရသည့် ဤမင်္ဂလာနေ့မှာ … ဤမင်္ဂလာခန်းဆောင်သည် … အဖြူရောင်လွှမ်းလျှာ လှနေချေသည် တကား …။

အခန်းတွင်းသို့ ကိုကြီး နှင့် အတူ ရှင်လွှန်း စတင်၍ ဝင်ရပြီ …။ ခြော် … အခန်းထဲမှာ .. စတီးလ်ပန်းအလှပန်းခုံးလေးတစ်ခုသည် ခုတင်



ဘေးဘက်မှာရှိနေ၏။ နွယ်ခက်၍ တက်သည့်နှယ် နှင်းဆီနွယ် ပန်းတု တို့သည်လည်း လှပစွာ ပန်းခုံးလေးမှာ အလှဆင်၍ ရှိလင့်၏။ ခုတင် ဆီသို့ ထိုပန်းခုံးလေးအောက်မှဖြတ်၍ ရှင်လွှန်း တွန်းလာရသည်။ ခုတင် ဘေးမှာ ဝှီးချဲလ်ကို တန့်ရပ်စေမိကာ … ရေခဲသေတ္တာမှ ရေပုလင်း ကို ထုတ်၍ ကိုကြီးကို တိုက်မည်ပြုခိုက် ကိုကြီး လက်ကာသည်။

"မဖြစ်ဘူး ကလေးရေ … ဘာသောက်သောက် ဘာစားစား အန် ထွက်တာကများနေတယ် … ကိုကြီး လောလောဆယ်မှာ မအန်ပါရစေနဲ့ ဦး ကလေးရေ … လာပါ … လာပါကွယ် .. ကိုကြီးကို .. ဟို ပြတင်းနား ခေါ်သွားပါ … ခလုတ်လေးနှိပ်ပြီး ဝှီးချဲလ်လေးကို ရွှေ့လျှားနိုင်းရင် ဖြစ်ပေမယ့် … ကိုကြီး ရဲ့ ရှင်လွှန်းပုံလေး တွန်းပို့တာခံချင်လို့ပါ …"

ဟု ပြောတော့ ရေပုလင်းကို ပြန်ထည့်ရသည်။ ရင်သည် မကောင်း နိုင်တော့ပြီ …။ ကိုကြီးသည် ဘာအစာဝင်ဝင် … အန်နေသည့် အဆင့်သို့ တိုင်နေပြီတဲ့လားလေ …။ ထိုအဖြစ်ကို တည်ငြိမ်စွာ ကိုကြီး ရင်ဆိုင်နေသည်။

ရှင်လွှန်း .. ကိုကြီးကို ဝှီးချဲလ်လေး တွန်း၍ ပြတင်းဆီသို့ ခေါ်လာ ရပါ၏။ ပြတင်းကို ဖွင့်သည်။ ခမ်းဆီးကို ဘေးတစ်ဖက်ဆီသို့ ရှဲ့ပေး သည်။ ပြတင်းဆီမှ ငုံ့မိုးကြည့်လျှင် … မော့မျှော်၍ တဟက်နေကြရာ စကား ပန်းပင်စည် … ကိုင်းခက်တို့ကို အပွင့်တဝေဝေဖြင့် အပေါ်ဆီးမှ မြင်ရချေ ၏။ အပင်မြင့်သည် ပြတင်းကိုတော့ဖြင့် မကျော်သေး …။ ဒါကြောင့် … ခက်ဖျား ခက်နား .. ပန်းကိုင်းပွင့်ခက်တို့သည် .. ရှင်လွှန်း နှင့် ကိုကြီးတို့ ၏ အကြည့်အောက်မှာ ဖွေးလှဲ့စွာ ရှိနေကြခြင်း …။

"ဘဝဆိုတာ … အပေါ်ဆီးကနေပြီး … အလှတရားကို ခံစားရ တတ်အောင် ကြိုးစားယူတတ်ရတယ် ရှင်လွှန်းလေး … အပေါ်ကို မော့ ကြည့်ရတဲ့ ဘဝထက် .. ဘဝအလှကို .. ငုံ့မိုးပြီး အရသာ တစိမ့်စိမ့်ခံ လို့ … အေးအေးချမ်းချမ်း ကြည့်တတ်အောင် ကြိုးစားတတ်ဖို့တယ် ကလေးရေ … အခုကြည့်စမ်း .. ပန်းပင်မြင့်မြင့် တစ်ခုကို .. အပေါ်ဆီး

www.burmeseclassic.com



တ မြင်ရတဲ့ ဘဝတစ်ခုမှာ ရှင်လွှန်း ရပ်နေရပြီလို့ ခံစားလိုက် ...”

ကိုကြီး အေးချမ်းတည်ငြိမ်စွာ ပြောလာပါ၏။ ရှင်လွှန်း ကို ဘေးမှာ ရပ်နိုင်းထားတာမို့ ရှင်လွှန်း ၏ လက်ကို .. ကိုကြီး၏ လက်က တွေးဆုပ်ထားသည်။ ကိုကြီး၏ ခေါင်းက ရှင်လွှန်း၏ ကိုယ်လေးကို ဖေးမှီလာပါ၏။ ရှင်လွှန်း ၏ လက်မောင်း လက်ဖျံတို့မှာ ခေါင်းအမှီသည် ဖေးတင်၏။

“ကိုကြီး ရဲ့ မင်္ဂလာခန်းဆောင်ကို အလွှန်ဖြူစင်တဲ့ ခန်းဆောင် တစ်ခုအဖြစ် မြင်ချင်ရှိနေချင်တယ် .. အဖြူဆိုတာ .. အလွှန်အေးချမ်း ပါတယ် ... ကလေးရယ် ... ကိုကြီးရဲ့ ယောဒိက တလေးမလေးကို ဖြူစင်တဲ့ ခြေလှမ်းတွေနဲ့ ဘဝကို ရဲရဲငုံ့ငုံ့ .. ရှင်းရှင်းသန့်သန့် .. ဖြတ်သန်း ရဲနေတဲ့ ရှင်လွှန်းပုံ အဖြစ် ... ကိုကြီး ချန်ရစ်ခဲ့ချင်တယ် ...”

ကိုကြီး ပြောနေသမျှ ရှင်လွှန်း ငြိမ်နားထောင်နေရသည်။ ရင်ကျက်လှချေသည်ကော ကိုကြီးရယ် ..။ ကိုကြီးက သေခြင်းတရားကို ရင့်ကျက်စွာ ရင်ဆိုင်နေချိန်မှာ .. ငုံလင့်နေချိန်မှာ ... ရှင်လွှန်း က အားငယ် ချောက်ချားနေရသည်ကို .. ခွင့်လွှတ်ပေးပါ ..။ ကိုကြီး မသိအောင် ကြိုးစားဖုံးကွယ်နေသည့် ရှင်လွှန်း ၏ ရင်ကို ... ကိုကြီး .. မမြင်မရှိ ...။ မြင်နေလိမ့်မည်သာ ... ရှင်လွှန်း .. မရင့်ကျက်နိုင်ပါကိုကြီးရယ် ..။ မရင့်ကျက်နိုင်ခြင်းကို ခွင့်လွှတ်ပေးပါ သခင်ရယ် ..။ ဩော် ... ခွင့် လွှတ်ပေးပါ အရှင်ရယ် ...။ ရှင်လွှန်း ၏ မရင့်ကျက်နိုင်မှုတစ်ခုသည် ကိုကြီး၏ နောက်ဆံငင်စိတ်ကို ... ပိုတိုးလာစေမည်ဆိုတာ ရှင်လွှန်း သိနေရပါသည်။ ဟန်မဆယ်နိုင်အောင် ခံစားနေရလေသမျှ .. ရှင်လွှန်း အဘယ်အတိုင်းအတာထိ ... မြဲသိပ်ထားနိုင်စွမ်းမည်ဆိုတာကိုလည်း အာမခံနိုင်ရည်မရှိအောင် ဖြစ်ဖြစ်လာနေရချေသည်ကောလေ ..။

“အတိတ်ဆိုတာ တကောက်ကောက်လိုက်တတ်တယ် ကလေး ... အကန့်ခွဲခြားပြီး ဖျောက်လို့မရတဲ့အတိတ် ... ရင်ဆိုင်ရုံမှတစ်ပါး အခြား



လမ်းမရှိတဲ့ ပစ္စုပ္ပန်နဲ့ ရွေးချယ်ခွင့်မရတဲ့ အနာဂတ်ဆိုတာတွေကို ကိုကြီးရဲ့ ကလေးမလေး ရင်ဆိုင်ရဲရလိမ့်မယ် ... လူ့ဘဝဆိုတာ .. ပေးဆပ် ရာ ကံဇာတာအတိုင်း ရင်ဆိုင်လိုက်ကြရမှာပဲဆိုတာ ..., ခံယူထား မုန်တိုင်းထဲ လူးတဲ့အခါလူးရတတ်တယ် ... ပန်းစုံဖူးတဲ့ တောထဲမှာ မြူးတူးအေးချမ်း ကျင်လည်ရတာလည်း ရှိမယ် ... ဘဝဆူး တောထဲဖြတ် ရတဲ့အခါလည်း ဖြတ်ရမယ် ... လူ့ဘဝဆိုတာ မတ်တပ်ရပ်ပြီး နေလိုက် လို့မရဘူးကလေး ... ရှေ့ဆက်ရတာပါပဲ ... အဲဒါကို နားလည်ထား ... လျှောက်ရမယ့် ခရီးကို ဆက်လျှောက် ... နားလည်လား ရှင်လွှန်းပုံလေး...”

ကိုကြီး မှာနေခြင်း ...။ ဟုတ်သည် ...။ မှာချင်တာတွေကို မှာနေ ခြင်းပါတကား ...။

“တစ်နေ့မှာ ချစ်ပုံလေး ကို အရမ်းမြတ်နိုးတဲ့ လူတစ်ယောက်နဲ့ ကြုံရမှာပါကွယ် ... အဲဒီအခါကျရင် .. ချစ်ပုံလေး လက်ထပ်ပါ ကလေး ရယ် ... ဘဝကြီးထဲမှာ ကိုကြီးရဲ့ ချစ်ပုံလေး တစ်ယောက်တည်း ခရီး မဆက်ချင်စမ်းပါနဲ့ ... အတိတ်က ပင်ပန်းခဲ့ပြီးတဲ့ ဘဝကြမ်းကြမ်း ... အခု ... ကိုကြီးနဲ့ ခွဲခွာရတော့မယ့် ကြေကွဲစရာ ဘဝတစ်ခု .. အဲဒါ တွေနဲ့ပဲ ရှင်လွှန်းပုံလေး အတူချန်မနေရစ်ပါနဲ့ ... ခရီးလည်း မဆက်ပါ နဲ့ ... သာယာတဲ့ ဘဝတစ်ခုဆိုတာ ကိုကြီးရဲ့ ချစ်ပုံလေး .. ပိုင်ဆိုင် ခွင့်တော့ရှိသင့်ပါတယ် ... ကိုကြီးရဲ့ ချစ်ပုံလေးမှာ ကြွယ်ဝခြင်းဆိုတာ ရှိတယ် .. နုပျိုငယ်ရွယ်ခြင်းဆိုတာလည်း ရှိနေတယ် ... အဲသလို .. ချမ်းသာစွာ အလှတရားများနဲ့အတူရှိနေတဲ့ ရှင်လွှန်းလေး ကို စာနာ မြတ်နိုးစွာ လက်ထပ်မယ့်သူ တစ်ယောက်ရှိလာမှာပါ ...အဲဒီအခါ .. ရှင်လွှန်းပုံလေး လက်ထပ်ပါကွယ် ... တစ်ယောက်တည်းမနေပါနဲ့ .. ကိုကြီး နောက်ဆံမငင်ပါရစေနဲ့ ကလေးရယ် ...”

ကိုကြီးကို အလန့်တကြားရှင်လွှန်းကြည့်လိုက်မိရပါပြီ။

“ခုလို .. မင်္ဂလာဦးနေ့မှာ နိမိတ်ဦး မသမ်းပါနဲ့ ကိုကြီးရယ် ...

www.burmeseclassic.com

www.burmeseclassic.com



ရှင်လွန်း တို လက်ထပ်ခွင့်ရဖို့ ကိုကြီး နားချခဲ့လေသမျှ .. ရှင်လွန်း ကိုကြီးကို ချစ်တဲ့စိတ်နဲ့ ... ကိုကြီးရဲ့ ဇနီးအဖြစ် ... ခံယူဖို့ ဆုံးဖြတ်လက်ထပ်ခဲ့တာပါ ... အခု ... ဒီနေ့မှာ ကိုကြီးက တခြားသူတစ်ယောက်နဲ့ တစ်နေ့မှာ ရှင်လွန်း လက်ထပ်ဖို့ဆိုတာ ... မတိုက်တွန်းပါနဲ့ .. မပြောလာပါနဲ့တော့ ... ရှင်လွန်း ရင်တွေကျေနေရလွန်းလို့ပါ ... ကိုကြီးရဲ့ဘေးမှာရှိနေရင်း ကိုကြီးကို ကြည့်နေရင်း .. ရှင်လွန်း ... တခြားလူတစ်ယောက်နဲ့ လက်ထပ်ပါ့မယ်လို့ ... ဒီသတို့သမီးတစ်ယောက်က ... ဟောဒီက သတို့သား ကိုကြီးကို .. ဘယ်လို .. ဘယ်လို မျက်နှာနဲ့ ... ခေါင်းညိတ်ပြပေးလိုက်ရမှာတဲ့လဲ ... မရက်စက်ပါနဲ့ ကိုကြီးရယ် ... အဲသလောက် ... အဲသလောက် မရက်စက်ပါနဲ့ ... ကိုကြီးနဲ့ ခွဲရမှာ လန့်နေတဲ့ .. ချောက်ချားနေတဲ့ .. ရှင်လွန်း ရဲ့ အချစ်တွေကို သိရင် .. အဲသလိုတော့ မပြောခဲ့ပါနဲ့ ... မပြောပါနဲ့ ...”

ရှင်လွန်း လက်အုပ်ချီ၍ ကြမ်းပေါ်ထိုင်ကာ ကန်တော့တောင်းပန်ချိန်မှာ ကိုကြီး မျက်ရည်ကျလာသည်။ ရှင်လွန်း ၏ လက်ကို ထွေးဆုပ်၍ နမ်းရှိုက်လာသည်။ ရှင်လွန်း ၏ လက်ဖမိုးပေါ် ကိုကြီး၏ အနမ်းဖေးသက်သည်သို့ မျက်ရည်စက်သည်လည်း ဖျောက်စက်စက်ကြွေ၏။

“မှာခဲ့သင့်တာမို့ ... မှာခဲ့ပါရစေ ကလေးရယ် .. ကိုကြီးကို ကတိပေးပါ ... ဟောဒီက ကိုကြီးရဲ့ အချစ်ကိုသိရင် ... ဟောဒီ ကြွေသက်နေတဲ့ မျက်ရည်စက်တွေရဲ့ နောက်ဆံတင်းငင်ဖြစ်နေတဲ့ သရုပ်ကိုမြင်ရင် ... ရှင်လွန်း ခေါင်းလေးတော့ ညိတ်လိုက်ပါ ကလေးရယ် .. ကိုကြီး .. ရှင်လွန်းကို တစ်ယောက်တည်း .. တစ်ဘဝလုံး တစ်သက်လုံး ကျန်နေသော အဖြစ်မခံနိုင်လို့ပါကွယ် ...”

ကိုကြီး ပြောကာ ဤတစ်ကြိမ်မှာ မျက်ရည်တွေ ဖြိုင်ကျလာတော့ ရှင်လွန်း ငိုင်ခနဲ ဖြစ်၏။ ရှင်လွန်း ၏ ကိုယ်လေးကြုန်းအထမှာ ကိုကြီး၏ လက်တွေက အဲတင်းဆွဲယူ၍ ရှင်လွန်း၏ ရင်ခွင်မှာ ကလေးတစ်



ယောက်နယ် ကိုကြီး ငိုချလိုက်ပါ၏။ ရှင်လွန်း မျက်ရည်လိုက်ကျနေရသည်။ ကိုကြီး၏ ကိုယ်ကို ထွေးပိုက်ထားနေမိရသည်။ လည်ချောင်းတစ်နင်နင်ဖြင့် ဖြစ်နေသည်။

“အချိန်က ... သိပ် .. ကျန် ... တော့မှာ .. မဟုတ် .. ဘူး ...”

ဝန်ခံစကားပေလား ... အသိပေးခြင်းလေလား ...။ ပွင့်ကျလာသည့် ကိုကြီး၏ ရှိုက်သံတွေ ထွေးရောယှက်တင်ပါနေသည့် စကားသံသည် ရှင်လွန်း ၏ ရင်ကို မြားအစင်းစင်း စူးနေစေသည့်နှယ်ရှိ၏။ ရင်နာစေဟု မြားနှင့်ခွင်းသည်မဟုတ်။ ကြင်နာလွန်း၍ ချစ်ခြင်းဖြင့် ပွင့်ကျလာသည့် စကားသည် ...။ မြားအစင်းစင်းနယ် ရင်ကို စူးနစ်နာကျင်စေတတ်ပြန်သည်ကော ..။ ရက်စက်ခြင်းဖြင့် ခွင်းသော မြားမဟုတ်။

ရှင်လွန်း ၏ လက်လေးတွေက ကိုကြီး၏ မျက်နှာကို ဖေးမော့စေမိပြီ ..။ ကိုကြီး မော့ကြည့်ရှာပါ၏။ ခွဲရမှာလည်း မခွဲရက် ..။ ချန်ခဲ့ရမှာလည်း မချန်ရက် .. ။ ဒါပေမယ့် ချန်ကို ချန်ခဲ့ရမည်ဆိုတာသိနေသည့် ကိုကြီး၏ နောက်ဆံငင်နေသော အကြည့် ..။ မျက်ရည်စက်တို့သည် ရှင်လွန်း ၏ အသိတရားတစ်ခုကို လင်းလက်လာစေသည်။ ကိုကြီး ... နောက်ဆံမငင်ပါစေနှင့် ..။ ဤအသိ ..။ ကိုကြီး ၏ မျက်ရည်စက်တို့ သည် ရှင်လွန်းကို ဘာဆုံးဖြတ် ခေါင်းညိတ်ရမည်ဆိုတာ အသိတရား တွေ ပေးလာနေသည်။ ရှင်လွန်း .. ကိုကြီး၏ နဖူးပြင်ကို နဖူးလေးဖြင့်ထိ၏။ နဖူးပြင်ကို နမ်း၏။ တသက်သက် တနင့်နင့်ပါသော အနမ်း ..။ ဩော် ... ကိုယ့်ရင်ကိုခွဲ .. ကိုယ့်နှလုံးသားကို အညှာမှ ကိုယ်တိုင် ခြွေကြွေစေပြီး ... လူးလိမ့်နာကျင်နေစေမည့် ခေါင်းတညိတ်ကို မနိုင်ရင်ကာန် အားကုန်အားခမ်းမျှ အားမွေးယူရင်းမှ အနိုင်နိုင်ညိတ်ပြလိုက်ရပါပြီတည်း ..။ ထိုအခါ .. ကိုကြီး ထပ်၍ မျက်ရည်ကျလာသည်။ ကိုကြီး၏ အနမ်းက ရှင်လွန်း ၏ နဖူးဆီသို့လည်းရောက်၏။ ပါးပေါ်လည်း ထိ၏။

“ကျေးဇူးတင်တယ် ကလေးရယ် ..”

www.burmeseclassic.com



ကိုကြီး ခပ်တိုးတိုး ပြောပြီးမှ တစ်ချက်ကိုယ်ကို ပြန်မတ်သည်။ ရှင်လွန်းကို ရှေ့မှာ ထိုင်နိုင်းသည်။ ကြည့်မဝသလိုကြည့်၏။ ကိုကြီး၏ ပိန်သွယ်ကျနေသည့် လက်တွေက ပါးပြင်လေးကိုထိ၏။ ဆံစလေးကိုထိ၏။ မျက်တောင်လေးတွေကို ဖွဖွထိ၏။ အားလုံးသည် တလွမ်းသသနိုင်သည်။ တစိမ့်စိမ့်နိုင်သည်။ မျက်တောင်မခပ်ကြည့်နေသည့် အကြည့်သည် တစ်သက်စာအတွက်နှယ် ကြည့်မဝမဆုံးဆန်နေသည်။

"ရှင်လွန်း ဆွဲထားသမျှ ပန်းချီကားတွေ ကိုကြီး ယူယူပြီး သိမ်းခဲ့တာမှတ်မိတယ်နော် ... ရှင်လွန်း ဘွဲ့ရပြီးရင် ကိုကြီးတို့ရဲ့ ကေသရီဟိုတယ်မှာ .. ပန်းချီပြပွဲတစ်ခုလုပ်ဖို့ ရည်ရွယ်သိမ်းထားတာကွယ့် ... ဒါပေမယ့် .. ခုတော့ ပန်းချီပြပွဲမှာ ... ကိုကြီး ရှိနိုင်တော့မှာ မဟုတ်ဘူး ... ဟင် .. ဘာလို့ ငိုတာလည်း ကလေးရယ် .. မငိုနဲ့ ... ဒါ .. ရင်ဆိုင်ရမှာလေ ..."

"တင်းမခံနိုင်တော့လို့ပါ ကိုကြီးရယ် .. အဲဒီ မရှိတော့ဘူးဆိုတဲ့ စကားက လွဲပြီးရင် .. ဘာပဲပြောပြောပါ ... အဲဒီတစ်ခုပဲ မပြောပါနဲ့ ... မပြောပါနဲ့ ... ရှင်လွန်း ရူးလိမ့်မယ် .. သေလိမ့်မယ် .."

ဟု ကလေးလေးလို ပြောငိုလိုက်မိရသည်က ရှင်လွန်းပါ ... မထိန်းနိုင်တော့ပြီ .. စိတ်ကို လွှတ်ပေးလိုက်မိရပြီ။ ဤနေ့မှာ ကိုကြီးသည်ပင်လျှင် .. စောစောက ကလေးလေးနှယ် ရှင်လွန်း ရင်ခွင်မှာ ငိုကြီးချက်မဖြစ်ခဲ့ရှာသည်ပဲ။ ရှင်လွန်း ၏ မျက်ရည်စက်တွေကို မတားရက်နိုင်တော့ပြီတည့် ...။

"ကိုကြီးမှာချင်တာတွေတော့ သွန်ပြီးမှာမှဖြစ်မယ် ကလေးရယ် ... ဒီနေ့မှာ မမှာလိုက်မိလို့ ... မနက်ဖြန်မှာ ... အဲဒီ စကားဟာ .. မပြောဖြစ်လိုက်ရပဲ .. ကိုကြီးရဲ့ ရင်ထဲမှာပဲ ကျန်ခဲ့ရ ... အတူပါသွားရတယ်ဆိုတာ အဖြစ်မခံနိုင်လို့ပါ ... ဒါကြောင့် ထပ်မှာမယ်ကလေး ... ကိုကြီး မရှိတော့တဲ့ နောက်မှာ .. သုံးနှစ်ပြည့်တဲ့အခါ ... ရှင်လွန်းလေး လည်း



စိတ်အနေည် အတာန်အသင့်ထိုင်လောက်ပြီလို့ မှတ်ယူတာမို့ ... အဲဒီ အခါမှာ .. ရှင်လွန်း .. ပန်းချီ အရောင်းပြပွဲလေးတစ်ခု .. ကေသရီဟိုတယ်မှာ ကျင်းပလိုက်ပါကွယ် ... ရှင်လွန်း နောက်ထပ် ဆွဲတဲ့ ပန်းချီကားတွေလည်း ပါရမယ်နော် ... ကိုကြီး မရှိတော့လို့ .. ပန်းချီလည်း မဆွဲတော့ဘူးဆိုတဲ့ စိတ်ဓာတ်မျိုး မမွေးလိုက်ပါနဲ့ ကလေးရယ် ... အဲဒီပြပွဲ ... အရောင်းပွဲလေးမှာ ရှင်လွန်း ကို ချစ်မြတ်နိုးတဲ့သူ .. ဖူးစာရှင်ရယ်လို့လည်း ကြုံရင်ကြုံ .. ဆုံချင်ဆုံလာနိုင်ပါလိမ့်မယ် ... အနုပညာကို မြတ်နိုးတဲ့သူပေါ့ ကလေးရယ် ..."

ရှင်လွန်း ၏ ခံနိုင်ရည်စွမ်းတွေ ပုံပုံလဲနေကြရပြီ။ ထူနိုင်မတ်နိုင်ဖို့ဆိုတာ ရင်တွေကျေနေရသူ တစ်ယောက်အတွက် ခက်ခဲလွန်းလှပါ၏။ ကိုကြီး ပြောနေပုံက ရင်ထဲက အမှာစကားတွေမပြောမဲ့ ကျန်ခဲ့မှာကို စိုးရိမ်နေပုံ ...။

"ကိုကြီးရဲ့ အောက်ထပ်က အခန်းမှာ .. ကပ်ဗီရိုကြီးထဲမှာ ပန်းချီကားတွေဆောင်သွင်းပြီး ကိုကြီး သိမ်းထားတယ် ..."

ငြိမ်ခြင်းမက ငြိမ်ကျနေသည့် ရှင်လွန်း ကို ကြည့်ကာ ကိုကြီးလည်း ငြိမ်သက်နေပါ၏။ အတန်ကြာမျှ နှစ်ယောက်စလုံးသည် စကားသံလည်း ပျောက်နေသည်။ နောက်တော့ ကိုကြီး၏လက်က ရှင်လွန်း၏ လက်လေးကို ဖေးယူကာ ဖွဖွနမ်း၏။ နောက်တော့ အင်္ကျီအိတ်ကပ်တွင်းမှ ထုတ်ယူလိုက်သည်က အလွန်လှပသော စိန်လက်စွပ်လေး လက်စွပ်လေးက နှစ်ကွင်း ..။

"ဒါ ... ဘဘ ဦးအိမ်စိုး နဲ့ မှာလိုက်တဲ့ လက်စွပ်လေးပေါ့ ...။ ဘဘလာတဲ့အခါ ကေသရီရတနာ အရောင်းခန်းဆောင်ကနေပြီး ... အလှဆုံးနဲ့ တန်ဖိုးအမြင့်ဆုံး လက်စွပ်နှစ်ကွင်းကို ယူလာပေးပါလို့ ဒီမနက် ဘဘဦးအိမ်စိုး ဆီ ဖုန်းဆက်လိုက်ကတည်းက မှာလိုက်တာလေ ... ဘဘ ... ရောက်လာပြီး ... ကိုကြီးကို ပေးလိုက်တာ .. ကိုကြီး ရှင်လွန်း

www.burmeseclassic.com

www.burmeseclassic.com



ကို ဝတ်ပေးမယ်နော် .. ရှင်လွန်း လည်း ကိုကြီးကို ဝတ်ပေး''

ဟု ပြောလာတော့ ရှင်လွန်း လက်လေး ဆန့်တန်းပေးမိရသည်။ လက်သူကြွယ်လေးမှာ ကိုကြီး ဝတ်ပေးလာပါသည့် စိန်လက်စွပ်လေးသည် အလွန်အရည်အသွေးကောင်းလျက် ... အလွန်လှပလက်ရာ မြောက်သော လက်စွပ်လေးဖြစ်နေသည်။ ကိုကြီး ကမ်းပေးလာသည့် လက်စွပ်လေးကိုလည်းယူ၍ ရှင်လွန်း ကိုကြီး၏ လက်မှာ ဝတ်ပေးရပါ၏။ ကိုကြီး၏ အနမ်းက ရှင်လွန်း ၏ လက်ထပ်လက်စွပ်လေး ဝတ်ထားရာ လက်လေးထက်မှာတင်၏။ ရှင်လွန်း ၏ အနမ်းကလည်း လက်ထပ်လက်စွပ်လေး ဝတ်ထားရာ ကိုကြီး၏ လက်သူကြွယ်ထက်မှာ ဖေးထင်၏။ ခွဲခွာခြင်းဆိုသည့် မျဉ်းတစ်ကြောင်းနှင့် အလွန်နီးကပ်နေသော နေရာတစ်ခုမှာ ရောက်နေသည့်သူ နှစ်ယောက်၏ လက်ထပ်လက်စွပ်လေးတွေ ဝတ်ဆင်နေသည့် ဤအဖြစ်သည် ဘယ်သောအခါတွင်မှ မေ့ရက်စရာမရှိ ... မေ့နိုင်စွမ်းမရှိ ...။ ကြေကွဲမှုတွေ ပြေလျော့စေနိုင်စွမ်းမည်လည်းမဟုတ် ...။

''ကိုကြီး ရဲ့ ရှင်လွန်းလေး ဟာ သိပ်လိမ္မာတာပါ ... ဟိုးအရင်ကတည်းက ကိုကြီး စားဖို့ ဖိနပ်လေးကအစ ... ယူပေးစီးပေးတတ်တဲ့သူပါ ...။ ကိုကြီးရဲ့ အဝတ်တွေကို အမြဲလျှော်ပြီး မီးပူတိုက်ပေးတတ်တဲ့ သူပါ ...။ ကိုကြီး စားသောက်ဖို့အတွက် ... အမြဲ ဂရုတစိုက်ချက်ပြုတ်တတ်တဲ့သူပါ ... ရှင်လွန်း ဟာ ... အရိပ်တကြည့်ကြည့်နဲ့ - တလေးတမြတ် ကိုကြီးအပေါ်မှာ ရှိခဲ့တဲ့သူပါကွယ် ... အဲသလောက်လိမ္မာရေးခြားရှိတဲ့ ရှင်လွန်းပုံလေး ... ကိုကြီးရဲ့ ချစ်ပုံလေး ကို တခမ်းတနား ... ကိုကြီး လက်မထပ်နိုင်ခဲ့ဘူး .. အဲဒီ တာဝန်မကျေနိုင်မှုတစ်ခုကို ရှင်လွန်း ကိုကြီးကို ခွင့်လွှတ်ပေးပါ ...''

ရှင်လွန်း ဘယ်နှယ်လုပ်၍ မျက်ရည်ကို ထိန်းနိုင်ပါမည်တဲ့လဲ - ဪ ကိုကြီးသည် .. တခမ်းတနား လက်မထပ်ပေး.. လက်ထပ်ပွဲ မကျင်း



နိုင်ခဲ့သည့် အဖြစ်ကိုပင် ... တာဝန်မကျေမှုတစ်ခုအဖြစ် ကြေကွဲမှတ်ယူသည်ကောလေ ..။ ရှင်လွန်း မျက်ရည်တွေ ဖြိုင်ကျလာတော့ ကိုကြီး မျက်ရည်သုတ်ပေးသည်။

''ကိုကြီး မရှိတဲ့အခါ ရှင်လွန်းပုံလေး ငိုမယ်ဆိုတာ ကိုကြီး သိပါတယ် .. ကိုကြီးရဲ့ လွန်းပုံလေး အကြောင်း ကိုကြီး မသိပဲနေပါ့မလား... အဲဒီ မျက်ရည်ကို တားဆီးလို့မရနိုင်ဘူးဆိုတာ ကိုကြီး သိပါတယ် .. မြဲသိပ်ထိန်းထားတာထက် ... ငိုချလိုက်တာက ပိုပြီးကြေကွဲနေတဲ့ ခံစားချက်ကို သက်သာရာတစ်ခုလေးတော့ ရနိုင်တာမို့ .. ငိုပါ ... ဒါပေမယ့် ... ဘဝကို အလျော့ပေးလိုက်တဲ့ မျက်ရည်မဖြစ်ပါစေနဲ့ ... ဘဝကို ဆက်ရှင်သန်နိုင်ဖို့အတွက် ... ကြေကွဲရာတွေကို မျက်ရည်တွေနဲ့ သက်သာရာရအောင် ကုစားနေရင်း .. အရှုံးမပေးတတ်သူ တစ်ယောက်ရဲ့ မျက်ရည်တွေပဲ ဆက်ဖြစ်နေပါ .. နားလည်တယ်နော်''

ကိုကြီး ၏ အသံက သိမ်မွေ့ညင်သာနေသည်။ ပြောလိုက်သည့် စကားတွေအားလုံး ရှင်လွန်း ၏ မှတ်ဉာဏ် ရှင်လွန်း ၏ နှလုံးအိမ်ထဲထိ စွဲကျန်နေအောင် ပြောနေသည့်နှယ်ရှိ၏။ ကိုကြီး ပြုံး၍ ကြည့်၏။ အကြည့်သည် --- နက်နက်ရှိုင်းရှိုင်း ပိုရှိနေသည်ဟု ရှင်လွန်း ဘာကြောင့် အလိုလိုထင်လာနေမိရပါသလဲ .. ။ မသိ ..။ ဒါပေမယ့် ... ကိုကြီး၏ အကြည့်တွေထဲမှာ ... တစ်ခုခုကိုကြိုတင်၍ သိနှင့်နေသည့် အရိပ်တွေ စွန်းထင်းနေကြသည်ဟု နားလည်လာနေစေသည့်နှယ် ရှိနေရပြီ ..။ ဘုရားရေ ... ကိုကြီးသည် ... ဘာကို .. သိနေပြီလဲ .. ဘာတွေခံစားနေရပြီလဲ ... ဝေဒနာပြင်းထန်စ ပြုလာနေချေပြီလား ..။ ရှင်လွန်း ချောက်ချားလာချိန်မှာ ကိုကြီး ရှင်လွန်း ကို တစိမ့်စိမ့်ကြည့်မြဲကြည့်၏။

''ကိုကြီး ကို .. ရေအေးအေးလေး တစ်ခွက်တိုက်လိုက်ပါကွယ် ... ရှင်လွန်း စောစောက တိုက်မလိုလုပ်ခဲ့တဲ့ ရေလေးပေါ့ ... ကိုကြီးရဲ့ ရင်တွေ .. အေးမြကုန်အောင်လေ ...''

www.burmeseclassic.com

www.burmeseclassic.com



ဟု တိုးဖွဖွပြောလာသည်။ ရှင်လွန်း ရေအေးတစ်ခွက် ပြေးယူငှဲ့ကာ ကိုကြီး ကို ကိုယ်တိုင်တိုက်သည်။ ကိုကြီး သောက်နေရင်းလည်း ရှင်လွန်း ကိုပဲ ကြည့်ကြည့်ရှိနေ၏။ ရေအေးလေး ဖန်ခွက်တစ်ဝက် ကျော်လောက်သောက်ပြီးချိန်မှာ ကိုကြီး နားသည်။ ဖန်ခွက်လေးစားပွဲပေါ် ပြန်တင်ပြီး ရှင်လွန်း လှည့်လိုက်ချိန်မှာ ကိုကြီး၏ လက်တွေက ဝမ်းဗိုက်ကို ဖေးပင်ဖိထားနေကြပြီ ...။ ရေတွေ ပွက်ခနဲ ပြန်အန်သည်။ ရှင်လွန်း လန့်လန့်ဖြင့် အခန်းပြင်ဘက် အောက်ထပ်ဆီမှာ ရှိနေကြ၀ါသည့် ဘဘမှူး တို့ကို အော်ခေါ်လိုက်မိရပါပြီ ...။ ကိုကြီး ကို ရှင်လွန်း ဝှီးချဲလ်လေးထက်မှ လန်မကျအောင် ဖေးကိုင်ထိန်းထားပေးနေရပါ၏။ ကိုကြီး သတိရှိနေသေးသည်။ လက်တွေက ရှင်လွန်း ကို ဖေးကိုင်ထားနေသည်။ ဘဘမှူး တို့ ချက်ချင်းရောက်လာကြသည်ပါပဲ ..။ ကြိုတင်၍ အခြေအနေမှန်ကို သိထားနိုင်ပုံရပါသည့် ဘဘမှူး နှင့် ဘဘဦးရန်ထက် တို့သည် ဆေးအိတ်လည်းတစ်ပါတည်း ယူလာကြဟန်တူ၏။ ကိုကြီး ကို ဘဘမှူး မှ ဆေးထိုးပေးနေသည်။ ကိုကြီး၏ နဖူးပြင်ထက်မှာ သီးနေသည့် ချွေးစေးတွေကို ရှင်လွန်း တဘက်ငယ်လေးဖြင့် သုတ်ပေးနေမိသည်။ ချက်ချင်းပင် ဘဘမှူးတို့မှ ကိုကြီးကို ခုတင်ထက်မှာ လှဲစေကြပြီ ...။ ကိုကြီး တစ်လျှောက်လုံး တည်တည်ငြိမ်ငြိမ် ဤအချိန်အတိုင်း အတာရှိနေခဲ့ခြင်းမှာ ... ဆေးရှိန်ကြောင့်ဆိုတာ ရှင်လွန်း နားလည်စပြုလာရပါပြီ ...။ ရှင်လွန်း ကို ဘဘမှူး နှင့် အခေါ်လွှတ်လိုက်သည်ဆိုကတည်းက .. ကြိုတင်၍ ဆေးထိုးခံထားခဲ့တာ ဖြစ်ချေမည် ...။ ခု .. ခု ဆေးရှိန်ပြယ်ချေပြီထင့် ...။

"သူ .. ခုလို ခံစားနေရတာ ... ရက်တွေ စိပ်လာတယ် .. အချိန်တွေ စိပ်လာတယ် ... ဒါကြောင့် ဒီနေ့ ... သူ .. သူ ... မိန်းကလေးကို - ရအောင်ခေါ်ခိုင်းတာ .. ရအောင်လက်ထပ်ကာ ..."

ဘဘမှူး အသံတွေ အက်ကျနေရင်း ပြောကာ မျက်ရည်တွေဝေ့



၏။ ရှင်လွန်း မှင်တက်၍ ကိုကြီးကို မျက်တောင်မခတ်ကြည့်နေမိရဲ ...။ ကိုကြီး၏ လက်တွေဖေးဆုပ်ထားရာနေရာမှာ ရှင်လွန်း ၏ လက်လေးတွေက ကူညီဖေးအုပ်ထားနေမိရသည်။ လူးလိမ့်နေအောင် ကိုကြီး နာနေသည်။ ကိုကြီး၏ ကိုယ်ပါးပါးလျားလျားသည် တွန့်ခနဲတွန့်ခနဲ ဖြစ်လာ၏။ ရှင်လွန်း ဘဘမှူး ကို အားကိုးတကြီး ကြည့်လိုက်ချိန်မှာ ဘဘမှူး တွေ၌ ငြိမ်နေတာကိုပဲ မြင်ရသည်။ ဘဘဦးရန်ထက် လည်း မျက်နှာကို ခပ်လွှဲလွှဲပြုနေရှာ၏။ မကြည့်ရက်၍ဆိုတာ ရှင်လွန်း နားလည်နေရပါပြီ။ ကူကယ်ရာမဲ့နေချေပြီတဲ့လား ကိုကြီးရယ်လေ ...။ အရှုံးပေးလိုက်ရချေတော့မည်လား ...။ ဝေဒနာ၏ နှိပ်စက်မှုအောက်မှာ ဝကွတ်၍ အစ်ထားလိုက်ရတော့မည်တဲ့လား ...။ ကိုကြီး၏ လက်တွေက ... ကယောင်တတမ်းနိုင်စွာ ရှင်လွန်း ၏ လက်လေးကို ဆုပ်ခဲထားနေသည်။ ရှင်လွန်း မှာဖြင့် ... ကိုကြီး၏ မျက်နှာထက်မှ ချွေးတွေကို လက်လေးတဘက်ဖြင့် တွင်တွင်သုပ်ပေးနေရ ...။ ကိုကြီး၏ ထွေးဆုပ်ထားရာ လက်လေးကိုလည်း တုန့်ပြန်ထွေးဆုပ်နေမိရနှင့် ဗျာများနေရပြီ။ ရင်သည် မီးဟပ်သည့်နှယ်ရှိ၏။ သောကအပူသည် ရင်ကိုဆောင့်၏။

"ကိုကြီး ... ကိုကြီး ရှင်လွန်း ရှိနေတယ် .. ရှိနေတယ် ကိုကြီး"

ဟု အရူးအမူး ရှင်လွန်း ပြောနေမိရပါ၏။ ကိုကြီး မျက်ဖြူတစ်ချက်လန်၏။ သတိမရှိချေတော့ပြီတကား ...။ သတိလည်း ပြန်လည်မလာတော့ ...။ ရှင်လွန်း ၏ လက်လေးကို ထွေးဆုပ်ထားခဲ့တာကိုလည်း မလွှတ်တော့ ...။ ငြိမ်ကျသွားရှာပါပြီ ..။ ထိုနေ့က .. ကိုကြီးသည် အလွန်လှပစွာ ပြင်ထားသော မင်္ဂလာခန်း ...။ အဖြူရောင်နှင်းဆီတို့နှင့်အတူ - အဖြူရောင်လွှမ်းနေသော အခန်း ...။ အဖြူရောင်နှင်းဆီပွင့်တို့ ကြဲဖြန့်ထားရာနှင့် မခြားသော အဖြူရောင်အိပ်ရာခင်းထက်မှာ ...။ ခေါင်းအုံးလှလှလေးကို ဖေးတင်ခေါင်းချထားရင်း ...။ နှင်းဆီတို့၏ ရနံ့တို့ သင်းထုံဆနေသော နေရာလေးမှာ ...။

www.burmeseclassic.com



သတို့သား သတို့သမီးတို့၏ ... ဤအခန်းလေးမှာ .. ကွယ်လွန်ခဲ့ချေသည်တကား ..။ ကိုကြီးကို မမှိတ်မသုန် .. ငေးစိုက်ကြည့်နေသည်က ရှင်လွန်း ...။ ဘာကိုယုံပေးလိုက်ရမည်မှန်း မသိနိုင်လောက်အောင် တုန်လှုပ်ချောက်ချားရင်း ငြိမ်ခြင်းမကငြိမ်ကျနေသော သတို့သမီး...။ မကြာမတင်လေးကမှ .. ခင်ပွန်းသည် ကိုကြီး ... ဝတ်ဆင်ပေးခဲ့ရာ လက်ထပ်လက်စွပ်လေးသည် ရှင်လွန်း ၏ လက်သူကြွယ်မှာရှိနေ၏။ သြော် ... ရှင်လွန်း ဝတ်ဆင်ပေးခဲ့ရာ လက်ထပ်လက်စွပ်လေးသည်လည်း.. ကိုကြီးထံမှာ ရှိနေသည်။ ဘာမျှမကြာသေး ...။ ခု ... ခု .. ကိုကြီး ချန်ခဲ့ပြီတဲ့လား ...။ ကိုကြီး ချန်ခဲ့လေပြီကောဟု ဝန်ခံပေးလိုက်ရမှာ ရှင်လွန်း ဝန်လေးနေမိသည်။ နားလည်ပေးလိုက်ရမှာ အလွန်တရာကိုမှ ခက်ခဲနေသည်။ လက်မခံရက်နိုင်ပဲ ဖြစ်နေသည်။ လက်မခံရဲနိုင်ပဲဖြစ်နေသည်။ ခုထိ .. ထွေးဆုပ်ထားဆဲ ကိုကြီး၏ လက်ကို ရှင်လွန်း ငုံ့မိုးငေးစိုက်ကြည့်နေမိရပါ၏။ ကိုကြီးသည် ... ဤနေ့မှာ ပြောခဲ့သည့်အတိုင်း ရှင်လွန်း ကို လက်ထပ်ခဲ့သည်။ ရှင်လွန်း နှင့်အတူ ကေသရီရိပ်ငြိမ်သို့ တူတူဝင်ခဲ့သည်။

ခု ... ခု .. ကိုကြီး သည် ရှင်လွန်း ၏ ထိတွေ့ရာလက် ... ပို့ဆောင်ရာ ခြေလှမ်းတွေနှင့်အတူ .. ဤ ကေသရီရိပ်ငြိမ် အိမ်ကြီးဆီမှ .. ထွက်ခွာသွားဖို့ အသင့်ရှိနေချေပြီတဲ့လား ..။

ချန်ရစ်ခဲ့ပြီတဲ့လား ကိုကြီးရယ် လေ ..။

ကိုကြီး၏ လက်တွေကိုပါ ထွေးယူ၍ ပါးမှာ အပ်ထားမိရင်း ရှင်လွန်း ငိုနေမိသည်။ ကိုကြီး၏ ခေါင်းကို ရင်မှာ ပွေ့ကင်ထားမိရင်း ငိုကြွေးနေမိသည်။ ကိုကြီး၏ မျက်နှာကို ရင်မှာ ဖေးအပ်ထားမိသည်။ ရှင်လွန်း ၏ ခွန်အားတွေ ပျောက်ဆုံးကျေမွကုန်ကြရပြီ။ အားကိုးရာ ပျောက်ဆုံးကုန်ပါပေါ့လား ... လေ ..။

"ကိုကြီး ရေ .."



ရှင်လွန်း ဘာကို ထိန်းချုပ်ထားဖို့ လိုအပ်နေပါတော့သည်လဲ ...။ ရှင်လွန်း ၏ မျက်ရည်ကို ကိုကြီး မမြင်ဖို့လည်း ထိန်းထားရန် မရှိတော့။ ရင်ကို လှတ်သည် ..။ နှလုံးသားကို လွှတ်သည်။ ဖြန်းဖြန်းကျေနေသည့် ကြေကွဲမှုတွေကို လွှတ်သည်။ အော်ဟစ်၍ ...။ ရင်ကို ဖွင့်၍ ကိုကြီးကို ခေါ်နေမိသည်။ မထူးနိုင်ချေပြီဆိုတာ သိပါသည် ကိုကြီးရယ် ...။ ဒါပေမယ့် ခေါ်ရစ်ပါရစေ ...။

ကိုကြီး၏ မျက်နှာကို ဖေးမော့စေလိုက်မိကာ ..။ မျက်နှာအနှံ့ နမ်းနေမိသည်။ ဖေးမှိတ်ထားပြီဖြစ်ပါသည့် မျက်ခွံတွေပါမကျန် ... နမ်းနေမိသည် ...။

လမ်းခုလတ်မှာ
ခွဲခွာ၍ ထားခဲ့ပြီလား
ခွန်အားတွေကျေမွ
ကျန်ခဲ့ရပြီကောလေ ..။

www.burmeseclassic.com

www.burmeseclassic.com





ကြိုးမျှင်မျှင် နှောင်ဖွဲ့သည့်
သံယောဇဉ်၏အရိပ်အောက်မှာ
အမြဲထာဝရ ခွဲခွာမရ
နေကြရမည်ထင်ခဲ့မိသော်လည်း ...။

ချစ်သူ၏ရင်ခွင်လည်း ပျောက်ဆုံး
တစ်ဘဝလုံး အထီးကျန်ခိုက်မှာ
မိုးလောက်တိုက်ပမာ ပူလောင်ရင်း
ချောက်ချားခြင်းတွေနဲ့အတူ
ဖြေကယ်ယူစရာပျောက်ဆုံးလေသမျှ ...။

နေဆယ်ဆူလို လောင်ကျွမ်းနေကြ
ဆွေးတာလျှလျှသောကတွေက မြေမဆည်
ဝေးကြရပြီတဲ့လား ....
နှလုံးသားတွေလည်း ကျေမွ
ဆွေးတစ်ဘဝဖြင့်ကျန်ခဲ့ပြီ ...
သြော် ...
လွမ်းတသသဖြင့် ကျန်ခဲ့သည် ...။





## အခန်း (၁၈)

ကောင်းကင်ဟွင် လမင်းမရှိ ...။ တိမ်တိုက်တစ်ခုဆီမှာ အလင်းစက်တစ်ခုက အလင်းတန်းတစ်ခုနှယ် သက်ဆင်းလာသည်။ အလင်းတန်း၏ အဆုံးနေရာတွင် လင်းဖြာသော အလင်းစက်သည် တွဲရရှိရှိ၏။ ခပ်ပျပျ လေးသော ရိုးရိပ်ထင်နေသော အရာတို့သည် အလင်းတန်းအဖြစ် သက်ဆင်းရာ အဆုံးသပ်အလင်းစက်ဆီမှ အရောင်တို့ကြောင့်သာ မြင်နေရခြင်း။ ဖြာရိပ်ရိပ်နောက်ခံတွင် ရိုးရိပ်ထင်နေသောပုံရိပ်တို့သည် သစ်ခက်သစ်သက်တို့နှင့်လည်း ဆင်၏။ ပန်းခိုင်ပန်းပွင့်တို့နှယ် ရှိတစ်ချို့ရှိ၏။ တစ်ဖက်ဝေးဝေးဆီဝယ် ပင်လင်ပြင်နှယ်လည်း ရိုးရိပ်ထင်၏။ အလင်းစက်၏ အောက်မှာ လှပပျောင်းနွဲ့သော လက်တစ်စုံသည် လက်လေးဖြန့်၍ အလင်းစက်ကို ခံယူနေသည့်နှယ်လည်းရှိနေ၏။ အလင်းစက်၏ အောက်ဘက်တွက် မျက်ဝန်းဆံပဟုထင်ရစေလောက်ရုံသာ ပျပျလေး ရေးဆွဲထားရာဆီမှ ... မျက်ရည်စက်သည် စက်စက်ပျောက်ပျောက်ကျနေသည်။ ပန်းချီကားသည် အမှောင်တစ်ခုထဲမှနေ၍ အလင်းတစ်စက်ကြောင့် လင်းထွဲလဲ့ဖြာနေသမျှကိုလည်း ခံစားပေးနိုင်စွမ်းနေသည်။ ဖြူဥဥလက်အစုံတစ်ခု၏ ခံယူနေမှုသည်လည်း မြင်သူကို ညို့ငင်နေစေနိုင်သည်။ မျက်ဝန်းအိမ်ဆီမှ မျက်ရည်စက်သည်လည်း ဆွဲငင်နေစွမ်းသည်။ ရိုးရိပ်ထင်နေသော အရိပ်အပွင့်တို့သည် ပန်းချီဆရာ၏ စွမ်းရည်ကိုသိစေနိုင်၏။ ဤပန်းချီကားသည် အခြားသော ပန်းချီကားတို့နှင့် တူမနေ ...ထူးခြားသည်။ လူတစ်ယောက်၏ ပုံရိပ်တွေ အပြည့်အဝပါနေတာမဟုတ် ...။

www.burmeseclassic.com



လက်အစုံနှင့် မျက်ဝန်းအိမ်လေးတစ်ခုသာပါသည်။ အမှောင်သည် အမှောင်ချည်းသက်သက်မဟုတ် ..။ အလင်းစက်တစ်ခုကြောင့် လင်းလဲ့လဲ့ရှိနေသည်။ မပီပိုးဝါးဆိုသော ပုံရိပ်သည် .. အမျိုးအစားတော့ ခွဲခြားခံစားရစေနိုင်ပြန်၏။ ဤသည်ကား အကိုင်းအခက်အလက် ..။ ဤသည်ကား ဝန်းဝွင့် ..။ ဤသည်ကား .. ပင်လယ် ..။ ဤသည်ကား .. တိမ်တိုက်..။ ဒါကိုလည်း သိနေစေသည်။ ပိုးတဝါးပုံရိပ်များအဖြစ် မြင်စေခြင်း ..။ ဤသည်ကိုက .. ထူးခြားချက် ..။ ညို့ငင်ချက် ..။ ဖမ်းစားနိုင်မှုတွေဖြစ်နေ၏။

မိုးသစ်ဆမ်း .. ပန်းချီကားရှေ့မှာ ခွဲ၍ကို မရနိုင်ပဲဖြစ်နေသည်။ အလင်းစက် ပန်းချီအရောင်ဝါခန်းနှင့် ပြပွဲသို့ ရောက်ဖြစ်လိုက်သည်က.. မေမေ့အတွက် ရတနာလက်ဝတ်တစ်ခုခုဝယ်ဖို့ရောက်လာရင်းမှ ဝင်ဖြစ်ခြင်း ..။ ကေသရီရတနာ အရောင်းဆိုင်ကြီး၏ တစ်ဖက်ခန်းကျယ်ကြီးမှာ အလင်းစက် .. ပန်းချီပြပွဲနှင့် အရောင်းခန်းဖွင့်ထားတာ ကြုံကြိုက်သည်မို့ ..။ ဝင်ကြည့်ဖြစ်လိုက်ခြင်း ..။ မေမေ့အတွက် မွေးနေ့လက်ဆောင်အဖြစ် စိန်လက်စွပ်တစ်ကွင်း သူ ဝယ်ဖြစ်သည်။ နောက်တော့ ပန်းချီခန်းကို ဝင်ကြည့်မိ၏။

ပန်းချီလက်ရာတွေက ကောင်းနေသည်ကတော့ အမှန် ..။ ပန်းချီပညာကို သူ ထဲထဲဝင်ဝင်မသိ။ ဒါပေမယ့် .. ခံစားတတ်သည်။ နီးစပ်သည်။ သူကိုယ်တိုင်က စာရေးဆရာတစ်ယောက် ..။ ကဗျာဆရာတစ်ယောက်ဖြစ်နေသည်လေ ..။ ပန်းချီမဆွဲတတ်ပေမယ့် သူ ခံစားတတ်သည်။ ပန်းချီကားများစွာထဲမှာ .. ပန်းချီကားတစ်ခုကို .. သူ .. မေမေ့အတွက် လက်ဆောက်ဝယ်ပေးချင်စိတ်ဖြစ်လာရသည်မို့ ..။ မွေးနေ့ပွဲနှင့် အပ်စပ်သော ပန်းချီကားတစ်ချပ်ကို သူ ဝယ်ဖြစ်၏။ ပန်းလွင်ပြင်ကျယ်ကြီးတစ်ခုကို ဆွဲထားရာလက်ရာ ..။ ကြည်နူးစဖွယ် ပန်းချီကား..။ သူ .. ငွေချေပြီးသည့်နောက်မှာ .. ပန်းချီကားကို ကောင်တာမှာ ခထားအပ်သည်။ ဆက်၍ ပန်းချီကားတွေကိုကြည့်ဖြစ်၏။ ဤသို့ဖြင့် ပန်းချီကားရှေ့မှာ နေရာရွှေ့မရအောင် ရပ်နေမိရသည့်အဖြစ် ..။ ခက်သည်က ..



ပန်းချီကားက ရောင်းရန်မဟုတ်ဟု စာလေးချိတ်ထားသည်။ သူကလည်း အရမ်းလိုချင်နေသည်။ ဤပန်းချီကားကိုကြည့်နေရတာ ခံစားချက်အပြင်းစားတွေ ကြေကြေမွမွတိုးဝင်နေသည်မို့ .. သူ .. အပိုင်ဝယ်ထားချင်သည်။ ခံစားငေးကြည့်နေချင်သည်။

ပန်းချီဆရာမလေး၏ အမည်က .. ချစ်ပုံ ..။ ဤပန်းချီခန်းတစ်ခုလုံးမှာ ရှိသမျှသော ပန်းချီကားများစွာတိုင်းသည် .. ချစ်ပုံ ဆိုသည့် ဆရာမလေးရေးဆွဲထားရာ ပန်းချီကားတွေချည်းဖြစ်ပါလေ၏။ ဒါပေမယ့်.. ပန်းချီဆရာမကို မမြင်ရ ..။

သူ .. ကောင်တာကို လျှောက်ခဲ့က ....

"ကျွန်တော် .. အဲဒီအလင်းစက်ဆိုတဲ့ ပန်းချီကားကို ဝယ်ချင်ပါတယ် .. ကာယကံရှင်နဲ့ ညှိပါရစေ .. ခွင့်တောင်းပါရစေ .."

"လူတော်တော်များများ .. အဲဒီ ပန်းချီကားကို ဝယ်ချင်နေကြတာပါပဲ .. ဒါပေမယ့် .. မရောင်းရဘူးလို့မှာထားလို့ပါရှင် .."

ဟု ပြောလာတော့ သူ ပို၍ အလင်းစက်ကို ပိုင်ဆိုင်ချင်လာရပြီ။ မိုးသစ်ဆမ်း ဆိုတာက လိုချင်တာဆို .. ရကိုရမှဆိုသည့်လူ ..။ တစ်ဦးတည်းသော သား ..။ လူချမ်းသာ ..။ ထားရွှေစိုး ဆိုသည့် ကုန်တိုက်များကို ပိုင်ဆိုင်ထားသည့် ဒေါ်ထားခင်ခင် ၏ သား ..။ ထားရွှေစိုး ဆိုသည့် စာပေတိုက်ကို ထူထောင်ထားသည့် မိုးသစ်ဆမ်း ဆိုတာက .. မိခင်၏ အလုပ်နှင့် စာပေတိုက်အလုပ်ကို နိုင်နင်းစွာ လုပ်ကိုင်နေသည့် ထက်မြက်သော လူတစ်ယောက်။ ဤသို့သောလူက .. ပန်းချီကားတစ်ချပ်ကို ဝယ်ခွင့်မရပဲ ငြိမ်၍ ပြန်လည်ထွက်ခွာသွားမည်တဲ့လား။ အဖြစ်မခံနိုင် ..။ ဤအခန်းထဲမှ .. ဤပန်းချီကားကိုပိုက်၍ .. ထွက်ခွင့်ရမှဖြစ်မည်။ ဒါ .. ခေါင်းမာသော အဆုံးအဖြတ် ..။

"သူ ဘယ်လောက်တောင်းမလဲလို့ .. မေးကြည့်ပေးနိုင်တယ်ဆိုရင် .. မေးပေးပါ .. သူနဲ့ .. အခု တွေ့လို့ရမယ်ဆိုရင်လည်း တွေ့ချင်ပါတယ် .. သူ .. ဒီမှာရှိနေသလား .."

www.burmeseclassic.com

www.burmeseclassic.com



ဘေးမှ ကောင်းမလေး ခေါင်းခါပြသည်။ စောစောက ဖြေသည့် ကောင်မလေးက ပို၍ပင် ခေါင်းကို အထပ်ထပ်ခါပြနေပြန်၏။

"မမလေး မရှိပါဘူး .. မမလေးက .. လုံးဝမရောင်းရဘူးလို့ မှာထားလို့ပါ .. ဒီက အစ်ကို .. ဘယ်လောက်ပေးပေး .. မမလေးအတွက် အဆုံးအဖြတ်က ပြောင်းလဲမှာမဟုတ်ပါဘူး .. ဘာလို့လည်းဆိုတော့.. မမလေးအတွက် ငွေကြေးချမ်းသာပြည့်စုံနေလို့ပါ .. မမလေးက ဒီဟိုတယ်ရဲ့ ပိုင်ရှင်ပါ .. မမလေးက မရောင်းရဘူးလို့မှာထားတာကို .. ကျွန်မတို့က မရောင်းရဲပါဘူးရှင် .."

"ဟယ် .. နင်ကလည်း .. ဘာလို့ အဲဒါတွေပြောနေရတာလဲ .. မမလေး ကြိုက်ပါ့မလား မသိဘူးနော် .. နင်ဟာလေ .. သိပ်လျှာရှောင်တာပဲ .. မမလေး ကိုယ်တိုင် ဒီမှာ ရှိမနေတာကိုက .. သူ့ကို ပန်းချီဆရာမလေးအဖြစ် အသိမခံချင်လို့ ဖြစ်မယ်ဆိုတာလေးလောက်တော့ နင် တွေးသင့်တာပေါ့ ရီရီ .."

ဟု ဘေးမှ ကောင်မလေး တားတော့ မျက်နှာလေးငယ်ကျသွားသည်က ရီရီ ဆိုသည့် မိန်းကလေးပါ။

"အေး .. ခက်ပြီ .. ငါ .. အကင်းမပါးပုံများ .. အဲဒါကိုမတွေးမိဘူးဟဲ့ .. ဒီကအစ်ကို .. ပိုက်ဆံချမ်းသာမာနနဲ့လာပြောတော့ မခံချင်တာနဲ့ ခွတ်ပြောလိုက်မိတာ .."

ဟု သူ့ကို အမြင်မကြည်ပုံဖြင့် မျက်စောင်းခဲ၍ကြည့်ပြီးမှ ဘေးမှ သူငယ်ချင်းကို ပြောနေသည့် ရီရီ ကို သူက ဂရုပင်မစိုက် ..။ အဓိက ကျသည့်အဖြေတစ်ခုကို သူ ရလိုက်ပြီးပြီမို့ ..။ စောစောက သူဝယ်ထားသော ပန်းလွှင်ပြင်ပန်းချီကားကို ကောင်တာမှာယူကာ ဟိုတယ်၏ ရီဆက်ရှင်နေရာသို့ အရင်သွားသည်။ ဟိုတယ်၏ ပိုင်ရှင်ဖြစ်သည့် ပန်းချီဆရာမ ချစ်ပုံ ၏ ရုံးခန်း အဘယ်မှာရှိသည်ဆိုတာ စုံစမ်းသည်။ နောက်တော့ .. အပေါ်ဆုံးထပ်သို့ ဓာတ်လှေကားဖြင့် တက်လာခဲ့မိရပါပြီ ..။

အပေါ်ထပ် စင်္ကြံအတိုင်း သူလျှောက်၏။ အပေါ်ထပ်သည် ဧည်း



ဝေးခန်းဆောင်နှင့် ဧည့်သည်တွေ့ဆုံရာအခန်းဆောင် ..။ ပြီးတော့ .. ဇွဲပိတ်ထားသော အခန်းတံခါးများရှိနေသည့် နေရာတွေကို ဖြတ်ကျော်လျှောက်လာနေရသည်။ ကြည့်ရတာ .. ဟိုတယ်ကို ကြီးကြပ်သူတို့ ဘာတို့သည်လည်း ဤအထပ်မှာပင် နေပုံရ၏။ ညအိပ်ညနေကိုယ်ပိုင်အခန်းကျယ်ကြီးကို ပိုင်ဆိုင်သည့်နှယ်ရှိနေသည့်အဖြစ် ..။ သူ ရပ်လိုက်သည်က ရုံးခန်းဟု အခန်းတံခါးထက်မှာ ရေးသားထားပါသည့်နေရာ ..။ အစောင့်ကောင်လေးတစ်ယောက် ထိုင်နေ၏။ သူ .. ဘာမျှခွင့်မတောင်းတော့ပဲ ပိုင်စိုးပိုင်နင်းနိုင်စွာ ရုတ်ခနဲ အခန်းတံခါးကိုဖွင့်ဝင်သည်မို့ အငိုက်မိသွားရပါသည့် အစောင့်ကောင်လေးမှ ကမန်းကတန်းနောက်မှ ကပ်လိုက်လာကာ ..

"အစ်ကို .. အစ်ကို .. အရှမ်းဝင်လို့မရဘူးလေ .. မမလေးကို .. ကျွန်တော် ခွင့်တောင်းရဦးမှာခင်ဗျ .. ဒီမှာ မမလေး .. သူက .. ဇွတ်ကြီးဝင်လိုက်တာခင်ဗျ .. မောင်ပြူး တားလို့မမီလိုက်အောင် မြန်တာခင်ဗျ .."

ဟု သူ့ကိုတားလည်းတား ..။ လှမ်း၍လည်း အပြစ်လွတ်အောင် ပြောလိုက်သည်က ရုံးခန်းကျယ်ကြီးမှာ အလုပ်စားပွဲ၌ အလုပ်ငုံ့လုပ်နေသည့် ဟိုတယ်ပိုင်ရှင် ..။ ဩော် .. ပန်းချီဆရာမချစ်ပုံ ဆိုသူကိုပါ ..။ သူ ငေးခနဲကြည့်မိရပါပြီ ..။ မော့ကြည့်လာသည့် ချစ်ပုံ ..။ သူ ထင်ထားသလိုမဟုတ် ..။ အသက်လည်း မကြီးသေး ..။ ထူထဲသော မျက်မှန်တစ်လက်ကို တပ်ထားတာမျိုးလည်းမရှိ ..။ နဖန့်ဖန့်နိုင်သော ရုပ်အဆင်းသည် အလွန်တရာကိုမှ လှပဖွေးစင်နေတာ အမှန် ..။ ဆံတောက်တွေးလေးနှင့် မိန်းကလေး ..။ တကယ့်ကို ရွှေအဆင်းနှင့် မိန်းကလေး ..။ ရွှေရည်ပန်းဆက် .. လှလိုက်ပါသည့် မိန်းကလေး ..။ သူ ဝင်လာတာကို လှမ်းအကြည့်သည့် တည်ငြိမ်ရင့်ကျက်၏။ ထိုင်နေရာမှလည်း ထရပ်သည်။ ဆံပင်တွေကို အားလုံးသိမ်း၍ တစ်ချောင်းတည်း ကျစ်ရစ်ထားသော ချစ်ပုံ ..။ မျက်နှာလေးက ရှင်းသန့်နေသည်။ ထူထဲသော မျက်တောင်တွေအောက်ဆီမှ ရွှန်းလဲ့လဲ့မျက်ဝန်းနက်နက်လေးက သူ့လက်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ ပိုက်ထားရာ ပန်းချီကားဆီသို့ရောက်၏။ သူ .. ပန်းချီကားတစ်ချပ် ဝယ်လာသည်ပဲဟုလည်း နားလည်လိုက်ပုံရသည်။ ပြီးတော့ .. ခုလို .. ခွင့်မတောင်း ဘာမတောင်းဖြင့် ခြေလှမ်းကြဲကြီးဖြင့် ဝင်လာသည့်သူ့ကို ရူးစမ်းသလိုလည်း ကြည့်နေသည်။ သူတစ်ချက် နားလည်လာမိရသည်က .. ဤမိန်းကလေး၏ မျက်ဝန်းတွေသည် ပြုံးရိပ်သမ်းမနေ ..။ အေးစက်တည်ငြိမ်နေတာပဲရှိနေသည်။

"ကောင်းပြီလေ .. အခု .. ရှင် ဖွတ်လာပြီး နေပြီဆိုတော့ .. ကျွန်မ မေးချင်ပါတယ် .. ဘာအကြောင်းကိစ္စနဲ့ .. လာပါသလဲ .. ထိုင်ပါ .. ထိုင်ပါ.."

ဟု ချစ်ပုံ ပြောကာ ရှေ့မှကုလားထိုင်ကို ညွှန်သည်မို့ သူ ဝင်ထိုင်သည်။ မလှမ်းမကမ်းမှာ ရပ်နေသည့် မောင်ပြုံး ဆိုသည့် လူရွယ်ကိုလည်း ချစ်ပုံ လှမ်းကြည့်သည်။

"ကိုမောင်ပြုံး .. အပြင်မှာထိုင်ပါ .. ရပါတယ် .. သူ ဖွတ်ဝင်လာတယ်ဆိုတာ .. ရှင်လွှန်း သိပါတယ် .. ကိုမောင်ပြုံး ကို .. ရှင်လွှန်း အပြစ်မပြောပါဘူး .. တကယ်က .. သူ ခွင့်တောင်းသင့်တာပေါ့ .."

ဟု ပြောတော့ မောင်ပြုံး အပြင်သို့ထွက်၏။ မထွက်ခင် သူ့ကိုတော့ အပြစ်တင်သလို တစ်ချက်တော့ မကျေမနပ်တော့ ကြည့်သွားသေးသည်။

ဟုတ်တော့လည်း ဟုတ်နေသည်ပါပဲ။ သူ .. ဖွတ်ဝင်သည့်ကိစ္စ..။ အလုပ်ရှင်က မကျေနပ်လျှင် .. မောင်ပြုံး ဆိုတာပဲ အဆူခံထိနိုင်သည်လေ။ သူ့ကို မကျေမချမ်းကြည့်သည့် မောင်ပြုံး ကို သူ တောင်းပန်ပြုံးလေးပြုံးပြလိုက်ရပါ၏။

မောင်ပြုံး ပြန်မပြုံးပါ။ ခေါင်းကို တစ်ဖက်သို့လှည့်လိုက်ပြီးမှ အခန်းထဲမှ ထွက်သွားပါ၏။ သူ .. လည်ချောင်းတစ်ချက်ရှင်းသည်။ လာရင်းကိစ္စပြောရတော့မည်လေ ..။

"ဒီလိုပါ .. ကျွန်တော် .. ဒီကကို .. ဘယ်လိုခေါ်ရမလဲမသိဘူး ခင်ဗျ .. မချစ်ပုံ လို့ခေါ်ရမလား .. စောစောက .. ကြားလိုက်ရတဲ့ .. ရှင်လွှန်း လို့ပဲ ခေါ်ရမလား .."



"ရပါတယ် .. ခေါ်ချင်သလိုခေါ်ပါ .. ခဏဆုံကြတာပဲလေ .. နောက်လည်း တွေ့ကြမှာမဟုတ်တာ .. ခဏခေါ်ပြီး .. ပြန်မဆုံကြမယ့်လူနှစ်ယောက်ကြားမှာ .. နာမည်ကိစ္စက .. သိပ်အရေးမကြီးပါဘူး .."

ဟု ပြောလာတော့ သူ ရင်ထဲက တစ်ချက်အင့်ခနဲနေအောင် အောင့်သက်သက်တော့ဖြစ်သွားရသည်ပါပဲ။ ဘယ့်နှယ် .. ခုလို .. ခပ်ကင်းကင်းစကားကို ပြောင်တင်းတင်းကြီး အားမနာစတမ်းပြောလာပါသည့် ရှင်လွှန်းလည်းဖြစ် .. ချစ်ပုံလည်း မည်နေသည့် နာမည်နှစ်မျိုးနှင့် အမျိုးသမီးသည် နည်းနည်းတော့ ရင့်သည့် မိန်းကလေးဖြစ်နေသည်ပဲလေ ..။ တကယ်ဆို .. ကိုယ်ရေးဆွဲရာ ပန်းချီကားကို ဝယ်ပိုက်ဝင်လာသည့်လူတစ်ယောက်ကို ပန်းချီဆရာမလေးတစ်ယောက်အနေဖြင့် ကျေးဇူးတင်ပြုံးလေးတစ်ချ ..။ ဒါမှမဟုတ် .. ဖော်ရွေသော အပြုံးလေးတစ်ခုလောက်တော့ဖြင့် တုန့်ပြန်ပေးသင့်သည်ပေါ့ ..။

"ကျွန်တော် .. မိုးသစ်ဆမ်း ပါ .. စာရေးဆရာတစ်ယောက်ပါ.. ကလောင်အမည်က .. မိုးသစ် ပါ .. ထားရွှေစိုး စာပေတိုက်လည်းရှိပါတယ် .. သဘောက .. အနုပညာသည်မောင်နှမအဖြစ် ရှိနေကြတယ်ဆိုတာ မချစ်ပုံ သိအောင်လို့ ပြောပြတာပါခင်ဗျာ .. ကျွန်တော် လာရတာက .. ဒီက ဆရာမရဲ့ အလှင်းစက် ပန်းချီကို .. ဝယ်ချင်လို့ပါ .. ဘယ်လိုမှ ဝယ်မရပဲ ဖြစ်နေလို့ .. ဆရာမ .. ဘယ်မှာရှိတယ်ဆိုတာ .. ကျွန်တော့်နည်း ကျွန်တော့်ဟန်နဲ့ စုံစမ်းယူပြီး .. ဖွတ်ရောက်လာရတာပါ .. ဝယ်ခွင့်ပြုပါ ဆရာမ .. အဲဒီ ပန်းချီကားက .. ကျွန်တော့်ကို အလွန်ဖမ်းစားညှို့ငင်ထားနိုင်လွန်းလို့ပါ .. နောက်ထပ် .. ဆရာမ .. ထပ်ခံစားပြီး .. ဆွဲလိုက်ပါဗျာ .. ဒီ ပန်းချီကားကိုတော့ .. ကျွန်တော့်ကို ရောင်းပေးပါ.."

"ဆရာ ရေးခဲ့တဲ့ စာတစ်အုပ် .. ဝတ္ထုတစ်အုပ်ကို .. အဲဒီအတိုင်း ပြန်ရေးနိုင်ပါသလား ဆရာ .. နောက်ထပ် ဝတ္ထုတစ်ပုဒ်ကို အသစ်သာ ရေးချင်ရေးနိုင်ပါလိမ့်မယ် .. ရေးပြီးသား ဝတ္ထုတစ်ပုဒ်ကိုတော့ ထပ်တူ ပြန်မရေးနိုင်ပါဘူး ဆရာရယ် .. ဒါကြောင့် .. ကျွန်မ ဖြေပါမယ် .. အဲဒီ

www.burmeseclassic.com

www.burmeseclassic.com



ပန်းချီကားကို ကျွန်မ မရောင်းနိုင်ပါဘူး .. ဝမ်းနည်းပါတယ်ရှင် .. အားလည်း နာပါတယ် ..”

သူ ပြောနေမိုက်ဖြတ်၍ ဝင်ပြောလိုက်သည့်အဖြေ ..။ သူ ရင်ထဲ ရုတ်ခနဲ မခံနိုင်ပဲ ဖြစ်သွားရပြီ။ ဘာမဆို .. လိုချင်တာ ရကိုရမှ .. ဆိုသည့် ငယ်ကျင့်ကလည်း ရင်ထဲမှာ ပျောက်၍မရ၊ ဖျောက်၍မရ ..။

“ဒါဆို .. မရောင်းချင်ရင် .. မပြနဲ့ပေါ့ဗျ .. လူတွေအလကား စိတ်ဆင်းရဲအောင်လုပ်တယ် .. ခင်ဗျားက ..”

ဟု ငေါက်ဆတ်ဆတ်လွှတ်ခနဲ ပြောချလိုက်မိတော့ သူ့ကို အေးစက်စက်လေးပြန်ကြည့်လာသည့် ရှင်လွန်း ဆိုသည့် မိန်းကလေး ..။ သူကလည်း ပင်ကိုယ့်အကျင့်အတိုင်း တုန့်ပြန်၍ကြည့်ပစ်လိုက်သည်ပါပဲ။ ဟုတ်သည်လေ ..။ မရောင်းနိုင်လျှင် မပြနှင့်ပေါ့ ..။ ခုကျတော့ သူ့မှာသာ စိတ်ဒွှာဖြစ်ကျန်နေရသည်။ ပန်းချီကားကို လိုချင်သမှ .. ပိုင်ချင်သမှ.. ရင်ထဲက ထုတ်မရနိုင်ပဲဖြစ်နေသည့်အဖြစ် ..။ မရနိုင်လေ ..။ ပိုင်ဆိုင်ချင်လေဖြစ်နေရသည်တည့် ..။

“ဒီပန်းချီပြပွဲ .. ရောင်းပွဲမှာ .. ဒီပန်းချီကားကို အတွင်အဖျားထားပြီး ရှိနေရမှာလေ .. ဒါ .. ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စပါ .. ကျွန်မရဲ့ အလင်းစက်ပန်းချီပြပွဲနဲ့ အရောင်းပြပွဲမှာ .. ဒီအလင်းစက်ပန်းချီကားဟာ .. ရှိကိုရှိနေမှ ပြည့်စုံမှာ .. အဓိပ္ပာယ်ရှိမှာပါ .. ဘာလို့လည်းဆိုတော့ .. အဲဒီ အလင်းစက်ဟာ .. ကျွန်မရဲ့ခင်ပွန်းသည်ကို တမ်းတရာမို့လို့ပါပဲ .. ဆရာ သဘောပေါက်သင့်ပါပြီ ..”

သူ ငေးခနဲ ကြည့်မိရပါ၏။ စကားကနည်းနည်းဆန်းနေသည်။ ခင်ပွန်းသည်ကို တမ်းတရာပန်းချီကားတဲ့လားလေ ..။ တမ်းတသည်.. ဆိုတော့ .. ထိုခင်ပွန်းသည်သည် .. မရှိတော့ပြီလား ..။ ဒါမှမဟုတ် .. ဝေးသောနေရာတစ်ခုခုမှာ ကာလကြာရှည်သွားရောက်နေထိုင်နေသည်လား ..။ ဤမိန်းကလေးနှင့်ပတ်သက်၍ သူ ဘာမှအရင်တုန်းက သိထားဖူးတာမရှိ။ ကေသရီဟိုတယ်နှင့် တွဲ၍ဖွင့်ထားရာ .. ကေသရီ ရတနာ



အရောင်းခန်းဆောင်သို့သာ တစ်ခါတစ်ခါ သူရောက်တတ်သည်။ ရတနာတစ်ချို့ ဝယ်ဖူးတာရှိသည်။ ဤမျှလောက်သာ သူ ရောက်ဖူးတာမို့ ..။ ရတနာဆိုင်ပိုင်ရှင်ဆိုတာကိုလည်း သူ မစူးစမ်းခဲ့ ..။ ခုမှ .. ကေသရီဟိုတယ်၏ အရှင်သခင်ဆိုတာ မိန်းကလေးတစ်ယောက်ဖြစ်နေတာ သူ စတင်၍သိရခြင်း ..။

“ကျွန်မဟာ .. မုဆိုးမတစ်ယောက်ပါ .. ဒီအနုပညာခန်းဆောင်မှာ ကျွန်မရဲ့ ပန်းချီပြပွဲနဲ့ အရောင်းပြပွဲတစ်ခု ကျင်းပဖို့ ကျွန်မရဲ့ ခင်ပွန်းသည်က တိုက်တွန်းခဲ့ .. ကတိတောင်းခဲ့တာပါ .. ကိုကြီး ကွယ်လွန်ပြီး သုံးနှစ်မှာ ဖျော်ပရမယ်ဆိုတဲ့အတိုင်း .. ဒီနေ့ ကျင်းပခဲ့တာပါ .. ကျွန်မရဲ့ .. မုဆိုးမဘဝ သုံးနှစ်ပြည့်တဲ့နေ့လို့လည်း ပြောရမှာပါပဲ .. ကိုကြီး မရှိတော့တဲ့ဘဝမှာ .. အဲဒီ အလင်းစက်ဆိုတဲ့ ပန်းချီကားကိုလည်း ကျွန်မ ဆွဲခဲ့တာပါ .. ကျွန်မဘဝမှာ .. ကိုကြီးဟာ အလင်းစက်တစ်ခု ဖြစ်တယ် .. ကိုကြီးကြောင့် .. ကိုကြီးရဲ့ အလင်းစက်ကြောင့် .. ကျွန်မ .. အမှောင်တိုက်တစ်ခုထဲက .. မှိန်ပျပျလေးလွတ်မြောက်နေရတာပါ .. ကျွန်မ တမ်းတခြင်းတွေကို .. ရင်ထဲနှစ်ပြီး ကိုကြီးအတွက် ဆွဲရတဲ့ ပန်းချီကားပေမို့ .. ကျွန်မ .. ဆရာ့ကို မရောင်းနိုင်တာ နားလည်ပေးပါ..”

ဤတစ်ကြိမ်မှာတော့ သူ့ရင်ထဲ မကောင်းနိုင်ပဲဖြစ်သွားရပါ၏။ ငယ်ငယ်ရွယ်ရွယ် .. နုနုဖန့်ဖန့် မိန်းကလေးတစ်ယောက် ..။ ရုပ်အဆင်းကလည်း ချွေရည်ပန်းဆက် .. လှလိုက်ပါသည့် မိန်းကလေး ..။ ရှင်လန်းဖျတ်လတ်စွာ .. ဘဝမှာ အရာရာကို .. စိတ်ထက်ထက်သန်သန် .. အင်အားရှိသော စွမ်းရည်များဖြင့် လျှောက်လှမ်း၍ ကောင်းတုံးအရွယ် ..။ ချော် .. ဤအရွယ်လေးမှာ .. နုနုယ်ပျိုမျစ်သည့် ဤမိန်းကလေးသည်.. မုဆိုးမဖြစ်နေရရှာချေသည်တကား ..။ ပြီးတော့ .. ခုထိ .. ခင်ပွန်းသည်ကို .. လွမ်းတဆွတ်ဆွတ်ဖြင့် .. တမ်းတနေရှာဆဲ ..။

“ကျွန်မရဲ့အလုပ်စားပွဲကနေပြီး ကြည့်လိုက်တာနဲ့ .. ကျွန်မရဲ့ ဘေးနားရှင် .. ကျွန်မရဲ့ ချစ်မြတ်နိုးအားကိုးရာ ...ကိုကြီးရဲ့ ဓာတ်ပုံကြီး

www.burmeseclassic.com

www.burmeseclassic.com



ကို .. ရှိနေစေတာပါ .. ဆရာ .. အဲသလောက်ဆိုရင်ဖြင့် .. ဘာကြောင့်.. အဲဒီ .. အလင်းစက်ကို .. ကျွန်မ .. ဆရာ့ကို မရှောင်းနိုင်သလို .. ဘယ်သူ့ကိုမှလည်း မရှောင်းနိုင်ဘူးဆိုတာ .. နားလည်ပေးနိုင်မှာပါ .."

ဟု ဆက်ပြောလာခိုက်မှာ သူ လှည့်ကြည့်လိုက်မိသည်က ကျောဘက်နံရံကိုပါ ..။ စောစောက .. သူ စိတ်ဇောဖြင့် ခြေလှမ်းကြဲကြီးဖြင့် ဝင်လာစဉ်ခိုက်မှာ .. ထိုဓာတ်ပုံကြီးကို အာရုံမထားမိ ..။ ပြီးတော့ .. ရောက်တော့လည်း ကျောပေးထိုင်လိုက်ရသည်ကိုးလေ ..။ ခုမှ တွေ့ရခြင်း ..။ သူ .. အလိုလို ထရပ်လိုက်မိရက်သားဖြစ်သွားရသည်။ မရှိတော့ပြီဖြစ်သည့် လူတစ်ယောက်နှင့်ပတ်သက်၍ စိတ်ဝင်တစားအာရုံနှစ်ဝင်လာစေရခြင်းထဲမှာ .. ဤမိန်းကလေး၏ တည်မြဲသော .. စွဲလန်းနိုင်တည်လွန်းချေသော သစ္စာကို သိနေရခြင်းကြောင့်လည်း ပါဝင်နေချေသည်ပါပဲ ..။ ဓာတ်ပုံရှေ့မှာ သူ ရပ်လိုက်မိသည်။ ရှင်းသန့်မွန်ရည်သော အပြုံး ..။ ရွှန်းလဲ့သော မျက်ဝန်းဆီမှ အေးချမ်းကြည်စင်သောအကြည့် ..။ ခန့်သန့်မွန်ရည်သော ရုပ်အဆင်းဖြင့် ဓာတ်ပုံထဲမှနေ၍ သူ့ကိုကြည့်နေသည်ဟုပင် ခံစားလာမိရသည်အထိ ဓာတ်ပုံသည်လည်း အသက်ဝင်နေသည်။ ဆံစတို့ကို နောက်သို့လှန်၍ သေသပ်စွာဖြီးထားလျက် လူကြီးဆန်သော အေးချမ်းသည့်အပြုံးတစ်ခုက အထင်ရှားဆုံးသောအရာ ..။ မြင်ရုံဖြင့် ရင်ထဲထိအောင် တိုးဝင်လာရစေသည်က .. ဤသူသည် .. အလွန်တရာကိုမှ စိတ်ထားပြည့်ဝအေးချမ်းသူတစ်ယောက်ဖြစ်ပါချေလိမ့်မည်ဟု နားလည်လာရခြင်း ..။ ဟုတ်သည် ..။ တကယ့်ကို အေးချမ်းသော ရုပ်အဆင်းကို ပိုင်ဆိုင်သည့်သူတစ်ယောက်ပါတကား ...။

ထိုဓာတ်ပုံ၏ ဘေးဘက်မှာ ကွန်ပျူတာစီ၍ သေသပ်စွာငွေဘောင်ကွပ်မှန်ဘောင်သွင်းထားရာ ကဗျာတစ်ပုဒ်ကိုလည်း သူ မော့ငေး၍ ဖတ်နေမိရပါပြီ ..။

ကြိုးမျှင်မျှင် နှောင်ဖွဲ့သည့်
သံယောဇဉ်၏အရိပ်အောက်မှာ



အမြဲထာဝရ ခွဲခွာမရ
နေကြရမည်ဆင်ခဲ့မိသော်လည်း ...။

ချစ်သူ၏ရင်ခွင်လည်း ပျောက်ဆုံး
တစ်ဘဝလုံး အထီးကျန်နိုက်မှာ
မီးလောက်တိုက်ပမာ ပူလောင်ရင်း
ချောက်ချားခြင်းတွေနဲ့အတူ
ဖြေကယ်ယူစရာပျောက်ဆုံးလေသမျှ ...။

နေဆယ်ဆူလို လောင်ကျွမ်းနေကြ
ဆွေးတလျှလျှသောကတွေက ဖြေမဆည်
ဝေးကြရပြီတဲ့လား ....
နှလုံးသားတွေလည်း ကျေမွ
ဆွေးတစ်ဘဝဖြင့်ကျန်ခဲ့ပြီ ...
ဩော် ...
လွမ်းတသသဖြင့် ကျန်ခဲ့သည် ...။ ။

ကိုကြီးရဲ့ ...
ရှင်လွန်းပုံ

သူ .. သူ .. ရင်ထဲတယ်လိုမှ မကောင်းနိုင်တော့ပြီ ..။ ရင်သည်ဆို့နေ၏။ ရှင်လွန်းပုံ တဲ့လားလေ ..။ ဩော် .. ချစ်လွန်းကြပါသည့် ဇနီးမောင်နှံ ..။ သွားသူသည်လည်း ရင်ကွဲနာဖြင့် သွားချေလိမ့်မည်။ ကျန်ရစ်သူသည်လည်း ရင်ကွဲနာဖြင့် ကျန်ခဲ့ချေရှိမ့်မည် ..။ ဤမျှ ချစ်ကြသည့်သူနှစ်ဦး .. သေကွဲကွဲရချေသည်တဲ့လား ..။ သူသည်ပင် .. ကဗျာ၏အငွေ့အသက်ကြားထဲမှာ နွမ်းကျန်ခဲ့ရသည်တည့် ..။

သူ .. တောင်းပန်ကြည့်ဖြင့် ရှင်လွန်းပုံ ကို ကြည့်မိရပါပြီ ..။ တည်ငြိမ်စွာ သူ့လှုပ်ရှားမှုမှန်သမျှကို လိုက်ကြည့်နေသည်က ရှင်လွန်းပုံ ..။

www.burmeseclassic.com



သူ ... ရှင်လွှန်းပုံ ရှေ့မှာ ပြန်ထိုင်သည်။ ထိခိုက်ကြေကွဲရိပ်သည် မျက်နှာထက်မှာ ဖုံးကွယ်မရနိုင်လောက်အောင်ပဲ စွန်းထင်းနေကြလိမ့်မည်ဆိုတာကိုလည်း သူ သိနေသည်။

"ကျွန်တော် ... တောင်းပန်ပါတယ် ဆရာမ ... အဲဒီကဗျာလေးဟာ စက္ကူထက်မှာ အက္ခရာတင်ထားတာမဟုတ်ပါဘူး ... နှလုံးသားထက်မှာ သွေးကြည်စ်နဲ့ အက္ခရာထွင်းထားတဲ့ကဗျာလေးပါ ... ဆရာမရဲ့ သစ္စာတရားနဲ့ ချစ်ခြင်းတွေကိုရော ... တမ်းတခြင်းတွေကိုရော ... ကျွန်တော်... မျှဝေခံစားနေမိရပါတယ် ဆရာမရယ် ... အဲသလောက် ... ခင်ပွန်းသည်အပေါ်မှာ သစ္စာရှိရှိ ချစ်မြတ်နိုးနေရင်း ... ရေးဆွဲထားတဲ့ ... သစ္စာတည်ဖွဲ့ရာ ပန်းချီကားကို ... ဖွတ်ကြီး လာတောင်းဝယ်မိတဲ့အတွက်ရော ... မရောင်းချင်ရင် ဘာလို့ပြထားသလဲလို့ အဆင်ခြင်ကင်းပြီး မိုက်ကန်းကန်းမေးမိတဲ့အဖြစ်တွေအတွက်ရေ ... ကျွန်တော် တောင်းပန်ပါတယ် ဆရာမ ... ကျွန်တော် ပြန်ပါ့မယ် ..."

သူ ခဲယယတောင်းပန်မိသည်။ ရင်ထဲမှာ နောင်တဖြစ်နေသည်။ ဟုတ်သည် ...။ နောင်တ ...။ တစ်ပါးသူ၏ ခံစားချက်ကို မသိဆိုးဝါးစွာ နားမလည် ပါးမလည်ဖြင့် ရန်လုပ်မိခဲ့သည်အထိ သူ မိုက်ကန်းခဲ့သည်ကိုးလေ ...။ ပြီးတော့ ... သူကိုယ်တိုင်သည်လည်း အနုပညာသည်တစ်ယောက်ဖြစ်နေသေးသည်။ မစာမနာ ... မဆင်မခြင်ဖြင့် သူတစ်ပါး၏ ကိုယ်ပိုင်အခွင့်အရေးကို သွားရှိထိပါးခဲ့သေးသည်။ ဟုတ်သည် ...။ ရှင်လွှန်းပုံ၏ ရင်ကိုနှစ်၍ရေးဆွဲရာ ပန်းချီကားကိုမှ ... သွား၍ ငွေပုံပေးပြီး ဝယ်ပစ်မည်ဟု ကြံစည်ဆုံးဖြတ်ခြင်းသည် ... အနုပညာသည်တစ်ယောက်မဆန်...။ အတ္တကဲနေခြင်းပဲဖြစ်ကျန်ခဲ့ရပြီ ...။

ထရပ်လိုက်ချိန်မှာ သူ ... ရှင်လွှန်းပုံ ကို တောင်းပန်ကြည့်ဖြင့် ကြည့်နေမိရဆဲ ...။ တည်ငြိမ်စွာ ခေါင်းလေးညိတ်ပြသည့် ရှင်လွှန်းပုံကို ကြည့်နေရစဉ်ခိုက် ... သူသိလာရသည်က ... ဤပုံရိပ်လေးသည် ... ကြေကြေမြွမြွကြီး ... ကြေကွဲနေစေသည့် မျှဝေခံစားရမိစိတ်ကို ... သူ့နှလုံးသားဆီသို့ ... ပို့ဆောင်အစ်နှံခြင်းခံလိုက်ရပြီဆိုသည့် အသိတရားပါတကား ...။ သူ့နှလုံးသားအိမ်မှ ထွက်ခွာတော့မည်လည်းမဟုတ်သည့် မျက်နှာလေး ...။ ပုံရိပ်လေးဖြစ်နေသည်။ ဤမိန်းကလေး ... ရုံးခန်းထဲမှာထိုင်နေရင်း ... ဤပန်းချီပြပွဲကျင်းပရသည့်နေ့တစ်နေ့ကို ... အဘယ်သို့သော ကြေကွဲမှုတွေကို မြိုသိပ်ရင်း ... အလုပ်လုပ်ဟန်ဆောင်နေရှာပါလိမ့် ...။ ခင်ပွန်းသည်၏ မှာကြားရာအတိုင်း နာခံ၍ ဤနေ့မှာ ပန်းချီပြပွဲ ... အရောင်းပြခန်းတစ်ခုကို ... ဖြစ်တည်စေသည်ဆိုတည်းက ... အဘယ်ထိ ခင်ပွန်းသည်ကို ... တမ်းတနေရှာမည်မသိ။ လွမ်းနေရှာမည်မသိ...။ ဩော် ... ကြေကွဲရှိုက်ငင်နေရှာမည်မသိ ...။ ဤသို့ ရှိနေမည့် မိန်းကလေးကိုမှ ... သူက ... အလိုက်ကမ်းတရားမသိ ... လာ၍အနှောက်အယှက်ပေးမိခဲ့ချေသည်ကောလေ ...။ သူ ... နောက်ထပ်စကားပြောနေရန် အားအင်မကျန် ...။ အားနာတကြီးနိုင်စွာ ... စိတ်ထိခိုက်ခြင်းမက ထိခိုက်နေခြင်းများစွာဖြင့် ... အခန်းထဲမှ ခြေလှမ်းကြဲကြီးဖြင့် ထွက်လာမိရပါ၏။ သူ့လက်ထဲမှာ ... စောစောက သူဝယ်ခဲ့ရာ ပန်းချီကားကတော့ဖြင့် သေသပ်စွာ ထုပ်ပိုးရာအဖြစ်ရှိနေရင်း တစ်ပါတည်းပါလာသည်။

ဩော် ... ပန်းလွှင်ပြင် ရေးဆွဲနေရင်းလည်း ... ဤမိန်းကလေးသည်... ကိုကြီးကို ... လွမ်းနေရှာချေမည်သာ ...။ သူ တိတိပပသိနေရပြီ ...။ ရှင်လွှန်းပုံ သည် ... အချိန်နှင့်အမျှ ... သတိရနေရှာပါလိမ့်မည် ...။ ဟုတ်သည်...။ ကိုကြီးကို ... သတိရနေရှာပါလိမ့်မည် ...။

ရင်ထဲတိုးဝင်လာသည်က ... မိန်းကလေးထံမှ ... ချစ်ခြင်းတွေဖြင့် ခံစားရင်း ... ခေါ်ခဲ့ပါသည့်အသံနုနုလေး ...။

နှလုံးသားဆီမှ ခေါ်ငင်သံလေး ...။

ကိုကြီးတဲ့လားလေ ...။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၉)

"အဲဒီသူငယ်လေးဟာ .. ဒီပန်းချီကားကို အတော်ကြီးလိုချင်လွန်းလို့သာ .. ရှင်လွှန်းလေး ရဲ့ ရုံးခန်းထိ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ပေါက်ချလာတာပေါ့ .. ခမျာ .. ဝယ်ခွင့်မရတော့လည်း .. ပြန်သွားရှာသကိုး.."

ဧည့်ခန်းနံရံမှာ ချိတ်ထားလိုက်ပြီဖြစ်ပါသည့် အလင်းစက်ကိုကြည့်ကာ ဒေါ်ကြီး မေခပ် ညည်းညည်းတစ်ချက်ပြော၏။ အလင်းစက်ကို တွေတွေလေးကြည့်နေသည့် ရှင်လွှန်း ၏ စိတ်ထဲမှာ နစ်နေသည်က ကိုကြီး၏ ပုံရိပ် ..။ ဤနေ့မှာ .. အလင်းစက်ကို .. ကေသရီဟိုတယ်ရှိ အနုပညာခန်းဆောင်မှာ .. ပြသခဲ့သည်။ ပထမဆုံး နံရံမှာ ချိတ်ထားခဲ့ခြင်း။ သြော် .. ယခုတော့ဖြင့် ကေသရီအိမ်ကြီး၏ ဧည့်ခန်းဆောင်မှာ ချိတ်ထားလိုက်ပြီ။ ဆွဲပြီးကတည်းက မှန်ဘောင်သွင်း၍ သိမ်းဆည်းထားခဲ့ပါသော အလင်းစက် ..။ ကိုကြီး မရှိတော့သည့်နောက်မှာ .. ကြေမြေနေသည့် ရင်ဖြင့် တမ်းတလွမ်းစွာ ခံစားရေးဆွဲခဲ့ပါသည့် အလင်းစက်..။ ခုတော့ .. ကေသရီ ရိပ်ငြိမ်၏ ဧည့်ခန်းဆောင်မှာ ထာဝရနေရှူယူထားရတော့မည် ..။ ကိုကြီး၏ ဓာတ်ပုံကြီးဘေးမှာ နေရာယူထားခြင်း ..။ အလင်းစက်ကို လေးလေးဆွေ နှင့် နံရံမှာ ချိတ်ခိုင်းခဲ့စဉ်က .. ကိုမိုးသစ်ဆမ်း ဆိုသည့် လူတစ်ယောက်မရရအောင် ဝယ်မည်ဆိုသည့်ဟန်ဖြင့် ကေသရီဟိုတယ်ရုံးခန်းသို့တိုင် ရောက်လာကာ ဝယ်ခဲ့သည့်အဖြစ်ကို .. ဒေါ်ကြီးမေ



နှင့် လေးလေးဆွေ ကို ပြောပြမိခဲ့သည်လေ ..။ လေးလေးဆွေ ကတော့ ပန်းချီကားကို ဂရုတစိုက်နံရံမှာ ပန်းချီချိတ်နေရာမှာ သေသပ်စွာချိတ်ပေးသည်။ အတန့်ကြာလည်း မော့ကြည့်ခဲ့သည်။ နောက်တော့ ရှင်လွှန်းပုံကို ကြည့်ခဲ့သည်က ထိုင်ကြည့် ..။ ဘာမျှ မပြောနိုင်တော့သည့်နှယ်လည်း ငိုင်နေသေးသည်။ နောက်တော့ .. ခြံထဲဆင်းသွားသည်ပါပဲ ..။ ဒေါ်ကြီးမေ သာ ပန်းချီကားကိုငေးကြည့်ရင်း .. မိုးသစ်ဆမ်း အတွက် စိတ်မကောင်း၍ပဲလား ..။ ပန်းချီကားကိုကြည့်ရင်း ခံစားနေရ၍လားတော့မသိ ..။ ခပ်ညည်းညည်းတစ်ချက်ပြောရုံပဲ ရှိခဲ့ကာ ငြိမ်နေပြန်သည်။

"အင်း ..."

နောက်ထပ် ညည်းတွားသံဆန်သောအသံက ဒေါ်ကြီးမေ ထံမှ ထွင့်ကျလာပြန်၏။

"ရှင်လွှန်းလေး ဆွဲထားတာကိုကြည့်ရင်း .. ရင်ထဲထိခိုက်တယ်ကွယ် .. ရှင်လွှန်းလေး ဟာ .. လူလေးဘုန်းလူ ဆီက တစ်ခုခုကိုတောင်းနေတယ်လို့ ခံစားရတယ် .. ဒေါ်ကြီးမေ က ပညာလည်း သိပ်မတတ်တော့ .. ပန်းချီကိစ္စလည်း သိပ်နားမလည် .. မပြောတတ်ဘူးပေါ့ ရှင်လွှန်းရယ် .. ဒါပေမယ့် .. ဒေါ်ကြီး သိနေတာက .. ရှင်လွှန်း တစ်ခုခုတောင်းနေတယ် .. အဲဒါပဲ .."

ရှင်လွှန်း မျက်လွှာတစ်ချက်ချမိသည်။ တစ်ခုခု ..။ တကယ်တော့.. ရှင်လွှန်း ထံပါးမှာ ကိုကြီး မရှိတော့ခြင်းသည် .. အလင်းရောင်ပျောက်ကွယ်ခြင်းပဲဖြစ်လေသည်။ ကိုကြီးထံမှ အလင်းစက်ကို တောင်းခံနေခြင်း ..။ မျက်ရည်စက်လက်ဖြင့် တောင်းခံနေခြင်း ..။

"ထိုင်လိုက်ကြရအောင်လား ရှင်လွှန်း ရယ် .. ဒေါ်ကြီးတို့ စကားပြောကြတာပေါ့ .."

ဒေါ်လေးခြယ် ယူလာချပေးသော နွားနို့ဖန်ခွက်တို့ကိုလှမ်းကြည့်ကာ ဒေါ်ကြီးမေ ပြောလာသည်မို့ ရှင်လွှန်း ဧည့်ခန်းရှိ ဆိုဖာကြီးထက်မှာ ထိုင်ရသည်။ နွားနို့ပူပူကို မှုတ်သောက်လိုက်ရပါ၏။ ဤနေ့မှာ ရှင်လွှန်း

www.burmeseclassic.com

www.burmeseclassic.com



ဘာမှ ဟက်ဟက်ပက်ပက် မစားသောက်ဖြစ်ခဲ့ ...။ ကိုကြီးမရှိတော့တာ သုံးနှစ်ပြည့်သည့် ဤနေ့သည် .. ရှင်လွန်း အတွက် .. တမြေ့မြေ့ကျေနေသည့် ရင်ဖြင့် အတိတ်ဆီမှ နေ့တစ်နေ့ကို ကူးချည်သမ်းချည်ဖြစ်ဖြစ်နေခဲ့ရသည်တည့် ...။ ကိုကြီး ကွယ်လွန်သောနေ့ ...။ ထိုနေ့သည် .. ရင်မှာ လတ်လတ်ဆတ်ဆတ်ကြီး ရှိနေဆဲ ...။ ခံစားချက်သည်လည်း ပြင်းထန်နေမြဲ ...။ ဤနေ့မှာ .. ဘုန်းတော်ကြီးကျောင်းမှာ ကိုကြီးအတွက် ရည်စူး၍ ဆွမ်းကပ်သည်။ ဘုရားမှာ အလှူအတန်းပြုသည်။ ကေသရီဟိုတယ်မှာ ပန်းချီအရောင်းနှင့် ပြပွဲခင်းကျင်းခဲ့သည်။

ညနေပိုင်းအိမ်ပြန်ရောက်ချိန်မှာ ရှင်လွန်း .. အလင်းစက်ကိုပိုက်၍ ဧည့်ခန်းသို့ဝင်သည်။ အလင်းစက်ကို .. ဧည့်ခန်းဆောင်မှာချိတ်သည်။ လူလည်း ပန်းလျနေပြီ ...။ ဒေါ်ကြီးမေ ကို ကူညီလုပ်ကိုင်ပေးဖို့ခေါ်ထားပါသည့် ဒေါ်လေးခြယ် ကတော့ ပြမြဲအတိုင်း နွားနို့ပူပူနှစ်ခွက်ကိုယူကာ ဧည့်ခန်းရှိ ဆက်တီစားပွဲပေါ်လာချပေးပါ၏။ ဒေါ်ကြီးမေ နှင့် ညနေတိုင်း နွားနို့ပူပူတစ်ခွက်စီ သောက်ဖြစ်ကြမြဲ ...။

ခုလည်း .. တူတူသောက်ဖြစ်ကြပေမယ့် စကားသံက ပို၍တိတ်ဆိတ်နေ၏။ ကိုကြီး မရှိတော့တာ သုံးနှစ်ပြည့်နေ့ပေမို့ ဒေါ်ကြီးမေလည်း လွမ်းဆွတ်နေမည်သာ ...။ တစ်အိမ်လုံး စိတ်ထိခိုက်ကြရ ...။ ကိုကြီးကို တမ်းတကြရသည့် နေ့သည် ဤနေ့မှာ ပို၍ ပြင်းထန်သယောင်ရှိ၏။ ဟင့်အင်း ...။ ရှင်လွန်း အတွက်တော့ဖြင့် .. ဤနေ့မှမဟုတ် ...။ နေ့တိုင်း .. နေ့ရက်တိုင်းမှာ .. ခံစားချက်ပြင်းထန်နေစမြဲ ...။ ခံစားနေရဆဲ ...။

"လူလေး ပြောခဲ့တဲ့ စကား .. ဒေါ်ကြီးမေ သတိရတယ် ရှင်လွန်း.. အခုသုံးနှစ်လည်းပြည့်ပြီ .. သူ ဖြစ်ရာထဲက ဆန္ဒတစ်ခုကို .. ဒေါ်ကြီးမေ ပြောမှဖြစ်ချေတော့မယ် .. ဘာလို့လည်းဆိုတော့ .. ဒေါ်ကြီးမေ ဟာ အစေအပါးဆိုပေမယ့် .. ရှင်လွန်းလေး အပေါ်မှာ သွေးသားရင်းချာ အဒေါ်ကြီးတစ်ယောက်လို ရင်ထဲမှာ ရှိနေရလို့ပါ .."



"ဟင် .. ဘယ့်နှယ် ပြောလိုက်တာလည်း ဒေါ်ကြီးရယ် .. အစေအပါးလို့ မပြောပါနဲ့ .. ဒေါ်ကြီးကို .. အမေလို .. ရှင်လွန်း က တရိုတသေထားတာပါ .. ရှင်လွန်း ဟာ .. ဆံထောက်လေးဖားဖားနဲ့ .. စံရိပ်ငြိမ်ကိုရောက်ခဲ့ရတဲ့ .. အဖေအပါးပါ .. ကေသရီ ကို ရောက်ခဲ့ရတဲ့ အစေခံပါ .. ဒေါ်ကြီးမေ ကို အားကိုးရင်း .. အားပြုရင်း .. ရောက်ခဲ့နေခဲ့ရတဲ့ ရှင်လွန်းမေ ပါ .."

ရှင်လွန်း ပြောတော့ ဒေါ်ကြီး ခပ်ငွေ့ငွေ့ကြည့်၏။ မျက်ရည်ဝေ၏။

"ဒါပေမယ့် .. အခု ရှင်လွန်းလေး ဟာ .. ကေသရီရိပ်ငြိမ်ရဲ့ အရှင်သခင် .. ကေသရီဟိုတယ်ရဲ့ အရှင်သခင် .. ကေသရီရတနာအရောင်းခန်းဆောင်ရဲ့ ပိုင်ရှင် .. အလွန်ချမ်းသာတဲ့ ရှင်လွန်းပုံ ဖြစ်နေပြီလေ .."

ရှင်လွန်း မျက်ရည်ကျလာသည်။ ဒေါ်ကြီးမေ ၏ ရင်ခွင်မှာ ဝင်လိုက်မိရကာ ...

"နောက်ကို .. ဘယ်တော့မှ .. အဲသလို အစေအပါးဆိုတဲ့စကား မပြောပါနဲ့ ဒေါ်ကြီးရယ် .. ရှင်လွန်း ဘဝမှာ .. ဒေါ်ကြီးသာ .. ဘေးမှာ.. မရှိရင် .. ကူကယ်ရာ ပျောက်နေတော့မှာပါ .."

.. ဟု ပြောရင်း မျက်ရည်ကျလာတော့ ဒေါ်ကြီးမေ မချိတင်ကဲကြည့်ရှာ၏။ မျက်ရည်သုတ်ပေးရင်းမှ ...

"ရှင်လွန်းလေး ဖြူစင်လေလေ .. မချိတင်ကဲဖြစ်ရလေပါလားကွယ် .. ဒီလောက် ရုပ်အဆင်းလှပြီး .. စိတ်ရင်းကောင်းတဲ့ကလေး .. သောကဒုက္ခကြီးလှချေသကိုးကွယ် .."

ဟု ညည်းတွားရှာသည်။

"ရှင်လွန်းလေး .. ဒေါ်ကြီးနဲ့အတူ .. ဒီကေသရီရိပ်ငြိမ်ကို ရောက်ခဲ့စဉ်ကတည်းကစလို့ .. နှစ်စဉ်အခါကြီးရက်ကြီးနေ့တွေမှာ .. စုဆောင်းထားရာ စုထားရာ ပိုက်ဆံလေးနဲ့ .. ကန်တော့ပစ္စည်းလေးကိုဝယ်ပြီး ဘွားမြတ် ကို .. ကန်တော့ခဲ့တာ .. ဘွားမြတ် ကလည်း .. အသိအမှတ်

www.burmeseclassic.com

www.burmeseclassic.com



ပြုလက်ခံခဲ့ရတာပါကွယ် .. ကန်တော့ပစ္စည်းထုပ်လေးတွေ .. ဒေါ်ကြီးမေ အဲဒီ ရွှေကြိုးကြာ ကို သွားသွားပို့ခဲ့ရလေသမျှ .. လက်ခံရရှိကြောင်း ဘွားမြတ် ကလည်း ဖုန်းဆက်ပြောရတာပါပဲ .. ဒေါ်ကြီးနဲ့ အတူ ဘွားမြတ် ထည့်ပေးလိုက်တဲ့ ဖုန်းလေးကို ဆက်လာတိုင်းလည်း .. ရှင်လွန်းလေး ကျေးဇူးသိတတ်ပုံကို လွမ်းတဆွတ်ဆွတ်နဲ့ ပြောတတ်ပါရဲ့ .. သူကိုယ်တိုင် ဖုန်းမဆက်တာကတော့ .. ရှင်လွန်း အလိမ္မာလေးကို စံရိပ်ငြိမ်က ထွက်ခွာစေတဲ့ အဆုံးအဖြတ်ကို ဆုံးဖြတ်ခဲ့ရလေသမျှ ရင်ထဲမကောင်းလွန်းလို့ဆိုတာလည်း ရှင်လွန်း သိအောင်ပြောပြနိုင်းခဲ့တာပဲလေ .. အခု .. ရှင်လွန်းလေး ချမ်းသာလာတော့လည်း .. ကန်တော့ပစ္စည်းလေးတွေကပို့ပြီး .. ကောင်းသွားကြလေသမျှ .. ဘွားမြတ် ခမျာ .. စိတ်ထဲထိခိုက်နေရင်း .. လက်ခံခဲ့ရတာပါ .. ရှင်လွန်း ဟာ အလွန်ကျေးဇူးသိတတ်ပြီး .. ကတိတည်တယ်ဆိုတာ ဘွားမြတ် သိတယ်တဲ့ .. အဲဒါကို.. အလွန်လည်း တန်ဖိုးထားပါတယ်တဲ့လေ .."

ဘာကြောင့်များ ဤစကားတွေကိုထပ်၍ထပ်၍ ဒေါ်ကြီးမေ ပြောပြနေပါသတဲ့လဲ ...။ ဤအဖြစ်များကို ဒေါ်ကြီးမေ အရင်ကလည်း ပြောပြခဲ့ပြီးပြီ ...။ ရှင်လွန်း .. ဘွားမြတ် ကို ကန်တော့ပစ္စည်းပို့ပေးသည့်နေ့...။ ထိုနေ့မှာ ဘွားမြတ် ထံမှ .. ဖုန်းဝင်လာပြီဆိုလျှင် .. ဘွားမြတ် ဘာတွေပြောလိုက်သည်ဆိုတာ .. ဒေါ်ကြီးမေ ပြန်ပြောပြနေကျပါ ...။ ရှင်လွန်းကတော့ .. ဘွားမြတ် သည် .. ရှင်လွန်း ၏ ကျေးဇူးရှင်အဖြစ်ရှိနေဆဲပါ။ စံရိပ်ငြိမ်မှ မထွက်ခွာစေ၍ မဖြစ်ချေသည်မို့ ရှင်လွန်း ကို ထွက်ခွာစေခဲ့ချိန်မှာ .. ဘွားမြတ် သည် မျက်နှာလွှဲခဲပစ်မလုပ်ခဲ့ရှာပါ။ တာဝန်ယူပေးရှာသည်ပါပဲ။ ဒေါ်ကြီးမေ ကို အအုပ်မထိန်းအဖြစ်ထည့်သည်။ ငွေကြေးလည်းထည့်ပေးသည်။ ဖုန်းဖြင့် ဆက်သွယ်ရာအဖြစ်လည်း ဟန်းဖုန်းတစ်လုံး ဒေါ်ကြီးမေ ကို ထည့်လွှတ်ပေးလိုက်သေးသည်။ ဘွားမြတ် သည် .. ဘွားမြတ်ရဲ့ ၏ အရိပ်အောက်မှ မိန်းမပျိုလေးတစ်ယောက်ကို .. ပစ်စလက်ခတ်မလုပ်ခဲ့ရှာပါ ...။ ပြီးတော့ .. သဘောထားပြည့်ဝသည့်ကိုကြီး



နှင့် ရှင်လွန်း တို့ ဆုံဆည်းခဲ့ရခြင်းသည်လည်း ဘွားမြတ် ၏ ကျေးဇူးပါ...။ စိတ်ချရသည့် အိမ်မှာ ဒေါ်ကြီးမေ နှင့် ရှင်လွန်း ကို အလုပ်ရစေဖို့ စီမံဖို့လည်း ဒေါ်လေးကြွေ ကို ပြောခဲ့သည် ...။ ဒါကြောင့်လည်း .. ရှင်လွန်း.. ကိုကြီးနှင့် ဆုံရခြင်း ...။

ခုလည်း .. ဒေါ်လေးကြွေ ကို .. ရှင်လွန်း ကျေးဇူးဆပ်သည့်အနေဖြင့် .. ဒေါ်လေးကြွေ ၏ ဇာတိမြို့မှာ .. ကုန်စုံဆိုင်ကြီးတစ်ဆိုင် ဖွင့်လှစ်နိုင်ဖို့ ငွေကြေးထုတ်ပေးခဲ့သည်ပါပဲ။

"ဘွားမြတ် က မေးခိုင်းတယ် ရှင်လွန်းလေး .. ရှင်လွန်းလေး ရဲ့ ကိုကို့ကို .. တကယ်ပဲ .. မတွေ့တော့ဘူးတဲ့လားတဲ့ .."

အံ့သြစွာ ရှင်လွန်း ဒေါ်ကြီးမေ ကို ကြည့်လိုက်မိရပါပြီ။ ဘွားမြတ် ကို ပေးထားခဲ့သည့် ကတိ ...။ ကိုကိုနှင့် ဘယ်သောအခါတွင်မှ မတွေ့ပါ.. မဆုံစေရပါဟု ပေးထားခဲ့သော ကတိ ...။ ဤကတိသည် .. ရှင်လွန်း တစ်သက် တည်မြဲစေရမည့်ကတိ ...။ ကိုကိုနှင့် မကြုံဖို့မဆုံဖို့ဆိုတာက.. ဘွားမြတ် ကိုပါ မတွေ့မှဖြစ်ချေသည်မို့ .. ရှင်လွန်း .. ဘွားမြတ် ၏ အရိပ်သို့ဝင် မရောက်ခဲ့ ...။ ကန်တော့သည်ပင်လျှင် .. အဝေးမှကန်တော့ခြင်း ...။ လူကိုယ်တိုင် မသွားခဲ့ ...။ ဘွားမြတ် ၏ စံရိပ်ငြိမ်သည် .. ကိုကို ဝင်ထွက်ရာနေရာတစ်ခု ဖြစ်သည်လေ ...။ ဒါကြောင့်လည်း .. စံရိပ်ငြိမ်နှင့်ရော .. ကိုကိုနှင့်ရော .. ဘယ်သောအခါတွင်မှ .. မဆုံဖြစ်စေရပါ.. ဟု ကတိပေးခဲ့ရခြင်း ...။ ခုကျတော့ .. ဘွားမြတ် က .. ဒေါ်ကြီးမေ မှ တဆင့် .. မေးခွန်းအဆန်းတစ်ခုကို မေးမြန်းလာချေပြီတကား ...။

"ဒေါ်ကြီးမေ .. ဘာပြန်ဖြေလိုက်လဲဟင် .."

ရှင်လွန်း တုန့်ပြန်မေးလိုက်ချိန်မှာ ဒေါ်ကြီးမေ ခပ်ငေးငေးကြည့်၏။

"ရှင်လွန်း ဘာပြန်ဖြေမယ်ဆိုတာ ဒေါ်ကြီးမေ မမှန်းဆတတ်တဲ့ဖြစ်နေတယ်လို့ပဲ ဖြေလိုက်ရတယ် ရှင်လွန်း .. မနေ့ညက ဘွားမြတ် ဆီက ထူးထူးဆန်းဆန်း ဖုန်းဝင်လာတာ ..."

ရှင်လွန်း ထရပ်လိုက်ကာ ကိုကြီး၏ ဓာတ်ပုံကြီးရှေ့မှာ ငေးငေးငေး

www.burmeseclassic.com



ရှိနေရပါ၏။

"ကိုကို့ရဲ့ ဘိုးဘိုး .. လွှန်ခဲ့တဲ့ တစ်လက ဆုံးသွားပြီတဲ့ ရှင်လွှန်းမေ.."

ရင်ထဲ ထိနိုက်သွားရလျက် ရှင်လွှန်း ချက်ချင်း ကိုယ်လေးလှည့် လိုက်မိရကာ ဒေါ်ကြီးမေ ကို စိတ်လက်ပူပန်စွာ မေးလိုက်မိရသည်က...

"ကိုကို .. အရမ်းစိတ်ထိခိုက်နေရှာတော့မှာပဲနော် .."

ဆိုသည့်စကား ဖြစ်နေချေသည်တကား ..။ ကိုကို ဆောက်တည် ရာမဲ့နေရှာချေလိမ့်မည်။ ဘိုးအေလက်ပေါ် ကြီးလာရသည့် ကိုကို ..။ အဘယ်ထိ ရင်တွေကျေပြုန်းနေချေမည်မသိ ..။

ရှင်လွှန်း ချက်ချင်း သိလိုက်သည်က .. ရှင်လွှန်း သည် .. ရှင်လွှန်း သည် .. ကိုကို့ကို မှုဝေနားလည်ပေးတတ်နေသဲဖြစ်နေချေသည်တကား..။ ကိုကို့ ကြေကွဲမှုသည် ရှင်လွှန်း ၏ ကြေကွဲမှုဖြစ်နေပေသည်။ ကိုကို့ ရင်ထဲမှာ ချေမွကျေပြုန်းနေကြသည့် လောင်မြိုက်ခြင်းတွေသည်လည်း ရှင်လွှန်း ၏ ရင်မှာ ထပ်တူလာဖြစ်နေသည်။ ကိုကို့ မျက်ရည်ကိုမြင်နေ မိရသည်။ ကိုကို့အပူကို မြင်နေမိရသည်။ လူချင်း မတွေ့နိုင်ကြရပေမယ့်.. ကိုကို့ ခံစားရာ ကြေကွဲဝေဒနာတို့သည် ရှင်လွှန်း ၏ ရင်မှာ လာ၍ထိနေ သည်။ ဆို့နင့်စေသည်တကား ..။

ဒေါ်ကြီးမေ .. ခပ်ငေးငေးကြည့်နေပါ၏။ ရှင်လွှန်း ၏ ရင်ထဲမှ စကားလုံးများကို အဖြေတစ်ခုရလိုရငြား ရှာဖွေဖော်ထုတ်နိုင်ဖို့ ကြိုးစား နေခြင်း ..။

"သူ့ခမျာ .. အစ်ကိုလေးမျာ .. တစ်ယောက်တည်း .. ဖျောင့်ဖျ သူမရှိ .. ဖေးကူးသူမရှိနဲ့ .. ပုန်းညက်မြိုင်အိမ်ကြီးမှာ ရှိနေရှာတယ် ရှင်လွှန်း .. ရှင်လွှန်း ရဲ့ ကိုကိုဟာ .. ဒီနေ့အထိ .. အိမ်ထောင်မပြုပဲ ရှိ နေသေးတယ် .. ရှင်လွှန်း ရဲ့ ကျေးစုရွာ .. ဒေါ်ကြီးရဲ့ ရွာတွေထိ မျက်ခြေ မလတ် သွားသွားပြီး .. ခုထိ ရှင်လွှန်း ကို ရှာနေသေးတယ်တဲ့ .. မတွေ့ မချင်းလည်း ရှာနေမှာပဲတဲ့ .. ရှင်လွှန်း .. အခု .. ဘာကိုဖြေမလဲ .. အဲဒီ အဖြေဟာ .. ဘွားမြတ် ဘက်က .. ကိုကို့ကို ပြောလိုက်ရမယ့်စကားပဲ



ဖြစ်မှာတဲ့ .. အကယ်၍ .. ရှင်လွှန်း က .. ခေါင်းညိတ်တယ်ဆိုရင် .. ရှင်လွှန်း ရှိနေတဲ့ ကောသရိုးပ်မြိမ်ကို .. ကိုကို့ကို .. လွှတ်လိုက်မယ်တဲ့.. လိပ်စာပြောလိုက်ရုံပါပဲတဲ့ .. ကိုကို .. အပြေးအလွှားရောက်လာမှာတဲ့.. ကိုကို့ ဘိုးအေလည်း ရှိတော့တာမှ မဟုတ်တာတဲ့ .."

ဟု ပြောလာတော့ ရှင်လွှန်း ခေါင်းလေးငိုက်ချသည်။ ကိုကြီး၏ ခတ်ပုံကြီးကိုလည်း မော့ကြည့်ရန်ပင် အားအင်မကျန် ..။ ကိုကြီးကို ရှေ့ထား၍ ကိုကိုနှင့် ပတ်သက်တာတွေ ပြောဆိုနေကြခြင်းသည် .. အမှား အယွင်းကြီးတစ်ခုဖြစ်နေသည်သို့ ခံစားလာရပါ၏။

"ကိုကြီး မေးခဲ့ဖူးပါတယ် .. ဒေါ်ကြီးမေ .. ကိုကြီး ဆေးရုံတက် ရမယ့်နေ့ .. ရှင်လွှန်း ဘွဲ့ရတဲ့နေ့ကဆိုပါတော့ .. ကိုကိုနဲ့ တွေ့ချင်လား တဲ့ .. ကိုကြီး မေးပေးမယ်တဲ့ .."

အသံသည် တိမ်ဝင်၏။ သေးမှာ ကိုကြီးရပ်လာသည်သို့ ခံစားလာ ရသည်။ ကိုကြီး၏ အကြည့်တွေအောက်မှာ ရှိနေရသည့်နှယ်ရှိ၏။

"ရှင်လွှန်း ဖြေခဲ့ပါတယ် ဒေါ်ကြီးမေ .. ဘွားမြတ် ကိုပေးထားတဲ့ ကတိကို မဖျက်ပါဘူးလို့ .."

ဤအဖြေကို .. ကိုကြီး လက်ကာ၍ တားနေသည်ဟု ထင်လာသည်။ ကိုကြီးသည် .. ရှင်လွှန်း သေးမှာ ကိုကို့ကို ရှိနေစေချင်သူတစ်ယောက် ဖြစ်နေတာ ရှင်လွှန်း သိနေပါသည်။

"ဒါပေမယ့် .. အခု .. ဘွားမြတ် က မေးလာတာလေ ရှင်လွှန်းလေး.."

ဟု ဒေါ်ကြီး ပြောလာတော့ ရှင်လွှန်း မျက်ရည်သုတ်သည်။ ကိုကြီး ၏ ရင်ထဲမှဆန္ဒကို ဆန့်ကျင်မည့်အဖြေတစ်ခုပေမို့ ..။ ကိုကြီး နားလည် ပေးပါဟုလည်း စိတ်ထဲမှ တောင်းပန်မိရင်းမှ မော့ကြည့်မိသည် ကိုကြီး ၏ ခတ်ပုံကြီးကိုပါ ..။ အလင်းစက်ပန်းချီကားသေးမှာရှိနေပါသည့် ကိုကြီး၏ ခတ်ပုံထဲမှ မျက်ဝန်းလဲ့လဲ့တွေက ငုံ့မိုးကြည့်နေကြသည့်နှယ် အသက်ဝင်နေကြသည်ပါပဲ ..။

"ဘွားမြတ် ကိုယ်တိုင်ကလည်း ဘိုးဘိုးဦးဘကျော်င်း ကို .. ကတိ

www.burmeseclassic.com

www.burmeseclassic.com



ပေးခဲ့တာပါပဲ ဒေါ်ကြီးမေ .. စံရိပ်ငြိမ်က ပတ်သက်ရာ ရှင်လွှန်း ကြောင့်.. ကိုကိုနဲ့ သိရိချို တို့ ဝေးရတယ်ဆိုတာ မရှိစေရဘူး .. ဘိုးဘိုးဘကောင်း မျက်ရည်ကျရတယ်ဆိုတာ မရှိစေရပါဘူးဆိုတာလေ .. အဲသလို ကတိ ပေးခဲ့ခြင်းဟာ ကတိတည်မြဲစေဖို့ ဘွားမြတ် တစ်ယောက်တည်းမှာပဲ တာဝန်ရှိတာမဟုတ်ပါဘူး၊ ရှင်လွှန်း မှာလည်း တာဝန်ရှိပါတယ် ဒေါ်ကြီးမေ.. ခုဆိုရင် .. ပိုပြီးတော့တောင်မှ .. ကတိတည်ကြဖို့လိုပါတယ် .. ဘိုးဘိုး မရှိတော့ဘူးလေ .. ကွယ်လွန်သွားပြီဖြစ်တဲ့သူတစ်ယောက်ဆီက .. သဘော တူခြင်းဆိုတဲ့အရာကို .. ဘယ်သူကမှ သွားတောင်းလို့လည်း မရနိုင်တော့ ပါဘူး .. ဘိုးဘိုး သဘောမတူတဲ့ကိစ္စ .. မလုပ်ကြတာကောင်းပါတယ်.. ဘိုးဘိုး အသက်ထင်ရှားရှိနေစဉ်မှာ ပေးခဲ့တဲ့ကတိဟာ .. ဘိုးဘိုးကွယ် လွန်သွားချိန်မှာလည်း .. ကျန်ရစ်သူက .. ကတိတည်ကြဖို့ တာဝန်ပိုကြီး ကြပါတယ် .. သူ သဘောမတူတာတစ်ခုဟာ သူ မရှိတော့ချိန်မှာ သဘော တူခြင်းအဖြစ် အလိုလိုပြောင်းလဲသွားနိုင်ကြတာမှမဟုတ်တာ .. ရှင်လွှန်း တို့ဟာ ဆင်းရဲကြပါတယ် ဒေါ်ကြီးမေ .. ဒါပေမယ့် .. ကတိတစ်ခုကို တော့ .. တည်မြဲကြတယ်ဆိုတာ .. အသက်ရှင်ကျန်သူကိုလည်း ပြသဖို့ လိုသလို ကွယ်လွန်သူတစ်ယောက်အပေါ်မှာလည်း ကတိတည်ကြဖို့လို အပ်ပါတယ် .. ကိုကို့ကို .. ရှင်လွှန်း .. သနားပါတယ် .. မျှဝေနားလည် ပေးပါတယ် .. ဒါပေမယ့် .. ဘယ်လိုမှ .. ကိုကိုနဲ့ ရှင်လွှန်း တို့ တွေ့ဆုံ ကြဖို့ဆိုတာ ရှိမလာနိုင်ကြတော့ဘူးဆိုတာ .. ဘွားမြတ် ကို .. ပြောပြ ပေးပါ .."

ရှင်လွှန်း ပြောကာ ကိုကြီးကို မော့ကြည့်မိရပါ၏။ အားကိုးတကြီး နိုင်သောအကြည့်ဖြင့် မော့ကြည့်မိခြင်း ..။ ခုလိုအချိန်မျိုးမှာ .. ကိုကြီး ရှိနေစေချင်သည်။ ကိုကြီး၏ ပခုံးပေါ် ခေါင်းလေးတင်ထားချင်သည်။ ကိုကြီး၏ ဇနီးအဖြစ်ရှိနေခြင်းသည် လုံခြုံလှချေသည်သာ ..။ ခုလို .. အခြားတစ်ယောက်နှင့် ဆုံဖို့မဆုံဖို့ဆိုတာတွေ မေးခွန်းကိုထုတ်လာကြ စရာအကြောင်းမရှိ ..။ ဘာကြောင့်ဆို .. ရှင်လွှန်း မှာ .. ခင်ပွန်းသည်.. ကိုကြီး ရှိနေသည်လေ ..။



ပြီးတော့ ရှင်လွှန်း အာရုံထဲပေါ်လာသည်က ဘိုးဘိုး ဦးဘကောင်း ပါ ..။ ရှင်လွှန်း ကို တည့်တည့်ကြီးကြည့်ခဲ့သည့် ဘိုးဘိုး၏အကြည့် ..။ မာကြောကြည့် ..။ ခါးခါးသီးသီးနိုင်သောအကြည့် ..။ မတူမတန်သူတစ် ယောက်ကို နှိမ့်ချကြည့် ..။ ဟုတ်သည် ..။ မတန်မရာ .. ဆိုသည့်အကြည့်..။

"အစေအပါးဖြစ်တဲ့မင်းဟာ .. အဆိပ်ပြင်းတဲ့ မြွေဆိုးတစ်ကောင် လို ငါ့နှလုံးအိမ်ကို အဆိပ်ဖျန်းဖို့တော့လာပြီး မရစ်ပတ်လိုက်ပါနဲ့ မိန်း ကလေး .."

ဆိုသည့် ပြတ်သားသောစကား ..။

ကိုကိုနှင့် သဘောမမျှနိုင်ပါဟု ပြတ်သားစွာပြောခဲ့ ဆုံးဖြတ်ခဲ့ သော ဘိုးဘိုး ..။ ခု .. ဘိုးဘိုး ကွယ်လွန်ခဲ့ပြီ ..။ ထိုသို့ ကွယ်လွန်ပြီဆို သော အချက်ကိုနှင်း၍ ..။ ဘိုးဘိုးမှ မရှိတော့တာ .. ဆိုသည့်အတွေးဖြင့်..။ ကိုကို့ကို လက်ထပ်ရမည်တဲ့လား ..။ ကွယ်လွန်သူတစ်ယောက်ကို .. အနိုင်ယူပြလိုက်သည်နှင့် မခြားသည်ပဲလေ ..။ ရှင်လွှန်း .. ဘယ်သော အခါတွင်မှ .. ထိုသို့ အောက်တန်းကျသောအလုပ်ကို မလုပ်နိုင်ပါ ..။

"ဒါဆိုရင် .."

ဒေါ်ကြီးမေ စကားဆက်လာတော့ ရှင်လွှန်း နားမလည်နိုင်ပဲကြည့် မိရပါ၏။ ကိုကိုနှင့် ပတ်သက်၍ ရှင်လွှန်း ဖြေခဲ့ပြီးပြီ ..။ ဒေါ်ကြီးမေ.. အဖြေကိုသိခဲ့ရပြီ ..။ နောက်ထပ် မည်သည့်စကားကို ဆက်ချေဦးမည် နည်း ..။

ရင်ထဲမှာ .. မချမ်းမြေ့ ..။ ခုထိ .. ရှင်လွှန်း ကိုသာ တသသဖြင့်.. ချစ်နေဆဲ ..။ ရှာဖွေနေဆဲ .. ကိုကို့ကို .. ရှင်လွှန်း မသနားပဲနေနေတာ မဟုတ် ..။ သနားသည်ကတော့ ငြင်းမရနိုင်သည့် အဖြေတစ်ခု ..။ ကိုယ့် ရင်ထဲက ခံစားချက်ကိုတော့ .. ကိုယ်ကလည်း ပြန်၍ရိုးသားဖို့လိုသည်။ ဝန်ခံရမည့်အဖြစ်ကိုလည်း ဝန်ခံရမည်သာ ..။

"ဒါဆိုရင် .. လူလေးဘုန်းလူ ပြောခဲ့သလို .. ဒီနေ့မှာ .. ပန်းချီပြပွဲ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တယ် .. ပန်းချီကားတွေလည်း ရောင်းခဲ့တာရှိတယ် .. ဒီနေ့မှာ ရှင်လွန်း ဟာ .. လက်တွဲဖော်တစ်ယောက်ယောက်ကို တွေ့ရလိမ့်မယ်လို့ .. အစ်ကိုလေး မျှော်လင့်ခဲ့တယ်လေ .. ရှင်လွန်း .. ဒီနေ့ .. တွေ့ခဲ့တဲ့ .. အဲဒီ မိုးသစ်ဆမ်း ဆိုတဲ့ စာရေးဆရာလေးကိုရော .. တစ်နေ့မှာ.. သူ့ဘက်က .. လက်ကမ်းလာရင် .. ပြန်ကမ်းဖို့မလိုဘူးလား .. ဘာလို့လည်းဆိုတော့ .. ရှင်လွန်း ကို .. အဲသလို .. ဘဝဖော်ရှိလာစေချင်တာက.. အစ်ကိုလေးရဲ့ဆန္ဒမဟုတ်လား .."

ဟု ပြောလာတော့ ရှင်လွန်း သက်ပြင်းရှိုက်မိရပါ၏။ ကတိ ..။ ရှင်လွန်း ကို တုတ်နှောင်လွန်းသောအရာ ..။ ကိုကိုနှင့် ဓေးဖို့ကိုလည်း ငယ်နှစ်ဘဝက .. ရှင်လွန်း ကတိပေးခဲ့ရဖူးသည်။ ထိုကတိကိုတည်ခဲ့ပြီးပြီ ..။

ခု .. ကိုကြီးကို ပေးခဲ့ရသောကတိ ..။ ကိုကြီး စိတ်ချမ်းသာစေချင်စိတ်တစ်ခုဖြင့် ပေးခဲ့ရချေသောကတိ ..။ ခြော် .. ပန်းချီပြပွဲရောင်းပွဲလုပ်ပါ့မည်ဆိုသည့်ကတိအတိုင်းလည်း လုပ်ခဲ့ရပြီးပြီ ..။ ခု .. ဆုံခဲ့ရသည့်လူတစ်ယောက်ဆိုတာကတော့ ရှိလာပြီ ..။

"ကိုကြီး ပြောတဲ့အထဲမှာ ပါပါတယ် ဒေါ်ကြီးမေ .. ရှင်လွန်း ကို မျှဝေစာနာနားလည်ပေးတဲ့သူ .. အနုပညာမြတ်နိုးသူ .. ဘဝဖော်ဆိုတာ .. အဲဒီလူက .. အဲသလိုအရည်အချင်းနဲ့ ပြည့်ဝနေဖို့လိုပါလိမ့်မယ်.. ကတိဆိုတာ တည်ဖို့လိုတယ်ဆိုတာ ရှင်လွန်း သိပါတယ် .. ကိုကြီးကို ပေးခဲ့တဲ့ကတိတစ်ခုကို .. တည်ဖို့တာဝန် ရှင်လွန်း မှာ ရှိတာ မှန်ပါတယ်.. ဒါပေမယ့် .. အဲဒီ မိုးသစ်ဆမ်း ဆိုတဲ့လူဟာ .. ရှင်လွန်း ကို ချစ်တယ်လို့လည်း မပြောသေးသလို .. ချစ်ဖို့လည်း သတ္တိရှိမှာမဟုတ်ဘူး .. ချစ်လည်း ချစ်မှာမဟုတ်ဘူးဆိုတာ .. ရှင်လွန်း သိပါတယ် .. သူက .. လူရည်မွန်တစ်ယောက်ဆန်ပါတယ် .. သူ့အကြောင်းအသေးစိပ်လည်း ရှင်လွန်း မသိပါဘူး .. သူနဲ့ ဒီနေ့မှာ ခဏဆုံလိုက်ရုံလေးတစ်ခုပဲရှိခဲ့တာပါ .. ဒါ တစ်ခုတည်းနဲ့ .. သူနဲ့ ရှင်လွန်း တို့ နောက်ထပ်ဆက်ဆုံဖြစ်ကြမယ်..



သူက .. ချစ်လာမယ်ဆိုတာမျိုးတွေအထိ ဒေါ်ကြီးမေ ဆက်မတွေးလိုက်ပါနဲ့ .. သိပ်စောလွန်းနေပါသေးတယ် .. ဘာလို့လည်းဆိုတော့ .."

ရှင်လွန်း တစ်ချက် ဒေါ်ကြီးမေ ကို ကြည့်လိုက်မိရပါ၏။ ကိုကြီး ပြောခဲ့သည့်အတိုင်း ပန်းချီပြပွဲနှင့် အရောင်းပြပွဲတစ်ခုဖြစ်တည်စေခဲ့ပြီး ကတည်းက .. ရှင်လွန်း ရင်ထဲမှာ စိုးရိမ်တာတစ်ခုရှိနေခဲ့သည်လေ ..။ ကိုကြီးသည် တည်ငြိမ်ရင့်ကျက်သူ ..။ စိတ်ထားဖြောင့်မတ်အေးချမ်းသူ..။ ကိုကြီး နောက်ဆုံးအချိန်မှာ ပြောခဲ့သော စကားနှင့်ကတိကို .. ရှင်လွန်း စိတ်ပူသည်။ တကယ်များ .. လူတစ်ယောက်ယောက်နှင့် ရှင်လွန်း ဤနေ့မှာ .. တစ်နည်းနည်းဖြင့် ကြုံလာချေမည်လားဟု စိုးရိမ်ချောက်ချားနေမိခြင်း ..။ ပန်းချီပြပွဲမှာလည်း ရှင်လွန်း ရှိမနေခြင်းက .. ပထမ .. အချက်က .. ကိုကိုနှင့် မတော်တဆဆုံသွားမှာကို လန့်ခြင်း ..။ ကေသရီ ဟိုတယ်ရှိ ပန်းချီပြပွဲလေးကိုများ မတော်တဆ ကိုကို .. ကိစ္စတစ်ခုခုနှင့် ကြုံကြိုက်ရောက်လာချေလျှင် ရှင်လွန်း နှင့် ဆုံမှာစိုးသည်။ ဒါကြောင့်.. ရှင်လွန်း ပြပွဲမှာရှိမနေခြင်း ..။

နောက်တစ်ချက်က .. တစ်ယောက်ယောက်နှင့် စတင်မိတ်ဆက်ကြုံဆုံလိုက်ရမှာကို အဖြစ်မခံချင် ..။ ပန်းချီဆရာမလေး .. ချစ်ပုံ .. ဆိုတာကို .. ထိုပွဲလာသူတွေထဲက .. မိတ်ဆက်လာကြ .. နှုတ်ဆက်လာကြတာတွေရှိလာချိန်မှာ ..။ ထိုအထဲမှ .. တစ်ယောက်ယောက်သည် ရှင်လွန်း ကို စိတ်ဝင်စားသွားမှာ ကြိုတင်သွေးလန့်နေရသည်လေ ..။ ဒါကြောင့် .. ရှိမနေခဲ့ရခြင်း ..။

ဒါပေမယ့် .. ထို .. မိုးသစ်ဆမ်း ဆိုသောသူတစ်ယောက်သည်.. ဆိုက်ဆိုက်မြိုက်မြိုက်ကြီး .. ရှင်လွန်း ၏ ရုံးခန်းထဲထိရောက်လာခဲ့ရသည်။ အလင်းစက် ပန်းချီဝယ်လိုစောက်၍ .. ရောက်လာခြင်း ..။ ရှင်လွန်း လန့်ခနဲဖြစ်သွားရသည်ပဲလေ ..။ ဘာကြောင့်ဆိုစေ ကိုကြီးပြောခဲ့သည်လေ ..။ အနုပညာကို မြတ်နိုးသူ .. ဆိုသည့်စကား ..။ ထိုစကားနှင့် တိုက်ဆိုင်စွာ .. ရောက်လာခြင်း ..။ ရှင်လွန်း ၏ အနုပညာလက်ရာ ..

www.burmeseclassic.com

www.burmeseclassic.com



အလင်းစက်ကို မြတ်နိုးနေသည့်လူတစ်ယောက် ...။ ပိုင်ဆိုင်လိုနေသည့် လူတစ်ယောက်နှင့် ရင်ဆိုင်ကြုံရချေသည်တည့် ...။

ဒါကြောင့်လည်း .. ကြိုတင်၍ .. အတားအဆီးတစ်ခုကို .. ရှင်လွန်း လုပ်ခဲ့ရပါ၏။ မည်သည့်အတားအဆီးဖြစ်သည်ဆိုတာ .. ဒေါ်ကြီးမေ သိအောင်တော့ ပြောပြလိုက်ဖို့လည်း လိုအပ်လာသည်မို့ ...။

"ဘာလို့လည်းဆိုတော့ .. ရှင်လွန်း ဟာ .. မုဆိုးမတစ်ယောက်ဖြစ်တယ်ဆိုတာ .. သူ သိအောင်ပြောလိုက်လို့ပါပဲ .. သူ .. အံ့ဩသွားပုံရပါတယ် .. သူ .. ရိုးရိုးသားသားရောက်လာတာပါ .. ပန်းချီကားဝယ်ချင်ရုံသက်သက်ပါ .. ဒါပေမယ့် .. ဘယ်သူဖြစ်ဖြစ် .. မုဆိုးမတစ်ယောက်ကိုတော့ .. မပတ်သက်ချင်ကြပါဘူး .. ဒေါ်ကြီးပြောတဲ့ လက်ထပ်ဖို့ဆိုတာ .. အလွန်ခဲယဉ်းတာပါ .. သူ .. အစတည်းက ရိုးရိုးလာတဲ့သူပေမို့ .. ယောင်လို့တောင် ရှင်လွန်း ကို လက်ထပ်ဖို့အထိ .. ချစ်မိတဲ့စိတ်ဖြစ်လာမှာကို မဟုတ်တော့ပါဘူး .. ဒါဟာ .. အမှန်တရားပဲလေ .."

ဟု ပြောကာ ရှင်လွန်း အပေါ်ထပ်သို့တက်လာမိရပါပြီ ...။





လွမ်းတွေတ်ရာ ...
ပန်းဝတ်လွှာတွေ လတ်ဆတ်နေကြ ...။

တမ်းတရာ ...
ပန်းအလှတာများတွေ ပန္နမ်းသွေ့နိုင်ကြ ...။

အတိတ်ကာပုံရိပ်လေးတွေ ရှင်သန်
တဝန်မြန်၍ အသက်ဝွင်းချစ်တဲ့
နှလုံးသားရဲ့ဆန္ဒ
မပြည့်ဝနိုင်မှန်းသိပေမယ့်
ကျန်ရစ်သူရဲ့ ချစ်တဲ့ဇော
တယ်သောအခါမှ အဓောသောတ်နိုင်သမျှ ...
သက်ဆိုးတိုင်မျှ အဆုံးမသတ်နိုင်ကြ ...။
ဖြော် ...
သက်ဆုံးတိုင်မျှ အဆုံးမသတ်နိုင်ကြ ...။ ။

www.burmeseclassic.com



## အခန်း (၂၀)

"မမလေး .. မနေ့က အစ်ကို .. ထပ်ရောက်နေပြန်ပြီ .. မောင်ပြုံး သူ့ကို ဒီတစ်ခါတော့ ပေးမဝင်ပါဘူး .. သူကလည်း စောင့်ပါတယ်.. မမလေးနဲ့ တွေ့မှဖြစ်မှာမို့ပါတဲ့ ..တစ်နေကုန်စောင့်ဆိုရင်လည်း စောင့်ပါမယ်တဲ့ .. ပြန်မယ့်ပုံမပေါ်ဘူး မမလေး .."

မောင်ပြုံး ရောက်လာကာ စိတ်ညစ်ပုံကြီးဖြင့် ပြောလာတော့ ရှင်လွန်း ကိုယ်တိုင်လည်း စိတ်ရှုပ်ထွေးသွားရသည်ကတော့ အမှန်ပါ။ မျက်မှောင်လေး မသိမသာ တွန့်သွားကာ မနှစ်မသက်မှုံစံလေးတော့ ဖြစ်သွားရသည်ပါပဲ ..။ ရှင်လွန်း ကိုယ်တိုင်ပင်လျှင် ဟိုတယ်ရုံးခန်းသို့ရောက်တာ သိပ်မကြာသေး ..။ ထို မိုးသစ်ဆမ်း ဆိုသည့်လူက ရောက်လာပြန်ချေပြီ။ သေချာတာတစ်ခုကတော့ .. အလင်းစက်ပန်းချီကားကိစ္စပဲ ဖြစ်ချေမည်။ ခွဲကြီးကြီးဖြင့် နောက်တစ်ကျော့ ရောက်လာတာဖြစ်မည်။ မနေ့ကတည်းက .. အလင်းစက်ကိုပိုင်ဆိုင်လိုခြေဖြင့် ရောက်လာခဲ့သည်ပဲလေ ..။ မရောင်းပါဆိုသည့် အဖြေကိုလည်း ပေးခဲ့ပြီးပြီ။ ဘာကြောင့် ထပ်ရောက်လာရပါသတဲ့လဲ ..။ ဝင်ခွင့်မပြုလျှင်လည်း ပြန်မည်မဟုတ် ..။ ကိုယ့်ရုံးခန်းရှေ့မှာ ပေကပ်စောင့်နေသည့် လူတစ်ယောက် အပြင်ဘက်မှာ ရှိနေသည် ဆိုတာကို သိနေရခြင်းသည်လည်း စိတ်မသက်မသာဖြစ်စရာကြီးပဲဖြစ်ချေသည်မို့ ..။



"ကဲ .. ကိုမောင်ပြုံး ရေ .. လွှတ်လိုက်ပါ .."

ဟုသာ စိတ်ရှုပ်ရှုပ်ဖြင့် ပြောလိုက်ရပါပြီ ..။ မောင်ပြုံး ပြန်ထွက်သွားသည်။ ချက်ချင်းဆိုသလိုပင် သူ ဝင်လာသည်ပါပဲ။ ရှင်လွန်း တည်တည်လေး ကြည့်သည်။ အေးစက်စက်အကြည့် ..။ အလုပ်ထဲလာ၍ အနှောက်အယှက်ပေးနေသူတစ်ယောက်ကို စိတ်ပျက်လက်ပျက်နိုင်နေသောအကြည့် ..။

"ကျေးဇူးတင်ပါတယ် .. တွေ့ခွင့်ပြုလို့ပါ .."

စားပွဲရှေ့မှာ ရပ်ကာ သူ ပြောတော့ ရှင်လွန်း ခေါင်းညိတ်ပြသည်။

"ထိုင်ပါဆရာ .. ကျွန်မ အချိန်တော့ သိပ်မရပါဘူး .. ဝန်ထမ်းတွေနဲ့ အစည်းအဝေးရှိပါတယ် .. ဒီနေ့မနက် ဆယ်နာရီခွဲမှာပါ .."

ဟု ပြောတော့ သူ လက်ပတ်နာရီကို တစ်ချက်ငုံ့ကြည့်သည်။ ရှင်လွန်း ကလည်း တိုင်ကပ်နာရီဘက်ကို ကြည့်ပြလိုက်သည်ပါပဲ ..။ ဆယ်နာရီခွဲရန် မိနစ်နှစ်ဆယ်ပဲလိုတော့သည်လေ ..။

"ကျွန်မ အစည်းအဝေးအတွက် ပြင်ဆင်စရာလေးတွေလည်းရှိနေပါတယ် .. ဆရာ့အတွက် ဆယ်မိနစ်လောက်တော့ အချိန်ပေးနိုင်ပါတယ် ဆရာ .."

ဟု တည်တည်ငြိမ်ငြိမ်လေးပဲ ပြောလိုက်သည်က ရှင်လွန်း ပါ..။ သူ ထိုင်သည်။ အချိန်တိုအတွင်းမှာ အားလုံးပြောနိုင်ဖို့စကားဆိုတာကလည်း လိုရင်းပဲဖြစ်ချေမည်သာ။ သူ .. စားပွဲပေါ် စာအုပ်သုံးအုပ်တင်သည်။ ရှင်လွန်း ကြည့်တော့ ဝတ္ထုစာအုပ် ..။ မိုးသစ် ဆိုသည့် ကလောင်အမည်ကိုလည်း တွေ့ရသည်။

"ကျွန်တော့်စာအုပ်တစ်ချို့ လက်ဆောင်လည်းလာပေးရင်း .. လာတွေ့တာပါ ဆရာမ .."

"ကျွန်မ ဝတ္ထုမဖတ်ဖြစ်တာ ကြာပါပြီ .."

အားနာနေ၍မဖြစ်။ ထိုသူနှင့် ကင်းကင်းနေချင်သည့်စိတ်ဖြစ်တည်နေရသည်မို့ ပြောသင့်တာကို ပြောရခြင်းပါ။ တကယ်က ရှင်လွန်း စာတွေဖတ်ပါသည်။ ဒါပေမယ့် သူ့ဝတ္ထုတွေကိုလက်ခံပိုက်သျှင် ..

www.burmeseclassic.com

www.burmeseclassic.com



သူနှင့်ဆက်၍ ပတ်သက်ရာလမ်းတစ်ခု ဖွင့်ပေးလိုက်တာမျိုး ဖြစ်ကုန်မှာ ရှင်လွန်း စိုးရိမ်သည်လေ ..။ နောက်ထပ် စာအုပ်ထွက်တိုင်း လာ၍လာ၍ လက်ဆောင်ပေးနေတာမျိုး အဖြစ်မခံချင် ..။ ကိုကြီး ပြောခဲ့သော နောက်ဆုံးစကားတွေထဲမှာ .. ရှင်လွန်း ၏ အနုပညာကိုမြတ်နိုးသည့် လူတစ်ယောက်နှင့် ကြုံလျှင် လက်ထပ်ပါ .. ဆိုသည့်ကတိဝေဟင်းစကားကို ရှင်လွန်း လန့်သည်။

မုဆိုးမလေးတစ်ယောက်ပါဟု မနေ့က ရှင်လွန်း သူ့ကိုအသိပေးခဲ့သည်။ ဤမနက်မှာ ဝတ္ထုစာအုပ်သုံးအုပ်ဖြင့် ရောက်လာပြန်ပြီ ..။ ထိုသူသည် ရှင်လွန်း နှင့် ရင်းနှီးဖို့များ ကြိုးစားနေသူတစ်ယောက်ဖြစ်နေချေသလားမသိ ..။ ထိုအဖြစ်ကို တားဆီးနိုင်မှ ဖြစ်ချေမည်။ ဒါကြောင့်လည်း .. စကားကို အပြတ်ဖြတ်၍ပြောခြင်း ...။ သူကလည်း ရှင်လွန်း ကို တုန့်ပြန်၍ကြည့်သည်။ တစ်ချက်ပြုံးပြလိုက်သေး၏။ ရှင်လွန်း ကို စိတ်မကွက်သည့်အပြင် ပြုံးပင်ပြုံးပြနေသည့် သူ့ကို ရှင်လွန်း စိတ်မောမောဖြင့် ကြည့်လိုက်မိရပါပြီ။

"ကိစ္စမရှိပါဘူး .. စာအုပ်ဆိုတာ .. ရှိနေဖို့လိုအပ်တာပါ .. စာမဖတ်ဖြစ်တဲ့သူတစ်ယောက်ဆီမှာ .. စာအုပ်တွေ မရှိနေဘူးဆိုရင် .. ပိုပြီး .. စာမဖတ်ဖြစ်ပဲရှိသွားရမှာပေါ့ ဆရာမရယ် .. စာအုပ်ရှိနေသေးတယ်ဆိုရင်ဖြင့် .. တစ်နေ့နေ့မှာ .. ကောက်ကိုင်မိရာက .. ဖတ်ဖြစ်သွားနိုင်ပါတယ် .. ဒါမှမဟုတ်ရင်လည်း .. ဖတ်ချင်စိတ်ပေါ်လာလို့ ဖတ်မိတာလည်း ဖြစ်လာနိုင်ပါတယ် .. ကောက်ကိုင်မိလို့ပဲဖြစ်ဖြစ် .. ဖတ်ချင်စိတ်ရှိလာလို့ပဲဖြစ်ဖြစ် .. ကိုယ့်ဆီမှာ စာအုပ်ရှိမနေရင် .. ဖတ်ဖြစ်နိုင်မှာ မဟုတ်ဘူးလေ .. ရှိနေမှ ဖတ်ဖြစ်မှာပါ .. ဒါကြောင့် .. စာအုပ်ဆိုတာ ရှိနေဖို့တော့ အရေးကြီးပါတယ် .."

ဟု သူကလည်း ချက်နှင့်လက်နှင့် ပြောလာသည်။ သဘောက .. စာအုပ်ကို ပြန်ယူသွားမှာမဟုတ်ဆိုသည့် သဘော သက်ရောက်၏။

အတော်ခေါင်းကြောမာသည့် လူဟု စတင်၍ ရှင်လွန်း ကင်ပွန်း



တပ်မိပါ၏။

"ကျွန်တော် .. မနေ့ညက တစ်ညလုံးနီးပါး အိပ်လို့မရဘူး .. မျက်စိထဲကကို မထွက်နိုင်တာပါ ဆရာမ .."

မျက်စိထဲကမထွက်နိုင်တာ ..။ ရှင်လွန်း စိတ်ထဲမှ လိုက်၍ ရွတ်နေမိသည်။ သူ့ကိုလည်း အေးစက်စက်လေးကြည့်မြဲကြည့်နေ၏။ ဘာဆက်လာမည်လဲ .. ဆိုတာ စောင့်ဆိုင်းနေခြင်း ..။ ဤမျှ ရက်ကူးရုံလေးပဲရှိနေသေးသည့်အချိန်တိုအတွင်းမှာ ထိုသူ့မျက်စိထဲက မထွက်နိုင်သောအရာဆိုတာက .. ရှင်လွန်း ကို ရည်ညွှန်းတာမဟုတ်နိုင် ..။ ဒါကိုတော့ ရှင်လွန်း အသေအချာမှန်းဆထားနိုင်သည်။ အဘယ်ယောက်ျားသားတစ်ယောက်ကမှလည်း ဤမျှအထိ မြန်မြန်ဆန်ဆန်ကြီး လာပြောရလောက်အောင် ဟန်မဆောယ်နိုင်စရာမရှိ။ ခု .. လာသည့်ကိစ္စသည် .. အလင်းစက်နှင့်ပဲ ပတ်သက်နေသည်ဟု ရှင်လွန်း မှန်းဆထားမိနိုင်နေသည်။

"ဒီမှာ ဆရာမ .. ကျွန်တော်တစ်ခု ပြောချင်လို့ပါ .."

ကိုယ်ကို စားပွဲရှေ့ဘက်ကို ကိုင်းလိုက်ကာ စတင်၍ သူ စည်းရုံးဖို့ ကြိုးစားနေပြီဆိုတာ ရှင်လွန်း သိနေသည်။ သူ့မျက်ဝန်းနက်နက်တွေထဲမှာ မျှော်လင့်တကြီးနိုင်နေသော တောက်ပသည့် အရိပ်တွေ ရုတ်ခနဲတိုးဝင်လာသည်တည့် ..။

"အဲဒီအလင်းစက်ကို .. ကျွန်တော် ဓာတ်ပုံရိုက်ချင်ပါတယ် ဆရာမ.. ဝန်းချီကားကို မရနိုင်ပေမယ့် .. အဲဒီ ရိုက်ထားတဲ့ဓာတ်ပုံကို ပုံကြီးပြန်ချဲ့ပြီး ကျွန်တော့်ရုံးခန်းမှာ .. ကျွန်တော့် အိပ်ခန်းမှာ .. ဧည့်ခန်းတွေမှာ.. ချိတ်ထားနိုင်သေးတာပဲလေ .. အဲဒါ .. ခွင့်ပြုပေးပါလား ဆရာမရယ်.."

သူ ရေးသားရာ ဝတ္ထုသုံးအုပ်ကိုလည်း သယ်လာသည်။ လက်ဆောင်အဖြစ်လည်း ပေးသည်။ ပြီးတော့ အလင်းစက်ကို .. ဓာတ်ပုံရိုက်ခွင့်တောင်းသည်။ ထိုပုံတွေကို လိုသလောက် ပွားများချေဦးမည်။ သူ့အိပ်ခန်း၊ ရုံးခန်း၊ ဧည့်ခန်းတွေမှာ .. ဟိုနံရံမှာ ချိတ်၊ သည်နံရံမှာ ခိုက်ဖြင့်.. လုပ်ချေဦးမည်။ ဤသို့ .. သူ ကြံစည်ပြီး ရောက်လာခြင်း ..။

www.burmeseclassic.com

www.burmeseclassic.com



"သဘောကတော့ ဆရာမရယ် .. မူရင်းပန်းချီကို မပိုင်ရရင်တောင်မှ .. ပုံတူတစ်ခုကိုတော့ .. ပိုင်ချင်လို့ပါ .."

ဟု ပြောလာတော့ ရှင်လွှန်း ခေါင်းခါသည်။ ခွင့်ပြုလေနိုးနိုးဖြင့် မျှော်လင့်ရင်း စောင့်ဆိုင်းနေသည့် သူ့မျက်နှာ ညို့ခနဲဖြစ်သည်။ မျက်မှောင်တွန့်၍ အတန်ကြာလည်း ရှင်လွှန်း ကို ကြည့်လိုက်သေး၏။

"မဟုတ်သေးဘူးလေ .. ပန်းချီကား မရောင်းချင်နေပါ .. အခုဥစ္စာက .. ဓာတ်ပုံလေးတောင် ရိုက်ယူလို့မရဘူးတဲ့လား .. ဒီမှာ ဆရာမ.. ကျွန်တော် .. အဲဒီအတွက် .. ငွေဘယ်လောက်ပေးရမလဲ .."

ရုတ်ခနဲ မခံချင့်ဖော်ဖြင့် မေးချလိုက်သည့် သူ့ကို ပြုံး၍ ရှင်လွှန်း ကြည့်သည်။ သူ ကိုယ်တိုင်ကလည်း စိတ်ထဲလွှတ်ခနဲဖြစ်ကာ ကောက်မေးလိုက်သည့် အမေးအတွက်ပြန်၍ နောင်တရသွားသလို တစ်ချက်ငိုင်ခနဲဖြစ်၏။ နောက်တော့ မနေတတ်မထိုင်တတ်သည့်နှယ် သက်ပြင်းရှိုက်ကာ ရှင်လွှန်း ကို တောင်းပန်ကြည့် ကြည့်ပြန်သည်။

"ကျွန်တော် ပြောတာက တစ်မျိုးပါ .. အလကားပဲတင်းလာပြီး ဓာတ်ပုံရိုက်ယူသွားဖို့ ကြံစည်နေတယ်ဆိုတာမျိုးမဟုတ်ဘူးဆိုတာ .. အဲသလိုသဘော ပြောတာပါ .. ငွေဂုဏ်မောက်ပြောတာမဟုတ်ပါဘူး.. ကျွန်တော်ကလည်း ငယ်ကျင့်ကိုက ခက်တယ်ဗျ .. လိုချင်တာမရရင်.. နေလို့ကိုမရတာဗျ .."

"ဒါပေမယ့် .. အခုကိစ္စကတစ်မျိုးလေ ဆရာရဲ့ .. ဆရာအရင်တုန်းက လိုချင်တာမရရင်ဆိုတဲ့အရာတွေက .. လူတစ်ယောက်ရဲ့ အနုပညာဆိုတာတော့ ပါခဲ့ပုံမရပါဘူး .. ငွေနဲ့ ဝယ်ချင်တိုင်းဝယ်လို့မရတဲ့အရာထဲမှာ .. အနုပညာဆိုတာ ပါပါတယ် .. ကျွန်မရဲ့ အလင်းစက်ဟာ .. ကျွန်မရဲ့ ကိုကြီးအတွက် ရည်းစူးရာပါ .. တခြားသူတစ်ယောက်ဆီကို.. ဘယ်လိုပုံစံမျိုးနဲ့မှ .. ရောက်စရာကိုမရှိတာပါ .. ဒါ .. ကျွန်မနဲ့ ကိုကြီးတို့နှစ်ယောက်တည်းအတွက် သီးခြားရှိနေတဲ့ အလင်းစက်ပါ ဆရာ.."

သူက ဖြေရှင်းစကားကိုဆိုနိုင်ဖို့ ကြိုးစားသည်။ ရှင်လွှန်း က ..



အငြင်းစကားကိုပြတ်ပြတ်ထင်ထင်ပြောသည်။ နှစ်ဖက်သည် ညှိနှိုင်းမရအခြေအနေ ..။

"မဟုတ်သေးဘူးလေ ဆရာမ .. အနုပညာဆိုတာ .. တစ်ယောက်တည်းအတွက်ပဲ ပိုင်နေရမယ်လို့ မသတ်မှတ်ရဘူးဗျ – ဥပမာ .. ကျွန်တော့်ဝတ္ထုတွေဟာ .. ကျွန်တော့်ကို အားပေးချစ်မြတ်နိုးကြတဲ့ စာဖတ်သူတွေအတွက် .. ရေးဖွဲ့နေတာပါပဲ .. ကျွန်တော့်အနုပညာကို .. ကျွန်တော့်စာဖတ်သူတွေပိုင်ကြပါတယ် .. ဆရာမရဲ့ ပန်းချီကားကို .. မြတ်နိုးတဲ့သူတွေကို .. ဆရာမ ပိုင်ဆိုင်ခွင့်ပေးသင့်တာပေါ့ .."

သူ နောက်မဆုတ်နိုင်စတမ်း ဆက်ပြောနေတော့ ရှင်လွှန်း ခေါင်းခါသည်။

"အနုပညာသည်တိုင်းဟာ .. လူတွေပါပဲ .. လူတွေနဲ့တူတဲ့ခံစားချက်တွေ ရှိကြတယ် .. လူတွေရဲ့ ရသင့်တဲ့ အခွင့်အရေးကိုလည်း ရကြရပါမယ် .. လူတစ်ယောက်ဟာ .. သူချစ်တဲ့သူကို တမ်းတခွင့်ရှိတယ်.. လွမ်းဆွတ်ခွင့်ရှိတယ် .. အဲဒီလူအတွက် သီးသန့်ထားရှိတဲ့ မြတ်နိုးခြင်းရဲ့ သင်္ကေတတွေကို ဖန်ဆင်းနိုင်ခွင့် .. ဖန်တီးခွင့်ရှိတယ် .. အဲဒီအရာထဲမှာ .. ပန်းချီဆိုတာလည်း ပါပါ၏ .. ကျွန်မ မြတ်နိုးတဲ့ ကိုကြီးကို.. တမ်းတခြင်းအထိမ်းအမှတ်အဖြစ် .. အဲဒီ ပန်းချီကားကို .. မနေ့က .. အလင်းစက်ပန်းချီပြပွဲမှာ ပြသထားခွင့်လည်းရှိမှုပါတယ် .. ဘာလို့လည်းဆိုတော့ .. အဲဒီ ပန်းချီအရောင်းနဲ့ ပန်းချီပြပွဲဟာ .. ကိုကြီးရဲ့ ဆန္ဒကြောင့်ဖြစ်တည်ရတာမို့ပါပဲ .."

ဟု တည်တည်ငြိမ်ငြိမ်ပြောလာတော့ သူ ငိုင်၏။ ခေါင်းခါသည်။

"ခင်ဗျား မတရားဘူးဗျာ .. လူတစ်ယောက်ကို .. နှိပ်စက်နေတာနဲ့ တူတူပဲ .. ညှိနှိုင်းတာလေးလောက်တော့ လုပ်ရမှာပေါ့ဗျ .. ခုဥစ္စာက .. ခင်ဗျားပြထားတဲ့အလင်းစက်ကို .. ကျွန်တော် မြင်ရတာက .. ခင်ဗျားကြောင့်ပဲ မဟုတ်လား .. ခင်ဗျားမှာ တာဝန်မကင်းဘူးဆိုတာလောက်တော့ ဝန်ခံရဲစမ်းပါ .. ဘယ့်နှယ်ဗျာ.. အလင်းစက်ကိုစွဲလန်းရင်း ရောက်လာတဲ့သူတစ်ယောက်ကို .. သက်သာခွင့်လေးတစ်ခုလေးလောက်မှ ခင်ဗျား

www.burmeseclassic.com



ညှိနှိုင်းမခံတာ လွန်လွန်းပါတယ် .. ဒီမှာ .. ခင်ဗျား .. ဒီလောက် လွှမ်းနေရင် .. ဘာလို့ .. သိမ်းမထားလဲဗျာ .. ခင်ဗျားရဲ့ မူပိုင် အလင်းစက်ကြီးကို .. မပြနဲ့ပေါ့ .. မပြနဲ့ပေါ့ဗျ .. ဟင် .."

ရှင်လွှန်း ပင် အံ့သြသွားရပါပြီ ..။ ဒေါနှင့် မာန်နှင့် ..။ မခံချင်စောဖြင့် စားပွဲကိုပုတ်၍ အံခဲမေးသည့် မာကြောကြောအသံ ..။ မာကြောကြောဟန် ..။ မကျေမချမ်းကြီး ကြည့်နေသည်ကလည်း ခံပြင်းသည့်ဟန်ပန် ..။

"ကျွန်မ ပြောခဲ့ပြီးပါပြီ .. ကိုကြီးရဲ့ဆန္ဒနဲ့ ဖြစ်တည်တဲ့ပွဲလေမို့ .. ကျွန်မရဲ့ အလင်းစက်ကို .. ရှိစေခဲ့တာပါလို့ .."

ဟု ဖြေလိုက်ရသည်က ရှင်လွှန်း ပါ ..။ သူ .. ငိုင်သွားသည်။ စိတ်လျှော့လိုက်ပုံဖြင့် ကုလားထိုင်ကျောမှီကိုမှီ၍ထိုင်နေသည်။ စိတ်ဓာတ်ကျသွားဟန် ..။ စောစောကလူတစ်ယောက်မဟုတ်တော့ဘဲ အခြားတစ်ယောက်နယ် အရမ်းကို ခြားနားသွားသည့်သူ့ကို ရှင်လွှန်း ငေးကြည့်ရင်း ပထမဆုံး ခံစားလာရသည်က အားနာစိတ် ..။ ဟုတ်သည် ..။ အားနာစိတ် ..။ ချက်ချင်းလည်း ရှင်လွှန်း လန့်သွားရသည်။ ဟင့်အင်း ..။ အားနာစိတ်ထား၍ မဖြစ် ..။ ပြတ်သားမှဖြစ်မည်။ ထိုသူနှင့် ရှင်လွှန်း မရင်းနှီးလို ..။ အရင်းနှီး မခံနိုင် ..။

"ကောင်းပြီလေ .."

သူ ခပ်ညည်းညည်းပြောလာသည်။ စားပွဲပေါ် လက်ဖဝါးတွေကို အားလျော့လျော့ပုံစံဖြင့် ဖေးတင်ငြိမ်သက်နေသည်။ ရှင်လွှန်း ကိုလည်း ကြည့်သည်။ စောစောကနယ် မာကြောရိပ်မရှိ။ ဒြင်းခုန်ရိပ်မရှိ ..။ အကြည့်သည် .. ပင်ပန်းခြင်း၏အရိပ်တွေဖြင့် ညှိုးဖျော့၏။

"ကျွန်တော်က .. ကောင်းကင်က လဝန်းကြီးကို မော့ကြည့်ရင်း .. ပိုင်ချင်လှချေရဲ့လို့ ငိုနေတဲ့ ကလေးတစ်ယောက်လို ဖြစ်နေတယ် ဆရာမ .. ထားပါတော့လေ .. ဆရာမရဲ့ ကိုကြီးအတွက်ကတော့ .. ကျွန်တော် .. ဝတ်ယူပါတယ်ဗျာ .. သူ .. အလွန်ကံကောင်းတဲ့သူပါ .. ဆရာမလို .. မိန်းတစ်ယောက်ရဲ့ ခင်ပွန်းဖြစ်ရတဲ့အတွက် .. သူဟာ .. ထွယ်လွန်ပြီး



ချိန်မှာတောင် ကံကောင်းခြင်းကိုပိုင်ဆိုင်နေတဲ့သူပါ .."

ဟု ပြောလာတော့မှ ရှင်လွှန်း မျက်လွှာချမိသည်။ မာကြောသော စကားလည်း မရှိတော့ပြီ။ ခံပြင်းသော အကြည့်လည်း ပျောက်ကွယ်ပြီ။ ရှင်လွှန်း ကိုပင် အထင်တကြီးနိုင်သောအကြည့်တွေဖြင့် ကြည့်လာနေသည်။

"လိုချင်စောတစ်ခုကြောင့် .. စောစောက .. ကျွန်တော် စကားပြောမှားခဲ့တာတွေရှိသမျှ .. တောင်းပန်ပါတယ် ဆရာမ .. ကျွန်တော် .. ပြန်ပါမယ် .. အလင်းစက်ကို .. ကျွန်တော့်နှလုံးသားထဲမှာ သိမ်းဆည်းထားရင်းဆိုပါတော့ .. ဒီမှာ ဆရာမ .."

သူ ထရပ်နေသည့် အနေအထားမှ တစ်ချက်ခါးကိုင်း၍ ရှင်လွှန်း ကိုကြည့်သည်။ စားပွဲမျက်နှာပြင်တစ်ခုခြားလျက် ရှိနေပေမယ့် ..။ ထိုသို့ သူ ခါးကိုကိုင်းလိုက်တာ ငုံ့မိုးကြည့်လာတော့ ထိုင်နေသည့် ရှင်လွှန်း နှင့် အနေနီးလာသယောင်ရှိ၏။ သူ တည့်မတ်စွာ ရှင်လွှန်း ကို ကြည့်သည်။ ခပ်သဲ့သဲ့ပြုံး၏။

"အနုပညာဆိုတာ .. လူတစ်ယောက်ရဲ့ နှလုံးသားထဲမှာ .. ပုံတူတစ်ခုအဖြစ်လည်း ခိုအောင်းနေလို့ရပါတယ် ဆရာမ .. ဥပမာ .. ဆရာမရဲ့ အလင်းစက်ဆိုဝါတော့ .. အဲဒီ ပန်းချီကားကို စွဲလန်းနေတဲ့ .. မြတ်နိုးနေတဲ့ ကျွန်တော့်နှလုံးသားထဲမှာ .. ပုံတူပုံရိပ်တစ်ခုတောင်မဟုတ်တော့ဘဲ .. အဲဒီ ပန်းချီကားမူရင်းကြီးကို .. ဖြုတ်ပြီး ချိတ်ထားလိုက်သလို .. ပန်းချီအစစ်ကြီးတစ်ခုကို သိမ်းထားသလို .. သိမ်းဆည်းထားနိုင်ဝါတယ် .. အဲဒါ .. အနုပညာကိုမြတ်နိုးတဲ့သူတွေရဲ့ အခွင့်အရေးပါပဲ .. ဆရာမ သဘောမတူလည်း .. အဲဒီပန်းချီကားရဲ့ လက်ရာတစ်ခုလုံးဟာ ယောဒီ .. ကျွန်တော့်ရင်ဘတ်ထဲမှာ .. နှလုံးသားထဲမှာ .. ရှိနေပါလိမ့်မယ် .. ကဲ .. ကျွန်တော် ပြန်ပါ့မယ် .. ဂွတ်(ဒ်)လာ့(ခ်) .."

ကံကောင်းပါစေဟုပင် ဆုတောင်းပေးသည့်နောက်မှာ သူ အခန်းထဲမှ ထွက်ခွာသွားပါ၏။ တံခါးကိုဖွင့်၍ အပြင်ထွက်သွားသည်အထိ ရှင်လွှန်း ငြိမ်သက်စွာထိုင်ရင်းငေးကြည့်နေမိရသည်ပါပဲ ..။

www.burmeseclassic.com

www.burmeseclassic.com



ရှင်လွန်း တစ်ချက်ငိုင်ခနဲဖြစ်၏။

သူ့ကို .. ရှင်လွန်း မတားဆီးနိုင်ပါတဲ့လားနော့ …။

ပြော် .. အလင်းစက်ကို .. သူ့နှလုံးသားထဲမှာ သိမ်းဆည်းထားခြင်းကို .. ရှင်လွန်း .. မတားဆီးနိုင်ပါတဲ့လားလေ …။

ရှင်လွန်း မျက်ရည်ကျလာသည်။ ရှင်လွန်း .. အလင်းစက်ကို ရင်တနင့်နင့်ဖြင့် .. ရင်ကိုရင်း၍ .. ဆွဲခဲ့ခြင်းသည် .. ကိုကြီး အတွက်ပါ…။ ရှင်လွန်း ၏ ကိုကြီးအတွက်ပါ …။ အခြားသူတစ်ယောက်၏ .. နှလုံးသားမှာ .. သိမ်းဆည်းထားရန်မဟုတ် …။ ဒါပေမယ့် ဆရာကတော့ .. ပြတ်သားစွာ အသိပေးခဲ့သည်။

ကြေကွဲစွာပြောခဲ့သော စကား …။ ဒါပေမယ့် .. ခေါင်းမာရိုပ်တွေ ပြည့်သိပ်နေချေသည်တကား …။

သေချာတာတစ်ခုကတော့ .. အလင်းစက်သည် .. ဆရာ့နှလုံးသားမှာ စိုအောင်းနေပါချေတော့မည် …။ ရှင်လွန်း ကိုယ်တိုင်ပင်လျှင် .. ဆွဲနှုတ်ဖယ်သိမ်း၍ မရနိုင်တော့ပြီ …။ အလင်းစက်သည် .. ရှင်လွန်း ၏ ကေသရီစည်ခန်းဆောင်မှာ ရှိနေသည်။ ပြီးတော့ .. ရှင်လွန်း ၏ နှလုံးအိမ်မှာလည်းရှိနေသည်။

ခုကျတော့ .. ဆရာကပြောခဲ့သည်။ ဆရာ့နှလုံးအိမ်မှာလည်း ရှိနေသည်တဲ့ …။ ဆရာ .. ဘယ်သောအခါတွင်မှ .. အနှုတ်သိမ်း .. အဖယ်ရှားခံမှာမဟုတ်သည့် .. ပန်းချီကားတစ်ချပ်အဖြစ် .. ရှိနေခြင်း …။

ရှင်လွန်း .. မျက်ရည်ကျလာရပါပြီတည်း …။

ထိုစဉ်ခိုက် .. အခန်းတံခါးသည် .. ရုတ်ခနဲပြန်၍ ပွင့်လာသည်။ တံခါးဝမှာ .. ဆရာရပ်နေသည်။ တွေတွေကြီးကြည့်နေသည်။ မျက်နှာထက်မှာ နောင်တရိပ်ထင်၏။ ရှင်လွန်း ၏ မျက်ရည်စက်တွေကို မမြင်ရက်သည့်နှယ်လည်းရှိ၏။ ရှင်လွန်း ထံ ဆရာပြန်လျှောက်လာသည်။ ထိခိုက်ခံစားရိပ်တွေ ဖွန်းထင်းအုပ်မိုးခြင်းခံနေရသည့် သူတစ်ယောက်အဖြစ် ရောက်လာခြင်း …။



"ကျွန်တော် .. အောက်ထပ်ရောက်ပြီးမှ .. ကားပေါ်ရောက်ပြီးမှ.. ကားစက်နှိုးတော့မယ့်အချိန်မှာ .. အသိတရားတစ်ခုဝင်လာတယ် .. ဆရာမ ငိုနေလိမ့်မယ်လို့ .. အဲဒါ .. ခံစားမှုပါပဲ .. ချက်ချင်း .. ကျွန်တော် ပြန်လာမိတယ် ဆရာမရယ် .. ကျွန်တော့်ကြောင့် .. ဆရာမ .. မျက်ရည်ကျရတာကို .. ကျွန်တော် ရင်ထဲမကောင်းဘူး .. ခုလို .. တကယ်ပဲ .. ဆရာမတစ်ယောက်တည်း မျက်ရည်တွေ သောသောဖြိုင်ဖြိုင်ကျနေတာကို မြင်ရတော့ ကျွန်တော် .. မှားပြီဆိုတာ နောင်တပိုဖြစ်ရတယ် .. ကျွန်တော့်ရှေ့မှာ ခေါင်းမာမာနဲ့ .. မထုံတက်တေး နေပြခဲ့တဲ့ ဆရာမဟာ ကျွန်တော်မရှိတော့တဲ့အချိန်မှာ .. ကိုကြီး ဆိုတဲ့သူကို .. တမ်းတရင်း.. မျက်ရည်ကျနေတာကိုမြင်လိုက်ရတယ် .. ကျွန်တော်ဟာ .. ဆရာမကို.. မျက်ရည်ကျအောင် လာလုပ်တဲ့သူတစ်ယောက် ဖြစ်နေပါရောလားဗျာ.. ဟင် .."

ဟု မချိတင်ကဲပြောလာခိုက်မှာ ရှင်လွန်း မျက်ရည်သုတ်သည်။ ဆရာ့ကိုလည်း မော့ကြည့်မိသည် …။ မမှိတ်မသုန် ကြည့်နေသည့်အကြည့် တစ်ခု၏ အောက်မှာ ရှင်လွန်း ရောက်နေရပါ၏။ နူးညံ့သောအကြည့်..။ သိမ်မွေ့သောမျှဝေနားလည်ကြည့် …။

"ကျွန်မ .. မငိုသင့်ပါဘူး ဆရာမ .. ကိုကြီး ခံနိုင်ရည်မရှိဆုံးသော အရာဟာ .. ကျွန်မရဲ့ မျက်ရည်ပါ .. ကျွန်မ .. ကျွန်မ .. မငိုသင့်ပါဘူး.."

ဟု တိုးသဲ့စွာ ပြောလိုက်မိစဉ်မှာ ဆရာ သက်ပြင်းရှိုက်သည်။ စားပွဲပေါ် လက်ဖဝါးကို ဖေးထောက်၍ ခါးကိုင်းရပ်နေပုံက ရင်ထဲထိခိုက်ရလွန်းသည့်စိတ်ကြောင့်ပဲ ဖြစ်လေသည်။

"ကျွန်တော်ကိုယ်တိုင် .. အနုပညာသည်တစ်ယောက်ပါ ဆရာမရယ် .. အလင်းစက်ကို .. ပိုင်ချင်တဲ့ဇောတစ်ခုနဲ့ .. လာပြောမိခဲ့ပေမယ့်.. ဆရာမရဲ့ .. သစ္စာ .. အဲဒါကို .. သိမြင်ရင်း .. ကားပေါ်က ပြန်လာဖို့ ခြေလှမ်းတွေကို မြေပေါ်ပြန်ချ နောက်တစ်ကျော့ ဆရာမဆီကို ရောက်လာမိရတာကလည်း .. အနုပညာသည်ရဲ့ မျှဝေနားလည်တတ်တဲ့ စိတ်တစ်ခုဆီကပေးလာတဲ့ အသိကြောင့်ပါ .. ဒီနေ့အတွက် .. ကျွန်တော်..

www.burmeseclassic.com

www.burmeseclassic.com



ယူကျုံးမရဖြစ်ရပါတယ် ဆရာမရယ် .. အခုလည်း .. မျက်ရည်ကျအောင် လာလုပ်မိပြီကောဗျာ ..”

ဟု ထိထိခိုက်ခိုက်ပြောလာသည့် ဆရာသည် .. ရှင်လွန်း ကို .. အတန်ကြာကြည့်နေသည်။

“ဖြစ်ရလေ ..”

မချိတင်ကဲ ညည်းသံ ...။ ရှင်လွန်း လန့်ခနဲဖြစ်ကာ ဆရာ့ကို ကြည့်မိရပါပြီ ...။ ကိုကြီး၏ .. ဖြစ်ရလေ .. ဟု ညည်းသံ ...။

ခု .. ခု .. ဆရာသည်လည်း .. ညည်းသံမျှင်မျှင်သဲ့သဲ့ဖြင့် .. ညည်းလိုက်ရှာချေသည်တကား။ တုန်လှုပ်ချောက်ချားစွာ ကိုကြီး၏ ဓာတ်ပုံကြီးကို အလန့်တကြား ရှင်လွန်း ကြည့်လိုက်မိရပါပြီ။ အေးချမ်းသော အပြုံးဖြင့် ကြည့်နေသော ကိုကြီး ...။ ဩော် .. တစ်နေ့မှာ .. ရှင်လွန်း ကို မျှဝေခံစားနားလည်ပေးမည့်သူတစ်ယောက် ..။ အနုပညာမြတ်နိုးသူတစ်ယောက်ကို .. တွေ့ရမည်ဟု .. ပြောခဲ့ပါလေသော ကိုကြီး ..။ ခု .. ခုလည်း .. ကိုကြီးသည် .. ဓာတ်ပုံထဲမှနေ၍ .. အေးချမ်းစွာ ပြုံး၍ ကြည့်နေချေသည်တကား ..။

“ဆရာမ ..”

တိုးဖွဖွခေါ်သံ ..။ ရှင်လွန်း ကိုကြည့်လိုက်ချိန်မှာ .. ရှင်လွန်း ၏ လှုပ်ရှားမှုမှန်သမျှ .. အကြည့်မှန်သမျှကို .. မလွှတ်တမ်းလိုက်၍ .. ကြည့်နေပုံရပါသည့် ဆရာသည် .. ရှင်လွန်း ကို ခုလည်း .. ကြည့်မြဲကြည့်နေသည်။ ကိုကြီး၏ ပုံကိုလည်း တစ်ချက်လိုက်၍ ကြည့်လိုက်သေးသည်။

“ကျွန်တော် .. နောက်တစ်ခေါက် .. ပြန်လာပါ့မယ် .. လာပါရစေ .. လာပါရစေ ဆရာမ ..”

ဟု ပြောပြီးတာနှင့် ဆရာ .. ချက်ချင်းလှည့်ထွက်သွားသည်။ ဤတစ်ကြိမ်မှာတော့ .. ဆရာသည် .. နောက်တစ်ကြိမ်ပြန်လှည့်ကာ အခန်းထဲဝင်လာတာ မရှိတော့ ..။

“ရှင် .. ဘယ်တော့မှ .. ထပ်မလာပါနဲ့ ..”



ရှပ်လွန်း အော်ပြောချင်နေသည်။ ဒါပေမယ့် ဆရာက မရှိတော့ပြီ ..။ မြန်ဆန်လွန်းစွာ ထွက်ခွာသွားပြီ ..။

အခန်းထဲမှာ ရှင်လွန်း တစ်ယောက်တည်း ငြိမ်သက်ကျန်ခဲ့ပါ၏။ ကိုကြီး၏ ဓာတ်ပုံကြီးကို မျက်တောင်မခတ်ကြည့်နေမိသည်။ ကိုကြီး လှမ်း၍ ကြည့်နေသည်ဟုလည်း ခံစားလာနေရသည်။ တစ်ခုခုကို တိုက်တွန်းနေသည်ဟုလည်း ထိတ်လန့်လာနေသည်။

“သူ့ကို .. သူ့ကို .. ရှင်လွန်း ဆီ .. ကိုကြီး လွှတ်ပေးနေတာလား.. ရှင်လွန်း နဲ့ ကိုကြီးတို့နှစ်ယောက်တည်းရဲ့ဘဝထဲကို .. နောက်ထပ်.. ဘယ်သူ့ကိုမှ မလာပါစေနဲ့ ကိုကြီးရယ် .. ကိုကြီးရဲ့ နောက်ဆုံးအချိန်လေးမှာ မပေးမဖြစ်လို့ ပေးခဲ့လိုက်ရတဲ့ ကတိလေးတစ်ခုအပေါ်မှာ .. ကိုကြီး .. မမေ့ဘဲ သတိတရလုပ်မနေပါနဲ့တော့ .. ရှင်လွန်း မှာ ကိုကြီး ရှိနေတယ်လို့ .. ရှင်လွန်း ခံယူနေချိန်မှာ .. ကိုကြီး ရှင်လွန်း ကို .. တစ်ခုပဲ ခွင့်ပြုပေးလိုက်ပါတော့ .. ကိုကြီးကို .. ကိုကြီးကို .. ချစ်နေခွင့် .. ကိုကြီးရဲ့ အရိပ်ရှိနေတယ်လို့ ခံယူခွင့် .. အဲဒီအရိပ်မှာ .. သက်ဆုံးတိုင်မှီ .. ရှင်လွန်း နေခွင့် .. အဲဒါတစ်ခုကိုပဲပေးပါ ကိုကြီးရယ် ..”

ရှင်လွန်း ရင်တွေကျေမွနေသည့်နှယ် ခံစားနေရသည်။ ဆစ်ခနဲ ဖျစ်ခနဲအသံတွေ နှလုံးအိမ်ဆီမှ မြည်နေသည်သို့ရှိ၏။ နှလုံးသားသွေးကြောမျှင်တို့ ပြတ်တောက်ကုန်သည့်နှယ်ရှိနေသည်ကောလေ ..။ ရှင်လွန်း ၏ လက်လေးတွေ စားပွဲပေါ် ဖေးထောက်ချိန်မှာ ဆတ်ဆတ်တုန်ခါနေကြပြီ။ ကျုံး၍ထရပ်လိုက်မိကာ ကိုကြီး၏ ရှေ့မှာ သွားရပ်မိလိုက်ရပါပြီ။ ဓာတ်ပုံ၏ အနားကွပ်ရာ ဘောင်နေရာကို လက်ဖြင့်ဖွဖွသပ်နေမိသည်။

“ကိုကြီးကို လွမ်းဆွတ်နေရတဲ့ ပန်းလေးတွေ .. ခုထိ လတ်ဆတ်နေကြဆဲပါ .. တမ်းတရတဲ့ ပန်းအလှကဗျာတွေလည်း မနွမ်းသေးနိုင်ကြပါဘူး ကိုကြီးရယ် .. ကိုကြီးနဲ့တူတူရှိနေခဲ့ကြရတဲ့ အတိတ်ကပုံရိပ်လေးတွေကို အသက်ပြန်သွင်းချင်နေတဲ့ဆန္ဒတွေ မပြည့်ဝနိုင်ကြတော့ဘူးဆိုတာ သိနေပေမယ့် .. အဲဒီဘဝကို .. လိုချင်နေတဲ့ငါ့ဖော .. ချင်တဲ့ဖောဘွ

www.burmeseclassic.com



ဟာ .. ရှင်လွှန်း ရဲ့ ရင်ထဲမှာ အတောမသတ် .. ရှိနေကြတာပါရှင် .. အဲဒါ.. အဲဒါ .. သက်ဆုံးတိုင်မျှပါ ကိုကြီးရယ် .. ရှင်လွှန်း ရဲ့ သက်ဆုံးတိုင်မျှပါ..”

ရှင်လွှန်း ပြောနေသည်က ငိုညည်းနေပုံဖြစ်နေသည်။ ငိုသံသည် ညည်းတွားမှု ဆန်နေသည်။ ညည်းတွားသံသည် ငိုသံတွေဖွက်နေသည်။ ရှင်လွှန်း ၏ လက်ဖျားလေးတွေက ခြတ်ပုံထဲမှ ကိုကြီး၏ ရင်ကိုထိ၏။

ထိုစဉ်နိုက် .. ညင်သာသော .. အသံတစ်ခုကိုကြားရသည်သို့ရှိ၏။ ဝီးလ်ချဲ၏ ဘီးရွေ့သံ ...။ သြော် .. ရှင်လွှန်း ၏ အာရုံထဲမှာ ခုထိ .. ပျောက်မရနိုင်စွာ .. တမ်းတရမြဲဖြစ်ချေသောအသံ ...။ ကိုကြီးကို အလွမ်းအမင်း တမ်းတရင်း ငိုမိချိန်တိုင်းမှာ .. ကိုကြီးကို တမ်းမွတ်စွာ တမ်းတလိုက်ရချိန်မှာ ...။ စွဲလန်း စွဲထင် .. ရှိရလွန်းပါသည့် .. ထို .. ဝီးလ်ချဲ၏ ရွေ့သံ...။ ထိုအသံမျိုးကို .. ရှင်လွှန်း ကြားကြား နေမိရတတ်စမြဲ ...။

“ဒီလောက်ထိ .. ဒီလောက်ထိ .. ကိုကြီးကို .. စွဲလန်း .. မြတ်နိုးစွာ .. အရူးအမူးတမ်းတနေရတဲ့ ရှင်လွှန်း ပါ .. လွမ်းနေရတဲ့ လွှန်းပုံပါ .. သိပါတော့ .. သိနေပါတော့ ကိုကြီးရယ် .. ဟင် ..”

ရှင်လွှန်း ဤတစ်ကြိမ်မှာတော့ ကြမ်းပေါ်ထိုင်ချလိုက်မိရပါပြီ...။

ကျယ်ပြန့်လွန်းသော ရုံးခန်းကျယ်ကြီးထဲမှာ .. ရှင်လွှန်း ၏ ပါးလျားသော ကိုယ်လေးသည် .. သေးနွဲ့နွဲ့လေး .. ကြမ်းပေါ်မှာ အရုပ်ကြိုးပြတ် ပုံပုံကျထိုင်နေသည် ...။ လက်သည် ကော်ဇောထက်မှာ ဖေးထောက်လျက် သားရှိ၏။

အကြည့်သည် .. ကိုကြီး၏ ဓာတ်ပုံကြီးရှိရာသို့ တမော့မော့အား လျော့စွာ လည်တိုင်ကို အနိုင်နိုင်ထိန်းမတ်၍ .. ကြည့်နေမိရသည်က လည်း .. အားကုန်ကြိုးပြတ်ဆန်နေသည်ပါပဲ ...။



## အခန်း (၂၁)

လူတစ်ယောက် သုံးလတာကာလအတွင်းမှာ ဤမျှအထိပြောင်းလဲ ချုံးကျသွားတာကို မယုံကြည်နိုင်အောင်ဖြစ်ရင်း တစ်ဆက်တည်း နား မလည်နိုင်အောင်လည်း ဖြစ်ရပြန်သည်။ ဘာကြောင့် .. ဤမျှအထိ ဆရာ သည် ယူပစ်သလို ပိန်ကျသွားရပါသတဲ့လဲ ...။

နောက်တစ်ခေါက်တော့ ပြန်လာဦးမည်ဟု ပြောကာ ထွက်သွား သော ဆရာသည် သုံးလကျော်ကြာသည်အထိ ရောက်မလာခဲ့ ...။ ဤ အတွက် .. ရှင်လွှန်း ရင်ထဲမှာ စိတ်သက်သာရာရနေခဲ့သည်။ ပတ်သက် စရာအကြောင်းမရှိတော့ပြီဟုလည်း စိတ်တုံးတုံးချအေးချမ်းနေမိခဲ့သည်။

ခုကျတော့ .. ရှင်လွှန်း ၏ ရုံးခန်းဆီသို့ မနက်ပိုင်းမှာ ရောက်လာ ခဲ့သူသည် မျှော်လင့်မထားသော ဆရာဖြစ်နေလျက် ...။ ဆရာသည် .. အသားတွေပင် ညိုနေသည်အထိ အသားအရေကအစ ခြောက်သွေ့သွေ့ ဖြစ်နေကာ ...။ လူကလည်း လူမမာကြီးနှယ် ဖြစ်နေတာ မြင်ရတော့ စိတ်မကောင်း ...။

မောင်ပြုံး လာ၍ သတင်းပို့သည်မို့ ...။ ငြင်းမရသည့်အတူတူ ခဏ တော့ တွေ့လိုက်ဖို့ပဲရှိသည်မို့ ...။ အခန်းထဲဝင်ခွင့်ပြုခဲ့စဉ်ကတော့ စိတ်အဲ ရှုပ်ထွေးနေခဲ့ရသည်က ရှင်လွှန်း ပါ။ တွေ့မည့်တွေ့ပြန်တော့လည်း ပါးလှပ်လှပ်ဖြင့် ရောက်လာသည့် ဆရာ ...။

“ကျွန်တော် .. မနေနိုင်လွန်းလို့ .. လာမိပါတာ ဆရာမ .. ခွင့်လွှတ်

www.burmeseclassic.com



ပါဗျာ ..."

ဆရာ စားပွဲရှေ့မှာရပ်လျက် ခပ်ငေးငေးကြည့်ကာ တောင်းပန်စကားကို အရင်ဆိုသည်။ ရှင်လွန်း လုပ်လက်စဖိုင်တွေကိုပိတ်၍ ဘေးဘက်မှာ စီထပ်လိုက်မိကာ ..

"ထိုင်ပါဆရာ .. ထိုင်လိုက်ပါ .. နေမကောင်းဘူးလား .."

ဟု ထိုင်လည်း ထိုင်ခိုင်းမိ ..။ မေးလည်း မေးမိသွားရသည်။ ဆရာ့မျက်ဝန်းတွေ တစ်ချက် ရွှန်းလဲ့သယောင်ရှိ၏။ နောက်တော့လည်း ပြန်၍ မှိန်ဖျော့သွားကာ ခေါင်းခါသည်။

"မထိုင်တော့ပါဘူး ဆရာမ .. ခဏပါ .. ကျွန်တော်လာတာက.. ခဏလေးပါ .. ပြောချင်တာလေးတွေပြောချင်လို့ပါ ဆရာမရယ် .. ကျွန်တော် ခရီးထွက်သွားတာပါ .. တောင်ပေါ်မြို့ကလေးတစ်မြို့ဆီကိုဆိုပါတော့.. မေမေ့ကိုတော့ စာရေးချင်လို့ပါလို့ ခွင့်ပန်ခဲ့တာပါပဲ၊ ကျွန်တော့်စာပေတိုက်ကိုလည်း မေမေပဲ အလုပ်များနေတဲ့ကြားထဲက ကြည့်ပေးခဲ့ရတာပါ .. တကယ်က .. ကျွန်တော် စာရေးဖို့ခရီးထွက်သွားတာမဟုတ်ဘူး ဆရာမ .. ကျွန်တော် .. လန့်နေတာ .. ထွက်ပြေးနေမိတာပါ ဆရာမရယ်.."

ရှင်လွန်း နားမလည်နိုင် ..။ ဆရာက ဘာကိုလန့်၍ထွက်ပြေးရပါသတဲ့လဲ ..။ ပြီးတော့ ဘာကြောင့် ရှင်လွန်း ကို ဤကိစ္စတွေ တကန်တက လာပြောပြနေရပါသတဲ့လဲ ..။

ပြီးတော့ .. ဘာကြောင့်မထိုင်ဘဲနေဖို့ ဆုံးဖြတ်ထားရပါသလဲ ..။ မောလာဟန်ဖြင့် စကားမပြောနိုင်ပဲ ခဏနားလိုက်ကာ စားပွဲပေါ်လက်ဖဝါးကိုတင်၍ အားစိုက်ထိန်းနေပါသည့် ဆရာ့ကို ဤတစ်ကြိမ်မှာတော့ ရှင်လွန်း မျက်မှောင်လေးကုတ်၍ကြည့်သည်။ ဆရာကလည်း ထိုမျက်မှောင်လေးကုတ်၍ကြည့်သည်။ ဆရာကလည်း ထိုမျက်မှောင်အတွန့်ကြည့်ကို တုန့်ပြန်ကြည့်လာကာ နှုတ်ခမ်းထောင့်စွန်းလေးကွေးရုံမျှ ဖွဖွပြုံးပါ၏။

"ရှင် ခေါင်းမာနေတာကို ကျွန်မ သိပ်တော့အရေးမစိုက်ချင်ပါဘူး ဆရာဦးမိုးသစ်ဆမ်း .. ဒါပေမယ့် .. ကျွန်မရဲ့ ရုံးခန်းထဲမှာ .. ရှင်တစ်ခုခု



မူးမေ့လဲကျတာမျိုးကိုတော့ .. ကျွန်မ အဖြစ်မခံချင်ဘူးရှင့် .. ဒါကြောင့်.. ရှင်ခဏတော့ ထိုင်မှဖြစ်လိမ့်မယ် .. ပြီးတော့ .. အနည်းဆုံး အရည်တစ်ခုခုတော့ သောက်သင့်တယ် .. ဥပမာ .. နွားနို့တစ်ခွက်လောက်ဆိုပါတော့.."

ဟု ခပ်မာမာပြောနေတော့လည်း ပြုံး၍ကြည့်လာသည်။ ကြည်နူးသယောင်ပင်ရှိနေသေးသည်တည့် ..။

"ဆရာမက .. ရန်အဖြစ်ကောင်းလေးပဲ .. ပြီးတော့ .. ကျွန်တော့်ကိုမြင်တာနဲ့ .. နေမကောင်းမှန်းလည်းသိနေတယ် .. အခုလည်း .. ဝေကပ်ကပ်ရပ်နေရကောင်းလားလို့ ဆူပူနေတတ်တယ်၊ ကျေးဇူးတင်ပါတယ်ဆရာမ .. ဒါပေမယ့် .. ကျွန်တော် .. ခဏလေးပဲ နေမှာမို့လို့ပါ.. ဆရာမ ကျွေးမွေးဧည့်ဝတ်ပြုရာကိုလည်း မစားရဲလို့ပါ .. အစားတစ်လုပ်ဝင်သွားတဲ့ကျေးဇူးတရားကို မသိတတ်ရာရောက်ကောင်းချေသကောလို့ အပြောမခံပါရစေနဲ့ ဆရာမရယ် .."

ရှင်လွန်း စူးစမ်းသယောင်ကြည့်နေမိရပါပြီ။ စကားတွေကဆန်းနေသည်။ ဘာတဲ့ ..။ အစားတစ်လုပ်ဝင်သွားသည့်ကျေးဇူးကို မသိတတ်ရာ ရောက်မည်ဆိုသည့်စကား ..။ ဒါက .. ဘာကိုဆိုလိုခြင်းပါလဲ ..။

"ကျွန်တော့်ဖေဖေက .. ထိုင်းမှာပါ .. ကုမ္ပဏီထောင်ထားတာပါ .. မေမေက .. ထားရွှေစိုး ကုန်တိုက်နဲ့ အမြဲအလုပ်များနေတတ်သူပါ .. ကျွန်တော့်ကို အလွန်ချစ်ကြတဲ့ မိဘများပါ ဆရာမရယ် .. ငယ်ကတည်းက အလွန်အလိုလိုက်ကြတာပါ .. ကျွန်တော်ဖြစ်ချင်တာ .. လိုချင်တာ .. မရမရှိစေရပါဘူး .. အားလုံးလိုက်လုပ်ပေးကြတာချည်းပါပဲ .. ကျွန်တော် မြန်မာစာနဲ့ဘွဲ့ရပြီးတော့ ထားရွှေစိုး စာပေတိုက်ထောင်တယ် .. စာအုပ်ထုတ်တယ် .. ကျွန်တော်ကိုယ်တိုင်လည်း စာရေးတယ်.. အဲဒါကိုလည်း ခွင့်ပြုတာပါပဲ .. ကျွန်တော်ဟာ လိုတရာဝနဲ့ ကြီးပြင်းလာရတဲ့သူပါ .. ကျွန်တော်ကိုယ်တိုင်လည်း လိုချင်တာကိုရမှ .. နေတတ်ထိုင်တတ်တဲ့သူပါ ဆရာမ .."

ခုထိ ရပ်နေမြဲ ..။ လုံးဝမထိုင်ဘဲ ရှိနေဆဲ ဆရာ့ကို ခါးလိုင်းလိုဆို

www.burmeseclassic.com

www.burmeseclassic.com



လျှင်ဖြင့် မော့ခနဲကြည့်ဝစ်ကာ …

"ရှင် ချမ်းသာတာ … ရှင့်ကို ရှင့်မိဘတွေ အလွန်အလိုလိုက်တာတွေ … ရှင့်မိဘလုပ်ငန်းတွေ … ရှင့်ဘဝ လိုတရတွေကို … လာကြွားဖို့ သတ်သက်အတွက် … ဒီကနေ့ ဒီကိုရောက်လာတာတော့ မဟုတ်တန်ကောင်းပါဘူးနော် ဆရာဦးမိုးသစ်ဆမ်း … ကျွန်မ အချိန်သိပ်မရဘူးရှင့် … မအားဘူး …"

ဟု ပြောစစ်လိုက်မည်သာ …။ ခုဥစ္စာက … ရှင်လွန်း ရှေ့မှာ အရမ်းကို ပိန်ချုံးကျနေသည့် ရုပ်အဆင်းဖြင့် ရပ်နေသည့်ဆရာကို မကြည့်မလင်တုန့်ပြန်ဖို့ဆိုတာက … ရိုင်းရာရောက်ချေမည်မို့ အောင့်သက်သက်ဖြင့် ငြိမ်သက်နားထောင်ပေးလိုက်ရသည်ပါပဲ …။ ဘာပဲဖြစ်ဖြစ် …။ ခုလို … လိုတရာတစ်ခုကို … ရှင်လွန်း ရှေ့မှာ လာချပြတာမျိုးကိုတော့ သိပ်ပြီး ဘဝင်မကျ …။

"ကျွန်တော် ပထမဆုံးခံရတာက … အလင်းစက်ကိုမပိုင်ဆိုင်ရခြင်းပါပဲ ဆရာမ … ပိုက်ဆံတွေ ပုံအောပေးလိုက်ရင်တောင်မှ … မပိုင်ရကောင်းလားဆိုတာမျိုးကို … မခံချိမခံသာ အရမ်းဖြစ်ရတာ … အဲဒီအလင်းစက်ကိုလည်း အလွန်ပိုင်ချင်နေတာ … အခု … အခု … အဲဒါတွေအားလုံးထက် အဆများစွာပိုဆိုးတဲ့ဝေဒနာတွေ ရင်နဲ့မဆန့် ခံစားနေရမြန်ပြီ ဆရာမရယ် … ကျွန်တော် … ကျွန်တော် … အဲဒီခံစားချက်ကြောင့်ပြောတာ … ဒါပေမယ့် … ပြောမလွှတ်ဘူး ဆရာမ … လူတစ်ယောက်ဟာ … သူ့ အရမ်းမြတ်နိုးရာတစ်ခုကိုတွေ့ရင် … မဖြစ်နိုင်တာကိုလည်း သိနေရင် … အဲဒီနေရာက ပြေးမိရမှာပဲ … ဒါပေမယ့် … မြတ်နိုးရာဆိုတဲ့ ဗဟိုတိုင်လေးတစ်ခုကို … ဘယ်လိုဖတ်ပြေးပြေး … အဲဒီနေရာကိုပဲ ပြန်ပြန်ရောက်နေရတာမျိုးပါပဲ ဆရာမရယ် … ကျွန်တော် … ကျွန်တော် ဆရာမဆီက ပြေးမိတာပါခင်ဗျာ … ပြေးမိတာပါဗျာ …"

ဆရာ့အသံတွေ တိမ်ဝင်၏။ ရှင်လွန်း လည်း ဒိန်းခနဲရင်ကိုဆောင့်လိုက်သည့်နှယ် အလန့်တကြား ဖြစ်ကုန်ရပြီ …။ ဘုရားရေ …။ ရှင်လွန်း



ကြိုတင်လန့်နေသည့်အလန့် …။ တကယ်ကိုပဲ လက်တကမ်းမှာလာဆိုက်နေပြီတဲ့လား …။ ထိတ်လန့်ကုန်တာတွေကလည်း ရှင်လွန်း ၏ မျက်နှာထက်မှာ ဖုန်းဖိမရအောင် ပေါ်နေကြမည်သာ …။ ဒါကိုလည်း … ဆရာ မြင်နေရမည်သာတည့် …။ ဆရာ … ကြေကြေမွေမွေပြုံးသည်။ ရှုံးနိမ့်နေပြီးသူတစ်ယောက်၏ အားလျော့ကြေကွဲပြုံး …။

"ကျွန်တော် ကြိုတင်သိထားပြီးခဲ့ပြီးသားပါ … ဆရာမ … လန့်သွားမယ်ဆိုတာလေ … ဘာလို့လည်းဆိုတော့ … ဆရာမဟာ … ခင်ပွန်းသည်အပေါ်မှာ … အလွန်သစ္စာမြဲတည်မြတ်နိုးတဲ့သူဖြစ်နေလို့ပါပဲ … အဲဒါကို ကျွန်တော် သိတယ် … မြင်တယ် … အလင်းစက်ကို ဓာတ်ပုံရိုက်ယူခွင့်လာတောင်းမိခဲ့တဲ့ ကျွန်တော် … နောက်တစ်ခေါက် … ဒီရုံးခန်းကိုတစ်ကျော့ပြန်လာမိခဲ့တာကို ဆရာမ … မှတ်မိနေမယ်လို့တော့ထင်ပါတယ် … အဲဒီနေ့က … ဆရာမ … မျက်ရည်ကျနေတာကို … ကျွန်တော် မြင်ခဲ့ရတယ်လေ … ရင်ထဲမကောင်းလိုက်ပုံများ ဆရာမရယ် … ကျွန်တော် … ဆရာမကို စိတ်ထိခိုက်အောင် ကျွန်တော်လုပ်မိခဲ့ပြီကော်လို့ မချိတင်ကဲ ခံစားရပါတယ် … ဘာလို့လည်းဆိုတော့ … ဆရာမဟာ … ခင်ပွန်းသည်ကို လွမ်းဆွတ်တမ်းတနေတဲ့ ကြေကွဲအထီးကျန်မှုလှိုင်းတွေ ရိုက်ခတ်ရာ ရင်ပြင်တံတိုင်းတစ်ခုလိုရှိနေတဲ့နှလုံးသားနဲ့ ရှင်သန်နေရတယ်ဆိုတာ သိနေခဲ့ရလို့ပါပဲ …"

ရှင်လွန်း ငေးခနဲကြည့်မိသည်။ စိတ်လည်း အာရုံတစ်ချက်နစ်ဝင်၏။ ဘာတဲ့ …။ ဆရာ ပြောလိုက်သည့်စကား …။ ခင်ပွန်းသည်ကို တမ်းတလွမ်းဆွတ်နေသည့် ကြေကွဲအထီးကျန်မှုလှိုင်းတို့ရိုက်ခတ်ရာ ရင်ပြင်တံတိုင်းနှယ်ရှိလေသော နှလုံးသားတဲ့လားလေ …။ ဟုတ်သည်။ တကယ်လည်း ရှင်လွန်း ၏ နှလုံးသားသည် အစဉ်သဖြင့်အထီးကျန်ခြင်း၏ လှိုင်းတံပိုးတွေ ရိုက်ခတ်နှိပ်စက်ရာ ဗဟိုချက်မတစ်ခုဖြစ်နေသည်။ ထို ခံစားချက်တို့သည် ကြေကွဲခြင်းကို ဖြစ်တည်စေ၏။ နာကျင်ခြေမွခြင်းကို ခံစားစေ၏။ လွမ်းဆွတ်တမ်းတခြင်းကို အတော … သက်စေနိုင် …။

www.burmeseclassic.com

www.burmeseclassic.com



ထိုအရာတို့ဖြင့် ပြွန်းတီးနေသည့်နှလုံးသားဆီမှ သွေးတို့သည် ကိုယ်အနှံ့ စီး၏။ ပြန့်၏။ ရှင်လွန်း ၏ သွေးကြောအနှံ့မှာ စီးမျောရာသွေးတစ်စက်ကို ဖောက်ထုတ်ကြည့် ...။ စကားပြောတတ်ချေလျှင်ဖြင့် .. ကိုကြီးကို.. တမ်းတသမျှ .. လွမ်းဆွတ်သမျှ .. ပြောပြကြချေမည်သာ ...။ အထီးကျန်သူတစ်ယောက်၏ ခံစားချက်ပြင်းပြင်းတွေ အဘယ်မျှထိ ဆိုးဝါးနေကြသည်ဆိုတာကိုသည်း ပြောပြကြချေလိမ့်မည်။ သြော် .. သွေးစက်စက်တို့ ခြွေကြွေသက်၍ နှလုံးသား၏ မျက်ရည်စက်အဖြစ် သက်ရောက်သတည် ပြကြချေပါလိမ့်မည် ...။

ခုတော့ ...။ သြော် .. ခုတော့ .. ဆရာသည် .. ရှင်လွန်း ၏ ရင်ထဲမှ ခံစားမှုများကို အတော်ကြီး ဖမ်းဆုပ်မှုဝေသိနေသည့်လူတစ်ယောက်အဖြစ် .. ရှင်လွန်း ၏ ရှေ့မှာ ရပ်နေချေသည်တကား ...။

"ဆရာမ .."

ခပ်တိုးတိုး ဆရာခေါ်ပါ၏။ လည်ချောင်းတနင်နင်ဖြင့် ဖြစ်နေသည့်ဆရာသည် ပြောရမည့်စကားအတွက် အားစိုက်နေရတာလည်း သိသာနေသည်။ မပြောပဲလည်း ပြန်မည်မဟုတ်သည့် ဇောလည်းရှိနေတာ ရှင်လွန်း မြင်နေ နားလည်နေရပြီ ...။

"ဆရာမရဲ့ အဲဒီနေ့က မျက်ရည်စက် .. အဲဒီနေ့က .. ညိုးမျော့ကြေကွဲနေတဲ့ အရိပ်တွေ စွန်းထင်းနေတဲ့မျက်နှာ .. အထီးကျန်မှုရဲ့ ဒဏ်ရာဒဏ်ချက်တွေကို ငင်နဲ့မဆန့်အောင် မနိုင်ဝန်ထမ်းပြီး .. နှလုံးသားထဲမှာ မြုပ်နှံထားရတဲ့ဆရာမရဲ့ဘဝကို .. ကျွန်တော် .. ယောဒီတံခါးကို ဖွင့်အဝင်မှာ မြင်လိုက်ရကတည်းက .. ခံစားလိုက်ရတာဗျာ .. ကျွန်တော်.. ကျွန်တော် .. ဘယ်တုန်းကမှ ...အဲသလို .. အထီးကျန်နေတဲ့မိန်းမသားတစ်ယောက်ရဲ့ ဝေဒနာတွေ စွန်းထင်းနေရာ မျက်နှာနုနုလေးကို မမြင်ခဲ့ဖူးဘူး .. မကြုံခဲ့ဖူးဘူး .. ကျွန်တော် .. ဒီနေ့ထိလည်း .. အဲဒီမျက်ဝန်းလေး .. မျက်နှာလေး .. မျက်ရည်စက်လေးတွေကို ဘယ်လိုမှ ရင်ထဲက ထုတ်လို့မရနိုင်တော့ပါဘူးဗျာ .."



ဆရာ အသံတိမ်ကျသွားသည်။

ရှင်လွန်း ဆရာ့ကို လက်ကာပြလိုက်မိသည်။ ဟန့်တားခြင်း ...။ ဟုတ်သည် ...။ ဆရာ့စကားတွေကို ဟန့်တားခြင်း ...။ ဆရာ ခပ်တွေတွေ ကြည့်၏။ ထိခိုက်ကြေမွှနေသည့် အကြည့် ...။ ပြုံးလိုက်ပြန်တော့လည်း ကြေကြေကွဲကွဲအပြုံး ...။

"ကျွန်တော့်အတွက် .. အခက်ခဲဆုံးက .. ဆရာမကို မေ့လိုက်ဖို့ဆိုတဲ့ ကိစ္စပါပဲ .. အသိတရားက မေ့ဖို့ပြောတယ် .. နှလုံးသားက လက်မခံဘူး .. ကိုယ်မြတ်နိုးတဲ့ ယမင်းရုပ်လေးကို သိမ်းဆည်းထားရာ ဗီရိုထဲက ဖယ်ရှားလိုက်ဖို့ဆိုတာမျိုးတောင်မှ ခက်ခဲနေသေးတတ်တာပဲလေ .. အခုကဖြင့် .. ကျွန်တော့်နှလုံးသားထဲမှာ သိမ်းဆည်းထားတဲ့ ယမင်းရုပ်လေးဖြစ်နေတယ် .. ကြွေရုပ်လေးဖြစ်နေတယ် .. ရွှေအဆင်းလေးဖြစ်နေတယ် .. အချစ်တွေနဲ့ တည်ဆောက်ထားရာ အဲဒီ ရွှေအဆင်းလေးကို.. ကျွန်တော် .. ဘယ့်နှယ်လုပ်ပြီး ဒီနှလုံးသားထဲက ဖယ်ရှားနိုင်စွမ်းပါ့မလဲ ဆရာမရယ် .. ဟင် .."

ဆရာ့အသံတွေ တုန်ခါနေကြသည်။ ဒါပေမယ့် .. ဟင် .. ဟု မေးသံသည့် မာန်ပါသည်။ မမေ့နိုင်တာကို ညွှန်းဖွဲ့ခြင်းဆန်၏။

"ဆရာမက .. ကျွန်တော့်ရင်ထဲမှာရှိနေတာ ... မျက်နှာလေးကို ဖျောက်မရဘူး .. ဖယ်မရဘူး .. ဆရာမရဲ့ မျက်ရည်ဝိုင်းနေတဲ့ .. မျက်ဝန်း မျက်ဆံလေးတွေက ရင်ကိုလာလာထိနေကြတယ် .. ညတွေမှာ အိပ်လို့မရ .. ဆည်ယူလို့မရ .. ဖြေကယ်သူရယ်လို့လည်း မရှိနိုင်ဘဲ .. ကျွန်တော် ရူးမတတ်ဖြစ်နေခဲ့ရတာပါ ဆရာမရယ် .. ရူးမတတ်ပါဗျာ .. အမြဲတမ်း.. ကျွန်တော် လိုတရာဘဝနဲ့ ရှိခဲ့သမျှ .. ပထမဆုံး ဖြစ်တည်ရတဲ့ အချစ်တစ်ခုဆီက ခံစားချက်တွေကို အလူးအလဲခံရ .. ဆုံးရှုံးရမယ်ဆိုတာ သိနေရင်းနဲ့ ရွံလန့်နေရ .. အဲသလို ..၊ ရှိရှိနေရင်း .. ကျွန်တော် .. ဆရာ ရှိရာ အရပ်က ပြေးတာပါပဲ .. ဒါပေမယ့် .. အဲဒီတောင်ပေါ်မြို့လေးမှာ .. ဟိုကယ်တစ်ခုမှာ .. ကျွန်တော် စားချိန်မမှန် .. အိပ်ချိန်မမှန်ဖြစ်နေရင်း..

www.burmeseclassic.com

www.burmeseclassic.com



လူက ခွန်အားကျဆင်းလာတယ် .. ဖျားလာတယ် .. စာတစ်ကြောင်းမှ မရေးနိုင်တဲ့ စာရေးဆရာတစ်ယောက်ဖြစ်ခြင်းမက ဖြစ်ဖြစ်လာနေတယ်.. တကယ်က .. ဆရာမနဲ့ ဖုဝ်းရာကို စပြေးပြီဆိုကတည်းက ပြေးမလွတ်ဘူးဆိုတာ အလိုလိုသိနှင့်နေခဲ့ပြီးသားပါ ဆရာမရယ် .. အချစ်ဆီက .. ဘယ်သူမှ .. ပြေးလို့မလွတ်နိုင်ပါဘူးဗျာ .. အခု .. အခုလေးပဲ .. ကျွန်တော် ဒီမြို့ကို ပြန်ဝင်လာတာပါ .. အိမ်ကို မရောက်သေးပါဘူး .. ဆရာမဆီကိုပါ .. ကျွန်တော် .. ဆရာမကို .. အလွန်တရာကိုမှ .. မြတ်နိုးစွာချစ်နေမိတာကို .. ဝန်ခံဖို့ပါ .. ဒါပေမယ့် .. ဝန်ခံတဲ့သူ့ဘက်က .. ဝန်ခံရုံသက်သက်မျှပဲ .. အခွင့်အရေးလေးတစ်ခု .. ခဏယူမိတာပါ ဆရာမရယ် .. ယူမိတာပါ .."

ဆရာ့အသံတွေ အက်ကွဲသံရောနေှာပါလာနေသည်။ စကားလုံးတစ်ချို့သည်လည်း တိမ်ဝင်၏။ မျက်တောင်မခပ် ငေးစိုက်စိုက်အကြည့်သည် မှိန်ဖျော့ဖျော့ဖြစ်နေသည်။

"အခု .. ကျွန်တော် အချစ်ကို .. ဆရာမဆီမှာ .. လာဝန်ခံပေးခဲ့ပြီးပါပြီ .. မတုန့်ပြန်နိုင်မှန်းသိပေမယ့် .. ဝန်ခံခွင့်တစ်ခုကိုတော့ ကျွန်တော် ဆရာမဆီက .. ရယူလိုက်ခဲ့မိပါပြီ .. ကျွန်တော် ပြန်ပါတော့မယ် ဆရာမ.. တကယ်က .. တကယ်က .. ဟောဒီရင်ထဲက .. အချစ် .. အဲဒါကို .. ဆရာမရှေ့မှာ .. ရင်ခွဲပြီး .. ကိုယ့်လက်နဲ့ကိုယ် .. ထုတ်ပြခဲ့တယ်လို့ပဲ မှတ်ယူလိုက်ပါတော့ .. ကျွန်တော့်နှလုံးသားဟာ သွေးစက်လက်ကျနေတယ်လို့ .. ခံစားရတယ် ဆရာမရယ် .."

ဆရာ တစ်ချက်ငိုင်၏။ ခုထိ ငြိမ်၍နားထောင်သမားသက်သက် အဖြစ် ရှိနေမြဲရှိနေသည့် ရှင်လွန်း ကို ထိနိုက်စွာလည်း ကြည့်သည်။ အပြစ်တင်ရိပ်မရှိ။ ကြေကွဲရိပ်သာစီးမျောနေကြသည့်အကြည့် ..။

"သိရဲ့ပါ ဆရာမရယ် .. ဆရာမ သိရုံလေးပါ .. ဒါပါပဲ .. အဲဒီထက် .. ပိုပြီးမမျှော်လင့်ရဲတဲ့သူပါ .."

ဆရာ စားပွဲပေါ်မှာ ထောက်ထားသော လက်ဖဝါးကိုပြန်ရုတ်



သည်။ ကိုယ်ကိုပြန်မတ်သည်။

"ခုလိုမှ .. ဆရာမရှေ့မှာ .. ဝန်ခံခွင့်လေးတောင်မှ မရဘဲ .. ကျွန်တော့်အချစ်တွေကို .. တိတ်ဆိတ်နေတဲ့အရာတစ်ခုအဖြစ် .. ရင်ထဲမှာ သိမ်းထားရမှာ ရင်ထဲမှာ မနိုင်ရင်ကန်ဖြစ်နေရလွန်းလို့ .. ဆရာမကို .. လာဝန်ခံမိတာပါ .. သိရုံလေးပါဗျာ .. သိရင် .. သိရင် .. ကျွန်တော် .. ဒီကိုလာလိုက်ရတာ အဓိပ္ပာယ်ရှိသွားပါပြီ .. ဝန်ခံခွင့်လေးတစ်ခုတောင် မရလိုက်ဘဲ .. သေသည်အထိ .. ရင်ထဲမှာ ဒီအချစ်ကို .. ကျွန်တော် တိုးသက်စွာ သိမ်းဆည်းထားမယ်ဆိုရင် .. ကျွန်တော့်နှလုံးသားကို ကျွန်တော် ပြန်မတရားရာရောက်နေမှာမို့လို့ပါဗျာ .."

ဆရာ ပြောပြီးတာနှင့် ကြည့်မဝနိုင်သည့်နှယ် တစ်ချက်ခပ်ငေးငေး ကြည့်၏။ နောက်တော့ .. ချာခနဲ လှည့်၍ထွက်သည်။ နောက်ကိုလှည့်လည်း မကြည့် ..။ အခန်းတံခါးရွက်ကို ဆရာ ဖွင့်သည်။ ဆရာ .. အပြင်ဘက်ရောက်တာနှင့် ချက်ချင်းတံခါးရွက်ကို ညင်သာစွာပြန်ပိတ်ပေးခဲ့ပါလေ၏။

ရှင်လွန်း စိတ်နှင့်တွက်ဆနေမိသည်။ ဆရာ .. စကြံန်အတိုင်းလျှောက်နေလောက်ပြီ ..။ ခေါင်းငိုက်စိုက်ချ၍ လျှောက်နေချေမည်လား ..။ တစ်လှမ်း ..။ နှစ်လှမ်း ..။ ခြေလှမ်းကို မှန်းဆတွက်ချက်နေမိခြင်းသည်လည်း တစ်ခုခုလုပ်မိလုပ်ရာလုပ်နေခြင်းဆန်နေသည်။ ခြေလှမ်းခုနှစ်လှမ်းမြောက် အဖြစ် ရေတွက်နေမိသည့်နောက်မှာ ..။ ဝုန်းခနဲတစ်ချက်ပြိုဆဲသံကို ကြားရပြီ ..။ မောင်ပြုံး ၏ အလန့်တကြား အော်လိုက်သံကိုလည်း ကြားလိုက်ရသည်။ ရှင်လွန်း မျက်ရည် ကျလာရပါပြီ ..။ ကိုကြီး၏ ဓာတ်ပုံကြီးကို ကြည့်မိသည်။

"လူတစ်ယောက် မူးလဲသွားပြီလို့ ရှင်လွန်း သိနေရပြီ ကိုကြီး .. သူ့အတွက် .. ရှင်လွန်း ရဲ့ နှလုံးအိမ်မှာနေရာတစ်ခုမပေးနိုင်တာကို အကြောင်းပြုပြီး .. သူ .. ဘာဖြစ်ဖြစ်ရယ်လို့ .. ဥပေက္ခာမပြုနိုင်တာကို .. ရှင်လွန်း ရဲ့ ဆင်ခြင်တုံတရားတစ်ခုက .. အသိပေးနေတယ် .. လူ့စိတ်ဆိုတာ အသိပေးနေတယ် ကိုကြီး .. ဒါပေမယ့် ရှင်လွန်း ရင်ထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ ... ကိုကြီး ရှိနေဆဲပါဆိုတာ ... ယုံပါ ကိုကြီးရယ် ...''

ရှင်လွန်း မျက်ရည်ဆက်တိုက်ကျလာသည်။

ရှင်လွန်း ကျုံး၍ထရပ်သည်။ ကမန်းကတမ်းတံခါးရှိရာသို့ရောက်ကာ တံခါးရွက်ကို ဖွင့်ချိန်မှာ ...။ မောင်ပြုံး သည် ... ဆရာ့ကို ပွေ့ထားချိန်ဖြစ်နေသည်။ စကြံ့မှာ ဆရာ လဲနေ၏။ လက်က ... စကြံ့၏ တစ်ဖက်နံရံကိုစမ်းနေသည်။ ထူထောင်နိုင်ဖို့လည်း ကြိုးစားနေသည်။ မောင်ပြုံး ကိုလည်း အနိုင်နိုင်ခေါင်းမော့၍ကြည့်နေသည်။

"ရင်ထဲမှာ လှပ်ခနဲမိုက်ခနဲဖြစ်ရုံပါ ညီရာ ... ရတယ် ... ရတယ်..''

ဟု ခပ်လေးလေးပြောနေသည်။

"ဟာ ... လက်တွေအေးနေတယ်ဗျ ... မျက်နှာမှာ ချွေးအေးတွေ နစ်နေတာပဲ ... ကိုယ်လည်း ပူနေတယ် အစ်ကိုကြီးရ ...''

မောင်ပြုံး ပြောနေတာကို ဆရာ ခေါင်းခါနေသည်။

ရှင်လွန်း ရပ်ကြည့်နေတာကို မသိကြသေး ...။ ခြေလှမ်းမှန်မှန်ဖြင့် ရှင်လွန်း လျှောက်သွားရပါပြီ ...။ အားတွင်ထိုင်လိုက်သည့် ရှင်လွန်း ကို သူ အားနာသလိုကြည့်သည်။ တောင်းပန်သလိုလည်း ကြည့်သည်။

"ခဏလေးပါဗျာ ... ခဏပါ ... ကောင်းနေပါပြီ ဆရာမရယ် ...''

ဟု ပြောနေရင်း ကုန်းရုန်းထသည်။ မောင်ပြုံး ကလည်း မလွှတ်ရဲ ...။ ပွေ့ထားဆဲ ...။

"ဟာ ... အစ်ကိုကြီး ပြိုကျသွားတာက ... ဝုန်းခနဲကြီးဗျ ... ခေါင်းလည်း နံရံနဲ့ ဆောင့်မိလိုက်တာမြင်တယ် ... သွားနေရင်း ... ဗြုန်းစားကြီး တောင့်ခဲခဲကြီး ဆောင်းကျသွားတာဗျ ... လန့်လိုက်တာဗျာ ... အစ်ကိုကြီး နှုတ်ခမ်းတွေကလည်း ဖြူဆုတ်ဆုတ်နဲ့ ...''

မောင်ပြုံး လန့်လန့်ဖြင့် ပြောနေချိန်မှာ ရှင်လွန်း ဆရာ့ကိုကြည့်မိသည်။ ဖြူဖျော့ဖျော့ဖြစ်နေသည့်ကြားထဲမှ အားလူပြုံးပြနေသေးသည့် ဆရာပါ ...။ ရှင်လွန်း စိတ်ပူမှာ စိုးရိမ်နေမှန်း ရှင်လွန်း သိနေရသည်ပါပဲ။ ရင်ထဲမကောင်း ...။



"ကဲ ... ကိုမောင်ပြုံး ... လောလောဆယ် ... မမလေးရဲ့ ရုံးခန်းက ဆိုဖာရှည်ကြီးမှာ ဒီအစ်ကိုကို သွားလှဲပေးလိုက် ... ပြီးရင် ... ဘာဘဦးအိမ်စိုးကို သွားခေါ် ... တစ်လက်စတည်းပြောခဲ့ ... ဘာဘမှူး ကို ဖုန်းဆက်ခေါ်ပေးပါလို့ ... ဟုတ်ပြီလား ... ဒီကအစ်ကိုကို ... ဘာဘမှူး ကြည့်ပေးလိမ့်မယ် ...''

ဟု ပြောတော့ မောင်ပြုံး ဆရာ့ကို ပွေ့၍ ရှင်လွန်း ၏ ရုံးခန်းသို့ သွား၏။ ပိန်ချုံးကျနေသည့် ပါးလှပ်လှပ်ဖြစ်နေသော ဆရာသည် အရုပ်ကြိုးပြတ်ပမာ ပါသွားသည်ပါပဲ။

ရှင်လွန်း နောက်မှလိုက်လာခဲ့ရပါ၏။ ဆိုဖာထက်မှာ ဆရာ့ကိုလှဲနေစေသည့်က မောင်ပြုံး ...။ ကျောမှီအုံးနုနုသည် ဆရာ့ခေါင်းအောက်မှာ ရောက်နေပြီ ...။ ရှင်လွန်း တို့ တကြည့်ကြည့်ဖြင့် ရှိနေသည်ကလည်း အားနာသည့်အကြည့် ...။

"ဒုက္ခလာပေးသလို ဖြစ်ကုန်ပြီဗျာ ...''

ဟု လှမ်းပြောနေသည်။ ရှင်လွန်း ရေဖန်ချိုင့်တွင်းမှ ရေတစ်ခွက်ကို လောင်းထည့်ကာ မောင်ပြုံး ကိုကြည့်၍ ...

"ဆရာ့ ကိုယ်ကို နည်းနည်းထူပေး ... ဆရာ ... လောလောဆယ်.. ရေနည်းနည်း သောက်လိုက်ပါဦး ...''

ဟု ရှင်လွန်း ကိုယ်တိုင် တိုက်တော့ ကလေးလိုသောက်သည်။ သောက်နေရင်းလည်း တကြည့်ကြည့်ဖြစ်နေသည်။ ရှင်လွန်း တိုက်သည့် ရေကို သောက်ရ၍ ကြည်နူးနေတာကလည်း သိသာနေသည်ပါပဲ ...။

"ကဲ ... ဘာဘကိုသွားခေါ် ... မြန်မြန်သွားခေါ် ...''

ဟု ရှင်လွန်း ခိုင်းတော့ မောင်ပြုံး ခပ်သုပ်သုတ်ထွက်သွားပါ၏။

ဆရာကတော့ လှဲနေလျက်ဖြင့် ရှင်လွန်း ကိုပဲ တကြည့်ကြည့်ဆက်ဖြစ်နေပြီ ...။ ရှင်လွန်း ခပ်တည်တည်လေး တစ်ဖက်မျက်နှာချင်းဆိုင်ကထိုင်သည်။ ဆက်တီစားပွဲတစ်လုံးခြားလျက် တစ်ယောက်ကိုတစ်ယောက် ကြည့်နေကြသည့် လူနှစ်ယောက်ဖြစ်နေရပါ၏။

"ဆရာ့ မိဘ ... သြော် ... ဒီမှာက ... ဆရာ့အမေပဲ ရှိနေတာဆိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဆရာ့ မေမေရဲ့ ဖုန်းနံပါတ်လေး ပေးပါလား .. ကျွန်မ .. ဖုန်းဆက်ခေါ်ချင်လို့ပါ .. အကောင်းဆုံးကတော့ .. အမေရဲ့ ဂရုစိုက်မှုအောက်မှာ.. အားအင်ပြန်ပြည့်လာတဲ့အထိ .. နေဖို့ပဲရှင် .."

ဟု ပြောတော့ ဆရာ ခေါင်းခါသည်။

"မလုပ်ပါနဲ့ဗျာ .. ဒီလိုရုပ်ကြီးမြင်လိုက်တာနဲ့ .. မေမေလန့်ပြီး ရှော့(ခ်)ဖြစ်သွားလိမ့်မယ် .. လူရုပ်တောင်ပျောက်နေတဲ့ဥစ္စာကြီးကို .. မြင်ရင် .. မေမေ .. သေလိမ့်မယ်ဗျ .."

ဟု ပြောတော့ ရုတ်ခနဲ ရှင်လွန်း မျက်မှောင်ကုတ်၍ကြည့်သည်။

"ရှင်က .. ရှင့်ကို ရှင့်အမေမြင်ရင် .. ဒီလိုလူရုပ်တောင်ပျောက်နေအောင် ချုံးကျနေတာကြည့်ပြီး လန့်သွားမှာကိုကျတော့ ကြောက်တယ်.. ကျွန်မဆီကိုကျတော့ .. ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာရဲတယ်ပေါ့ .. ရှင့်မျက်နှာ မှန်ထဲပြန်ကြည့်မိရဲ့လား .. ပါးရိုးနားရိုးငေါငေါကြီးနဲ့ ရှင့် .. ဒီလောက်တောင် ညှိုးရသတဲ့လား ဆရာရယ် .. ဒီလောက်ခံစားရသတဲ့လား .."

ဟု ကရုဏာစိတ်ဖြင့် ငေါက်ဆတ်ဆတ်လေးပြောနေသမျှ ဆရာ တစိမ့်စိမ့်ပါအောင်ကြည့်သည်။ မျက်ဝန်းမှာ ကျေနပ်ရိပ်ထင်၏။ ကြည်နူးရိပ်တို့၏။ နှုတ်ခမ်းလေး မသိမသာရိုးရိပ်ရိပ်မျှ ပြုံးယောင်ယောင်သမ်းသည်။

"ချစ်တတ်တာကို .. ညှိုးတယ်လို့တော့ မပြောပါနဲ့ ဆရာမရယ်.. ဒီလောက် ခံစားရသလားလို့လည်း မပြောပါနဲ့ .. ဒီထက် ခံစားနေရတာပါဗျာ .. ဒီရုပ်အဆင်းတွေ ချုံးကျနေတာထက် ပိုဆိုးနေတဲ့ ခံစားချက်တွေနဲ့ .. ကြေကွဲနေရတာပါ ဆရာမရယ် .. ဒါပေမယ့် .. စိတ်မပူပါနဲ့.. ကျွန်တော် .. ခဏနေရင် .. သက်သာသွားမှာပါ .. ကျွန်တော်တည်းခိုတဲ့ ဟိုတယ်ကိုပြန်မှာပါ .. ဆရာမကို .. တာဝန်ပိုမှာလည်း .. ကျွန်တော် စိုးရိမ်ပါတယ် .. ခုလို .. ဒုက္ခလာပေးမိတာကိုလည်း .. စိတ်ထဲမကောင်းပါဘူးခင်ဗျာ .."

ဟု ဆက်ပြောတော့ ရှင်လွန်း စိတ်ထဲမကောင်းနိုင် ..။



"ရှင် ပြန်တဲ့အခါ .. ဟိုတယ်ကကားနဲ့ ပြန်ပို့ပေးမယ် .. ရှင် ကားကိုယ်တိုင်မောင်းလာတာလား .. ဟုတ်လား .. ရှင် ကားပါလာတယ်ဆိုရင်လည်း .. အဲဒီကားကို .. ဟိုတယ်က ဒရိုင်ဘာနဲ့ မောင်းခိုင်းမယ်.. ရှင် တည်းတဲ့ ဟိုတယ်ကအခန်းကို .. ဘဘဦးအိမ်စိုး လည်း အတူလိုက်သွားလိမ့်မယ် .. ရှင် နေကောင်းတဲ့အထိ .. ရှင့်ကို .. ဘဘမျိုး လာလာထူပေးလိမ့်မယ် .."

ဟု ရှင်လွန်း ဆက်တိုက်ပြောနေသမျှ သူ ငြိမ်၍ နားထောင်သည်။

"ကျွန်တော့်ကားကို .. မောင်းမလာနိုင်ပါဘူးဗျာ .. တက္ကစီနဲ့ပါ.. ကျွန်တော့်ကားက .. ဟိုတယ်မှာ ကျန်ခဲ့ပါတယ်ဗျာ .. မိုးတိမ်ဟိုတယ်မှာ ကျွန်တော် တည်းတာ နှစ်ပတ်ရှိပြီ .. ကလောကနေပြီး ကားမောင်းပြန်လာတာ .. မှားနေတဲ့ကြားကဗျ .. အိမ်မပြန်ချင်တာမို့ ဟိုတယ်မှာ တည်းတာ .. အဲဒီမှာတစ်ယောက်တည်း မှားနေတာ နှစ်ပတ်ရှိပြီ .. ဒီနေ့ နည်းနည်းသက်သာတာနဲ့ .. ဆရာမဆီ .. တက္ကစီနဲ့ လာမိတာပါ .. ဆောရီးဗျာ .. မှားသွားပြီနော် .. ဆရာမကို .. ဒုက္ခလာပေးသလိုဖြစ်ကုန်ပြီ .."

ဟု ထပ်ပြောလာသည့် ဆရာ့ကို .. ငေးခနဲကြည့်မိသည်က ရှင်လွန်း..။

သြော် .. ဆရာသည် .. မိုးတိမ်ဟိုတယ်မှာ .. ဖျားလျက် .. နှစ်ပတ်ပင်ရှိခဲ့ပြီတဲ့လားလေ ..။

ဪမျှ .. အစွဲအလန်းကြီးစွာ ..။ ခေါင်းမာစွာ ..။ ရှင်လွန်း ကိုမှ .. ချစ်နေရသည်တဲ့လား ဆရာရယ် .. ဟု ရှင်လွန်း ထိထိခိုက်ခိုက်တွေးနေမိရသည်ပါပဲ ..။

မဆုံဆည်းကောင်းသော .. တွေ့ဆုံမှုတစ်ခုသည် .. အစကတည်းက ဖြစ်မလာခဲ့လျှင်ကောင်းလေစွ .. ဟု ရှင်လွန်း တောင့်တမိရသည်ပါ ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၂)

ဤညနေမှာလည်း ထုံးစံအတိုင်း ဒေါ်ကြီးမေ အိမ်မှာမရှိ ..။ ထုံးစံအတိုင်း ဆရာ့ထံရောက်နေပြီ ..။ ဘဘဦးအိမ်စိုး နှင့်အတူ ရောက်နေခြင်း ..။

"အဖြစ်စုံကို ဒေါ်ကြီးမေ ကို မပြောမဖြစ်တာမို့ ပြောပြလိုက်မိပါတယ် ဒေါ်ကြီးက .. ဆရာ့ကို တွေ့ချင်လှချေရဲ့ဆိုပြီး အဲဒီကတည်းက ဖြစ်နေတာနဲ့ .. နောက်တစ်နေ့ညနေကစပြီး .. ဘဘဦးအိမ်စိုး နဲ့အတူ.. မိုးတိမ်ကို လိုက်သွားခွင့်ပြုမိလိုက်တာ မှားတာပါပဲ .. ငါက .. တစ်ခါလောက်ပဲ မြင်ဖူးကယ်ရှိအောင် သွားကြည့်တယ်မှတ်ထင်မိခဲ့တာ .. ဒေါ်ကြီးက .. သဘောကောင်းလေး .. ပညာတတ်ချေး .. လူချမ်းသာလေး .. စာရေးဆရာလေး .. ရှင်လွန်း ကို သိပ်ချစ်တဲ့သူလေးဆိုပြီး အမှတ်တွေ အပြည့်ပေး .. ညနေတိုင်း မိုးတိမ်ဟိုတယ်က ဆရာ့ဆီကို ရောက်နေတော့တာပါပဲ .. ဘဘမျှ က ဂရုတစိုက်ကြည့်ပြုပေးလို့ .. ဆေးတိုးပေးလို့ .. ဆရာကတော့ ပြန်ကျန်းမာစပြုလာပြီတဲ့ .. ခက်တာက .. ဒေါ်ကြီးပဲ .. ဆရာကို လက်ခံသင့်တယ်လို့ချည်း ပြောနေတာ ခက်တယ်.. ဆရာ့မိဘတွေနဲ့ စကားလှာမြန်းခိုင်းလိုက်ဖို့ပဲ တိုက်တွန်းနေတယ်.."

ရှင်လွန်း စာကြည့်ခန်းမှာရှိနေရင်း စိတ်အိုက်နေရသည်ပါပဲ ..။



ဆရာ့ထံ ရှင်လွန်း တစ်ခေါက်မှ မရောက်တာကိုလည်း နေစိမ့်နိုင်ရက်သည်ဟု ဒေါ်ကြီးမေ က အပြစ်ဝင်ဖွေ့ဖွေ့တင်ချင်နေသေးသည့်အဖြစ်..။ ခုလည်း ပြန်မရောက်သေး ..။ သွားလျှင်လည်း စားစရာတွေဘာတွေ ချိုင့်နှင့်သယ်ပြီး ရောက်သွားတတ်ခြင်း ..။

"သူ နေနေတာက ဟိုတယ်ကြီးတစ်ခုပဲဥစ္စာ .. အခန်းကို .. ဟိုတယ်က ငှားယူပြီး စားသောက်လို့ဖြစ်နေတဲ့ဥစ္စာလေ .. ဒေါ်ကြီးက .. ချိုင့်နဲ့ ညနေဆို သယ်သွားပြီ .. နေ့လယ်ဘက်ဆိုရင်လည်း .. ဘဘညို နဲ့ ချိုင့်အပို့လွှတ်ပြီ .. မနက်စာ ဘရိတ်ဖတ်စ်တစ်ခုပဲ ဆရာ ဟိုတယ်က စားဖြစ်တာရှိလိုက်ရတာကိုက .. စိတ်ညစ်ဖို့ကောင်းနေတယ် .. ဆရာ့ကို ဒေါ်ကြီးမေ ဂရုစိုက်နေတာက .. ငါက .. ဂရုစိုက်ခိုင်းလို့ဆိုပြီး ဆရာထင်သွားရင် ဘယ်ကောင်းမလဲ .. သူ .. မြန်မြန် .. သူ့မိဘအိမ်ပြန်တာပဲ ကောင်းတယ်.. ခက်တာက .. သူ့အိမ်ကို ငါတို့ဘက်က .. လိပ်စာကို မသိရတာ ခက်တယ် .. ပေကပ်ပြီး ဟိုတယ်မှာပဲ ဆရာနေနေတာကလည်း .. သူ ဖျားနေတာ .. သူ့မေမေသိရင် စိတ်ပူမှာစိုးလို့တဲ့ .. ခုကျတော့ .. သူ့ကို ဝိုင်းဂရုစိုက်နေကြတာကို ကျေနပ်နေပုံနဲ့များ ဟိုတယ်မှာ အနေကြာနေသလားမှ မသိတာ .."

ရှင်လွန်း စိတ်ထဲအတန်မျှတော့ စတင်၍ ငြိုငြင်ချင်စိတ်လေး မဖြစ်မနေဖြစ်လာသည်။ လူတစ်ယောက်ကို ကူညီကြတာ စိတ်ထဲမနှစ်မြို့တာ မဟုတ်ပါ။ ဒါပေမယ့် .. ခုကျတော့ .. ဆရာ့ကို ဂရုစိုက်နေကြသည့်ကိစ္စ ဖြစ်နေသည်လေ ..။

"တကယ်က .. ငါစိတ်ထဲမှာ ထင်မိတာက .. သူ့ကို မှ ခဏတဖြုတ်တော့ ဘဘမျှ တို့ ကြည့်ပြုကုသပေးမယ် .. အတန်နေတောင်းလာရင်.. ဆရာ ပြန်သွားမယ်လို့ မှတ်ယူထားမိတာ .. ခု .. သူက .. ဟိုတယ်မှာ မှီနေတုန်းပဲ .."

ဆယ်ရက်ရှိပြီ ..။ ထိုကာလသည် .. အချိန်အတိုင်းအကာအားဖြင့် သုံးလောက်နေသော အချိန်ဖြစ်နေသည်။ အနားယူတာလည်း လုံလောက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ကျန်းမာအားအင်ပြည့်လာခြင်းအတွက်လည်း အထိုက်အလျောက် လုံလောက်နေပြီ ..။ အိမ်ပြန်ဖို့ကတော့ အလုံအလောက်ဆုံးသောအချိန် ဖြစ်နေသည်လေ ..။

ထိုအခိုက် ပေါ်တီကိုအောက်မှာ ကားရပ်သံပေါ်လာ၏။ ဒေါ်ကြီးမေ ပြန်ရောက်လာပြီထင့် ..။ ဆရာနှင့်မတ်သက်၍ ဘဘည္ဖိ မှလွဲ၍ တခြား လူတွေ ကေသရီ မှ ဘယ်သူမှမသိအောင် ဒေါ်ကြီးမေ နှုတ်လုံထားသည်။ ဆရာထံသွားသည်ပင်လျှင် .. ဘဘဦးအိမ်ရိုး နှင့်အတူသွားခြင်း ..။ ဘဘ ကလည်း လာလာခေါ်ပေးရှာသည်ပါပဲ ..။

"အေးလေ .. ဘဘကတော့ .. ငါက .. နိုင်းမိတာကိုး .. သူ့ကို .. ကြည့်ရှုပေးဖို့ .. ဘဘမျူး နဲ့အတူ .. လိုက်သွားဖို့ .. လိုအပ်တာမှန်သမျှ ဘဘ ကောင်းမယ်ထင်သလို .. သူ ပြန်နေကောင်းအောင် .. အားလုံး လုပ်ပေးဖို့ .. ဒါတွေကို ငါက မှာလိုက်မိတာကိုး .. လုပ်ပေးနေရှာမှာပဲပေါ့.."

ဟု ခပ်ညည်းညည်း အသံလေးပင် ဖွင့်ကျလာရသည်က ရှင်လွန်း ပါ။ တကြည့်ခန်းတံခါး ပွင့်လာသည်။ ထင်သည့်အတိုင်းပင် ဒေါ်ကြီးမေ ပြန်ရောက်လာခြင်း ..။ ရှင်လွန်း ထိုင်နေသည့် ဆိုဖာရှည်ကြီးထက်မှာ ဒေါ်ကြီးမေ သားရှင်းယှဉ်၍ထိုင်သည်။ ရှင်လွန်း ကို တည်ငြိမ်စွာကြည့်သည်။

"အခုပြောမယ့်စကားတွေဟာ .. လူလေး မောင်ဘုန်းလူ ရဲ့ဆန္ဒ.. လူလေးဖြစ်စေချင်တဲ့ .. လိုချင်တဲ့စိတ်ချရမှုတစ်ခုဆိုတာကို .. အမိက ထားတယ်လို့ ဒေါ်ကြီး အရင်ဆုံးပြောချင်တယ် .. လူလေးဟာ .. ရှင်လွန်း လေးအတွက် နောက်ဆံတင်ငင်နဲ့ ရှိခဲ့ရှာတာပါ .. ရှိသမျှ စည်းစိမ် တွေ ချန်ခဲ့ပေးခဲ့ပေမယ့် .. ရှင်လွန်း အတွက် .. ခင်ပွန်းသည်ရဲ့အရိပ်ဆို တာရှိနေဖို့လိုတယ် မှတ်ယူခဲ့သလို .. ရှင်လွန်း ကိုလည်း အဲသလိုအိမ် ထောင်ပြုပါ့မယ်ဆိုတာ ကတိတစ်ခုတောင်းခဲ့တယ်ဆိုတာ မမေ့ပစ်ပါနဲ့ မိန်းကလေးရယ် .. ကတိဆိုတာ တည်အပ်တယ်ကွယ့် .. ရှင်လွန်း ပြော ခဲ့တယ်မဟုတ်လား .. ကိုကိုနဲ့ ပတ်သက်ပြီး .. ဘယ်တော့မှ .. မဆုံစေ ရဘူးဆိုတာ ကတိပေးခဲ့တာကို တည်ရမယ်ဆိုတာလေ .. အဲသလိုမဲပေါ့



ရှင်လွန်း ရယ် .. အစ်ကိုလေး ဘုန်းလူ .. သူတော်ကောင်းကြီးကို ရှင်လွန်း ပေးခဲ့တဲ့ကတိ .. တည်အပ်ရမယ်လေ .. ခုလို .. ရှင်လွန်း အပေါ်မှာ.. မြတ်မြတ်နိုးနိုး .. ဒီလောက်ထိ စွဲလန်းချစ်ကြင်တဲ့သူတစ်ယောက်ကို.. ကြုံဆုံနေရချိန်မှာဖြင့် .. အဲဒီကတိကို .. ရှင်လွန်း မျက်ကွယ်ပြုပစ်မယ် ဆိုရင် .. ရှင်လွန်း ရဲ့ ကိုကြီးအပေါ်မှာ ကတိမတည်ရာရောက်မပေလိမ့် မယ် .. ကွယ်လွန်သူတစ်ယောက်အပေါ်မှာ ကတိဆိုတာ မတည်လည်း ရတာပဲလို့ .. ခပ်ပေါ့ပေါ့မတွေးလိုက်ပါနဲ့ .. လူလေးဟာ သေငယ်ဇော နဲ့ရှိနေချိန်မှာတောင် .. အဲဒီကတိကို တရရတွေးခဲ့ရှာတာပါ ရှင်လွန်း ရယ် .. သူ့စိညာဉ်လေးလည်း .. တဝဲလည်လည်နဲ့ .. ခုထိ .. ဒီမှာတပင် ပန်းဝန်းနဲ့ ရှိနေမှာပါ .. လူလေးကို နားပါစေတော့ .. သူ နားနေ .. အေး ချမ်းပါစေတော့ .. သူ .. စိတ်ချလက်ချ ရှိလိုက်ပါစေတော့ .. ဒေါ်ကြီး ပြောတာသဘောပေါက်တယ်မဟုတ်လား .. လွန်ခဲ့တဲ့ ခြောက်နှစ်လောက် ကတည်းက .. ရှင်လွန်း ရဲ့ ဘကြီးဆိုတာကလည်း ကျေးစုရွာက သူ့အိမ် နဲ့ လယ်ကိုရော .. ရှင်လွန်း ရဲ့ ဖေဖေ့အိမ်နဲ့ လယ်ကိုရော သူ့သဘောနဲ့ သူ ရောင်းပြီး .. မိသားစုလိုက် .. ဘယ်ကိုပြောင်းသွားမှန်းတောင် မသိ ရလောက်အောင် ခေတ်မြုပ်ပျောက်ကွယ်ခဲ့တာမို့ .. ရှင်လွန်းဟာ တစ် ကောင်ကြွက်မှတစ်ကောင်ကြွက်ဖြစ်နေတာ .. လူလေး တမလွန်ကမြင် နေ သိနေရင်း .. ဘယ်လောက်စိတ်ပူပန်နေဦးမလဲကွယ် .."

ဒေါ်ကြီး ပြောတော့ ရှင်လွန်း မျက်လွှာချသည်။ မျက်ရည်က ပေါက်ပေါက်စက်စက်ကျ၏။

"မောင်မိုးသစ်ဆမ်း တာ လူကောင်းလေးတစ်ယောက်ဆိုတာ ဒေါ်ကြီး စိတ်ချလက်ချဖြစ်တယ် .. သူ့ကို ဒေါ်ကြီး သွားသွားအကဲခတ်နေတာပါ ရှင်လွန်း ရယ် .. သူ တကယ့်ကို ရှင်လွန်း အပေါ်မှာ မေတ္တာစစ်နဲ့ ချစ် မြတ်နိုးတယ်ဆိုတာ ဒေါ်ကြီးယုံကြည်တယ် .. သူဟာ .. ရှင်လွန်း လက် တွဲသင့်တဲ့သူတစ်ယောက်ဆိုတာ လူလေးမောင်ဘုန်းလူ ကလည်း မှတ် ယူလက်ခံမှာပါ .. ရှင်လွန်း လက်ထပ်သင့်ပါပြီ .. ဒေါ်ကြီးလည်း အသက်

www.burmeseclassic.com

www.burmeseclassic.com



ရလာပြီ .. အသက်ထောက်လာတဲ့သူတစ်ယောက်ဟာ .. သေခြင်းတရားနဲ့ ပိုနီးကပ်တယ်ဆိုတာ .. ရှင်လွှန်း နားလည်မှာပါ .. ရှင်လွှန်း မှာ တိုးတိုးဖော် ဒေါ်ကြီးမရှိတဲ့အခါ ထီးထီးကျန်ကျန်ဖြစ်နေမှာ .. ဒေါ်ကြီး စိတ်အပူဆုံးပဲ .. ချမ်းသာစုံအလည်မှာ ရှင်လွှန်း တစ်ယောက်တည်း ကျန်ခဲ့ခြင်းဟာ စိတ်ပူစရာပါပဲ .. ရှင်လွှန်း ကို အိမ်ထောင်ရှင်တစ်ယောက်အနေနဲ့ တင့်တောင့်တင့်တယ်ကျန်ခဲ့စေချင်တာဟာ ဒေါ်ကြီးရဲ့ သံယောဇဉ်နဲ့ ချစ်ခြင်းကြောင့်ပါကွယ် .."

ဟု ထပ်ပြောလာတော့ ရှင်လွှန်း ရင်ထဲဆို့တက်လာသည်။ ဒေါ်ကြီး၏ ရင်ခွင်ထဲတိုးဝင်မိကာ ကလေးလို အသံထွက်၍ ငိုလိုက်မိရသည်ပါပဲ။ ဒေါ်ကြီး ခရီးတဲ့အခါ .. ဆိုသည့်စကားကို မကြားချင် ..။ ခံနိုင်ရည်မရှိ။ လည်ချောင်းထဲမှာ အရှိက်တွေပဲပြည့်နေသည်။ ငိုကြွေးသံတွေပဲ ပြည့်ကြပ်နေသည်။ ဒေါ်ကြီးမေ မျက်ရည်လိုက်ကျရှာပါ၏။ ရှင်လွှန်း ကိုလည်း မျက်ရည်သုတ်ပေးသည်။ နောက်တော့ ထရပ်ပါ၏။ ရှင်လွှန်း လိုက်ရပ်တော့ ဒေါ်ကြီးမေ ခေါင်းခါပြသည်။ ပြန်ထိုင်ခိုင်းသည်။

"ရှင်လွှန်း ကိုတွေ့ဖို့လူတစ်ယောက်ကို ဒေါ်ကြီး ခေါ်လာတယ် .. သူ .. တံခါးအပြင်ဘက်မှာ ရပ်စောင့်နေတယ် မိန်းကလေး .. သူ့ခမျာ မလိုက်လာရဲရှာပါဘူးကွယ် .. ဒေါ်ကြီးက .. ဒေါ်ကြီး ခေါ်လာတာပါဆိုရင် .. ရှင်လွှန်း တွေ့ကိုတွေ့မှာပါ .. စိတ်ဆိုးမှာလည်း မဟုတ်ပါဘူးလို့ တာဝန်ယူခဲ့တာပါ .. သူ .. တကယ်တော့ .. ရှင်လွှန်း ကို .. ဘယ်မတွေ့ချင်ရှိပါ့မလဲ .. ဖွင့်ကိုမပြောရဲရှာတဲ့သူပါကွယ် .. အခုလည်း .. လိုက်သာလိုက်လာရှာတာပါ .. မဝံ့မရဲနဲ့ပါကွယ် .."

ရှင်လွှန်း အလန့်တကြား မော့ခနဲ ဒေါ်ကြီးကိုကြည့်နေမိရပါပြီ ..။ ဘယ်သူ့ကို ဒေါ်ကြီး ခေါ်လာသည်ဆိုတာ သိနေရပြီကိုးလေ ..။ ဒေါ်ကြီး ဖျော့တော့စွာပြုံးပြရှာသည်။ ဆံစကိုသပ်ပေးလာသည်။

"ဘာဖြစ်သင့်တယ် .. ဒေါ်ကြီးကလည်း ဘာကိုဖြစ်စေချင်နေတယ် .. လူလေးကလည်း ဘာကိုဖြစ်ဖို့မျှော်လင့်နေတယ်ဆိုတာ .. ရှင်လွှန်း



သိနေတာပါပဲ .. လူလေး ဘုန်းလူ ရဲ့ဆန္ဒ .. လူလေးကိုပေးခဲ့တဲ့ ရှင်လွှန်း ရဲ့ ကတိ .. ဒီအချိန်မှာမှ မပြည့်ဝ .. မဖြစ်တည်ရင်ဖြင့် .. နောင်လည်း ဖြစ်တည်လာစရာမရှိတော့ဘူးလို့ ဒေါ်ကြီး နားလည်ပေးလိုက်ပါမယ် .. လူလေးဘုန်းလူ လည်း ရင်ကွဲပက်လက်ဖြစ်ရှာမှာပါပဲ .. သူ့အခေါ် .. ကတိမတည်ပါလားရယ်လို့ ခံစားရှာလိမ့်မယ် .. တမလွန်က ခံစားရရှာ လိမ့်မယ် သမီးရယ် .."

ဟု ပြောကာ ဒေါ်ကြီး အခန်းတံခါးဆီသို့လျှောက်၏။ ရှင်လွှန်း ရင်ထဲစွဲထင်ကျန်ခဲ့သည်က .. ကိုကြီးကို ရှင်လွှန်း ပေးခဲ့သည့်ကတိသည် ဤတစ်ကြိမ်မှာမှ မတည်လျှင် .. နောင်လည်း ဖြစ်တည်လာချေတော့ မည်မဟုတ်ဟု ပြောခဲ့ပါသည့် ဒေါ်ကြီး၏ စကား ..။ ကိုကြီး ရင်ကွဲ ပက်လက်ဖြစ်ချေမည်ဆိုသည့်စကား ..။ ဪ .. တမလွန်ဆီက ကိုကြီး ခံစားရမည်ဆိုသည့်စကား။ ရှင်လွှန်း ဆိုဖာကျောမှီပေါ် ကိုယ်လေးပိခနဲ ပိမှီကျသွားရပါပြီ ..။ အခန်းထောင့်နေရာလေးဆီမှ .. ကိုကြီးရပ်၍ ကြေကြေမွမွကြည့်နေသည်ဟု ခံစားလာရပြန်သည်။

"ဘာလို့ .. ဘာလို့ .. အဲဒီကတိကိုမှ .. ရှင်လွှန်း ဆီက မရအရ တောင်းခဲ့တာလည်း ကိုကြီးရယ် .. ဟင် .."

ဟု ညည်းသံမျှင်မျှင်ပွင့်ကျလာချိန်မှာ ဒေါ်ကြီး အခန်းတံခါးကို ဖွင့်၍ ထွက်၏။ တံခါးရွက်ကို ပြန်စေ့မပိတ်ခဲ့ ..။ ဖွင့်ခဲ့သည်။ တံခါးဝမှာ ဆရာ ရပ်နေချေသည်တကား ..။ ညှိုးဖျော့စွာရပ်နေခြင်း ..။ တောင်းပန် သလိုလည်းကြည့်နေသည်။ လိုက်လာသည့်အတွက် ရှင်လွှန်း စိတ်အခန့် မသင့်ဖြစ်မှာစိုးသည့်အကြည့် ..။ အခန်းထဲဝင်ရဲပုံလည်း မရ။ ဒေါ်ကြီး ပြန်လှည့်လာကာ ဆရာ့ကို လက်ဆွဲ၍ ခေါ်သည်။ အထဲမှာ ချန်ခဲ့ကာ .. ပြန်ထွက်သွား၏။ တံခါးရွက်ကိုပြန်စေ့ပိတ်ပစ်ခဲ့သည်။

ဆရာ ငြိမ်သက်စွာရပ်နေသည်ပါပဲ ..။ တိတ်ဆိတ်နေဆဲ ရှင်လွှန်း ကို အတန်ကြာကြည့်နေသည်။ ဆရာဝင်လာတော့ ထရပ်လိုက်မိသည့် ရှင်လွှန်း ..။ ပြန်ထိုင်ချလိုက်ကာ လက်ကို ဖြည်းညင်းစွာ ရှေ့ဘက်ရှိ

www.burmeseclassic.com



ဆိုဖာဆီသို့ ဝေ့ပြတော့မှ ဆရာ လာထိုင်သည်။

ရှင်လွန်း ကို တကြည့်ကြည့်ဖြင့် အနေခက်စွာကြည့်လည်း ကြည့်ရှာပါ၏။

"ကျွန်တော် .. ဒေါ်ကြီးခေါ်လို့ .. ပါလာရတာပါ .."

စူးခနဲတစ်ချက်လှမ်းအကြည့်ကို ခံရတော့ ဆရာ မနေတတ်မထိုင်တတ်ဖြစ်လာပုံဖြင့် ..

"မဟုတ်ပါဘူး .. ဒေါ်ကြီး ခေါ်လို့တစ်ခုတည်းကြောင့် လိုက်လာရတာမဟုတ်ပါဘူး .. ကျွန်တော်ကလည်း .. လာ .. ချင် .. ပါ .. တယ်.."

မလာချင်ပဲသူများခေါ်၍ လိုက်လာသူဟု အမြင်ခံလိုက်ရမှာကိုလည်း ဆရာ စိုးရိမ်ပုံဖြင့် ချက်ချင်းစကားကို ပြင်ပြောပါ၏။ ကလေးလေးနှယ် အနေခက်အထိုင်ခက်ဖြစ်နေတာက သိသာနေသည်။ ရှင်လွန်း ဘာမျှ မပြောဘဲ ကြည့်မြဲကြည့်နေတော့ ...

"ဒီလိုပါ .. လာချင်နေပေမယ့် .. မလာရဲပါဘူး ဆရာမရယ် .. မလာရဲပေမယ့် .. ဒေါ်ကြီး ခေါ်တော့လည်း .. လာချင်တဲ့စိတ်နဲ့ မလိုက်ဘဲ .. မလာဘဲ မနေနိုင်တာနဲ့ .. လိုက်လာမိတာပါ .. ဆရာမ စိတ်ဆိုးမှာလည်း ကြောက်ပါတယ် .. လာချင်လွန်းပေမယ့် မလာရဲပြန် .. မလာရဲပေမယ့် .. လိုက်လာဖို့ခေါ်တော့ .. လိုက်လာချင်ပြန် .. လိုက်လာပြန်တော့လည်း .. မလာရဲ .."

ရှင်းရှင်းရှင်းရှင်းဖြင့် စကားသည် လုံးထွေးပတ်လည်ရိုက်ကုန်ပါပြီ..။ ဆက်ထိုင်နေရမှာ လန့်ပုံဖြင့် ဆရာ ထရပ်သည်။ ဆရာ ရပ်လိုက်တာကို တိတ်ဆိတ်စွာ အသံမဲ့အကြည့်တွေဖြင့်ကြည့်နေတာ ခံရပြန်တော့လည်း ..။ ထပြန်ရကောင်းလားဟု စိတ်ထဲ မျက်နှာလန့်ပုံဖြင့် ဆရာ ပြန်ထိုင်၏။ ရိုးသားစွာသော ကလေးလေးတစ်ယောက် ဘာလုပ်ရမှန်းမသိအောင် ထင်မိထင်ရာလုပ်နေတာမျိုးဆန်နေသည်။ စိတ်ထဲမျက်မှာစိုး၍ ထရပ်သည်။ စိတ်ထဲကွက်မှာစိုး၍ ပြန်ထိုင်သည်။ ထိုင်နေပြန်တော့လည်း အနေကြပ်ပုံဖြင့် ရှင်လွန်း ကို အကဲခပ်ကြည့်ကြည့်လိုက် ..။ လ



ပိုက်လိုက် ..။ လက်ကိုပြန်၍ချကာ ဆိုဖာထိုင်ခုံပေါ် တင်ထားလိုက် ..။ လက်ဖဝါးနှစ်ဖက်ကို ပွတ်နေလိုက် ..။ လက်ချောင်းလေးတွေ ချိုးချိုး ချွတ်ချွတ်ချိုးနေလိုက်ဖြင့် တစ်ချက်မငြိမ် ..။

"ကျွန်တော် .. ကျွန်တော် .. ထိုင် .. ထိုင်နေလို့ .. ရ .. ပါ့ .. မလား .. ဆရာမ .. ပြန် .. ပြန် .. လိုက်ရ .. မလား .. ဆရာမ .."

နောက်ဆုံး ဆရာ မေးလာရှာပြီ ..။ ရှင်လွန်း ရင်ထဲမကောင်းနိုင်..။ ရှင်လွန်း ကိုမှ .. ညှိုးမျှအထိ အောက်ကျို့စွာ .. ချစ်နေရသည်တဲ့လား လေ ..။ ဆရာမှာ .. ချမ်းသာမှာနရှိသည်။ ငွေဂုဏ်ရှိန်ကြီးသည့်စိတ်ရှိသည်။ ဒါကြောင့်လည်း .. အလင်းစက်ကို .. ငွေပုံ၍ .. ငွေပေါက်၍ ပေးဝယ်မည်ဟု ဓာတင်ရင်း ရှင်လွန်း ၏ ရုံးခန်းသို့ လင်းပစူးရှသော အကြည့်ရဲရဲတွေဖြင့် အကြောက်မရှိ ဝင်လာခဲ့သည်ပေါ့ ..။ ခုကျတော့.. ထိုသို့သော မိုးသစ်ဆမ်း ဆိုသည့်လူတစ်ယောက်မဟုတ်နေ ..။ အရှိုးကို.. ခယညှိုးဖျော့သောသူတစ်ယောက် ဖြစ်နေသည်။ ရှင်လွန်း စိတ်ထဲမနှစ်မြို့ရာ ဘာတစ်ခုကိုမှ မလုပ်ဘဲနေဖို့ အသင့်ရှိနေသည့်လူတစ်ယောက် ဖြစ်နေသည်။ ချမ်းသာမာနတလှူလှူပေါက်နေသည့်သူတစ်ယောက် မဟုတ်တော့ပြီ ..။ ချစ်မြတ်နိုးခြင်းတစ်ခုတည်း၏အောက်မှာ .. အသက်ရှင်ရပ်တည်နေသည့် လူလုံးလုံးဖြစ်နေသည်။ ချမ်းသာမာနမရှိ။ ချမ်းသာဂုဏ်မမောက်။ အချစ်ချည်းသက်သက်ဖြင့် .. ချစ်ရသူအတွက် .. ပေးဆပ်ရန် အသင့်ရှိနေသည့်သူတစ်ယောက်ဖြစ်နေသည်။

"ဆရာ .. ကျွန်မကို .. ဘာလို့ .. ချစ်ရတာလဲ .. ကျွန်မအကြောင်း ဆရာ ဘာသိထားလို့လဲ .."

တည်ငြိမ်စွာ စတင်မေးလိုက်သည့်မေးခွန်း ..။ ဆရာ စိတ်လှုပ်ရှားသွားတာ သိသာသည်။ ဝမ်းသာသွားတာလည်း သိသာနေသည်။ ..လို - ရှင်လွန်း စကားပြောဖော်ရလာတာကိုကြည်နူးနေပုံလည်းရသည်။

"ဆရာမကို ဘာလို့ချစ်တာလဲ .. ဟုတ်လား ဆရာမ .. ကျွန်တော် မေ့လို့ကိုမရတာပါ .. ဆရာမဟာ .. မုဆိုးမလေးဖြစ်တယ် .. ဆရာမရဲ့

www.burmeseclassic.com

www.burmeseclassic.com



ခင်ပွန်းကို .. အလွန်ချစ်တဲ့သူဖြစ်တယ် .. ကျွန်တော့်ကိုချစ်မှာမဟုတ်ဘူးဆိုတာ နားလည်နေရတာကိုက .. ရင်ကိုကျေစေတာပါပဲ .. ဝေးကြရပြီကောလို့ သိနေရတာလောက် ဆိုးတာမရှိဘူး ဆရာမ .. အဲသလိုသိနေရင်းနဲ့ .. မချစ်ပဲကို နေမရတာပါဗျာ .. ရင်ထဲမှာရှိနေတဲ့ဆရာမကို-- မချစ်ရဘူးလို့တော့ .. လာအမိန့်မပေးပါနဲ့ ဆရာမရယ် .. ကျွန်တော်ကိုယ်တိုင်လည်း တားလို့မရတဲ့အချစ်ပါ .. နှလုံးသားက .. အလွန်တရာကိုမှ ချစ်နေတဲ့အချစ်ပါဗျာ .. ဒီအချိန်တိုအတွင်းမှာ .. ကျွန်တော် .. သူ့ပစ်သလို .. ချုံးကျအောင်ကြေကွဲစေတဲ့အရာဟာ .. ကျွန်တော့်အချစ်ပါပဲ .. ဝေးရမယ်ဆိုတာသိနေရင်းနဲ့ .. ချစ်ရတဲ့သူတစ်ယောက်ရဲ့ဒုက္ခကို .. ဆရာမ .. မသိနိုင်ပါဘူးဗျာ .."

ဆရာ ပြောလာသည်။ ရှင်လွန်း မမှိတ်မသုန်ဆရာ့ကို ကြည့်မိသည်။ နောက်ဘက်ရှိ စားပွဲပေါ်မှာ တင်ထားရာ ရေဖန်ချိုင့်ကိုသွားယူ ..။ ဖန်ခွက်ထဲရေလောင်းထည့်ကာ ဆရာ့ကို ကမ်းပေးတော့ မငြင်း ..။ ရေငတ်နေပုံကြီးဖြင့် မော့ခနဲသောက်ပစ်သည်။ ရှင်လွန်း ကိုကြည့်လာရင်းမှ ..

"နောက် .. တစ်ခွက်လောက်များ .. ရနိုင်မလား ဆရာမ .."

ဟု ရင်ပူနေပုံဖြင့် ပြောလာပါ၏။ အာခြောက်နေပုံဖြင့် ရေတွေအတော်ကြီး ခြောက်သွေ့နေပုံဖြင့် နောက်တစ်ဖန်ခွက်ကိုလည်း မက်မက်စက်စက်သောက်သည်။ အေးတိအေးစက်လေးကြည့်နေသည့် ရှင်လွန်း ကိုလည်း မရဲတရဲလေး မော့ကြည့်ကာ ဖန်ခွက်ကို ပြန်ကမ်းပေး၏။ ဖန်ခွက်ကို ရှင်လွန်း ပြန်ထားချိန်မှာ ဆရာကတော့ အင်္ကျီလက်မောင်းစဖြင့် နှုတ်ခမ်းမှာဖေးတင်သည့် ရေစိုစွတ်ရာကို ပင့်၍သုတ်သည်။ ဟန်ကြီးပန်ကြီးမလုပ်တတ်တော့သည့် လူတစ်ယောက်ကို တွေ့ရချေသည်တည့် ...။

"ကျွန်မ .. ပြောပြစရာတွေရှိတယ် .. ကျွန်မဟာ .. မိဘမဲ့တစ်ယောက်ပါ .. ရွာသူလေးတစ်ယောက်ပါ .. ကျေးစုရွာဆိုတဲ့ ရွာငယ်လေးတစ်ရွာကပါ .. အိမ်ကြီးတစ်အိမ်မှာ .. ရှင်လွန်း အိမ်ဖော်လုပ်ခဲ့ရတယ်.. ဒေါ်ကြီးမေ ရှိနေနှင့်တဲ့အိမ်ကြီးဆိုပါတော့ .. အဲဒီမှာ ကိုကိုနဲ့တွေ့ခဲ့တာပါပဲ.."



ရှင်လွန်း ကို ဖျတ်ခနဲ ဆရာ ကြည့်လာသည်။ အကြည့်သည် တစ်ချက်ညို့ခနဲအရောင်သမ်း၏။ ရှင်လွန်း ကလည်း ထိုအရိပ်တွေကို အမိအရဖမ်းဆုပ်နိုင်ဖို့ မလွှတ်တမ်းကြည့်သည်။ ရှင်လွန်း သည် ကိုကိုဆိုသည့်သူတစ်ယောက်နှင့် ပတ်သက်ခဲ့ဖူးသည်ဆိုသည့် အသံတစ်ခုကိုကြားလိုက်တာနှင့် ဆရာ့မျက်ဝန်းတွေတစ်ချက်တော့ ညို့ခနဲသမ်းသွားသည်ပဲလေ။ ဒါဆို .. ဆရာသည် အနောက်ဆုတ်လိုက်ဖို့ ဆုံးဖြတ်လိုက်နိုင်သည်။ မုဆိုးမတစ်ယောက် ..။ ပြီးတော့ .. အိမ်ဖော်လုပ်ခဲ့ဖူးသည့် တောသူလေးတစ်ယောက် ..။ ထိုတောသူလေးနှင့် ကိုကိုတို့၏ အတိတ်ဇာတ်လမ်းတစ်ခုကလည်း ရှိနေသေးသည်။ ဒါတွေ ထပ်ကြားရချိန်မှာ .. မုဆိုးမတစ်ယောက်ကို စွန့်စားစွာချစ်မိသည့်အချစ်တစ်ခုသည် .. နောက်ထပ်တစ်ယောက်နှင့် ပတ်သက်ဖူးရာ မိန်းမတစ်ယောက်အဖြစ် သိရချိန်မှာ လန့်ဖျပ်နောက်တွန့်ပျောက်ဆုံးသွားနိုင်သည်ဟု ရှင်လွန်း ထင်သည်။ ဆရာ နောက်ဆုတ်သွားလိုက်တာတစ်ခုပဲ လိုသည်လေ ..။ ဒါဆို .. ရှင်လွန်း အိမ်ထောင်ပြုရမည့်ကိစ္စလည်းပြတ်ပြီ ..။ ကိုကြီးကို ပေးခဲ့ဖူးသော ကတိတစ်ခုကိုလည်း ရှင်လွန်း မတည်မြဲရာ မရောက်နိုင် ..။ ရှင်လွန်း ကိုကြည့်နေရင်းမှ ဆရာ စတင်၍ ပြုံးသည်။ အပြုံးသည် နူးညံ့နေ၏။ ပြီးတော့.. တစ်ခုခုကို အဖြေရထားသည့်သူတစ်ယောက်နှင့်လည်း တူနေသည်။ မေးခွန်းထုတ်သူတစ်ယောက်၏ ရင်တွင်းကိုထွင်း၍ သိမြင်သည့်နှယ်လည်းရှိနေသည်။

"ဆရာမက .. ကျွန်တော့်ကို လန့်သွားအောင်ကြိုးစားကြည့်တာနဲ့တူတယ် .. အဲဒါတွေအားလုံးကို .. ကျွန်တော် သိပြီးပါပြီ .. ဒေါ်ကြီးမေအားလုံးပြောပြတယ် .. အဲဒါတွေကို ရင်ဆိုင်နိုင်မှ .. ကေသရီအိမ်ကြီးကို လိုက်လာခဲ့ပါလို့ ဒေါ်ကြီးမေ က အစကတည်းက ရှင်းအောင်လုပ်ခဲ့တာပါ .. ကျွန်တော် .. ဆရာမကို ချစ်မြတ်နိုးနေခြင်းဟာ .. အရေးအကြီးဆုံးသောအရာပါပဲ .. ကျန်တာတွေအားလုံးကို ကျွန်တော် ရင်ဆိုင်နိုင်တယ်၊ ဆရာမကို အဆုံးရှုံးမခံနိုင်တာက အဆိုးဆုံးပါပဲ .. ဆရာမကို

www.burmeseclassic.com

www.burmeseclassic.com



ချစ်နေခြင်းဟာ အနှိုင်းမဲ့ပါပဲ .. ကျွန်တော် .. ဆရာမကို လက်ထပ်ခွင့်ရမယ်ဆိုရင် .. လက်ထပ်ပါရစေ .. ကျွန်တော့်အချစ်ကို သိရုံလေးသက်သက်အတွက်တစ်ခုတည်းရယ်ပါလို့ ပြောခဲ့ဖူးတဲ့ ကျွန်တော်ဟာ .. ဒီနေ့မှာ .. ဆရာမထံက လက်ထပ်ခွင့်တစ်ခုကိုရဖို့ ခွင့်ပန်ခြင်းဟာ .. ဆရာမကို .. ဘယ်လောက်ထိချစ်တယ်ဆိုတာ သက်သေထူဖို့ပါ .. ဆရာမ ယုံကြည်နားလည်ပေးစေချင်လို့ပါ .."

ဆရာ ပြောလာတော့ ရှင်လွန်း ရင်ထဲမော်ကျသွားရပါပြီ။ ဆရာသည် နောက်မဆုတ်ဇတမ်းသောခွဲကြီးသောအချစ် .. မြဲတည်သောအချစ်တို့ဖြင့် ရှင်လွန်း ကို ချစ်နေခြင်းပါလားဟု နားလည်မပေး၍ မရနိုင်လောက်အောင်ပဲ ဖြစ်ကုန်ရပြီ။

"ကျွန်မဟာ .. မုဆိုးမဇာတာပါတဲ့သူဆိုတာ ရှင် မမေ့ဖို့လိုတယ်.. ကျွန်မ လက်ထပ်တဲ့နေ့မှာ .. ကိုကြီး ကွယ်လွန်ခဲ့တယ်လေ .."

"ဆရာမရယ် .. ကျွန်တော် သေရဲပါတယ်ဗျာ .. မခွဲရဲတဲ့သူပါ.. မခွဲနိုင်တဲ့သူပါ .."

"ကျွန်မရဲ့ ကေသရီမှာ .. ကိုကြီးရဲ့ ဓာတ်ပုံကြီးကို အမြဲတမ်း ဧည့်ခန်းဆောင်မှာ တလေးတမြတ်နဲ့ တကြည်တညို ဇာစ်သက်လုံးထားမှာနော် .. ဒါ .. ကိုကြီးရဲ့ ကေသရီဖြစ်တယ် .. ကျွန်မရဲ့ ကိုကြီးလည်း ဖြစ်တယ် .. ကိုကြီး မရှိတော့ပေမယ့် .. ဓာတ်ပုံကို .. ဖြုတ်မပစ်နိုင်ဘူး ဆိုတာ ဆရာ ကြိုတင်သိထားပေးပါ .. ဆရာ .. ခံနိုင်ရည်ရှိပါ့မလား.."

ဆရာ ငေး၍ကြည့်သည်။ ရှင်လွန်း တိတ်ဆိတ်စွာတည်တည်ရူးရူးလေးကြည့်နေရပါ၏။

"ဒီမေးခွန်းတွေ မေးနေတဲ့ ဆရာမကို ကျွန်တော် ပြန်မေးမယ်.. မဖြေပဲနေလို့တော့မရဘူး .. ကျွန်တော် .. ဆရာမရဲ့ ကိုကြီးဓာတ်ပုံကို ဧည့်ခန်းဆောင်မှာ ချိတ်ထားတာ .. ဘာမှ .. ဘယ်တော့မှ .. ဖယ်ရှားဖို့ ပြောမှာမဟုတ်ပါဘူး .. ဆရာမ .. ကျွန်တော့်ကို .. လက်ထပ်ပါလို့ပဲ ပြောချင်တယ် .. ဒီလောက်မေးခွန်းတွေမေးသမျှ ဖြေလိုက်ရတဲ့သူတစ်



ယောက်မှာ .. အဲဒီလိုအခွင့်အရေးတော့ ရသင့်နေပါတယ် ဆရာမ .."

ဟု ဖြေလာတော့ ရှင်လွန်း ထရပ်လိုက်ရပါပြီ ..။

အေးစက်သောအကြည့်သည် ရှင်လွန်း ထံမှာရှိနေဆဲ ..။

"ကျွန်မ .. ဘယ်တော့မှ .. ကိုကြီးရဲ့ ကေသရီရိပ်ငြိမ်နဲ့ ကေသရီဆိုတယ်ကို စွန့်ခွာပြီး .. ရှင့်နောက်ကို .. သျှောင်နောက်ဆံထုံးပါဆိုတာ ဖြစ်လာနိုင်ဘူး ဆရာ .. ဘာလို့လည်းဆိုတော့ .. ကိုကြီး ပေးအပ်ခဲ့ရာ ကေသရီကို .. ကျွန်မ .. စောင့်ရှောက်ရမယ် .. မြတ်နိုးရမယ် .. နေသွားရမယ် .. တစ်သက်လုံးဆိုပါတော့ .. ကျွန်မရဲ့ သက်မဲ့ခန္ဓာဟာ ဒီကေသရီ ထဲနေပြီးတော့မှပဲ ထွက်ခွာခွင့်ရှိရမှာပေါ့ .. ကိုကြီး ထွက်ခွာသွားခဲ့ရာ လမ်းကြောင်းအတိုင်း .. ဆို .. ပါ .. တော့ .."

ဟုတ်သည်။ ကေသရီမှပင်လျှင် ရှင်လွန်း ၏ နောက်ဆုံးခရီး ..။ သက်ခဲ့ခရီးတစ်ခုသည် ထွက်ခွာရမည်။ ဒါ .. ရှင်လွန်း ၏ အဆုံးအဖြတ် ..။ ကိုကြီး ထွက်ခွာရာနေရာတစ်ခုဆီမှသာလျှင် ရှင်လွန်း သည်လည်း ထွက်ခွာရမည်။

ဆရာ .. အတန်ကြာ မမှိတ်မသုံ .. ရှင်လွန်း ကိုကြည့်နေသည်။ ဤတစ်ကြိမ်မှာတော့ ဆရာသည်လည်း တည်ငြိမ်ရင့်ကျက်လွန်းသော အကြည့်တွေဖြင့် ကြည့်လာနေချေပြီတကား ..။

"ဆရာမ .. ဖြေပါ .. ကျွန်တော့်ကို လက်ထပ်ဖို့ဆုံးဖြတ်ရဲသလား.. ဆုံးဖြတ်ပေးမလား .. ကျွန်တော် .. လက်ကမ်းပေးနေတယ် .. ဒီလက်ကို ဆုပ်ကိုင်ပေးလိုက်ရုံလေးတစ်ခုပဲ အခုလုပ်ပေးပါ .. ကျွန်တော် .. ကတိ ပေးခဲ့ပေးတယ် .. ဆရာမနဲ့ တစ်သက်တာလုံး ကျွန်တော် နေသွားမယ်.. အဲဒီ ကေသရီမှာပါ .."

ဟု ဖြေလာတော့ ရှင်လွန်း မျက်လွှာချလိုက်မိရပါပြီ ..။ ရှင်လွန်း လက်လေးကို ·မတ်လိုက်မိရသည်။ အခန်းတွင်းမှ ထွက်တော့ ဆရာ ခေါ်မလာ ..။ ရပ်ကျန်ခဲ့၏။ ကေသရီအိမ်ကြီးကတော့ တိတ်ဆိတ်နေသည်။ လူရိပ်ကင်းနေသည်။ ကြည့်ရတာ .. အားလုံးရှောင်ပေးနေကြပုံ ရသည်။ ခေါ်ကြီးမှ .. နောက်ဘက်မီးဖိုဆောင်ဆီသို့ ခေါ်လေးခြယ်

www.burmeseclassic.com



ကိုလည်းခေါ်ထားပုံရသည်။ ဘဘညို့ ကိုလည်း ခြံထဲရှောင်ထားခိုင်းနေသည်လား မသိ။ လေးလေးဆွေ လည်းရှိမနေ ...။ လွတ်လပ်စွာဆွေးနွေးစေ ...။ ဆုံးဖြတ်စေ .. ဟု ခေါ်ကြီး တွေးထား .. စီမံထားလိုက်ပုံရသည်ပါပဲ ...။

ရှင်လွန်း ဆရာ့ကို စောင့်နေသည်။ ထိုအခါမှ ဆရာ သဘောပေါက်ပုံဖြင့် နောက်မှ လိုက်လာပါ၏။ ညှော်ခန်းရှိ ကိုကြီး၏ ဓာတ်ပုံရှေ့မှာ ရှင်လွန်း ရပ်သည်။ မနေ့မနက်ကမှ .. သေချာမှန်ဘောင်သွင်းထားရာ ကဗျာတစ်ပုဒ်သည် ကိုကြီး၏ ဓာတ်ပုံဘေးမှာရှိနေ၏။ တစ်ဖက်မှာက အလင်းစက်ပန်းချီကား ...။ တစ်ဖက်မှာက .. ကဗျာ ..။

"အဲဒီကဗျာလေးကို .. ကျွန်မကိုယ်တိုင် ရေးဖွဲ့ခဲ့တာပါ ဆရာ.. ဆရာ .. စိတ်ကူးမယဉ်တတ်ဖူးဆိုရင် .. ဖြစ်ချင်တာထက် .. ဖြစ်သင့်တာကို ရွေးချယ်တတ်လိမ့်မယ်လို့ ကျွန်မ ထင်ပါတယ် .. ဆရာ .. ဒီမြင်ကွင်းကို နေ့တိုင်းရင်ဆိုင်ရမယ်ဆိုတာ .. လက်တွေ့ကျနိုင်ပါ့မလား.. ဆရာ့အတွင်းမနောကို .. ဆရာကိုယ်တိုင် မလိမ်မညာ .. မေးကြည့်ပါ.. ဖြေကြည့်ပါ .."

ရှင်လွန်း ပြောတော့ ဆရာ အတန်ကြာကြည့်နေသည်က .. ကိုကြီး၏ အေးချမ်းရင့်ကျက်သော အပြုံးဖြင့် ရှိနေရာဓာတ်ပုံကြီးကိုပါ ..။ နောက်တော့ .. အလင်းစက်ပန်းချီကား ...။ တဖန် .. တိတ်ဆိတ်စွာဖတ်နေသည်က .. ရှင်လွန်း ၏ ကဗျာ ..။

ရှင်လွန်း ကိုယ်တိုင်သည်လည်း .. ကဗျာလေးကို .. မျက်တောင်မခပ်ငေးစိုက်ကြည့်နေမိရပါ၏။ ကွန်ပျူတာစီထားရာကဗျာလေး ..။ သြော် .. ရှင်လွန်း ၏ .. နှလုံးသားဖြင့် ဖွဲ့သီတမ်းတရာကဗျာလေး ..။

ရင်ထဲမှ မေးမှိန်ခွင့်မပြုနိုင်ရာ
သခင့်ရုပ်ပုံလွှာကိုသာလျှင်
ဦးထိပ်တွင်ပန်ဆင်ဆင်
ကေရာဇ်ဘုရင်တစ်ပါးပမာရယ်မို့



လွမ်းဆွတ်လို့ ကျွမ်းမြေ့သူ ရင်ခွင်နန်းမှာ
စံမြန်းကာ မှန်နန်းမစွာ .. ရှိပါဖျာ့ရယ်လို့
ရင်ဆို့ကာ ပြောပါတဲ့စကားကဗျာတွေဟာ
အမှန်တရားသစ္စာတွေပါပဲ ...။
သြော် ...
အမှန်တရားတွေပါပဲ ....။

ကဗျာကို အသံထွက်၍ ဆရာ ဖတ်နေသည်။ အဆုံးမှာ ဆရာ ငုံ့မိုး၍ကြည့်လာသည်က ရှင်လွန်း ကို ပါ ..။

"မောင်တို့ .. လက်ထပ်ကြရအောင် ရှင်လွန်း .."

အခေါ်သည် ပြောင်းသွားချေပြီတကား ..။ ဆရာမ .. ဟု မခေါ်..။ ရှင်လွန်း ဟုခေါ်လာသည်။ နောက် .. နောက် .. မောင်တဲ့လားလေ ...။

"ဒီလောက် အမေးတွေများခဲ့တဲ့ ရှင်လွန်း ကို .. မောင် .. ဖြေမယ်.. ရှင်လွန်း ကို မောင် လက်ထပ်မယ် .. ဖေဖေ မေမေတို့နဲ့ လာမြန်းခိုင်းမယ် .. လိုတရ မောင့်ကို ထားတဲ့ ဖေဖေနဲ့ မေမေဟာ .. မောင့်အတွက်.. စကားမြန်းဖို့ ရောက်လာကြပါလိမ့်မယ် .. မောင် .. ထပ်ပြောမယ် .. မောင့်တို့ လက်ထပ်ကြရလိမ့်မယ် ရှင်လွန်း .. ဒါဟာ .. မှုတခြင်းပဲ .. ဒီလောက်ထိ .. မောင့်အချစ်တွေကို စမ်းသပ်ခဲ့တဲ့ ရှင်လွန်း ဟာ .. မောင့်ကို .. လက်ထပ်ခွင့်ပြုဖို့ပဲ ရွေးချယ်စရာလမ်းကျန်တယ် .. ဒါမှ .. မှုတမယ် .. ငြင်းမယ်ဆိုရင်ဖြင့် .. ဒါ .. မတရားဘူးပဲ .. မမှုတတာပဲ .."

ဆရာ ထပ်ပြောလာချိန်မှာ ရှင်လွန်း ကိုကြီးကို မော့ခနဲကြည့်မိရပါပြီ ..။ သြော် .. ရှင်လွန်း ကို မြတ်နိုးသူကိုတွေ့လျှင် လက်ထပ်ရမည်တဲ့လား ကိုကြီးရယ် ..။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

ရင်ကိုဖြန်းဖြန်းပါအောင် ရိုက်ပစ်ရင်းမှ မေမေ သူ့ကို စူးစူးရှရှ ကြည့်သည်။

"ဘုရားရေ .. မေမေ့သားတစ်ယောက် ဒီလောက်ထိ မိုက်တွင်းနက်သိမ့်မယ်လို့ကို မထင်မိခဲ့တာ မေမေ့ အမှားပဲ .. မေမေ့သားကို အထင်ကြီးသွန်းခဲ့တာပဲကိုး .. ဘယ့်နှယ်ကွယ် .. အိမ်ကြီးတစ်အိမ်မှာ အိမ်ဖော်လုပ်ရင်း .. အဲဒီအိမ်ဘေးက သူဌေးရဲ့ ဘိုးအေဖြစ်သူ မျက်စိနောက်လောက်အောင် ဘာတွေလုပ်ခဲ့မှန်း မသိရတဲ့ မိန်းမ .. နောက်တစ်အိမ်ရောက်တော့လည်း အိမ်ရှင်သူဌေးဒုက္ခိတကြီးကို ရအောင်မျူးနှပ်ပြီး .. သေမယ်မှန်းသိရက်နဲ့ လက်ထပ်ယူခဲ့တဲ့မိန်းမ .. မုဆိုးမဘဝကို .. အလွယ်လေး လက်ခံလိုက်ရုံနဲ့ရှိသမျှ စည်းစိမ်ချမ်းသာပုံကြီးထဲ ဒီနေ့ထိ မျက်နှာပြောင်တိုက် နေခဲ့ရတဲ့ မိန်းမ .. ခုလည်း .. ခုလည်း .. မေမေ့ သား .. စာရေးဆရာ.. လူချမ်းသာ .. ကုန်တိုက်ပိုင်ရှင် .. အဲဒါကိုရအောင် .. ယူဖို့ကြံစားထား ပြန်ပါပေါ့လား .."

သူ ခေါင်း မတ်ခနဲထောင်မိကာ ..

"ဟာ .. ရှင်လွန်း ကို ဘယ့်နှယ်ပြောလိုက်တာလည်း မေမေ .. သူနဲ့ပတ်သက်တာတွေအားလုံးကို .. သူ့ဘက်ကလည်း မချွင်းမချန်ပြော



ပြခဲ့တာပဲ .. ဒေါ်ကြီးမေ ဆိုတာကလည်း ပြောပြခဲ့တာပဲ .. အဲဒါတွေ အားလုံးကို .. သား မေမေ့ကို ပြန်ပြောပြနိုင်တာဟာ သူတို့မပြောပြဘဲ နေရင် ဖြစ်နိုင်ပါ့မလား .. ရှင်လွန်း ဟာ အလွန်ဖြူစင်ရိုးသားတဲ့ မိန်းကလေး ပါ .. သားက .. သူ့ကိုချစ်လွန်းလို့ မရ .. ရအောင် .. ခွင့်ပန်ယူခဲ့ရတာ ပါ .. ခုဥစ္စာက .. သူ့ဘဝကို .. ဖြူဖြူစင်စင်လေး ရှိနေသမျှ .. သား မေမေ့ ကို နားလည်မှုပေးနိုင်အောင် ပြောပြမိတာဟာ .. ရှင်လွန်း ကို အထင်သေး ဖို့ဖြစ်နေတယ် မေမေ .. မေမေ ရှင်လွန်း ကို အဲသလောက်အထင်မသေး သင့်ပါဘူး .. အမြင်မတိမ်းအင့်ပါဘူးဗျာ .."

မေမေ သူ့ကို စူးစူးရှရှကြည့်သည်။ မျက်ဝန်းတွေ တလက်လက် တောက်နေ၏။

"အေး .. အဲသလို .. ငါပြောတဲ့စကားမျိုး .. မင်း .. သူနဲ့လက်ထပ် ချိန်မှာ .. မင်း မိန်းမနဲ့ပတ်သက်ပြီး အဲသလိုပဲ မင်္ဂလာပွဲတက်သူတွေက ဝေဖန်ကြမှာ .. ပြောကြမှာ .. မင်းမိန်းမ .. မင်းကို .. ချမ်းသာဂုဏ်အပိုင် ပိုင်းယူလိုက်ပြန်ပြီလို့ ပြောမှာ .. ယောကျ်ားနှစ်ယောက်နဲ့ ရှုပ်ခဲ့ဖူးတဲ့ မိန်းမ .. အခု .. တတိယမြောက် ယောကျ်ားကို လက်ထပ်ယူလိုက်ပြီလို့ ပြောတော့မှာဟဲ့ သိရဲ့လား .. အဲဒီ ဘုန်းလူ ဆိုတဲ့ ဒုက္ခိတကြီးနဲ့ တစ် အိမ်ထဲ အတူနေခဲ့ကြတာ နှစ်နဲ့ချီတာပဲဥစ္စာ .. သူတို့ချင်း မယူခင်က တည်းက တိတ်တိတ်ပုန်းညားနေကြမှာဟဲ့ .. ဟို သူဌေး သေခါနီးတော့ ခြေမဲ့လက်မဲ့ဖြစ်ကျန်မှာ အဲဒီကောင်မ ကြောက်ပြီး .. မုဆိုးမဖြစ်ရမယ့် ဘဝကို .. ရွေးချယ် .. ချမ်းသာခြင်းကို အပိုင်သိမ်းယူခဲ့တာဟဲ့ .. အဲဒါ.. ငါတစ်ယောက်တည်းကပြောနေတယ်လို့များ ထင်နေသလား .. လူတိုင်း နည်းပါး ပြောကြမှာဟဲ့ .. ပြောမှာဟဲ့ .. ငါ့နှယ်နော် .. မင်းရဲ့အဖေ ထိုင်း ထုမ္မာဂီကပြန်မလာသေးတာပဲ ကံကောင်းလှပြီ .. ကိုအောင်သစ် သာ ဒီမှာ ခုထာပြန်ရောက်လာချိန်မျိုးဆိုရင်ဖြင့် ရင်ကျိုးမှာ .. အခုလို မင်း ပြောသမျှကြားရရင်ဆိုပါတော့ .. ဘယ့်နှယ်ကွယ် .. အဖေက .. ထိုင်း မှာ ကုမ္ပဏီထောင်ထားတယ် .. လျှပ်စစ်ပစ္စည်းစက်ရုံတစ်ခုလည်းထောင်

www.burmeseclassic.com



ထားတယ် .. အဲသလောက် မင်းအတွက် .. အစစ .. ချမ်းသာတကာ့ ချမ်းသာအောင် အဖေက စီမံ .. အမေက စီမံ .. ဟင် .. ဒီမှာက .. ကုန်တိုက်ကြီးကို ဟီးလို့ .. မင်းအတွက်ကလည်း ဝါသနာပါလှချေရဲ့ဆိုလို့ စာပေတိုက်လည်း ထောင်ထားပေးတယ် .. ဒါ .. မင်း ကျေးဇူးပြန်ဆပ်နေတာလား မိုက်သစ်ဆမ်း .. ဟင် .. ဆပ်နေတာလား .."

မေမေ ခါးခါးသီးသီးအရမ်းဖြစ်နေတော့ သူ စိတ်ညစ်လာသည်။ ရှင်းပြ၍လည်း မရ။ ဖျောင့်ဖျ၍လည်းမရ ဖြစ်နေခြင်းက အဆိုးဆုံးဖြစ်နေ၏။

"စပြောတုံးကတော့ .. ကေသရီဟိုတယ်ပိုင်တယ် .. ကေသရီ ရတနာဆိုင်လည်း ဟိုတယ်မှာ အရောင်းခန်းဆောင် ဖွင့်ထားတယ် .. ကေသရီအိမ်ကြီးကိုလည်း ပိုင်တယ် .. ဥပဒေဘွဲ့ရတယ် .. ပန်းချီဆရာမ လည်းဖြစ်တယ်ဆိုတာတွေ မင်း အရင်ဆုံး ခင်းကျင်းပြောပြတော့ .. ကြားကြားချင်းမှာဖြင့် ခြော် .. ငါ့သား .. လိမ္မာလိုက်တာ .. ငါ့အတွက်.. ချွေးမ အရှာကောင်းလိုက်တာ .. ဂုဏ်တင့်လိုက်တာ .. ငါ့ချမ်းသာဂုဏ်.. သူ့ဘက်က ချမ်းသာဂုဏ်နဲ့ .. နေနဲ့လ .. ရွှေနဲ့မြဖြစ်ပြီ .. ဆိုပြီး ရင်ထဲ ချမ်းမြေ့ပုံများ .. ဟော .. နောက်ဆက်တွဲဂုဏ်တွေထပ်တိုးအောင် ပြောပြတော့မှ .. ရင်နှစ်ခြမ်း ပြန်းပြန်းပါအောင် ကွဲတာပဲတဲ့ .. ငနွားရဲ့ .. နင် .. မယားယူမှာမဟုတ်ဘား .. နွားဘဝပဲရမှာ .. ငနွားရဲ့ .."

မေမေ သူ့နဖူးကို လက်ညှိုးဖြင့်ထိအောင်ထိုး၍ထိုး၍ မခံနိုင်တော့ သလို ပြောနေတော့ သူ စိတ်ဆင်းရဲလိုက်ရသည့်အမျိုး ..။ ပြဿနာက တော့ သေးမည့်ကိစ္စမဟုတ်။ သူ့ဘက်က တွေးခဲ့တာက ရိုးရိုးလေး ..။ ရှင်လွှန်း သည် .. ဖြူစင်သည့် မိန်းကလေး ..။ တည်ငြိမ်အေးချမ်းသည့် မိန်းကလေး ..။ လှပသိမ်မွေ့ခြင်းများဖြင့် နန်းဆန်ကျော့စင်စွာ လှပပါ သည့် မိန်းကလေး ..။ ဘဝမှာ ကြုံဆုံရသည့် ရှင်လွှန်း ၏ အတိတ်ဖြစ် ရပ်များသည်လည်း ရှင်လွှန်း ဘက်က မရိုးမဖြောင့်တာ ဘာမျှရှိခဲ့တာ မဟုတ် ..။ ဤသို့ သူသိနားလည်နေသည့်နှယ် ဖေဖေနှင့် မေမေတို့သည်



လည်း နားလည်ကြချေမည်ဟုပဲ ထင်မိခဲ့သည်။ ယုံမိခဲ့သည်။ ခုကျတော့.. အယုံကြည်လွန်ကဲသွားခြင်းဖြစ်ကုန်ရပြီ ..။ လက်တွေ့မှာက တခြားစီ ဖြစ်နေသည်တည့် ..။ သူကလည်း ရှင်လွှန်း ကို ဘယ်လိုမှမခွဲနိုင် ..။

"ရှင်လွှန်း ကို .. အထင်မသေးပါနဲ့ မေမေရယ် .. အလွန်သစ္စာရှိတဲ့ သူပါ .. ကွယ်လွန်ခဲ့ပြီဖြစ်တဲ့ ခင်ပွန်းသည်ကို .. ကိုးကွယ်ထားသလို ကြည်ညိုမြတ်နိုးတဲ့သူပါ .. ကေသရီမှာ .. သူ့ရဲ့ ခင်ပွန်းသည်ဓာတ်ပုံကြီး ကို .. တစ်သက်လုံးချိတ်ထားမယ့်သူပါဗျာ .. သစ္စာမဲ့တဲ့အလုပ် .. အရှက် မဲ့အလုပ် .. သူတစ်ပါးပစ္စည်း မတရားမက်တဲ့အလုပ် .. မလုပ်တဲ့ ရှင်လွှန်း ပါ .."

မေမေ စိတ်လက်ကုန်ပုံဖြင့် သူ့ကို စိုက်ကြည့်နေပါ၏။ သူ ထပ်၍ ရှင်းပြရပြန်သည်။

"ရှင်လွှန်း ဟာ .. ပစ္စည်းကြောင့် လက်ထပ်တာမဟုတ်ဘူးဆိုတာ အဲဒီလို အိမ်မှာ ခင်ပွန်းသည်ရဲ့ ဓာတ်ပုံကြီးကို တကြည်ညိုညိုနဲ့ ချိတ် ထားရင်း .. အမြဲတမ်းတနေတဲ့စိတ်နဲ့ အသက်ရှင်နေတဲ့ ရှင်လွှန်း ဖြစ် နေတာပါ .. လို့ .. သက်သေထူနေသလိုပါ မေမေရယ် .."

"အေး .. မင်းကို လက်ထပ်ဖြစ်တယ်ဆိုရင် .. အဲဒီဓာတ်ပုံကြီးဖြုတ် ပြီး .. မင်း ဓာတ်ပုံကြီး ပြောင်းချိတ်ပေမပေါ့ .. ကုန်တိုက်သူဌေး .. ကုမ္ပဏီသူဌေး .. စာပေတိုက်ပိုင်ရှင်သူဌေး .. အဲဒီ ဂုဏ်ပုဒ်တွေနဲ့ .. မင်းကို အပိုင်သိမ်း .. စည်းစိမ်ချမ်းသာပါ အပိုင်သိမ်းခြင်းတွေရဲ့ အောင်ပွဲအထိမ်း အမှတ်အဖြစ် မင်း ဓာတ်ပုံကြီး ချိတ်ထားပေလိမ့်မပေါ့ .."

ရွဲ့တဲ့တဲ့အပြောကို သူ ခေါင်းခါရင်းမှ ..

"ကိုဘုန်းလူ ရဲ့ ဓာတ်ပုံကို .. ကေသရီကနေပြီး .. တစ်သက်လုံး.. ဘယ်တော့မှ မဖြုတ်ဖူးဆိုတာကို .. ရှင်လွှန်း ပြောထားတာပါ မေမေ.."

ဟု ပြောခါမှ မေမေ ရင်တီးလက်ခတ်ဖြစ်ရပါပြီတည်း ..။ ရင်ဝို ဖြန်းဖြန်းပါအောင် လက်ဖြင့်ရိုက်ကာရိုက်ကာ ..

"အံမယ်လေးလေး .. မင်းက .. အဲဒီလင်ဟောင်းဓာတ်ပုံကြီး နေ့

www.burmeseclassic.com

www.burmeseclassic.com



တိုင်းကြည့်မယ်ပေါ့ .. ဟုတ်လား .. အံ့ရောဟယ် .. အံ့ရောဟယ် .. မှန်းစမ်း .. မင်းခေါင်းမှာ ဂျိုပေါက်နေသလားလို့ .. နွားရဲ့ .. နွားငထိုရဲ့ .. ဟင် .. ရှက်လိုက်ပုံများရယ်နော် .. ငါ့သား မိုက်ပုံများ ဆေးမိထားသလိုပါပဲလား .. အဲဒီ မိန်းမ ဆေးခပ်ထားသလိုဖြစ်နေပါရောလား .. ပြုစားထားသလိုဖြစ်နေပါရောလားဟဲ့ .. မိုးသစ်ဆမ်း ရဲ့ .. မင်းကို လာတွေ့တဲ့ အပေါင်းအသင်းလောက်ပဲ မြင်ကြည့်စမ်းပါ .. အဲဒီအိမ်ကြီးထဲမှာ .. အဲဒီ ဘုန်းလူ ဆိုတဲ့ ဓာတ်ပုံကြီးက မားမားကြီးရှိနေတာကို .. မြင်သွားကြရင် .. ဘာပြောမလဲ .. ငါ .. ငါ .. မင်းကို နားမလည်တော့ဘူး မိုးသစ်ဆမ်း .. တည့်တည့်များ မေးပစ်ချင်ပါရဲ့ .. မင်း မရှက်ဖူးလား ဟင် .. အဲဒီ ဓာတ်ပုံကြီးကို .. မင်းရဲ့ စာပေအပေါင်းအသင်းတွေလာမြင်တယ်ပဲထား .. မင်း .. အဲဒီအိမ်ကြီးရဲ့ ဧည့်ခန်းမှာ .. အရှက်မရှိထိုင် ဧည့်ခံစကားပြောနေနိုင်သလား .."

ဟု ပြောတော့ သူ ငိုင်နေသည်။ မေမေ ပြောတာ မမှန်ဟုတော့ အပြောခက်သည်။ ဒါပေမယ့် ရှင်လွန်း ဘက်ကကြည့်လျှင်လည်း ကိုဘုန်းလူ၏ ဓာတ်ပုံကို ဖယ်ရှားပစ်ရက်နိုင်စရာကို မရှိ။ သူ .. ရင်မဆိုင်နိုင်တာက တစ်ခုပဲရှိသည်။ ရှင်လွန်း ကို မခွဲနိုင်ခြင်း ..။ ကျန်တာကို သူ ရင်ဆိုင်နိုင်သည်။ ဓာတ်ပုံကြီးပဲရှိရှိ ..။ သူ ရင်ဆိုင်နိုင်သည်။ သူ့ဘဝမှာ ရှင်လွန်း မရှိမှာကိုပဲ သူ ရင်မဆိုင်နိုင် ..။ ခံနိုင်ရည်မရှိ။ ရှင်လွန်း ကို ရင်သည်းနှစ်အောင် အဘယ်မျှထိ သူ စွဲလန်းမြတ်နိုးနေသည်ဆိုတာ သူသာအသိဆုံး..။

"ကဲ ..ဒီကိစ္စ .. ခဏနားကြရင် အကောင်းဆုံးပဲ သား .. နောက်တော့မှ .. သားအမိနှစ်ယောက် ထပ်ပြောကြတာပေါ့ .. လောလောဆယ် မေမေလည်း ရှူးချင်နေပြီ .. ဆက်ပြောနေရင် သားလည်း စိတ်ချမ်းသာစရာ ကြားဖို့မရှိဘူး .. မေမေလည်း .. သား စိတ်ချမ်းသာအောင် လိုက်လျှော့ပေးနိုင်မှာလည်း မဟုတ်ဘူး .. သားကိုယ်တိုင်လည်း ကျန်းမာရေးကအကောင်းကြီး ဖြစ်သေးတာမဟုတ်ဘူး .. ဒီတော့ .. မေမေလည်း သွေးဆူနေချိန် .. သားလည်း စိတ်ညစ်ပြီး သွေးပူနေချိန်မှာ .. ဒီကိစ္စ ခဏနား



ထားကြတာပေါ့ .. မေမေ ကုန်တိုက်သွားမယ် .. သား .. အိမ်မှာပဲနေ.. မယ်ပု သားအတွက် ကြက်သားမြူဆွမ် လုပ်ပေးဖို့ မေမေ မှာထားခဲ့မယ်.. ကဲ .. ကဲ .. အခန်းထဲဝင် .. နား .."

မေမေ ပြောကာ ထရပ်သည်။ ဤကိစ္စ .. ညနေလောက်ကျမှ ဆက်ပြောကြဖို့ စိတ်ကူးထားသည်လား မသိ။ လောလောဆယ် မေမေနှင့်ဆက်၍ အငြင်းအခုန် ဖြစ်မနေတာလည်း ကောင်းနေသည်မို့ သူ ငြိမ်လိုက်ရသည်ပါပဲ။ သူ ကားနှင့် အိမ်ပြန်ရောက်တာနှင့် .. မေမေ့ခမျာ အရမ်းပိန်ကျသွားသော သူ့ကိုကြည့်ပြီး စိုးရိမ်လိုက်ရသည်မှ ပြာနေသည်ပဲလေ ..။ နဖူးစမ်းလက်စမ်းဖြင့် သောကတွေ ဖြစ်ခဲ့ရသည်။ သူ အခန်းပြန်နား ..။ မေမေတိုက်သည့် နွားနို့ပူပူနှင့် ပေါင်မုန့်ဆင်းဒဝစ်(ချ်)ကို စား ..။ ပြီးတော့မှ .. ရှင်လွန်း ကို လက်ထပ်မည့်ကိစ္စ .. မေမေ့ကို သူ ခွင့်ပန်ဖွင့်ပြောခဲ့ခြင်းပါ ..။ ခုကျတော့ .. အခြေအနေသည် .. မေမေ့ဘက်ကတော့ မကျေမလည်ဖြစ်နေသည်။ ဒါပေမယ့် သူ ရအောင် ဖျောင့်ဖျယူရမည်သာ ..။ မေမေ လောလောဆယ် မတွေ့လိုပါဟု ကြိုတင်ပြောထားပေမယ့် ..။ ရှင်လွန်း ကို ရအောင် .. သူ .. မေမေ့ထံခေါ်လာမည်ဟုလည်း တွေးမိပြန်သည်။ ချက်ချင်း စိတ်ထဲလေးကျသွားရပြန်သည်က.. ရှင်လွန်း သည်လည်း ယောက္ခမလောင်းလျာထံလိုက်တွေ့ကာ .. လူတွေ့စစ်ဆေးတာမျိုးကို ခံမည့်မိန်းကလေးမဟုတ်ဟု သိနေရပြန်သည်ကိုးလေ ..။ ခက်ကုန်ပြီ .. ဟု စိတ်ထဲ ညည်းတွားမိကာ အခန်းခုတင်ထက်မှာ သူ ထိုင်နေရင်း လက်ချောင်းတွေ ဆံစတွေကြားထဲ ထိုးဖွကုတ်ခြစ်ပစ်နေမိရသည်ပါပဲ ..။ မေမေ တစ်ချက်ငေးကြည့်သည်။ နောက်တော့လည်း စိတ်ထိခိုက်ပုံဖြင့် သူ့ကို ဆံစတွေသပ်ပေးသည်။ ကျောပြင်လို့ သပ်ပေးသည်။

"မေမေ့သား အစွဲအလန်းကြီးတာ မေမေ သိပါတယ် သားရယ်.. ဒီလိုအစွဲအလန်းကြီးတဲ့သားလိုလူမျိုးမှ .. ဒီလိုမိန်းမမျိုးနဲ့ကြုံရတယ်လို့ကွယ် .. မေမေ့သား စိတ်ဆင်းရဲနေတာမြင်ရတော့ .. မေမေ ရင်ထဲမချိဘူး

www.burmeseclassic.com

www.burmeseclassic.com



သား .. သားရဲ့ ဖေဖေနဲ့ မေမေတို့မှာ တစ်ဦးတည်းသော သားအဖြစ်ရှိနေတဲ့ .. မေမေတို့ရဲ့သားကို .. ဘယ်တုန်းကမျှ .. လိုချင်တာမရလိုက်ဖူးဆိုတာရှိစေခဲ့ဖူးလို့လည်းကွယ် .. ကဲ .. ကဲ .. နားလိုက် .. မေးလိုက်.. မေမေတို့ ညနေကျတော့မှ .. ထပ်ပြောကြတာပေါ့ .. ဘာကိစ္စကိုပဲတွေးတွေး .. ဆုံးဖြတ် .. ဆုံးဖြတ် .. သားရဲ့ ဖေဖေနဲ့ မေမေတို့ဟာ သားအပေါ်မှာ တစ်သက်လုံး .. ဘယ်လောက်ထိချစ်ကြတယ် .. အလိုလိုက်ကြတယ်ဆိုတာ .. မမေ့ပဲ .. ထည့်ထည့်စဉ်းစားပေးပါ သားရယ် .."

ဟု သက်ပြင်းရှိုက်၍ ပြောကာ အခန်းထဲမှ ထွက်လာသည်ကဒေါ်ထားခင်ခင် ပါ ..။ ပေါ်တီကိုအောက်မှာ ရပ်ထားသည့်ကားကို .. ခါတိုင်းနေ့များလို ဒရိုင်ဘာ မောင်ထက် ကို မမောင်းခိုင်းတော့ဘဲ ကိုယ်တိုင်မောင်းသည်။ သားဖြစ်သူ ပြောပြထားသည့် ကေသရီရိပ်မြိုင်အိမ်ကြီးရှိရာ လိပ်စာအတိုင်း မောင်းခြင်း ..။

ခြံတံခါးသို့ရောက်တော့ ကားရပ်ကာ ဟွန်းသံပေးတော့ ဥယျာဉ်ဆီမှ လူတစ်ဦး ခပ်သုတ်သုတ်လျှောက်လာသည်။ အသက်ခပ်ကြီးကြီးလူတစ်ယောက် ..။

"ကျွန်မ .. ဒေါ်ထားခင်ခင် ပါ .. မောင်မိုးသစ်ဆမ်း ရဲ့ မေမေပါ.. ရှင်လွန်းပုံ နဲ့ တွေ့ပါရစေ .."

လက်ပွေ့အိတ်ကို ဟန်ပါပါလေးကိုင်၍ပြုံးကာ ဒေါ်ထားခင်ခင်ပြောတော့ ထိုလူကြီးမှ ခေါင်းညိတ်သည်။

"ရှင်လွန်းလေး တောင်မှ .. တအောင့်လောက်နေရင် .. ဟိုတယ်ကို သွားတော့မလို့ပါ အစ်မကြီး .."

ဟု ပြောကာ တစ်ချက်ခပ်ဆဆစဉ်းစားနေသည်။ ခြံတံခါးဖွင့်ပေးရန်းနိုး ..။ သွားပြောပြခွင့်တောင်းပြီးမှ ဖွင့်ရန်းနိုးဖြင့် ရှိနေပုံရသည်။ နောက်တော့ ဆုံးဖြတ်လိုက်ပုံဖြင့် ခြံတံခါးကို ဖွင့်ပေးလာပါ၏။

"ဆရာ့အမေဆိုလို့ ဖွင့်ပေးလိုက်တာပါခင်ဗျာ .."

ဟု ပြောပြနေသေးသည်။ ဒေါ်ထားခင်ခင် ပြုံး၍ ကားပေါ်ပြန်တက်..။



ကားကို မောင်းဝင်လာခဲ့ရကာ ပေါ်တီကိုကြီးအောက်မှာ ရပ်လိုက်ရပါ၏။ ကားပေါ်တဆင်းရင်း အားလုံးကို ဝေ့ကြည့်သည်။ အတော်ကြီးခမ်းနားခန့်ထည်သည့်အိမ်ကြီး ..။ ခြံကြီးကလည်း ကျယ်သည်။ ပန်းဥယျာဉ်နှင့် ရေကန်နှင့် ..။ တခမ်းတနားရှိသည့် နေရာလှလှတစ်ခု..။ ရေတမာရိပ် .. ကံ့ကော်ရိပ်နှင့် ပန်းစံကားပင်တန်းတို့ ရှိရာနေရာ ..။ ပန်းရနံ့တို့ သင်းထုံနေကြသည်ကလည်း အမှန် ..။

အိမ်တံခါးမကြီးကို ဖွင့်ပေးစဉ်မှာ ဒေါ်ထားခင်ခင် အိမ်တွင်းဝင်သည်။ ဧည့်ခန်းမှာ ဆိုဖာရှည်ကြီး၌ ထိုင်နေရင်း ဖိုင်တစ်ခုကို ဖတ်ရင်းငြိမ်နေသည့် မိန်းကလေးတစ်ယောက် ..။ မြင်လိုက်ရုံမျှဖြင့်ပင် ချက်ချင်းသိလိုက်ရသည်က .. ရှင်လွန်း ပုံပဲဖြစ်ရချေမည်ဟု ..။ ဘာကြောင့် .. ဤမျှအထိ .. သားတော်မောင် တန်းတန်းစွဲမြတ်နိုးနေရသည်ဆိုတာ သဘောမပေါက်ပဲလည်း နေ၍မရ ..။ အလွန်ကျက်သရေရှိရှိ နန်းဆန်ကျော့စင်ဖွာလှသည့် မိန်းကလေးပေကိုးလေ ..။ ဆံပင်ရှည်ကြီးကို ကျစ်ချထားကာ ..။ ဆံကျစ်ရှည်ကို ရှေ့ဘက်သိမ်း၍ ထိုင်နေသည်မို့ ..။ ဆံဝင်၏ ရှည်လျားကောင်းခြင်းတို့ကို မြင်နေရသည်။ ဆံထောက်ကွေးလေးကလည်း နားနောက်ထက်မှာ ကွေးဝိုက်ဝိုက်ရှိ၏။ ရှည်လျားသော မျက်တောင်ထူတို့၏ အလှကို ဘေးတိုက်မြင်နေရသည်။ ရွှေရည်ပန်းဆက်လှသည့် မိန်းကလေးကို မြင်ရတာနှင့် ချောက်ချားထိတ်လန့်ရသည်ကဒေါ်ထားခင်ခင် ပါ။

"ငါ့သားကို .. ငါ ဆုံးရှုံးရလိမ့်မယ် .. ဒီမိန်းမဟာ .. အလှတရားတွေကို .. သိမ်းကျုံးပိုင်ဆိုင်ထားတဲ့ မိန်းမပါလား .. ငါ့သား .. ရူးလောက်လောက်တယ် .. ရူးရူးမိုက်မိုက်ကြီးချစ်နေတာ ဒီလောက်လှနေလို့ပါလား .. ကြည့်စမ်း .. ခြေလက်လေးတွေကအစ .. ဖြူဥနုဖန့်ပြီး လှနေလိုက်ကြတာ .. မဖြစ်ဘူး .. မဖြစ်ဘူး .. ငါ့သားကို .. ငါ .. အဆုံးရှုံးမခံနိုင်ဘူး .. ငါ ရှုံးလို့မဖြစ်ဘူး .. မဖြစ်ဘူး .. ငါ့သားဘဝ .. တစ်ဘဝလုံး ဒီမိန်းမရဲ့ အသိမ်းသွင်းခံအဖြစ် .. လူညွန့်အတုံးမခံနိုင်ဘူး .. မခံနိုင်ဘူး .."

www.burmeseclassic.com

www.burmeseclassic.com



ကတုန်ကယင်ပင် တစ်ချက်ဖြစ်ချင်သည်။ ရှင်လွန်းပုံ ဆိုတာ လှနေတာ မြင်နေရလေလေ။ အကြောက်တရားက ပိုကြီးလာလေလေ..။ သားကို အဆုံးရှုံးမခံနိုင်သည့် မိခင်၏ဇောက ပိုကြီးလာလေလေ ..။

ထိုစဉ်နိုက် နောက်ပါးမှာ ရပ်နေသည့်သူထံမှ ...

"ရှင်လွန်း ရေ .. ဒီမှာ .. ဆရာ့ အမေတဲ့ .."

ဟု ပြောတော့မှ အလုပ်ထဲစိတ်နှစ်၍နေပုံရပါသည့် မိန်းကလေး..။ အသံလာရာကို ကြည့်သည်။

"ဩော် .. ဘဘညို .."

ဟု တစ်ချက် အသံပွင့်ကျလာ၏။ အသံလေးကလည်း ချိုသာအေးချမ်းနေသည်။ အကြည့်ကလည်း အေးချမ်းနေသည်တည့် ..။ တစ်ဆက်တည်း ဒေါ်ထားခင်ခင် ကိုလည်း ကြည့်ကာ ထရပ်လိုက်သည်ကလည်း ရှင်လွန်းပုံ ပါ ..။ ဒေါ်ထားခင်ခင် ကတော့ အကဲခတ်နေမြဲ ..။

"ကြွပါ အန်တီ .."

ဟု တရိုတသေခေါ်သည်ပါပဲ။ ဒေါ်ထားခင်ခင် ဧည့်ခန်းနံရံကို အရင်ကြည့်သည်။ ဘုန်းလူ ဆိုသည့်သူ၏ ဓာတ်ပုံကြီးက တခုတ်တရ နေရာယူထား၏။ နေရာယူသည်မှ အခြံအရံနှင့် ..။ တစ်ဖက်မှာက ပန်းချီကားတစ်ချပ် ..။ သားပြောသည့်အထဲမှာပါသည့် အလင်းစက်ဆိုသည့် ပန်းချီကားပဲဖြစ်မည်။ တစ်ဖက်မှာက .. ကဗျာကို မှန်ဘောင်သွင်းထားခြင်း ..။ အခြံအရံဖြင့် ကခမ်းတနားရှိနေသည့်ဓာတ်ပုံ ..။ ဓာတ်ပုံထဲမှ ဘုန်းလူ ဆိုသည့် ခန့်သန့်မွန်ရည်သောသူသည် အေးချမ်းပြုံးဖြင့် လှမ်းကြည့်နေသည်သို့ရှိ၏။

"အန်တီ ခဏ ေနေမှာပါ ရှင်လွန်းပုံ .. အေးအေးဆေးဆေးစကားပြောဖို့ခက်သက်ပါပဲ ဘခြားလူတွေ ဒီအခန်းထဲမရှိပဲဆိုပါတော့ကွယ်.."

ဟု ပြော ာာ့ ရှင်လွန်း ဘဘညို ကိုကြည့်သည်။

"ဘဘညို .. ခြံထဲမှာပဲ ခဏနေနေလိုက်နော် .. နောက်ဘက်မီး ခေ ၁် ဖာရှိနေတဲ့ ဒေါ်ကြီးနဲ့ ဒေါ်လေးခြယ် ကိုလည်း ဝင်ခေါ်သွားကိုင်



နော် .. ချက်ပြုတ်ရာအိုးတွေ ခဏချထားလိုက်ဖို့လည်း ပြောလိုက်ပါ ဘဘညို ရယ် .. အန်တီက အေးအေးဆေးဆေး ပြောချင်တယ်ဆိုလို့ပါ.. ထိုင်ပါ အန်တီ .. စိတ်ချလက်ချ .. ပြောလို့ရပါတယ် .. အိမ်ထဲမှာ .. ရှင်လွန်း ပဲ ကျန်မှာပါ .. ခဏနော် .. ရှင်လွန်း အအေးဖြစ်ဖြစ်ယူလာပါရစေ .."

ဟု အေးချမ်းစွာပြောလာတော့ ဤ မိန်းကလေးသည် တည်ငြိမ်ရင့်ကျက်စွာ ရင်ဆိုင်ဖို့ အသင့်ရှိနေနှင့်ပြီးနေပြီဟု ဒေါ်ထားခင်ခင် သိလာနေရသည်ပါပဲ ..။

"အန်တီ မသောက်တော့ပါဘူး ရှင်လွန်းပုံ .. အခုပဲ ရွှေစံအိမ်မှာ မနက်စာ စားလာခဲ့လို့ပါ .. ရပါတယ် .. ထိုင်ပါ .. စကားပြောကြဖို့ပဲ အရေးကြီးတာပါ .."

ဟု ပြောတော့ ရှင်လွန်း ပြန်ထိုင်သည်။

ဒေါ်ထားခင်ခင် မထိုင်သေး ..။ တမင်တကာပင် ဘုန်းလူ ဆိုသည့်လူ၏ ဓာတ်ပုံကိုသွားကြည့်ပြသည်။ အလင်းစက်ပန်းချီကိုကြည့်ပြသည်။ ကဗျာကို ဖတ်ပြသည်။ နောက်တော့မှ ကိုယ်ကို လှည့်လိုက်၏။ တိတ်ဆိတ်စွာ ကြည့်နေသည့် မျက်ဝန်းနက်နက်လေးတွေက အရမ်းကိုတည်ငြိမ်ရင့်ကျက်နေကြတာကို အရင်ဆုံး ရင်ဆိုင်လိုက်ရသည်က ဒေါ်ထားခင်ခင်ပါ ..။ မျက်နှာချင်းဆိုင်နေရာမှာ ဒေါ်ထားခင်ခင် ရပ်သည်။ မထိုင်ဘဲ ရပ်နေခြင်း ..။ သဘောက .. ထိုင်လိုသောဆန္ဒမရှိတာကိုပြသခြင်း ..။ ဟန်ပန်မှုရာကိုကြည့်ရုံဖြင့် ရှင်လွန်းပုံ အပေါ်မှာ သဘောမတွေ့လှဆိုတာကို သိသာစေနိုင်ဖို့ကြိုးစားခြင်း ..။ ရှင်လွန်း သည် ရိပ်မိလာပုံဖြင့် အေးအေးဆေးဆေး ရင်ဆိုင်ဖို့အသင့်ရှိနေပုံလေးအဖြစ် အမူအရာလေးပြောင်းလဲလာသည်။ ရင့်ကျက်တည်ငြိမ်မှုတစ်ခုတည်းသာ မဟုတ်တော့ပြီ ရင်ဆိုင်ရဲသည့်သတ္တိတွေပြည့်ဝနေသည့်အရိပ်တွေပါ ထိုမိန်းကလေး၏ မျက်နှာထက်မှာ ဒေါ်ထားခင်ခင် ဖမ်းဆုပ်သိမြင်နေရသည့်အဖြစ် ..။

"ကြည့်စမ်း .. ခုကတည်းက .. သူက ငါ့ကို .. တုတုံ့ဖက်တန်း

www.burmeseclassic.com

www.burmeseclassic.com



ညိုပြီး ရင်ဆိုင်ပြရဲနေတဲ့ ကောင်မဖြစ်နေပြီ .. ငါ့သားကိုများ ပိုင်သွား ရင်ဖြင့် ငါ့ကို .. စာရင်းထဲတောင် ကည့်သွင်းဖော်ရတော့မှာမဟုတ်ဘူး..”

ရင်ထဲမကြည် ရှုံ့ရှုံ့မဲ့စားရင်း ဒေါ်ထားခင်ခင် လည်ချောင်းတစ်ချက်ရှင်းသည်။

“လာရင်းကိစ္စကတော့ .. သား ကိစ္စပါပဲ .. သား ပြောပြလို့အားလုံး သိပြီးပါပြီ .. အဓိကအချက်ကတော့ .. ရှင်လွန်း ပုံရဲ့ အတိတ်ကအဖြစ်တွေကို အန်တီ မနှစ်သက်နိုင်ပဲဖြစ်နေတယ် .. အန်တို့သားကို လူတစ်ယောက်နဲ့ ရှုပ်ခဲ့ဖူးလို့ အိမ်ရှင်က တခြားပြောင်းလိုက်ရတဲ့ မိန်းမ .. လူချမ်းသာတစ်ယောက်ဆီကို ထပ်ရောက်သွားတော့လည်း .. သေလုသေခင် လူတစ်ယောက်ကို လက်ထပ်ယူပြီး စည်းစိမ်ဥစ္စာ သိမ်းပိုက်လိုက်တဲ့ မိန်းမ .. အဲဒီ မိန်းမဟာ .. အိမ်ဖော်အလုပ်တစ်ခုကိုပဲ စိုက်လိုက်မတ်တတ် လုပ်ခဲ့ရာက .. သူဌေးသူကြွယ်ဖြစ် .. ပန်းချီဆရာမဖြစ် .. ဘွဲ့ရလိုက်တာနဲ့ .. အဆင့်အတန်းမြင့်မသွားနိုင်ဘူးဆိုတာ အန်တီ သိတယ် .. မှတ်ယူတယ် .. ချွေးမအဖြစ်လည်း လက်မခံနိုင်ပဲဖြစ်နေရတယ် .. ဘယ်အမေမဆို .. ကိုယ့်သားကို .. အဲသလို ချွေးမမျိုးနဲ့တော့ အသိမ်းမခံနိုင်ဘူးလေ .. အဓိကကတော့ .. လူတွေဝေဖန်စရာဖြစ်စေမယ့် အိမ်ထောင်တစ်ခုကို .. အတည်ဆောက်မခံနိုင်တဲ့ အမေတစ်ယောက်ရဲ့ အဆုံးအဖြတ်ပါပဲ .. ဒါဟာ .. သားတစ်ယောက်အပေါ်မှာ အမေတစ်ယောက်ရဲ့ ပိုင်ရေးပိုင်ခွင့်ပါပဲ .. ဒီတော့ .. အန်တို့သားကို မရ .. ရအောင် အပိုင်သိမ်းဖို့ ကြံစည်ရင်း .. နောက်ထပ် စည်းစိမ်ချမ်းသာတွေကို ပိုင်စိုးနိုင်ဖို့အတွက် မကြိုးစားပါနဲ့လို့ လာပြီး မေတ္တာရပ်ခံချင်တာပါပဲ .. တိုတိုဆိုရရင်တော့ တားမြစ်တယ်ဆိုပါတော့ .. အန်တို့သားက အချစ်နဲ့ ပတ်သက်ရင် အလွန်တရာကိုမှ ရိုးသားတဲ့သူပါ .. မိန်းမတစ်ယောက်ရဲ့ ညို့ငင်ဖမ်းစားမှုတစ်ခုအောက်မှာ နစ်မြုပ်နေတဲ့သူပါ .. အဲဒီအဖြစ်ကို အန်တီဟာ အမေတစ်ယောက်အနေနဲ့ ရအောင်ကာကွယ်ရမှာပါပဲ .. အန်တို့သားကို အန်တီ ကယ်တင်ရမှာပါပဲ .. ဒါ အန်တီဖုန်းနံပါက်ပါတဲ့ လိပ်စာကဒ်ပဲ .. သား



ကို မပတ်သက်တော့ပါဘူးဆိုတဲ့ တိကျရှင်းလင်းတဲ့အဖြေကို ဖုန်းဆက်ပြီး ဖြေပေးပါ .. ဒါပဲ ..”

ဒေါ်ထားခင်ခင် ကို ရှင်လွန်း ပြုံး၍ကြည့်သည်။ နောက်ထပ်ကြည့်လိုက်သည်က ကိုကြီး၏ ဓာတ်ပုံကြီးကိုပါ ..။ ကိုကြီး ပြောခဲ့ဖူးသည်လေ ..။ လူ့ဘဝဆိုသည်မှာ ပေးအပ်ရာကံဇာတ်အတိုင်း ရင်ဆိုင်ရတတ်သည်တဲ့။ မုန်တိုင်းထဲလည်း လူးသည့်အခါ လူးရတတ်သည်။ ပန်းစုံဖူးသည့်တောမှာ မြူးသည့်အခါ မြူးရတတ်သည်။ ဘဝဆူးတောထဲဖြတ်သည့်အခါလည်း ဖြတ်ရတတ်သည်။ လူ့ဘဝဆိုတာ မတ်တပ်ရပ်၍ မနေသာ။ ရှေ့ဆက်ရသည်တဲ့ ..။ ခု .. ဘဝဆူးတောတစ်ခုကို ရင်ဆိုင်ရမည်။ မုန်တိုင်းထဲ လူးချိန်တစ်ခုကိုရင်ဆိုင်ရချိန်နှင့် တိုးနေသည်။ ရှင်လွန်း၏ သိက္ခာ ..။ ကိုယ်ကျင့်တရား ..။ ပြီးတော့ .. မာန ..။ မိန်းမသား၏ ထားအပ်သောမာနတို့ကိုပါ ထိခတ်ရိုက်ချိုးဖို့ ကြိုးစားနေသည့် မုန်တိုင်း..။ ဆူးတောတွေဖြစ်နေသည်။ ရှင်လွန်း ရင်ဆိုင်ရဲသူတစ်ယောက်အဖြစ် ရှိကိုရှိနေစေရမည်။ ဒေါ်ထားခင်ခင် မှ ဆက်တီစားပွဲပေါ်ပစ်ချခဲ့သည့် လိပ်စာကဒ်ကို ရှင်လွန်း တစ်ချက်ကြည့်သည်။

“ကျွန်မ .. အန်တို့သားကို .. မရ .. ရအောင် ယူဖို့ ဘာတစ်ခုမှ မကြိုးစားခဲ့ပါဘူး .. သူ့ကို ရအောင်တားဖို့က အန်တို့ တာဝန်ပါ .. အကယ်၍ အန်တီ မတားနိုင်ဘူးဆိုရင်တော့ .. ကျွန်မလည်း မတတ်နိုင်ပါဘူး.. အန်တီတားတဲ့ကြားထဲက .. သူက .. ကျွန်မကိုပဲ လက်ထပ်မယ်ဆိုရင်တော့ .. အန်တီ .. ကျွန်မကို စော်ကားခဲ့တဲ့စကားတွေကို ပြန်ရုပ်သိမ်းပေးမှ .. ကျွန်မကလည်း အန်တို့ကို ယောက္ခမတစ်ယောက်အဖြစ် သတ်မှတ်ပေးနိုင်ပါလိမ့်မယ် .. သဘောထားကို ရှင်းလင်းအောင် နားလည်ပြီလို့ ထင်တာပါပဲ .. အန်တို့သားကို ရအောင်ထိန်းပါ .. ကျွန်မ သူ့ကို တစ်ချက်လေးတောင်မှ လက်ဆွဲခေါ်တာမျိုးမရှိစေရပါဘူး .. သူ့ကို ရအောင် လက်ထပ်ယူတယ်ဆိုတာလည်း အဖြစ်မှန်ပါဘူး .. သူက .. ကျွန်မတို့မှ လက်မယပ်ရရင် .. မဖြစ်လို့ပါဆိုတာမျိုးသာ .. ရှိနေခဲ့တာ

www.burmeseclassic.com



ပါ .. အန်တီ့ရှေ့မှာပဲ .. အဲဒီသက်သေကို .. ကျွန်မ ထုပေးနိုင်ပါလိမ့်မယ် .. စောင့်ပေးပါ ..”

ဟု အံခဲ၍ ပြောတော့ ဒေါ်ထားခင်ခင် မုန်းတီးစွာကြည့်လာသည်။

“ဟဲ့ .. ငါက သဘောမမျှဘူးလို့လာပြောနေတာလေ ..”

ဟု အော်သည်။ ရှင်လွန်း ဤတစ်ကြိမ်မှာတော့ ခံပြင်းစိတ်ဖြစ်တည်လာရပြီ ..။ အမြဲတမ်း ခေါင်းငုံ့ကြေမြေ့စွာနေပေ ခဲ့ရပါသည့် ရင်ဆိုင်ကြုံကြိုက်ရမှုများစွာကို စိတ်မောစပြုလာသည်။ မုဆိုးမတစ်ယောက်အဖြစ် လာစော်ကားသည်။ လူတစ်ယောက်ကို ချမ်းသာတာတွေမက်၍ ရအောင်လက်ထပ်ဖို့ ထပ်၍ထပ်၍ .. ဆက်လက်ကြိုးစားနေသူဟုလည်း စွပ်စွဲပြီးသမျှ ကြားခဲ့ရပြီးပြီ ..။ ငြိမ်နေလျှင် အမှန်ဖြစ်ကုန်မည်။ မမှန်တာကို သူ မမှန်ကြောင်း သက်သေထူဖို့ ဤတစ်ကြိမ်မှာတော့ ရှင်လွန်း ဆုံးဖြတ်လိုက်မိရပါပြီတည်း ..။

“သဘောမမျှဘူးဆိုတာကို လာပြောရုံသက်သက်တစ်ခုထဲ မဟုတ်ဘူးလေ .. အန်တီ ပြောတဲ့စကားတွေက ကျွန်မရဲ့ ကိုယ်ကျင့်တရားကို ထိခိုက်စေတယ် .. ကျွန်မရဲ့ မိန်းမသားမာနကို တိုက်ရိုက်စော်ကားနေတယ် .. ကျွန်မဟာ အိမ်ဖော်ဖြစ်ခဲ့တာတောင် ဘယ်တုန်းကမှလည်း မဖုံးကွယ်ခဲ့ပါဘူး .. ကျွန်မရဲ့ မိဘတွေဟာ မချမ်းသာပေမယ့် .. ကိုယ်ကျင့်တရားကောင်းကြသူတွေ .. ကျွန်မကိုယ်တိုင်လည်း .. ကိုယ်ကျင့်တရားကောင်းတဲ့မိဘရဲ့ သမီးကောင်းတစ်ယောက်အဖြစ်ပဲ ရှိနေတာပါ .. အန်တီက .. မျိုးရိုးကိုကအစ စော်ကားတာပါ .. ကျွန်မဟာ ချမ်းသာဖို့တစ်ခုအတွက် .. ယောကျ်ားတစ်ယောက်ကို လက်ထပ်ယူဖို့ရွေးချယ်တတ်တဲ့ မိန်းမတစ်ယောက်မဟုတ်ပါဘူး အန်တီ .. ကဲပါလေ .. ရင်ဆိုင်လိုက်ကြစို့ရဲ့ အန်တီ .. အန်တီ့သား .. ဘယ်ရင်ခွင်မှာ နားမလဲဆိုတာလေ .. ကျွန်မ .. လုပ်စရာလေးတွေရှိနေပါသေးတယ် .. အချိန်မရှိတော့လို့ပါ .. အန်တီ ပြန်နိုင်ပါပြီ ..”

ဟု တည်ငြိမ်စွာပြောအပြီးမှာ ဒေါ်ထားခင်ခင် တက်တစ်ချက်ခေါက်



သည်။ ခြေသံပြင်းပြင်းဖြင့် ဧည့်ခန်းမှထွက်သည်။ ကားတံခါးကိုဖွင့်ဝင်သည်။ ချက်ချင်း ဟန်းဖုန်းဖြင့်ဆက်၍ အသံကျယ်ကျယ်ဖြင့် ...

“ဒီမှာ သား .. မင်းကို မေမေ သေသေချာချာအသိပေးမယ် .. အဲဒီမိန်းမနဲ့ .. မေမေ .. လုံးဝသဘောမတူဘူး .. ဒါပဲ ..”

ဟု ရှင်လွန်း ကြားအောင်အော်၍ပြောချေသတည်း ..။ ရှင်လွန်း ပြုံးနေသည်။ ခံပြင်းမျက်ရည်က ဝေ့နေသည်။ ဤ မျက်ရည်သည် ဘဝကို အလျှော့ပေးလိုက်သည့်မျက်ရည်မဟုတ်။ ဘဝကို ရှင်သန်နိုင်ဖို့အတွက် ကြေကွဲရာတွေကို သက်သာရာရအောင် ကုစားနေရင်း အရှုံးမပေးတတ်သောသူတစ်ယောက်၏ မျက်ရည်ပဲဖြစ်ရပါချေသည်တကား ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၄)

သုံးရက်တာမျှ ဆရာ ပျောက်နေသည်။ လေးရက်မြောက်နေ့မှာ ဆရာသည် ရှင်လွန်း ၏ ဟိုတယ်ရုံးခန်းသို့ နေ့လယ်ဘက်မှာ ရောက်လာပါ၏။ သိသာလွန်းစွာ ပိန်ကျနေသည့် ဆရာ့ကိုမြင်ရတော့လည်း ရှင်လွန်း ရင်ထဲမကောင်း ...။ ဆရာ့ခမျာ နေကောင်းခဲ့တာမဟုတ် ...။ ခု .. ထပ်၍ စိတ်ရှုပ်ထွေးပင်ပန်းစရာတွေကို တစ်ယောက်တည်းရင်ဆိုင်နေခဲ့တာ သုံးရက်တိုင်ခဲ့ပြီ ...။ အတော်ကြီး လူးလဲနေအောင် ကျိတ်မြိုခံစားနေရ-ရင်ဆိုင်နေရမှန်းလည်း ရှင်လွန်း သိနားလည်ပေးလိုက်မိရသည်ပါပဲ ...။ တစ်ခုတော့ ရှင်လွန်း ယုံကြည်ထားပါသည်။ ဆရာသည် .. တကယ့်ကို-မြတ်နိုးစွာ ရှင်လွန်း ကို ချစ်နေခြင်း ...။ ဘာကိုမဆို အဆုံးရှုံးခံနိုင်သည်။ ရှင်လွန်း ကို အဆုံးရှုံးမခံနိုင်ခြင်း ...။ ဒါတွေကို .. ဆရာ့အပေါ် ရှင်လွန်း ယုံကြည်ထားပါသည်။ ဒါကြောင့်လည်း ဆရာ ပိန်ချုံးနေတာ မြင်ရတော့ ရင်ထဲမကောင်းနိုင် ...။ ခုလောက်ကြီးထိ ဆရာ ခံစားနေရခြင်းသည် ရှင်လွန်း နှင့် ပတ်သက်နေသည်။ ရှင်လွန်း ကိုချစ်၍ ခံစားရခြင်း ...။ ဝင်လာသည်က ခြေလှမ်းနှေးသည်။ ကုလားထိုင်တွင် ဝင်ထိုင်သည်က လည်း အားအင်ကင်းနေသည့်ဟန် ...။ မျက်ကွင်းများ ညိုနေသည့် ဆရာ့ကို ရှင်လွန်း ဤတစ်ကြိမ်မှာတော့ ငေးကြည့်နေမိရသည်ပါပဲ။ အဘယ် မျှထိ သားအမိနှစ်ယောက်ကြားမှာ ပြင်းထန်သည့် သဘောထားကွဲမှုတွေ



အရှိန်မြင့်နေသည် မသိ ...။ ဆရာကတော့ .. အစကတည်းက .. မကျန်းမာ ...။ နည်းနည်းလေး ထူထောင်စရှိရုံမှာ ထပ်၍ စိတ်ရှုပ်ထွေးစရာကြုံရသည်မို့ သိသိသာသာပိန်ကျလာပြန်သည့်အဖြစ် ...။

"ရှင်လွန်း .."

ဆရာ ခေါ်သည်။ အခေါ်က ရှင်လွန်း ဟူ၍ပဲဖြစ်နေသည်။ ဆရာ့ခ ဟု ပြန်ပြင်ခေါ်တာမဟုတ် ...။ သဘောက .. ဆရာသည် နောက်ဆုတ်မည့်သူတစ်ယောက်ဖြစ်မနေ ...။ ရှင်လွန်း ကို လက်တွဲမည့်လက် .. ပြန်ရုပ်မည့်သဘောမရှိ ...။ ရှင်လွန်း ကို ခပ်ငွေ့ငွေ့ ဆရာကြည့်သည်။ မပြော မဖြစ်ပြောရမည်ဟု ဆုံးဖြတ်လိုက်ပုံဖြင့်လည်း ကိုယ်ကိုမတ်သည်။

"အမှန်အတိုင်း မောင် ပြောချင်တယ် .."

မောင် ...။ ထိုအသုံးအနှုန်းကိုလည်း ဆရာ မပြောင်း ...။ ဆက်၍ သုံးနေမြဲ ...။ ရှင်လွန်း ကိုမှ ဤမျှအထိ အချစ်ကြီးချစ်နေရသည်တဲ့လား ဆရာရယ် .. ဟု ကြေကွဲတွေးတစ်ခု ရင်မှာ ရုတ်ချည်းထိုးကိုက်စွာတိုးဝင်၏။

"မေမေက .. မောင်နဲ့ ရှင်လွန်း ကို သဘောမတူဘူးဖြစ်နေတယ်-ဒါကို .. အမိကမထားပါနဲ့ ရှင်လွန်း ရယ် .. မောင်တို့နှစ်ယောက် .. လက်ထပ်ကြဖို့သာ အဓိကပါ .. မောင် .. သုံးရက်လုံး စိတ်ရှုပ်နေရတာ-လန့်နေတယ် .. မေမေ့ အဆုံးအဖြတ်ကို .. လာအသိပေးရမှာ မောင် ကြောက်နေတယ် .. မိဘနဲ့ စကားမြန်းနိုင်းပါ့မယ်လို့ မောင် အာမခံရဲ ခဲ့လေသမျှ .. ခု .. မျက်နှာမပြရဲလောက်အောင်ပဲ အရှက်ရနေပါတယ် ရှင်လွန်း ရယ် .. မောင် ထင်မိတာက .. မောင့်ကို သိပ်ချစ်တဲ့ မေမေ ဟာ .. ရှင်လွန်း နဲ့ မောင့်ကို သဘောတူပေးလိမ့်မယ်လို့ ထင်မိခဲ့တယ်-အကယ်၍ .. ရှင်လွန်း နဲ့ ပတ်သက်ပြီး မေမေ လေ့လာလိုက်ရင်လည်း-အဖြစ်မှန်တွေဟာ ရှင်လွန်း ဘက်က ရပ်တည်နေကြမှာပဲလေ .. မေမေ သိနားလည်ပြီးတော့ .. သဘောမျှကို မျှရမယ်လို့ ယုံမိတယ် .. မောင့် စိတ်အဆင်းရဲကို ဘယ်တော့မှ မေမေ အဖြစ်ခံနိုင်တာမဟုတ်ဘူးလည်း မောင် စိတ်ချလက်ချ ယုံကြည်ထားတာလည်းပါနေတယ် .. ခု .. အဲသလို

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဖူး ရှင်လွန်း ရယ် .. မောင် .. တောင်းပန်ပါရစေ .. မမေက .. သဘောမတူဘူးဖြစ်နေတာကို .. လာအသိပေးရတဲ့အတွက် မောင် တောင်းပန်ပါရစေ .. မောင် .. မပိုင်ဘဲ .. မပိုင်တဲ့ကိစ္စတစ်ခုကို .. အပိုင်လုပ်ပြီး ရှင်လွန်း ကို လက်ထပ်ပါရစေလို့ တဖွဖွပြောမိခဲ့တာ .. မောင် တောင်းပန်ပါရစေ .. ဒါပေမယ့် .. မောင် .. နောက်မဆုတ်ဘူး ရှင်လွန်း .. မောင် .. ရှင်လွန်း ကို လက်ထပ်မယ် .. နှစ်ဦးသဘောတူလက်ထပ်ကြမယ် .. မောင် .. အဝေးမခံပါရစေနဲ့ .. မဝေးပါရစေနဲ့ အသက်ရယ်.."

ဤတစ်ကြိမ်မှာ ရှင်လွန်း ရင်ထဲထိခိုက်ရပါပြီ ..။ ဪ .. ဆရာသည် .. ဤမျှအထိ .. ချစ်သည့်စိတ်နောက် .. တကောက်ကောက် တမျှင်မျှင် လိုက်နေဆဲပါတကား။ ဤမျှအထိ ရှင်လွန်း ကို ချစ်နေရှာသည်တကား ...။

ပြီးတော့ .. တစ်ခုသိလိုက်ရသည်က .. ဆရာ့မေမေသည် .. ရှင်လွန်း ထံရောက်ခဲ့သည့်အဖြစ်တွေကို .. ခုထိ .. ဆရာ့ကို အသိမပေးသေး .. ဟု .. နားလည်လိုက်ရခြင်း။ ဆရာပြောသည့်အထဲမှာ ဆရာ့ မေမေ .. ကေသရီသို့ရောက်လာသည့်ကိစ္စ ထည့်တောင်းပန်တာမရှိ။ အကယ်၍သာ ဆရာသိလျှင် .. သေချာပေါက်အထပ်ထပ်တောင်းပန်ချေဦးတော့မည်သာ ..။ ရှင်လွန်း ကလည်း ထိုနေ့ကအဖြစ်ကို မပြောပြချင်ပါ ..။ နောက်ဆုံးသော အဆုံးအဖြတ်တစ်ခုကို ဆရာ ဆုံးဖြတ်ချိန်အထိ .. ဤအဖြစ်ကို .. ရှင်လွန်း ဘာမှအသိမပေးဘဲ ထားလိုက်ခြင်းသည် .. ဆရာ ပို၍အနှောင်အဖွဲ့ကင်းစွာ ဆုံးဖြတ်ဖို့အတွက် ပို၍သင့်လျော်နေပါချေလိမ့်မည် ..။ ဆရာ့အမေ လာပြောတာတွေသိကုန်လျှင် ပို၍ ဆရာ အားနာမည်။ ရှင်လွန်း ဘက်ကို ပို၍ အလေးသာဆုံးဖြတ်မည်။ ဘာပဲဖြစ်ဖြစ်..။ ဆရာ့ကို .. မည်သည့်အားနာမှုတစ်ခုကိုမျှ .. ဘဝအဆုံးအဖြတ်ထဲမှာ ထပ်ဖြည့်ဆုံးဖြတ်လိုက်ရတာမျိုး မဖြစ်စေချင်ပါ ..။

"ဆရာ့ မေမေ .. စိတ်ဆင်းရဲစေမယ့်ကိစ္စ .. ဆရာ ကကယ်လုပ်ရက်နိုင်ပါ့မလား ဆရာရယ် .. သေချာအောင် စဉ်းစားစေချင်ပါတယ်.. ခုအချိန်



ဟာ တက်သာဆုတ်သာ အနေအထားပါ .. ဆရာ့ကို လက်ထပ်ရို့ထိစွ ဆိုတာကလည်း ဒေါ်ကြီးမေ သဘောမျှလွန်းရင်းကနေပြီး .. ကေသရီကို ဆရာရောက်လာရတာမျိုးပါ .. ဆရာ့ကို လက်ထပ်ပါ့မယ်လို့လည်း ရှင်လွန်း ကတိမပေးခဲ့သေးပါဘူး .. ဒေါ်ကြီးမေ ပြောခဲ့သလို .. မိဘနဲ့ လာမြန်းပါဆိုတာကိုသာ ခေါင်းညိတ်ပေးလိုက်ရတာပါ .. ရှင်လွန်း ကို ထည့်မတွက်ဘဲ ဆရာ့အမေကိုပဲ ထည့်တွက်မယ်ဆိုရင် .. ရှင်လွန်း ဘက်က အပြစ်မဖွဲ့ပါဘူး .."

ရှင်လွန်း ပြောတော့ ဆရာ ဆတ်ခနဲကြည့်သည်။ လက်မခံကြည့်..။

"အဲသလိုတော့ စကားကို လုံးထွေးမပစ်နဲ့ ရှင်လွန်း .. မောင် မခံနိုင်ဘူးကွ .. မောင့်နှလုံးသားက မခံနိုင်ဘူး .. ရှင်လွန်း ကို လက်ထပ်ခွင့်ရလိုက်တဲ့အခွင့်အရေးတစ်ခုကို .. မောင် ဘယ်တော့မှ အရှုံးမခံဘူးဆိုတာ ရှင်လွန်း နားလည်ထားပါ .. မေမေ သဘောမတူလည်း မောင် လက်ထပ်မှာပဲ .. မောင် ရှင်လွန်း ကို ချစ်တယ်ဆိုတာက .. အသက်ကိုပုံပြီး ချစ်သလို ချစ်နေတယ်ဆိုတာ မေ့မပစ်စမ်းပါနဲ့ ရှင်လွန်း ရယ်.. မောင် .. အိမ်မှာလည်း အရမ်းစိတ်ဆင်းရဲနေရတာပါ .. ဒါ စိတ်ချမ်းသာစရာမှမဟုတ်တာ .. စိတ်မချမ်းသာစရာကိစ္စကို ကြုံနေရတဲ့ မောင့်ကို .. ရှင်လွန်း ဆီ ရောက်လာချိန်မှာ .. ထပ်ပြီး .. စိတ်အားလျှော့ကုန်အောင် မလုပ်ချင်ပါနဲ့လား ရှင်လွန်း ရယ် .. မောင် .. အရမ်းပင်ပန်းလှပြီ .."

ဆရာ ပြောကာ ရေဖန်ချိုင့်ရှိရာ စားပွဲသို့သွားသည်။ ကိုယ်တိုင်ရေငှဲ့သောက်နေသည်။ ကြည့်ရတာ .. ရင်ထဲလောင်မြိုက်နေပါလိမ့်မည်။ ရှင်လွန်း ငေးကြည့်နေမိရပါ၏။ နောက်တစ်ဖန်ခွက် ထပ်သောက်ပြန်သည်။ အစာမှ စားထားပါရဲ့လား မသိ ..။ ဝမ်းထဲမှာ အစာရောရှိပါရဲ့လား မသိ ..။ ဤတစ်ကြိမ်မှာလည်း ဆရာ့ကို သနားစိတ်ဖြစ်ပြန်ပါ၏။ ရှင်လွန်း သည်လည်း လူပါပဲလေ ..။ သနားတတ်ပါသည်။ သံယောဇဉ်ဆိုတာလည်း ဖြစ်တည်လာတတ်ပါသည်။ ရှင်လွန်း ကို ချစ်သည့်စိတ်တစ်ခုကြောင့် .. ဆရာ့ခမျာ ဤမျှအထိ ခံစားနေရတာကို မြင်မြင်

www.burmeseclassic.com

www.burmeseclassic.com



နေရလေသမျှ ရင်ထဲမှာလည်း မချမ်းမြေ့ ..။ သနားစိတ်နှင့် သံယောဇဉ်ဆိုတာကတော့ ရင်မှာ နှောင်ဖွဲ့လာသည်ပါပဲ ..။

"ဆရာ .. ကော်ဖီတစ်ခွက်လောက် သောက်လိုက်ပါလား .. ရှင်လွှမ်း အခန်းမှာ ဖျော်သောက်စရာရေနွေးကအစ အသင့်ရှိနေတာပဲဥစ္စာ .. ရှင်လွှမ်း ဖျော်တိုက်မယ်လေ .. မုန့်လည်းစားမလားဟင် .. စားလိုက်နော်.."

ရှင်လွှမ်း ပြောမိသွားရပြီ။ ဆရာ ချက်ချင်းလှည့်ကြည့်လာ၏။ ချက်ဝန်းတွေ ရွှန်းလဲ့လာသည်။ ကြည်နူးနေရှာသည်ကောလေ .. ဟု ရှင်လွှမ်း နားလည်မိရသည်ပါပဲ။ ဆရာသည် ရှင်လွှမ်း ထံမှ သေးနုတ်သော ဂရုစိုက်မှုလေးတစ်ခုလေးသော်မျှ ရလိုက်ကြည့် ..။ ကြီးမားသော ကြည်နူးမှုကို ရင်နှင့်တစ်လုံး ခံစားတတ်ရှာသည်တကား ..။

"သောက်မယ်လေ .. တူတူသောက်လို့ရမလားဟင် .. ရှင်လွှမ်းနဲ့လေ .."

ဟု မဝံ့မရဲသော မျှော်လင့်ချက်ကိုဆုပ်ခဲ၍ အရဲကိုးပြောသည့် ဆရာပါ ..။ ရှင်လွှမ်း ဘာမျှထပ်မပြောတော့ ..။ ဗီရိုငယ်လေးထဲမှ ကော်ဖီပုလင်းနှင့် သကြားပုလင်း ..။ နို့မှုန့်ပုလင်းကိုထုတ်သည်။ ဓာတ်ဘူးထဲမှ ရေနွေးဖြင့် ကော်ဖီနှစ်ခွက်ဖျော်သည်။ ရိုးခန်းဆက်တီစားပွဲပေါ် မုန့်ဝန်းကန်ပါချသည်။

"သောက်ကြရအောင် ဆရာ .."

ဟု ပြောတော့ ဆရာ လာထိုင်သည်။ ကော်ဖီခွက်ကို မဆိုင်းမတွ ကောက်ကိုင်သည်။ ခုမှ ဆာလာမှန်းသတိရချေသည်လား မသိ။ မက်မက်မောမောသောက်၏။ မုန့်လည်း ယူစားသည်။ နောက်တစ်ချပ်ကောက်ကိုင်လိုက်မှ သတိရလာဟန်ဖြင့် ရှင်လွှမ်း ကိုကြည့်၏။ ခုထိ မစားမသောက်ဖြစ်သေးပဲ ဆရာ့ကို ငေးကြည့်နေသည့် ရှင်လွှမ်း ကို မုန့်တစ်ချပ်ကမ်းပေးလာသည်။ မလုံမလဲတစ်ချက်ခပ်တိုးတိုးရယ်၏။ ခုလိုကျတော့လည်း ဆရာသည် အပြစ်ကင်းစင်သော ကလေးတစ်ယောက်နှင့်တူနေ၏။ ရှက်အမ်းအမ်းဟန်လည်း ရှိနေသည်လေ ..။



"ဆောရီး ရှင်လွှမ်း .. မောင် .. ဆာဆာနဲ့ .. အရင်စားနေလိုက်မိတာ .. ရှင်လွှမ်း ကို မုန့်တစ်ချပ်လောက်တော့ မောင်က အရင်ယူပေးသင့်တာပေါ့ .."

ဟု ပြောလာပါ၏။ ကော်ဖီသောက်နေရင်းမှ ရှင်လွှမ်း ကိုကြည့်သည်။ ဆရာ ကမ်းပေးသည်။ မုန့်ကို အေးအေးဆေးဆေးစားနေတာကိုလည်း ကြည်နူးကြည့်ဖြင့်ကြည့်သည်။

"မောင်တို့ လက်ထပ်ကြမယ် ရှင်လွှမ်း .. ရှင်လွှမ်း ခေါင်းညိတ်ပေးတဲ့ရက် .. ရွေးတဲ့ရက် .. မောင် .. လက်ထပ်မယ် .."

ဟု ပြောလေသည်။ ရှင်လွှမ်း တွေတွေလေးတစ်ချက်ရှိ၏။ နောက်တော့ .. အာရုံထဲနစ်ဝင်လာသည်က ဒေါ်ထားခင်ခင် ..။ ဆရာ့ကို ရှင်လွှမ်း ကပင်လျှင် မာယာနှင့် မြူဆွယ်၍ ချမ်းသာဂုဏ်ကို ပိုင်ဆိုင်သိုက်တူးသည့်နှယ် အပြောခံရတာကိုတော့ ရင်ထဲမခံချိမခံသာ အဖြစ်ရဆုံး ..။ ဒါပေမယ့် .. ခက်သည်က .. ဆရာက အရမ်းအပြစ်ကင်းနေသည်။ ခုထိလည်း .. ရှင်လွှမ်း ကို မြတ်နိုးစွာ လက်ထပ်ဖို့ ဆုံးဖြတ်နေမြဲ..။ အခေါ်သဘောဆန္ဒနောက်ကို ပါမသွား ..။ ဆရာ့နှလုံးသား အဆုံးအဖြတ်နောက်ကိုသာ တကောက်ကောက်ပါနေမြဲ ..။ ပါနေဆဲ ..။ အပြောင်းအလဲမရှိ..။

"ရှင်လွှမ်း .. မောင် .. ရှူးလိမ့်မယ်နော် .."

ဆရာ ထပ်ပြောလာသည်။ ရှင်လွှမ်း ပြက္ခဒိန်ကိုကြည့်မိ၏။ ဆရာ့မေမေ ရောက်လာသည့်ရက်မှစတင်၍ နှစ်ပတ်တာကိုတော့ အချိန်တစ်ခု ဆရာ့ကို ပေးထားသင့်သည်ဟု မှတ်ယူသည်။ ထိုနေ့မှာဝင် ဆရာ့အမေသည် .. ဖုန်းဖြင့် လှမ်း၍ ဆရာ့ကိုပြောခဲ့သည်လေ ..။ ရှင်လွှမ်း နှင့် သဘောမတူပါဟု ..။ ဒါပေမယ့် .. ဆရာသည် .. ရှင်လွှမ်း အိမ်မှာနေ၍ ဆရာ့အမေက ထိုသို့ ဖုန်းဆက်ပြောခဲ့ခြင်းဟု ခုထိမသိရှာ ..။ ဆရာ့အမေကလည်း ပြောမပြထား ..။ ဆရာ့အမေ၏ ပြတ်သွားစေလိုသောဆန္ဒကို ထားပြသည့်အဖြစ်ကဖြင့် ကေသရီရိပ်ငြိမ်မှာ.. အားလုံးသိနိုင်ပြီပြီ ..။ ဘာကြောင့်ဆို .. ဆရာ့အမေသည် ပေါ်တီကိုအောက်မှာရပ်ထားသည့်

www.burmeseclassic.com



ကားထဲမှာရှိနေရင်း .. ဆရာ့ကို ဖုန်းဆက်ရာမှာ အော်၍ ပြောခဲ့သည်ကိုး။ ဒေါ်ကြီးမေ ရော ..။ ဘဘညို ရော ..။ ဒေါ်လေးခြယ် နှင့် လေးလေးဆွေ တို့ပါမကျန် ပန်းခြံနားဆီမှာ တရစ်သီသီဖြင့် အစကတည်းက စိတ်ပူ လက်ပူဖြင့်ရှိနေကြသည်ကိုးလေ ..။ ဒေါ်ထားခင်ခင် ၏ မျက်နှာကြော တည်တည်ကြီးဖြင့် ခြည်ခန်းမှာ ပြောခဲ့သမျှ ဘဘညို ကလည်း တွေ့ သွားခဲ့ရသည်ကိုး ..။ ဒါကြောင့်လည်း ခြံထဲဆင်းနေကြဖို့ ရှင်လွန်း ပြော ချိန်မှာ ပေါ်တီကိုနှင့် အနီးဆုံး ပန်းခြံနေရာလေးမှာ ရစ်ဝဲရစ်သီဖြင့် တပူပူတပန်ပန်အပြင်မှနေ၍ အခြေအနေစောင့်ကြည့်နေကြခြင်းပါ။ ခုကျတော့ .. ဆရာသည် .. ရှင်လွန်း ကို လက်ထပ်ဖို့လာ၍ ပြောနေပြန်ချေ ပြီ ..။ ဆရာ့ အမေထံမှ သဘောမတူတာကို ဆရာ ကြားရချိန်မှစ၍ .. နှစ်ပတ်တိတိအချိန်ပေးလိုက်မည်။ သွေးအေးအေးဖြင့် ဆရာ ဆုံးဖြတ်စေ ..။

ထိုသို့ ဆရာ သွေးအေးအေးဖြင့် စိတ်ကိုအချိန်ယူဆုံးဖြတ်သည်ဆို တာ ဆရာတစ်ယောက်တည်း သိဖို့သာမဟုတ်။ ဆရာ့အမေလည်း ရှင်လွန်း နှင့်ပတ်သက်၍ သိဖို့လိုသည်လေ ..။ ရှင်လွန်း ပြက္ခဒိန်လေးကို သွားယူ မိသည်။ နှစ်ပတ်ပြည့်နေ့ နေရာလေးကို မှင်ပြာလေးဖြင့် ဝိုင်းပြလိုက် ကာ ဆရာ့ထံ ကမ်းလိုက်တော့ ဆရာ့ခမျာ ခြေမကိုင်မိလက်မကိုင်မိမျှ ပင် ဝမ်းသာသွားရှာသည်ပါပဲ ..။ ပြက္ခဒိန်လေးကိုကိုင်၍ ရှင်လွန်း ကို တမြတ်နိုးနိုးကြည့်နေသည်မှ မမိတ်မသုန် ..။ နောက်တော့ ရှင်လွန်း ၏ လက်လေးကို ရုတ်ခနဲဖေးကိုင်သည် ..။ နမ်းပြင်နှင့် ဖွဖွထိသည်။ နှုတ်ခမ်းဖြင့်ပင် ဖေးတင်နမ်းရှိုက်တာမျိုး အခွင့်အရေးမယူရက်ရှာ ..။ ဆရာ့ထံမှာ အလွန်တရာကိုမှ ချစ်သည့်အချစ်တွေပြည့်ဝနေသည့်နှယ်..။ အလွန်တရာကိုမှ သိမ်မွေ့နူးညံ့သော မြတ်နိုးမှုတွေကလည်း ပြည့်ဝနေ ကြချေသည်တည့် ..။

"မောင် .. ကြာကြာမနေရဲဘူး လွန်းလေး .. ခေါင်းညိတ်ရွေးချယ် ပေးလိုက်တဲ့နေ့ရက်ကို .. မောင် သိမ်းသွားမယ် .. ဒီပြက္ခဒိန်လေးကို မောင် ယူသွားမယ် .. တစ်သက်တာ ရတနာတစ်ပါးအဖြစ် မောင် ..



သိမ်းထားမှာ .. နှစ်များစွာကြာလည်း ရှိနေမှာ .. မောင်တို့ မကြာခဏ ထုတ်ထုတ်ကြည့်ကြရမယ့် ပြက္ခဒိန်လေးဆိုပါတော့ .. မောင်တို့ လက်ထပ် လိုက်ကြပြီးချိန်များမှာ ထုတ်ထုတ်ကြည့်ကြမယ်လေ .. မောင် .. ကြာ ကြာမနေရဲတာက ဟောဒီက ရှင်လွန်းလေး စိတ်တစ်ချက်အထောင်း ဝင်ပြီး ခေါင်းညိတ်ရွေးချယ်ပေးရာနေ့ကို .. ပြန်ပြင်လိုက်မှာ ကြောက် နေလို့ပဲ .. ကဲ .. မောင် .. မောင်တို့ ဘယ်တရားရုံးမှာ လက်ထပ်မလဲ.. ပြော .."

ဟု ပြောလာတော့ ရှင်လွန်း ငေးကြည့်နေသည်။ ဆရာ တစ်ချက် မျက်နှာပျက်၏။

"မောင် တောင်းပန်ပါရစေ ရှင်လွန်း ရယ် .. ရှင်လွန်း ကို .. တခမ်း တနားမင်္ဂလာပွဲကြီး မကျင်းပနိုင်ဘဲ .. မေမေ့ကြောင့် .. မောင်တို့ .. နှစ်ဦး သဘောတူ လက်ထပ်လိုက်ရတဲ့အတွက်ပါ .."

ဟု ပြောလာတော့ ရှင်လွန်း ရင်ထဲဆို့ခနဲဖြစ်၏။ ကိုကြီးရေ .. ဟု ရင်ထဲမှ ခေါ်မိသည်။ ကိုကြီး ပြောခဲ့သည်လေ ..။ ကွယ်လွန်အံ့ဆဲဆဲ နီးကပ်ချိန်တစ်ခုမှာ ..။ ကိုကြီး ပြောခဲ့သည့်စကားက .. ရှင်လွန်း ကို တခမ်းတနားလက်မထပ်ရ၍ ခွင့်လွှတ်ပါဆိုသည့်စကား။ ဝေဒနာဖြင်း နေသမျှ မြည်းသိပ်ခံစားနေရင်း .. ရှင်လွန်း ကိုပင်လျှင် .. တခမ်းတနား ကြီး လက်ထပ်ခြင်းဆိုသည့် တာဝန်ကို မကျေခဲ့ရလေခြင်းဟု ခံစားပြော ခဲ့ရှာပါသည့် ကိုကြီး ..။ အကြည့်သည် ဓာတ်ပုံကြီးဆီသို့ရောက်၏။ မျက်ရည်စို့ခနဲဖြစ်လာရသည်ပါပဲ ..။

"မောင် .. ပြန်မယ် ရှင်လွန်း .. ဘယ်မှာ လက်ထပ်ရမယ်ဆိုတာ ပြောလိုက်ပါကွယ် .."

တကယ်လည်း ဆရာသည် ကြာကြာနေရဲဟန်မတူ ..။ ရှင်လွန်း စိတ်ပြောင်းသွားကာ လက်မထပ်ပါဟု စကားပြင်လိုက်မှာကို လန့်နေ တာ သိသာနေသည်။

"အိမ်မှာပဲ လက်ထပ်တာ ကောင်းပါတယ် ဆရာ .. ဘဘဦးဓမ္မ တို့ .. ဘဘမှူး တို့ .. ဘဘဦးအိမ်စိုး တို့လည်း ရှိတာပဲ .. ဆရာ့ဘက်

www.burmeseclassic.com

www.burmeseclassic.com



က သက်သေခေါ်လာလို့လည်း ရပါတယ် ..”

ဟု ဖြေခိုက်မှာ ဆရာ ရှင်လွန်း ကို တစိမ့်စိမ့်မျှ .. ကြည့်သည် ..။ တစိမ့်စိမ့်မျှ ..။

“အဲဒီနေ့ကျရင် .. မောင့်ကို .. မောင်လို့ခေါ်ရမယ်နော် ..”

ဆရာ့အသံတွေ စိတ်လှုပ်ရှားလွန်း၍ တုန်နေပါနေသည်။ အကြည့်သည် .. ရွှန်းလဲ့၏။ ချမ်းငြိမ်းနေ၏။

နောက်တော့ .. ကေသရီသို့ ဘယ်အချိန်အရောက်လာရမည်လဲ ဆိုသည့် မေးခွန်း ဆရာ့ထံမှ ဖြစ်တည်၏။ ရှင်လွန်း ကိုလည်း ထပ်ကြည့်သည်။ ရှင်လွန်း မဖြေသေးခင်မှာပင် ထပ်၍ ဆရာ ပြောလာပါ၏။

“အဲဒီနေ့ .. အဲဒီအချိန်ကျရင် .. မောင့်ကို .. ဆရာလို့ မခေါ်ပါနဲ့.. မောင် .. လို့ ခေါ်ပါ အချစ်ဆုံးရယ် ..”

ဟု ထပ်ပြောလာပါသတည်း ...။

ရှင်လွန်း မျက်လွှာလေးချလိုက်မိသည်။

ဪ .. မောင် .. တဲ့လား .. ဆရာရယ် ..။

BURMESE CLASSIC



အတိတ်ဆီမှ ဖြတ်သန်းခဲ့ရာကိုလည်း
အတန့်ခွဲခြား ဖျောက်ထားရန်လမ်းမရှိ ...။

ပစ္စုပ္ပန်ကိုလည်း ရင်ဆိုင်ရုံမှတစ်ပါး
အခြားအခြားသော လမ်းမရှိ ...။

အနာဂတ်မိုင်တိုင်များစွာကိုလည်း
ရွေးချယ်ကွဲပြားပိုင်းခြားရန် လမ်းမရှိ ...။

အတိတ်က တကောက်ကောက်လိုက်
ကြုံကြိုက်သမျှ ပစ္စုပ္ပန်ကိုရင်ဆိုင်
အနာဂတ်တိုင်းလည်း မပြောင်းပိုင်
ရင်ဆိုင်ရမည့်ဘဝဆိုတာ
ပေးအပ်ရာ ကံဇာတာအတိုင်း
မှန်တိုင်းထဲလူးသည့်အခါလူး
ပန်းစုံမူးတဲ့တောမှာ မြူးသည့်အခါမြူး
ဘဝရေးတောထဲ ဖြတ်သည့်အခါဖြတ်
မတ်တတ်ရပ်၍လည်း မနေသာ
ရှေ့ဆက်ရတာပါပဲ ...။

ဒီတော့ ...

သူသူငါငါ လူသားတစ်ယောက်ချင်းစီရဲ့
လျှောက်ရတဲ့တစ်သက်တာ ခရီးစဉ်ကြီးပါပဲ ...။

ဪ ...

ခရီးစဉ်ကြီးပါပဲ ...။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၅)

ဩော် .. ခုတော့ .. အတိတ်သည်လည်း အရာရာကျန်ခဲ့ပြီ ..။ ပေး ဆပ်ခြင်းသက်သက်ဖြင့် ချစ်ရုံတစ်ခုမှတစ်ပါး .. အခြား ဘာမျှမရှိသည့် ကိုကြီး၏ မေတ္တာထက် လုံခြုံသောအရိပ်မရှိ။ ကိုကြီး၏ ခုတင်ထက်မှာ ခွေခွေလေး လှဲနေရင်း ရှင်လွန်း တမ်းတနေမိရသည်က ကိုကြီးပါ။ ဤ ရက်မှာ .. သတို့သမီးတစ်ယောက်အဖြစ် ရှင်လွန်း ရှိခဲ့ရသည်။ မင်္ဂလာ ပွဲ ပျက်သွားသည့် မိန်းမသားတစ်ယောက်အဖြစ်လည်း ရပ်တည်ခဲ့ရပြီ။ ဆရာနှင့်လည်း ပတ်သက်ရန် အကြောင်းမရှိ ..။ ရှင်လွန်း အပတ်သက် မခံနိုင် ..။ လူသူတို့အလည်မှာ .. အတိအလင်းပျက်သုဉ်းခဲ့ပြီဖြစ်သည့် ထိုမင်္ဂလာပွဲတစ်ခု၏အဖြစ်ကို .. ဘယ်သောအခါတွင်မှ ပြတ်သောကြိုးထုံး ပြန်ဆက်ရိုး မရှိစေရ ..။ ဒေါ်ထားခင်ခင် သည် ရှင်လွန်း ၏ ဘဝတစ် သက်တာမျှမှာ ဘယ်သောအခါတွင်မှ မပတ်သက်အပ်ရာ အမျိုးသမီး ကြီးတစ်ယောက်အဖြစ်ပဲ ထာဝရရှိအပ်သည်မို့ ..။ ဆရာသည်လည်း .. ရှင်လွန်း နှင့် မပတ်သက်အပ်သောသူတစ်ယောက်ဖြစ်ရသည်သာ ..။ ရှင်လွန်း ခုတင်ထက်မှ ကျုံး၍ထသည်။ မှန်တင်ခုံရှေ့မှာ သွားရပ်မိသည်။ မှန်ထက်မှာ တင်နေသောပုံရိပ်လေးကို မျက်တောင်မခပ် စိုက်ကြည့်မိ ရပါ၏။ လက်ဖဝါးလေးတွေကို မှန်လက်မှာ အလိုက်သင့်ဖေးတင်ထိ အပ်မိသည်။

"ကိုကြီးရေ .. ဟော .. မှန်မျက်နှာပြင်မှာထင်နေတဲ့ ရှင်လွန်း ရဲ့ လက်ဖဝါးပုံရိပ်လေးတွေကဲမှာ .. ကိုကြီးရဲ့ အားအင်အငွေ့အသက်တွေ တိုးဝင်စီးမျောနေကြစေဖို့ .. ကိုကြီးရဲ့ ဝိညာဉ်လေးက ပူးဝင်နေတယ်လို့ မှတ်ယူထားပါတယ်ရှင် .. ရှင်လွန်း ရဲ့ ကျန်ရှိရာ သက်တမ်းတစ်ခုမှာ—



ရှင်လွန်း အားအင်တွေလိုအပ်လာတယ်လို့ ထင်တဲ့အခါတိုင်းမှာ — ကိုကြီး ရဲ့ မှန်ရှေ့မှာ ခုလိုပဲ လာရပ်ပါ့မယ် .. လက်ဖဝါးလေးတွေကို — မှန်ပြင် ထက်မှာ ထိအပ်လိုက်ပါ့မယ် .. ပုံရိပ်ထင်ရာ ရှင်လွန်း ရဲ့ လက်ဖဝါးလေး တွေဆီကနေပြီး .. ကိုကြီးဆီက အားအင်တွေ .. မျှဝေယူပါရစေတော့ ကိုကြီးရယ် .. ရှင်လွန်း တခြားဘယ်သူ့လက်ကိုမှ လက်တွဲမယူပါရစေ နဲ့တော့ .. ဒီလက်လေးတွေ .. ဟောဒီလက်လေးတွေကိုပဲ — ထိစပ်ယူ လိုက်ပါရစေတော့ .."

ရှင်လွန်း ခပ်တိုးတိုးပြောမိသည်။ မှန်ပြင်ကို နဖူးဖြင့် ထိအပ်ထား မိရင်းမှ ကိုကြီးကိုသာလျှင် မွတ်မွတ်သိပ်သိပ်မျှ တောင့်တစွာအားတိုး တကြီးခေါ်ငင်လိုက်မိရပါပြီ ..။ အတိတ်ဆိုတာ တကောက်ကောက်လိုက် တတ်သည်တဲ့ ..။ ထိုသို့ ကိုကြီး ပြောခဲ့ဖူးသည်။ ခုတော့ — ရှင်လွန်း သည် .. ရှင်လွန်း သည် .. ကိုကိုနှင့် ပတ်သက်ခဲ့ဖူးသော ရှင်လွန်း ..။ ကိုကြီးနှင့် လက်ထပ်ခဲ့သော ရှင်လွန်း ..။ ဆရာနှင့် မင်္ဂလာပွဲပျက်ခဲ့သော ရှင်လွန်း ဆိုသည့်ဘဝတစ်ခုကို ဖြတ်သန်းခဲ့ရပြီးပြီ ..။

"ကိုကြီးရေ .. ကိုကြီးက .. ကိုကိုနဲ့ ဘဝလက်တွဲလိုက်ပါလားလို့ အတိုက်တွန်းနေချင်သေးသလားဟင် .. ကိုကို့ဘက်က တစ်ချက်လောက် ငဲ့တွေးပေးလိုက်ပါလား ကိုကြီးရယ် .. စံရိပ်ငြိမ်က ထွက်ခွာလာတဲ့ ရှင်လွန်း ဟာ ကိုကြီးနဲ့လက်ထပ်ခဲ့တယ် .. ဟော .. ဆရာနဲ့လည်း လက်ထပ် ဖို့မှာ မင်္ဂလာပွဲပျက်သွားရတဲ့သူ ဖြစ်ခဲ့ပြန်ပြီ .. ကိုကိုက တစ်သောတ် အိမ်မှာ တစ်ယောက်တည်း ရှင်လွန်း ကို တသမတ်တည်း ချစ်နေချိန်မှာ— ရှင်လွန်း က လူနှစ်ယောက်နဲ့ပတ်သက်ခဲ့ပြီးနေပြီလေ — အဲသလို .. မုဆိုးမ ဘည်းဖြစ်ရဲ့ .. နောက်ထပ်လည်း လူတစ်ယောက်နဲ့ လက်ထပ်ဖို့လည်း ကြိုးခဲ့ဖူးတဲ့ ရှင်လွန်း ဟာ .. ကိုကို့ကို .. ခုမှ .. ပြန်လက်တွဲလိုက်ရင် — ကိုကို့အပေါ်မှာ တရားပါ့မလား .. ရှင်လွန်း သာ အဓိတစ်ယောက် ဖြစ်နေတယ်ဆိုရင် .. ရှင်လွန်း ရဲ့ သားကို .. အဲသလို — မိန်းမတစ်ယောက် နဲ့ သဘောမတူနိုင်ပါဘူး .. ရှင်လွန်း ဟာ .. ယောကျ်ားတစ်ယောက်ဖြစ် နေတယ်ဆိုရင်လည်း .. ကိုယ် လက်ထပ်ရတဲ့ မိန်းမဟာ .. အဲသလိုဖြစ်

www.burmeseclassic.com

www.burmeseclassic.com



နေတယ်ဆိုရင် .. ဝန်းကျင်မှာ.. လက်တွဲခေါ်သွားရမှာ ရှက်ဖို့ကောင်းနေသလို ခံစားရမယ် .. ကိုယ်က သစ္စာရှိရှိ ချစ်နေပါရက်ကယ်နဲ့ သူက.. တခြားနှစ်ယောက်နဲ့ ဝတ်သက်ရက်လေချင်းလို့ ခံစားရမယ် .. ကြေကွဲရမယ် .. ပြီးတော့ .. ဘေးဝန်းကျင်အမြင်မှာလည်း .. အဲသလို .. သစ္စာရှိရှိချစ်နေတဲ့လူတစ်ယောက်နဲ့ .. အဲဒီမိန်းမဟာ မထိုက်တန်ဘူးလို့ပဲ မှတ်ယူရမှာပါပဲ .. ဒါ .. သဘာဝကျကျတွေးပေးရရင် .. ထွက်လာမယ့်အဖြေတစ်ခုပါ .. ဘက်မလိုက်ဘဲ ဆုံးဖြတ်ရင် .. ရလာမယ့်အဖြေပါ.. ဒီတော့ ကိုကြီးရယ် .. စိတ်လျှော့လိုက်ပါတော့ .. ရှင်လွန်း ကို .. ဘယ်သူ့လက်ကိုမှ မတွဲနိုင်ပါနဲ့တော့ .. နော် .. ရှင်လွန်း ကလည်း .. တယ်သူ့ လက်ကိုမှ .. မတွဲချင်တဲ့ ရှင်လွန်း ပါရှင် .. ကိုကြီးရဲ့လက်ကလွဲပြီး.. ဘယ်လက်ကိုမှ .. လက်တွဲဖော်ဖြစ်လိုက်ရမှာ .. လက်မခံနိုင်တော့တဲ့ နှလုံးသားနဲ့ ရှင်သန်နေရတယ်ဆိုတာ ယုံပေးလိုက်ပါတော့ .. ယုံပေးလိုက်ပါတော့ ..

ရှင်လွန်း တဖွဖွပြောနေမိရပါ၏။ ကိုကြီးဘေးမှာရှိနေသည်ဟု ခံစားလာရသည်။ ထုံးစံအတိုင်း ဖွဲလန်းစိတ်ဖြင့် အသံလေးတစ်ခုကို နားထဲကြားလာမိရပြန်ပြီ ..။ ဝီးလ်ချဲ၏ဘီးရွေ့လျားသံမှုတ်မှုတ် ..။ ရှင်လွန်း တံခါးဆီသို့ ရွေ့လာကာ ..။ တန့်ရပ်သွားသည့်နှယ် ခံစားလာရပြန်ချေသည်တကား ..။

ငြိမ်သက်စွာ ရှိနေမြဲ ..။ ရှင်လွန်း မျက်ရည်ကျလာသည်။ ကလေးလေးနယ်ပင် ဝီးလ်ချဲရှိရာဘက်ကို လက်လေးဆန့်တန်း၍ ပြေးသွားမိကာ..။ လက်တင်နေရာလေးမှာ ခေါင်းလေးဖေးတင်ရင်း ကြမ်းပေါ်ဝှံ့ဝှံ့ကျ ထိုင်လိုက်မိရသည်က ရှင်လွန်း ပါ ..။

"နောက်ထပ် .. နောက်ထပ် .. ဘယ်တော့မှ .. ရှင်လွန်း ကို .. လွန်းပုံလေး ကို .. ဘယ်သူ့လက်ထဲကိုမှ .. ထည့်အပ်ဖို့မပြောပါနဲ့တော့ ကိုကြီးရယ် .. ရှင်လွန်း .. ရှင်လွန်း .. ကိုကြီးကို ချစ်ရလွန်းလို့ပါ .. ကြည်ညိုရလွန်းလို့ပါ .. ရှင်လွန်း လေ .. ကိုကြီးကိုပေးခဲ့တဲ့ကတိတွေကိုလည်း တည်စေခဲ့ပြီးပါပြီ .. ကိုကြီး .. စိတ်လျှော့လိုက်ပါတော့ .. စိတ်လျှော့လိုက်ပါတော့ .. ရှင်လွန်း အတွက်က .. ကိုကြီးဟာ .. ယောဒိရင်ထဲမှာ အမြဲရှိနေတာပါ ကိုကြီးရယ် .. နော် .."



ရှင်လွန်း တတွတ်တွတ်ပြောနေမိသည်။ ငိုနေမိသည်။ လက်တင်နံ့လေးပေါ် တင်ထားရာ နဖူးသည် လူးနေ၏။ ကိုကြီး၏ လက်ချောင်းလက်ဖျံတွေပေါ်မှာ နဖူးလေး လူးနေရသည်သို့ရှိ၏။ ကိုကြီး၏ ရင်ခွေနှင့် နီးတစ်နေရသည်သို့လည်း ရှိ၏။ ကိုကြီး၏ ရင်ဘတ်ကျယ်ကြီးထဲ ခေါင်းလေးတိုးဝင်ခွင့်ရလိုက်သည့်နှယ်လည်း ခံစားနေရရင်းမှ ..။ တထယ့်ကို ဝီးလ်ချဲခြေရင်းသို့ ကိုယ်လေးပြောင်းထိုင်မိရ ..။ ခေါင်းလေးကို .. ဒူးစမ်းဘက် ငိုက်ချလိုက်မိရသည်က ရှင်လွန်း ပါ ..။ အခန်းတွင်းဘယ်.. နှုတ်ခမ်းဖို့၍ သင်းမြစွာ ပန်းစံကား၏ ရနံ့တို့က လေပြည်နှင့်အတူ စီးမျောတိုးဝင်၏။ ပြတင်းခန်းဆီးတို့ကို လေတိုးသည်မို့ လှုပ်ခတ်၏။ ဘေးပွဲဆီမှ နှင်းဆီရနံ့သည် ပို၍သင်းထုံလာသည်သို့လည်း ခံစားရ၏။ ညှိုးသက်သော ကိုကြီး၏ လက်ဖဝါးအစုံက ရှင်လွန်း ၏ ဆံစတို့ သပ်ဖေးလိုက်သည့်နှယ် လေပြည်အနှောသည် ဆံစတို့ကို ခပ်နှော့နှော့ဖြတ်တိုက်ဆေးမြဲရှေ၏။ ရှင်လွန်း မျက်ဝန်းကို စုံမှိတ်ကာ ပန်းရနံ့တို ရှူရှိုက်နေမိသည်မှ မွှတ်မွှတ်သိပ်သိပ် ..။ အတန်ကြာမျှ ရှင်လွန်း ငြိမ်သက်စွာရှိနေမိရသည်ပါပဲ ..။

နောက်တော့ .. ကိုကြီး၏ စာကြည့်စားပွဲထက်မှာ လက်တိုးဆေးတင်၍ ..။ စားပွဲကို ကိုယ်လေးမှီငိုက်၍ ..။ ရပ်နေမိရပြန်ပါ၏။ စားပွဲ အံဆွဲလေးကို ဖွင့်မိသည်။ စာရေးစက္ကူကတ်ကို ထုတ်မိသည်။ ဘလား ထိုင်လေးကို အသံမမြည်အောင် ဆွဲယူ၍ ထိုင်လိုက်မိသည်။ တောင်း၍ ရေးသိမိသည်က ရင်ထဲမှ စီးမျောရာခံစားမှုများ၏ ဖြစ်တည်ရာစာသားများပါတကား ..။

ကဗျာထက်မှာ မျက်ရည်စက်က ပေါက်ပေါက်စက်ခြေသည်လည်း ရှိ၏။ စက္ကူမြူထက်ဆီသို့ ဖြိုးဖျောက်ဖျောက်ဆင်းသက်သည်လည်း ရှိ၏။ ရေးပွဲ့ရာ လက်ချောင်းလေးဆီသို့ ..။ လက်ဖဝါးထက်ဆီသို့ ပေါက်စက်စက်ကျသည်လည်းရှိ၏။ ပြော် .. ရင်နှင့်ရေးအပ်သော ကဗျာပါ ကိုကြီးရယ် ..။

ရှင်လွန်း ကဗျာလေးကို အဆုံးသတ်ပြီးတော့မှ ထရပ်မိသည်။ ဒို

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



လေးထဲမှ မှန်ဘောင်အလွတ်တစ်ခုကိုယူသည်၊ ကဗျာလေးကို မှန်ဘောင်ထဲထည့်သည်။ တယုတယပိုက်၍ ရှင်လွန်း အပေါ်ထပ်ဆီမှ ဆင်းလာရပါ၏။ တစ်နေ့မှာ .. အလင်းစက်ပန်းချီ၏ဘေးမှာ ချိတ်ရန်အတွက် အသင့်ပင် အစကတည်းက ရှိနှင့်နေသည့် သံကောက်နေရာလေးမှာ ကဗျာထည့်ထားရာ မှန်ဘောင်ကိုချိတ်သည်။

ကိုကြီးသည် .. ဓာတ်ပုံတွင်းမှ ကြေကွဲစွာ .. ကြင်နာစွာ .. ငုံ့မိုးကြည့်သည်သို့ရှိချေ၏။ ရှင်လွန်း ကိုကြီးကို မော့ကြည့်နေမိရဆဲ ..။ ကိုကြီး၏ ဘေးမှာ .. ကဗျာတစ်ပုဒ်က ရှိခဲ့ပြီးပြီ ..။ ထိုကဗျာလေးကတော့ ကွန်ပျူတာဖြင့် စီထားခဲ့ရာ ရှင်လွန်း ၏ ကဗျာ ..။ ခု .. အလင်းစက်ဘေးမှာရှိသည့် ကဗျာလေးကျတော့ လက်လေးရေဖြင့်သာ ချက်ချင်းမှန်ဘောင်သွင်းခဲ့ပါသည့်ကဗျာ ..။ ကွန်ပျူတာဖြင့် သေသပ်စွာပြန်၍ စီထားရာ ကဗျာလေးကို မော့ကြည့်မိပြန်သည်။

ရင်ထဲမှ မေးခွန်းမပြုနိုင်ရာ
သခင့်ရုပ်ပုံလွှာကိုသာလျှင်
ဦးထိပ်တွင် ပန်ဆင်ဆင်
ကောရာဇ်ဘုရင်တစ်ပါးပမာရယ်မို့
လွမ်းဆွတ်လို့ ကျွမ်းမြေခဲ့ ရင်ခွင်နှစ်းမှာ
ဝမ်းမြန်းတာ မှန်နှန်းမစွာ .. ရှိပ်ရွှားရယ်လို့
ရင်ဆို့ကာ ပြောပါတဲ့စကားကဗျာတွေတာ
အမှန်တရား သစ္စာတွေပါပဲ ..။
ဪ .. အမှန်တရားသစ္စာတွေပါပဲ ..။

ရှင်လွန်း ကဗျာလေးကို အတန်ကြာကြည့်နေမိသည်။

"ကိုကြီးရေ .. ကိုကြီးရဲ့ ရုပ်ပုံလွှာဟာ .. ရှင်လွန်း ရဲ့ ချစ်ကောရာဇ်ဘုရင်သခင်တစ်ပါးအဖြစ် .. ဘယ်တော့မှ ရှင်လွန်း ရဲ့ ရင်ထဲမှာ မမေးမှိန်တည်ရှိနေရမှာပါရှင် .. ကိုကြီးရဲ့ ရုပ်ပုံလွှာကို သခင်တစ်ပါး ဘုရင်တစ်ပါးအဖြစ် ဦးထိပ်ပန်ဆင်ထားမှာပါ .. ခုလည်း .. ခုလည်း .. ရှင်လွန်းအားကိုးတကြီး .. ကြေကြေကွဲကွဲနဲ့ စပ်ထားတဲ့ အမှန်တရားသစ္စာကဗျာ



ဒုတိယတစ်ပုဒ်ကို .. ကိုကြီး ဖတ်ကြည့်လိုက်ပါဦးနော် .. ကိုကြီးနဲ့ အတူရှိနေတဲ့ အလင်းစက်ပန်းချီကားဘေးမှာ .. ရှင်လွန်း ရဲ့ လက်ရေးနဲ့ပဲ ဘောင်သွင်းထားတဲ့ ကဗျာလေးကို ဖတ်ကြည့်လိုက်ပါတော့ .. ဖတ်ကြည့်လိုက်ပါတော့ရှင် .."

ရှင်လွန်း ကိုကြီးကို တမော့မော့ကြည့်ရင်း ပြောနေမိရပါပြီ။ မျက်ရည်ကို .. ဤတစ်ကြိမ်မှာ လွှတ်ချခွင့်ပြုလိုက်ရပါ၏။ တင်းခံနိုင်၍ပါ ကိုကြီးရယ် ..။ ချစ်လွန်း၍ပါ ကိုကြီးရယ်ရှင် ..။ ကိုကြီး ရှိခြင်းသည် ရှင်လွန်း ၏ ဘဝမှာ နေမင်း .. လမင်း .. နှစ်စင်းစလုံး ပျောက်ကွယ်ရခြင်းပါ ..။ အေးမြသော လ၏အရိပ် ..။ ထွန်းလင်းတောက်ပြောင်ရိပ်ရှိပါလေသော လုံခြုံသည့် နေမင်း၏ အလင်းအရိပ်တို့ပျောက်ဆုံးသည်မို့ ..။ အေးမြခြင်းလည်း ကင်းရပါသည်။ အလင်းတွေလည်း ပျောက်ရပါသည်။ အမှောင်ထဲမှသာ ကျန်ခဲ့ရပါသည် ကိုကြီးရယ် ..။

တိမ်တွေဆီမှ ကြည့်နေမည့် ကိုကြီး ..။ အလင်းလဲ့လဲ့တစ်စက်ကို တိမ်ပန်းခက်တွေဆီမှ ခြွေချပေးပါလှည့် ..။ ထိုခြွေချပေးလာပါလေသော အလင်းတစ်စက်ကို ရှင်လွန်း ၏ သစ္စာလက်အစုံဖြင့် ခံယူပါမည်။ အလင်းတန်းဖြူဖြူလေးများကို .. ရှင်လွန်း နှစ်သက်ရှည်စွာ ပိုင်ဆိုင်လိုပါသည် ..။ အရှင်သခင် ကိုကြီး၏ ကျေးကျွန်ဂမာ .. ရှိနေရင်း .. ရှင်လွန်း ပိုင်ဆိုင်သွားလိုသော အလင်းစက်များကို .. ကိုကြီး ခြွေချပေးပါလှည့် ..။ ဝေမျှပေးပါလှည့် ..။ ဪ .. ဝေမျှပေးပါလှည့် ကိုကြီးရယ် ..။ မျက်ရည်စက်လက်ဖြင့် .. ရှင်လွန်း တောင်းခံနေပါရစေ ..။ သစ္စာလက်ဖြင့် .. ခံယူနေပါရစေ သခင်ရယ် ..။ အကြည့်သည် .. မျက်ရည်ဖြင့် ဝေဝါး၏။ ကဗျာလေးကိုတော့ဖြင့် တမော့မော့ကြည့်နေမိရဆဲ .. ပါ ..။

နေမင်း လမင်း
ဤနှစ်စင်းလုံး
ပျောက်ဆုံးတဲ့အခါ
ကမ္ဘာဆိုတာလည်း
အမှောင်ထဲမှာပဲ ကျန်ခဲ့ ..။

www.burmeseclassic.com

www.burmeseclassic.com



အလင်းလဲ့လဲ့တစ်စက်
တိမ်ပန်းခက်တွေဆီက
ချွေချပေးပါလှည့် သခင် ...
ချွေချပေးပါလှည့် အရှင် ...။

သခင့်ရင်တွင်းက
ကြွေကျတဲ့အလင်းတစ်စက်
တိမ်ပန်းခက်ဆီက
ချွေချလာတဲ့အခါ
သစ္စာလက်နဲ့ ခံယူရင်း
အလင်းမြူမြူလေးတွေ
နှစ်သက်ရည်ရွှာ
အကျွန် .. ပိုင်ဆိုင်ပါရစေ
သခင်ချွေချပေးပါလှည့် ...
ကြော် ...
သခင်ဝေချပေးပါလှည့် ...။ ။



မေဒူရာ(လှိုင်ကော်)
(၂-၁၂-၂၀၀၅)

အမှတ်-၉၀၊ အုန်းတောလမ်း
ဒေါ်ဥစ္စာရပ်ကွက်၊ လှိုင်ကော်မြို့
ကယားပြည်နယ်။
ဖုန်း-၀၈၃-၂၁၃၂၃

BURMESE CLASSIC
www.burmeseclassic.com